# တိပိဋကဓရ စာမေးပွဲ

# ဝိနည်း အဘိဓမ္မာ ပုစ္ဆာပေါင်းချုပ်

(၁၉၆၂ - ၁၉၇၀)

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန။

သာသနာ ၂၅၁၄ ကောဇာ ၁၃၃၂ မေလ ၁၉၇၀

## တိပိဋကဓရ စာမေးပွဲ

# ဝိနည်းအဘိဓမ္မာ ပုစ္ဆာပေါင်းချုပ်

[ ၁၉၆၂-၁၉၈၀ ]


ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေး ဦးစီးဌာန

သာသနာ ၂၅၂၄-ခု　　ကောဇာ ၁၃၄၂-ခု　　မေလ ၁၉၈၀

ပဉ္စမ အကြိမ်
အုပ်ရေ ၃၀၀၀

ရန်ကုန်မြို့၊ ကမ္ဘာ့အေး၊ သာသနာရေးဦးစီးဌာန အဘွက်
မင်္ဂလာပုံနှိပ်တိုက် (၀၇၉၆) တွင် ဦးကြီးခင်က ပုံနှိပ်၍
လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင် အမှတ် (၀၂၅၂၇) က ထုတ်ဝေသည်။

# တိပိဋကဓရ ရွေးချယ်ပွဲ ပုစ္ဆာပေါင်းချုပ်
# နိဒါန်း

——

တိပိဋကဓရရွေးချယ်ပွဲ + နိကာယ်စာလျှောက်မေးပွဲများသို့ ဝင်ရောက် ဖြေဆိုတော်မူလိုကြသော သာသနာ့ အာဇာနည် အလျာ သာသနာ့ဝန်ဆောင် ညီနောင်အပေါင်း အရှင်ကောင်းတို့....

အရှင်တို့....တပည့်တော်တို့သည် ငယ် + လတ် + ကြီး + ကျော် + ဓမ္မာစရိယ စာမေးပွဲများ ဝင်ရောက် ဖြေဆိုခဲ့ကြစဉ်က တတန်း တတန်းလျှင် အနည်းဆုံး ပုစ္ဆာဟောင်းများကို ၁၀ - စောင်အောက် မနည်း ခဲခဲယဉ်းယဉ်း ရှာဖွေစုဆောင်းကြ၍ ထိုပုစ္ဆာဟောင်းများကို ကြည့်ရှု လေ့လာကြရသဖြင့် ဆိုင်ရာ ဆိုင်ရာ ငယ် + လတ် + ကြီး + ကျော် + ဓမ္မာစရိယ အတန်းတို့၌ အောင်မြင် ထမြောက်ကြောင်း အထောက်အပံ့ကောင်း ရခဲ့ကြသည်ကို အရှင်တို့ + တပည့်တော်တို့ လက်တွေ့ပင် ဖြစ်ခဲ့ကြရပါသည်။

ဤသို့ ''ပုစ္ဆာဟောင်းများကို တတ်နိုင်သမျှ အများဆုံး စုဆောင်း၍ ကြည့်ရှု လေ့လာကြရခြင်းသည် ဆိုင်ရာ ဆိုင်ရာ စာမေးပွဲများ၌ အောင်မြင် ထမြောက်ကြောင်း အထောက်အပံ့ကောင်းတခု ဖြစ်သည်ကို အရှင်တို့ + တပည့်တော်တို့ လက်တွေ့ ဖြစ်သောကြောင့် တပည့်တော်၏ စိတ်သန္တာန်၌ 'တိပိဋကဓရ ရွေးချယ်ပွဲ ပုစ္ဆာဟောင်းများ' ကို ရနိုင်သမျှ အများဆုံး စုဆောင်း၍ စာအုပ် အဖြစ် ရိုက်နှိပ်၍ တိပိဋက ရွေးချယ်ပွဲ + နိကာယ်စာလျှောက်မေးပွဲများသို့ ဝင်ရောက် ဖြေဆိုတော်မူလိုကြသော သာသနာ့ အာဇာနည် အလျာ သာသနာ့ဝန်ဆောင် ညီနောင် အပေါင်း အရှင်ကောင်းတို့အား ထို 'တိပိဋက ဓရ ရွေးချယ်ပွဲ ပုစ္ဆာပေါင်းချုပ်' စာအုပ်များကို ဓမ္မဒါနအဖြစ် လှူဒါန်းကြရပါမူ ကောင်းလေစွ....'' ဟူ၍ အကြံအစည် တခု ကြာမြင့်စွာကပင် ဖြစ်ရှိခဲ့ပါသည်။

ယခုအခါ ''အရှင်မြတ်တို့ဘုန်း၊ မိုးသည်းနှယ်ချုန်း၊ ချိန်ဆုံး ခါသင့်၊ ပန်းနှယ်ပွင့်'' ဟု ဆိုရမည်လောက် တပည့်တော် တောင့်တခဲ့သော အကြံအစည် ထမြောက်ရန် အခွင့်ဖန်လာခဲ့သည်မှာ တပည့်တော် ဦးစီးဆောင်ရွက်သော မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋက + နိကာယ သာသနာပြု အဖွဲ့မှ အဖွဲ့ဝင် ဥက္ကဋ္ဌ ဆရာဝန်ကြီး ဦးသာလှ အမှူးပြုသော အမှုဆောင်လူကြီးများက ''ဆရာတော်....တပည့်တော်တို့ အဖွဲ့က သာသနာရေး

ဦးစီးဌာန၏ အကူအညီကို ရယူ၍ 'တိပိဋကစာ ရွေးချယ်ပွဲ ပုစ္ဆာပေါင်းချုပ်' စာတအုပ် ရိုက်နှိပ်၍ တိပိဋကဓရ စာသင်သားကြီးများ + နိကာယ် စာသင်သားကြီးများအား တပါးလျှင် တအုပ်ကျစီ ဓမ္မဒါန လှူဒါန်းကြရလျှင် (ဝိဇ္ဇာ + သိပ္ပံ တက္ကသိုလ် ကျောင်းကြီးများ၌ ဆိုင်ရာ ဘာသာ ပုစ္ဆာဟောင်းများကို စုဆောင်း လေ့လာကြရသဖြင့် ဆိုင်ရာ ဘာသာရပ် အောင်မြင်ကြောင်း အထောက်အပံ့ကောင်း တခု ဖြစ်သကဲ့သို့) ထို တိပိဋက စာသင်သားကြီးများ + နိကာယ် စာသင်သားကြီးများ အဖို့ ဆိုင်ရာ ဆိုင်ရာ ဘာဏက + ကောဝိဒ အဆင့်အတန်းတို့၌ မပင်မပန်း အောင်မြင်နိုင်ကြောင်း အထောက် အပံ့ကောင်း တခု ဖြစ်လိမ့်မည်" ဟု တပည့်တော်တို့ အဖွဲ့က မမိုတ်မသုံ ယုံကြည်ကြပါ သဖြင့် ထို 'တိပိဋကဓရ ရွေးချယ်ပွဲ ပုစ္ဆာပေါင်းချုပ်' စာအုပ် ရိုက်နှိပ်၍ ဓမ္မဒါန လှူဒါန်း လိုပါကြောင်း သဘောတူဆန္ဒ တောင်းခံကြပါသည်။

တပည့်တော်သည် "အရှင်မြတ်တို့ဘုန်း၊ မိုးသို့နှယ်ချုန်း၍၊ ချိန်ဆုံး ခါသင့်၊ ပန်း နှယ်ပွင့်ပြီ"ဟု ဝမ်းမြောက် ဝမ်းသာ အကြွင်းမဲ့ သဘောတူ လက်ခံ၍ နိုင်ငံတော်အစိုးရ ၏ သာသနာရေးဦးစီးဌာန ဒကာတော်များအား အတတ်နိုင်ဆုံး ကူညီပါရန် မေတ္တာရပ် ခံ– ၎င်းတို့ကလည်း ဝမ်းပန်းတသာ ကူညီကြလျက် အထက်ဖော်ပြပါ "တိပိဋက + နိကာယ သာသနာပြုအဖွဲ့" က ဓမ္မဒါန ဒါယကာ ခံယူ၍ ဤ "တိပိဋကဓရ ရွေးချယ်ရေး ပုစ္ဆာပေါင်းချုပ်" စာအုပ်ကို ရိုက်နှိပ်ပြီး အရှင်မြတ်တို့အား တပါးလျှင် စာတအုပ်ကျစီ ဓမ္မဒါန လှူဒါန်းရန် ရည်သန် ဆုံးဖြတ်ပြီး ဖြစ်ပါသည်။ (မရရှိသေးသော တိပိဋက စာသင် သားကြီးများ + နိကာယ် စာသင်သားကြီးများသည် အောက်အမည်ပါ တိပိဋက+နိကာယ သာသနာပြု အဖွဲ့ဝင် ဒကာကြီးများထံ ဆက်သွယ်၍ အလှူခံနိုင်ပါသည်) အရှင် ဘုရားတို့....။

**တိပိဋက + နိကာယ သာသနာပြု အဖွဲ့၏ လောလောဆယ် အာသီသ**

၁ - တိပိဋက ဝင်၊ ထေရ်အရှင်၊ အောင်မြင် ကြပါစေ။

၂ - နိကာယ်စာ ဝင်၊ ထေရ်အရှင်၊ အောင်မြင် ကြပါစေ။

၃ - နိကာယ် ငါးဝ၊ ပိဋက သုံးဖြာ၊ သာသနာ၊ ရွှေဝင်ဝါ နေသို့ ထွန်းပါစေ– ဟူ၍ ဖြစ်ပါသည်။

**အမှာစာ။** ။ယခု လောလောဆယ် နိုင်ငံတော်အစိုးရ သာသနာရေး ဦးစီးဌာနမှ တာ ဝန်ယူ ကျင်းပသည့် (၁၆) နှစ်စာ တိပိဋကဓရ ရွေးချယ်ရေး ပုစ္ဆာ တို့ကိုသာ ယခု

အကြိမ် ရိုက်နှိပ်၍ ဓမ္မဒါန လှူဒါန်းရပါသည်၊ သာသနာရေး ဦးစီးဌာနမှလည်း ရွေးနှစ်ပေါင်း (၁၄)နှစ်က ပုစ္ဆာများကို အတတ်နိုင်ဆုံး ကြိုးစား၍ ရှာဖွေစုဆောင်း ပေးရန်(နှင့်)တိပိဋကနိကာယ သာသနာပြုအဖွဲ့ကလည်း ဓမ္မဒါန ဒါယကာ ခံဘို့ရန် ထက်သန်သော သဒ္ဓါတရားထားရှိကြပါသည်။

## ဤစာအုပ်ကို တောင်းယူနိုင်သော ဌာနများ

### (က) အောက်ဗမာပြည် (ရန်ကုန်မြို့) အတွက်

၁ - အထူးကုဆရာဝန်ကြီး ဦးသာလှ၊ အမှတ် - ၁၀ (ခ)၊ မှာတင်ရိပ်သာ၊ အင်းယားကန် အနောက်ဖက်၊ ဖုန်း (၃၂၆၄၀)
၂ - ဦးသန်း၊ အမှတ် ၃၉၇၊ အောက်ပုဇွန်တောင်၊ ဖုန်း (၇၆၅၄၉)
၃ - ဦးလှမောင်၊ အမှတ် ၁၃၉၊ ပဒုမထပ်၊ ရွှေဘုံသာလမ်း၊ ဖုန်း (၇၈၁၂၃)
၄ - ဦးစွန်၊ အမှတ် ၃၃၊ လမ်း-၃၀၊ ပဒုမထပ်၊ ဖုန်း (၇၃၂၂၀)
၅ - ဦးစောလှိုင်၊ အမှတ် ၂၃၊ သုံးမြှောင့်လမ်း၊ ဖုန်း (၇၄၉၀၁)

### (ခ) အထက်ဗမာပြည် (မန္တလေးမြို့) အတွက်

၁ - ဦးသာဌေး (ကျောင်းဒကာကြီး) ပိုက်ကျုံးရပ်၊ ဖုန်း (၇၀၄)
၂ - ဦးထိ (ကျောင်းဒကာကြီး) ဝါးတန်းရပ်၊ ဖုန်း (၁၉၂)
၃ - ဦးဖိုးမှိ (ကျောင်းဒကာကြီး) သူဌေးတန်းရပ်၊ ဖုန်း (၃၆၁)
၄ - ဦးဘအေး (ကျောင်းဒကာကြီး) စစ်ကိုင်း၊ ဖုန်း (၂၃)
၅ - မန်းခေတ် ဦးလှရွှေ၊ ဆိုင်းတန်း၊ မန္တလေးမြို့၊ ဖုန်း (၃၆၁)

တို့ဖြစ်ပါသည်။

**ပုံ/ဦးဝိစိတ္တသာရာဘိဝံသ**
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ
တိပိဋက+နိကာယ သာသနာပြုအဖွဲ့၏—
တာဝန်ခံ နာယက
ဓမ္မနာဒ ကျောင်းတိုက်၊ မင်းကွန်း
စစ်ကိုင်းမြို့နယ်
မန္တလေး အနောက်ဖက်

နိကာယ်ငါးဖြာ၊ သာသနာ၊ ရောင်ဝါနေသို့ ထွန်းပါစေ။

# နိကာယ်(၅)ရပ် ပိဋကတ်စာမေးပွဲ ဝင်လိုသူ အရှင်သူမြတ်များသို့-

နိကာယ်စာမေးပွဲ နှင့် တိပိဋကဓရ စာမေးပွဲတို့ကို ဝင်ရောက် ပြန်ဆို ဖြေဆိုတော်မူလိုကြပါလျက် ဘောဇနသပ္ပာယကို မရနိုင်ခြင်း - နေရာထိုင်ခင်း အတွက် စာကြည့် စာကျက်ရန် အထူးသင့်လျော်သော ဝိဝေက အရပ်ကို မရရှိကြခြင်းတို့ကြောင့် မြော်မှန်းချက် စာပေခရီး ဒွေးဖင့်နေကြသော သာသနအာဇာနည် အလျာ ရဟန်းတော် အရှင်မြတ်များ ဘုရား....

အရှင်မြတ်တို့ အဖို့ရာ ဘောဇနသပ္ပာယ မမျှခြင်း- ဝိဝေက အရပ်ကို မရရှိခြင်း- ဤအခက်အခဲ နှစ်ရပ်ကို လွန်မြောက်နိုင်ရန် တပည့်တော်သည် ယခု ၁၃၃၉-ခု တပို့တွဲလ (၁၉၇၈-ခု၊ ဖေဖော်ဝါရီလ)မှစ၍ မိမိအား နိုင်ငံတော် အစိုးရက လစဉ် လှူဒါန်းထောက်ပံ့သော 'တိပိဋကဓရ လစာ ဆွမ်းဆန်တော်' ကို မင်းကွန်းတောင်ရိုးရှိ 'မင်းကွန်းမိုးမိတ်စေတီတော်များဂေါပကအဖွဲ့' သို့ ကပ္ပိယ အဖြစ် ဆောင်ရွက်ရန် အပ်နှင်း၍ အရှင်မြတ်တို့ စိတ်အေးချမ်းသာစွာ စာကျက် စာကြည့်နိုင်ရန် နိကာယ်သာသနာတော်အား ပူဇော်လှူဒါန်းပြီး ဖြစ်ပါသည်။

မင်းကွန်း မိုးမိတ် ဂေါပကအဖွဲ့က တပည့်တော် လှူဒါန်းသော 'တိပိဋကဓရ လစာဆွမ်းဆန်တော်' ကို မူလ မ,တည်၍ လိုအပ်လျှင် လိုအပ်သလို ဒကာ ပေါ်ပေါက်အောင် ဆောင်ရွက်လျက်....

(က) အရှင်ဘုရားတို့ ဆွမ်းမခံရဘဲ စိတ်အေးချမ်းသာစွာ စာကျက်- စာကြည့်နိုင်ရန်—နှင့်

(ခ) အရှင်ဘုရားတို့ ဆိတ်ငြိမ်သော နေရာ ရရှိရေး အတွက် မင်းကွန်းတောင်ရိုးရှိ မိုးမိဘ် စေတီတော်များ ကုန်းမြေ၌ ချမ်းသာစွာ နေထိုင် နိုင်ရန် တာဝန်ယူ၍ စီမံပေးရန် သဘောတူပြီး ဖြစ်ပါသည်။

သို့ပါ၍ အလိုရှိသော အရှင်မြတ်များသည် မိုးမိတ် စေတီတော်များ ဂေါပက အဖွဲ့ဝင် ဖြစ်ကြသော အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံ ကြွရောက်၍ တိုင်ပင် ဆွေးနွေး စာရင်းပေးတော်မူကြပါရန် သာသနာရေး အတွက် အားတက်ဖွယ် သတင်းကောင်း အကြောင်းကြား သိစေအပ်ပါသည် အရှင်မြတ်တို့ဘုရား....။

ဦးဝိစိတ္တသာရာဘိဝံသ
မင်းကွန်း တိပိဋကဓရဆရာတော်

နာယက ဆရာတော်ကြီးများ

| | | |
|---|---|---|
| ၁ · | 'အဂ္ဂမဟာပဏ္ဍိတ' အရိယမဂ္ဂင် ဆရာတော်ဘုရားကြီး | မင်းကွန်း |
| ၂ · | ဓမ္မစကြာ သုံးဆယ်ပေး ဆရာတော်ဘုရားကြီး | ။ |
| ၃ · | ဦးကောသလ္လ ( ရေဦးတိုက် ဆရာတော် ) | ။ |
| ၄ · | တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဦးဝိစိတ္တသာရာဘိဝံသ | ။ |
| ၅ · | ဦးစန္ဒိမ ရှားပင်တိုက်သစ် ဆရာတော် | ။ |
| ၆ · | ဦးဥက္ကံသာဘိဝံသ ( ဓမ္မနာဒ တိုက်အုပ်ဆရာတော် ) | ။ |
| ၇ · | ဦးဥက္ကံသ ( သီရိဓဇ ကျောက်စာခင်လေးချောင် ဆရာတော် ) | ။ |
| ၈ · | ဦးဇောတိက ( ဝေယန်ဘုံမြင့် ဆရာတော် ) | ။ |
| ၉ · | ဦးအာစာရ ( ရတနာဘုံမြင့် ဆရာတော် ) | ။ |

မန္တလေးမှ နာယက လူကြီးများ

၁ · ဦးသာဌေး ကျောင်းဒကာကြီး၊ ပွဲကုန်း၊ မန္တလေး။
၂ · ဦးထီ ကျောင်းဒကာကြီး၊ ဝါးတန်း၊ မန္တလေး။
၃ · ဦးဘိုးမို ကျောင်းဒကာကြီး၊ သူဌေးတန်း၊ မန္တလေး။
၄ · ဦးဘအေး ကျောင်းဒကာကြီး၊ စစ်ကိုင်း။
၅ · မှန်းခေတ် ဦးလှရွှေ ဆိုင်းတန်း၊ မန္တလေး။

ရန်ကုန်မှ နာယက လူကြီးများ

၁· အထူးကု ဆရာဝန်ကြီး ဝဏ္ဏကျော်ထင် ဒေါက်တာ ဦးသာလှ။
အမှတ်( ၁၀ )၊ ( ဘီ ) မာတင်ရိပ်သာ၊ ရန်ကုန်။

၂· ဦးသန်း အမှတ်( ၃၉၇ )၊ အောက်ပုဇွန်တောင်၊ ရန်ကုန်။

၃· ဦးစွန် အမှတ် ( ၃၃ )၊ လမ်း ၃၀၊ ရန်ကုန်။

၄· ဦးစောလှိုင် အမှတ် ၂၃၊ သုံးမြှောင့်လမ်း၊ ဖုန်း ၇၄၉၀၁။

၅· ဦးလှမောင်၊ ရန်ကုန်။

ဤစာရွက်ကိုတွေ့ရှိသော သူတော်စင်တို့က နိကာယ်စာမေးပွဲ+တိပိဋကစာမေးပွဲဝင်လိုသော အရှင်မြတ် တို့ထံ ဆက်ကပ်ပေးရန် မေတ္တာ ရပ်ခံပါသည်။

# သာသနာရေး အားတက်ဖွယ်ရာ သတင်းလွှာ

## နိကာယ်ငါးဖြာ သာသနာ ရောင်ဝါနေသို့ လင်းခဲ့ပြီ

**အို...သပ္ပုရိသ ကလျာဏနွယ်ဝင် သူတော်စင်အပေါင်းတို့**

ကျွန်တော်များ၏ မင်းကွန်းတောင်ရိုးရှိ မိုးမိတ် စေတီတော်များ ပြုပြင် စောင့်ရှောက်ရေးအဖွဲ့ကြီးက 'တိပိဋက + နိကာယသာသနာပြု အဖွဲ့' တခု ဖွဲ့စည်းကြ၍ မင်းကွန်း တိပိဋကဓရ ဆရာတော်၏ 'တိပိဋကဓရ (၂၅) နှစ်မြောက် ငွေရတုအလှူ' ဖြစ်သည့် ဆရာတော်အား နိုင်ငံတော်အစိုးရက လစဉ် နှစ်စဉ် လှူဒါန်းနေကျ ဆွမ်းဆန်တော်စရိတ် နိဗဒ္ဓအလှူကို ဆရာတော်က (မိမိ မသုံးစွဲတော့ပဲ) ၁၃၃၉ ခု၊ တပို့တွဲလ (၁၉၇၈ ခု၊ ဖေဖော်ဝါရီလ) က စ၍ လစဉ် လစဉ် လှူဒါန်းသည့် အပြင် ယခုအခါ ဆရာတော်ဘုရားအား တိပိဋကဓရ ဘွဲ့တံဆိပ်တော် ရရှိသည့် အထိမ်းအမှတ် ပူဇော်ပွဲများမှ လှူဒါန်းကြသည့် နဝကမ္မ ဝတ္ထုငွေများနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မှ ရရှိသည့် ဆွမ်းဆန်တော် နဝကမ္မ ကိုပါ ထပ်မံ လွှဲအပ်၍ ကျွန်တော်များ၏ 'တိပိဋက + နိကာယ သာသနာပြု အဖွဲ့' ကို ကပ္ပိယ ကာရက အဖြစ် တာဝန် လွှဲအပ်ကာ နိကာယ် ငါးရပ် ပိဋကတ် သာသနာတော်အား လှူဒါန်းခဲ့ပါသည်။

ကျွန်တော်များ၏ အဖွဲ့က (က) ဆရာတော်၏ ဆွမ်းဆန်တော် စရိတ် နှစ်ရပ် အပြင် တိပိဋကဓရ ဘွဲ့တံဆိပ်တော် ရရှိသည့် ငွေရတု အလှူမှ နဝကမ္မ ဝတ္ထုငွေများနှင့် (ခ) သဒ္ဓါတရား ဖြစ်ပွားကြသူ ဒကာ ဒကာမတို့က တိပိဋက + နိကာယ သာသနာပြု ရန်ပုံငွေပဒေသာပင် စိုက်ပျိုးကြ၍ ထိုသာသနာပြု ရန်ပုံငွေ ပဒေသာပင်မှ ဖြစ်ထွန်း သီးပွင့် သည့် အတိုးအညွန့် ငွေတို့ကို လစဉ် အသုံးစရိတ် နဝကမ္မ ပြုလုပ်ကြလျက် တိပိဋကဓရ စာမေးပွဲ + နိကာယ် စာမေးပွဲတို့ကို ဝင်ရောက် ပြန်ဆို ဖြေဆိုတော်မူလိုကြပါလျက် ဆွမ်း ပစ္စည်း ပလိဗောဓ နှင့် ဝိဝေက အရပ်တို့ကို မရခြင်းတို့ကြောင့် စာပေခရီး နှေးဖင့် နေကြသော သာသနာ့ အာဇာနည်အလျာ အရှင်မြတ်တို့ထံ (၁) စားကျက် - စာကြံ - စာအံ - စာကြည့်၍ ကောင်းသော ဝိဝေက အရပ် နှင့် (၂) သပ္ပာယ ဘောဇဉ်ကိုပါ လှူဒါန်းလိုပါကြောင်း ပင့်လျှောက်လွှာများ အဆင့်ဆင့် ဆက်ကပ်ပင့်လျှောက်ခဲ့ပါသည်။

၁၃၄၀ ခုနှစ်တွင် သာသနာ့ အာဇာနည်အလျာ အရှင်မြတ် (၄၀) ပါးတို့ကို 'မင်းကွန်းတောင်ရိုး မိုးမိတ် ကုန်းမြေ တိပိဋက + နိကာယ ကျောင်းတိုက်' သို့ ရိုသေစွာ ပင့်ဆောင်၍ နေရာကျောင်း, ဆွမ်း လှူဒါန်းကြလျက် အရှင်မြတ်တို့သည်လည်း မိမိတို့ ရည်မှန်းအပ်သည့် တိပိဋက + နိကာယ ဒေသနာ ဘုရားဟော ကျမ်းစာတို့ကို အသီးသီး

နေ့နေ့ ညည စာကျက် · စာကြည့် · စာကြံ · စာအံတော်မူပြီး ( ၃၇ ) ပါး ဝင်ရောက်ဖြေဆိုရာ တိပိဋက နှင့် နိကာယ စာအောင် သံဃာ ( ၃၂ ) ပါး ပေါ်ထွန်းလာပြီး ဂုဏ်ထူးဖြင့် အောင်မြင်သူများပါ ပါဝင်ပါသည်။

ယခုနှစ် ၁၃၄၁ - ခုနှစ်တွင် သံဃာတော် ( ၈၂ ) ပါး စုဝေး ရောက်ရှိလာကြပြီး တိပိဋက + နိကာယ ဘုရားဟော ဒေသနာများကို သင်အံ လေ့ကျက်လျက် ရှိနေကြပြီ ဖြစ်ပါ၍....

'နိကာယ်ငါးဖြာ သာသနာ ရောင်ဝါ နေ့သို့ လင်းခဲ့ပြီ' ဟူသော သာသနာရေး အားတက်ဖွယ်ရာ ဤသဘင်းလွှာကို ကလျာဏနွယ်ဝင် သူတော်စင်တို့ထံ ပို့သ ဆက်ရောက်စေအပ်ပါသည်။

ဤသာသနာပြု ကိစ္စနှင့် ပတ်သက်၍ တိပိဋက + နိကာယ သာသနာပြုအဖွဲ့ဝင် အဖြစ်
ပါဝင်၍ ကုသိုလ်ပြုလိုကြသော ကလျာဏနွယ်ဝင် သူတော်စင်တို့သည်—

ရန်ကုန်မြို့ အတွက်....

၁ · ဥက္ကဋ္ဌကြီး · အထူးကု ဆရာဝန်ကြီး ဝဏ္ဏကျော်ထင် ဦးသာလှ
ခြံအမှတ် ၁၀ (ခ) မာတင်ရိပ်သာ၊ ၆ - မိုင်၊ ပြည်လမ်း၊ ဖုန်း (၃၂၆၄၀)
၂ · ဦးသန်း အမှတ် · ၃၉၇၊ အောက် ပုဇွန်တောင်လမ်း၊ ဖုန်း (၇၆၅၄၉)
၃ · ဦးလှမောင်၊ အမှတ် - ၁၃၉ (ပဉ္စမထပ်) ရွှေဘုံသာလမ်း၊ ဖုန်း (၇၀၁၂၃)
၄ · ဦးစွန်၊ အမှတ် · ၃၃၊ လမ်း · ၃၀ (ပဉ္စမထပ်) ဖုန်း (၇၃၂၂၀)
၅ · ဦးစောလှိုင်၊ အမှတ် - ၂၃၊ သုံးမြှောင့်လမ်း၊ ဖုန်း (၇၄၉၀၁)

မန္တလေးမြို့ နှင့် မင်းကွန်း အတွက်....

၁ · ဦးသာငွေး၊ ကျောင်းဒကာကြီး၊ ပိုက်ကျုံး၊ ဖုန်း ( ၇၀၄ )
၂ · ဦးထိ၊ ကျောင်းဒကာကြီး၊ ဝါးတန်း၊ ဖုန်း ( ၁၉၂ )
၃ · ဦးဖိုးမို၊ ကျောင်းဒကာကြီး၊ သူဌေးတန်းရပ်၊ ဖုန်း ( ၃၆၁ )
၄ · ဦးဘအေး၊ ကျောင်းဒကာကြီး၊ စစ်ကိုင်း၊ ဖုန်း ( ၂၃ )
၅ · မန်းခေတ် ဦးလှရွှေ၊ ဆိုင်းတန်း၊ မန္တလေး ဖုန်း ( ၃၆၁ )

တို့ ထံ၌လည်း ဆွေးနွေး ကူဒါန်းနိုင်ပါသည်။

မိုးမိတ်စေတီတော်ကြီးများ ပြုပြင် စောင့်ရှောက်ရေး - နှင့်
တိပိဋက + နိကာယ သာသနာပြု အဖွဲ့
မင်းကွန်း · မန္တလေး နှင့် ရန်ကုန်

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၁) ဝိနယပိဋက (ပါရာဇိက) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၅-ခုနှစ်၊ တပို့တွဲလဆန်း ၁၁ - ရက်။ ( ၂၄-၁-၆၄ )

——

(၁) အလံ မောဂ္ဂလ္လာန မာ တေရုစ္စိ ပထဝိံ ပရိဝတ္တေတုံ ဝိပ္ပလ္လာသံပိ သတ္တာ ပဋိလဘေယျုန္တိ ဟု ပထဝိပရိဝတ္တနကို တားမြစ်တော်မူရာ၌ မြေ၌ မှီကုန်သော သတ္တဝါတို့ကို ဖန်ဆင်းအပ်သော လက်တဘက်ပေါ်သို့ တင်ရာ၌ ဖြစ်သင့်သော အကပ္ပိယ အနာမာသ အပြစ်ကို ပြ၍ တားမြစ်တော် မူသင့်လျက် အဘယ်ကြောင့် ဝိပ္ပလ္လာသံပိ သတ္တာ ပဋိလဘေယျုံ ဟု ဝိပ္ပလ္လာသ အပြစ်ကို ပြ၍ တားမြစ်တော် မူပါသနည်း— ရှင်းပြခဲ့ပါ။

(၂) တေသံ ဘဂဝါ ကာလော တေသံ သုဂတကာလော ယံ ဘဂဝါ သာဝကာနံ သိက္ခာပဒံ ပညပေယျ ဟု ရှင်သာရိပုတြာ မထေရ်သည် သိက္ခာပုဒ် ပညတ်တော်မူရန် တောင်းပန်ရာ၌ မတောင်းပန်မီ ရှေ့အဘို့က သိက္ခာပုဒ်ကို ပညတ်တော် မမူရသေးဟု မှတ်ရပါမည်လော—ပညတ်တော် မူပြီးဖြစ်ပါလျှင်လည်း အဘယ်ကြောင့် တောင်းပန်ပါသနည်း— ထင်ရှား သိသာအောင် စီစစ်ခဲ့ပါ။

(၃) အဓိသီလသိက္ခာတိ အဓိကံ ဥတ္တမံ သီလံ ဟု အဋ္ဌကထာ ဖွင့်ပြရာ၌ အဓိကသီလ-ဥတ္တမသီလ ခေါ်ရပုံကို ပြဆိုပြီးလျှင် / ယင်း ပါတိမောက္ခ သံဝရသီလ-သည် ပစ္စေကဗုဒ္ဓါ အရှင်တို့မှာလည်း ထင်ရှား ပြည့်စုံပါလျက် ဗုဒ္ဓုပ္ပါဒေယေဝ စ ပဝတ္တတိ၊ န ဝိနာ ဗုဒ္ဓုပ္ပါဒါ ဟု အဘယ့်ကြောင့် အဋ္ဌကထာဆရာ ဖွင့်ပြပါသနည်း၊ ရှင်းလင်းခဲ့ပါ။

(၄) သံဃဘတ္တာကို ဝေဘန်ရာ၌ သမ္မုတိရပုဂ္ဂိုလ်သည် ပေးအပ်သော သံဃိကဘတ္တာကို ထင်ရှားမရှိသော ပုဂ္ဂိုလ်အတွက် လည်ဆယ် ရည်ညွှန်းလျက် အဘို့ဘာဂကို တောင်းယူ ရရှိခဲ့ပါလျှင် အပြစ်လွတ်-မလွတ် စီစစ်ခဲ့ပါ။

(၅) ဩပါတကထာ၌ ယဉ္စော ဝါ ပေတော ဝါ တိရိစ္ဆာနဂတ မနုဿဝိဂ္ဂဟော ဝါ တသ္မိံ ပတတိ အာပတ္တိ ဒုက္ကဋဿ– ဟူသော ပါဠိတော်ကို ရှေ့နောက် ထောက်ဆ အဓိပ္ပာယတ္ထ သိသာ ထင်ရှားအောင် အနက် ယောဇနာပြီးလျှင် / အဘယ်ကိုပြလို၍ တိရိစ္ဆာနဂတ မနုဿဝိဂ္ဂဟောဝါ ဟု ဟောတော် မူပါသနည်း၊ ရှင်းလင်းခဲ့ပါ။

(၆) အလမရိယ ဉာဏဒဿနံ ဟူသော ပါဠိတော်၌ ဉာဏဒဿန အရ ဖြစ်သင့်သမျှ ကောက်ပြပြီးလျှင်/ဥတ္တရိမနုဿဓမ္မ တရား၌ အဗျာကတဓမ္မလည်း ပါဝင်ပါလျက် အတ္တုပနာယိကန္တိ တေဝါ ကုလေ ဓမ္မေ အတ္တနိ ဥပနေတိ အတ္တာနံ ဝါ တေသု

ကုသလေသု ဓမ္မေသု ဥပနေတိ ဟူ၍ ကုသလဓမ္မကိုသာ အဘယ့်ကြောင့် ပဒဘာဇနီ - ၌ ဟောတော်မူပါသနည်း ရှင်းပြခဲ့ပါ။

(၇) ကာယသံသဂ္ဂ သိက္ခာပုဒ်၌ မိန်းမကို မလွှတ်ပဲ ကိုင်ထားပြီး အဖန်ဖန် သုံးသပ်ရာ၌ သင့်နိုင်သော အာပတ်များကို မဟာသုမနထေရ် - မဟာပဒုမထေရ် တို့၏ အလိုကျ အကြောင်းပြ ရေးသား၍ / ဤသံဃာဒိသိသ် အာပတ်သည် ဝတ္ထု၏ အစွမ်းဖြင့်သာ သင့်ပါလျက် 'ဂဏ္ဍိယာ ဂဏ္ဍိသညိဿ သံဃာဒိသေသော' ဟု အဋ္ဌကထာ ဖွင့်ဆိုရခြင်း ကိုလည်း ရှင်းလင်း ခဲ့ပါ။

(၈) ကာယေန ဝါယမတိ န စ ဖဿံ ပဋိဝိဇာနာတိ - ၏ အဓိပ္ပာယ်ကို အဋ္ဌကထာ အလိုကျ ရေးသား၍ / မိန်းမက ခြေထောက် ကိုင်၍ ရှိခိုးရာ၌ ပြုလုပ်ရမည့် အစီအရင်ကို လည်း ရေးသားခဲ့ပါ။

(၉) ဥဒ္ဒိဿကတ မံသကို မသိပဲ စားမိ၍ နောက်မှသိသော ရဟန်း - အကပ္ပိယမံသ ကို မသိပဲ စားမိ၍ နောက်မှ သိသော ရဟန်းတို့အား အာပတ်သင့်ပုံ အထူးကို ရေး၍/ ဥဗ္ဗာဟိက စသော ကံကို မျှားစွာသော ရဟန်း တို့အားလည်း ပြုသင့်ပါလျက် 'န ဟိ သံဃော သံဃဿ ကမ္မံ ကရောတိ' ဟု အဋ္ဌကထာ ဖွင့်ဆိုခြင်းကို ဋီကာ အဓိပ္ပာယ် သွင်း၍ ရှင်းလင်းခဲ့ပါ။

(၁၀) တိစီဝရိက်သက်န်းကို ပရိက္ခာရစောဠ အမည်ဖြင့် အဓိဋ္ဌာန် တင်ကောင်း - မတင်ကောင်း အကြောင်းပြ ဆုံးဖြတ်၍/ အဓိဋ္ဌာန်စွန့်ခြင်း အကြောင်း ကိုးပါး ကိုလည်း ရေတွက်ပြခဲ့ပါ။

(၁၁) တိယောဇနပရမံ သဟတ္ထာ ဟာရိတဗ္ဗာနိ အသန္တေ ဟာရကေ - ပါဠိတော် သည် အဘယ်ကို ပြခြင်းငှာ ဟောတော် ပါသနည်း / ဆောင်သူ ရှိသော် သုံးယူဇနာ အတွင်း မိမိ လက်ဖြင့် ဆောင်ယူသော ရဟန်းအား အာပတ်သင့်သည်ဟု ဆိုလိုပါသလော ရှင်းလင်း ခဲ့ပါ။

(၁၂) ပရိဏတသိက္ခာပုဒ်တွင် အာပဇ္ဇေယျ ကေတော၊ ပဉ္စမေသာ ကုသလေဟိ စိန္တိတာ - ဟု ပြအပ်သော အဋ္ဌကထာ၌ ကေတော ဖြစ်ပုံ အဓိပ္ပာယ်ကို ရေး၍/ (၁)စေတီ တဆူအား လှူဘို့ သတ်မှတ် စိုက်ထားသော ပန်းချုံမှ ပန်းကို အခြား စေတီ တဆူအား လှူသော ရဟန်း, (၂)စေတီတဆူမှာ လှူထားသော ပန်းကို တခြား စေတီ တဆူအား လှူသော ရဟန်း, (၃) ခွေးတကောင်အား ကျွေးထားသော ထမင်းကို မောင်း၍ အခြား ခွေးတကောင်အား ကျွေးသော ရဟန်းတို့အား အဘယ်အာပတ်များ သင့်သည် ဟု အသီးသီး ညွှန်ပြပါ။

၁၀ - မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၂) ဝိနယပိဋက (ပါစိတ္တိယ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၅ - ခုနှစ်၊ တပို့တွဲလဆန်း ၁၂ - ရက်။ (၂၅ - ၁ - ၆၄)

——

(၁) ဓမ္မဒေသနာ သိက္ခာပုဒ် — ဒေသေယျာတိ ပဒေန ဒေသေတိ ပဒေ ပဒေ အာပတ္တိပါစိတ္တိယဿ အက္ခရာယ ဒေသေတိ အက္ခရက္ခရာယ အာပတ္တိ ပါစိတ္တိယဿ - ၌ ပုဒ်တိုင်း ပုဒ်တိုင်း အာပတ်သင့်ပုံ နှင့် အက္ခရာတိုင်း အက္ခရာတိုင်း အာပတ်သင့်ပုံကို ရေးသားခဲ့ပါ။

(၂) ဘူတဂါမဝဂ် ဥဇ္ဈာပနက သိက္ခာပုဒ်၌ လူသာမဏေအား တစုံတခုသော သမ္မုတိ မပေးကောင်းပါလျက် အနုပသမ္ပန္နံ သံဃေန သမ္မတံ ဝါ အသမ္မတံ ဝါ ဟု တောတော် မူခြင်း၏ ရည်ရွယ်ရင်း အာဘောဂကို ဖော်ပြခဲ့ပါ။

(၃) ဘိက္ခုနောဝါဒက သမ္မုတိ အင်္ဂါ၌ ပါရှိသော ဗဟုဿုတော ဟောတိ အရ အဘယ်မျှလောက် သင်ယူပြီးမှ ဗဟုဿုတ အင်္ဂါ ပြည့်စုံနိုင်ကြောင်းကို ဥက္ကဋ္ဌ ပရိစ္ဆေဒ- ဟေဋ္ဌိမ ပရိစ္ဆေဒ အားဖြင့် ခွဲခြားပြပြီးလျှင်/ယေ တေ ဓမ္မာ အာဒိကလျာဏာ (ပ) တထာ ရူပါဿ ဓမ္မာ ဗဟုဿုတာ ဟောန္တိ ဟူသော စကားဖြင့်ပင် ပြီးပြည့်စုံပါလျက် အဘယ့် ကြောင့် ဥဘယာနိ ခေါ ပနဿ ပါတိမောက္ခာနိ ဝိတ္ထာရေန အာဂတာနိ ဟောန္တိ ဟု ဟော တော်မူပါသနည်း၊ ရှင်းလင်းခဲ့ပါ။

(၄) ကာဏမာတာ သိက္ခာပုဒ် အရ ပင့်ဘိတ်အပ်သော မုန့်တို့ကို သုံးသပိတ် ပြည့် အောင်မခံယူပဲ တသပိတ် နှစ်သပိတ် ပြည့်အောင်သာ ခံယူရာ၌ ပြုကျင့်ရသော ကျင့်ဝတ် တို့ကိုပြပြီးလျှင်/ တတော နီဟရိတွာ ဘိက္ခူဟိ သဒ္ဓိံ သံဝိဘဇိတဗ္ဗံ အရ ဝေဘန်ပုံကိုလည်း ဖော်ပြခဲ့ပါ။

(၅) သန္နိဓိကာရက သိက္ခာပုဒ် ပဒဘာဇနီ - ၌ ခါဒနီယံနာမ ပဉ္စဘောဇနာနိ ယာမကာလိကံ သတ္တာဟကာလိကံ ယာဝဇီဝိကံ ဌပေတွာ အဝသေသံ ခါဒနီယံနာမ ဟု ဟောတော်မူသောကြောင့် အဖျော်ယမကာ စသော ယာမကာလိက ဝတ္ထုသည် တညည့်လွန်သော်လည်း သန္နိဓိ မဖြစ်ဟု မှတ်ရမည်လော၊ ပါဠိသာဓက အထောက်ပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၆) ပိုးများ သေအံ့သည်ကို သိပါလျက် ပိုးရှိသော ရေကို မြက် သစ်ပင်ကို လောင်းခြင်းကြောင့် အာပတ်သင့် သဖြင့် သပ္ပါဏက သိက္ခာပုဒ်သည် လောကဝဇ္ဇ ဖြစ်သင့်ပါလျက် အဘယ့်ကြောင့် ပဏ္ဏတ္တိဝဇ္ဇ ဟု အဋ္ဌကထာ ဖွင့်ပြပါသနည်း – ရှင်းပြခဲ့ပါ။

(၇) နဟာနသိက္ခာပုဒ် အနာပတ္တိဝါရလာ ပါရံ ဂစ္ဆန္တော န ဟာယတိ –၏ ဆိုလိုရင်း အာဘော်ကို ဖော်ပြ၍/ ၎င်းသိက္ခာပုဒ်လာ အာပဒါသု အရ နှင့် ဇောတိသိက္ခာပုဒ်လာ အာပဒါသု အရ အဓိပ္ပာယ် ထူးခြားဟန်ကိုလည်း ရေးသားခဲ့ပါ။

(၈) ဒုဗ္ဗဏ္ဏသိက္ခာပုဒ်လာ ပဋိစ္ဆာဒေယျ ဟူသော ပုဒ်၏ ပဒဘာဇနီကို အပြည့်အစုံ ရေးသားပြီးလျှင်/အနုပသမ္ပန္နဿ ဒုဗ္ဗဏ္ဏံ ဝါ အရကိုလည်း ဒုဗ္ဗဏ္ဏာ ရောစနသိက္ခာပုဒ်လာ အဋ္ဌကထာနှင့် ညှိနှိုင်း၍ ဋီကာဆရာတို့၏ အလိုနှင့် မဆန့်ကျင်အောင် ရှင်းလင်း ဖော်ပြခဲ့ပါ။

(၉) ပဟာရသိက္ခာပုဒ်လာ အနုပသမ္ပန္န အရကို ဖော်ပြ၍/ (၁) ရဟန်းတပါးကို သံဃအလယ် အရှပ်ဆိုးအောင် နားရွက်ဖြတ်သော ရဟန်း (၂) တပ်သော စိတ်ဖြင့် မိန်းမကို ရိုက်သောရဟန်း (၃) မိန်းမက အတင်းဖမ်း၍ တွန်းရုန်း ပြေးသောရဟန်း (၄) ခွေးကိုက်၍ ရိုက်သော ရဟန်းတို့အား အဘယ် အာပတ်များ သင့်သည်ဟု အသီးသီး ဖော်ပြခဲ့ပါ။

(၁၀) သေခိယ ပရိမဏ္ဍလသိက္ခာပုဒ်၌ ဝိဟာရေပိ အန္တရဃရေပိ ဟု အဋ္ဌကထာ ဆိုသောကြောင့် ကျောင်းတွင်း၌လည်း သင်္ကန်းရုံနေရမည်ဟု ဆိုပါသလော– ဋီကာနှင့် အညီ ရှင်းလင်းဖော်ပြ၍/ ၎င်းသိက္ခာပုဒ်၏ သစိတ္တက -အစိတ္တက -လောကဝဇ္ဇ -ပဏ္ဏတ္တိဝဇ္ဇ- အဖြစ်ကိုလည်း နာနာဝါဒဖြင့် အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၁၁) ရဟန်းမိန်းမက ကိုယ်ကို သုံးသပ်သောအခါ စိတ်ဖြင့် သာယာနေသော ရဟန်း, ရဟန်းက ကိုယ်ကို သုံးသပ်သောအခါ စိတ်ဖြင့် သည်းခံ သာယာနေသော ရဟန်းမိန်းမတို့အား သင့်နိုင်သော အာပတ်များကို အကြောင်းပြ၍ အသီးသီး ညွှန်ကြားခဲ့ပါ။

(၁၂) နဂ္ဂသိက္ခာပုဒ်လာ အနာပတ္တိ အစ္ဆိန္နစီဝရိကဿ -၌ စီဝရ အရ အဘယ် သင်္ကန်းကို ယူရမည်ဟု ဖော်ပြ၍/ သင်္ဃာဋိစာရ၏ အဓိပ္ပာယ်နှင့် တကွ သင်္ဃာဋိ အမည်ရသော သင်္ကန်း သရုပ်ကိုလည်း ပြည့်စုံစွာ ရေးသားခဲ့ပါ။

၁၀–မှတ်စီ

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၃) ဝိနယပိဋက (မဟာဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၅ - ခုနှစ် တပို့တွဲလဆန်း ၁၃ - ရက် (၂၆ - ၁ - ၆၄)

——

(၁) သဒ္ဓိဝိဟာရိက တပည့်ကို ဥပဇ္ဈာယ် ပေးရာ၌ ပါသာဒိကေန သမ္ပာဒေဟီတိ ဝါကာယေန ဝိညာပေတိ - အရ ကိုယ်ဖြင့် ဥပဇ္ဈာယ်ပေးပုံကို ဖော်ပြပြီးလျှင် / တပည့်က အာမ ဘန္တေ ဟု ဆိုမှသာ ဥပဇ္ဈာယ်ယူခြင်း အမှု ပြီးမြောက်သည်ဟု မှတ်ရ ပါမည်လော၊ ရှင်းလင်းခဲ့ပါ။

(၂) အဘယ် ပုဂ္ဂိုလ်သည် ဥပဇ္ဈာယ် မည်၍ - အဘယ် ပုဂ္ဂိုလ်သည် အာစရိယ မည်ပါသနည်း၊ ခွဲခြား ပြပြီးလျှင် / ရှင်သာမဏေများသည် သုက္ကဝိဿဋ္ဌိ - ကာယသံသဂ္ဂ - အမှုတို့ကို ကျူးလွန်လျှင် အဘယ် အပြစ်ရှိပါသနည်း၊ စိစစ်ခဲ့ပါ။

(၃) ဥပဇ္ဈာယဝတ္တဂါထာ—နာတိဒူရေ ဂန္တဗ္ဗံ နာစ္စာသန္နေ ဂန္တဗ္ဗံ - အရ အဘယ်မျှလောက် ခရီးအကွာ အဝေးဖြင့် ပစ္ဆာသမဏ ပြု၍ တပည့်က လိုက်ရပါမည်နည်း၊ ရှင်းပြခဲ့ပါ။

(၄) ဥပသမ္ပာဒေတဗ္ဗ ပဉ္စက လာ — အဘိသမာစာရိကာယ သိက္ခာယ သိက္ခာပေတုံ - အာဒိဗြဟ္မစရိယ ကာယသိက္ခာယ ဝိနေတုံ - ၌ အဘိသမာစာရိက သိက္ခာ နှင့် အာဒိဗြဟ္မစရိယက သိက္ခာ - အရ ခွဲခြား ကောက်ပြခဲ့ပါ။

(၅) ရဟန်းလောင်း နှစ်ပါး သုံးပါးကို တပြိုင်နက် ရဟန်း ခံပေးရာ၌ နာနာစရိယ နာနုပဇ္ဈာယ - နာနာစရိယ ဧကုပဇ္ဈာယ - ဧကာစရိယ နာနုပဇ္ဈာယ - တို့တွင် အဘယ် ဥပသမ္ပဒကံသည် အနုဇာနာမိ ဘိက္ခဝေ ဒွေ တယော ဧကာနုဿာဝနေ ကာတုံ - စသော ဒေသနာတော်နှင့် ညီညွတ်ပါသနည်း၊ ဝိနိစ္ဆယ ချခဲ့ပါ။

(၆) သိမ်နိမိတ် ကြားရာ၌ ပုရတ္ထိမာယ ဒိသာယ - စသည်ဖြင့် ဟောတော်မူခြင်းကြောင့် အရပ် လေးမျက်နှာ၌ နိမိတ်ထား၍ ကြားမှသာ အပ်ပါသလော၊ ရှင်းပြပြီးလျှင် / တောင်နိမိတ်၌ ဟတ္ထိပ္ပမာဏ ရှိအောင် တစုံတယောက်က ပြုလုပ် စီမံထားသော တောင်သည် နိမိတ္တုပဂ ဖြစ် - မဖြစ် စိစစ်ခဲ့ပါ။

(၇) ဘိက္ခုနီမများ သံဃာကို သင်းခွဲနိုင်၍ 'သမ္ဗဟုလာဟိ ဘိက္ခုနီဟိ သံဃော ဘိန္နော' ဟု ဟောတော်မူပါသလော၊ ရှင်းလင်း ဖော်ပြ၍ / တိုင် လေးတိုင်၌ ထီးကို မိုး၍ တံခါးပေါက် ထားပြီး ကာရံလျက် ဝါဆိုခြင်းငှာလည်း အပ် မအပ် ဆုံးဖြတ်ခဲ့ပါ။

(၈) စမ္မက္ခန္ဓက လာ—ဝီရိယသမတံ အဓိဋ္ဌဟ - ၏ ဆိုလိုရင်း အဓိပ္ပာယ်ကို ဖော်ပြ၍ / ဣန္ဒြိယာနဥ္စ သမတံ ပဋိဝိဇ္ဈ - အရ အဘယ် ဣန္ဒြေ နှင့် အဘယ် ဣန္ဒြေကို ညီမျှအောင် ပြုရမည်ဟုလည်း အသီးသီး ညွှန်ပြခဲ့ပါ။

(၉) ဘေသဇ္ဇက္ခန္ဓက လာ- သမုဒ္ဒ ကာဋ္ဌ လောဏ သိန္ဓဝ ဥဗ္ဘိဒ ဗိလ -တို့၏ အဓိပ္ပာယ် ကို အသီးသီး ဖော်ပြ၍ / ကပ္ပိယာကပ္ပိယ အဋ္ဌိမယ ဒန္တမယ ဝိသာဏမယ မူမနေတ္တ - တို့ကို လည်း ခွဲခြား ပြခဲ့ပါ။

(၁၀) ကျောင်း အများ ရှိသော ကျောင်းတိုက်ကြီး တခု၌ ကထိန်ခင်းပုံ အစီအရင်ကို ကျနစွာ ဖော်ပြ၍ / ရဟန်း လေးပါး ဝါကပ်သော ကျောင်း၌ အသက်ပြည့်သော သာမဏေသည် ဒုတိယဝါ၌ ရဟန်းခံသော် ထိုနှစ်ခင်းသော ကထိန် အာနိသင် ရ-မရကိုလည်း ဆုံးဖြတ်ခဲ့ပါ။

(၁၁) စီဝရက္ခန္ဓက လာ အဝုဋ္ဌာပနီယ - ပုဂ္ဂိုလ်များကို အကြောင်းပြနှင့် တကွ ရေတွက်ပြီးလျှင် / ဝိကာလက အပြားကိုလည်း ရေးသားခဲ့ပါ။

(၁၂) ကောသမ္ဗကက္ခန္ဓက၌ သံဃာ မကွဲပြားသေးပါဘဲလျက် အဘယ့်ကြောင့် မြတ်စွာဘုရားသည် ဘိန္နော ဘိက္ခု သံဃော ဘိန္နော ဘိက္ခု သံဃော - ဟု ရွတ်ဆိုပါသနည်း၊ ရှင်းလင်း ဖော်ပြ၍ / မြတ်စွာဘုရား ပါလိလေယျကတောသို့ ကြွပြီးနောက် ဆင်ခြင် စဉ်းစားမိ၍ ရွတ်ဆိုသော ဥဒါန်း ဂါထာကိုလည်း ရေးခဲ့ပါ။ ၁၀—မှတ်စီ

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၄) ဝိနယပိဋက (စူဠဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၅ - ခုနှစ်၊ တပို့တွဲလဆန်း ၁၄ - ရက်။ (၂၇- ၁- ၆၄)

——

(၁) တဇ္ဇနီယကမ္မ အင်္ဂါ လာ — အဓိသီလေ သီလဝိပန္နော ဟောတိ - အရ အဘယ် အာပတ်သို့ ရောက်သည်ကို တဇ္ဇနီယကမ် ပြုခြင်း၏ အကြောင်းအင်္ဂါ အဖြစ် ယူရပါမည်နည်း၊ ဒေသနာဂါမိနိယာ အာပတ္တိယာ ကတံ ဟောတိ ဓမ္မေန ကတံ- ဟူသော သုက္ကပက္ခ စကားနှင့် ညှိနှိုင်း၍ ဆုံးဖြတ်ခဲ့ပါ။

(၂) ပဉ္စန္နံ ဘိက္ခဝေ ဘိက္ခူနံ အာကင်္ခမာနော သံဃော ပဋိသာရဏီယကမ္မံ ကရေယျ - ၌ ပဥ္စ အရ ကောက်ပြီးလျှင် / အင်္ဂါငါးပါးလုံး ပြည့်စုံမှသာ ပဋိသာရဏီယကမ် ပြုရပါမည်လော၊ ရှင်းပြခဲ့ပါ။

(၃) ဂရုကအာပတ်သင့်သည်ကို လဟုကအာပတ်ဟု မှတ်ထင်၍ ဒေသနာမကြားဘဲ နေလျှင် ဖုံးလွှမ်းသည် မည် မမည် — ဂရုကအာပတ်ကို လဟုကအာပတ်ဟု မှတ်၍ ဒေသနာ ကြားလျှင် ဒေသနာကြားသည် မည် - မမည် — ဖုံးလွှမ်းသည် မည် - မမည်တို့ကို စီစစ်ခဲ့ပါ။

(၄) သုဒ္ဓန္တပရိဝတ်သည် စူဠသုဒ္ဓန္တပရိဝတ် မဟာသုဒ္ဓန္တပရိဝတ်ဟု နှစ်မျိုး ရှိရာ အဘယ်ပုဂ္ဂိုလ်အား စူဠသုဒ္ဓန္တပရိဝတ်ကို ပေးရမည် — အဘယ်ပုဂ္ဂိုလ်အား မဟာသုဒ္ဓန္တပရိဝတ်ကို ပေးရမည်- ဟု ခွဲခြားပြီးလျှင် / ဥဘတော သံဃေ ပက္ခမာနတ္တံ စရိတဗ္ဗံ - အရ ပက္ခမာနတ် ဆောက်တည်လိုသော ဘိက္ခုနီသည် ဥဘတောသံဃာ၌ ပက္ခမာနတ် တောင်းရမည် · မတောင်းရမည်ကို စီစစ်ခဲ့ပါ။

(၅) ကတမေ ဒသ ဓမ္မိကာ သလာကဂ္ဂါဟာ န စ ဩရမတ္တကံ အဓိကရဏံ ဟောတိ၊ ဂတိ ဂတဉ္စ ဟောတိ သရိတသာရိတဉ္စ ဟောတိ - ၌ ဂတိဂတ - သရိတသာရိတတို့၏ အဓိပ္ပာယ်ကို ရေးသားခဲ့ပါ။

(၆) တေန ဟိ ဘိက္ခဝေ ဝၯုဿ လိစ္ဆဝိဿ ပတ္တံ နိကုဇ္ဇတု · ဟု ဟောတော်မူလျှင် ပတ္တနိကုဇ္ဇနကံပြုမှု ထင်ရှားပြီးပါလျက် အဘယ့်ကြောင့် အသမ္ဘောဂံ ကရောတု-ဟု ထပ်၍

တဖန် ဟောတော်မူပြန်ပါသနည်း၊ ရှင်းပြီးလျှင် / ပတ္တနိကုဇ္ဇန–ကမ် ပြုပြီးသောအခါ သံဃာများ ပြုကျင့်ရသည့် ကျင့်ဝတ်ကိုလည်း ဖော်ပြခဲ့ပါ။

( ၇ ) သေနာသနက္ခန္ဓက ဥပနန္ဒဝတ္ထု လာ– 'အာလယေန ဂဟာဏံ – အာလယေန အာလယော ပဋိပ္ပဿမ္ဘတိ' အရ အဓိပ္ပာယ်ကို ရေးသားပြီးလျှင် / သမာနာသနိက အရာ၌ 'တိဝဿန္တရေန သဟ နိသီဒိတုံ' ဟု ဟောတော်မူသည့် အတိုင်း အတူတကွ ထိုင်သင့်သည့် ပုဂ္ဂိုလ်များကိုလည်း ညွှန်ကြားခဲ့ပါ။

( ၈ ) ပါဠိပဒိကဘတ် လှူသော ဒါယကာ၏ နှလုံးသွင်းအကြံ ဖြစ်ပုံကို ပြည့်စုံစွာ ဖော်ပြ၍ / ဤပါဠိပဒိကဘတ်သည် ပိဏ္ဍပါတ်ဓူတင်ဆောင် ပုဂ္ဂိုလ်တို့အား အပ်- မအပ် အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

( ၉ ) သံဃဘေဒကက္ခန္ဓက်၌ 'တ္တော ဝတာ ခေါ ဥပါလိ သံဃော ဘိန္နော ဟောတိ' အရ အဘယ်အခါကျမှ သံဃဘေဒကံ အထမြောက်သည်ကို ကျနစွာဖော်ပြ၍ / 'ဘေဒေ အဓမ္မဒိဋ္ဌိ' ဟူသော ပါဠိတော်၏ အဓိပ္ပာယ်ကိုလည်း ရေးသားခဲ့ပါ။

( ၁၀ ) ဝတ္တက္ခန္ဓက ဝတ္တကထာ၌– 'န ဗရုသေန ကဋ္ဌေန အဝလေခိတဗ္ဗံ' ပါဠိတော်အရ မသုံးဆောင်ကောင်းသော ကနုတံများကို အကုန်အစင် ဖော်ပြ၍ / ဒန်ပူစားလျက် သပိတ်ဆေးကောင်း – မဆေးကောင်းကိုလည်း ညွှန်ပြခဲ့ပါ။

( ၁၁ ) အဘယ်ကို ပြလို၍ – 'ယဒေဝ သာ ဝိဗ္ဘန္တာ' ဟု ဟောတော်မူပါသနည်း၊ ဖော်ပြ၍ / လူထွက်ပြီး ပြန်လာသော ဘိက္ခုနီမ– တိတ္ထိကျောင်းသို့ ပြောင်းသွားပြီးမှ တဖန် ပြန်လာသော ဘိက္ခုနီမတို့အား နောက်ထပ် ရဟန်းပြုပေးကောင်း – မပြုပေးကောင်း – သာမဏေ ပြုပေးကောင်း – မပြုပေးကောင်းတို့ကိုလည်း ခွဲခြား စိစစ်ခဲ့ပါ။

( ၁၂ ) ပဉ္စသတိကက္ခန္ဓကလာ–'ဓူမကာလိကံ'၏ အဓိပ္ပာယ်ကို ရေးသား၍ / မထေရ်ကြီးတို့က ရှင်အာနန္ဒာအား – အာပတ်သင့်သည်ကို ရည်ရွယ်၍ ဣဒမ္ပိ တေ အာဝုသော အာနန္ဒ ဒုက္ကဋံ - ဟု ဆိုပါသလော–ရှင်းလင်းခဲ့ပါ။ ၁၀–မှတ်စီ

## ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### ( ၅ ) ဝိနယပိဋက ( ပရိဝါရ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၅ - ခုနှစ်၊ တပို့တွဲလသန်း ၁၅ - ရက်။ (၂၀ - ၁ - ၆၄)

---

( ၁ ) ပညတ္တိ ပါတိမောက္ခံ - ဝိဘတ္တိ အဓိပါတိမောက္ခံ ဟု ဟောတော်မူရာ၌ အဘယ်အရာကို ပညတ္တိ ပါဘိမောက္ခ - ဝိဘတ္တိ အဓိပါတိမောက္ခ - ခေါ်ဆိုရပါမည်နည်း၊ ဝဒန္တ အာဘော်ကျ ရေးသားခဲ့ပါ။

( ၂ ) အောက်ပါ ပုစ္ဆာပါဠိ၏ အဖြေ ဝိသဇ္ဇနာ ပါဠိကို ဆက်လက် ရေးသားခဲ့ပါ။

( က ) ပဌမော အနိယတော ဆန္နံ အာပတ္တိသမုဋ္ဌာနာနံ ကတိဟိ သမုဋ္ဌာနေဟိ သမုဋ္ဌာတိ တိ။

( ခ ) ဒုတိယော အနိယတော သတ္တန္နံ သမထာနံ ကတိဟိ သမထေဟိ သမ္မတိ တိ။

( ၃ ) ပုန စ ပရံ မေတ္တာ မနောကမ္မံ ပစ္စုပဋ္ဌိတံ ဟောတိ သဗြဟ္မစာရီသု အာဝိစေ-ဝ ရဟော စ - ၌ မျက်မှောက် မေတ္တာ မနောကံ-မျက်ကွယ် မေတ္တာ မနောကံ ဖြစ်အောင် အဘယ်သို့ ကျင့်ကြံ ပွားများရပါမည်နည်း- ထင်ရှားစွာ ဖော်ပြပါ။

( ၄ ) ဥဿယဝါဒိကာ ဘိက္ခုနီ အဍ္ဍံ ကရောန္တီ တိဿော အာပတ္တိယော အာပဇ္ဇတိ - ၌ သုံးပါးသော အာပတ်တို့ကို အာပတ်သင့်ပုံနှင့်တကွ ဖော်ပြခဲ့ပါ။

( ၅ ) တေရသေ တေ သမုဋ္ဌာန နယာ ဝိညူဟိ စိန္တိတာ - ၌ တေရသ သမုဋ္ဌာန်နှင့်-ကတမေ စ အာပတ္တိယော ဆ သမုဋ္ဌာနာ - ၌ ဆသမုဋ္ဌာန်တို့ကို စပ်ဟပ် နှိုးနှော ပြခဲ့ပါ။

( ၆ ) အာပတ္တိကရာ ဓမ္မာ ဇာနိတဗ္ဗာ-အနာပတ္တိကရာ ဓမ္မာ ဇာနိတဗ္ဗာ - ၌ အာပတ္တိကရဓမ္မ နှင့် အနာပတ္တိကရဓမ္မ တို့ကို ကောက်ပြ ပြီးလျှင် / ဂဏနုပဂ အာပတ် အဂဏနုပဂ အာပတ် တို့၏ အဓိပ္ပာယ်ကိုလည်း ရေးသားခဲ့ပါ။

( ၇ ) တဇ္ဇနီယကမ္မဿ ပဋိပဿဒ္ဓိယာ ကော အာဒိ ကိံ မဇ္ဈေ ကိံ ပရိယော သာနံ-ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာပါဠိများကို ရေးသား၍ / ကထိနဘေဒ လာ ဝတ္ထု ဝိပန္န - ကာလဝိပန္န - ကရဏဝိပန္န တို့၏ အဓိပ္ပာယ်ကိုလည်း အဋ္ဌကထာ အလိုကျ ဖော်ပြပါ။

(၈) ဥပါလိပဉှာ အနိဿိတဝဂ္ဂ လာ—ကတိဟိ နု ခေါ ဘန္တေ အင်္ဂေဟိ သမန္နာ-ဂတဿ ဘိက္ခုနော ကမ္မံ ကာတဗ္ဗံ - ဟူသော အမေး၏ အဖြေ ပါဠိများကို ပြည့်စုံစွာ ဖော်ပြပြီးလျှင် / ဓမ္မံ န ဇာနာတိ ဓမ္မာနုလောမံ န ဇာနာတိ ဝိနယံ န ဇာနာတိ - တို့၏ အဓိပ္ပာယ်ကိုလည်း အသီးသီး ဖော်ပြပါ။

(၉) နှုတ်မမြွက်ပဲ စိတ်ဖြင့်သာ ဒေသနာ ကြားသင့်, မကြားသင့်—သာဓက နှင့် ခြင့်၍ ဆုံးဖြတ်ပြီးလျှင်/ လေးပါး ငါးပါး ဒေသနာ ကြားကောင်း မကြားကောင်း ကိုလည်း သာဓက ထပ်လောင်း၍ ဝိနိစ္ဆယချခဲ့ပါ။

(၁၀) သေဒမောစန ဂါထာ၌— 'သရဏာဂမနမ္ဘိ န တဿ အတ္တိ ဥပသမ္ပဒါ စဿ ဓာကုပ္ပာ' ဟူသော ပဉှာသည် အဘယ်ကို ရည်ရွယ်၍ ဟောတော်မူပါသနည်း၊ ဖော်ပြ ၍ / 'ဆိန္နန္တဿ အာပတ္တိ ဆိန္နန္တဿ အနာပတ္တိ' အရ ဖြစ်နိုင် ရနိုင်သော အာပတ္တိ အနာပတ္တိ များကိုလည်း အသီးသီး ညွှန်ကြားခဲ့ပါ။

(၁၁) ဝိနည်း၌ အသုံးပြုသော ကံကြီး ကံငယ်တို့၏ သရုပ်ကို စေ့စုံစွာ ဖော်ပြ ၍/ အပလောကနကံ ဟူသည် သိမ်တွင်းမှာ ပြုရမည်—သို့မဟုတ် အပြင်မှာလည်း ပြုကောင်း သည်—ဤနှစ်လီကို အတည်တကျ သိရအောင် အထောက်သာဓက လုံလောက်စွာ ပြ၍ ဝိနိစ္ဆယ ချခဲ့ပါ။

(၁၂) ဉတ္တိ ဒုတိယကံကို ပြုသော အခါ ပန်ကြား၍ ပြုရမည် - သို့မဟုတ် မပန် ကြားပဲ ပြုရမည်တို့ကို ညွှန်ကြား၍/ အသမ္မုခါ ကရဏီယ ကံ များကိုလည်း အသီးသီးရေး သားခဲ့ပါ။

၁၀— မှတ်စီ

## ( ခ ) တိပိဋကဓရ သဘောရေးဖြေစာမေးပွဲ

### ( ၁ ) ဝိနယပိဋက ( ပါရာဇိက ) ပါဠိ + အဋ္ဌကထာ မေးခွန်း

### ၁၃၂၆-ခုနှစ် ပြာသို လပြည့်ကျော် ( ၅ )ရက်၊ ( ၂၂–၁–၆၅ )

---

( ၁ ) သိက္ခာပုဒ်တို့ကို အကြောင်း ဝတ္ထု မပေါ်မီ ကြိုတင်၍ ပညတ်ခြင်းကြောင့် ရနိုင်သော အပြစ်တို့ကို တိကျစွာ ညွှန်ပြပြီးလျှင် / ရှင်သာရိပုတ္တရာ သိက္ခာပုဒ် ပညတ်ရန် တောင်းပန်စဉ် အခါ၌ ရှိသော သံဃာတော်တို့၏ သန့်ရှင်းပုံ ဂုဏ်အင်္ဂါတို့ကိုလည်း စုံလင်စွာ ထုတ်ပြ၍ အနက်ယောဇနာခဲ့ပါ။

( ၂ ) သန္တတ ဘာဏဝါရ လာ – အဋ္ဌာန မေတံ အာနန္ဒ (ပ) သိက္ခာပဒံ ပညတ္တံ သမူဟနေယျ-၌ သိက္ခာပုဒ်ကို ပယ်နုတ်ရာ ရောက်ပုံ-ပယ်နုတ်ရာ မရောက်ပုံတို့ကို ဋီကာအလိုကျ ညွှန်ပြပြီးလျှင်/သော အာဂတော နု ဥပသမ္ပာဒေတဗ္ဗော၊ သော အာဂတော ဥပသမ္ပာဒေတဗ္ဗော တို့၌ ဘုရားရှင်၏ သန္ဓာယဘာသိတကိုလည်း ရေးသားခဲ့ပါ။

( ၃ ) ဥပနိဓိကထာ လာ– နာဟံ ဂဏှာမိတိ ဘဏတိ အာပတ္တိ ဒုက္ကဋဿ-၌ သမ္ပဇာန မုသာဝါဒ ဖြစ်သောကြောင့် ပါစိတ်အာပတ် သင့်ရမည် ဖြစ်ပါလျက် ဒုက္ကဋ်အာပတ်သာ သင့်ရခြင်း အကြောင်းကို ညွှန်ပြပြီးလျှင်/ ၎င်း ဥပနိဓိဘဏ္ဍာကို ခိုးလိုသော စိတ်ဖြင့် နေရာမှ ရွေ့စေသော ရဟန်းအား အဝဟာရ ဖြစ်-မဖြစ် အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

( ၄ ) ဝိသက္ကိယ ဒူတ နိဒ္ဒေသ လာ – ဝဓကော ပဋိဂ္ဂဏှာတိ အာပတ္တိ ဒုက္ကဋဿ/၌ မည်သည့် ပုဂ္ဂိုလ်အား ဒုက္ကဋ် အာပတ် သင့်ကြောင်းကို အကြောင်းပြ၍ ဆုံးဖြတ်ပြီးလျှင်/စီမံသနဝတ္ထုလာ စီမံသ နှစ်မျိုးကိုလည်း ရှင်းလင်း ရေးသားခဲ့ပါ။

( ၅ ) ကာမရာဂသံယောဇဉ်ကို ငါ ပယ်ပြီ ဟု ရဟန်းတပါးကို ပြောသော ရဟန်းအား အဘယ် အာပတ်သင့်သည်ဟု အကြောင်းနှင့် တကွ ဘော်ပြ၍/တေန ခေါ ပန သမယေန အညတရော ဘိက္ခု ရဟော ဂတော ဥတ္တရိမနုဿဓမ္မံ ဥလ္လပတိ – ၌ ဥတ္တရိမနုဿဓမ္မ ပြောပုံ အခြင်းအရာကိုလည်း ရေးခဲ့ပါ။

( ၆ ) သုက္ကဝိဿဋ္ဌိသိက္ခာပုဒ် အဋ္ဌကထာ လာ အာပတ္တိဝုဋ္ဌာန၏ အဓိပ္ပာယ်ကို ဋီကာအလိုကျ ရေးသား၍/သုတ္တသာမညာ၏အင်္ဂါကို ကိုင်၍ မိမိ သုက်လွှတ်သော ရဟန်းအား အဘယ်အကြောင်းကြောင့် ဒုက္ကဋ်အာပတ်သာ သင့်သည်ကိုလည်း ဖော်ပြပါ။

(၇) ကာယသံသဂ္ဂသိက္ခာပုဒ်၌ ဟတ္ထဂ္ဂါဟ ဝေဏိဂ္ဂါဟ အဝသေသအင်္ဂပရာမသန အပြားကို ကုန်စင်အောင် ဖော်ပြ၍ / လမ်းအပြည့် စပါးလှမ်းထားသော လမ်းကို ရဟန်းများ သွားကောင်း – မသွားကောင်း – တောထဲ၌ ကြွေကျနေသော သရက်သီး တလုံးကို ကျောင်းသား ပေးဘို့ ကောက်ကောင်း – မကောက်ကောင်းကိုလည်း ဆုံးဖြတ်ခဲ့ပါ။

(၈) ကုဋိကာရသိက္ခာပုဒ်လာ 'မူလစ္ဆေဇ္ဇာယ ပုရိသံ ယာစိတုံ န ဝဋ္ဋတိ' ဟူသော အဋ္ဌကထာ၌ ဋီကာ အလိုကျ အဓိပ္ပာယ်ကို ဖော်ပြ၍ / တောင်း၍ ရထားသော ဆေးပစ္စည်းကို ရောဂါ ငြိမ်းသော အခါ သုံးဆောင်သင့် - မသုံးဆောင်သင့်ကိုလည်း အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၉) အစ္စိန္နစီဝရ စသော အကြောင်း မရှိပါဘဲ အခြား တပါးသော ရဟန်းအလို ငှာ အညာတက အပဝါရိတတို့ ထံ၌ သက်န်းတောင်းခံသော ရဟန်းအား အညာတက ဝိညတ္တိ သိက္ခာပုဒ်ဖြင့် အာပတ်သင့် - မသင့် စီစစ် ဆုံးဖြတ်ခဲ့ပါ။

(၁၀) လဇ္ဇီပရိဘောဂ - အလဇ္ဇီပရိဘောဂ - လဇ္ဇီပဂ္ဂဟ - အလဇ္ဇီပဂ္ဂဟ တို့၏ အဓိပ္ပာယ် ကို ပြည့်စုံစွာ ဖော်ပြပြီးလျှင်/ အပ်သော ပရိဘောဂ - မအပ်သော ပရိဘောဂတို့ကိုလည်း ခွဲခြား ညွှန်းပြခဲ့ပါ။

(၁၁) ထောပတ် စသော ငါးပါးသော ဝတ္ထုတို့သည် အာဟာရ ကိစ္စကို ပြီးစေနိုင်သော ကြောင့် ယာဝကာလိက ဖြစ်သင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် သတ္တာဟ ကာလိက ဟု ခွင့်ပြု ပညတ်တော်မူပါသနည်း၊ အကြောင်း ယုတ္တိ ပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၁၂) သာသက်သိက္ခာပုဒ်၌ တိဏ္ဏံ စီဝရာနံ အညတရံ စီဝရံ အန္တရဃရေ နိက္ခိပေယျ-အရ သက်န်းကို ရွာတွင်း၌ ထားနိုင်ခြင်း၏ အကြောင်း အင်္ဂါတို့ကို ထုတ်ဖော်ပြပြီးလျှင် / ရွာ ကျောင်း၌ ပုရိမဝါ ကျွတ်ပြီး၍ တောကျောင်းသို့ သွား၍ နေသော ထိုရဟန်းအား စီဝရ ကာလ အတွင်း၌ ကထိန် အာနိသင် ငါးပါး ရသင့် - မရသင့် ယုတ္တိ ပြ၍ ဝိနိစ္ဆယ ချခဲ့ပါ။

၁၀ – မှတ်စီ

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၂) ဝိနယပိဋက ( ပါစိတ္တိယ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၆ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆- ရက်။ (၂၃-၁-၆၅)

——

(၁) သမ္ပဇာနမုသာဝါဒ ပဒဘာဇနီ လာ— ဝါစာ ဂိရာ စသော ငါးပါးတို့၏ သရူပတ္ထ ထူးခြားဟန်ကို ညွှန်ကြားပြီးလျှင်/'ငါနှင့် အတူတကွ မဆိုပါလင့်' ဟူ၍ တားမြစ်ထားပါလျက် အကယ်၍ ဆိုခဲ့ငြားအံ့၊ ထိုတားမြစ်သော ရဟန်းအား ပဒသောဓမ္မအာပတ် သင့်-မသင့် အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၂) သဟ သေယျံ ကပ္ပေယျ—၌ သေယျ နှစ်မျိုးတို့ ခြားနားဟန်ကို ပါဠိသာဓကဖြင့် ညွှန်ပြပြီးလျှင် / ဒုဋ္ဌုလ္လအာပတ်ကို သမုတိ ရသော ရဟန်းအား ပြောကြားဘို့ရန် ဘုရားရှင် ခွင့်ပြုရခြင်း၏ ရည်ရွယ်ချက်ကိုလည်း အန္ဝယ ဗျတိရေက အားဖြင့် ညွှန်ပြခဲ့ပါ။

(၃) ပဌမ သေနာသန သိက္ခာပုဒ်လာ— ခွင့်ပြုအပ်သော အဇ္ဈောကာသ အရ တို့ကို ညွှန်ပြပြီးလျှင်/ထိုအဇ္ဈောကာသတို့၌ အိပ်ရာ နေရာကို ထားအပ်သည်-မထားအပ်သည်ကိုလည်း ဌာနအားဖြင့်လည်းကောင်း ဥတုမာသအားဖြင့်လည်းကောင်း ဝေဘန်စီစစ်၍ ပြခဲ့ပါ။

(၄) ဝေဟာသကုဋိနာမ မဇ္ဈိမဿ ပုရိသဿ အသီသဃဋ္ဋာ—ဟူ၍ ပဒဘာဇနီ ဖွင့်ဆိုသောကြောင့် မဇ္ဈိမ ပုရိသ၏ ခေါင်းကို မထိခိုက်သော ကုဋိကိုသာလျှင် ဝေဟာသကုဋိ ဟူ၍ ယူရမည်လော— ရှင်းပြပြီးလျှင် / အဘယ်ဝေဟာသကုဋိ၌ အာပတ်သင့်၍ အဘယ်ဝေဟာသကုဋိ၌ အာပတ်မသင့်ကြောင်းကိုလည်း အကြောင်းနှင့် တကွ ညွှန်ပြခဲ့ပါ။

(၅) ဂဏဘောဇန သိက္ခာပုဒ် အဋ္ဌါန ဂမနသမယ လာ—ဂစ္ဆန္တေန ဘုဉ္ဇိတဗ္ဗံ ဂတေန ဘုဉ္ဇိတဗ္ဗံ-တို့၏ အဓိပ္ပာယ်ကို ရေးသား၍/ ဂဏဘောဇဉ်သည် ဝိညတ္တိအားဖြင့် ပသဝန ဖြစ်ပုံကိုလည်း ဘော်ပြပါ။

(၆) နေလွဲသောအခါ ရဟန်း သာမဏေတို့အား ကြံစုတ်ကောင်း - မစုတ်ကောင်း အကြောင်းပြ၍ ဝိနိစ္ဆယ ချပြီးလျှင် / ကြံတချောင်းလုံးကို ကာလိက လေးပါးတို့ဖြင့် ခွဲခြား ဝေဘန်ပြခဲ့ပါ။

(၇) (၁)မနှာဖျားပဲ နှာဖျားသည် ဟူသော အမှတ်ဖြင့် သပ္ပိ နဝနီတ စသော ဆေး ငါးမျိုးကို တောင်းသော ရဟန်း, (၂) ကိုးပါးသော ပဏီတ ဘောဇဉ်ကို တောင်းသော ရဟန်း, (၃) ထိုပဏီတဘောဇဉ် ကိုးပါးကို တောင်းသော ရဟန်း မိန်းမ, (၄) မနာမဖျားပဲ ဟင်း ထမင်းကို မိမိအကျိုးငှာ တောင်းသော ရဟန်း နှင့် ရဟန်း မိန်းမ, (၅) ပါဠိ တော်၌ မလာသော ထောပတ် စသည်ကို တောင်းသော ရဟန်းမိန်းမတို့အား အဘယ်သိက္ခာပုဒ်ဖြင့် အဘယ် အာပတ်သင့်သည်ဟု အသီးသီး ဖော်ပြပါ။

(၈) စာရိတ္တ သိက္ခာပုဒ်လာ 'သန္တံ ဘိက္ခုံ' အရကို ပါဠိတော်နှင့် အဋ္ဌကထာ အလိုကျ ရေးသား၍/အဘယ်သို့ ပြောခြင်းသည် ပကတိဝစန မည်သည်ဟုလည်း ဋီကာ နှင့် ညှိ၍ ဖော်ပြပါ။

(၉) 'အရှင်ဘုရား – တပည့်တော်၏ အိမ်ကို ကျောင်းအမှတ် သီတင်းသုံးတော် မူပါ ဘုရား' ဟု လည်းကောင်း၊ 'အရှင်ဘုရား သီတင်းသုံး နေထိုင်သမျှ တပည့်တော်၏ အိမ်ကို လှူပါ၏ဘုရား' ဟု လည်းကောင်း လျှောက်ထားကာမျှဖြင့် သက်န်းမရှိဘဲ နေအပ် ‧ မနေအပ် အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၁၀) သလ္လာပေဿဝါတိ ပုရိသဿ ဟတ္ထပါသေ ဌိတာ သလ္လပတိ ဟူသော ပဒ-ဘာဇနီနှင့် အညီ အဘော်မပါဘဲ ယောကျ်ား၏ ဟတ္ထပါသ်၌ တည်လျက် အဘယ်စကား မျိုးကို ပြောလျှင် အာပတ်သင့်၍ အဘယ်စကားမျိုးကို ဘယ်သို့ ပြောလျှင် အာပတ်မသင့် ဟု ဝိနိစ္ဆယ ချခဲ့ပါ။

(၁၁) ယာ ပန ဘိက္ခုနီ ဂိဟိဝေယျာဝစ္စံ ကရေယျ ပါစိတ္တိယံ ဟူသော သိက္ခာ ပုဒ်မှ ကင်းလွတ်အောင် ရဟန်း မိမ္မသည် မိမိ၏ မိဘများ အတွက် ယာဂု ထမင်း စသည် စသည်တို့ကို ကျိချက်မှု ပြုလုပ်နိုင်သော နည်းလမ်းများကို ညွှန်းကြားခဲ့ပါ။

(၁၂) ယာ ပန ဘိက္ခုနီ ကုလမစ္ဆရိနီ အဿ ပါစိတ္တိယံ – အရ အာပတ် အင်္ဂါ မြောက်အောင် အဘယ်သို့ ကုလမစ္ဆရိယ အမှုကို ပြုရသည်ဟု ပြည့်စုံစွာ ရှင်းလင်း ဖော်ပြ ခဲ့ပါ။

၁၀– မှတ်စီ

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၃) ဝိနယ ပိဋက (မဟာဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၆ – ခုနှစ် ပြာသိုလပြည့်ကျော် (၇) ရက် (၂၄–၁–၆၅)

——

(၁) သိက္ခာ ပစ္စက္ခာန ဝိဓိ လာ – ဗုဒ္ဓံ ပစ္စက္ခာမိ - ကို ပစ္စက္ခာမိ ဗုဒ္ဓံ ဟူ၍ ဆိုရာ၌ သိက္ခာကျဘိသကဲ့သို့ သရဏဂုံပေးရာ၌ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ – ကို ဗုဒ္ဓံ ဂစ္ဆာမိ သရဏံ ဟူ၍ ဆိုခဲ့ ပေးခဲ့သော် သရဏဂုံ ပေးရာ ရောက် - မရောက် ဆုံးဖြတ်ခဲ့ပါ။

(၂) ဥပဇ္ဈာယဝတ္တကထာ လာ – ဥပဇ္ဈာယော အာပတ္တိ သာမန္တာ ဘဏမာနေန နိဝါရေတဗ္ဗော – ၌ အပ်သော တားမြစ်နည်း - မအပ်သော တားမြစ်နည်းတို့ကို ညွှန်ပြပြီးလျှင် နှင်ထုတ်ခြင်းငှာထိုက်သော သဒ္ဓိဝိဟာရိက၏ အမြစ်အင်္ဂါတို့ကိုလည်း ရေးသားခဲ့ပါ။

(၃) ဥပဇ္ဈာယ်ထံမှ မှီရာ ငြိမ်းကြောင်း အင်္ဂါတို့ကို ဖော်ပြပြီးလျှင်/ ဥပသမ္ပဒာဒေတဗ္ဗ ပဉ္စက ကထာ လာ – အဓိသီလေ သီလဝိပန္န– အဇ္ဈာစာရေ အာစာရဝိပန္န - တို့၏ အဓိပ္ပာယ်ကိုလည်း ညွှန်ပြခဲ့ပါ။

(၄) အညတိတ္ထိယ ပုဗ္ဗကထာ လာ – တဿ စတ္တာရော မာသေ ပရိဝါသော ဒါတဗ္ဗော - ၌ ပရိဝါသ အရ အဘယ်ပရိဝါသ် ဟူ၍ ခေါ်ရကြောင်းကို တိကျစွာ ညွှန်ပြပြီးလျှင် ၎င်းပရိဝါသ်ကို ပေးအပ် – မပေးအပ်သော တိတ္ထိတို့ကိုလည်း ခွဲခြားဝေဘန်၍ ပြခဲ့ပါ။

(၅) တိရစ္ဆာန ဂတ ဝတ္ထု၌ – အညတရော နာဂေါ နာဂယောနိယာ အဋ္ဋီယတိ- ပါဠိတော် အရ နဂါးမျိုး၌ ရှက်နိုးရခြင်း၏ အကြောင်းကိုလည်းကောင်း၊ ဒွေ မေ ဘိက္ခဝေ ပစ္စယာ နာဂဿ သဘာဝ ပါတုကမ္မာယ - ၌ ဒွေ ပစ္စယာ ဟု ဟောရခြင်း အကြောင်းကိုလည်းကောင်း ဖော်ပြ၍ နဂါး၏ သဘာဝ ပါတုကမ္မ ဖြစ်နိုင်သော အခါများကိုလည်း ကုန်စင်အောင် ရေတွက်ပြပါ။

(၆) ရဟန်းလောင်း သပိတ် သင်္ကန်း မရှိလျှင် ဝိနည်းတော်နှင့် လျော်ညီအောင် အဘယ်သို့ ပြုကျင့်ရမည်ကို ဖော်ပြ၍/ ထင်ရှား မရှိသော ဥပဇ္ဈာယ် ဆရာ၏ အမည်ကို

ကမ္မဝါစာတွင် ထည့်သွင်း ဖတ်ခဲ့လျှင် ကံပျက် - မပျက်ကိုလည်း သဘာဝ အာဂမ နှင့် အညီ ဆုံးဖြတ်ချက် ချခဲ့ပါ၏။

(၇) ရက္ခနိမိတ်ကြားရာ၌ သစ်ပင် ဟူ၍ ကြားရမည် သို့မဟုတ် အင်ကျင်းပင် ကျွန်းပင် စသည်ဖြင့် ကြားရမည် - ဤနှစ်လီကို အတည်တကျ ညွှန်ပြ၍/လာဘသိမ်၌ ရဟန်းများ အမှတ်နိမိတ် စိုက်ကောင်း - မစိုက်ကောင်းကိုလည်း အကြောင်းပြ၍ ဆုံးဖြတ် ခဲ့ပါ။

(၈) အန္တရာယ် မရှိဘဲ ဒုတိယဝါမှ ဝါဆိုမည်ဟု ပဌမဝါမှာ ဝါမဆိုဘဲ နေကောင်း - မနေကောင်း သဘာဝ အာဂမ ရသလို ညွှန်ပြ ဆုံးဖြတ်၍ / ဤကျောင်းမှာ ဝါဆိုမည် ဟု နှလုံးသွင်းပြီး မေ့လျော့၍ ဝါမဆိုမိသော ရဟန်းအား ဝါ ပြတ် - မပြတ် ပဝါရဏာ ပြုခွင့် ရ - မရတို့ကိုလည်း ညွှန်ပြခဲ့ပါ။

(၉) အနုဇာနာမိ ဘိက္ခဝေ ပဉ္စဟင်္ဂေဟိ သမန္နာဂတံ ဘိက္ခုံ စီဝရပဋိဂ္ဂါဟကံ ယောသန္နာဂတိ ံ န ဂစ္ဆေယျ - စသည်ဖြင့် စီဝရပဋိဂ္ဂါဟက ရဟန်းကို ခွင့်ပြုတော်မူရခြင်း၏ အကျိုးရင်း ရည်ရွယ်ချက်ကို ဘော်ပြ၍/ထိုစီဝရပဋိဂ္ဂါဟက ရဟန်း၏ ဆန္ဒာဂတိသို့ ရောက်ပုံ - မရောက်ပုံကို စုံလင်စွာ ရေးသားခဲ့ပါ။

(၁၀) အနုဇာနာမိ ဘိက္ခဝေ တေန ဘိက္ခုနာ တာနိ စီဝရာနိ အဓိဋ္ဌာတုံ မယှိမာနိ စီဝရာနီတိ - ၌ အဓိဋ္ဌာန် မပြုမီ ပြုကျင့်ရသော ဝတ်ကို ဖော်ပြပြီးလျှင်/အဓိဋ္ဌာန် ပြုပြီးမှ ရောက်လာသော ရဟန်းအား ဝေဘန်အပ် - မဝေဘန်အပ် ဆုံးဖြတ်ခဲ့ပါ။

(၁၁) ပဋိကုဋ္ဌကတမ္ပိ ကမ္မံ ကရောန္တိ အဓမ္မိကံ သုပ္ပံ အဌာနာရဟံ - ၌ အဘယ်ကံမျိုးကို ပဋိကုဋ္ဌဟု ခေါ်ဆိုပါသနည်း၊ ရှင်းပြပြီးလျှင်/ အညတြာပိ ဝိနယာ အညတြာပိ သတ္ထု သာသနာ - ၌ ဝိနယ သတ္ထုသာသနတို့၏ အထူးကိုလည်း ရေးသားခဲ့ပါ။

(၁၂) ဒွေမာ ဘိက္ခု နာနာသံဝါသက ဘူမိယော အတ္တနာဝ အတ္တာနံ နာနာသံဝါသံ ကရောတိ - ၌ မိမိ ကိုယ်ကို မိမိ နာနာသံဝါသက ရဟန်း အဖြစ် ရောက်အောင် အဘယ်သို့ ပြုလုပ်ပါသနည်း—ရှင်းပြပြီးလျှင်/ ထိုနာနာသံဝါသက ရဟန်းသည် ကံပျက်မှုကို ပြု - မပြု စီစစ်ခဲ့ပါ။

၁၀—မှတ်စီ

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၄) ဝိနယပိဋက (စူဠဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း
### ၁၃၂၆-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈- ရက်။ (၂၅-၁-၆၅)

—

(၁) တတိယ အခမ္မ တဇ္ဇနီယကံ ဖြစ်ပုံကို ညွှန်ပြပြီးလျှင်/ တဇ္ဇနီယကံကို ငြိမ်းစေနိုင်သော တရား နှင့် ငြိမ်းစေရမည့် အစီအစဉ်တို့ကိုလည်း အကျဉ်းမျှ ရေးသားခဲ့ပါ။

(၂) ကမ္မက္ခန္ဓက လာ ကမ္မသရုပ်တို့ကို ထုတ်ပြ၍ / ထိုကံတို့ကို သဒိသ, အတိရိတ္တ အားဖြင့် ဝေဘန်ပြီးလျှင် / အတိရိတ္တပဒ တို့ကိုလည်း ဖော်ပြခဲ့ပါ။

(၃) ပါဠိ ဝါသိက ဝတ္တကထာ လာ ပဉ္စမ အနုပညတ်ကို ရေးသားပြီးလျှင် / နဘိက္ခုနော ဝါဒက သမ္မုတိ သာဒိတဗ္ဗာ - ၌ ဘုရားရှင် ပယ်မြစ်ရခြင်း အကြောင်းကိုလည်း ရေးသားခဲ့ပါ။

(၄) မူလာယ ပဋိကဿနာရဟာ ဝတ္တကထာ လာ ပကတတ္တာနံ - ၌ အဘယ်ရဟန်းတို့ကို ပကတတ်ရဟန်းဟူ၍ ယူရမည်နည်း - အကြောင်းနှင့်တကွ တိကျစွာ ညွှန်ပြပြီးလျှင်/ ရတ္တိစ္ဆေဒအင်္ဂါ လာ 'ဥဒ္ဒိနေဂဏော' ၌ ဂဏ အရကိုလည်း ကောက်ပြခဲ့ပါ။

(၅) ဝိဝဋ္ဋက သလာက ယူပုံကို ဘုရားအလိုကျ ဘော်ပြ၍ / သလာကဂ္ဂါဟ အပြားနှင့် အဘယ် ပရိသတ်မျိုး၌ အဘယ် သလာကဂ္ဂါဟ ကို ပြုထိုက်ကြောင်းကိုလည်း ညွှန်ပြပါ။

(၆) ခုဒ္ဒက ဝတ္ထု လာ ဒုမာသိကံ ဝါ ဒုဝင်္ဂုလံ ဝါ တို့၏ အဓိပ္ပာယ်ကို ရေးသားဘော်ပြ၍ / လက်နှစ်သစ် နှင့် နှစ်လလွန်မှုန်း မသိ၍/ ဆံပင်မရိတ်မိသော ရဟန်းအားအာပတ်သင့် - မသင့်ကိုလည်း ဆုံးဖြတ်ခဲ့ပါ။

(၇) ရဟန်းများ သစ်ပင် တက်နိုင်သော ပမာဏကို အဋ္ဌကထာအလိုကျ ကုန်စင်အောင် ဖော်ပြ၍ / သကာယနိရုတ္တိယာ၏ အဓိပ္ပာယ်ကိုလည်း ရေးသားခဲ့ပါ။

(၈) တယော ဂဗ္ဘာ သရုပ် နှင့် ၎င်းတို့၏ အဓိပ္ပာယ်ကို ဖော်ပြ၍/အဂ္ဂိလ္လာန ပုဂ္ဂိုလ်များ အပ်သော ခေါင်းအုံးများကိုလည်း ရေးသားခဲ့ပါ။

( ၉ ) အာဂန္တုကဝတ် လာ သစေ နဝကော ဟောတိ အဘိဝါဒါပေတဗ္ဗော အရ အဘယ်သို့ ပြုမှုသည်ကို ရှိခိုးစေအပ်သည်ဟု ခေါ် ဆိုရပါသနည်း —ရှင်းပြပြီးလျှင်/ သေ- နာသနံ ဥပရိ ပုဥ္စိကတံ ဟောတိ၊ သစေ ဥဿဟတိ၊ သောဓေတဗ္ဗော အရ အကယ်၍ မစွမ်းဆောင်နိုင်ခဲ့သော် အဘယ်သို့ ပြုကျင့်ရမည်ကိုလည်း ဆက်လက် ဖော်ပြခဲ့ပါ။

( ၁၀ ) ဆန္ဒမတိဝဿတိ ဝိဝဋ္ဋံ နာတိဝဿတိ တို့၏ အဓိပ္ပာယ်ကို ရေးသားပြီးလျှင် / ဓမ္မိကံ သာမဂ္ဂိံ န ဥပေတိ - အရ အဘယ်ပုဂ္ဂိုလ်သည် တရားနှင့် လျော်ညီသော သာမဂ္ဂီ သို့ မကပ်ရောက်သည် မည်ပါသနည်း - ရှင်းလင်းခဲ့ပါ။

( ၁၁ ) အတ္တာဒါနံ အာဒါတုကာမေန ဥပါလိ ဘိက္ခုနာ ပဉ္စင်္ဂသမန္နာဂတံ အတ္တာဒါနံ အာဒါတဗ္ဗံ-၌ အဘယ်အရာကို အတ္တာဒါန - ဟု ခေါ်ရသည်ကို ဖော်ပြ၍ /, ပဉ္စင်္ဂ သရုပ်ကိုလည်း အကျဉ်းချုပ် ရေးသားခဲ့ပါ။

( ၁၂ ) ဝဿသတူပသမ္ပန္နာယ ဘိက္ခုနိယာ တဒဟုသမ္ပန္နဿ ဘိက္ခုနော အဘိဝါဒနံ စသည်ဖြင့် ပညတ်အပ်သော ဂရုဓမ်ရှစ်ပါးကို ဝန်ခံပြီးပါလျက် မိထွေးတော် ဂေါတမီ ထေရီသည် အဘယ်ကြောင့် ဣစ္ဆာမဟံ ဘန္တေ အာနန္ဒ ဘဂဝန္တံ ဝရံ ယာစာမိ စသည်ဖြင့် ရဟန်းယောကျ်ားတို့၏ ရှိခိုးခြင်း ခံရမှုသို့ တဖန် တောင်းဆိုရပါသနည်း - ရှင်းလင်းခဲ့ပါ။

## (ခ) တိပိဋကဓရ သမ္ဘာရေးဖြေ စာမေးပွဲ

### (၅) ဝိနယပိဋက ( ပရိဝါ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၆ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်၊ ( ၂၆ - ၁ - ၆၅ )

---

(၁) ဝိနယ, အဘိဝိနယ, ပါတိ မောက္ခ, အဓိပါတိမောက္ခ တို့၏ အဓိပ္ပာယ်ကို ညွှန်ပြပြီးလျှင် / ကေနာဘတန္တိ ပရမ္ပရာ ဘတံ အရ ဆောင်အပ်သော ဆရာအဆက်ဆက်တို့တွင် တိပိဋကထေရ်တို့၏ အမည်တို့ကိုလည်း ညွှန်ပြခဲ့ပါ။

(၂) မဟာလ္လက ဝိဟာရ သိက္ခာပုဒ်ကို မည်သည့်အရပ်, မည်သည့်ပုဂ္ဂိုလ်, မည်သည့်အကြောင်းကြောင့် ပညတ်ရသည်ကို ညွှန်ပြပြီးလျှင် / ၎င်းသိက္ခာပုဒ်ကိုပင် ကျူးလွန်သော ပုဂ္ဂိုလ်အား သင့်နိုင်သော အာပတ် တို့ကိုလည်း ပြည့်စုံစွာ ညွှန်ပြခဲ့ပါ။

(၃) သမုဋ္ဌာန သီသ လာ အဒ္ဓါန သမုဋ္ဌာန်၏ အဓိပ္ပာယ်ကို ညွှန်ပြ၍/ထိုသမုဋ္ဌာန်ရှိသော သိက္ခာပုဒ်တို့ကို ထုတ်ပြပြီးလျှင်/ဝါစာ ဟု ဆိုအပ်သော ဒုတိယ အာပတ္တိ သမုဋ္ဌာန်ကြောင့် ဖြစ်နိုင်သော အာပတ် တို့ကိုလည်း ညွှန်ပြခဲ့ပါ။

(၄) ဝိဝါဒမူလ နှင့် အနုဝါဒမူလ တို့သည် တရားကိုယ်ချင်း တူ, မတူ–ငြင်းခုံမှုချင်း တူ, မတူ ညွှန်ပြပြီးလျှင် / ငြင်းခုံမှုကို မဖြစ်စေနိုင်သည့် လေးခုမြောက် တရားကိုလည်း ပါဠိမျှ ရေးသားခဲ့ပါ။

(၅) တံမြက်လှဲခြင်း အကျိုးငါးပါးကို ပါဠိတော်လာတိုင်း ဖော်ပြ၍ / တုဝဋ္ဋံ စိတ္တံ သမာဓိယတိ ဥတ္တရိ အပ္ပဋိဝိဇ္ဈန္တော တို့၏ အဓိပ္ပာယ် ကိုလည်း ရေးသားခဲ့ပါ။

(၆) ကတိဘဂ္ဂေသု ပညတ္တာ ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာ ပါဠိကို ဖော်ပြ၍/ တာလဝဏ္ဏ သမ္မုမာ၏ အဓိပ္ပာယ်ကိုလည်း ရေးသားခဲ့ပါ။

(၇) ကတမံ အဓိကရဏံ နောဝိဝါဒေါ ဟူသော အမေး၏ အဖြေ ပါဠိများကို ရေးပြီးလျှင် / သားအမိချင်း ငြင်းခုံခြင်း– မိတ်ဆွေချင်း ငြင်းခုံခြင်းသည် ဝိဝါဒ လော - အဓိကရဏ်း လော – ဝိဝါဒါဓိကရဏ်းလော ခွဲခြား၍ ဆုံးဖြတ်ခဲ့ပါ။

(၈) အဘယ်ပုဂ္ဂိုလ်သည် ဗာလ, စေတကမည်သည် ဟု ပါဠိတော်အရ ဖော်ပြ၍/စေတနာ၏ ပဋ္ဌာဘူမိအရ ကိုလည်း ရေးသားခဲ့ပါ။

(၉) ဥပါလိပဥ္စက နပ္ပဋိပ္ပဿမ္ဘနဝဂ် လာ ဥဿိတမန္တိစ ဟောတိ နိဿိတဇပ္ပိစ ၌ အဘယ် စကားမျိုးကို ပြောသောရဟန်းသည် ဥဿိတမန္တိ, နိဿိတဇပ္ပိ မည် ကြောင်းကို အသီးသီး ရှင်းပြပြီးလျှင်/ဝိနည်း ပရိယတ်ကို သင်ယူခြင်း၏ အကျိုးငါးပါးကို ရေးသားခဲ့ပါ။

(၁၀) ဥတ္တိံ န ဇာနာတိ ဥတ္တိကရဏံ န ဇာနာတိ – ၌ ဥတ်အမျိုး အစား တို့ကို အဓိပ္ပာယ်နှင့်တကွ ရေးသားပြီးလျှင်/သုတ္တံ န ဇာနာတိ ဝိနယံ န ဇာနာတိ၌ သုတ္တ, ဝိနယ တို့၏ အရကို ဖော်ပြခဲ့ပါ။

(၁၁) တယော ပုဂ္ဂလာ န ဥပသမ္ပာဒေတဗ္ဗာ ၌ တယော ပုဂ္ဂလာ အရ ကောက်ပြပြီးလျှင်/အပတ္တစီဝရ ပုဂ္ဂိုလ်ကို အဘယ်ပုဂ္ဂိုလ်၌ သွင်းရပါသနည်း၊ ယထာရဟ သွင်းပြခဲ့ပါ။

(၁၂) ပဥ္စန္နဉ္စဝ အာပတ္တိ ပဥ္စန္နံ အဓိကရဏာန စ-၌ ပဥ္စသရုပ်ကို ဖော်ထုတ်ပြပြီးလျှင်/အာပတ္တိ အဓိကရဏ အရ ပုဂ္ဂိုလ်အား လျော်စွာ ဖြစ်သင့်သလို ဝေဘန်ပြခဲ့ပါ။

၁၀ – မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၁) ဝိနယပိဋက (ပါရာဇိက) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၇ - ခုနှစ်၊ ပြာသိုလဆုတ် ၁၅ - ရက်၊ (၂၁ - ၁ - ၆၆)

---

(၁) အဘယ်သို့သော အဓိပ္ပာယ်ဖြင့် ဝေရဉ္စပုဏ္ဏားကြီးသည် သောဟံ ဘဝန္တံ ဂေါတမံ သရဏံ ဂစ္ဆာမိ ဟူသော စကားကို ဆိုသည်ဟု ဘော်ပြ၍ / အဘယ် အနက် အဓိပ္ပာယ်ကို သိစေလို၍ သရဏန္တိ ဂစ္ဆာမိ ဟု အဋ္ဌကထာဆရာ ဖွင့်ဆိုသည်ဟု ဋီကာ အလိုကျ ရေးသားခဲ့ပါ။

(၂) အနဂါရိယံ ပဗ္ဗဇေယျံ ၌ အဂါရိယ အရကို ဘော်ပြ၍ / ရှင် ရဟန်းအဖြစ်ကို အဘယ့်ကြောင့် အနဂါရိယ ခေါ်ရခြင်း အကြောင်းကိုလည်း ရေးသားခဲ့ပါ။

(၃) ဝိနယာနုဂ္ဂဟာယ ပါဠိတော်အရ အဘယ် ဝိနည်းများကို ချီးမြှောက်သည် ဟု သရုပ်ကို ဖော်ပြ၍ / ရသင့်သော သံဝရ အပြားကိုလည်း ဋီကာအလိုကျ ရေးသားခဲ့ပါ။

(၄) ဝိနယဓရေန ပုဂ္ဂလေန တိလက္ခဏာသမန္နာဂတေန ဘဝိတဗ္ဗံ ဟူသော အဋ္ဌကထာအရ ဝိနည်းစိုရ်ပုဂ္ဂိုလ် ပြည့်စုံရမည့် လက္ခဏာသုံးပါးကို အကျဉ်းချုပ်အားဖြင့် ရေးသားခဲ့ပါ။

(၅) ခါးပန်းကြိုး၏ အဆာသည် ဘယ်နှစ်ချောင်းဖြင့် အပ်သည် - ဘယ်နှစ်ချောင် ဖြင့် မအပ် ဟု ခွဲခြား စိစစ်ပြ၍ / မအပ်သော သပိတ်ဖြင့် ဆွမ်း ခံနေသော ရဟန်း၏ သပိတ်ကို ယူ၍ ဖျက်ဆီးပြစ်သော ရဟန်းအား အပြစ် ရှိ - မရှိ—ထိုရဟန်းအား ဘဏ္ဍာစား တောင်းထိုက် - မတောင်းထိုက် ကိုလည်း အဋ္ဌကထာအလိုနှင့် ကိုက်ညီအောင် ဝိနိစ္ဆယ ချခဲ့ပါ။

(၆) တတိယ ပါရာဇိက ပဌမ ဝိနီတဝတ္ထု၌ ဝေဒနာ ပြင်းထန်စွာ ခံစားနေရသော ဂိလာန ရဟန်းအပေါ်၌ သနားကြင်နာလှသဖြင့် သေခြင်း၌ ကျေးဇူးကို ဆိုမိကာမျှ ဖြစ်ပါလျက် အဘယ့်ကြောင့် အာပတ္တိံ တုမှေ ဘိက္ခဝေ အာပန္နာ ပါရာဇိကံ ဟု ပါရာဇိကအာပတ်ဖြင့် ဆုံးဖြတ်တော်မူပါသနည်း – ယုတ္တိပြ၍ ရှင်းလင်းခဲ့ပါ။

(၇) နစ ဘိက္ခဝေ အပ္ပဋိဝေက္ခိတွာ အာသနေ နိသီဒိတဗ္ဗံ၊ ယောနိသီဒေယျ အာ. ပတ္တိဒုက္ကဋဿ ၌ စူးစမ်း ဆင်ခြင်ပြီးမှ ထိုင်အပ်သောနေရာ—မစူးစမ်း မဆင်ခြင်ဘဲ ထိုင်အပ်

၁၄၉၄၂

သော နေရာတို့ကို ခွဲခြားပြီးလျှင် / မိမိ၏ နေရာအခင်းတို့၌ မစူးစမ်း မဆင်ခြင်ဘဲ ထိုင်သောရဟန်းအား ဤသိက္ခာပုဒ်ဖြင့် အာပတ် သင့်-မသင့် ဆုံးဖြတ်ခဲ့ပါ။

(၈) ပဋိသမ္ဘိဒါ လေးပါးတို့သည် ဥတ္တရိမနုဿဓမ္မ၌ ပါဝင်-မပါဝင် အကြောင်းပြ၍ စိစစ် ဝေဘန်ပြီးလျှင် / စတုတ္ထပါရာဇိက သိက္ခာပုဒ်၌ အခြား ပါရာဇိက သိက္ခာပုဒ်တို့ကဲ့သို့ ဒုဋ္ဌုတရဖြစ်အောင် အာပတ္တိဥပတ္ထမ္ဘက အနုပညတ်ကိုသာ ပညတ်သင့်ပါလျက် အဘယ့်ကြောင့် အညတြ အဓိမာနေန ဟု အနာပတ္တိကရ အနုပညတ်ကို ပညတ်တော်မူပါသနည်း-ရှင်းပြခဲ့ပါ။

(၉) ဤသို့ ပြောသည်ရှိသော် အရဟတ္တမဂ်ဖိုလ်ကို ပြောသည် မည်၏ဟု သတိမပြုနှစ်လုံးမသွင်း မိမှု၍ ‘ငါသည် သေခြင်းမှ မကြောက်’ ဟု ပြောမိသောရဟန်းအား အရဟတ္တမဂ်ဖိုလ်ကို ပြောရာ ရောက်-မရောက်- ပါရာဇိကအာပတ် သင့်-မသင့် ဆုံးဖြတ်ခဲ့ပါ။

(၁၀) ကုဋိကာရသိက္ခာပုဒ် ပဒဘာဇနီလာ ဟတ္ထိနံ ဝါ အာသယော ဟောတိ၊ သီဟာနံ ဝါ အာသယော ဟောတိ ၌ အာသယတို့၏ အရကို ပြည့်စုံစွာ ကောက်ပြပြီးလျှင် / သောသာနိက ဓုတင်ကိုပင် ကျင့်သုံးရန် ခွင့်ပြုတော်မူပါလျက် အဘယ့်ကြောင့် သုသာနံ ဝါ ဟောတိ-ဟု သုသာန် အနီးအပါး၌ ကျောင်းဆောက်ခြင်းကို တားမြစ်တော်မူပါသနည်း-ရှင်းပြခဲ့ပါ။

(၁၁) သင်္ကန်း၏ အဓိဋ္ဌာန်စွန့်ခြင်း အင်္ဂါ ၉-ချက်ဘို့တွင် ဆိဒ္ဒဘာ၀ အင်္ဂါအရ တိစီဝရိတ်၏ ဆိဒ္ဒပ္ပမာဏဒေသ ပမာဏကို ဝါဒစုံ ညွှန်ပြပြီးလျှင် / ပမာဏဖြစ်သော ဝါဒကိုလည်း အကြောင်းနှင့် တကွ ညွှန်ပြခဲ့ပါ။

(၁၂) ပုရာဏစီဝရ အရ အိပ်ရာခင်း၏ အောက်၌ ထားသည်ကို ပြု၍ အိပ်ဘူးသော သင်္ကန်းသည် ပုရာဏစီဝရ ဖြစ်သင့်-မဖြစ်သင့် ဆုံးဖြတ်ပြီးလျှင်/အညာတက ဝိညတ္တိသိက္ခာပုဒ် လာ အနာပတ္တိ အညဿတ္ထာယ ၏ အဓိပ္ပာယ်ကိုလည်း အဋ္ဌကထာအလိုကျ ရှင်းပြခဲ့ပါ။

၁၀-မှတ်

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၂) ဝိနယပိဋက (ပါစိတ္တိယ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၇ – ခုနှစ် တပို့တွဲလဆန်း (၁) ရက်။ (၂၂-၁-၆၆)

—

(၁) မုသာဝါဒ သိက္ခာပုဒ်လာ အဒိဋ္ဌံ အရ အဋ္ဌကထာအလိုကျ အဓိပ္ပာယ်ကိုဖော်ပြ၍/အဋ္ဌကထာ ဖွင့်ဆိုချက်ကို အဒိဋ္ဌံနာမ န စက္ခုနာ ဒိဋ္ဌံ ဟူသော ပဒဘာဇနီ ပါဠိတော်နှင့် မဆန့်ကျင်အောင် ဋီကာအလိုသွင်း၍ ရှင်းလင်းပြခဲ့ပါ။

(၂) အနုပခဇ္ဇ သိက္ခာပုဒ်လာ ဇာနံ အရ အနုဋ္ဌာပနီယ ပုဂ္ဂိုလ်အပြားကို အကြောင်းနှင့် တကွ ပြည့်စုံစွာ ဖော်ပြ၍/ဂိလာန ပုဂ္ဂိုလ်ကိုလည်း သံဃာကပင် သင့်လျော်ရာ နေရာကို ပေးထားပါလျက် သီးခြား ဟောကြားရခြင်း အကြောင်းကိုလည်း ရေးသားခဲ့ပါ။

(၃) စီဝရသိဗ္ဗန သိက္ခာပုဒ်၌ အညာတိက ဘိက္ခုနီမ၏ သင်္ကန်းကို ချုပ်ခြင်းငှာ ခွင့်မပြုခြင်း၏အကြောင်းကို ဖော်ပြ၍ /ဆရာဥပဇ္ဈာယ်တို့က မိမိတို့၏ ဉာတိက ဘိက္ခုနီမ၏ သင်္ကန်းကို တပည့်တို့အား ချုပ်ခိုင်းရာ၌ ဆရာ တပည့်တို့အား အဘယ် အာပတ်များ သင့်သည်ဟု အကြောင်းနှင့် တကွ ညွှန်ပြပါ။

(၄) ရဟောနိသဇ္ဇ သိက္ခာပုဒ်၌ စက္ခုဿရဟ သောတဿရဟ အရ ပဒဘာဇနီ လာတိုင်း ဖော်ပြ၍/ဤသိက္ခာပုဒ်သည် ဒုတိယ အနိယတ သိက္ခာပုဒ်နှင့် တူမျှသော အပိုင်းအခြားရှိလျက် အဘယ်၏ အစွမ်းဖြင့် အသီးအခြား ထပ်ပြီး ပညတ်ရပါသနည်း – ရှင်းလင်းခဲ့ပါ။

(၅) အောက် ဖော်ပြပါ ဝတ္ထုများကို အကပ်မခံပဲ စားသုံး အပ်-မအပ် ဆုံးဖြတ်ခဲ့ပါ။

(က) သဘာဝ ဖြစ်သော ရေခဲ၊ (ခ) ပြုလုပ်စီမံ ထားသော ရေခဲ။
(ဂ) ဆားမှ ဖြစ်လာသော ရေ၊ (ဃ) သဘာဝ အားဖြင့် ငံနေသော သမုဒ္ဒရာ ရေ။

(၆) ရတန သိက္ခာပုဒ်လာ အဇ္ဈာဝသထေဝါ၌ အာဝသထ အရနှင့် ၎င်း၏ဥပစာ အရတို့ တိကျစွာ ညွှန်ပြပြီးလျှင်/၎င်း သိက္ခာပုဒ်လာ ရတနာတို့ကို ကောက်ယူပြီးသည့် နောက်၌ ပြုလုပ်ရမည့် ဝတ္တရားတို့ကို စုံလင်စွာ ရေးသားခဲ့ပါ။

( ၇ ) သမသူပက သိက္ခာပုဒ်အရ အသားဟင်းတို့ကို များစွာ ခံယူသော ရဟန်းအား အာပတ် သင့် - မသင့် သာဓကပြ၍ ဆုံးဖြတ်ပြီးလျှင်/ နာတိမဟန္တံ ကဗဠံ - အရ ကုက္ကုဋဏ္ဍံ အတိ ခုဒ္ဒကံ ဟူ၍ အဋ္ဌကထာ ဖွင့်ပြရာ အာပတ်သင့်သောကြောင့် ဖွင့်ပြသည်ဟု မှတ်ရမည်လော -ရှင်းပြခဲ့ပါ။

( ၈ ) ဘိက္ခုနီပါရာဇိက ၄ ပါးတို့တွင် နောက်ဆုံး ပညတ်သော သိက္ခာပုဒ်ကို သာဓက ပြ၍ ညွှန်ပြပြီးလျှင်/ ပဌမ သံဃာဒိသိသ် သိက္ခာပုဒ်လာ ကေတော အဝဿုတေ ( ပ ) အာပတ္တိဒုက္ကဋဿ ၌ ကေတော အရ ဝါဒစုံ ကောက်ပြခဲ့ပါ။

( ၉ ) ဘိက္ခုနီ နိဿဂ္ဂိ ဆဋ္ဌ သိက္ခာပုဒ် အရ သံဃာအား စွန့်ပြီး၍ သံဃာက ပေးသဖြင့် ရသော အညံ့စေဘာပန ဝတ္ထုကို မိမိကိုယ်တိုင် ယူသင့်—မယူသင့်—သုံးဆောင်သင့် - မသုံးဆောင်သင့် သာဓကပြ၍ ရှင်းလင်း ဖြေဆိုခဲ့ပါ။

( ၁၀ ) ဒန်ပူကို တိရောကုဋ္ဋ,တိရောပါကာရ ၌ စွန့်ပြစ်သော ရဟန်း မိန်းမအား ပါစိတ်အာပတ် သင့် - မသင့် ဆုံးဖြတ်ပြီးလျှင်/ဒုတိယိကံဝါ ဘိက္ခုနိံ ဥယျောဇေယျ ပါစိတ္တိယံ ၌ ပါစိတ်အာပတ် မသင့်နိုင်သော စေလွှတ်နည်းကိုလည်း ပြည့်စုံစွာ ညွှန်ပြခဲ့ပါ။

( ၁၁ ) တုဝဋ္ဋဝဂ် တတိယ သိက္ခာပုဒ်လာ အဖာသုံ ကရေယျ ၌ အာပတ် အင်္ဂါ မြောက်အောင် အဖာသုအမှု ပြုနည်းကို ညွှန်ပြပြီးလျှင် / ထိုသို့ ပြုရာ၌ အာပတ်သင့်ရာ ကာလတို့ကိုလည်း အသီးသီး ညွှန်ပြခဲ့ပါ။

( ၁၂ ) ဂဗ္ဘိနီဝဂ် တတိယ သိက္ခာပုဒ်လာ အသိက္ခိတသိက္ခာ၏ အဓိပ္ပာယ်ကို ရှင်းပြပြီးလျှင် / ၎င်း သိက္ခာပုဒ်၌ သိက္ခာ သမုတိ ပေးစေရခြင်း၏ အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

( ၁၀ ) မှတ်စီ

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၃) ဝိနယပိဋက ( မဟာဝဂ္ဂ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၇-ခုနှစ်၊ တပို့တွဲလဆန်း ၂ - ရက်၊ ( ၂၃-၁-၆၆ )

---

(၁) အဇပါလ မည်ပုံကို အဋ္ဌကထာ, ကေစိ, အပရေ ဝါဒစုံအောင် ဖော်ပြ၍ / ဟုဟုက်ဇာတိက မည်ရခြင်း အကြောင်းကိုလည်း ရေးသားခဲ့ပါ။

(၂) သာမဏေသည် ရှင်လောင်းအား ဆံရိပ်၍ သင်္ကန်းပေးနိုင်သော ခွင့်အခါ ရှိ-မရှိ ဖော်ပြ၍ / မြေညက်ဆုပ်ကို ယူ၍ ရေချိုးပြီး ဆံပင်တို့ကို ရေဆွတ်၍ လာခဲ့ ဟု ခိုင်းကောင်း – မခိုင်းကောင်း အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၃) ယေဓမ္မာ ဟေတုပ္ပဘဝါ အရကို ကောက်ပြ၍ / ဤ ဂါထာ၌ မဂ္ဂသစ္စာကို ပြ - မပြ အကြောင်းနှင့် တကွ ညွှန်ပြခဲ့ပါ။

(၄) ပဥ္စဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ န ဥပသမ္ပာဒေတဗ္ဗံ၊ န နိဿယော ဒါတဗ္ဗော – ၌ အဘယ် ပဥ္စင်္ဂါမျိုး ဖြစ်သည် ဟု အချုပ်အားဖြင့် ဖော်ပြ၍ / ခီဏာသဝ ရဟန်းအားသာလျှင် ဥပဇ္ဈာယာစရိယ အဖြစ်ကို မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ခြင်း ဟုတ် - မဟုတ် သာဓကပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၅) တပင်တည်းသော သစ်ပင်ကို နှစ်ခုသော သိမ်တို့၏ နိမိတ်ပြု၍ သိမ်သမုတ်လျှင် သီမသမ္ဘေဒ သီမသင်္ကရ ဖြစ် - မဖြစ် စိစစ်ပြီးလျှင် / ထိုကဲ့သို့သော သိမ်မျိုးကို ပြုအပ် - မပြုအပ် အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၆) အဂါမကေ စေ ဘိက္ခဝေ အရညေ သတ္တဗ္ဘန္တရာ-၌ အရည - အရ ပိုင်းခြားပြ၍ / တာဝတိံသာ နတ်ပြည်၌ အဗဒ္ဓသိမ် ပြုလုပ်လိုသော် ဂါမသိမ် စသည်တို့တွင် အဘယ် သိမ်မျိုး ပြုလုပ်ရပါမည်နည်း–ရှင်းလင်း ဖော်ပြခဲ့ပါ။

(၇) စမ္မက္ခန္ဓက လာ–န သဗ္ဗ မဟာရင်္ဂရတ္တာ ဥပါဟနာ ဓာရေတဗ္ဗာ၊ န သဗ္ဗမဟာနာမရတ္တာ ဥပါဟနာ ဓာရေတဗ္ဗာ-၌ မဟာရင်္ဂရတ္တ ဘိနပ်, မဟာနာမရတ္တ ဘိနပ်တို့၏ ထူးခြားဟန်ကို ရေး၍ / ဤကဲ့သို့သော ဘိနပ်တို့ကို သုံးဆောင်လိုပါက အဘယ်သို့ပြု၍ သုံးဆောင်အပ်သည် ဟု ဖော်ပြခဲ့ပါ။

(၈) ဥဿာဝနန္တိက ကုဋိကို ပြုလုပ်ရာ၌ အုတ် အင်္ဂတေတို့ဖြင့် ဆောက်လုပ်သော် အဘယ် အုတ်ကို ချသောအခါမှစ၍ 'ကပ္ပိယကုဋိ ကရောမ' ဟု မြွက်ဆိုရပါမည်နည်း၊ သစ်သားတိုင်တို့ဖြင့် ဆောက်လုပ်သော ဥဿာဝနန္တိက ကုဋိ နှင့် ညှိနှိုင်း၍ ဆုံးဖြတ်ခဲ့ပါ။

(၉) ပုရိမ ဝါသို့ ကပ်၍ ဝါမပြတ်စေပဲ ပဌမ ပဝါရဏာပြုသော ရဟန်းတို့အား ကထိန်ခင်းထိုက်၏ ဟု ဆိုရာ ပုရိမဝါသို့ ဝါမပြတ်စေပဲ ကပ်ပြီးသော်လည်း အန္တရာယ်ကြောင့် ပဝါရဏာ မပြုရသော ရဟန်းအား ကထိန် ခင်းထိုက် – မခင်းထိုက် ရှေ့နောက်ထောက်ဆ အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

(၁၀) အာဒါယ သတ္တက- လာ သီမာတိက္ကမန္တိက ကထိန်နုတ်ပုံကို ညွှန်ပြပြီးလျှင်/ သီမာတိက္ကမန္တိက အဓိပ္ပာယ်ကိုလည်း နှစ်နည်းမျှ ရေးသားခဲ့ပါ။

(၁၁) ပစ္ဆိမ ဝိကပ္ပနုပဂ စီဝရာဒိကထာ - လာ မိုးရေခံ သင်္ကန်းချ ထားရခြင်း အင်္ဂါတို့ကို ညွှန်ပြပြီးလျှင် / ဒါယကာသည် ဥပစာရသိမ်ပ၌ တည်လျက် နေ့ဥတုအချိန်ဝယ် ဣမာနိ စီဝရာနိ ဝဿံဝုဋ္ဌသံဃဿ ဒမ္မိ ဟူ၍ ပေးလှူရာ၌ ရထိုက်သော ပုဂ္ဂိုလ်တို့ကိုလည်း အကြောင်းပြ၍ ညွှန်ကြားခဲ့ပါ။

(၁၂) အဘယ်သို့သော ကံကို ဓမ္မပတိရူပက သမဂ္ဂ ကံ ဟူ၍ ခေါ်ဆိုပါသနည်း–ညွှန်ပြပြီးလျှင်/ နိယဿကံ ပြုထိုက်သော ပုဂ္ဂိုလ်၏ အင်္ဂါလက္ခဏာတို့ကိုလည်း ညွှန်ပြခဲ့ပါ။

၁၀–မှတ်စိ

## ( ခ ) တိပိဋကဓရ သဘောတရားရေးဖြေ စာမေးပွဲ

### ( ၄ ) ဝိနယပိဋက ( စူဠဝါ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၇ - ခုနှစ်၊ တပို့တွဲလဆန်း ၃ - ရက်။ ( ၂၄ - ၁ - ၆၆ )

—

( ၁ ) တဇ္ဇနီယကံကို ငြိမ်းစေနိုင်သော ပဉ္စမ အင်္ဂါ ငါးပါးတို့ကို ရေတွက် ပြ၍/ကာယိက ဥပဃာတိက ၏ အဓိပ္ပာယ်ကိုလည်း ရေးသားခဲ့ပါ။

( ၂ ) ပါရိဝါသိက ရဟန်း အချင်းချင်း ပြုလုပ်ခွင့်ရသော အရာများကို စုံလင်စွာ ထုတ်ပြ၍ / န ဧကစ္စမေ စင်္ကမေ စင်္ကမိတဗ္ဗံ ဟု ဟောတော်မူသော်လည်း ပါရိဝါသိက ရဟန်း စင်္ကြံသွားခွင့် ရသော အခြားဌာနများကို အဋ္ဌကထာ အလိုကျ ညွှန်ပြခဲ့ပါ။

( ၃ ) ပါရိဝါသိက ရဟန်းသည် ပါတိမောက်ပြရာ၌ ပကတတ်ရဟန်းတို့နှင့် အတူ တကွ ဟတ္ထပါသ်အတွင်း နေသင့် - မနေသင့် သာဓကနှင့် ညွှန်ပြ၍ / ဩဓောဇန ကို အဘယ်ပုဂ္ဂိုလ်အတွက် အဘယ် အကြောင်းကြောင့် ခွင့်ပြုခဲ့ပါသနည်း—ရှင်းလင်းခဲ့ပါ။

( ၄ ) နိက္ခိတ္တဝတ်အတွင်း သံဃာဒိသိသ် အာပတ် သင့်လာသော ရဟန်းအား မူလာယပဋိကဿန အမှု ပြုသင့် - မပြုသင့် အကြောင်းနှင့် တကွ ဖော်ပြ၍/ ထို အာပတ် အတွက် ကျင့်ဆောင်ရမည့် အစီအရင်ကိုလည်း ညွှန်ကြားခဲ့ပါ။

( ၅ ) ဘုံလျှို မီးအိုး စသည် ချုပ်လုပ်ရာ၌ အပ်သော လဲငါးပါး, မအပ်သော လဲ သုံးပါး တို့ကို ဖော်ပြပြီးလျှင်/ ဂိလာန ရဟန်းသည် လဲခေါင်းအုံးတို့ကို မွေ့ယာ သဖွယ် ဖြန့်ခင်း၍ အိပ်လျှင် အပ် - မအပ် ဆုံးဖြတ်ခဲ့ပါ။

( ၆ ) အနုဇာနာမိ ဘိက္ခဝေ တိဝဏ္ဍနေ သဟ နိသီဒိတုံ - ၌ တိဝဏ္ဍရ ၏ အဓိပ္ပာယ်ကို ရေးသားပြီးလျှင် / မှန်စီရွှေချ ကုဋ္ဌင်, ညောင်စောင်း စသည်များကို သုံးဆောင် အပ် - မအပ်၊ သံဃိက ပုဂ္ဂလိကအားဖြင့် ခွဲခြား ဆုံးဖြတ်ခဲ့ပါ။

( ၇ ) ထာဝရေန စ ထာဝရံ ဂရုဘဏ္ဍေန စ ဂရုဘဏ္ဍံ ပရိဝတ္တေတုံ ဝဋ္ဋတိ ဟူသော အဋ္ဌကထာ၌ ထာဝရဖြစ်သော ပစ္စည်း, ဂရုဘဏ် ဖြစ်သော ပစ္စည်းတို့ကို ငါးပါး သော ကောဋ္ဌာသ အားဖြင့် ခွဲခြားပြခဲ့ပါ။

(၈) တေန ဟိ ဘိက္ခဝေ ဘိက္ခုနံ ကုလေသု တိကဘောဇနံ ပညပေဿာမိ - ၌ တိကဘောဇန၏ အဓိပ္ပာယ်ကို ရေးသားပြီးလျှင် / အာဒေသနာ ပါဋိဟာရိယာ နုသာသနီ- ဣဒ္ဓိပါဋိဟာရိယာ နုသာသနီ တို့၏ အထူးကိုလည်း ရေးသားခဲ့ပါ။

(၉) ပဌမ ဓမ္မိကပါတိမောက္ခဌပန ဖြစ်ပုံကို လိုရင်းမျှ ညွှန်ပြပြီးလျှင်/စောဒကပုဂ္ဂိုလ် ဆင်ခြင်ရမည့် ဒုတိယ အင်္ဂါလာ ဝစီသမာစာရ၏ ဆိဒ္ဒ, အစ္ဆိဒ္ဒ, သပ္ပဋိမံသ, အပ္ပဋိမံသ ဖြစ်ပုံကိုလည်း ရေးသားခဲ့ပါ။

(၁၀) ဘိက္ခုနီမသည် မိမိအား သုံးဆောင်ရန် လှူဒါန်းသော ဆွမ်း, သင်္ကန်း စသည်တို့ကို သူတပါးတို့အား မပေးအပ်ဟူ၍ ပညတ်ထားရာ၌ ပေးအပ်သောနည်း ရှိခဲ့ လျှင် ညွှန်ပြ၍/ပြုသစ်စ ဖြစ်သော ဘိက္ခုနီမ တို့အား မပြောကြားရသော မှီရာကိုလည်း သာဓကပြ၍ ဖြေဆိုခဲ့ပါ။

(၁၁) ပဥ္စသတိကက္ခန္ဓက လာ အာကင်္ခမာနော အာနန္ဒ....သံဃော မမစ္စယေန ခုဒ္ဒါနု- ခုဒ္ဒကာနိ သိက္ခာပဒါနိ သမူဟနေယျံ - ၌ သမူဟနထ ဟူ၍ ကေန် စကားတော်ဖြင့် မဟောကြားပဲ အာကင်္ခမာနော သမူဟနေယျ - ဟူ၍ ဝိကပ်စကားတော်ဖြင့် ဘုရားရှင် ဟောတော်မူရခြင်း အကြောင်းကို ရှင်းပြ ပြီးလျှင် / ရှင်ဆန္နအား ဗြဟ္မဒဏ် ပြုပုံနှင့် ငြိမ်းခပုံ တို့ကိုလည်း ညွှန်ပြခဲ့ပါ။

(၁၂) သတ္တသတိကက္ခန္ဓကလာ ကတမေန တွံ ဘူမိဝိဟာရေန ဧတရဟိ ဗဟုလံ ဝိဟရသိ - ၌ ဝိဟာရအရကို အကြောင်းနှင့် တကွ ကောက်ပြ ပြီးလျှင်/သိင်္ဂီလောဏ မအပ်ကြောင်း ပယ်သော သုတ္တဝိဘင်္ဂ ပါဠိတော်ကိုလည်း ညွှန်ပြခဲ့ပါ။

၁၀ – မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၅) ဝိနယပိဋက (ပရိဝါ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၇ - ခုနှစ်၊ တပို့တွဲလဆန်း ၄ - ရက်၊ (၂၅ - ၁ - ၆၆)

---

(၁) ကတ္ထ ပညတ္တိဝါရ ပဌမပါရာဇိကဥ္စ ဒွေ အနုပညတ္တိယော • အရ ပါဠိ သာဓက ထုတ်ပြ၍ ရေတွက်ပြီးလျှင် / ဧကေန သမုဋ္ဌာနေန သမုဋ္ဌာတိ၊ ကာယတော စ စိတ္တတော စ သမုဋ္ဌာတိ၊ နဝါစတော ရှေ့နောက် မဆန့်ကျင်ရအောင် အဋ္ဌကထာ ဋီကာ ဝါဒ သွင်း၍ရှင်းလင်းခဲ့ပါ။

(၂) ပဒေသ ပညတ်လေးပါးကို ဖော်ပြ၍ / ပဌမ ပါရာဇိက သိက္ခာပုဒ်သည် ပါတိမောက် ပြရာ၌ ဒုတိယဥဒ္ဒေသဖြင့် ပြရပါလျက် အဘယ့်ကြောင့် နိဒါနောဂဓ နိဒါနပရိယာပန္န ဖြစ်ရပါသနည်း — ရှင်းလင်းခဲ့ပါ။

(၃) ပဌမ ဒုဋ္ဌဒေါသ သိက္ခာပုဒ်ကို အဘယ်အရပ်၌ - အဘယ်ပုဂ္ဂိုလ်ကို • အဘယ် အကြောင်းကြောင့် • ပညတ်ရသည်ဟု ညွှန်ပြပြီးလျှင်/ တီဟိ သမုဋ္ဌာနေဟိ သမုဋ္ဌာတိ အရ သရုပ်ကိုလည်း ရေတွက်ပြခဲ့ပါ။

(၄) ကုဋိကာရ သိက္ခာပုဒ်ကို မည်သည့်အရပ်၌ • မည်သည့်ပုဂ္ဂိုလ်ကို – မည်သည့် အကြောင်းကြောင့် • ပညတ်ရသည်ဟု ဖော်ပြ၍ / ဤသိက္ခာပုဒ်ကိုပင် လွန်ကျူးသော ပုဂ္ဂိုလ်အား သင့်နိုင်သော အာပတ်များကိုလည်း ပြည့်စုံစွာ ရေးသားခဲ့ပါ။

(၅) ကတိသမထာ အနုဝါဒါဓိကရဏာသ တဗ္ဘာဂိယာ ကတိသမထာ အနုဝါ• ဒါဓိကရဏဿ အညဘာဂိယာ ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာ ပါဠိကို ရေးခဲ့ပါ။

(၆) ငြိမ်းလေပြီးသော ဝိဝါဒါဓိကရုဏ်းကို တဖန် ပေါ်ပေါက်လာစေရန် လှုပ် ခြောက်ခြားသော ရဟန်းသည် အဘယ်သမထတို့ကို လှုပ်ခြောက်ခြားစေသည် မည်ပါ သနည်း • လှုပ်ခြောက်ခြားစေအပ်သော သမထတို့ကို ဖော်ပြခဲ့ပါ။

(၇) အနုယောဂဝတ္တ နိသာမယ ကုသလေန ဗုဒ္ဓိမတာ ကတံ - ၌ အနုဝိဇ္ဇက ပုဂ္ဂိုလ် တို့လိုက်နာ ပြုကျင့်အပ်သော အနုယောဂ ဝတ်များကို ရေးသားခဲ့ပါ။

( ၈ ) ဥပုသ်ပြုခြင်းအကျိုး - ပဝါရဏာပြုခြင်းအကျိုး တို့ကို ရေးသားပြီးလျှင် / စူဠသင်္ဂါမ အနုဝိဇ္ဇက ပဋိပတ္တိကထာ လာ အရိယောဝါ တုဏှီဘာဝေါ နာတိမညိတဗ္ဗာ ပါဠ်ဖြင့် သိစေအပ်သော နေယျတ္ထကို ဘော်ပြခဲ့ပါ။

( ၉ ) နပ္ပဋိပ္ပဿမ္ဘန ဝဂ်လာ ကံကို မငြိမ်းစေအပ်သော ပုဂ္ဂိုလ်၏ ( ဒုတိယ ) အင်္ဂါရပ်တို့ကို ညွှန်ပြပြီးလျှင် / မငြိမ်းစေရခြင်း၏ အကြောင်းကိုလည်း ဥပမာနှင့် တကွ ပြခဲ့ပါ။

( ၁၀ ) ဘိက္ခုနောဝါဒ ဝဂ်လာ ( ပဉ္စမ ) မဆွေးနွေး မပြောဆိုအပ်သော ပုဂ္ဂိုလ်၏ အင်္ဂါရပ်တို့ကို ညွှန်ပြပြီးလျှင် / ထိုအင်္ဂါတို့ အရ အဘယ်ပုဂ္ဂိုလ်အား အဘယ်စကားရပ်တို့ကို - အဘယ်ကြောင့် - မပြောဆိုရသည်ကိုလည်း ညွှန်ပြခဲ့ပါ။

( ၁၁ ) ဒုတိယဂါထာ သင်္ဂဏိက လာ ပဋိဂ္ဂဟျန္တဿ ကိတ္တကာ အရ ခံယူခြင်းကြောင့် သင့်နိုင်သော အာပတ်တို့ကို ကျနစွာ ညွှန်ပြပြီးလျှင်/ ဧကေတ္ထ သမ္မတိ ဝိနာ သမထေဟိ တော တေ အက္ခာမိ ဝိဘင်္ဂကောဝိဒ ၌ ဖြေလိုရင်း အဓိပ္ပာယ်ကိုလည်း အဋ္ဌကထာဝါဒ အတ္တနောမတိဝါဒ အားဖြင့် ရှင်းလင်းခဲ့ပါ။

( ၁၂ ) သေဒမောစနဂါထာ လာ မာတရံ စီဝရံ ယာစေ၊ နောစေ သံဃေ ပရိဏတံ ဟူသော ပဉှာသည် အဘယ်ကို ရည်ရွယ်၍ ဟောပါသနည်း — ညွှန်ပြပြီးလျှင်/အသမ္ဘုခကရဏီယ ကံ ရှစ်ပါးတို့တွင် ဒူတေနူပသမ္ပဒကံ၏ အသမ္မုခကရဏီယ ဖြစ်ရခြင်း အကြောင်းကိုလည်း တိကျစွာ ညွှန်ပြခဲ့ပါ။

၁၀ - မှတ်စီ

## ( ခ ) တိပိဋကဓရ သဘောတရားဖြေ စာမေးပွဲ

### ( ၁ ) ဝိနယပိဋက ( ပါရာဇိက ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၈-ခုနှစ်၊ ပြာသို လဆန်း ၁၁ ရက်၊ ( ၂၀-၁-၆၇ )

--

( ၁ ) သာသနာတော်၌ ဖြစ်ဖြစ်သမျှသော ဘေးရန် အပြစ်တို့သည် အဘယ်ပုဂ္ဂိုလ်တို့ကို အမှီပြု၍ ဖြစ်ပါသနည်း – အထောက် သာဓက တိကျစွာ ညွှန်ပြပြီးလျှင် / သန္ထတဘာဏဝါရ လာ ရှင်အာနန္ဒာအား လျှောက်ထားသည့် ဝေသာလီပြည်သား ရဟန်းတို့၏ မဟာဝဇ္ဇိတ-ပြ ( တတိယ ) စကားရပ်ကိုလည်း အနက်ယောဇနာခဲ့ပါ။

( ၂ ) ပဌမ ပါရာဇိက ပဌမ စတုက္က ဝဏ္ဏနာ လာ ပစ္စတ္ထိက အဓိပ္ပာယ် နှင့် သရုပ်တို့ကို ညွှန်ပြပြီးလျှင်/ ဘိက္ခု ပစ္စတ္ထိက ဝါရ ဟောရခြင်း၏ အကြောင်းအကျိုးကိုလည်း အဋ္ဌကထာ အာဘော်ကျ ရှင်းပြခဲ့ပါ။

( ၃ ) ဥပနိမိကထာ လာ ဤမည်သော ကျောင်းသို့ သွား၍ သက်နှင်းကို လျှော်ဖွပ်၍ ဆိုးပြီးလျှင် ပြန်လာခဲ့သော့ - ဟုစေခိုင်းသော ရဟန်းသည် လမ်း ခရီးအကြား၌ ခေါင်းပေါ်၌ တင်ထားသော သင်္ကန်းဝန်ကို ခိုးလိုသော စိတ်ဖြင့် ပခုံးပေါ်သို့ ချထားခဲ့သော် ဌာနာစဝန ဖြစ်သောကြောင့် ပါရာဇိက အာပတ် သင့်-မသင့် အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

( ၄ ) အထခေါ မိဂလဏ္ဍိကသာ သမဏကုတ္တကသာ ( ပ ) အဟုဒေဝ ကုက္ကုစ္စံ ဟု သာ ဟောတော်မူပါလျှင် လိုအပ်သော အဓိပ္ပာယ် ပြည့်စုံသည် မဟုတ်ပါလော – အဘယ်ကြောင့် အဟု ဝိပ္ပဋိသာရော-ဟု ထပ်၍ တဖန် ဟောတော်မူပါသနည်း၊ ရှင်းပြပြီးလျှင်/ အစာလည်း ရှိ - စားလည်းစားနိုင်ပါလျက် အစာငတ်ခံ၍ သေသော ရဟန်းအား အာပတ် သင့် - မသင့် ပါဠိတော် သိက္ခာပုဒ်ဖြင့် ဆုံးဖြတ်ခဲ့ပါ။

( ၅ ) စတုတ္ထ ပါရာဇိက ဝိနီတ ဝတ္ထု လာ ‘ စေံ မံ ဇနော သမ္ဘာဝေဿတိ ’ ၏ အဓိပ္ပာယ်ကို အဋ္ဌကထာအလိုကျ ရေး၍ / ရည်ရွယ် တောင့်တ၍ တော၌နေသော ရဟန်းအား သမ္ဘာဝန အဖြစ်ကို ရသည်ဖြစ်စေ - မရသည်ဖြစ်စေ အာပတ်မှ လွတ်ခွင့်ရှိပါသလော၊ သေချာစွာ ခွဲခြား ဖော်ပြပါ။

( ၆ ) သံဃာဒိသိသ် သုက္ကဝိဿဋ္ဌိ သိက္ခာပုဒ်၌ အဘယ့်ကြောင့် ယော ပန ဘိက္ခု ဟု ကာရကပုဂ္ဂိုလ်ကို မညွှန်ပြပါသနည်း၊ ဖော်ပြ၍ / ကာမသုဂတိ အနာဂါမ် ရဟန္တာ

ရုပ်ပြဟ္မာတို့အား သုက္ကဓာတ် လွှတ် - မလွှတ် — ရှိ - မရှိ တို့ကို ဋီကာ အစောင်စောင် နှင့် ညှိ၍ အကြောင်းပြပြီး ဆုံးဖြတ်ခဲ့ပါ။

( ၇ ) ဒုဋ္ဌုလ္လ ဝါစာ ဘိက္ခုပုဒ်၌ အက္ကောသနာကာရ ပြ ၁၁ - ပုဒ်တို့ကို ပါဠိတော် အတိုင်း ဖော်ပြ၍ / အာပတ္တိကရ ၆ - ပုဒ်တို့ကိုအဋ္ဌကထာလာတိုင်း ရွေးစစ်ပြီးလျှင်/ ထို ပုဒ်တို့ဖြင့် ပြောဆိုရာ၌ အဘယ်ပုဒ်တို့ဖြင့် အဘယ်အာပတ်သင့်သည်ဟု အာပတ္တိဘေဒကို လည်း ခွဲခြား ပြခဲ့ပါ။

(၈) အတ္တကာမ သိက္ခာပုဒ်၌ အတ္တကာမ ပါရိစရိယ ဝဏ္ဏဘာသနာကာရ ပြ ပါဠိကို ဖော်ပြ၍/ဤ သိက္ခာပုဒ် ဝိနီတဝတ္ထုလာ ' အဂ္ဂဒါနံ ဒေဟိ ' ဟူသော စကားသည် အဘယ်ပုဂ္ဂိုလ်ကို ရည်ရွယ်ဆိုသည် - ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ် ဝိနီတဝတ္ထုလာ စကားနှင့် အဘယ်သို့ ထူးခြားသည်ကိုလည်း ရေးသားခဲ့ပါ။

( ၉ ) ဝိကပ္ပနာ ပြန်ပြီးသော သင်္ကန်းကို တိစီဝရိက် အဓိဋ္ဌာန် ထပ်၍ တင်လျှင် အဓိဋ္ဌာန် မြောက် - မမြောက် —တိစီဝရိက် အဓိဋ္ဌာန်တင်ပြီး ထားသော သင်္ကန်းကို တဖန် ဝိကပ္ပနာ ပြုသော် အပ် - မအပ် ယုတ္တိပြ၍ ဆုံးဖြတ်ခဲ့ပါ။

( ၁၀ ) စီဝရံနာမ ဆန္နံ စီဝရာနံ အညတရံ စီဝရံ - ၌ ရသင့်သော အနုလောမ သင်္ကန်း ၆ - ထည်တို့ကို လျော်ရာ မူလသင်္ကန်းနှင့် တွဲစပ် ဖော်ပြပြီးလျှင် / နိဿဂ္ဂိဖြစ်သော သင်္ကန်းကို နှစ်ဦးသော ပုဂ္ဂိုလ်တို့အား စွန့်ပုံ - ဒေသနာကြားပုံ - စွန့်ပြီး သင်္ကန်းပြန်ပေးပုံ - တို့ကို ပြည့်စုံစွာ ဖော်ပြပါ။

( ၁၁ ) ရူပိယ သံဝေါဟာရ သိက္ခာပုဒ် အာပတ္တိဝါရ - ၌ ရူပိယေ ရူပိယသညီ ရူပိယံ စေတာပေတိ နိဿဂ္ဂိယံ ပါစိတ္တိယံ၏ အဓိပ္ပာယ်ကို ရေးပြီးလျှင်/ရူပိယေ ရူပိယသညီ အရူ- ပိယံ စေတာပေတိ စသည်ဖြင့် တတိယ တိကကို ဟောတော် မမူခြင်း၏ အကြောင်းကို လည်း ရေသားခဲ့ပါ။

( ၁၂ ) ယော ပန ဘိက္ခု ဇာနံ သံဃိကံ လာဘံ ပရိဏတံ အတ္တနော ပရိဏာမေယျ—၌ သံဃိကံနာမ သံဃဿ ဒိန္နံ ဟောတိ ပရိစ္စတ္တံ - ဟု ပဒဘာဇနီ ပြုတော်မူခြင်းကြောင့် သံဃာအား စွန့်လှူပြီးသော လာဘ်ကို သံဃိကလာဘ ၊ ဟု ယူရမည်လော - သိက္ခာပဒ နှင့် ပဒဘာဇနီကို ညှိနှိုင်း၍ ရှင်းခဲ့ပါ။ ၁၀—မှတ်စု

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၂) ဝိနယပိဋက (ပါစိတ္တိယ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၈ - ခုနှစ်၊ ပြာသိုလဆန်း ၁၁- ရက်။ (၂၁-၁-၆၇)

---

(၁) ဩမသဝါဒ သိက္ခာပုဒ်လာ ဟီနေန ဟီနံ ဝဒတိ - အရ ဇာတိအာကာရဖြင့် ပြောဆိုပုံကို ညွှန်ပြပြီးလျှင် / ပဒဘာဇနီ လာ ဩမသခေတ်ပုဒ် တမျိုးမျိုးကို အတိဒုဋ္ဌ စသည့် ဝိသေသန တခုခု ထပ်ဆင့်၍ ပြောဆိုခဲ့သော် ဘုရားဟော ပါဠိ မဟုတ်သော ကြောင့် ပါစိတ်အာပတ် သင့် - မသင့် အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၂) ပဌမ သဟသေယျသိက္ခာပုဒ် လာ အနုပသမ္ပန္န - ၏ ပဒဘာဇနီကို ညွှန်ပြပြီးလျှင် / ၎င်း အနုပသမ္ပန္န - အရ 'အဂါရိက' များ အတွက် မိန်းမကိုသာ - သို့မဟုတ် ယောကျ်ားကိုသာ - သို့မဟုတ်- ၂- ဦးလုံးကို ကောက်ယူရမည်လော—ဝါဒန္တရနှင့် တကွ အကြောင်းပြ၍ ကောက်ပြခဲ့ပါ။

(၃) ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်လာ 'အဒုဋ္ဌုလ္လံ အာပတ္တိံ အာရောစေတိ အာ- ပတ္တိ ဒုက္ကဋဿ - ၌ အဒုဋ္ဌုလ္လ အာပတ်ကို ဝါဒန္တရနှင့် တကွ ညွှန်ပြပြီးလျှင် / ၎င်း အနာပတ္တိဝါရ - လာ ဝတ္ထုံ အာရောစေတိ အာပတ္တိံ အာရောစေတိ - တို့၏ အဓိပ္ပာယ်ကိုလည်း အဋ္ဌကထာ အာဘော်ကျ ရှင်းခဲ့ပါ။

(၄) ဘိက္ခုနီ ပရိပါစိတံ - ၌ ဘိက္ခုနီမ ကိုယ်တိုင် ချက်ပြုတ်သည်ကို ယူရမည်လော၊ အဋ္ဌကထာ အလိုကျနှင့် ပဒဘာဇနီ ထောက်ဆ၍ ရှင်းပြပြီးလျှင် / ၎င်း သိက္ခာပုဒ်အရ ငါးပါးသော ဘောဇဉ်၌သာ အာပတ်သင့်၍ ကြွင်းသော ယာဂု, ခဲဘွယ်, သစ်သီး ကြီး ငယ် စသည်တို့၌ အာပတ် မသင့်ရခြင်း အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

(၅) ပရမ္ပရ ဘောဇန သိက္ခာပုဒ် ၌ 'စတဿော အနုပညတ္တိယော' ဟူသော ပရိဝါ အရ အနုပညတ် လေးပါးကို ဖော်ပြ၍ / သမ္မုခ, ပရမ္မုခ ဝိကပ္ပနာ နှစ်မျိုးတို့တွင် အဘယ် ဝိကပ္ပနာမျိုး ပြုသင့်သည်ဟု ဤ ပါစိတ်ပါဠိတော် အလိုအရ အကိုးသာဓကပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၆) စာရိတ္တ သိက္ခာပုဒ် ၌ အသန္တံ - ၏ အဓိပ္ပာယ်ကို အဋ္ဌကထာလာတိုင်း ဘော်ပြ၍ / ပန်ကြားပုံကို နှစ်နည်းထက် မနည်း ရေးပြီးလျှင် / ထင်ရှားမရှိသော ရဟန်းကို မပန်

ကြားဘဲ ဝင်ခြင်း, ရွာတွင်းကျောင်းသို့ သွားခြင်း တို့၌ အာပတ် သင့်-မသင့် ကိုလည်း ညွှန်ပြခဲ့ပါ။

(၇) ဒုဗ္ဗဏ္ဏကရဏ သိက္ခာပုဒ်၌ ထိုးပြီးသော ကပ္ပဗိန္ဒု ပျက်သွားသော် သုံးဆောင်ကောင်း-မသုံးဆောင်ကောင်း-ကို ဖော်ပြ၍ / အံသကိုင္ရ သင်္ကန်းများကို ကပ္ပဗိန္ဒု ထိုးသင့်-မထိုးသင့် ကိုလည်း အကိုးသာဓကနှင့် ခြင့်၍ ဆုံးဖြတ်ခဲ့ပါ။

(၈) ဘိက္ခုနီဒူသက အမှုကို လွန်ကြူးသော လူယောကျ်ားအား သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ် ဖြစ်-မဖြစ်၊ ပဗ္ဗဇ္ဇအဖြစ်ကို ရနိုင်-မရနိုင် ခွဲခြားပြ၍ / ကဏ္ဍကသိက္ခာပုဒ်လာ 'ဧဏ္ဍကမ္မ နာသန' ပြ ပါဠိကိုလည်း ရေးသားခဲ့ပါ။

(၉)သုပ္ပဋိစ္ဆန္နော အန္တရဃရေ နိသီဒိဿာမိတိ သိက္ခာကရဏီယာ ဟူသော သိက္ခာပုဒ်အရ သုပ္ပဋိစ္ဆန္န ဖြစ်အောင် ထိုင်ပုံကို ဖော်ပြ၍ / ရွာတွင်း၌ ဘုရားဝတ် ပြုရာတို့၌ သုပ္ပဋိစ္ဆန္န ပျက်အောင် ထိုင်လျှင် အာပတ် သင့်-မသင့် စီစစ်ခဲ့ပါ။

(၁၀) ယာဝ ပန ဘိက္ခုနီ အဝဿုတာ အဝဿုတဿ ပုရိသပုဂ္ဂလဿ ဟတ္ထဂ္ဂဟဏံ ဝါ သာဒိယေယျ-၌ ဟတ္ထဂ္ဂဟဏ-အရ ပဒဘာဇနီနှင့် အညီ ကုန်စင်အောင် ဖော်ပြ၍ / ၎င်း သိက္ခာပုဒ်လာ တေသ ·အသဒ္ဓမ္မဿ ပဋိသေဝနတ္ထာယ-၌ အသဒ္ဓမ္မ-အရကို ကောက်ပြခဲ့ပါ။

(၁၁) ဘိက္ခုနီ တတိယ သံဃာဒိသိသ် လာ နဒီနာမ တိမဏ္ဍလံ ပဋိစ္ဆာဒေတွာ ယတ္ထကတ္ထစိ ဥတ္တရန္တိယာ ဘိက္ခုနီယာ အန္တရဝါသကော တေမိယတိ-၌ အဝန်းသုံးပါး ညီစွာ ဝတ်ပုံကို ဖော်ပြ၍/ ကောဝါ ဂဏမှာ ဩဟီယေယျ-၌ အဘယ်အရပ်၌ အဘယ် မျှလောက် ကျန်ရစ်လျှင် အာပတ် သင့်ပါသနည်း-ရှင်းပြခဲ့ပါ။

(၁၂) ယာ ပန ဘိက္ခုနီ စီဝရ သင်္ကမနီယံ ဓာရေယျ-၌ အဘယ်သင်္ကန်းမျိုးကို စီဝရ သင်္ကမနီယ-ဟု ခေါ်ပါသနည်း၊ ရှင်းပြ၍ / ထို သင်္ကန်းမျိုးကို မပန်ကြားဘဲ ဝတ်နိုင်သော အကြောင်းများကို ဖော်ပြခဲ့ပါ။

၁၀-မှတ်စီ

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၃) ဝိနယပိဋက (မဟာဝဂ္ဂ) ပါဠိ +, အဋ္ဌကထာ မေးခွန်း

### ၁၃၂၀ – ခုနှစ် ပြာသိုလဆန်း (၁၂) ရက် (၂၂–၁–၆၇)

——

(၁) ဥပဇ္ဈာယ ဝတ္တကထာ - လာ ဥပရိဘောဇနေဟိ ဥတ္တိဋ္ဌပတ္တံ ဥပနာမေန္တိ - ၌ အဘယ်သပိတ်ကို ဥတ္တိဋ္ဌပတ္တ - ဟူ၍ ခေါ်ပါသနည်း၊ အကြောင်းနှင့် တကွ ညွှန်ပြပြီးလျှင်/ ၎င်း ကထာ လာ - ပတ္တပရိယာပန္နံ ဂဟေတဗ္ဗံ - ၏ အဓိပ္ပာယ်ကိုလည်း အဋ္ဌကထာ အလိုကျ ရေးသားခဲ့ပါ။

(၂) နိဿယပဋိပ္ပဿဒ္ဓိကထာ - လာ အာဏတ္တိယေဝ ပဓာနံ အင်္ဂါ၌ အာဏတ္တိ - ၏ အဓိပ္ပာယ်ကို ညွှန်ပြပြီးလျှင် / ၎င်းအင်္ဂါ အရ ဆရာ နှင့် တပည့်တို့၏ နိဿယည်း ငြိမ်းပုံ–မငြိမ်းပုံကိုလည်း ရှင်း၍ပြခဲ့ပါ။

(၃) ဥပသမ္ပာဒေတဗ္ဗ ပဉ္စက ကထာ လာ – ပဌမ ပဉ္စက ၌ - န ဥပသမ္ပာဒေတဗ္ဗော အရ အာပတ်သင့်ခြင်း၏ အကြောင်းအင်္ဂါ ဖြစ်သောကြောင့် တားမြစ်ပါသလော၊ ရှင်း ပြပြီးလျှင် / အသေက္ခေန သီလက္ခန္ဓေန - ၌ အသေက္ခသီလ - အရကိုလည်း အကြောင်းပြ၍ ကောက်ပြခဲ့ပါ။

(၄) အညတိတ္ထိယကထာ လာ - ဒုတိယမြောက် ပရိဝါသဝတ် ပျက်ကြောင်း အင်္ဂါ တို့ကို ညွှန်ပြပြီးလျှင်/ရဟန်းလောင်းဖြစ်သော တိတ္ထိအား ရဟန်းခံဘို့ရန် အလှူငွေ သင်္ကန်း များကို ဒါယကာများက ၎င်းတိတ္ထိအား တိုက်ရိုက် လှူကောင်း–မကောင်း ပါဠိတော် အကိုးပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၅) (၁) အနိုင်အထက် အဝတ်ဖြူကို ဝတ်စေ၍ အလိုမတူသော ဘိက္ခုနီမကို ဖျက်ဆီးသောသူ (၂) အနိုင်အထက် အဝတ်ဖြူကို ဝတ်စေ၍ အလိုတူသော ဘိက္ခုနီမ ကို ဖျက်ဆီးသောသူ တို့အား ဘိက္ခုနီဒူသက ဖြစ်–မဖြစ် အကြောင်းပြ၍ ခွဲခြားဖြေဆိုပြီး လျှင်/ဘိက္ခုနီဒူသက - ၏ အဓိပ္ပာယ်ကိုလည်း ရေးခဲ့ပါ။

(၆) ဧဝဥ္စ သီမံ သမူဟနိဿာမာတိ အာဂတာ သမူဟနိတုံ န သက္ခိဿန္တိ ဟူသော အဋ္ဌကထာ၌ န သက္ခိဿန္တိ - ၏ အဓိပ္ပာယ်ကို ဋီကာနှင့် ညှိ၍ ဖြေဆိုပြီးလျှင် / သမာန- သံဝါသကသိမ် သမုတ်ပြီးနောက် အဝိပ္ပဝါသသိမ် ထပ်ပြီး သမုတ်ရခြင်း၏ အကျိုးကို လည်း အဋ္ဌကထာနှင့် အညီ ရေးသားခဲ့ပါ။

(၇) သတ္တာဟံ သန္နိဝတ္တော ကာတဗ္ဗော–ဟူသော ပါဠိတော်၏ အဓိပ္ပာယ်ကို ရေးသားဖော်ပြ၍ / အနုဇာနာမိ ဘိက္ခဝေ ဣမေသံ သတ္တန္နံ သတ္တာဟကရဏီယေန အပ္ပဟိတေ ပိ ဂန္တုံ - ၌ သတ္တန္နံ - ၏ သရုပ်ကိုလည်း ရေတွက်ပြခဲ့ပါ။

(၈) ရဟန်း ငါးပါးရှိသော ကျောင်း၌ တပါးသော ရဟန်း၏ ပဝါရဏာကို ဆောင်ယူပြီး လေးပါးသော ရဟန်းတို့သည် ဂဏဉတ်ကို ထား၍ ပဝါရဏာပြုကြရာ၌ အဓမ္မေန ဝဂ္ဂပဝါရဏာကံ, အဓမ္မေန သမဂ္ဂပဝါရဏာကံ, ဓမ္မေန ဝဂ္ဂ ပဝါရဏာကံ, ဓမ္မေန သမဂ္ဂပဝါရဏာကံ လေးမျိုးတို့တွင် အဘယ်ကံမျိုး ဖြစ်မည်ဟု ညွှန်ပြခဲ့ပါ။

(၉) အနုဇာနာမိ ဘိက္ခဝေ သာမဏေရာနံ ဥပစ္စုပဋ္ဌိဝီသံ ဒါတုံ–၌ အဘယ် သာမဏေတို့အား ထက်ဝက်သော အဘိုဘာဂကို ပေးရမည် - အဘယ် သာမဏေတို့အား ထက်ဝက်သော အဘိုဘာဂ မပေးရ - အဘယ်သက်န်းမျိုးကို ထက်ဝက်ပေးရမည် - အဘယ် သက်န်းမျိုးကို ထက်ဝက် မပေးရ–ဟု ခွဲခြား ဝေဘန်ပြခဲ့ပါ။

(၁၀) အနုဇာနာမိ ဘိက္ခဝေ အနုက္ခေပေ ဒိန္နေ အတိရေကဘာဂံ ဒါတုံ ဟူသော ပါဠိတော်ကို အနက်ယောဇနာပြီးလျှင်/အဋ္ဌကထာညွှန်ပြသည့်အတိုင်း အဓိပ္ပာယ်ရေးခဲ့ပါ။

(၁၁) ဆယိမာနိ ဘိက္ခဝေ ကမ္မာနိ အဓမ္မကမ္မံ ဝဂ္ဂကမ္မံ ဟူသော ဥဒ္ဒေသ၏ နိဒ္ဒေသ ၌ အဘယ့်ကြောင့် ဉတ္တိကံ ကို ဟောတော် မမူပါသနည်း - ရှင်းပြ၍/စတုဝဂ္ဂကရဏ - လာ နာနာ သံဝါသကစတုတ္ထော ကမ္မံ ကရေယျ အကမ္မံ န စ ကရဏီယံ –၌ နာနာသံဝါသက အရ ဖော်ပြခဲ့ပါ။

(၁၂) နိဿာရဏာကံကို အဘယ်ပုဂ္ဂိုလ်တို့အား ပြုအပ်ပါသနည်း–ရှင်းပြ၍ / အယံ ဝုစ္စတိ ဘိက္ခဝေ ပုဂ္ဂလော အပ္ပတ္တော နိဿာရဏံ တဉ္စေ သံဃော နိဿာရေတိ သုနိဿာရိ - တော - ၌ နိဿာရဏာသို့ မရောက်သော ပုဂ္ဂိုလ်ကို နှင်ထုတ်ပါလျက် အဘယ်ကြောင့် သုနိဿာရိတ ဟု ဟောတော်မူပါသနည်း၊ ရှင်းပြခဲ့ပါ။

၁၀–မှတ်စီ

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၄) ဝိနယပိဋက (စူဠဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

## ၁၃၂၀ - ခုနှစ်၊ ပြာသိုလဆန်း ၁၃ - ရက်။ (၂၃-၁-၆၇)

—

(၁) တဇ္ဇနီယ ပဋိပ္ပဿမ္ဘနကမ္မ အင်္ဂါ—လာ အပ္ပဋိညာယကတံ ဟောတိ-၌ စောဒက, စုဒိတက, လဇ္ဇီ, အလဇ္ဇီ ပုဂ္ဂိုလ်တို့တွင် အဘယ်ပုဂ္ဂိုလ်တို့၏ ဝန်မခံဘဲ ပြုသော ကံသည် အဓမ္မကံဖြစ်ပါသနည်း-အဋ္ဌကထာဝါဒ, ဂဏ္ဌိဝါဒ, အရ ခွဲခြား၍ ပြပြီးလျှင်/တဇ္ဇနီယကံ ပြုရမည့် (ဒုတိယ) ပုဂ္ဂိုလ်တို့ကိုလည်း ရေးသားခဲ့ပါ။

(၂) နိယဿ ပဋိပ္ပဿမ္ဘန ကထာ-လာ ကမ္မံ န ဂရဟတိ၊ ကမ္မိကေ န ဂရဟတိ အင်္ဂါ၌ ကမ္မ အရ—ကမ္မိက - အရ တို့ကို ကောက်ပြပြီးလျှင်/မကဲ့ရဲ့ပုံကိုလည်း အဋ္ဌကထာ အလိုကျ ရေးသားခဲ့ပါ။

(၃) ပါရိဝါသိက ဝတ္တကထာ - လာ ပဋ္ဌ ယထာ ဝုဍ္ဎံ-၌ ပါသော (ဘတ္တ) အရ ဥဒ္ဒေသဘတ် စသည်တို့တွင် အဘယ်ဘတ်ကို ယူရမည်နည်း – ညွှန်ပြပြီးလျှင် / ၎င်း ဘတ်ကို ပါရိဝါသိက ရဟန်း၏ ခံယူရမည့် နည်းလမ်းကိုလည်း ညွှန်ပြခဲ့ပါ။

(၄) သမုစ္စယဝတ္တနာကထာ - လာ ပရိယန္တ ၃ - ပါးတို့၏ အဓိပ္ပာယ်ကို ညွှန်းပြပြီးလျှင် / ပကတိအားဖြင့် ပိဏ္ဍပါတ်မူတင် ဆောက်တည်သော ရဟန်းအား ပရိဝါသ် ဆောက်တည်နေသည့် အခိုက်အတန့်၌ ပိဏ္ဍပါတ်မူတင် ဆောက်သည်နိုင်ခွင့် ရှိ-မရှိ ဆုံးဖြတ်ခဲ့ပါ။

(၅) ခုဒ္ဒကဝတ္ထုလာ တိဿော ပဋိစ္ဆာဒိယော - အရ ပဋိစ္ဆာဒိ - သုံးပါးကို ဖော်ပြ၍ / ထို ပဋိစ္ဆာဒိ တို့ဖြင့် ပြုနိုင်သော အမှုကိစ္စ—မပြုနိုင်သော အမှုကိစ္စ များကိုလည်း အသီးသီး ခွဲခြားပြခဲ့ပါ။

(၆) သေနာသနက္ခန္ဓက လာ - န ဘိက္ခဝေ ပဋိဘာနစိတ္တံ - အရ ကိုယ်တိုင် ရေးကောင်းသော ဆေးရေးအရုပ် - သူတပါးကို စေခိုင်းကောင်းသော ဆေးရေးအရုပ်-ကိုယ်တိုင်လည်း မရေးကောင်း သူတပါးကိုလည်း မစေခိုင်းကောင်းသော ဆေးရေး အရုပ် များကို စုံလင်စွာ ဖော်ပြပါ။

( ၇ ) ပဋ္ဌမာနိ ဘိက္ခဝေ အဝိဿဇ္ဇိယာနိ - အရ စတုတ္ထမြောက် အဝိဿဇ္ဇိယ ပစ္စည်းများကို ရေတွက်ပြ၍ / ကပ္ပိယမဋ္ဌာ သမ္ပဋိစ္ဆိတဗ္ဗာ ဟူသော အဋ္ဌကထာ စကားကိုလည်း အဓိပ္ပာယ် ရေးသားခဲ့ပါ။

( ၈ ) အဝိဿဇ္ဇိယ ဝတ္ထုတွင် ပါသော 'တိဏံ' အရကို ဖော်ပြ၍ / 'ပဏ္ဏ'သည် အဝိဿဇ္ဇိယ ဝတ္ထု ဟုတ်–မဟုတ် ကိုလည်း အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

( ၉ ) အနုမောဒန ဝတ်ပြုရာ၌ မထေရ်ကြီး အများ ထင်ရှားရှိပါလျက် မထေရ်ငယ်သည် ဒါယကာတို့ လျှောက်ထားချက်ဖြင့် မထေရ်ကြီးများက ခွင့်မပြုဘဲ တရားဟောအပ်–မဟောအပ်၊ ထိုသို့ တရားဟောနေသော မထေရ်ငယ်အား မထေရ်ကြီးတို့သည် စောင့်ဆိုင်း၍ နေအပ်–မနေအပ်ကို ဆုံးဖြတ်ခဲ့ပါ။

( ၁၀ ) ဘတ္တဂ္ဂဝတ်၌ ဆွမ်းစားရာ ဌာနမှ မထေရ်ကြီးတို့သည် ပဌမ ဦးစွာ ထွက်၍ မထေရ်ငယ်တို့သည် နောက်မှသာ ထွက်သင့်ပါလျက် အဘယ်ကြောင့် နဝကေဟိ ဘိက္ခူဟိ ပဌမတရံ နိဝတ္တိတဗ္ဗံ၊ ပစ္ဆာ ထေရေဟိ - ဟု ပညတ်တော်မူပါသနည်း – ရှင်းပြပြီးလျှင်/ အနုဇာနာမိ ဘိက္ခဝေ အာဂတပဋိပါဋိယာ ဝတ္တုံ ကာတုံ - ၌ ဝါစဉ်မရ လာစဉ်တိုင်းသာ ပြုကျင့်ရသော အရာဌာနများကိုလည်း ဖော်ပြခဲ့ပါ။

( ၁၁ ) အနုဇာနာမိ ဘိက္ခဝေ ဘိက္ခူဟိ ဘိက္ခုနိယော ဥပသမ္ပာဒေတုံ-ဟု ပဌမ ပညတ်တော်မူရာ ငါးရာသော သာကီဝင် မင်းသမီးတို့ကို ရဟန်းယောကျ်ားတို့က ဉတ္တိစတုတ္ထ ကမ္မဝါစာဖြင့် ရဟန်းခံပေးရာ၌ - ဥပဇ္ဈာယ်ဆရာသည် ဘိက္ခုဖြစ်သည် သို့မဟုတ်• ဘိက္ခုနီ ဖြစ်သည်ဟု ခွဲခြားပြပြီးလျှင် / ဘိက္ခုနီမတို့သည် ဘိက္ခုတို့ထံ၌ ဒေသနာ ကြားကောင်း - မကြားကောင်း ထပ်လောင်း ဖြေဆိုခဲ့ပါ။

( ၁၂ ) ဘိက္ခုနီ ခန္ဓက တတိယ ဘာဏဝါရ လာ–အညတ္ထ ယထာ ဝုဍ္ဎံ န ပဋိဗာဟိတဗ္ဗံ - ၌ အညတ္ထ - အရ ကောက်ပြ၍/အနုဇာနာမိ ဘိက္ခဝေ မဟိလာတိတ္ထေ န ဟာယိတုံ ၌ အဘယ်ကို မဟိလာတိတ္ထ ဟူ၍ ခေါ်ပါသနည်း။

၁၀–မှတ်စီ

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၅) ဝိနယပိဋက (ပရိဝါရ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၈-ခုနှစ်၊ ပြာသိုလဆန်း ၁၄-ရက်။ (၂၄-၁-၆၇)

---

(၁) ကတ္ထပညတ္တိဝါရ ဘိက္ခုနီဿင္ဂိယ ဒုတိယကထိန သိက္ခာပုဒ်ကို အရပ်, ပုဂ္ဂိုလ်, ဝတ္ထု, ပညတ်, သမုဋ္ဌာန် ဤငါးတန်တို့ဖြင့် ဝေဖန် စီစစ်၍ ပြခဲ့ပါ။

(၂) ဘိက္ခုနီ အဋ္ဌမ ပါရာဇိက သိက္ခာပုဒ်ကို မည်သည့်အရပ် - မည်သည့်ပုဂ္ဂိုလ်-မည်သည့် အကြောင်းကြောင့် ပညတ်ရသည်ကို ညွှန်ပြပြီးလျှင်/၎င်း သိက္ခာပုဒ်ကိုပင် ကျူးလွန်သော ဘိက္ခုနီမအား သင့်နိုင်သော အာပတ်တို့ကိုလည်း ပြည့်စုံစွာ ညွှန်ပြခဲ့ပါ။

(၃) ဆအာပတ္တိ သမုဋ္ဌာန ဝါရ လာ - ပဥ္စမ သမုဋ္ဌာန်ဖြင့် အာပတ် ၇ မျိုးကို ဝေဖန်ရာတွင် 'နဟိ' ဟူ၍ လည်းကောင်း 'သိယာ' ဟူ၍လည်း ကောင်း ဖြေဆိုရခြင်း အကြောင်းကို ရှင်းပြပြီးလျှင် / ၎င်း ပဥ္စမသမုဋ္ဌာန်ကြောင့်ဖြစ်သော အာပတ်တို့ကိုလည်း သိက္ခာပဒနှင့် တွဲစပ်၍ ပြခဲ့ပါ။

(၄) သီလဝိပတ္တိကြောင့် သင့်နိုင်သော အာပတ်တို့ကို အကြောင်းဝတ္ထုနှင့် တွဲစပ်၍ ပြပြီးလျှင် / ၇-ပါးသော သမထတို့သည် ဝတ္ထုပရိယာယ်အားဖြင့် (၁၀) ပါး ရှိသည်ဟု ဆိုရာ (၁၀) ပါး ဖြစ်ပုံကိုလည်း ရှင်းပြခဲ့ပါ။

(၅) ကေတ္တရိက နယ - ၌ ပဠာနိသံသာ ပါသာဒိကေ ဟူသော ဥဒ္ဒေသ၏ နိဒ္ဒေသ ပါဠိတော်ကိုရေးသား၍/ဒသက ဝါရလာ-ဒသဝရာနိ ယာစိသု - ၌ ဒသ၏ သရုပ်ကိုလည်း ရေတွက်ပြခဲ့ပါ။

(၆) 'ပဠာ'ကို အဘယ့်ကြောင့် 'ဥမ္မင်'ဟု ခေါ်ဆိုရသည်ကို ဖော်ပြ၍ / အဘယ်ကို ပြခြင်းအကျိုးငှာ ယောစာယံ အက္ကောသတိ ဟာသာမိပ္ပာယော ဟူသောစကားကို ဟောတော်မူရပါသနည်း- ဖြေကြားခဲ့ပါ။

(၇) ဝုမေဿံ စတုန္နံ အဓိကရဏာနံ ဒသ ဥက္ကောဋာ-၌ ဒသ သရုပ်ကို စုံလင်စွာ ဖော်ပြ၍ / အနုဝါဒါဓိကရဏံ ဥက္ကောဋေန္တော စတ္တာရော သမထေ ဥက္ကောဋေတိ အရ အနုဝါဒါဓိကရဏ်းသည် ဥက္ကောဋနပြုအပ်သော သမထလေးပါးကိုလည်း ညွှန်ပြခဲ့ပါ။

(၈) မဟာသင်္ဂါမ လာ စောဒကော အာကာရတော ဇာနိတဗ္ဗော စုဒိတကော အာကာရတော ဇာနိတဗ္ဗော၌ ဝိနည်းမိုရ်သည် စောဒက အာကာရ ကို သိအပ်ပုံ-စုဒိတက အာကာရကို သိအပ်ပုံတို့ကို ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

(၉) နိဋ္ဌာနန္တိကော ကထိနုဗ္ဗါရော ဝုတ္တော အာဒိစ္စဗန္ဓုနာ တေဇ္ဇတာဟံ ပုစ္ဆာမိ ကတမော ပလိဗောဓော ပဋ္စမံ ဆိဇ္ဇတိ-ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာပါဌ်ကို ရေးသားပြီး လျှင်၄/ နာမံ နာမကမ္မံ ဟူသော စကားဖြင့် အဘယ်ကိုပြဆိုသည်ဟုလည်း ညွှန်ကြားခဲ့ပါ။

(၁၀) ဆန္ဒာဂတိ စသော လေးပါးသော အဂတိသို့ ရောက်သော ဝိနည်းမိုရ်သည် မိမိ၏ အဟိတ, အသုခ, အနတ္ထ အလို့ငှာ ကျင့်သည်ဟု ဟောတော်မူသင့်လျက် အဘယ့်ကြောင့် ဗဟုဇနာဟိတာယ ပဋိပန္နော ဟောတိ ဗဟုဇနာသုခါယ စသည်ဖြင့် ဟောတော်မူပါသနည်း-ရှင်းပြခဲ့ပါ။

(၁၁) န ဘယာဂတိ ဂန္တဗ္ဗာတိ ဣမေကစ္စော အယံ ဝိသမနိဿိတော ဝါ ဂဟန-နိဿိတော ဝါ ဗလဝနိဿိတော ဝါ—၌ ဝိသမ နိဿိတ, ဂဟန နိဿိတ, ဗလဝနိဿိတတို့၏ အဓိပ္ပာယ်ကို ရေးသားခဲ့ပါ။

(၁၂) ကတိနုခေါ ဘန္တေ အညဗျာကရဏာတိ ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာပြ ပါဌ်တော်ကို ပြည့်စုံစွာ ဖော်ပြ၍/ 'အာစရိယော ဝန္ဒိယော' ၌ ရှိခိုးအပ်သော ဆရာငါးပါးကိုလည်း ဖော်ပြခဲ့ပါ။

၁၀ - မှတ်စီ

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၁) ဝိနယပိဋက (ပါရာဇိက) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၉-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ - ရက်။ (၂၆-၁-၆၈)

---

(၁) မြတ်စွာဘုရားသည် သဗ္ဗညုဖြစ်ပါလျက် မာရ်နတ် လှည့်ပတ်မည်ကို မသိ၍ပင် ဝေရဉ္ဇာပြည်၌ ဝါကပ်တော်မူပါသလော– အဘယ် အကြောင်းထူးကို မြင်တော်မူ၍ ဝါကပ်တော်မူပါသနည်း- မြင်းကုန်သည်တို့ လှူသော မုယောဆန်တို့ကို မာရ်နတ်က အဘယ့်ကြောင့် မတားနိုင်ပါသနည်း။

(၂) ဣမေဟိ စ ပန တိဟိ လက္ခဏေဟိ သမန္နာဂတေန ဝိနယဓရေန ဟူသော အဋ္ဌကထာအရ ဝိနည်းဓိုရ် ပုဂ္ဂိုလ်၏ လက္ခဏာ သုံးပါးတို့တွင် အဘယ် လက္ခဏာဖြင့် အဘယ် အဓိပ္ပာယ်ကို ပြသည်ဟု ဋီကာအလိုကျ ဖော်ပြ၍/ 'ဆဌာနာနိ ဩလောကေ-တဗ္ဗာနိ' အဋ္ဌကထာ အရ ဆဌာနတို့ကိုလည်း ရေတွက်ပြခဲ့ပါ။

(၃) ဒုတိယ ပါရာဇိက စမ္ပာဝိနီတ ဝတ္ထု လာ–တေ ကဋ္ဌလ ယာဂုံ အရ တေကဋ္ဌုလ ယာဂု စီရင်ပုံကို လေးမျိုးထက် မနည်း အဋ္ဌကထာအလိုကျ ဖော်ပြ၍/ ရာဇဂဟ ဝိနီတ ဝတ္ထု လာ မဓုဂေါဠက ၏ အဓိပ္ပာယ်ကိုလည်း ရေးသားခဲ့ပါ။

(၄) ယောကောစိ မရိဿတိ ဟု ရည်ရွယ်၍ တွင်းတူးထားရာ လူကျ၍ သေခဲ့လျှင် အဘယ်စေတနာဖြင့် ပါရာဇိက ကျမည် ဟု အဋ္ဌကထာအလိုကို ဋီကာနှင့် ညှိ၍ ရှင်းလင်း ဖော်ပြခဲ့ပါ။

(၅) 'ငါ ရဟန္တာ ဖြစ်ပြီ' ဟု ဆိုကာမျှဖြင့် ယုံကြည်ရမည်လော– ပါဠိတော်လာ ခြောက်ဌာနတို့ဖြင့် စိစစ်ပြ၍ / ထိုသို့ ဆိုကာမျှဖြင့် ရဟန္တာ အရာထား၍ အရိုအသေပြု ရမည်လော၊ အဋ္ဌကထာလာ နည်းတို့ဖြင့် စစ်ဆေးပြခဲ့ပါ။

(၆) သုက္ကဝိဿဋ္ဌိ သိက္ခာပုဒ် ၌ အဘယ်ကို ပြခြင်းငှာ အဇ္ဈတ္တရူပေ မောစေတိ စသည် ကို ဟောတော်မူသည် ဟု ဖော်ပြ၍ / ဥပါယကို ပြသော ပုဒ်လေးပုဒ်ကိုလည်း ပါဠိတော် မှ ထုတ်ပြခဲ့ပါ။

(၇) ဆိုင်၌ ချောင်းချိန် ခင်းကျင်း ပြသထားသော မာတုဂါမ၏ အဝတ်တန်ဆာ အမျိုးမျိုး–အိမ်၌ ဝတ်ရန်ထားသော မာတုဂါမ၏ အဝတ်တန်ဆာ အမျိုးမျိုး–သက်နှ်း

ချုပ်ရန် လာရောက်လှူဒါန်းသော မာတုဂါမ၏ အဝတ်တန်ဆာ အမျိုးမျိုးတို့ကို ကိုင်တွယ်သုံးသပ် အပ် - မအပ် ဆုံးဖြတ်ခဲ့ပါ။

(၈) ရဟန်း ယောကျ်ားအား ပါရာဇိက အာပတ်ဖြင့် စွပ်စွဲသော ဘိက္ခုနီအား ဒုက္ကဋ်အာပတ်မျှသာ သင့်ပါလျက် အဘယ့်ကြောင့် တေနဟိ ဘိက္ခဝေ မေတ္တိယံ ဘိက္ခုနိံ နာသေထ ဟု အာဏာတော်မြတ် သတ်မှတ်တော်မူပါသနည်း၊ အဋ္ဌကထာအရ ညွှန်းပြခဲ့ပါ။

(၉) ပဌမကထိန သိက္ခာပုဒ်လာ အနဋ္ဌေ နဋ္ဌသညီ အဝိလုတ္တေ ဝိလုတ္တသညီ - ၌ နဋ္ဌ, ဝိလုတ္တတို့၏ ထူးခြားဟန်ကို ဋီကာအလိုကျ ညွှန်ပြပြီးလျှင် / ဒသာဟာနတိက္ကန္တေ အတိက္ကန္တသညီ ဒုက္ကဋဿ ၌ လွန်ပြီ ဟု အမှတ်သညာရှိကုိး အာပတ် သင့် - မသင့် ဆုံးဖြတ်ခဲ့ပါ။

(၁၀) အညာတကဝိညတ္တိ သိက္ခာပုဒ်လာ — နယိ မေသံ သုကရာ ဓမ္မနိမန္တနာနိ ကာတုံ ၌ ဓမ္မနိမန္တန အဓိပ္ပာယ်နှင့် တကွ ဖိတ်ပုံ ပါဠိတော်ကိုပါ ညွှန်ပြပြီးလျှင် / ၎င်းသိက္ခာပုဒ် အရ ဘုရားရှင်က ဥပနန္ဒအား ပဝါရိတ အပဝါရိတ အားဖြင့် မမေးစိစစ်ပဲ ဉာတကော တေ ဥပနန္ဒ အညာတကော ဝါ ဟု ဉာတ က, အညာတကအားဖြင့် မေးစိစစ်ရခြင်း၏ အကြောင်းကိုလည်း ရေးသားခဲ့ပါ။

(၁၁) စီဝရ အစ္ဆိန္နန သိက္ခာပုဒ် လာ အနာပတ္တိ သောဝါ ဒေတိ ၌ စာပေသင်ကြားမှပေးမည် - မသင်ကြားခဲ့သော် မပေး ဟု ပြောဆို၍ ပေးခြင်းမှာ အပ် - မအပ် ညွှန်ပြ၍ / ပေးပြီး သင်္ကန်းကို ပြန်၍ တောင်းခဲ့သော် အာပတ် သင့်-မသင့် အကြောင်းပြ ဆုံးဖြတ်ခဲ့ပါ။

(၁၂) သာသင်္ကသိက္ခာပုဒ် လာ အနုဇာနာမိ ဘိက္ခဝေ (ပ) အန္တရဃရေ နိက္ခိပိတုံ ၌ သင်္ကန်းကိုသာ ရွာ၌ ထားခွင့်ပြု၍ ရဟန်းကိုမူ တော၌ နေခြင်းကို မပယ်မြစ်ခြင်း၏ အကြောင်းကို ညွှန်ပြပြီးလျှင် / ၎င်း သိက္ခာပုဒ်လာ ဝိပ္ပဝသတိ ပုဒ်၏ အဓိပ္ပာယ်ကိုလည်း ဋီကာအလိုကျ အန္ဝယ ဗျတိရေကအားဖြင့် ရှင်းလင်းခဲ့ပါ။

၁၀—မှတ်စီ

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၂) ဝိနယပိဋက (ပါစိတ္တိယ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၉ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ - ရက်၊ (၂၇ - ၁ - ၆၈)

——

(၁) ဘူတဂါမောနာမ ပဉ္စဗီဇ ဇာတာနိ ဟူသော ပါဠိတော်ကို ယာနိဝါပန-ညာနိ ပိ အတ္ထိ မူလေ ဇာယန္တိ ဟူသော နိဒ္ဒေသ ပဒဘာဇနီနှင့် အညီ အနက်ယောဇနာ ပြီးလျှင်/ ဗီဇဂါမ်ကို ဖျက်ဆီးလျှင် ဒုက္ကဋ်အာပတ် သင့်မည် - ပါစိတ်အာပတ် သင့်မည် ကို ဗီဇေ ဗီဇသညီ ဆိန္ဒတိ ဝါ အာပတ္တိ ပါစိတ္တိယဿ ဟူသော ပါဠိနှင့် ညှိ၍ စိစစ်ဆုံး ဖြတ်ခဲ့ပါ။

(၂) အောက်ပါ ရဟန်းတို့အား အာပတ်, အနာပတ် ခွဲခြား ဆုံးဖြတ်ခဲ့ပါ။

(က) ခတက်ပင် ငုတ်တိုကို ဖျက်ဆီးသော ရဟန်း
(ခ) ထန်းပင် ငုတ်တိုကို ဖျက်ဆီးသော ရဟန်း
(ဂ) မှိုငုံကို နှုတ်သော ရဟန်း
(ဃ) မှိုပွင့်ကို နှုတ်သော ရဟန်း။

(၃) အနုပခဇ္ဇ သိက္ခာပုဒ်လာ သေယျံ ကပ္ပေယျာတိ မဉ္စဿဝါ ပီဌဿဝါ ပဝိ-သန္တဿဝါ နိက္ခမန္တဿဝါ ဥပစာရေ၌ ဥပစာ ပိုင်းခြားပုံကို စုံလင်စွာ ဖော်ပြ၍/ ဥပစာကို ချန်ထား၍ အိပ်ရာနေရာ ခင်းသော ရဟန်းအား အနာပတ္တိ ဖြစ်သင့်ပါလျက် အဘယ့်ကြောင့် အာပတ္တိဒုက္ကဋဿ ဟု ပညတ်တော် မူပါသနည်း–ရှင်းပြခဲ့ပါ။

(၄) ဒန္တပေါန သိက္ခာပုဒ် အနာပတ္တိ ဝါရပြ ပါဠိကို ရေးသား၍ ရဟန်းအား ကပ်လှူအပ်သော သစ်သီးတလုံး လွင့်ကျသွားရာ ထိုသစ်သီးကို ရဟန်းသည် ကိုယ်တိုင် ကောက်ယူ၍ သုံးဆောင်ကောင်း - မသုံးဆောင်ကောင်း အကိုးသာဓက ပြ၍ ဆုံးဖြတ် ခဲ့ပါ။

(၅) အရိဋ္ဌ သိက္ခာပုဒ်၌ ယာဝ ဘိက္ခုဘာဝံ ပဋိဇာနာတိ န ဝုဋ္ဌာတိ ဝါ န ဒေသေတိ ဝါ ဟူသော အဋ္ဌကထာ၌ အဘယ်ပါဠိရပ်ဖြင့် အဘယ်အာပတ် သင့်သည်ကို ညွှန်ပြသည်ဟု အသီးသီး ဖော်ပြ၍/သဟဓမ္မိက သိက္ခာပုဒ်လာ ပရိပုစ္ဆိတဗ္ဗံ ဟူသော ပုဒ်၏ ပဒဘာဇနီ ပါဠိကိုလည်း အနက်ယောဇနာခဲ့ပါ။

( ၆ ) သဒ္ဓမ္မဋ္ဌိတိယာ ပဋိပန္နော ဟောတိ ပါဠိအရ သဒ္ဓမ္မ သုံးမျိုး၏ အရများကို အဋ္ဌကထာ အလိုကျ အသီးသီး ဖော်ပြ၍/ပရိယတ္တိသဒ္ဓမ္မ နှင့် ပဋိပတ္တိသဒ္ဓမ္မ နှစ်ပါး တို့တွင် အဘယ်သည် သာသနာတော်၏ မူလ ဖြစ်သည် ဟု ဋီကာအလိုကျ အကြောင်းယုတ္တိပြ၍ ဆုံးဖြတ်ခဲ့ပါ။

( ၇ ) ဝိကာလဂါမပ္ပဝေသန သိက္ခာပုဒ် ပါဠိတော်၌ လာသော အစ္စာယိကကရဏီယ များကို ဖော်ပြ၍/ရွာတံဖက်၌ ရှိသော ကျောင်းသို့ ရွာကို ဖြတ်၍သွားရာ၌ သင်္ကန်းမရုံပဲ သွားကောင်း - မသွားကောင်း ဤသိက္ခာပုဒ်လာ သာဓကပြ၍ ဝိနိစ္ဆယချခဲ့ပါ။

( ၈ ) အဝန်းသုံးပါး ညီစွာ ဝတ်ရန် နည်းလမ်းကို မသိ၍ အဝန်းညီစွာ မဝတ်မိသော ရဟန်းအား ပရိမဏ္ဍလ သိက္ခာပုဒ်အရ အာပတ် သင့် - မသင့်ကို အနာပတ္တိ အဇာနန္တဿ ဟူသော ပါဠိတော်နှင့် ညှိနှိုင်း ဆုံးဖြတ်ခဲ့ပါ။

( ၉ ) ဘိက္ခုနူပသမ္ပဒါ ဘေဒကို အဓိပ္ပာယ်နှင့် တကွ ညွှန်ပြ ပြီးလျှင်/ဘုရားရှင် လက်ထက်၌ ဧဟိ ဘိက္ခုပသမ္ပဒါ ရှိသကဲ့သို့ ဧဟိ ဘိက္ခုနူပသမ္ပဒါ ရှိသည် - မရှိသည် ကိုလည်း အကြောင်းစုံပြ၍ ဆုံးဖြတ်ခဲ့ပါ။

( ၁၀ ) ဘိက္ခုနီ နဝမ သံဃာဒိသိသ် သိက္ခာပုဒ်လာ သံသဋ္ဌာ ဝိဟရန္တိ ၌ သံသဋ္ဌအပြားကို အဓိပ္ပာယ်နှင့် တကွ ညွှန်ပြပြီးလျှင်/နိဿဂ္ဂိယ ဆဋ္ဌ သိက္ခာပုဒ်လာ ဆန္ဒကအရ အဘယ်ပရိက္ခာရကို ယူရမည်နည်း—ညွှန်ပြခဲ့ပါ။

( ၁၁ ) လသုဏဝဂ် အာမကဓည သိက္ခာပုဒ်လာ ဘုဉ္ဇိဿာမီတိ ပဋိဂ္ဂဏှာတိ အာပတ္တိဒုက္ကဋဿ ၌ ဒုက္ကဋာပတ္တိဘေဒကို ထုတ်ပြ၍/ ဤနေရာ၌ ယူရမည့် ဒုက္ကဋ်ကို ညွှန်ပြပြီးလျှင်/ထိုဒုက္ကဋ်ကို ယူခြင်းကြောင့် သိစေနိုင်သော အကျိုးတရားတို့ကိုလည်းညွှန်ကြားခဲ့ပါ။

( ၁၂ ) နဂ္ဂဝဂ် ဒသမသိက္ခာပုဒ်လာ ဓမ္မိကံ ကထိနုဒ္ဓါရံ - ၌ ဓမ္မိက ကထိနုဒ္ဓါရဖြစ်ပုံကို နှစ်နည်းမျှ ရေးသားပြီးလျှင် / တုဝဋ္ဋဝဂ် တတိယသိက္ခာပုဒ်လာ ယာ ဣမာ သညတ္တိဗဟုလာ ဝိညတ္တိဗဟုလာ ဝိဟရန္တိ ၌ သညတ္တိ, ဝိညတ္တိ တို့၏ ထူးခြားဟန်ကိုလည်း ရေးသားခဲ့ပါ။

၁၀—မှတ်စီ

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၃) ဝိနယပိဋက (မဟာဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၉-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ - ရက်၊ (၂၀-၁-၆၈)

——

(၁) မိစ္ဆာဒိဋ္ဌိက ဖြစ်သော ကဿက သာမဏေကို အကြောင်းပြု၍ ကဏ္ဍကသိက္ခာပုဒ်ကို ပညတ်တော်မူရာ၌ ဒဏ္ဍကမ္မ နာသနာကို ပညတ်တော်မူခဲ့ပါလျက် ဤ မဟာခန္ဓက ၌ မိစ္ဆာဒိဋ္ဌိကော ဟောတိ ဟု မိစ္ဆာဒိဋ္ဌိက သာမဏေကို အဘယ့်ကြောင့် လိင်္ဂနာသနာ ၌ ထည့်သွင်း ပညတ်တော် မူပါသနည်း—ရှင်းလင်းခဲ့ပါ။

(၂) ပဏ္ဍကော ဘိက္ခဝေ အနုပသမ္ပန္နော န ဥပသမ္ပာဒေတဗ္ဗော၊ ဥပသမ္ပန္နော နာသေတဗ္ဗော ၌ ပဏ္ဍုက်ငါးမျိုးတို့တွင် အာသိတ္တပဏ္ဍုက်, ဥသူယပဏ္ဍုက် နှစ်မျိုးကို ရှင်ရဟန်း အဖြစ် ခွင့်ပြုခြင်း – ဩပက္ကမိကပဏ္ဍုက်, ပက္ခပဏ္ဍုက်, နပုံသကပဏ္ဍုက် တို့ကို ရှင်ရဟန်း အဖြစ် ခွင့်မပြုခြင်းတို့၏ အကြောင်းတို့ကို ရေးသားပြီးလျှင် / ပဏ္ဍုက် မဟုတ်သော ပက္ခ၌ ရှင်ရဟန်းအဖြစ်ကို ရရှိထားသော ပက္ခပဏ္ဍုက်သည် ပဏ္ဍုက် ဖြစ်သော ပက္ခ ၌ ရှင်ရဟန်းအဖြစ် ဆက်လက်တည်ရှိ အပ် - မအပ် ဆုံးဖြတ်ခဲ့ပါ။

(၃) ပဗ္ဗတနိမိတ်ကို ဖွင့်ပြသော ဟတ္ထိပ္ပမာဏတော ဩမကတရော နဝဋ္ဋတိ ဟူသော အဋ္ဌကထာ၌ ဟတ္ထိပ္ပမာဏ၏ အတိုင်းအထွာကို ပြဆိုပြီးလျှင် / တခုတည်းသော မြစ်ကို နဒီနိမိတ်, ဥဒကနိမိတ် နှစ်မျိုး ကြားလိုသော် ပြုလုပ်ရမည့် အစီအစဉ်ကိုလည်း ရေးသားခဲ့ပါ။

(၄) မြစ်, သမုဒ္ဒရာတို့၌ ခုတ်မောင်း သွားလာလျက်ရှိသော သင်္ဘောပေါ်၌ သံဃကံ ပြုအပ် - မပြုအပ် အကြောင်း ယုတ္တိပြ၍ ဆုံးဖြတ်ပြီးလျှင် / အထခေါ တဿ ဘိက္ခုနော ဧတဒဟောသိ၊ ဘဂဝတာ ပညတ္တံ န သာပတ္တိကေန ဥပေါသထော ကာတဗ္ဗော၌ သာပတ္တိက ရဟန်းသည် ဥပုသ် မပြုအပ်ဟု ပညတ်တော်မူချက် မရှိရာ အဘယ် ပညတ်တော်ကို ရည်ရွယ်၍ ဆိုအပ်ပါသနည်း—ရှင်းပြခဲ့ပါ။

(၅) ဥပေါသထက္ခန္ဓက အနာပတ္တိ ပန္နရသက လာ ဝဂ္ဂါသမဂ္ဂ သညိနော ၏ အဓိပ္ပာယ်ကို ရေးသားဖော်ပြ၍/ပါရာဇိကုဒ္ဒေသ စသည်တို့၌ ဝဂ္ဂသညီ ရှိလျက် ပါတိမောက် ပြသော ရဟန်းတို့အား အာပတ်မှ လွတ် - မလွတ်ကိုလည်း စီစစ်ခဲ့ပါ။

( ၆ ) ဝဿူပနာယိကက္ခန္ဓက ၌ သတ္တာဟံ သန္နိဝတ္တော ကာတဗ္ဗော - အရ ဝါပန်သွားသော ရဟန်းသည် အရပ်တပါး၌ အရုဏ် မည်မျှ အထိ နေရမည်ကို ညွှန်ပြ၍ / ဘိက္ခုနီမ တို့အား ခွင့်မပြုသော ကျောင်း စသော အဆောက်အဦ သုံးမျိုးကိုလည်း ရေတွက်ပြခဲ့ပါ။

( ၇ ) ပဝါရဏာ ပြုပြီးသော နေ့ ၌ ဝါ မပန်ပဲ သွားကောင်း - မသွားကောင်း အကြိုး သာဓက ပါဠိ ပြ၍ ဆုံးဖြတ်ခဲ့ပါ။

( ၈ ) အနုဇာနာမိ ဘိက္ခဝေ ရဇ္ဇူနံ အနုဝတ္တိတုံ - ပါဠိတော်အရ အဘယ် ပုဂ္ဂိုလ်တို့၏ အလိုသို့ လိုက်သင့်သေးသည်ကို ညွှန်ပြ၍ / တဆယ့်ခြောက် ရက် ( လပြည့်ကျော်–တရက်) တဆယ့် သုံးရက် နေ့တို့၌ ဥပုသ်ပြုသော ရဟန်းတို့၏ အလိုသို့ လိုက်သင့် - မလိုက်သင့်ကိုလည်း သာဓကပြ၍ ဆုံးဖြတ်ခဲ့ပါ။

( ၉ ) ကပ္ပိယဘူမိကထာ လာ ဂေါနိသာဒိက ကုဋိဘေဒ - ကို အဓိပ္ပာယ်နှင့် တကွ ညွှန်ပြပြီးလျှင် / ကပ္ပိယကုဋိတို့ကို ခွင့်ပြုရခြင်း၏ အကျိုးကိုလည်း ရေးသားခဲ့ပါ။

( ၁၀ ) ကထိနက္ခန္ဓက လာ န ဥလ္လိခိတမတ္တေန ဟောတိ ကထိနံ ၌ ဥလ္လိခိမတ္တ ၏ အဓိပ္ပာယ်ကို ရေးပြပြီးလျှင် / အာဒါယဆက္က လာ သဝနန္တိက ကထိနုဒ္ဓါရ ဖြစ်ပုံကိုလည်း ရေးသားခဲ့ပါ။

( ၁၁ ) ဘဏ္ဍာဂါရသမ္မုတိ အရ ကျောင်း ငါးမျိုးတို့တွင် အဘယ်သို့သော ကျောင်းများကို အဘယ်သိမ်မှာ နေ၍ / သမုတ်ရကြောင်းကို ညွှန်ပြပြီးလျှင် / ကထိနုခေါ် စီဝရံ ဘာဇေတဗ္ဗံ အရ ဘုရားရှင်ခွင့်ပြုသော သင်္ကန်း ဝေဖန်နည်းကိုလည်း ညွှန်ပြခဲ့ပါ။

( ၁၂ ) ဝိသာခါသည် မည်သို့သော အကျိုးတရားကို မြင်၍ ဆုရှစ်ပါးတို့တွင် အာဂန္တုကဘတ် ပေးလှူခွင့်ကို ဘုရားရှင်အား တောင်းပန်ပါသနည်း-ရေးသားပြီးလျှင် / ဒွေနိဿာရဏာဒိ ကထာ လာ သြသာရဏာ ဘေဒကိုလည်း အဓိပ္ပာယ်နှင့် တကွ ရေးသားခဲ့ပါ။

၁၀–မှတ်စီ

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၄) ဝိနယပိဋက (စူဠဝါ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၉-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅- ရက်။ (၂၉-၁-၆၈)

---

(၁) အာပတ္တိယာ အဒဿနေ ဥက္ခေပနီယကမ္မ ဓမ္မကမ္မ ဒွါဒသက - ၌ ပါရှိသော သမ္မုခါကတံ ဟောတိ ဟူသော စကားအရ သံဃသမ္မုခ, ဓမ္မသမ္မုခ, ဝိနယသမ္မုခ, ပုဂ္ဂလသမ္မုခ-တို့၏ အဓိပ္ပာယ်ကို ပြည့်စုံစွာ ရေးသားခဲ့ပါ။

(၂) ပါရိဝါသိကဝတ် - ၌ ပါရှိသော န သဝစနီယံ ကာတဗ္ဗံ ဟူသော ပါဌ်ကို အနက်ယောဇနာပြီးလျှင် / အဓိပ္ပာယ်ကိုလည်း သိသာ ထင်ရှားအောင် ရေးသားခဲ့ပါ။

(၃) န ဘိက္ခဝေ ပါရိဝါသိကေန ဘိက္ခုနာ ပကတတ္တေန ဘိက္ခုနာ သဒ္ဓိံ ဧကစ္ဆန္နေ အာဝါသေ ဝတ္ထဗ္ဗံ န ဧကစ္ဆန္နေ အနာဝါသေ ဝတ္ထဗ္ဗံ ဟူသော စကား၌ အာဝါသ, အနာဝါသ အရတို့ကို ရေးသားပြီးလျှင် / ဧကစ္ဆန္န အရကိုလည်း ပိုင်းခြား သတ်မှတ် ပြခဲ့ပါ။

(၄) ပဋိစ္ဆန္နပရိဝါသ် ဆောက်တည် ကျင့်သုံးနေစဉ် သင့်သော အန္တရာပတ်သည် မူလအာပတ်ထက် ပို၍ ကြာမြင့်စွာ ဖုံးလွှမ်းခဲ့သော် ဩဓာနသမောဓာန ပရိဝါသ်ကို အဘယ်သို့ ပေးရမည်ဟု ထေရဝါဒ ပြ၍ ဆုံးဖြတ်ပြီးလျှင် / ဝတ္ထု, ဂေါတ္တ, နာမ, အာပတ္တိအားဖြင့် အသီးအသီး ပရိဝါသ်တောင်းပုံ ပါဠိကိုလည်း စီစဉ် ရေးသားခဲ့ပါ။

(၅) အာယတက ဂီတဿရံ - ဖြင့် တရားဟောသော ပုဂ္ဂိုလ်၏ အပြစ် ငါးပါးကို ပါဠိတော်အတိုင်း ဖော်ပြ၍ / အာယတကသရဘည - တို့၏ အဓိပ္ပာယ်များကိုလည်း ရေးသားခဲ့ပါ။

(၆) န ဘိက္ခဝေ ဝိဝိဓံ အနာစာရံ အာစရိတဗ္ဗံ၊ ယော အာစရေယျ ယထာဓမ္မော ကာရေတဗ္ဗော - အရ ယထာဓမ္မကျအောင် ပြု၍ / အနုဇာနာမိ ဘိက္ခဝေ ဌပေတွာ ပဟာရကိံ သဗ္ဗံ လောဟဘဏ္ဍံ - ၌ ပဟာရဏိ လောဟဘဏ္ဍ အရကိုလည်း ညွှန်ပြခဲ့ပါ။

(၇) အနုဇာနာမိ ဘိက္ခဝေ ပဉ္စဘိသိယော ဥဏ္ဏာဘိသိံ - ၌ ဥဏ္ဏာသဒ္ဒါဖြင့် ယူနိုင်သော အရာများကို ဖော်ပြ၍ / အနုဒဿလာမ သက်န်းခြောက်ဘည်နှင့် တကွ မူလသင်္ကန်း ခြောက်ထည်တို့တွင် တဘည်ထည်ကို ဥဏ္ဏာ အမည်ရသော အရာဝတ္ထုများ ထည့်သွင်းပြီးလျှင် ဘုံလျှို ချုပ်ကောင်း-မချုပ်ကောင်း ကိုလည်း ဆုံးဖြတ်ခဲ့ပါ။

(၈) ကျောင်းပေါ်၌ ဘိနပ်စီးကောင်း—မစီးကောင်းကို ပါဠိတော် အကိုးပြ၍ ညွှန်ကြားပြီးလျှင် / ခြေသုတ်ဖုံပေါ်၌ စိုသောခြေဖြင့် နင်းခြင်းငှာလည်းကောင်း- ဖုံတက်နေသော ကျောင်းပေါ်၌ ဘိနပ်စီးခြင်းငှာလည်းကောင်း သင့်-မသင့်ကိုလည်း အဋ္ဌကထာ အလိုကျ ဝိနိစ္ဆယ ချခဲ့ပါ။

(၉) ပါတိမောက္ခ ဌပနက္ခန္ဓက - လာ အရှင်အာနန္ဒာသည် ဘုရားရှင်အား 'ညဥ့်သည် လွန်ပါပြီ၊ အရုဏ်တက်ပါပြီ' ဟု လျှောက်ထားပြီးဖြစ်ပါလျက် အဘယ့်ကြောင့် ဥဒ္ဒိသတု ဘန္တေ ဘဂဝါ ဘိက္ခူနံ ပါတိမောက္ခံ ဟု တောင်းပန်ခြင်းကို ပြုပါသနည်း—ရှင်းပြပြီးလျှင် / အမူလိကာယ သီလဝိပတ္တိယာ ပါတိမောက္ခံ ဌပေတိ အကတာယ - ၌ အဘယ်၏ အစွမ်းဖြင့် အမူလိက ဖြစ်ပါသနည်း—ရှင်းပြခဲ့ပါ။

(၁၀) အတ္တာဒါနအင်္ဂါ- လာ အတ္တသံဟိတံ အတ္တာဒါနံ နော အနတ္တ သံဟိတံ ၌ အတ္တသံဟိတ, အနတ္တသံဟိတ—အရ တို့ကို ကောက်ပြပြီးလျှင် / စောဒက ပုဂ္ဂိုလ်၏ မနသိကာတဗ္ဗ တရားတို့ကိုလည်း ရေးသားခဲ့ပါ။

(၁၁) ဘိက္ခုနီခန္ဓက – လာ မိထွေးတော် ဂေါတမီအား ဘုရားရှင်က ဩဝါဒပေးသည့် ရဟန္တာဖြစ်ကြောင်း ဓမ္မ ဝိနယ သတ္ထုသာသန တို့ကို ညွှန်ပြပြီးလျှင် / အာပဏံ ပသာရေန္တိ၊ ဟရိတကပက္ကိကံ ပကိဏန္တိ တို့၏ အဓိပ္ပာယ် ထူးခြားဟန်ကိုလည်း ရေးသားခဲ့ပါ။

(၁၂) ပဉ္စသတိကက္ခန္ဓက - လာ အပညတ္တံ ပညပေန္တိ အပညတ္တံ န ပညပေန္တိ - တို့၏ အဓိပ္ပာယ်ကို သာဓကပုဂ္ဂိုလ်နှင့် တကွ ညွှန်ပြပြီးလျှင် / သတ္တသတိကက္ခန္ဓက – လာ ကပ္ပတိ ဘန္တေ အာဝါသကပ္ပေါတိ (ပ) ဝိနယာတိသာရေ ဒုက္ကဋံ - ၌ ဝိနယာတိသာရ ဒုက္ကဋ်သင့်ပုံကို သက်ဆိုင်ရာ ဝိနယပါဠိ ပြ၍ ရေးသားခဲ့ပါ။

၁၀—မှတ်စီ

## (ခ) တိပိဋကဓရ သဓာဘာရေးဖြေ စာမေးပွဲ

### (၅) ဝိနယပိဋက ( ပရိဝါရ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၉ - ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်၊ (၃၀ - ၁ - ၆၈)

— —

(၁) ကတ္ထပညတ္တိဝါရ ပဌမပါရာဇိက အရာ သတ္တန္နံ သမထာနံ ကတီဟိ သမထေဟိ သမ္မတီတိ ဒွီဟိ သမထေဟိ သမ္မတိ သမ္မုခါဝိနယေန စ ပဋိညာတကရဏေန စ-၌ ပဌမပါရာဇိက အာပတ်ကို သမထ နှစ်ပါးတို့ဖြင့် ငြိမ်းစေပုံကို ရေးသားခဲ့ပါ။

(၂) မဟာဝိဘင်္ဂေ သောဠသဝါရာ ဒဿိတာ ဟူသော အဋ္ဌကထာအရ သောဠ-သဝါရ သရုပ်ကို ရေတွက်ပြပြီးလျှင်/ သိက္ခာပုဒ် ပညတ်တော်မူရာ ဌာန ပေါင်း မည်မျှရှိသည် ဟု ရေတွက်ပြခဲ့ပါ။

(၃) စီဝရဝိပ္ပဝါသ သိက္ခာပုဒ်၏ နိဒါန်း, ပုဂ္ဂိုလ်, ဝတ္ထု, ပညတ္တိ, သမုဋ္ဌာန် တို့ကို ပါဠိတော် လာတိုင်း အသီးသီး ရေးသား ဖော်ပြခဲ့ပါ။

(၄) အသန္တံ အဘူတံ ဥတ္တရိ မနုဿဓမ္မံ ဥလ္လပန္တော ကတိအာပတ္တိယော အာပဇ္ဇတိ ဟူသော ပုစ္ဆာ၏ ဝိဿဇ္ဇနာ ပါဠိကို ထုတ်ပြပြီးလျှင်/တေပညာသာစ သေခိ-ယာ ဟူသည်နှင့် အညီ သေခိယ သိက္ခာပုဒ် ဥဇ္ဇဂ္ဃိကဝဂ်မှ ပဌမပါရာဇိက သမုဋ္ဌာန်ရှိသော သိက္ခာပုဒ်ပေါင်း မည်မျှ ပါဝင်သနည်း၊ ရေတွက်ပြပါ။

(၅) ဥပေါသထာဒိ ပုစ္ဆာ ဝိဿဇ္ဇနာ၌ အဗ္ဘာနဿ ကောအာဒိ ကိံမဇ္ဈေ ကိံပရိ-ယောသာနံ ဟူသော ပုစ္ဆာ၏ ဝိဿဇ္ဇနာပါဠိကို ထုတ်ပြ၍/ဝတ္ထုစ ပုဂ္ဂလော စ ၌ အဘယ်ဝတ္ထု, အဘယ်ပုဂ္ဂလ ကို ယူရမည် ဟု အသီးသီး ညွှန်ပြပါ။

(၆) ဂါထာသင်္ဂဏိက လာ ကတိ ဝေသာလိယံ ပညတ္တာ အရ ဝေသာလီပြည် ၌ ပညတ်တော်မူအပ်သော သိက္ခာပုဒ်တို့ကို ထုတ်ပြပြီးလျှင် / အနိယတာပတ္တိ အဓိပ္ပာယ်ပြ ဂါထာကို ရေး၍/နေယျတ္တ အဓိပ္ပာယ်ကိုလည်း အဋ္ဌကထာ အာဘော်ကျ ရှင်းပြခဲ့ပါ။

(၇) အဓိကရဏဘေဒ လာ ဥက္ကောဋ ၁၂ - ပါးတို့ကို အဓိကရဏ်း ၄ - ပါးဖြင့် ဝေဖန်ပြီးလျှင် / သမ္မုခါဝိနည်း, သတိဝိနည်းတို့သည် သံသဋ္ဌ လော - ဝိသံ

သဋ္ဌလော ဟု မေးရာ၌ နစ လဗ္ဘာ ( ပ ) နာနာကရဏံ ပညာပေတုံ ဟု ဖြေဆိုရခြင်း၏ အကြောင်းကိုလည်း ရေးသားခဲ့ပါ။

( ၈ ) အဓိကရဏဘေဒ လာ—တတ္ထ ကတမာ အာပတ္တိ နော အဓိကရဏံ ဟူသော အမေး၏ အဖြေပါဠိမျှားကို ရေးသား၍ / အပရ ဂါထာသင်္ဂဟိက လာ ဝိနယေ အနုလောမေ ပညတ္တေ အနုလောမိကေတို့၏ အရ မျှားကိုလည်း အသီးသီး ကောက်ပြခဲ့ပါ။

( ၉ ) စူဠသင်္ဂါမ လာ နဥပဇ္ဈာယော ပုစ္ဆိတဗ္ဗော၌ မမေးရခြင်း၏ အကြောင်းကို ပြပြီးလျှင် /ကထိနဘေဒ လာ-ကတမေ တယော ကထိနတ္ထာရာ န ရုဟန္တိ ဝတ္ထုဝိပန္နဉ္စေဝ ဟောဟိ ကာလဝိပန္နဉ္စ ကရဏဝိပန္နဉ္စ ၌ ဝိပန္န သုံးမျိုးတို့၏ အဓိပ္ပာယ် ကိုလည်း ရေးသားခဲ့ပါ။

( ၁၀ ) ဥပါလိပဉ္စက လာ ဥတ္တိယာ သမထံ နဇာနာတိ အရ ဥ တ်ဖြင့် ငြိမ်းစေအပ် သော သမထမျှားကို ဖော်ပြ၍/ပဉ္စမေ ဥပါလိ အတိရိတ္တာ ကတမေ ပဉ္စ ဟူသော အမေး၏ အဖြေ ဝိဿဇ္ဇနာ ပါဠိမျှားကိုလည်း ရေးသားခဲ့ပါ။

( ၁၁ ) ဥပါလိပဉ္စက လာ—ကောဝတ္တော အဝန္ဒိယော၌ ကောဝတ္တ၏ အဓိပ္ပာယ်ကို ရေးသား ဖော်ပြ၍/ထို ကောဝတ္တပုဂ္ဂိုလ်ကို ရှိမခိုးရခြင်း၏ အကြောင်းကို လည်း ရေးသားခဲ့ပါ။

( ၁၂ ) ကမ္မဝဂ္ဂ လာ အနုပေါသထေ ဥပေါသထံ ကရောတိ ဝတ္ထုဝိပန္နံ အဓမ္မကမ္မံ၏ အဓိပ္ပာယ်ကို အဋ္ဌကထာ အာဘော်ကျ ရေးသားပြီးလျှင် /ပဉ္စဝဂ် သံဃာ သည် ပြုအပ်သော ကံ၌ အဘယ် ပုဂ္ဂိုလ်တို့သည် ကမ္မပတ္တ ဆန္ဒာရဟ, ကမ္မာ ရဟ မည်ပါသနည်း -ခွဲ ခြား၍ ပြခဲ့ပါ။

၁၀–မှတ်စီ

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၁) ဝိနယပိဋက (ပါရာဇိက) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၀ - ခုနှစ်၊ တပို့တွဲလဆန်း ၇ - ရက် (၂၄ - ၁ - ၆၉)

---

(၁) တေနသမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတိ ၌ ဝိဟာရ လေးပါး တို့၏ အရကို အသီးသီး ကောက်ပြ၍ / ဣရိယ အရ ပထ အရ တို့ကိုလည်း ခွဲခြား၍ ပြခဲ့ပါ။

(၂) ပဌမ ပါရာဇိက လိင်္ဂပရိဝတ္တန ဝိနီတဝတ္ထု၌ အဋ္ဌကထာ ဖွင့်ပြသော အကပ်ပျက်ခြင်း လက္ခဏာတွင် ပါသည့် ဟီနာယာ ဝတ္တနေန - အရ ဝါဒ အမျိုးမျိုးကို ဋီကာနှင့်ညှိ၍ ထုတ်ပြပြီးလျှင်/အဘယ်ဝါဒ သင့်သည်ကိုလည်း အကြောင်း ယုတ္တိ ပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၃) ဒုတိယပါရာဇိက ဇန္တာဃရ ဝိနီတ ဝတ္ထု၌ တဿ ကုက္ကုစ္စံ အဟောသိ ဟု လည်းကောင်း–အာရောစေသိ ဟု ကေဝုစ်နှင့် လည်းကောင်း မဟောခြင်း အကြောင်းကို ဖော်ပြ၍/မိမိ ပစ္စည်းကို ခိုးသွားသော သူခိုး၏ နောက်သို့ လိုက်ရာ သူခိုး ပစ်ချပြေးသောအခါ မိမိ၏ အဖိုးတန်ပစ္စည်းကို ကောက်ယူခဲ့သော ရဟန်းအား အဘယ် အာပတ် သင့်မည်ကိုလည်း အကိုးသာဓကပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၄) စိတ္တသင်္ကပ္ပေါတိ မရဏသညီ မရဏ စေတနော မရဏာဓိပ္ပာယော ဟူသော ပဒဘာဇနီ၌ အဘယ် အနက် အဓိပ္ပာယ်ကို သိစေ လိုပါသနည်း၊ ပြည့်စုံစွာ ရှင်းလင်း ဖော်ပြပြီးလျှင်/သင်္ကပ္ပ အရကိုလည်း ပဒဘာဇနီနှင့် အညီ တရားကိုယ် ကောက်ပြခဲ့ပါ။

(၅) လောဏသောဝီရက–ဆေး စီရင်ပုံကို ဖော်ပြ၍/ထို လောဏသောဝီရက ဆေးသည် အဘယ် ကာလိကမျိုး ဖြစ်သင့်သည် ကိုလည်း ဋီကာများနှင့် ညှိ၍ စီစစ် ပြခဲ့ပါ။

(၆) ဣဓေကစ္စော ပါပဘိက္ခု ယာနိ တာနိ သံဃဿ ဂရုဘဏ္ဍာနိ ပရိက္ခာရာနိ ၌ ဂရုဘဏ္ဍ နှင့် ဂရုပရိက္ခာရ တို့၏ အဓိပ္ပာယ်ကို ပြည့်စုံ ထင်ရှားစွာ ဖော်ပြပြီးလျှင်/တေဟိ ဂိဟီ သင်္ဂဏှာတိ ဥပလာပေတိ ဟု ဟောတော် မူခြင်း၏ ရည်ရွယ်ရင်း အဓိပ္ပာယ်ကိုလည်း ရေးသားခဲ့ပါ။

(၇) ကာယသံသဂ္ဂ သိက္ခာပုဒ် ပဒဘာဇနီ လာ မာတုဂါမောနာမ မနုဿိတ္ထီ ဟူသော စကား၌ လိုအပ်သော မနုဿိတ္ထီ အရကို အကြောင်းနှင့် တကွ ကောက်ပြပြီးလျှင်/ န ယက္ခီ န ပေတီ န တိရစ္ဆာနဂတာ ဟု တဖန်ထပ်၍ ဟောတော်မူရခြင်း၏ အကြောင်းကိုလည်း ရေးသားခဲ့ပါ။

(၈) အာဇီဝဟေတု ပညတ္တာနံ ဆန္နံ သိက္ခာပဒါနံ ဝသေန အာဇီဝဝိပတ္တိ စောဒနာ ဝေဒိတဗ္ဗာ ဟူသော အဋ္ဌကထာ၌ ဆ-အရ ကောက်ပြ ပြီးလျှင် / ၎င်း သိက္ခာပုဒ် ခြောက်မျိုးကို အခြားသော ဝိပတ္တိကြောင့် လွန်ကျူးလျှင် လည်းကောင်း၊ အခြားသော သိက္ခာပုဒ်များကို အာဇီဝ ဝိပတ္တိကြောင့် လွန်ကျူးလျှင် လည်းကောင်း အာပတ် သင့်-မသင့် ယုတ္တိပြ၍ ဝိနိစ္ဆယ ချခဲ့ပါ။

(၉) အဓိဋ္ဌာန် စွန့်ကြောင်း အင်္ဂါတို့တွင် ဟီနာယာ ဝတ္တနေန အင်္ဂါဖြင့် ပြီးသင့်ပါလျက် သိက္ခာ ပစ္စက္ခာနေန အင်္ဂါကို ဆိုရခြင်း အကျိုးကို ညွှန်ပြပြီးလျှင် / ဥဒေါသိတ သိက္ခာပုဒ်လာ ဧကေ ကုလ ခေတ္တ, နာနာ ကုလ ခေတ္တ-တို့၌ ပါသော ဟတ္ထပါသ် နှစ်ခုတို့၏ ထူးခြား ဟန်ကိုလည်း ရေးသားခဲ့ပါ။

(၁၀) သက်န်း ကာလ ၌လည်း 'သံဃာအား ၎င်းသက်န်းသည် အကာလ သင်္ကန်း တည်း ဟု ရည်ရွယ်၍ လှူဒါန်းအပ်သော သင်္ကန်းသည်' ကာလ သင်္ကန်းသာ ဖြစ်သင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် အကာလသင်္ကန်း ဖြစ်ရပါသနည်း - အကြောင်း ပြ၍ ရှင်းပြပြီးလျှင် / ပုရာဏစီဝရ သိက္ခာပုဒ်လာ အနာပတ္တိ အဝုတ္တာ ဓောဝတိ-၏ အဓိပ္ပာယ်ကိုလည်း အဋ္ဌကထာ အလိုကျ ရေးသားခဲ့ပါ။

(၁၁) စီဝရပဋိဂ္ဂဟဏ သိက္ခာပုဒ်အရ ဓမ္မကထိက ရဟန်းအား ပေးလှူရန် ခြေရင်း၌ ထားသော အဝတ် သင်္ကန်းတို့၌ ပါဝင်သော အညာတိက ဘိက္ခုနီမ၏ သင်္ကန်း ကို 'ဘိက္ခုနီ၏ သင်္ကန်း' ဟူ၍ မသိသောကြောင့် မလဲလှယ်ပဲ ယူသော ရဟန်းအား အာပတ် သင့်-မသင့် အကြောင်းယုတ္တိ ပြည့်စုံစွာပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၁၂) သပိတ်၏ အဓိဋ္ဌာနုပဂ အင်္ဂါတို့ကို ညွှန်ပြပြီးလျှင်/ သပိတ်ကို တပါးတည်း အဓိဋ္ဌာန်တင်ခြင်း-သူတပါး၏ အထံ၌ အဓိဋ္ဌာန်တင်ခြင်း နှစ်မျိုးတို့တွင် သူတပါး၏ အထံ၌ အဓိဋ္ဌာန် တင်ခြင်းကြောင့် ရနိုင်သော အကျိုးတို့ကိုလည်း ညွှန်ပြခဲ့ပါ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### ( ၂ ) ဝိနယပိဋက ( ပါစိတ္တိယ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

### ၁၃၃၀ - ခုနှစ်၊ တပို့တွဲလဆန်း ၈ - ရက်။ ( ၂၅ - ၁ - ၆၉ )

——

( ၁ ) မုသာဝါဒဝဂ် ဩမသဝါဒ သိက္ခာပုဒ် လာ–ဥပသမ္ပန္နော ဥပသမ္ပန္နံ ခုံသေ·တုကာမော ဝမ္ဘေတုကာမော မင်္ကုကတ္တုကာမော ဟီနေန ဟီနံ ဝဒေတိ–ကို အဋ္ဌကထာအလိုကျ အနက်ယောဇနာ၍/လိုရင်း ပိဏ္ဍတ္ထကို ထုတ်ပြပြီးလျှင်/ယ ကာရေန ဝါ ဘ ကာရေန ဝါ ကာဋ္ဌကောဋ္ဌစိကာယ ဝါ ပါဠိတော်အရ ယ - အက္ခရာ ဘ - အက္ခရာဖြင့် လည်းကောင်း– ကာဋ္ဌကောဋ္ဌစိကာ ဖြင့်လည်းကောင်း- ဆဲရေးပုံများကို အယဉ်ကျေးဆုံး အသုံးအနှုန်းကို ရှာ၍ ရေးခဲ့ပါ။

( ၂ ) ပဒသောဓမ္မ သိက္ခာပုဒ် အရ သံဂါယနာ သုံးတန်သို့ မတင်သော ကုလုမ္ဗသုတ်, ရာဇောဝါဒသုတ်တို့ကို ပို့ချရာ၌ အာပတ် သင့် · မသင့်ကို ဖော်ပြ၍/'အရှင်ဘုရား–ရဟန္တာ ပါလား'ဟု ဒါယကာက မေးသောအခါ ' အိမ်း - ငါ ရဟန္တာဘဲ ' ဟု ဖြေဆိုသော ရဟန်းသည် ရဟန္တာ အစစ် ဟုတ် - မဟုတ် အဋ္ဌကထာအလိုနှင့် စိစစ်၍ ဆုံးဖြတ်ခဲ့ပါ။

( ၃ ) ဘူတဂါမ သိက္ခာပုဒ်၌ မူလဗီဇံ ၏ ပဒဘာဇနီ ပါဠိကို ရေး၍ / အောက်ပါ ရဟန်းတို့အား အဘယ် အာပတ် သင့်မည် - မသင့်မည် တို့ကို ခွဲခြားပြခဲ့ပါ။

( က ) ဘုရား၌ ပေါက်သော ရေညှိကို ပွတ်သော ရဟန်း။

( ခ ) သောက်ရေအိုး အပြင်က ရေညှိကို ပွတ်သော ရဟန်း။

( ဂ ) သောက်ရေအိုး အတွင်းက ရေညှိကို ပွတ်သော ရဟန်း။

( ဃ ) မုံ့မှာ တက်သော မှိုကို ပွတ်သော ရဟန်း။

( ၄ ) ဘူတဂါမဝဂ် အနုပခဇ္ဇ သိက္ခာပုဒ်၌ ဇာနံ ပုဗ္ဗုပဂတံ–၌ ဇာနံ - အရ သိပုံကို ဖော်ပြ၍ / အညဿ ပုဂ္ဂလိကေ အာပတ္တိ ဒုက္ကဋဿ ဟူသော ပါဠိတော်နှင့် တတ္တ အနာ·ပတ္တိ ဟူသော အဋ္ဌကထာတို့ မဆန့်ကျင်ရအောင် အကြောင်းရှာ၍ ညှိနှိုင်းပြခဲ့ပါ။

( ၅ ) ပါတိမောက္ခုဒ္ဒေသက ရဟန်းသည်ပင် ဩဝါဒပဋိဂ္ဂါဟက ရဟန်းဖြစ်ခဲ့ပါလျှင် ဘိက္ခုသံဃဥပုသ် ပြုရာ၌ ဩဝါဒ ပုဗ္ဗကိစ္စကို ပြောကြား ပြုလုပ်ရပုံ အစီအစဉ်ကို ရေးသားပြီးလျှင် / အဇ္ဇတဂ္ဂေ ဩဝဒ္ဓော ဘိက္ခုနီနံ ဘိက္ခူသု ဝစနပထော ဟူသော ဂရုဓမ္မအရ ရဟန်းမိမ္မတို့က ရဟန်းယောကျ်ားတို့အား ပြောဆို သင့်သောအရာ - မပြောဆိုသင့်သော အရာ တို့ကို ခွဲခြားရေးသားခဲ့ပါ။

( ၆ ) ဩဝါဒဝဂ် ရဟောနိသဇ္ဇ သိက္ခာပုဒ် လာ–ဣဒ္ဓိ သိက္ခာပဒံ ဒုတိယာ နိယတေန စ ဥပရိ ဥပနန္ဒာ စတုတ္ထသိက္ခာပဒေန စ သဒ္ဓိံ ကေပရိစ္ဆေဒံ ဟူသော အဋ္ဌကထာစကား၌ အဘယ်ဝဂ်လာ သိက္ခာပုဒ်ကို ရည်ရွယ်၍ စတုတ္ထသိက္ခာပဒ ဟု ဖွင့်ပြပါသနည်း၊ စတုတ္ထဖြစ်ပုံ သချာအရေအတွက်နှင့် တကွ ဖော်ပြပြီးလျှင် / အထက်၌ ပညတ်လတ်သော သိက္ခာပုဒ်နှင့် တူပါလျက် ဤသိက္ခာပုဒ်ကို အဘယ့်ကြောင့် ပဌမပညတ်တော်မူပါသနည်း၊ ရှင်းပြခဲ့ပါ။

( ၇ ) ဆွမ်းခံသွားစဉ် လေဟုန်ဖြင့် ကျလာသော မြူမှုံသည် သပိတ်တွင်းသို့ ကျရာ၌ အဘယ်အပြစ်ကို ပယ်လို၍ အနုပသမ္ပန္နဿ ဒဿာမိ တိ သုဒ္ဓစိတ္တေန အာဘောဂံ ကတွာ ဂဏှိတုံ ဝဋ္ဋတိ ဟု အဋ္ဌကထာဆရာ ဖွင့်ပြပါသနည်း/ထိုသို့ အာဘောဂ မပြုဘဲ ခံယူလာသော ဆွမ်းကို အကပ်ခံ၍ သုံးဆောင် အပ် · မအပ် ဆုံးဖြတ်ခဲ့ပါ။

( ၈ ) အောက်ပါ ရဟန်းတို့အား အာပတ် သင့်-မသင့်၊ သင့်လျှင် မည်သည့် အာပတ်ဟု ဆုံးဖြတ်ခဲ့ပါ။

(က) လူနို့ရည်ကို ဆေး အဖြစ် သောက်သော ရဟန်း။

(ခ) လူသွေးကို ဆေး အဖြစ် သောက်သော ရဟန်း။

(ဂ) လူရိုးမှုန့်ကို ဆေး အဖြစ် လျက်သော ရဟန်း။

(ဃ) လူရိုးပြာကို ဆေး အဖြစ် လျက်သော ရဟန်း။

( ၉ ) ရတန သိက္ခာပုဒ် လာ ရတန အရ, ရတနသမ္မတ အရ တို့ကို ပဒဘာဇနီ ထောက်၍ ကောက်ပြပြီးလျှင်/အနာပတ္တိ ရတနသမ္မတံ ဝိဿာသံ ဂဏှာတိ ၌ အဘယ် ရတန သမ္မတကို ယူရမည်ကိုလည်း ညွှန်ပြခဲ့ပါ။

( ၁၀ ) စတုတ္ထ ပါဋိဒေသနီ သိက္ခာပုဒ် လာ အပ္ပဋိသံဝိဒိတ ၏ ဘေဒ ကို အဓိပ္ပာယ်နှင့် တကွ ညွှန်ပြပြီးလျှင်/ ဘိက္ခုနီ စတုတ္ထပါရာဇိက လာ မေထုန ဓမ္မ ၏ ပုဗ္ဗဘာဂ သိက္ခာပုဒ်တို့ကိုလည်း ရေးသားခဲ့ပါ။

( ၁၁ ) ဘိက္ခုနီ တတိယ သံဃာဒိသိသ် သိက္ခာပုဒ် အရ တိုက်ခမ်း တခုတည်း၏ အတွင်း၌ ဟတ္ထပါသ်ကင်း၍ နေသော ဘိက္ခုနီမတို့အား ရတ္တိဝိပ္ပဝါသ အာပါတ်သင့်-မသင့်အကြောင်းပြ၍ ဆုံးဖြတ်ပြီးလျှင် / ဘုရားရှင်သည် ‘ စတုက္ကံသပရမံ စေတာပေတဗ္ဗံ ဟူ၍ အဘယ် ပဝါရိတ အစွမ်းဖြင့် အဘယ် အကြောင်းကြောင့် ခွင့်ပြုအပ်သည်ကိုလည်း ရေးသားခဲ့ပါ။

( ၁၂ ) အန္ဓကာရဝဂ် ဒုတိယ နှင့် တတိယ သိက္ခာပုဒ် လာ ပဋိစ္ဆန္န အဇ္ဈောကာသ အရပ်တို့ကို ညွှန်ပြပြီးလျှင်/ဂဗ္ဘိနီဝဂ် အဋ္ဌမ နှင့် နဝမ သိက္ခာပုဒ်လာ နေဝ အနုဂ္ဂဏှေယျ၊ နာနုဗန္ဓေယျ - တို့၌ ချီးမြှောက်ရမည့် လုပ်ကျွေးရမည့် အရာဝတ္ထုတို့ကိုလည်း ညွှန်းပြခဲ့ပါ။

၁၀–မှတ်စိ

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၃) ဝိနယပိဋက (မဟာဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၀ - ခုနှစ်၊ တပို့တွဲလဆန်း (၉) ရက် (၂၆ - ၁ - ၆၉)

---

(၁) ဗောဓိကထာ၌ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ - စသော ဥဒါန်း သုံးခုတို့သည် အဘယ်၏ အစွမ်းအားဖြင့် ဖြစ်ပေါ်လာသည်ကို ဖော်ပြ၍/ သူရိယောဝ ဩဘာသယ မန္တလိက္ခံ - ဟူသော ဥဒါန်းစကားကို ဥပမာန, ဥပမေယျ စပ်ဟပ်၍ ပြခဲ့ပါ။

(၂) ပဗ္ဗဇ္ဇာကထာ ၌ ရှင်ပြုပေးနိုင်သော သူများကို ဖော်ပြ၍/ သက်န်းပေးနိုင်သော သူ, ဆံပင်ရိတ်နိုင်သော သူများကိုလည်း ပြည့်စုံအောင် ရေးသားခဲ့ပါ။

(၃) ဉတ္တာယိက ဝတ္ထုကထာ၌ အဘယ့်ကြောင့် ဉတ္တာယိက မည်သည်ကို ပြည့်စုံစွာ ဖော်ပြ၍/အမိ ကျွန်မ အဘ ကျွန် မဟုတ်သူ၏ သားကိုလည်းကောင်း—အမိ ကျွန်မ မဟုတ် အဘသာ ကျွန်ဖြစ်သော သူ၏ သားကိုလည်းကောင်း - ရှင်ရဟန်း ပြုပေးကောင်း - ပြုမပေးကောင်းကိုလည်း ခွဲခြား၍ ပြခဲ့ပါ။

(၄) ဟတ္ထစ္ဆိန္နာဒိ ဝတ္ထုကထာ ၌ ခုဇ္ဇ - အရ ခါးကုန်းသောသူ, ခါးမကုန်းသောသူတို့ကို ဖော်ပြ၍ / ဝါမန – အရ ဝါမန သုံးမျိုးကိုလည်း ရေတွက်ပြခဲ့ပါ။

(၅) သမ္ပဇာန မုသာဝါဒေ ပါ ပနာ ယသ္မန္တော အန္တရာယိကော ဓမ္မော ဝုတ္တော ဘဂဝတာ - အရ သမ္ပဇာန မုသာဝါဒ အာပတ်သည် ဈာန် မဂ် ဖိုလ် တရားတို့ကို ရခြင်းငှာ အန္တရာယ်ပြုပုံ – အာဝိကာတာဟိဿ ဖာသု ဟောတိ - အရ အာဝိကရဏသည် ဈာန် မဂ်ဖိုလ် တရားတို့ကို ရခြင်းငှာ အန္တရာယ် မပြုပုံတို့ကို ပြည့်စုံစွာ အကျယ်အားဖြင့် ရေးသားခဲ့ပါ။

(၆) န ဘိက္ခဝေ သီမာယ သီမာ သမ္ဘိန္ဒိတဗ္ဗာ အဇ္ဈောတ္ထရိတဗ္ဗာ - ဟူသော ပညတ်တော်၌ သမ္ဘိန္ဒန နှင့် အဇ္ဈောတ္ထရဏ တို့၏ အဓိပ္ပာယ် ထူးခြားဟန်ကို ရေးသား ပြီး လျှင်/ သိမ်နိမိတ်ကို ကြားသောအခါ ထိုသိမ်၏ အပြင်ပ၌ တည်၍ ကြားအပ် - မကြားအပ် အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၇) သံဃာဥပုသ် ပြုနိုင်လောက်သော ရဟန်း အရေအတွက် ရှိသော ကျောင်း၌ နေသော ရဟန်းသည် သံဃဥပုသ် မပြုလို၍ အဓိဋ္ဌာန်ဥပုသ် ပြုရန် သိမ်တခုသို့ သွားအပ် - မသွားအပ် အကြောင်း လုံလောက်စွာ ပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၈) န ဘိက္ခဝေ အသေနာသနိကေန ဝဿံ ဥပဂန္တဗ္ဗံ - ၌ ဝါကပ်အပ်သော ကျောင်း၏ အင်္ဂါ - ဝါမကပ်အပ်သော ကျောင်း၏ အင်္ဂါတို့ကို ဖော်ပြပြီးလျှင်/ န ဘိက္ခဝေ ဆဝကုဋိကာယ ဝဿံ ဥပဂန္တဗ္ဗံ - ၌ အဘယ် ကုဋီမျိုးကို ဆဝကုဋီ ခေါ်သည်ဟု ရှင်းလင်းခဲ့ပါ။

(၉) ဘုရားရှင်သည် အဘယ် အကျိုးတို့ကို ရည်ရွယ်၍ ရဟန်းတို့အား ပဝါရဏာ ပြုခွင့်ကို ပေးပါသနည်း၊ ညွှန်ပြပြီးလျှင်/ သဗ္ဗသင်္ဂါဟိက ဥတ်ထားသော ကမ္မဝါစာ၌ ပဝါရဏာဌပနကထာ လာ — ဌပိတ, အဌပိတ ကာလ နှစ်မျိုးဖြင့် ပိုင်းခြား ဝေဘန်၍ ပြခဲ့ပါ။

(၁၀) ကထိန်ဒါယကာ၏ ဝတ်တို့ကို အဋ္ဌကထာ အလိုကျ ညွှန်ပြပြီးလျှင် / ပံသုကူလေန အတ္ထတံ ဟောတိ ကထိနံ ၏ အဓိပ္ပာယ်ကိုလည်း ဝါဒစုံ ညွှန်ပြခဲ့ပါ။

(၁၁) စီဝရပဋိဂ္ဂါဟက သမ္မုတိပေးရမည့် ရဟန်း၏ အင်္ဂါတို့ကို အဋ္ဌကထာ အလိုကျ ညွှန်ပြပြီးလျှင် / သံဃိကစီဝရုပ္ပါဒကထာ လာ ရာဇဂြိုဟ်ပြည်၌ ဝါဆိုသော ရဟန်း သုံးပါးအား 'သံဃဿ ဒေမ' ဟူ၍ သင်္ကန်းကို လှူဒါန်းရာ၌ ပြုကျင့်ရမည့် အစီအရင်ကိုလည်း ညွှန်ပြခဲ့ပါ။

(၁၂) စမ္မေယျက္ခန္ဓက ဥတ္တိဝိပ္ပန္န ကမ္မဒိ ကထာ လာ—ကတမဥ္စ ဘိက္ခဝေ အဓမ္မကမ္မံ-၌ ဥတ္တိဒုတိယကံ၏ အဓမ္မကံ ဖြစ်ပုံကို ရေးသားပြီးလျှင် / ဤကထာ၌ ဥတ္တိကံ, အပလောကနကံတို့ကို ထည့်သွင်း၍ မပြခြင်း အကြောင်းတို့ကိုလည်း ရေးသားခဲ့ပါ။

၁၀–မှတ်စီ

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၄) ဝိနယပိဋက (စူဠဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၀ - ခုနှစ်၊ တပို့တွဲလဆန်း ၁၀ - ရက်။ (၂၇ - ၁ - ၆၉)

—

(၁) ပဗ္ဗာဇနီယ ကမ္မကထာ အာကင်္ခမာန စတုက္က လာ - ကာယိကေန မိစ္ဆာဇီဝေန သမန္နာဂတော ဟောတိ၊ ဝါစသိကေန မိစ္ဆာဇီဝေန သမန္နာဂတော ဟောတိ ဟူသော ပါဠိ၌ ပါရှိသည့် ကာယိကမိစ္ဆာဇီဝ, ဝါစသိကမိစ္ဆာဇီဝ တို့၏ အဓိပ္ပာယ်ကို ရေးသားဖော်ပြ၍/အာကင်္ခမာနစတုက္က လာ ဂိဟီနံ ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ ပါဠိကို အာခါရ ထည့်သွင်း၍ အနက် ယောဇနာခဲ့ပါ။

(၂) ပါရိဝါသိကဝတ္တကထာ၌ အာဂန္တုကဿ အာရောစေတဗ္ဗံအရ ညအခါလာပြီး ညအခါတွင် ပြန်သွားသော အာဂန္တုက ရဟန်းကို မသိလိုက်သော ပါရိဝါသိက ရဟန်းအား ရတ္တိစ္ဆေဒ ဖြစ် - မဖြစ်–ဒုက္ကဋ်အာပတ် သင့် – မသင့်တို့ကို အကြောင်းပြ၍ စိစစ်ပြီးလျှင် / ဤအတိုင်း မသိဘဲ အဗ္ဘာန်သွင်းမိလျှင် အဗ္ဘာနကံ မြောက် – မမြောက် ကိုလည်း ဆုံးဖြတ်ခဲ့ပါ။

(၃) ပရိဝါသ် ကြားရာ၌ အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ဟူ၍လည်းကောင်း၊ အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသော အာပတ္တိယော အာပဇ္ဇိံ ဟူ၍လည်းကောင်း ကြားနိုင် မကြားနိုင် ခွဲခြားပြ၍ / အာပတ်ကို သဇာတိ သာခါရဏ အမည်· သဗ္ဗသာဓာရဏ အမည်ဖြင့် ခေါ်ပုံ ဥဒါဟရဏ်တခုစီ ထုတ်ပြပါ။

(၄) အဓိကရဏဝူပသမန သမထကထာ သမ္မုခါဝိနယ ၌ ဇဝံ သုပရိဂ္ဂဟိတံ ခေါ ဘိက္ခဝေ ကတ္ဝာ အာဝါသိကေဟိ ဘိက္ခူဟိ တံ အဓိကရဏံ သမ္ပဋိစ္ဆိတဗ္ဗံ အရ အဓိကရုဏ်းကို လက်ခံပြီးနောက် ပြုလုပ်ရမည့် အစီအစဉ်ကို အဋ္ဌကထာ အလိုကျ ညွှန်ပြ၍/ သေဘုယျသိကဝိနယ လာ–ယထာ ဗဟုတရာ ဘိက္ခူ ဓမ္မဝါဒိနော ဝဒန္တိ ပါဠိအရ အဘယ် မျှလောက် များသည်ကို ဗဟုတရာဘိက္ခူ ခေါ်သည် ဟုလည်း ရေးခဲ့ပါ။

(၅) ရှင်ဒဗ္ဗအား သေနာသနပညာပက ဘတ္တုဒ္ဒေသက သမုတိပေးသော ကမ္မဝါစာ ပါဠိ၌ ဣမံ အာယသ္မန္တံ ဒဗ္ဗံ ဟု မဆိုခြင်းကြောင့် ထိုသမုတိကံကို အသမ္မုခါ ကရဏီယကံ ဟု ဆိုသင့် - မဆိုသင့် အကြောင်းယုတ္တိ ပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၆) ယောသော ဘိက္ခဝေ ဘိက္ခု ကောဓနော ဟောတိ ဥပနာဟီ၊ ဓမ္မေ ပိ အဂါရဝေါ သံဃေ ပိ အဂါရဝေါ အရ တရားတော်၌ အဂါရဝဖြစ်ပုံကို စုံလင်စွာ ဖော်ပြပြီးလျှင်/ရဟန်းတပါးတည်း၌အဂါရဝအမှု ပြုမိခဲ့လျှင်သံဃေအဂါရဝ ဖြစ် - မဖြစ် ယုတ္တိပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၇) ကုသိုလ်စိတ်ဖြင့် သင့်နိုင်သော ဓမ္မဒေသနာ အာပတ်စသည် ထင်ရှားရှိပါလျက် နတ္ထိ အာပတ္တာဓိကရဏံ ကုသလံ ဟု ဟောတော်မူရာ၌ သန္ဓာယဘာသိတ အဓိပ္ပာယ်ကို ရေးသားပြီးလျှင် / ယံ အဇာနန္တော အသဉ္စာနန္တော အစေစ္စ အနဘိဝိတရိတွာ ဝီတိက္ကမော ဣဒံ ဝုစ္စတိ အာပတ္တာဓိကရဏံ ဟူသော ပါဠိတော်၏ အဓိပ္ပာယ်ကိုလည်း စုံလင်စွာ ရေးသားခဲ့ပါ။

(၈) ဖလ်ခွက်ကို ရဟန်းတို့ သောက်ရေခွက် အဖြစ်ဖြင့် သုံးအပ်-မသုံးအပ်၊ ပုဂ္ဂလိက ပရိဘောဂ, သံဃိကပရိဘောဂ, ဂိဟိဝိကဋ သုံးဌာနအားဖြင့် ဝေဘန်ပြီးလျှင် / မြတ်စွာ ဘုရားအား လှူဒါန်း ပူဇော်ရန် ရည်စူး၍ မိမိ၏လက်ချောင်းကို ဖြတ်လျှင် အာပတ် သင့် · မသင့်—သင့်လျှင် အဘယ် အာပတ်ဟု ဆုံးဖြတ်ခဲ့ပါ။

(၉) သေနာသနက္ခန္ဓက—သေနာသနံ အပညတ္တံ ဟောတိ · ၌ သေနာသန၏ ဘေဒ, အဓိပ္ပာယ, အဓိပ္ပေတ - တို့ကို ညွှန်ပြပြီးလျှင်/ဂမိယဘတ္တ ကထာ၌ ခရီးသွားမည်ဟူ၍ စား သော ရဟန်းသည် ထိုနေ့၌ ကိစ္စ တစုံတခုကြောင့် မသွားဖြစ်ခဲ့သော် နောက်တနေ့၌ ဂမိယဘတ်ကို စားအပ်-မစားအပ် ကိုလည်း အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

(၁၀) သံဃဘေဒကက္ခန္ဓက—အာစိဏ္ဏံ အနာစိဏ္ဏန္တိ ဒီပေတိ · ၌ သုတ္တန္တပရိယာယ အားဖြင့် အာစိဏ္ဏ အနာစိဏ္ဏ ဖြစ်ပုံကို ညွှန်ပြပြီးလျှင်/(ပဌမ)အတေကိစ္ဆ သံဃဘေဒက ပုဂ္ဂိုလ် ဖြစ်ပုံကိုလည်း ပါဠိတော်အရ ရေးသားခဲ့ပါ။

(၁၁) ဘတ္တဂ္ဂဝတ္တကထာ လာ · န တာဝ ထေရေန ဘုဥ္စိတဗ္ဗံ - ၌ အဘယ် ဘတ္တဂ္ဂ ကို ရည်ရွယ်၍ ဆိုပါသနည်း၊ အပ်သော ဘတ္တဂ္ဂ, မအပ်သော ဘတ္တဂ္ဂ တို့ကို ညွှန်းပြပြီး လျှင်/ပိဏ္ဍစာရိက ရဟန်း၏ ဆွမ်းလောင်းစဉ် ပြုကျင့်ရမည့် ဝတ်တို့ကိုလည်း ရေးသားခဲ့ပါ။

(၁၂) ရဟန်းယောက်ျားသည် ရဟန်းမိန်းမ၏ အန္တရာယိက ဓမ္မ တို့ကို မေးကောင်း- မမေးကောင်း အထောက်သာဓက ယုတ္တိပြ၍ ဖြေဆိုပြီးလျှင် / ဒုတေနုပသမ္ပဒါ · ၌ ရဟန်း တို့၏ ကမ္မဝါစာ ဘတ်ရွတ်ချိန် - ပြီးဆုံးချိန်၌ အဝေး၌ ရှိသော ရဟန်းလောင်း ဘိက္ခုနီမ သည် အိပ်ပျော်၍ နေခဲ့သော် ရဟန်းဖြစ်-မဖြစ်ကိုလည်း ဆုံးဖြတ်ခဲ့ပါ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၅) ဝိနယပိဋက (ပရိဝါရ) ပါဠိ + အဋ္ဌကထာ မေးခွန်း

### ၁၃၃၀ - ခုနှစ် တပို့တွဲလဆန်း (၁၁) ရက်။ (၂၀ - ၁ - ၆၉)

—

(၁) ကတ္တပညတ္တိဝါရ နိဿဂ္ဂိ ရူပိယ သိက္ခာပုဒ်ကို အရပ်, ပုဂ္ဂိုလ်, ဝတ္ထုတို့ဖြင့် ဝေဘန်ပြပြီးလျှင်/အာဒိန္နံ အာဒိယန္တော ကတိ အာပတ္တိယော အာပဇ္ဇတိ ပုစ္ဆာ အရ သင့်နိုင်သော အာပတ်များကို သင့်ပုံနှင့် တကွ ရေတွက်ပြခဲ့ပါ။

(၂) အောက်ပါ ပုစ္ဆာ ပါဠိတို့၏ ဝိသဇ္ဇနာ ပါဠိများကို ဆက်လက် ရေးသားခဲ့ပါ။

(က) မေထုနံ ဓမ္မံ ပဋိသေဝနပစ္စယာ အာပတ္တိယော စတုန္နံ ဝိပတ္တီနံ ကတိ-အာပတ္တိယော ဘဇန္တိ (ဝိပတ္တိဝါရ)။

(ခ) မေထုနံ ဓမ္မံ ပဋိသေဝနပစ္စယာ ကတိအာပတ္တိယော အာပဇ္ဇတိ (သမုစ္စယဝါရ)။

(၃) ကေတ္တရိကနယ ဧကကဝါရ လာ ထုလ္လဝဇ္ဇာ အာပတ္တိ ဇာနိတဗ္ဗာ အထုလ္လဝဇ္ဇာ အာပတ္တိ ဇာနိတဗ္ဗာ - အရ ထုလ္လဝဇ္ဇ အာပတ်, အထုလ္လဝဇ္ဇအာပတ်များကို ကောက်ပြ၍/ ဥပနံ ဇာနိတဗ္ဗံ - ၏ အဓိပ္ပာယ်ကိုလည်း ရေးသားခဲ့ပါ။

(၄) အောက်ပါတို့၏ သင့်ရောက်နိုင်သော အာပတ်များကို အသီးသီး ထုတ်ပြပါ။

(က) အတ္တာပတ္တိ ဆိန္ဒန္တော အာပဇ္ဇတိ

(ခ) အတ္တာပတ္တိ န ဆိန္ဒန္တော အာပဇ္ဇတိ

(ဂ) အတ္တာပတ္တိ ဆာဒေန္တော အာပဇ္ဇတိ

(ဃ) အတ္တာပတ္တိ န ဆာဒေန္တော အာပဇ္ဇတိ

(င) အတ္တာပတ္တိ ဓာရေန္တော အာပဇ္ဇတိ

(၅) အတ္တာပတ္တိ ဗာလော အာပဇ္ဇတိ၊ နော ပဏ္ဍိတော-စသော တိကဝါရချဉ် မိုက်သော ရဟန်းအားသာ သင့်သောအာပတ်, ပညာရှိသော ရဟန်းအားသာ သင့်သော အာပတ်,

နှစ်ပါးစုံသော ရဟန်းအား သင့်သော အာပတ်တို့ကို ခွဲခြားပြပြီးလျှင် / ဂိလာန ရဟန်းအားသာ သင့်သော အာပတ်ကို သင့်ပုံနှင့် တကွ ဖော်ပြခဲ့ပါ။

(၆) အဘ္ဗာပတ္တိ သကဝါစာယ အာပဇ္ဇတိ ပရဝါစာယ ဝုဋ္ဌာတိ အဘ္ဗာပတ္တိ ပရဝါစာယ အာပဇ္ဇတိ သကဝါစာယ ဝုဋ္ဌာတိ - ၌ အဘယ် အာပတ်များဟု ညွှန်ပြပြီးလျှင်/ ရှိခိုးခြင်းငှာသာ ထိုက်၍ ခရီးဦးကြို မပြုထိုက်သော ပုဂ္ဂိုလ်, ခရီးဦးကြို ပြုခြင်းငှာ ထိုက်၍ ရှိမခိုးထိုက်သော ပုဂ္ဂိုလ်တို့ကိုလည်း ရေးသား ဖော်ပြခဲ့ပါ။

(၇) အဓိကရဏသ မူလံ ဇာနာတိ၊ အဓိကရဏသမုဒယံ ဇာနာတိ - ၌ သုံးဆယ့်သုံးပါးသော အဓိကရဏမူလ, အဓိကရဏသမုဒယ - တို့ကို အကျဉ်းနည်းအားဖြင့် ရေတွက်ပြီးလျှင်/ အိမ်သို့ ကပ်သော ရဟန်း၏ အပြစ် ငါးပါးတို့ကို ရေတွက်ခဲ့ပါ။

(၈) ဆ သာမိစိယော ၌ သာမိစိ ခြောက်ပါးကို ရေတွက်ပြီးလျှင် / စတုန္နံ ဈာနာနံ အာဘိစေတသိကာနံ ဒိဋ္ဌဓမ္မသုခဝိဟာရာနံ နိကာမလာဘီ ဟောတိ - ၌ အာဘိစေတ, ဒိဋ္ဌဓမ္မ, သုခဝိဟာရ အရတို့ကို ကောက်ပြခဲ့ပါ။

(၉) ဂါထာသင်္ဂဏိကလာ ရဟန်း ယောကျ်ားတို့၏ ရဟန်း မိန်းမတို့ နှင့် မဆက်ဆံသော သိက္ခာပုဒ်တို့ကို ညွှန်ပြပြီးလျှင်/ နှစ်ဆယ့် သုံးပါးသော သံဃာဒိသိသ် အာပတ်တို့ကို ငြိမ်းစေနိုင်သော သမထ တို့ကိုလည်း ရေးသားခဲ့ပါ။

(၁၀) ဒုတိယမြောက် စေဒက ပုဂ္ဂိုလ်၏ မိမိကိုယ်ကို လောင်ကျွမ်း စေတတ်သော အင်္ဂါတို့ကို အဓိပ္ပာယ်နှင့် တကွ ညွှန်ပြပြီးလျှင်/ခဏ္ဍသိမ်၌ တည်နေသော ရဟန်းသည် သီမန္တရိက်၌ တည်နေသော ရဟန်းအား အာပတ်ကို ကြားခြင်းငှာ အပ် - မအပ်ကိုလည်း အထောက်ပြ၍ ဖြေဆိုခဲ့ပါ။

(၁၁) အလဇ္ဇီတာပစ္စကမှ တပါးဖြစ်သော အာပတ်သင့်ခြင်း အကြောင်းတို့ကို အဓိပ္ပာယ်နှင့် တကွ ညွှန်ပြပြီးလျှင်/ဥဒ္ဒာဟိက ဝဂ်လာ န ပုဗ္ဗာပရာကုသလော - ၌ ပုဗ္ဗာ ပရ - တို့၏ အရကိုလည်း ပြည့်စုံစွာ ထုတ်ပြခဲ့ပါ။

(၁၂) စတသော နဒီပါရပစ္စယာ - အရ သင့်နိုင်သော အာပတ်တို့ကို အကြောင်း ဝတ္ထုနှင့် တကွ ပြပြီးလျှင် / မရှေးမနှောင်း တပြိုင်နက် နာနာဝတ္ထုက ပါစိတ်အာပတ် ငါးမျိုး သင့်နိုင်ပုံ - ထိုအာပတ် ငါးမျိုးကို စကား တခွန်းတည်းဖြင့် ပြေပျောက်စေနိုင်ပုံ တို့ကိုလည်း ရှင်းလင်း ညွှန်ပြခဲ့ပါ။ ၁၀—မှတ်စီ

## ( ခ ) တိပိဋကဓရ သဘောဇရေးဖြေ စာမေးပွဲ

### ( ၁ ) ဝိနယပိဋက ( ပါရာဇိက ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၁ – ခုနှစ် ပြာသိုလဆန်း ( ၁၅ ) ရက်။ ( ၂၂ - ၁ - ၇၀ )

——

( ၁ ) ဝေရဥ္ဇကဏ္ဍ အာသဝက္ခယဉာဏကထာ - ၌ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ အဟောသိ ဖြင့် အဘယ်ကို ပြသည်ဟု ဖော်ပြ၍ / ခီဏာ ဇာတိ ( ပ ) နာပရံ ဣတ္ထတ္တာယာ တိ အဗ္ဘညာသိံ ပါဠိ၌ မြတ်စွာဘုရား၏ ဇာတိခီဏ ဖြစ်ပုံ, ထို ဇာတိခီဏ - ကို ထိုးထွင်း၍ သိပုံ များကို ရေးသားခဲ့ပါ။

( ၂ ) ဝေရဥ္ဇကဏ္ဍ ဝိနယပညတ္တိယာစန ကထာ - ၌ ယာဝ န သံဃေ ရတ္တညုမဟတ္တံ ပတ္တော ဟောတိ ပါဠိတွင် ပါသော ရတ္တညူ၏ အဓိပ္ပာယ်ကို ရေး၍ လိုရင်းကိုကောက်ပြပြီးလျှင် / သိက္ခာပုဒ် ပညတ်ရခြင်း၏ အကျိုးပြ ပါဠိတို့ကို အစ ငါးပုဒ်မျှ အဋ္ဌကထာ အလိုကျ အနက် ယောဇနာခဲ့ပါ။

( ၃ ) ယော နိမိတ္တေန နိမိတ္တံ ပဝေသေတိ– ပါဠိကို အဋ္ဌကထာ ဋီကာ အလိုကျ ဒုဝိညေယျ သုဝိညေယျ - အနက် ပေါ်အောင် ပေးပြခဲ့ပါ။

( ၄ ) စင်ကြယ်သော စိတ်ဖြင့် ယူလာသော သူတပါး ဥစ္စာကို ခိုးလိုသော စိတ် ဖြစ်ပေါ်လာ၍ ခိုးပေါ်သို့ ပစ်လိုက်သော ရဟန်းအား အဘယ် အာပတ် သင့်မည်ကို အထောက်ပြ၍ ဆုံးဖြတ်ပြီးလျှင် / အာဏတ္တိက နှင့် အတ္ထသာဓက အထူးကိုလည်း ရေးခဲ့ပါ။

( ၅ ) သဥ္စိစ္စာတိ ဇာနန္တော သဥ္ဇာနန္တော စေစ္စ အဘိဝိတရိတွာ ဝီတိက္ကမော ဟူသော ပဒဘာဇနီ ပါဠိတော်ကို ဗျဥ္ဇနေ အာဒရံ အကတွာ အတ္ထမေဝ ဒဿေတုံ ဇာနန္တော သဥ္ဇာနန္တော စသည်ဖြင့် အဋ္ဌကထာ ဖွင့်ပြရာ၌ သဒ္ဒါကို အလေးမမူပုံ ပေါ်လွင် ထင်ရှားအောင် ဖော်ပြ၍ / ဇာနန္တော သဥ္ဇာနန္တော ပုဒ်တို့၏ သိပုံ ထူးခြားချက်ကိုလည်း ရေးခဲ့ပါ။

( ၆ ) စတုတ္ထပါရာဇိက - ၌ အဘယ်ကို ပြလို၍ တတော အပရေန သမယေန ဟု ဟောတော်မူပါသနည်း–ဖော်ပြ၍ / အောက်ပါ ပုစ္ဆာတို့၏ အမည်များကိုလည်း ရေးခဲ့ပါ။

( က ) ကိံ တေ အဓိဂတံ

( ခ ) ကိန္တိ တေ အဓိဂတံ

( ဂ ) ကဒါ တေ အဓိဂတံ

( ဃ ) ကတ္ထ တေ အဓိဂတံ

( င ) ကတမေ တေ ကိလေသာ ပဟီနာ
( စ ) ကတမေသံ တုံ့ မမ္မာနံ လာဘီ

( ၇ ) ရဟန်းတပါးကို ရဟန်းတပါးက ပါရာဇိက အာပတ်ဖြင့် တမန်စေ၍ စွပ်စွဲရာ၌လည်းကောင်း စာရေး၍ စွပ်စွဲရာ၌လည်းကောင်း ပဌမ ဒုဋ္ဌဒေါသ သိက္ခာပုဒ်အရ အာပတ် သင့် မသင့်—စောဒေတိ ဝါ စောဒါပေတိ ဝါ—ဟူသော ပါဠိနှင့် ညှိ၍ ဆုံးဖြတ်ပြီးလျှင် / ပါရာဇိက ကျပြီးသော ရဟန်းကို တပါးသော ရဟန်းတို့က ရှိခိုး အပ် - မအပ် ဆုံးဖြတ်ခဲ့ပါ။

( ၈ ) ပဌမ သံဃဘေဒ သိက္ခာပုဒ်၌ ဘိက္ခုဟိ ဧဝ မဿ ဝစနီယောတိ အညေဟိ လဇ္ဇီဟိ ဘိက္ခုဟိ ဟု လဇ္ဇီရဟန်းကိုသာ အဋ္ဌကထာ ဖွင့်ပြခြင်း၏ ရည်ရွယ်ရင်း အာဘောဂကို ဖော်ပြ၍ / အလဇ္ဇီ ရဟန်းတို့သည် သံဃဘေဒအမှုကို ပြုနေသော ရဟန်းကို တွေ့မြင်ပါလျက် မဆိုဆုံးမဘဲ နေသော် အာပတ် သင့်–မသင့် ယုတ္တိသာဓက ပြ၍ ဆုံးဖြတ်ခဲ့ပါ။

( ၉ ) အကပ္ပိယ ဝေါဟာရေနာမ အလ္လဟရိတာနံ ကောဋ္ဋနံ ကောဋ္ဋာပနံ အာဝဇ္ဈိသ ခဏနံ ခဏာပနံ ဟူသော အဋ္ဌကထာ၌ ကိုယ်တိုင် ဖြတ်ခြင်း တွင်းတူးခြင်းတို့သည် အဘယ့်ကြောင့် အကပ္ပိယ ဝေါဟာရ မည်ပါသနည်း၊ ရှင်းပြပြီးလျှင် / မြတ်စွာဘုရားအား ပူဇော်ရန် ရည်သန်၍ ပန်းတို့ကို သီကုန်း အပ် – မအပ် အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

( ၁၀ ) မိုးဃ်းရေခံ သင်္ကန်းသည် မိုးဃ်းလေးလကို လွန်သော အခါ၌ အလိုလို အဓိဋ္ဌာန် စွန့်ပြီး ဖြစ်ပါလျက် တတောပရံ ပစ္စုဒ္ဓရိတွာ ဝိကပ္ပေတဗ္ဗာ ဟု အဋ္ဌကထာ ဖွင့်ပြခြင်း၏ အဓိပ္ပာယ်ကို ရေးပြီးလျှင် / ကထိန်သင်္ကန်းသည် ကထိန်လ ကုန်ဆုံးသော အခါ၌လည်းကောင်း မိုးဃ်းရေခံ သင်္ကန်းသည် မိုးဃ်းလ ကုန်ဆုံးသော အခါ၌လည်းကောင်း ဒသာဟပရိဟာရ ရ-မရ အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

( ၁၁ ) ရူပိယသိက္ခာပုဒ်၌ နိဿဇ္ဇိတဗ္ဗံ သံဃဿ ဝါ ဂဏဿ ဝါ ပုဂ္ဂလဿ ဝါ- ဟု ဟောတော်မမူဘဲ အဘယ်ကို ပြလို၍ သံဃမဇ္ဈေ နိဿဇ္ဇိတဗ္ဗံ ဟု ဟောတော်မူပါသနည်း ရှင်းပြပြီးလျှင် / မအပ်သောနည်းဖြင့် အလှူခံ ထားအပ်သော ရွှေငွေဖြင့် အပ်သော ပစ္စည်းကို လဲလှယ်၍ ဝိနည်းကံအရ သံဃာအား စွန့်ပြီးသော် ထိုပစ္စည်းကို အလှူခံသော ရဟန်းနှင့် အခြားသော ရဟန်းတို့သည် သုံးဆောင် အပ် - မအပ် ဆုံးဖြတ်ခဲ့ပါ။

( ၁၂ ) ကယဝိက္ကယ သိက္ခာပုဒ်အရ အာပတ် မသင့်အောင် ကိုယ်တိုင် ဝယ်ပုံကို ဖော်ပြ၍ / ကပ္ပိယ ဘဏ္ဍံ ပရိဝတ္တေန္တေန အညာတကေဟိ သဒ္ဓိံ တိဿော အာပတ္တိယော မောစေန္တေန ပရိဝတ္တေတဗ္ဗံ ဟူသော အဋ္ဌကထာအရ လွတ်စေရမည့် အာပတ်သုံးမျိုးတို့ကို ဖော်ပြခဲ့ပါ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၂) ဝိနယပိဋက (ပါစိတ္တိယ) ပါဠိ + အဋ္ဌကထာ မေးခွန်း
### ၁၃၃၁-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ - ရက်၊ (၂၃-၁-၇၀)

---

(၁) ဩမသဝါဒ သိက္ခာပုဒ်၌ ရယ်မြူးလိုသဖြင့် ပါဠိတော်၌ မလာသော ဆဲရေးခြင်းမျိုးဖြင့်လည်းကောင်း၊ မျက်ကွယ်၌လည်းကောင်း ဆဲရေးခဲ့သော် အဘယ် အာပတ်သင့်မည် ဟု အကြောင်း ယုတ္တိပြ၍ ဆုံးဖြတ်ပြီးလျှင် / ဘိက္ခု ဘိက္ခုနီ အာဒယော သဒ္ဒသတ္ထာ အနုပသမ္ပန္နေ ဌိတာ ဟူသော အဋ္ဌကထာ ၌ သဗ္ဗသဒ္ဒာ အရ တိရစ္ဆာန်များ ပါသင့် မပါသင့်ကိုလည်း ညွှန်ကြားခဲ့ပါ။

(၂) ရေကန်ကို တူးလော့ ဟု ဆိုသော ရဟန်းအား အာပတ် သင့်-မသင့် အဋ္ဌကထာ ဋီကာ နှိုင်းခြင့်၍ ဆုံးဖြတ်ပြီးလျှင် / ဣမံ ဝလ္လိံ ခဏ ဟု ဆိုသော ရဟန်းအား အဘယ် သိက္ခာပုဒ်ဖြင့် အဘယ် အာပတ် သင့်မည်ကိုလည်း ညွှန်ပြခဲ့ပါ။

(၃) အပ်အောင် ပြုပြီးသော ချင်းစိမ်းကို အေးသော နေရာ၌ ထားသောအခါ အမြစ်သော်လည်းကောင်း အညွှန့်သော်လည်းကောင်း ထွက်ခဲ့သော် လှီးဖြတ်ကောင်းမည့် နေရာကို ညွှန်ပြ၍ / ထို ချင်းစိမ်းကို မလှီးဖြတ်ရမည့် အခါကိုလည်း ဖော်ပြခဲ့ပါ။

(၄) ဆရာဘည့်ဘို၏ ဉာတိက ဘိက္ခုနီမ၏ သက်နီးကို ဆရာတို့က အညာတိက အဖြစ် လှည့်ပတ်၍ တပည့်တို့အား ချုပ်ခိုင်းရာ၌ ဆရာတပည့်တို့အား အဘယ် အာပတ်များ သင့်သည်ဟု အကြောင်းပြ၍ ညွှန်ပြပြီးလျှင် /ဤ စီဝရသိဗ္ဗန သိက္ခာပုဒ်၏ အနာပတ္တိပြ ပါဠိများကိုလည်း ရေးသားခဲ့ပါ။

(၅) ပရမ္ပရဘောဇန သိက္ခာပုဒ်၌ နို့ရည်ကို အစဉ် မဟုတ်သောအားဖြင့် သောက်ကောင်း - မသောက်ကောင်း အကြောင်းပြ၍ ရေးသားပြီးလျှင် / မြတ်စွာဘုရားအား ဝိကပ္ပနာ ပြုခြင်းငှာ အပ် - မအပ်ကိုလည်း အကြောင်းနှင့် တကွ ဖော်ပြပါ။

(၆) မြတ်စွာဘုရားသည် ကံကို ဖျက်ဆီးနိုင် - မဖျက်ဆီးနိုင်၊ ကံကို ပြည့်စုံစေနိုင် - မပြည့်စုံစေနိုင် အကြောင်းပြ၍ ဖြေပြီးလျှင် / ကာဏမာတု သိက္ခာပုဒ်၌ ပူဝ, မန္ထ ပုဒ်တို့၏ ပဒဘာဇနီ ပါဠိများကိုလည်း အနက်ယောဇနာခဲ့ပါ။

(၇) ပဟာရ သိက္ခာပုဒ်လာ အနာပတ္တိ အရများကို စုံလင်စွာ ဖော်ပြ၍ /မိမိအား ရန်မူနေသော ရန်သူကို ဤ သိက္ခာပုဒ်ဖြင့် အာပတ် မသင့်အောင် အဘယ်သို့ ရိုက်နှက်ပါမည်နည်း၊ အဋ္ဌကထာအလိုကျ ဖော်ပြခဲ့ပါ။

(၈) သေခိယ သမသူပက သိက္ခာပုဒ် ၌ သူပေါနာမ မုဂ္ဂသူပေါ မာသသူပေါ ဟတ္ထဟာရိယော ဟု ပဲဟင်းနှစ်မျိုးကိုသာ ပြဆိုထားရာ အခြား ပဲဟင်းမျိုးတို့ကို ယူသင့် - မယူသင့် ဆုံးဖြတ်ပြီးလျှင် /အနာပတ္တိလာ ရသ - ရသေ အရကိုလည်း ရေးသားခဲ့ပါ။

(၉) ဆရာဖြစ်သော မထေရ်ကြီးသည် မြင့်သော နေရာ၌ နေ၍ နိမ့်သော နေရာ၌ နေသော တပည့် ထေရ်ငယ် ရဟန်းအား အတ္တကောသလ္လ ဖြစ်စေရန်မေးသော အမေး ပြဿနာကို တပည့်ထေရ်ငယ် ရဟန်းသည် ဖြေဆိုအပ် - မအပ် ဆုံးဖြတ်ပြီးလျှင်/ခရီးလမ်း မဟုတ်ပဲ သွားနေသော ရဟန်းသည် ခရီးလမ်း မဟုတ်ပဲ သွားနေသော သူအား တရားဟောအပ် - မဟောအပ်ကိုလည်း ဆုံးဖြတ်ခဲ့ပါ။

(၁၀) ဝဇ္ဇပဋိစ္ဆာဒိက ပါရာဇိကသည် နောက်ဆုံး ပညတ်တော်မူသော ပါရာဇိက ဖြစ်သောကြောင့် နောက်ဆုံး ပါရာဇိကအရာ၌ ထားသင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် ဒုတိယ ပါရာဇိကအရာ၌ ထားပါသနည်း၊ ရှင်းပြပြီးလျှင်/ဤ ဝဇ္ဇပဋိစ္ဆာဒိက ပါရာဇိက အာပတ်သည် အတ္ထုပ္ပတ္တိအား လျော်စွာ ဂေဟာသိတပေမကြောင့် ဖြစ်သင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် ဒုက္ခဝေဒနံ ဟုအဋ္ဌကထာဆရာ ဖွင့်ပြပါသနည်း – ရှင်းပြခဲ့ပါ။

(၁၁) ဘိက္ခုနီ ပဉ္စမ သံဃာဒိသေသ သိက္ခာပုဒ်လာ အဝဿုတ ပဉ္စမ သံဃာဒိသေသ အဝဿုတ၌ အဘယ်သို့သော အဝဿုတ၌ အာပတ်သင့်၍ အဘယ်သို့သော အဝဿုတ၌ အာပတ် မသင့်ဟု ရှင်းပြပြီးလျှင် / အာရက္ခ ယာစတိ အရ တရားသော အစောင့်အရှောက် တောင်းပုံကိုလည်း ရေးသားခဲ့ပါ။

(၁၂) ကုမာရိဘူတဝဂ် ဧကာဒသမ သိက္ခာပုဒ်လာ ပါရိဝါသိက ဆန္ဒဒါနေနာတိ ဝုဋ္ဌိတာယ ပရိသာယ ၏ အဓိပ္ပာယ်ကို ရေးပြီးလျှင် / ကံမပြုတော့အံ့ ဟု ဓုရနိက္ခေပ ပြုပြီး မထသေးသော သံဃပရိသတ်၌ သံဃကံ ပြုအပ် - မပြုအပ်ကိုလည်း ဆုံးဖြတ်ခဲ့ပါ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၃) ဝိနယပိဋက (မဟာဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၁ - ခုနှစ် ပြာသိုလပြည့်ကျော် (၂) ရက်။ (၂၄-၁-၇၀)

---

(၁) မောဓိကထာ၌ တေမတ္တံ ဝိဒိတွာ ပါဠိ၏ ဆိုလိုရင်း အဓိပ္ပာယ်ကို ရေးသား ဖော်ပြ၍ / ယတော ပဇာနာတိ သဟေတု ဓမ္မံ ဟူသော ဥဒါန်း စကားကိုလည်း အဋ္ဌကထာနှင့် အညီ အနက်ယောဇနာခဲ့ပါ။

(၂) ပဉ္စဝဂ္ဂိယ ကထာ၌ သမ္ဗာဘိဘူ သဗ္ဗဝိဒူ သဗ္ဗေသု ဓမ္မေသု အနုပလိတ္တော သဗ္ဗဉ္ဇဟော ပုဒ်တို့၏ အဓိပ္ပာယ်များကို ရှင်းလင်းဖော်ပြ၍ / န မေ အာစရိယော အတ္ထိ ပါဠိကိုလည်း အဋ္ဌကထာ အလိုကျ အနက်ပေးခဲ့ပါ။

(၃) ဗုဒ္ဓံ ဂစ္ဆာမိ သရဏံ ဟူ၍ လည်းကောင်း ဗုဒ္ဓံ သရဏံ ဂစ္ဆာမိကို သုံးကြိမ် ဓမ္မံ သံဃံ တို့ကိုလည်း သုံးကြိမ်စီ ဆိုစေ၍ လည်းကောင်း သရဏဂုံ ပေးလျှင် အပေး မြောက်-မမြောက် ဆုံးဖြတ်၍/အဟံ ဘန္တေ သုမနော ယာဝဇီဝံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဟု သရဏဂုံ ပေးရမည် ဟူသော ဝါဒ သင့်-မသင့် အကြောင်းနှင့်တကွ ဖော်ပြပါ။

(၄) အညတိတ္ထိယ ပုဗ္ဗကထာ၌ ဣမာဟံ ဘိက္ခဝေ ဉာတီနံ အာဝေဏိကံ ပရိဟာရံ ဒမ္မိ ဟု အဆွေအမျိုးတို့အား သီးခြား အခွင့်အရေး ပေးရခြင်း အကြောင်းကို ရှင်းလင်း ဖော်ပြ၍/တကြိမ် သီလပျက်ပြီးသော ဘိက္ခုနီမကို ဖျက်ဆီးသော သာမဏေ၊ သိက္ခမာန် သာမဏေရီ တို့၌ ဖောက်ပြန်၍ ကျင့်သော သာမဏေတို့အား ဘိက္ခုနီဒူသက ဖြစ်-မဖြစ်၊ ရှင်ရဟန်းအဖြစ်ကို ရ-မရ တို့ကိုလည်း စီစစ်ပြခဲ့ပါ။

(၅) သိမ် သမုတ်ကောင်းသော နေရာများကို ဖော်ပြ၍ / ပြာသာဒ် အထက်၌ သိမ်သမုတ်ပုံ အစီအရင်များကိုလည်း ရေးသားခဲ့ပါ။

(၆) သိမ် နှုတ်ရခြင်း အကြောင်း နှစ်ပါးကို ရေးသားဖော်ပြ၍/သမုတ်ပြီးသော သိမ်များ ပျက်ရခြင်း အကြောင်း နှစ်ပါးကိုလည်း ရှာဖွေ ဖော်ပြပါ။

(၇) အနုဇာနာမိ ဘိက္ခဝေ ဝသာနိ ဘေသဇ္ဇာနိ - အရ အဆီ ဆေးများကို ပါဠိလာ ရှိသည့်အတိုင်း ထုတ်ပြ၍ / ပါဠိအာဂတ အဆီမှတပါး အခြား အပ်သော အဆီ

များကို ပါဠိနှင့် ညှိ၍ ထုတ်ပြပြီးလျှင် / တေလပရိဘောဂေန ဘုဥ္ဇိတုံ・ဖြင့် အဘယ် အဓိပ္ပာယ်ကို ရည်ရွယ်တော် မူပါသနည်း၊ ရှင်းပြခဲ့ပါ။

(၈) အန္တောဝုတ္ထ အန္တောပက္က သာမံပက္က မုခသန္နိဓိ - တို့၏ အဓိပ္ပာယ်ကို ဆိုင်ရာ ကာလိကနှင့် တွဲစပ် ရေးပြီးလျှင်/ဘိက္ခုနီမ တို့၏ ကျောင်းသည် ရဟန်း ယောကျ်ား တို့၏ ကပ္ပိယကုဋိ ဖြစ်-မဖြစ် စိစစ်ခဲ့ပါ။

(၉) ဉတ္တိ ပါနာဒိ အနုဇာနန္တေန ဉာမေပိ စတ္တာရော ရသာ အနုညာတာ ဟူသော အဋ္ဌကထာအရ ခွင့်ပြုတော် မူအပ်သော ရသ・ခွင့်ပြုတော် မမူအပ်သော ရသ တို့ကို ပါဠိမှ ထုတ်ပြပြီးလျှင် / ဥစ္ဆုရသသည် ကာလိက လေးပါးတွင် အဘယ် ကာလိက ဖြစ်သင့်ပါသနည်း။

(၁၀) အနုဇာနာမိ ဘိက္ခဝေ ဆ ရဇနာနိ ၌ ခြောက်ပါးသော ဆိုးရေတို့ကို ဖော်ပြပြီးလျှင် / အပ်သော ဆိုးရေ・မအပ်သော ဆိုးရေတို့ကို ခွဲခြား ဖော်ပြခဲ့ပါ။

(၁၁) နစ ဘိက္ခဝေ သဒ္ဓါဒေယျံ ဝိနိပါတေတဗ္ဗံ၊ ယော ဝိနိပါတေယျ အာပတ္တိ ဒုက္ကဋဿ ၌ သဒ္ဓါဒေယျ ဝိနိပါတန ဖြစ်ပုံ - မဖြစ်ပုံကို ရေးသားပြီးလျှင်/ ပဉ္စိမေ ဘိက္ခဝေ ပစ္စယာ သံဃာဋိယာ နိက္ခေပါယ ၌ ငါးပါးသော အကြောင်း တို့တွင် လိုရင်း ပဓာန ပမာဏ ဖြစ်သော အကြောင်းကိုလည်း ဖော်ပြခဲ့ပါ။

(၁၂) ဒွေမာ ဘိက္ခဝေ နိဿာရဏာ အတ္ထိ ဘိက္ခဝေ ပုဂ္ဂလော အပ္ပတ္တော နိဿာရဏံ၊ တဉ္စေ သံဃော နိဿာရေတိ ဧကစ္စော သုနိဿာရိတော ဟူသော စကား ကို အဘယ်ကံကို ရည်ရွယ်၍ ဟောတော်မူပါသနည်း၊ အကြောင်းနှင့် တကွ ဖော်ပြပြီး လျှင်/ အပ္ပတ္တ သုနိဿာရိတ ဖြစ်ပုံကိုလည်း ဖော်ပြခဲ့ပါ။ ၁၀-မှတ်စီ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၄) ဝိနယပိဋက (စူဠဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၁-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃- ရက်။ (၂၅-၁-၇၀)

---

(၁) ကမ္မက္ခန္ဓက ပဋိသာရဏီယကမ္မကထာ လာ ဧကာစ ခေါ ဣမေ နတ္ထိ ယဒိဒံ တိလသံဂုဠိကာ ဟူသော ပါဠိတော်၏ အဓိပ္ပာယ်ကို ရေးသားဖော်ပြ၍/ကုက္ကုဋပေါတက နှင့် ရှင်သုဓမ္မ တူပုံကိုလည်း ဥပမာန ဥပမေယျ ဟပ်ပြခဲ့ပါ။

(၂) ပါရိဝါသိက ဝတ္တကထာ ၌ အညာဝါတာဒိသိကာ တတော ဝါ ပါပိဋ္ဌတရာ ပုဒ်တို့၏ အရများကို အသီးသီး ကောက်ပြ၍/ လောကဝဇ္ဇသိက္ခာပုဒ် ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်တို့၌ ဝတ္ထု နှင့် အာပတ်တို့၏ ပါပိဋ္ဌ, ပါပိဋ္ဌတရ ဖြစ်ပုံများကိုလည်း ခွဲခြား ဝေဖန်ပြခဲ့ပါ။

(၃) ပရိဝါသကထာ ၌ ဒေသနာကြား သွားဘို့ရာ အန္တရာယ်ရှိနေ၍ အန္တရာယ်ရှိသည် ဟု အမှတ်ရှိလျက် ဖုံးလွှမ်းခဲ့သော် ဖုံးလွှမ်းရာ ရောက် - မရောက် အကြောင်းပြ၍ ညွှန်ကြားပြီးလျှင် / အာပတ် ဖုံးလွှမ်းခြင်း အကြောင်း ၁၀ · ပါးကိုလည်း ရေတွက်ပြခဲ့ပါ။

(၄) အဓိကရဏ ကထာ ၌ အဓိကရဏ သာ မည်၍ ဝိဝါဒ မမည်သော တရားများကို အကြောင်းနှင့် တကွ ဖော်ပြ၍/ အဓိကရဏလည်းမည် ဝိဝါဒလည်း မည်သော တရားများကိုလည်း ထုတ်ပြခဲ့ပါ။

(၅) ခုဒ္ဒကဝတ္ထု ကထာ ၌ အကတမလ္လကံ ဥက္ကာသိက ပုထုပါဏိက ပုဒ်တို့ကို မြန်မာ ပြန်ဆို၍ ကဏ္ဍသုတ္တက၏ အဓိပ္ပာယ်ကိုလည်း ရေးသားခဲ့ပါ။

(၆) သေနာသနက္ခန္ဓက ဝိဟာရာနုဇာနန ကထာ ၌ သဗ္ဗာ အာသတ္တိယော ဆေတွာ ဟာဒယေဒရံ ပုဒ်တို့၏ အဓိပ္ပာယ်ကို ရေးသား၍ / အာဒေယျဝါစော ပုဒ်၏ ဆိုလိုရင်း ပိဏ္ဍတ္ထကိုလည်း ရေးခဲ့ပါ။

(၇) အဘယ် အကျိုးငှာ အဘယ်နေ့ ပက္ခတို့၌ ပေးလှူအပ်သော ဆွမ်းကို ပက္ခိကဘတ် ခေါ်ပါသနည်း - ရှင်းပြပြီးလျှင် / သလာကဘတ် နှင့် ပက္ခိကဘတ် တို့သည်

အရေအတွက်များ၍ ရဟန်း အရေအတွက် နည်းခဲ့သော် ဘတ္တုဒ္ဒေသက ရဟန်းသည် အဘယ်ဘတ်ကို ခံယူစေအပ်ပါမည်နည်း၊ ရှင်းပြခဲ့ပါ။

(၈) အဋ္ဌဟိ ဘိက္ခဝေ အသုဒ္ဓမ္မေဟိ အဘိဘူတော ပရိယာဒိန္နစိတ္တော ဒေဝဒတ္တော အာပါယိကော ၌ အဋ္ဌသရုပ်ကို ထုတ်ပြ၍/ ပရိယာဒိန္နစိတ္တော ၏ အဓိပ္ပာယ်ကိုလည်း သိသာထင်ရှားအောင် ရေးသားခဲ့ပါ။

(၉) စေတီယင်ပြင်ကို တံမြက်လှည်းနေသော အာဝါသိက ရဟန်းသည် ရောက်လာသော အာဂန္တုက ရဟန်းအား နေရာခင်းခြင်း စသော ဝတ်ကို ပြုပါလျှင် အာဂန္တုက ရဟန်းသည် အဘယ်သို့ ပြောဆိုပြုကျင့်ရမည်· ဂိလာန ဖြစ်နေသော အာဝါသိကသည် အာဂန္တုက ရဟန်းအား ဝတ်မပြုကျင့်ဘဲ နေလျှင် အပ်မည် - မအပ်မည်တို့ကို ဆုံးဖြတ်ခဲ့ပါ။

(၁၀) န ထေရေ ဘိက္ခူ အနုပခဇ္ဇ နိသီဒိတဗ္ဗံ အရ ဆွမ်းစားကျောင်း၌ မထေရ်ကြီးတို့ကို မတိုးမဝှေ့ဘဲ ထိုင်ပုံကို ဖော်ပြပြီးလျှင် / မထေရ်ကြီးအား မပန်ကြားဘဲ ရဟန်းတို့ကို ရေတွက်၍ ခင်းထားသော နေရာ၌ ထိုင်သော မထေရ်ငယ်အားလည်းကောင်း ပန်ကြားပါလျက် ခွင့်မပြုသော မထေရ်ကြီးအားလည်းကောင်း အာပတ် သင့် - မသင့် ဆုံးဖြတ်ခဲ့ပါ။

(၁၁) ဝစ္စကုဋ္ဌိ ဝတ်လာ န အာစမ န သရာဝကေ ဥဒကံ သေသေတဗ္ဗံ ဟူသော ကျင့်ဝတ်ကို အဘယ်နေရာ ဌာနမျိုးရှိ ဝစ္စကုဋိ၌ ပြုကျင့်ရပါမည်နည်း၊ ဖော်ပြ၍/ ထိုဝတ်ကို မပြုကျင့်ဘဲ နေကောင်းသော ဝစ္စကုဋ္ဌိကိုလည်း ညွှန်းပြခဲ့ပါ။

(၁၂) ဘိက္ခုနုပဿမ္ဘဒ ကံ ပြုရာ၌ ရဟန်းယောကျ်ားတို့ကဲ့သို့ နိဿယ လေးပါး မကြားရဘဲ ဣမိဿာ တယော စ နိဿယေ ဟု နိဿယသုံးပါး ကိုသာ အဘယ့်ကြောင့် ကြားရပါသနည်း၊ ရှင်းပြပြီးလျှင်/ အနုဇာနာမိ ဘိက္ခဝေ ဘတ္တဂ္ဂေ အဋ္ဌန္နံ ဘိက္ခုနီနံ ယထာဝုဍ္ဍံ၊ အဝသေသာနံ ယထာဂတိကံ၏ အဓိပ္ပာယ်ကိုလည်း ရေးခဲ့ပါ။

၁၀–မှတ်စီ။

## ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### ( ၅ ) ဝိနယပိဋက (ပရိဝါ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၁-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ - ရက်။ ( ၂၆-၁-၇၀ )

—

( ၁ ) ကတ္ထပညတ္တိ ဝါရ၌ ဥဒ္ဒေသပနကေ ခိယျနကေ ပါစိတ္တိယံ၊ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ၊ ကိသ္မိံ ဝတ္ထုသ္မိံ - ဟူသော ပုစ္ဆာများ၏ အဖြေ ဝိသဇ္ဇနာများကို ရေးသား၍/ ထို သိက္ခာပုဒ်ကို လွန်ကျူးက အဘယ် အာပတ်များကို သင့်နိုင်သည်ကိုလည်း ကတာပတ္တိဝါရနှင့် စပ်၍ ဖြေဆိုခဲ့ပါ။

( ၂ ) ကတိပုစ္ဆာ ဝါရ၌ ကတိ သာရဏီယာဓမ္မာ ပုစ္ဆာကို သင်္ချာမျှ ဖြေပြ၍ / ပဉ္စဟိ အာပတ္တိက္ခန္ဓေဟိ အာရတိ ဝိရတိ ပဋိဝိရတိ ဝေရမဏီ အကိရိယာ အကရဏံ ပါဠိကိုလည်း အဋ္ဌကထာ အဖွင့်နှင့် အညီ အနက် ယောဇနာခဲ့ပါ။

( ၃ ) ကတိပုစ္ဆာ ဝါရ၌ပင် ကတိ အဂါရဝါ ပုစ္ဆာ၏ ဝိတ္ထာရ ဝိသဇ္ဇနာ ပါဠိကို ရေးသားပြီးလျှင် / ဗုဒ္ဓ အဂါရဝ ဖြစ်ပုံများကိုလည်း အဋ္ဌကထာနှင့် အညီ ရေးသားခဲ့ပါ။

( ၄ ) ကေတ္တရိကနယ စတုက္ကဝါရ - ၌ စတ္တာရော သာမုက္ကံသာ ၏ အဓိပ္ပာယ်ကို ရေးသားပြီးလျှင် / ရေကို အကပ်မခံဘဲ သောက်ကောင်း - မသောက်ကောင်း အကြောင်း ပြ၍ ဆုံးဖြတ်ခဲ့ပါ။

( ၅ ) အဋ္ဌာနိသံသာ ဝိနယဓရေ - ၌ အဋ္ဌ အာနိသံသ အရ ကောက်ပြပြီးလျှင် / ဝိကပ္ပန သိက္ခာပုဒ်ဖြင့် ဝိကပ္ပနာ ပြုရန် ခွင့်ပြုတော်မူပြီးပါလျက် န ဝ စီဝရာနိ အဓိဋ္ဌာတဗ္ဗာနိ န ဝိကပ္ပေတဗ္ဗာနိ ဟု ဆိုရာ၌ ဝဒန္တ အာဘော်ကို ရှင်းလင်း ဖော်ပြခဲ့ပါ။

( ၆ ) ဒသအတ္ထဝသေ ပဋိစ္စ တထာဂတေန သာဝကာနံ သိက္ခာပဒံ ပညတ္တံ သံဃ-သုဋ္ဌုတာယ - ၏ အဓိပ္ပာယ်ကို ပြည့်စုံစွာ ရေးသားပြီးလျှင် / အတ္ထသတံ ဓမ္မသတံ ဒွေစ နိရုတ္တိသတာနိ ၌ အတ္ထတရာ, ဓမ္မတရာ, နိရုတ္တိနှစ်ရာ ဖြစ်ပုံကို အကျဉ်းနည်းအားဖြင့် ရေးသားခဲ့ပါ။

( ၇ ) ကေတ္တရိကနယ ကောဒသက ဝါရ လာ အာသေဝိတာယ ဘာဝိတာယ ဗဟု-လီကတာယ ယာနီကတာယ ဝတ္ထုကတာယ - ပုဒ်တို့ကို မြန်မာဘာသာ ပြန်ဆို၍ / ဥတ္တရိ **အပ္ပဋိဝိဇ္ဈန္တော** ပုဒ်၏ **အဓိပ္ပာယ်ကိုလည်း** ရေးသားခဲ့ပါ။

(၈) ဂါထာသင်္ဂဟက လာ ဆန္ဒမတိဝဿတိ ဝိဝဋ္ဋံ နာတိဝဿတိ ပုဒ်တို့၏ အဓိပ္ပာယ်ကို သိသာ ထင်ရှားအောင် ဥပမာန, ဥပမေယျတို့ဖြင့် စုံလင်စွာ ထည့်စွက် ဖြေကြားခဲ့ပါ။

(၉) သတ္တန္နံ သမထာနံ ကတမေ ဆတ္တိံသ သမုဋ္ဌာနာ = ၌ ဆတ္တိံသ = အရ ရေတွက်ပြပြီးလျှင် /. သမုဋ္ဌာန် မရကောင်းသော သမထကိုလည်း အကြောင်းနှင့် တကွ ဖော်ပြခဲ့ပါ။

(၁၀) စူဠသင်္ဂါမ လာ အဝေရဝသိကေန ဘဝိတဗ္ဗံ အနသုရုသုတ္တေန-၏ အဓိပ္ပာယ်ကို ရေးပြီးလျှင် / မဟာသင်္ဂါမ လာ မေထုနဓမ္မသ္သ ပုဗ္ဗဘာဂေါ ဇာနိတဗ္ဗောတိ ဝဏ္ဏာ- ဝဏ္ဏော-၌ ဝဏ္ဏာဝဏ္ဏော-ဖြင့် အဘယ် သိက္ခာပုဒ်ကို ဆိုသည်၊ အဘယ်သို့ ဝဏ္ဏအဝဏ္ဏ ဖြစ်သည် - တို့ကို စုံလင်စွာ ရေးသားခဲ့ပါ။

(၁၁) အတ္တာပတ္တိကုသလစိတ္တော အာပဇ္ဇတိ အကုသလစိတ္တော ဝုဋ္ဌာတိ အတ္တာပတ္တိ- အကုသလစိတ္တော အာပဇ္ဇတိ ကုသလစိတ္တော ဝုဋ္ဌာတိ-ဟူသော ပါဠိ၏ အဓိပ္ပာယ်ကို ထင်ရှားအောင် ရေးသားပြီးလျှင် / ပဉ္စသတ္တတိ သေခိယာ ကတိဟိ သမုဋ္ဌာနေဟိ သမု- ဋ္ဌန္တိ-၏ ဝိသဇ္ဇနာကိုလည်း ရေးသားခဲ့ပါ။

(၁၂) အောက်ပါ သေဒမောစန ဂါထာ၏ သန္ဓာယဘာသိတ ကို ဖော်ပြခဲ့ပါ။

ဏ္ဍတ္ထီ စ အဗ္ဘန္တရေ သိယာ၊ ဘိက္ခု စ ဗဟိဒ္ဓါ သိယာ။
ဆိဒ္ဒံ တသ္မိံ ဃရေ နတ္ထိ၊ မေထုနဓမ္မ ပစ္စယာ။
ကထံ ပါရာဇိကော သိယာ၊ ပဉှာ မေသာ ကုသလေဟိ စိန္တိတာ။

၁၀—မှတ်စီ။

# (ခ) တိပိဋကဓရ သဓ္ဘာဓရေးဖြေ စာမေးပွဲ

## (၁) ဝိနယပိဋက (ပါရာဇိက) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၃ - ခုနှစ်၊ တပို့တွဲလဆန်း ၆ - ရက်။ (၂၁ - ၁ - ၇၂)

——

(၁) ဘိက္ခု ပုဗ္ဗဏှသမယံ နိဝါသေတွာ ပါဠိတော်၌ ပုဗ္ဗဏှသမယံကို နှစ်နည်း အနက် ယောဇနာ၍/ပတ္တစီဝရမာဒါယ ၌ သပိတ် သင်္ကန်းကို အဘယ်သို့ ဆောင်ယူ သည်ကိုလည်း ဖော်ပြခဲ့ပါ။

(၂) အရိဋ္ဌ လာဠုဒါယီ တို့အား ခေါ်သော မောဃပုရိသ—ဓနိယ ဥပသေန တို့ အား ခေါ်သော မောဃပုရိသ—ရှင်သုဒိန်အား ခေါ်သော မောဃပုရိသ တို့၏ ထူးခြား ဟန်ကို ဖော်ပြ၍/ ဗိဇကမာတာ၏ အရဟတ္တဖိုလ် တည်သော အခါကိုလည်း ညွှန်ပြခဲ့ပါ။

(၃) ပဌမပါရာဇိက ဝိနီတဝတ္ထု ဒွါရ ဝိဝရိတွာ နိပန္နဝတ္ထု၌ သစေ ပဗုဇ္ဈိတွာ ပုန သုပတိ အာပတ္တိ ဟူသော အဋ္ဌကထာဝယ် အာပတ်သင့်ရခြင်း အကြောင်းကို ဖော်ပြ၍ / ထိုအာပတ်သည် အဘယ်သမုဋ္ဌာန်ကြောင့် သင့်သည်ဟုလည်း ညွှန်ကြားပါ။

(၄) ဒုတိယ ပါရာဇိက ၌ သူတပါးတို့၏ ဥစ္စာသည် တည်ရာဌာန သဘောရှိသော ကြောင့် ဂါမေ ဝါ အရညေ ဝါ ဟု ဟောသင့်လျက် အဘယ် အကျိုးငှာ ဂါမာ ဝါ အရညာ ဝါ ဟု ဟောတော်မူရသည် ကိုလည်း ရေးသားခဲ့ပါ။

(၅) မရည်ရွယ်ဘဲ တူးထားသော တွင်း၌ ဘီလူးအသွင် ပြိတ္တာအသွင်ဖြင့် ကျ၍ တိရစ္ဆာန်အသွင်ဖြင့် သေရာ၌ အဘယ် အာပတ်သင့်မည်ဟု အကြောင်းပြ၍ ဆုံးဖြတ် ခဲ့ပါ။

(၆) မနောမယကို ငါ ရ၏ ဟု ဆိုသော ရဟန်းအား ပါရာဇိကသို့ ရောက် - မ ရောက် အကြောင်းပြနှင့် တကွ နာနာဝါဒ သွင်းပြီး ရှင်းလင်းခဲ့ပါ။

(၇) သုက္ကဝိဿဋ္ဌိ သိက္ခာပုဒ်၌ မောစနဿာဒ မုစ္စနဿာဒ မုတ္တဿာဒ တို့တွင် အဘယ်သည် သံဃာဒိသိသ် အာပတ် သင့်ခြင်း၏ အကြောင်း အင်္ဂါ ဖြစ်သင့် သည်ဟု ဖော်ပြပြီးလျှင်/ဤသုက္ကဝိဿဋ္ဌိ သိက္ခာပုဒ်သည် သာဏတ္တိက ဖြစ်သင့် - မဖြစ်သင့် ကို လည်း ဝိနီတ သာမဏေရ ဝတ္ထု လာ—ဟေိ မေ တွံ အာဝုသော သာမဏေရ အစရှိ သော စကားနှင့် ညှိနှိုင်းလျက် ဆုံးဖြတ်ခဲ့ပါ။

( ၈ ) ကာယသံသဂ္ဂသိက္ခာပုဒ်—ပဒဘာဇနီ၌ ဉဘတော ဗျဉ္ဇနကကို အဘယ့်ကြောင့် ဟောတော်မမူသည်–မနုဿဉဘတောဗျည်း၌ ကာယသံသဂ္ဂ ရာဂဖြင့် သုံးသပ်သော ရဟန်း အား အဘယ်အာပတ် သင့်သည်တို့ကို အကြောင်းပြ ဆုံးဖြတ်ပြီးလျှင်/မိမ္မ တက်စီးနေ သော လှေကို သာရတ္တစိတ် ရှိ၍ လက်ဖြင့် လှုပ်စေသော ရဟန်းအား ကာယေန ကာယ ပဋိဗဒ္ဓံ အာမသတိ အရ ထုလ္လစဉ်းအာပတ် သင့် - မသင့်ကိုလည်း အကြောင်းယုတ္တိ ပြ၍ ဆုံးဖြတ်ခဲ့ပါ။

( ၉ ) ကုဋိကာရ သိက္ခာပုဒ်လာ–ဘိက္ခုသမာဒိသိတ္ဗာ ပက္ကမတိ အာပတ္တိကာရကာနံ တိဏ္ဏံ ဒုက္ကဋာနံ ဟူသော ပါဠိတော် နှင့် အနာပတ္တိ အညာတတ္တာယ ဟူသော ပါဠိတော် တို့ကို မဆန့်ကျင်အောင် အဓိပ္ပာယ် ရှင်းလင်း ဖော်ပြပြီးလျှင် / မိမိလည်း နေရန် - ဉပုသ် အိမ်လည်း ဖြစ်ရန် ပမာဏာတိက္ကန္တကုဋိ ကို ပြုသော ရဟန်းအား အာပတ် သင့် – မသင့် ကိုလည်း ဝါသာဂါရံ ဌပေတွာ သဗ္ဗတ္ထ ဟူသော စကားနှင့် ညှိနှိုင်း ဆုံးဖြတ်ခဲ့ပါ။

( ၁၀ ) ဂန္ထနာဒီသု သဗ္ဗာပိ ဆပုပ္ဖဝိကတိယော ဝေဒိတဗ္ဗာ ဟူသော အဋ္ဌကထာ အရ ခြောက်မျိုးသော ပန်းကုံးတို့ကို အဓိပ္ပာယ် နှင့် တကွ ရေးပြပြီးလျှင် / ထိုပန်းကုံး တို့ ကို ပြုလုပ်စေရာ၌ ကပ္ပိယဝစန - အကပ္ပိယ ဝစနတို့ကိုလည်း ခွဲခြား ရေးသားခဲ့ပါ။

( ၁၁ ) တတိယ ကထိနသိက္ခာပုဒ်၌ – တတော စေ ဥတ္တရိ နိက္ခိပေယျ သတိယာပိ ပစ္စာသာယ ဟူသော မာတိကာ၏ ပဒဘာဇနီကို မာသပရမတော စေ ဥတ္တရိ နိက္ခိပေယျ ဟု ဟောတော် မူသင့်လျက် အဘယ် အဓိပ္ပာယ်ထူးကို ပြလို၍ တဒဟုပ္ပန္နေ မူလစီဝရေ ပစ္စာသာစီဝရံ ဉပ္ပဇ္ဇတိ စသည်ဖြင့် ဟောတော်မူပါသနည်း၊ ရှင်းလင်း ဖော်ပြပြီးလျှင် / တလပြည့်သော နေ့၌ ရသော ပစ္စာသာသင်္ကန်းသည် ဒသာဟပရိဟာရ ရနိုင် - မရနိုင်ကို လည်း စိစစ်ပြခဲ့ပါ။

( ၁၂ ) အညာတက ဝိညတ္တိ သိက္ခာပုဒ်လာ—အာယသ္မတာ ဉပါလိနာ အနုယုဥ္ဇိ-ယမာနာ အရ ရဟန်း ဟုတ် - မဟုတ် စိစစ် မေးမြန်းပုံကို အဋ္ဌကထာ အလိုကျ ဖော်ပြ၍ / အနာပတ္တိ လာ အညာတတ္တာယ ၏ အဓိပ္ပာယ်ကိုလည်း အဋ္ဌကထာဝါဒ – ဋီကာဝါဒ ခွဲ ခြား၍ ရေးသားခဲ့ပါ။ ၁၀–မှတ်စီ။

## (ခ) တိပိဋကဓရ သမဘာဓရ ရေးဖြေ စာမေးပွဲ

### (၂) ဝိနယပိဋက (ပါစိတ္တိယ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၃-ခုနှစ်၊ တပို့တွဲလဆန်း ၇- ရက်၊ (၂၂–၁–၇၂)

——

(၁) သဟသေယျသိက္ခာပုဒ် အနာပတ္တိဝါရ လာ တတိယာယရတ္တိယာ ပုရာရုဏာ နိက္ခမိတွာ ပုန ဝသတိ ပါဠိတော် အရ အကယ်၍ တတိယမြောက်ညဉ့် ပင် အရုဏ်မတက်မီ ထွက်မသွားဘဲ အရုဏ်မတက်မီ ထ၍ အမိုးတွင်းမှာ ပြန်၍ နေလျှင် အာပတ် သင့်-မသင့်ကို ဆုံးဖြတ်၍ / စူဠင်္ဂ ဥပစာ ယေဘုယျ အရတို့ကိုလည်း ခွဲခြား ဝေဘန်ပြခဲ့ပါ။

(၂) မိမိ စားလိုသဖြင့် အသီး ရှိသော သစ်ခက်ကို ညွတ်ပေးကောင်း - မပေးကောင်း၊ သာမဏေကို မြှောက်ချီပေး၍ အသီးကို ခူးခိုင်းကောင်း -မခိုင်းကောင်း၊ အသီးရှိသော အုန်းပင်တွင် ဆူးခက်တို့ကို ဝိုင်းအုံ၍ တင်ထားကောင်း – မထားကောင်းတို့ကို ခွဲခြား ဝေဖန်ပြခဲ့ပါ။

(၃) ဘူတဂါမဝဂ် ဥဇ္ဈာပနကသိက္ခာပုဒ်လာ အနုပသမ္ပန္နံ သံဃေန သမ္မတံ ဝါ အသမ္မတံ ဝါ ဟူသော ပါဠိတော်၏ အဓိပ္ပာယ်ကို အဋ္ဌကထာ အလိုကျ ရှင်းလင်း ဖော်ပြခဲ့ပါ။

(၄) ဘိက္ခုနောဝါဒက သမ္မုတိ ရသော ရဟန်းသည် မိမိ ကျောင်း၌ ပြုလုပ် စီရင်ထားရမည့် အစီအစဉ်များကို ပါဠိတော်လာအတိုင်း ဖော်ပြ၍ / ဒုတိယံ ဂဟေတွာ နိသီဒိတဗ္ဗံ ပါဠိ အရ နေထိုင်ရမည့် နေရာများကိုလည်း ညွှန်ပြခဲ့ပါ။

(၅) ပရမ္ပရဘောဇနသိက္ခာပုဒ်၌ ဥပသကာကြီး တယောက်က ရဟန်းတပါးကို ပင့်ဘိတ်ပြီးလျှင် ဥပသကာကြီးနှင့် တကွ သား မယား မောင်နှမ တစုတို့က ရဟန်း၏ သပိတ်အတွင်း ဆွမ်းကို စုပေါင်း၍ လှူကြရာ ဥပသကာကြီး ပဌမ လှူသော ဆွမ်းကို မစားမိဘဲ နောက်လှူသော ဆွမ်းများကို စားမိသော ရဟန်းအား အာပတ် သင့် - မသင့် ဝါဒန္တရ ပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၆) ရဟန်းတပါးကို ဆွမ်းလှူသောအခါ အနားတွင် ရှိသော နောက်တပါးက လက်ဖြင့် သပိတ်ကို ဖုံးပိတ်ရာ၌ ပဝါရိတ် ဖြစ် - မဖြစ် အကြောင်းပြ၍ ဖြေပြီးလျှင်/ ပဋိက္ခေပေါ ပညာယတိ ပါဠိ၏ အဓိပ္ပာယ်ကိုလည်း ရေးသားခဲ့ပါ။

( ၇ ) အရိဋ္ဌသိက္ခာပုဒ်လာ – တထာဟံ ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမိ အစရှိသော မိစ္ဆာအယူမှ တပါး နတ်ပြည် မရှိ ငရဲ မရှိ စသော မိစ္ဆာအယူဖြင့် ဟော ပြောနေသော ရဟန်းအား ဆိုဆုံးမ၍ မရခဲ့သော် ဤသိက္ခာပုဒ် အရ သမနုဘာသနကံ ပြုအပ် - မပြုအပ်၊ အာပတ် သင့် – မသင့် ယုတ္တိပြ၍ ဆုံးဖြတ်ပြီးလျှင် / အဘယ်သို့သော ပစ္စယပရိဘောဂသည် သစ္ဆန္ဒရာဂပရိဘောဂ နိစ္ဆန္ဒရာဂပရိဘောဂ မည်ပါသနည်း၊ ရှင်းလင်း ဖော်ပြခဲ့ပါ။

( ၈ ) ရတနသိက္ခာပုဒ်လာ – အဇ္ဈာရာမေဝါ အဇ္ဈာဝသထေဝါ- ၌ ရတနာများကို ကောက်ယူအပ်သော အရပ် - မကောက်ယူအပ်သော အရပ်များကို ခွဲခြားပြပြီးလျှင် / ခရီးသွားစဉ် လမ်း၌ တွေ့ရှိသော အသာမိက ရွှေ ငွေ ရတနာ၌ ပြုကျင့်ရမည့် အစီအစဉ် များကိုလည်း ပြည့်စုံစွာ ရေးသားခဲ့ပါ။

( ၉ ) တေန ခေါ ပန သမယေန ဘဂဝတာ ဘိက္ခူနံ နိသီဒနံ အနုညာတံ ဟော- တိ အရ နိသီဒိုင်ကို အဘယ်ပါဠိရပ်၌ အဘယ်သို့ ခွင့်ပြုတော်မူခဲ့ပါသနည်း၊ ရှင်းပြပြီး လျှင် /နိသီဒနသိက္ခာပုဒ်လာ နိသီဒန နှင့် စီဝရာပနိဓာန သိက္ခာပုဒ်လာ နိသီဒန နှစ် ပါးတို့ ထူး - မထူးကိုလည်း နိသီဒနံနာမ သဒသံ စုစ္စတိ ဟူသော ပဒဘာဇနီနှင့် ညှိ၍ ဆုံးဖြတ်ခဲ့ပါ။

( ၁၀ ) ပရိမဏ္ဍလံ နိဝါသေဿာမိ - ဖြင့် ပယ်မြစ်အပ်သော နိဝါသန ဒေါသတို့ကို အဓိပ္ပာယ်နှင့် တကွ ဖော်ပြပြီးလျှင် / သူပေါဒန ဝိညတ္တိ သိက္ခာပုဒ်လာ - သူပ အရကို လည်း ပြည့်စုံစွာ ကောက်ပြခဲ့ပါ။

( ၁၁ ) ပါရာဇိကခေတ် အင်္ဂါ၌ မေထုနရာဂဖြင့် ယောကျ်ား၏ သုံးသပ်ခြင်းကို ကာယသံသဂ္ဂရာဂဖြင့် သာယာသော ဘိက္ခုနီအားလည်းကောင်း ကာယသံသဂ္ဂရာဂဖြင့် ယောကျ်ား၏ သုံးသပ်ခြင်းကို မေထုနရာဂဖြင့် သာယာသော ဘိက္ခုနီအားလည်း ကောင်း သင့်သော အာပတ် အသီးသီးကို ဖော်ပြ၍ / အဋ္ဌဝတ္ထုက ပါရာဇိက သိက္ခာ ပုဒ်လာ - ဟတ္ထဂ္ဂဟဏံဝါ သံဃာဋိကဏ္ဏဂ္ဂဟဏံဝါ- ၌ ဟတ္ထ သံဃာဋိကဏ္ဏ အရတို့ကိုလည်း စုံလင်စွာ ကောက်ပြခဲ့ပါ။

( ၁၂ ) ဘိက္ခုနီ တတိယ သံဃာဒိသေသ သိက္ခာပုဒ် လာ – ဒဿနူပစာရံဝါ သဝ- နူပစာရံဝါ ဝိဇဟန္တိယာ - ၌ ဒဿနူပစာ သဝနူပစာ အရ ပိုင်းခြား ပြ၍ အာပတ်သင့် ပုံကို ဖော်ပြပြီးလျှင် / အတူတကွ ခရီးသွားကြသော ဘိက္ခုနီ နှစ်ယောက်တို့သည် လမ်း ဆုံရာ၌ တယောက် တလမ်း ခွဲ၍ သွားကြသော် အဘယ်ဘိက္ခုနီအား အာပတ်သင့်ပါ သနည်း၊ ယုတ္တိပြ၍ ဆုံးဖြတ်ခဲ့ပါ။

၁၀–မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၃) ဝိနယပိဋက (မဟာဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၃ - ခုနှစ်၊ တပို့တွဲလဆန်း (၈) ရက်။ (၂၃ - ၁ - ၇၂)

——

(၁) ပဗ္ဗဇ္ဇကထာ—၌ ဇေတံ ပဗ္ဗဇေဟိ၊ ပဗ္ဗဇေတွာ ပဗ္ဗာဇေတုံ န လဘတိ- ဟု အဘယ်ကို ရည်ရွယ်၍ အဋ္ဌကထာဆရာ ဆိုသည်ဟု ဖော်ပြ၍ / သာမဏေများ သုက္ကဝိ-ဿဋ္ဌိ စသော လောကဝဇ္ဇသိက္ခာပုဒ်များ လွန်ကျူးခဲ့သော် အဘယ် အပြစ်ထိုက်မည် ဟု အထောက်သာကေ ရှာဖွေ ပြ၍ ဆုံးဖြတ်ခဲ့ပါ၊

(၂) ကာကုဋ္ဌေဝက အရ ကျီးချောက်သော သူငယ်သည် လကျာလက်ဖြင့် ခဲကို မကိုင်ဘဲ လက်ဝဲလက်ဖြင့် ခဲကို ကိုင်ခြင်း၏ အကြောင်းကို ဖော်ပြ၍/ သုဒ္ဓေါဒနမင်းကြီး မြတ်စွာဘုရားထံ ဆုတောင်းသော အခါ ယာစဿု ဟု မဆိုဘဲ အတိက္ကန္တဝရာ ခေါ ဂေါတမ တထာဂတာ ဟု ဆိုခြင်း အကြောင်းကိုလည်း ရေးခဲ့ပါ။

(၃) မိဘမရှိ၍ မိကြီး မိထွေးတို့က စောင့်ရှောက်ထားသော သူငယ်ကို ရှင်ပြုလိုသော အခါ ပန်ကြားရမည် - မပန်ကြားရမည်ကို ဖော်ပြ၍/ အကယ်၍ မပန်ကြားဘဲ ရှင်ပြုခဲ့သော် အာပတ် သင့် - မသင့်ကိုလည်း ရေးသားခဲ့ပါ။

(၄) ဆဏ တောင်းယူအပ်သော သပိတ် သင်္ကန်းဖြင့် ရဟန်း ခံခဲ့သော် ဒုက္ကဋ် အာပတ်သာ သင့်၍ ကံ မပျက်ခြင်း အကြောင်းကို ဖော်ပြပြီးလျှင် / ရှင်လောင်းကို ခဏ တောင်းယူအပ်သော သပိတ် သင်္ကန်းဖြင့်၊ ရှင်ပြု ပေးကောင်း - မပေးကောင်းကိုလည်း ညွှန်ကြားခဲ့ပါ။

(၅) သိမ်နိမိတ် ကြားသော အခါ သံဃာကို သိမ်းသင့် - မသိမ်းသင့် အကြောင်း ပြ၍ ဆုံးဖြတ်ပြီးလျှင် / သိမ်နုတ်သောအခါလည်း သံဃာကို ထိမ်းရမည် - မထိမ်းရမည် အကြောင်းပြ၍ ဝိနိစ္ဆယ ချခဲ့ပါ။

(၆) ဥဒကုက္ခေပသိမ် နှင့် ဗဒ္ဓသိမ် စသည်တို့၏ အကြား၌ သိမန္တရိက် မထားရခြင်း အကြောင်းကို ဖော်ပြ၍ / နဒီနိမိတ် ပြု၍ ဖွဲ့အပ်သော ဗဒ္ဓသိမ်၌ သံဃာသည် ကံကို ပြုသည် ရှိသော် မြစ်၌လည်း ဂါမခေတ်နှင့် ထိ၍ တည်သော ဥဒကုက္ခေပသိမ်၌ တပါး သော သံဃာများ ကံပြုကောင်း - မပြုကောင်းကိုလည်း ဖြေကြားခဲ့ပါ။

( ၇ ) ဘေသဇ္ဇက္ခန္ဓက – ၌ ဂိလာနဿေဝ ဘဂဝတာ ဂုဠော အနုညာတော နော အဂိလာနဿ - ဟူသော စကားဖြင့် ဂုဠ်ကို ခွင့်ပြုပြီး ဖြစ်ကြောင်း ထင်ရှားနေပါလျက် တဖန် အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ ဂုဠံ အဂိလာနဿ ဂုဠောဒကံ - ဟု ခွင့်ပြုတော်မူခြင်းဖြင့် အဘယ်သို့သော အဓိပ္ပာယ်ထူးကို သိစေတော်မူပါသနည်း၊ ရှင်းပြပြီးလျှင်/ ဂုဠောဒကသည် ကာလိကလေးပါးတို့တွင် အဘယ် ကာလိက ဖြစ်ပါသနည်း၊ ယုတ္တိပြ၍ ဆုံးဖြတ်ခဲ့ပါ။

( ၈ ) ပုရိမဝါ ကပ်ခဲ့သော သာမဏေသည် ပစ္ဆိမဝါ၌ ရဟန်း ဖြစ်ခဲ့သော် ပုရိမ ပဝါရဏာနေ့၌ ပဝါရဏာ ပြုသင့် - မသင့်၊ ကထိန်အာနိသင် ရ - မရကို ရှင်းပြပြီးလျှင် / နသန္နိဓိကတေန – ၌ သန္နိဓိ နှင့် န နိဿဂ္ဂိယေန - ၌ နိဿဂ္ဂိယ တို့၏ အထူးကိုလည်း ရေးသားခဲ့ပါ။

( ၉ ) အန္တရုဗ္ဘာရကထိနုဒ္ဓါရ နှင့် သဟုဗ္ဘာရကထိနုဒ္ဓါရ - တို့၏ အဓိပ္ပာယ် ထူးခြားပုံကို ဖော်ပြပြီးလျှင် / သဟုဗ္ဘာရေ ဒွေ ပလိဗောဓာ အပုဗ္ဗံ အစရိမံ ဆိဇ္ဇန္တိ - ဟူသော အဋ္ဌကထာကို သောကတစိဝရော ပစ္စေဿံ ပစ္စေဿန္တိ သမ္ဘုဏာတိ ကထိနုဒ္ဓါရံ-ဟူသော ပါဠိတော်နှင့် မဆန့်ကျင်အောင် စီစစ်ပြခဲ့ပါ။

( ၁၀ ) ဥပနန္ဒဝတ္ထုလာ – ဧကော ဒွီသု အာဝါသေသု ဝဿံ ဝသိ - ၌ ဥပနန္ဒထေရ် ဝါကပ်သော ကျောင်းသည် နာနာသိမ နာနူပစာရ ဧကသိမ ဧကူပစာရတို့တွင် အဘယ် ကျောင်းမျိုး ဖြစ်သင့်ပါသနည်း၊ ရှင်းပြပြီးလျှင် / ဒေထ ဘိက္ခဝေ မောဃပုရိသဿ ဧကာဓိပ္ပာယံ - ၌ ဧကာဓိပ္ပာယ ပေးပုံကိုလည်း ရေးသားခဲ့ပါ။

( ၁၁ ) တပါးတည်း နေသော ကျောင်း၌ သံဃိကသက်နံ့များကို ဝေဘန်ရာ၌ ထေရ်စဉ် ဝါစဉ် ဝေဘန်ပုံ- ထေရ်စဉ် ဝါစဉ် မရှိ ဝေဘန်ပုံတို့ကို ရေးသားပြီးလျှင်/ 'ဤကျောင်း၌ ငါ တပါးတည်း ရှိ၏၊ ဤသက်နံ့များသည် ငါ့သက်နံ့များသာတည်း' ဟု ယူခဲ့သော် သုဂ္ဂဟိတ ဖြစ် - မဖြစ်ကိုလည်း ဝိနိစ္ဆယ ချခဲ့ပါ။

( ၁၂ ) အဘယ်ကို ပြတော်မူလို၍ စတုဝဂ္ဂေဝ ဘိက္ခဝေ ကမ္မံ - စသည်ကို ဟောတော်မူပါသနည်း၊ ရှင်းပြပြီးလျှင် / အဘယ် ပုဂ္ဂိုလ်သည် ကမ္မနာနာသံဝါသက - အဘယ် ပုဂ္ဂိုလ်သည် လဒ္ဓိနာနာသံဝါသက မည်ပါသနည်း၊ ရှင်းပြခဲ့ပါ။ ၁၀–မှတ်စီ

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၄) ဝိနယပိဋက (စူဠဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၃ - ခုနှစ်၊ တပို့တွဲလဆန်း ၉ - ရက်။ (၂၄ - ၁ - ၇၂)

——

(၁) ကမ္မက္ခန္ဓက တဇ္ဇနီယကမ္မကထာ—၌ တိဏ္ဏံ ဘိက္ခဝေ ဘိက္ခူနံ အာကင်္ခမာနော သံဃော တဇ္ဇနီယကမ္မံ ကရေယျ - စသော ပါဠိတော်သည် အဘယ်ကို ပြလိုသဖြင့် ဟောတော်မူသည်ကို ဖော်ပြ၍ / တဇ္ဇနီယ နိယဿ ပဗ္ဗာဇနိယကံတို့ကို ပြုရန် ထူးခြားသော အင်္ဂါများကိုလည်း ရေးခဲ့ပါ။

(၂) ပါရိဝါသိကက္ခန္ဓက၌— ပါရိဝါသိကေန ဘိက္ခဝေ ဘိက္ခုနာ အာဂန္တုကေန အာဝေသာဝဘဒ္ဒံ၊ အာဂန္တုကဿ အာဝေသာဝဘဒ္ဒံ ပုဒ်တို့၏ အချုပ် အဓိပ္ပာယ်ကို ဖော်ပြ၍/အာဂန္တုက ရဟန်းတို့၏ ထီးသံ, ဘိနပ်သံ, အခဝေးမှ တုံးခေါက်သံတို့ကို ကြားက သွားရောက်၍ ကြားရမည် - မကြားရမည်တို့ကိုလည်း အထောက် သာဓက ပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၃) အာပတ် ဖုံးလွှမ်းသော ရက်အတိုင်း ပရိဝတ်တောင်းရာ ပေးရာတို့၌ ဧကာဟ ပဋိစ္ဆန္နံ၊ ဒွိဟ ပဋိစ္ဆန္နံ (ပ) ပက္ခ ပဋိစ္ဆန္နံ - စသည်ဖြင့် တောင်းရာတွင် ပက္ခာဟ ပဋိစ္ဆန္နံ ဟု ဆိုသင့် - မဆိုသင့် ယုတ္တိ သာဓက ပြ၍ ဆုံးဖြတ်ပြီးလျှင်/ (၁၆) ရက်မှ (၂၉) ရက် အထိ ဖုံးလွှမ်းရာ၌ အဘယ်သို့ ဆို၍ တောင်းရမည်ကိုလည်း ရေးသားခဲ့ပါ၊

(၄) စူဠသုဒ္ဓန္တ မဟာသုဒ္ဓန္တ ပရိဝတ်ကို အဘယ် ပုဂ္ဂိုလ်အား ပေးရမည် ဟု ဖော်ပြ၍ /အာပတ္တိပရိယန္တကို သိသူ - မသိသူများအား ပေးရမည် - မပေးရမည်ကိုလည်း ရေးသားခဲ့ပါ။

(၅) ခုဒ္ဒကဝတ္ထု ၌— တေန ခေါ ပန သမယေန ဘိက္ခူ စလာကာနိပိ အင်္ဂကာနိပိ ဥစ္စိဋ္ဌောဒကမ္ပိ ပတ္တေန နီဟရန္တိ - ဟူသော ပါဠိကို အနက် ယောဇနာ၍ ချင်း (ဂျင်း) အုန်းသီးစိပ်တို့ကို ကိုက်စားပြီး သပိတ်၌ ပြန်၍ ထည့်ကောင်း - မထည့်ကောင်း ကိုလည်း ရေးခဲ့ပါ။

(၆) ခုဒ္ဒကဝတ္ထုလာ — သပိတ်မှောက်ကံ ပြုရာ၌ အဋ္ဌဟင်္ဂေဟိ သမန္နာဂတဿ ဥပါသကဿ ပတ္တံ နိက္ကုဇ္ဇိတုံ - ပါဠိ အရ အင်္ဂါရှစ်ပါး ပြည့်စုံမှ ပြုရမည် - သို့မဟုတ်

တပါး နှစ်ပါး စသည် ပြည့်စုံသော အခါ ပြုရမည် စသည်တို့ကို ရှင်းလင်း ဖော်ပြ၍ / သပိတ်လှန်သော အခါလည်း ဒါယကာကို အပြင်မှ ထားရမည်၊ သို့မဟုတ် သိမ်တွင်းမှာ ဘယ်လို ထားရမည် - ဘယ်လို ပြုစီရင်ရမည် စသည်တို့ကိုလည်း ဖြေကြားခဲ့ပါ။

(၇) အနုဇာနာမိ ဘိက္ခဝေ အာသန္ဒိကံ - ၌ အဘယ်သို့သော အင်းပျဉ်ကို အာသန္ဒိက ခေါ်ပါသနည်း၊ ရှင်းပြ၍ / ဤအာသန္ဒိကသည် ဓမ္မက္ခန္ဓက - ၌ လာသော အာသန္ဒိ နှင့် ထူး - မထူးကိုလည်းကောင်း ပမာဏတိက္ကန္တ ဖြစ်သော် အပ် - မအပ်ကိုလည်းကောင်း ယုတ္တိ သာဓက ပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၈) အနုဇာနာမိ ဘိက္ခဝေ သီသပ္ပမာဏံ ဗိမ္ဗောဟနံ ကာတုံ - ၌ သီသပမာဏ အရကို ရှင်းလင်း ဖော်ပြပြီးလျှင် / ခေါင်းအုံး၌ မအပ်သော အဆာတို့ကို စုံလင်စွာ ဖော်ပြခဲ့ပါ။

(၉) အနုဇာနာမိ ဘိက္ခဝေ ပဥ္စဟင်္ဂေဟိ သမန္နာဂတံ ဘိက္ခုံ ဘတ္တုဒ္ဒေသကံ သမ္မန္နိတုံ - ဟု ပါဠိတော်လာ အင်္ဂါများ နှင့် ဥဒ္ဒေသကောပနေတ္တ ပေသလော လဇ္ဇီ မေဓာဝီ ဗဟုဿုတပ္ပေ - ဟု အဋ္ဌကထာ ပြဆိုအပ်သော အင်္ဂါများကို ညှိနှိုင်း ပြပြီးလျှင်/အာဂန္တုက ရဟန်းသည် ဂမိကဘတ်ကိုလည်းကောင်း ဂမိကရဟန်းသည် အာဂန္တုကဘတ်ကိုလည်း ကောင်း ခံယူအပ် - မအပ်ကိုသည်း အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၁၀) သံဃဘေဒက္ခန္ဓက လာ အဓမ္မံ ဓမ္မောတိ ဒိပေန္တိ - ၌ ဝိနည်း ဒေသနာ အရ ဓမ္မ အဓမ္မ - တို့ကို ဖော်ပြပြီးလျှင် / ဘွာဝတာ ခေါ ဥပါလိ သံဃော ဘိန္နော ဟောတိ - အရ ဥပုသ် ပဝါရဏာ သံဃကံအား လျော်စွာ သံဃဘေဒ ပြီးမြောက်ပုံကိုလည်း ရေးခဲ့ပါ။

(၁၁) သေနာသနဝတ်ကို ပြုလုပ်သော ရဟန်းသည် အိပ်ရာ နေရာ အခင်းတို့ကို မခါ ကောင်းသော အရပ် - ခါကောင်းသော အချပ်ဘို့ကို စုံလင်စွာ ဖော်ပြပြီးလျှင် / မထေရ်ကြီးနှင့် အတူတကွ နေရသော ကျောင်း၌ မထေရ်ငယ်သည် ပြုကျင့်ရမည့် ဝတ်များကို လည်း ပြည့်စုံစွာ ရေးသားခဲ့ပါ။

(၁၂) ကတမာနိ ဒသ ဓမ္မိကာနိ ပါတိမောက္ခဋ္ဌပနာနိ - ၌ ဒသ သရုပ်ကို ပါဠိတော် လာတိုင်း ထုတ်ပြပြီးလျှင် /ဓမ္မိကံ သာမဂ္ဂိံ န ဥပေတိ - အရ ဓမ္မိက ပါတိမောက္ခဋ္ဌပန ဖြစ်ပုံကိုလည်း ရေးသားခဲ့ပါ။ ၁၀-မှတ်စီ။

## (ခ) တိပိဋကဓရ သဘာရေးဖြေ စာမေးပွဲ

### (၅) ဝိနယပိဋက (ပရိဝါ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၃ - ခုနှစ်၊ တပို့တွဲလဆန်း ၁၀ - ရက်။ (၂၅ - ၁ - ၇၂)

---

(၁) ဘိက္ခုဝိဘင်္ဂ ကတ္တပညတ္တိဝါရ ပါရာဇိကကဏ္ဍ ပဌမ ပါရာဇိက၌—ကေန သမုဋ္ဌာနေန သမုဋ္ဌာတိ ပါဠိတွင် ကေန သမုဋ္ဌာနေန၏ အဓိပ္ပာယ်ကိုအဋ္ဌကထာ ဋီကာ အလိုကျ အကျဉ်းချုပ် ဖော်ပြ၍/ ဤဂါရနိဿဂ္ဂိယ ကဏ္ဍ ကောသိယဝဂ်၌ အောက်ပါ ပုစ္ဆာများ၏ ဝိသဇ္ဇနာ ပါဠိများကိုလည်း ရေးခဲ့ပါ။

နာနုပ္ပကာရကံ ကယဝိက္ကယံ သမာပဇ္ဇန္တဿ နိဿဂ္ဂိယံ
ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ၊ ကိသ္မိံ ဝတ္ထုသ္မိံ။

(၂) သမုဋ္ဌာန သီသ သခေ်ပ သမုဋ္ဌာနဿုဒ္ဒါန—၌ သုတ္တေ ဒိဿန္တိ ဥပရိ၏ အဓိပ္ပာယ်ကို ရေးသားဖော်ပြ၍/ဝိဘင်္ဂေ ဒွိသု (ပ) သုဏာထ မေ ဂါထာ ကိုလည်း အနက် ယောဇနာခဲ့ပါ။

(၃) ကေတ္တရိကနယ ကေကဝါရ၌—အန္တရာယိကာ အာပတ္တိ ဇာနိတဗ္ဗာ၊ အနန္တ-ရာယိကာ အာပတ္တိ ဇာနိတဗ္ဗာ အရ အန္တရာယိက အာပတ်, အနန္တရာယိကအာပတ်များကို ၎င်းတို့ အန္တရာယ် ပြုတတ်ပုံ - အန္တရာယ် မပြုတတ်ပုံ အခြင်းအရာနှင့် တကွ ဖော်ပြ၍/အဓမ္မစောဒကော ပုဂ္ဂလော ဇာနိတဗ္ဗော၊ အဓမ္မစုဒိတကော ပုဂ္ဂလော ဇာနိတဗ္ဗော အရ တို့ကိုလည်း ကောက်ပြခဲ့ပါ။

(၄) ကေတ္တရိကနယ တိကဝါရလာ— အလဇ္ဇီ စ ဟောတိ ဗာလော စ အပကတတ္တော စ—ပုဒ်တို့၏ ဆိုလိုရင်း အဓိပ္ပာယ်ကို ရေးသား၍/တိဏ္ဏံ ပဋိစ္ဆန္နာနိ ဝဟန္တိ နော ဝိဝဋာနိ - အရတို့ကိုလည်း အသီးသီး ထုတ်ဆောင်ပြခဲ့ပါ။

(၅) နဝကဝါရလာ—တိဏ္ဏံ ဓမ္မိကာနိ ဒါနာနိ အရ တိဏ္ဏံ သရုပ်ကို ထုတ်ပြ၍/ ဒသကဝါရလာ—ဒသ ဝရာနိ ယာစိံသု အရ ဒသ ဝရ တို့ကိုလည်း ရေတွက်ပြခဲ့ပါ။

(၆) အဓိကရဏဘေဒ လာ—ဝိဝါဒါဓိကရဏံ ဥက္ကောဋေန္တော ဒွေ သမထေ ဥက္ကော-ဋေတိ - ၌ ဒွေ သရုပ်ကို ဖော်ပြ၍ / တတ္ထ ဂတံ ဝူပသန္တံ အဓိကရဏံ ဥက္ကောဋေတိ ပါဠိ

တော်၏ အဓိပ္ပာယ်ကို ရေးသားပြီးလျှင် / ဥက္ကောဋ္ဌန ပြုသော ရဟန်းအား အဘယ် အာပတ် သင့်သည်ကိုလည်း ညွှန်ကြားခဲ့ပါ။

(၇) စူဠသင်္ဂါမ လာ–သင်္ဂါမာဝစရေန ဘိက္ခုနာ ၌ အဘယ်အရာကို အဘယ် ကြောင့် သင်္ဂါမ ဟု ခေါ်ပါသနည်း၊ ရှင်းပြပြီးလျှင် / အရိယောဝါ တုဏှီဘာဝေါ နာတိမညိတဗ္ဗော ၏ အဓိပ္ပာယ်ကိုလည်း အဋ္ဌကထာ အလိုကျ ရေးသားခဲ့ပါ။

(၈) ပယောဂေါ ပုဗ္ဗကရဏဿ ပုရေဇာတ ပစ္စယေန ပစ္စယော ပုဗ္ဗကရဏံ ပယောဂဿ ပစ္ဆာဇာတ ပစ္စယေန ပစ္စယော - ၌ ပုဗ္ဗကရဏ ပယောဂ တို့၏ သရုပ်ကို ထုတ်ပြပြီးလျှင်/ ပုရေဇာတ ပစ္ဆာဇာတ ပစ္စယသတ္တိ ဖြင့် ကျေးဇူးပြုပုံကိုလည်း သိသာရုံမျှ ဖော်ပြခဲ့ပါ။

(၉) အပရေဟိပိ ဥပါလိ ပဉ္စဟာကာရေဟိ ဘိက္ခု အာပတ္တိံ အာပဇ္ဇတိ – ၌ ပဉ္စ သရုပ်ကို အဓိပ္ပာယ်နှင့် တကွ ဖော်ပြပြီးလျှင် / ပဉ္စမ အကြောင်းကြောင့် သင့်သော အာပတ်ကိုလည်း ညွှန်ပြခဲ့ပါ။

(၁၀) ဩတမသိကော အဝန္ဒိယော ဟု တားမြစ်တော်မူခြင်း၏ အကြောင်းကို ရေး၍ / ဩတမသိက ပုဂ္ဂိုလ်အား ရှိခိုးသော ရဟန်းအား အာပတ်သင့် - မသင့်ကိုလည်း ကောင်း၊ အချင်းခပ်သိမ်း ရှိ မခိုးအပ်ဟု မှတ်သင့် –မသင့်ကို လည်းကောင်း စီစစ် ခဲ့ပါ။

(၁၁) အတ္ထာပတ္တိကုသလစိတ္တော အာပဇ္ဇတိ အကုသလစိတ္တော ဝုဋ္ဌာတိ အရ ကုသိုလ် စိတ်ကြောင့် အာပတ်သင့်ပုံ- အကုသိုလ်စိတ်ကြောင့် အာပတ်မှ ထပုံကို ရေးပြီးလျှင်/ တတိယံ ပါရာဇိကံ ကတီဟိ သမုဋ္ဌာနေဟိ သမုဋ္ဌာတိ ၏ အဖြေကို ပါဠိတော်လာတိုင်း ရေးသားခဲ့ပါ။

(၁၂) ကတိ ပုဂ္ဂလာ န ဥပသမ္ပာဒေတဗ္ဗာ၊ ကထိ ကမ္မာနံ သင်္ဂဟာ နာသိတကာ ကတိ ဝုတ္တာ ကတိနံ ဧကဝါစိကာ - ဟူသော ဂါထာ၌ လာသော အမေးပုစ္ဆာတို့ကို သရုပ်အားဖြင့် ထင်ရှား ပေါ်လွင်စွာ ဖြေဆိုခဲ့ပါ။ ၁၀–မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၁) ဝိနယပိဋက (ပါရာဇိက) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၄ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ - ရက်။ (၂၆ - ၁ - ၇၃)

—

(၁) ဝေရဉ္ဇကဏ္ဍ လာ—ဧကပုဂ္ဂလော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ—၌ ဒေဝမနုဿာနံဖြင့် အဘယ် သတ္တဝါများကို ယူရမည်ကိုလည်းကောင်း ထိုပုဒ်ဖြင့် အဘယ်ကို ပြသည်ကိုလည်းကောင်း ဖော်ပြ၍/ဟိတာယ သုခါယဖြင့် အဘယ် သို့သော အဓိပ္ပာယ်ကို ဆိုလိုသည်ဟု အကြောင်းပြနှင့် တကွ ဖြေဆိုခဲ့ပါ။

(၂) ဒုမ္မင်္ကူနံ ပုဂ္ဂလာနံ နိဂ္ဂဟာယ ... ဒုဿီလပုဂ္ဂလာ ဟူသော အဋ္ဌကထာကို ဋီကာက ဒုဿီလပုဂ္ဂလာတိ နိဿီလာ ဒုဿီတသီလာစ ဟု ဖွင့်ပြရာ နိဿီလ ဒုဿီတသီလ အရ အဘယ်ကို ယူရမည်ဟု ဖော်ပြ၍/ ဤနှစ်ပုဒ်တို့ဖြင့် အဘယ်သို့သော အဓိပ္ပာယ်ကို ဆိုအပ်သည်ဟု ရေးခဲ့ပါ။

(၃) ယော ဘိက္ခဝေ သိက္ခံ အပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာ မေထုနံ ဓမ္မံ ပဋိသေဝတိ သော အာဂတော န ဥပသမ္ပဒေတဗ္ဗော ဟူသော ပါဠိတော်၌ မြတ်စွာ ဘုရား၏ ဆိုလိုရင်း အာဘောဂကို အဋ္ဌကထာနှင့် ညှိ၍ ဖြေဆိုပြီးလျှင် / မော်တော် ဆိုင်ကယ်စီးသော ရဟန်း နှင့် မော်တော်ကား စီးသော ရဟန်းများ အပ် - မအပ်ကို မဟာပဒေသ လေးပါးနှင့် ညှိ၍ ဆုံးဖြတ်ခဲ့ပါ။

(၄) သုက်ဿာတ၏ အဓိပ္ပာယ်ကို ရေးသား၍/အကောက်ဆိပ်သို့ ရောက်သော အခါ အကောက်ဝန်များ အိပ်ပျော်နေစဉ် အကောက်သမားများ ဘယ်သွားကုန်ကြသလဲ ဟု မေးသော်လည်း မတွေ့ရသဖြင့် အကောက်မပေးဘဲ သွားသော ရဟန်းအား အာပတ် သင့် - မသင့်ကို ဖော်ပြ၍ / ခွေးပါးစပ်မှ အမဲသားတုံးကို လုယူကောင်း - မယူကောင်းကို လည်း အဋ္ဌကထာ ဋီကာ အလိုကျ စီစစ်ပြခဲ့ပါ။

(၅) တတိယ ပါရာဇိက၌ တည်ရာ ဌာန ထူးခြားမှု မရှိသော မနုဿဝိဂ္ဂဟာ နှင့် ဇီဝိတတို့ကို မနုဿဝိဂ္ဂဟာ ဇီဝိတံ ဟု မဟောဘဲ မနုဿဝိဂ္ဂဟံ ဇီဝိတာ ဟု ဟောရခြင်း အကြောင်းကို ရေး၍/မနုဿဝိဂ္ဂဟ နှင့် ဇီဝိတ တို့၏ သဘောကိုလည်း ဖော်ပြပါ။

(၆) စတုတ္ထ ပါရာဇိက ပဉ္စမဟာစောရကြီးများကို ပြဆိုရာ ဝေမေဝ ခေါ ဘိက္ခဝေ ဣဓေကစ္စော ပါပဘိက္ခုနော ဝေ့ ဟောတိ ၌ ပါပ ဘိက္ခု အရကို အဋ္ဌကထာ

နှင့် အညီ **ဖော်ပြ၍/တစ်ုထရာ လွန်ကြူးမှု မရှိဘဲ နှစ်သက်၍ လူ၏ အဝတ်ကို ဝတ်ကာမျှဖြင့် ဘိက္ခုနီမတို့၏** ပါရာဇိက ကျရခြင်း အကြောင်းကိုလည်း ရေးခဲ့ပါ။

(၇) ဒုဠုလ္လဝါရ သိက္ခာပုဒ် လာ—တာ အာယသ္မတာ ဥဒါယိနာ သဒ္ဓိံ ဥပဟသန္တိပိ ဥလ္လပန္တိပိ ဥဇ္ဇဂ္ဃန္တိပိ ဥပ္ပဏ္ဍေန္တိပိ ဟူသော ပါဠိတော်ကို အဋ္ဌကထာနှင့် အညီ အနက်ယောဇနာပြီးလျှင်/မာတုဂါမ၏ အက္ခက ဇာဃုမဏ္ဍလ တို့ကို ရည်ညွှန်း၍ ရှုန်းရင်းသော စကားကို ပြောဆိုသော ရဟန်းအား အဘယ် အာပတ် သင့်ပါသနည်း၊ အကြောင်း ယုတ္တိ ပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၈) ကုဋိကာရ သိက္ခာပုဒ် ကာရယမာနေန ဟူသော မာတိကာ၏ ပဒဘာဇနီကို အဘယ့်ကြောင့် ကရောန္တေနဝါ ကာရာပေန္တေနဝါ ဟု ပြုတော်မမူသည်ကို လည်းကောင်း အဘယ့်ကြောင့် ကရောန္တောဝါ ကာရာပေန္တောဝါ ဟု ပြုတော်မူသည်ကို လည်းကောင်း ရှင်းပြပြီးလျှင်/ပယောဂေ ဒုက္ကဋံ ၌ ရသင့်သော ပုဗ္ဗပယောဂ သဟပယောဂ တို့ကိုလည်း ပိုင်းခြားပြခဲ့ပါ။

(၉) ဒုတိယ ဒုဋ္ဌဒေါသသိက္ခာ ပုဒ်လာ—ကိစ္စာဓိကရဏံ ကိစ္စာဓိကရဏဿ တဗ္ဘာဂိယံ - ၌ သံဃကံ နှင့် ကိစ္စာဓိကရဏတို့ ထူး - မထူးကို အကြောင်းပြ၍ ဖြေဆိုပြီးလျှင်/သံဃကမ္မာနိ နိဿာယ ဥပ္ပန္နံ အဓိကရဏံ ကိစ္စာဓိကရဏံ ဟု အဋ္ဌကထာ ဖွင့်ဆိုခြင်း၏ အဓိပ္ပာယ်ကိုလည်း ရေးသားခဲ့ပါ။

(၁၀) တေန ခေါ ပန သမယေန ဘဂဝတာ ဘိက္ခူနံ တိစီဝရံ အနုညာတံ ဟောတိ ဟူသော စကား အရ ဆဗ္ဗဂ္ဂိရဟန်းတို့သည် ခွင့်ပြုအပ်ပြီးသော တိစီဝရိတ်သင်္ကန်းတို့ကို ဆောင်ကုန်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် ကထံဟိ နာမ တုမှေ စသည်ဖြင့် ကဲ့ရဲ့တော်မူပါသနည်း - ရှင်းပြပြီးလျှင် / နိဋ္ဌိတစီဝရသ္မိံ ဥဗ္ဘတသ္မိံ ကထိနေ ဟူသော စကားသည် အနုပညတ် ဖြစ်သင့် - မဖြစ်သင့်ကိုလည်း ယုတ္တိပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၁၁) ဥဒေါသိတ သိက္ခာပုဒ် လာ—အဇ္ဈောကာသေ ကေ့ပစာရေနာမ အရ ရဟန်းများစွာ စုဝေးရာ၌ ကေ့ပစာရ ပိုင်းခြားပုံကို စုံလင်စွာ ဖော်ပြပြီးလျှင်/အဇ္ဈောကာသ ကေ့ပစာရနှင့် သတ္တဗ္ဘန္တရသိမ်တို့၏ ပရိစ္ဆေဒ အထူးကိုလည်း ရေးသားခဲ့ပါ။

(၁၂) ရူပိယသိက္ခာပုဒ် ပါဠိတော် ပဒဘာဇနီ၌ ဖွင့်ပြအပ်သော ဇာတရူပရဇတတို့ကို အဋ္ဌကထာ၌ ဖွင့်ပြအပ်သော ရဇတ ဇာတရူပ ဇာတရူပမာသက ရဇတမာသက တို့နှင့် တွဲစပ်ယှဉ်ပြပြီးလျှင်/ပဒဘာဇနီ၌ ရဇတ အရကို သီးခြား ဖွင့်ပြတော်မမူခြင်း၏ အကြောင်းကိုလည်း ရေးသားခဲ့ပါ။

၃၀—မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၂) ဝိနယပိဋက (ပါစိတ္တိယ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၄-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉- ရက်။ (၂၇-၁-၇၃)

——

(၁) ပထဝီခဏန သိက္ခာပုဒ်၌ အောက်ပါ ကိစ္စများ အပ်-မအပ်ကို ခွဲခြားပြခဲ့ပါ။

(က) သစ်ငုတ်ခြောက်ကို မီးရှို့ကောင်း-မရှို့ကောင်း။

(ခ) မြေသို့ မရောက်မီ မီးငြိမ်းမည် အမှတ်နှင့် သစ်ငုတ်ခြောက်ကို မီးရှို့လျှင်။

(ဂ) မီးရှို့ပြီးနောက် မငြိမ်းနိုင်ခဲ့လျှင်။

*(ဃ) မြက်မီးရှူးတိုင်ကို ကိုင်သွားစဉ် လက်ကို လောင်၍ ပစ်ချလျှင်–

*(ဃ) နံပါတ်ကို အကြောင်းပြနှင့် တကွ ဖြေပါ။

(၂) ဘူတဂါမဝဂ် ဥဇ္ဈာပနက သိက္ခာပုဒ်၌ အနုပသမ္ပန္နံ ဥဇ္ဈာပေတိ ခိယျ-တိ ပါစိတ္တိယ ဟူသော ပါဠိတော်၏ အဓိပ္ပာယ်ကို အဋ္ဌကထာ ဋီကာ အလိုကျ ရှင်းလင်း ဖော်ပြပါ။

(၃) ဘူတဂါမဝဂ် ပဌမ သေနာသန သိက္ခာပုဒ်၌ ပရိဝါတွင် ကောအနုပညတ္တိဟု ဆိုသောကြောင့် အနုပညတ် ပါဠိကို ထုတ်ပြ၍ / မိုးလေးလ မိုးမရွာသော အခါ-ဆောင်းလေးလ မိုးရွာသောအခါတို့၌ သံဃိက ညောင်စောင်းကို လွင်တီးခေါင်၌ ထားကောင်း-မထားကောင်း အကြောင်းပြ၍ ရေးသားခဲ့ပါ။

(၄) ရဟန်းမိန်းမတို့အား ရဟန်းယောကျ်ားတို့၏ ထံသို့ ဩဝါဒခံယူခြင်း-တရားနာခြင်း စသည်ဖြင့် မပြတ်မလပ် သွားဘို့ရန် ပညတ်တော်မူခြင်း၏ အကြောင်းကို ပြည့်စုံစွာ ရေးသား ဖော်ပြပါ။

(၅) ဘောဇနဝဂ် ပဌမ ပဝါရဏာသိက္ခာပုဒ် ၌–ယာမ ကာလိက သတ္တာဟကာ-လိက ယာဝဇီဝိက တို့ကို အာဟာရ အလို့ငှာ ခံယူသော် လည်းကောင်း စားမျိုသော် လည်းကောင်း အဘယ် အာပတ် သင့်မည် ဟု ခွဲခြားဖော်ပြ၍ / ယခုအခါ ညဘက်၌ စားသုံးကြသော ညချင်း (ဂျင်း) သုဘ်, ညကြက်သွန်သုတ်များ အပ်-မအပ်ကို ပါဠိတော် အဋ္ဌကထာ အကိုးပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၆) ဘောဇနဝဂ် ဒန္တပေါန သိက္ခာပုဒ်၌ ရဟန်းက ကြံစားနေစဉ် သာမဏေက 'တပည့်တော်အား ပေးပါ' ဟု တောင်းရာ၌ 'ဤနေရာ ဖြတ်ယူ' ဟု ပြောသဖြင့် ဖြတ်ယူ၍၊ ထိုဖြဘ်ယူပြီး အကြွင်းကို ပြန်ပြီး အကာပ်ခံရမည်-မခံရမည်ကို ဖော်ပြ၍ /

ရဟန်းသည် အခိုးအလိပ်ကို အကပ်ခံ၍ အခိုးကို သောက်၏၊ ခံတွင်း လည်ချောင်းတို့၌ အခိုးများ ကပ်ငြိနေ၏၊ ထိုအခါ ယာဝကာလိကကို စားကောင်း - မစားကောင်း အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

( ၇ ) သပ္ပါဏကဝဂ် ဒုဋ္ဌုလ္လသိက္ခာပုဒ် အာပတ္တိကောဋ္ဌာသိဇ္ဇနကို ဖွင့်ပြသော အဋ္ဌကထာလာ–မဟာပဒုမ ထေရဝါဒ ၌ တတိယ ရဟန်းသည် ဒုတိယ ရဟန်းအား ပြန်၍ ပြောကြားသော အခါ အာပတ္တိကောဋ္ဌာသိဇ္ဇန ဖြစ်သည်ဟု အဘယ့်ကြောင့် မိန့်ဆိုတော်မူပါသနည်း၊ ရှင်းပြ၍ / ဒုတိယ ရဟန်းသည် ပဌမ ရဟန်းအား ပြန်၍ ပြောကြားသော အခါ အာပတ္တိကောဋ္ဌာသိဇ္ဇန ဖြစ်သည်ဟု မိန့်ဆိုသော မဟာသုမထေရဝါဒ သင့် - မသင့်ကိုလည်း ထောက်ချင့် ဆုံးဖြတ်ခဲ့ပါ။

( ၈ ) သက်န်းကို ဝိကပ္ပနာပြုလိုသော ရဟန်းသည် ပစ္စုဒ္ဓိုရ် ပြုနည်းကို မသိသော သာမဏေထံ၌ ဝိကပ္ပနာ ပြုအပ် - မပြုအပ် အကြောင်းပြ ဖြေဆိုပြီးလျှင်/ရဟန်း တပါးထံ၌ ဝိကပ္ပနာ ပြု၍ တခြား ရဟန်းတပါးထံ၌ ပစ္စုဒ္ဓိုရ် ပြုအပ် - မပြုအပ်ကိုလည်း ယုတ္တိပြ၍ ဆုံးဖြတ်ခဲ့ပါ။

( ၉ ) ဝိလေခန သိက္ခာပုဒ်၌ ပါဠိမှာကား ဥဒ္ဒိဿမာနေ ဟု ဟောတော်မူခြင်းကြောင့် ပါတိမောက် မဟုတ်သော ပဒဘာဇနီ ဝိဘင်းကို ကဲ့ရဲ့ ရှုတ်ချသော ရဟန်းအား အာပတ်သင့် - မသင့် ယုတ္တိပြ၍ ဆုံးဖြတ်ပြီးလျှင် / ဝိနယေ ဥဒ္ဒိဿမာနေ ဟု မဟောဘဲ ပါတိမောက္ခေ ဥဒ္ဒိဿမာနေ ဟု ဟောတော်မရခြင်း၏ အကြောင်း ကိုလည်း ရေးသားခဲ့ပါ။

( ၁၀ ) ခိုးယူသွားသော မိမိ၏ ပရိက္ခာရာကို ပြန်ရယူရန် ရည်ရွယ်၍ 'သူခိုး - သူခိုး' ဟု အော်ဟစ်သော ရဟန်း၏ အသံကို မင်းချင်း ယောကျ်ားတို့ ကြားသဖြင့် ဖမ်းဆီးဒဏ်ငွေ တပ်ရိုက်ခဲ့သော် ရဟန်းအား ဘဏ္ဍာစား ထိုက် - မထိုက် ယုတ္တိပြ၍ ဆုံးဖြတ်ပြီးလျှင် / ခိုးသူ ခိုးသွားသည်ကို မင်းချင်း ယောကျ်ားတို့အား တိုင်ကြားကောင်းသော နည်းကိုလည်း ညွှန်ပြပါ။

( ၁၁ ) အဘယ်တရားမျိုးသည် အဘယ့်ကြောင့် ကပ္ပိယအဋ္ဌ အကပ္ပိယအဋ္ဌ ဖြစ်သည်ဟု အသီး အသီး ခွဲခြားပြပြီးလျှင် / အကပ္ပိယအဋ္ဌကို ကပ္ပိယကာရက တို့အား စေ၍ တရား စွဲအပ် - မစွဲအပ်ကိုလည်း ဆုံးဖြတ်ခဲ့ပါ။

( ၁၂ ) ပတ္တဝဂ် သတ္တမ သိက္ခာပုဒ်လာ ဘိက္ခုနိယော တေနစ ပရိက္ခာရေန သယမ္ပိ ယာစိတွာ ဘေသဇ္ဇံ စေတာပေတွာ ပရိဘုဉ္ဇိံသု ဟူသော ပါဠိတော်ကို အဓိပ္ပာယ် သိသာ ထင်ရှားအောင် အနက်ပေးပြီးလျှင် / ဆန္ဒကံ သယံရိတွာ - ၌ ဆန္ဒက အရကိုလည်း ကောက်ပြခဲ့ပါ။

၁၀–မှတ်စီ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၃) ဝိနယပိဋက (မဟာဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၄ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ - ရက်၊ (၂၈ - ၁ - ၇၃)

---

(၁) ပဋိဂ္ဂဟေသိ ဘဂဝါ ပစ္စဂ္ဃေ သေလမယေ ပတ္တေ မန္ထဉ္စ မဓုပိဏ္ဍိကဉ္စ - ၌ ပစ္စဂ္ဃေကိုသာ နှစ်နည်း အနက်ယောဇနာ၍ / အဘယ်နည်းက ပို၍ သင့်လျော်သည်ကို ဋီကာနှင့် ညှိ၍ ဆုံးဖြတ်ပြီးလျှင် / မန္ထ နှင့် မဓုပိဏ္ဍိကတို့၏ အဓိပ္ပာယ်ကိုလည်း ရေးသားခဲ့ပါ။

(၂) ရှင်ပြုရာ၌ ရှေးဦးစွာ ဥပဇ္ဈာယ် ယူရမည် သို့မဟုတ် သရဏဂုံ ပေးပြီးမှ ဥပဇ္ဈာယ်ယူရမည်၊ ဤနှစ်လီကို အတည်ဘကျ သိရှိရန် အသောက်အထား ပြ၍ ဆုံးဖြတ်ပြီးလျှင်/ သစေ ဥဒ္ဒေသပရိပုစ္ဆာဒီဟိ ဗျာဝဋော ဟောတိ၊ ဩကာသံ န လဘတိ၊ ဧကော ဒဟရဘိက္ခု ဝတ္တဗ္ဗော ဧတံ ပဗ္ဗာဇေဟီတိ - ၌ ဧတံ ပဗ္ဗာဇေဟိ အရ ဆံရိပ်, သင်္ကန်းပေး, သရဏဂုံပေး သုံးမျိုးတို့တွင် ဘယ်နှစ်မျိုးကို ယူရမည်ဟု ဋီကာများနှင့် ညှိ၍ ဆုံးဖြတ်ခဲ့ပါ။

(၃) အဘယ်သို့ ပြုလျှင် ဥပဇ္ဈာယ်ယူခြင်း မြောက်သည်ကို ဖော်ပြ၍/ ဥပဇ္ဈာယ်ယူပြီးသော သဒ္ဓိဝိဟာရိက တပည့်က သိသင့် သိထိုက်သည်များကိုလည်း ရေးသားခဲ့ပါ။

(၄) ဥပဇ္ဈာယဝတ္တကထာ - ၌ သင်္ဃာဋိ မည်ကောင်းသော သင်္ကန်းများကို ဖော်ပြ၍/ သစေ ဥပဇ္ဈာယော ပစ္ဆာသမဏံ အာကင်္ခတိ၊ တိမဏ္ဍလံ ပဋိစ္ဆာဒေန္တေန ပရိမဏ္ဍလံ နိဝါသေတွာ ကာယဗန္ဓနံ ဗန္ဓိတွာ သဂုဏံ ကတွာ သံဃာဋိယော ပါရုပိတွာ (ပ) ဥပဇ္ဈာယဿ ပစ္ဆာသမဏေန ဟောတဗ္ဗံ ပါဠိတော်အရ သင်္ကန်း နှစ်ထပ် ရုံရမည်ဟု ဆိုလိုပါသလော၊ သင်္ကန်းရုံဆောင်ယူနည်းကို အထောက်ရှိက ဖော်ပြ၍ ညွှန်ကြားခဲ့ပါ။

(၅) သိမ်နိမိတ် ကြားရာ၌ ဧသော ပဗ္ဗတော နိမိတ္တံ ဟောတိ ဟု ကြားသင့် - မကြားသင့် အကြောင်းပြ၍ ဖြေဆိုပြီးလျှင် / အနီး ဟတ္ထပါသ် အတွင်း၌ ဧသော ပဗ္ဗတော နိမိတ္တံ ဟု ဧတ သဒ္ဒါနှင့် ကြားကောင်း · မကြားကောင်းကိုလည်း သာဓက ထုတ်ဆောင်၍ ညွှန်ပြခဲ့ပါ။

(၆) သိမ်နိမိတ်ရာ၌ အမှတ်အသား ပြုသော ကျောင်းတိုင်သစ်အား တိုင် စသည်ကို ရဟန်းကိုယ်တိုင် စိုက်ကောင်း - မစိုက်ကောင်း အကြောင်းပြ၍ ဖြေဆိုပြီးလျှင် / နိမိတ္တာနံ သတေနာဝိ ဟူသော စကားကို အဘယ်ကို ပြလို၍ အဋ္ဌကထာဆရာ ဆိုသည်ဟုလည်း ဖော်ပြခဲ့ပါ။

( ၇ ) စမ္မက္ခန္ဓက လာ—အာစရိယေသု အာစရိယမတ္တေသု - ၌ ခုနစ်ဝါ ရှိသော ရဟန်းသည် ဝါမရသေးသော ရဟန်း၏လည်းကောင်း ခြောက်ဝါရှိသော ရဟန်းသည် တဝါရှိသော ရဟန်း၏လည်းကောင်း - အာစရိယမတ္တ ဖြစ်နိုင် - မဖြစ်နိုင် ယုတ္တိပြ၍ စီစစ်ပြီးလျှင် / အနုဇာနာမိ ဘိက္ခဝေ သာဒိတုံ န တာဝတံ ဂဏနူပဂံ ယာဝဟာတ္ထံ န ဂစ္ဆတိ - ၌ ဂဏနူပဂ အဂဏနူပဂ အဓိပ္ပာယ်ကိုလည်း ပြည့်စုံစွာ ရေးသားခဲ့ပါ။

( ၈ ) နံနက်အခါ၌ ကိုယ်တိုင် အကပ်ခံ၍ ကိုယ်တိုင် ချက်အပ်သော ဝံဆီကြည်ကို ဆွမ်းစသော အာမိသနှင့် ရောစပ်၍ စားသုံးအပ် - မအပ်ကို အနုဇာနာမိ ဘိက္ခဝေ ကာလေ ပဋိဂ္ဂဟိတံ ကာလေ နိပ္ပက္ကံ ဟူသော ပါဠိနှင့် ညှိ၍ ဆုံးဖြတ်ပြီးလျှင် / အကပ္ပိယ မံသ ဖြစ်သော မြွေဆီကြည်စသည်ကို စားသုံးအပ်ပါလျက် လူဆီကြည်ကို အဘယ်ကြောင့် မစားသုံးအပ်ပါသနည်း၊ ယုတ္တိပြ၍ ရှင်းလင်းခဲ့ပါ။

( ၉ ) အဘယ်သို့သော ကုဋိမျိုးကို ဂဟပတိကုဋိ ဟု ခေါ်ပါသနည်း၊ အဋ္ဌကထာ ဝါဒ စုံလင်စွာ ဖော်ပြပြီးလျှင် / အနုပသမ္ပန္နဿ ဒတွာ တဿ သန္တကံ ကတွာ ပရိဘုဉ္ဇိတဗ္ဗံ ဟူသော အဋ္ဌကထာ၌ အနုပသမ္ပန္နတို့အား သာပေက္ခဒါန ပေးခြင်းမျိုး ပေးလျှင် အပ် - မအပ်ကိုလည်း ဆုံးဖြတ်ခဲ့ပါ။

( ၁၀ ) ဒုကုဋ္ဌသက်န်း မပါဘဲ ကေသီ သင်းပိုင်ဖြင့်သာ ကထိန်ခင်းအပ် - မခင်းအပ် န အညတြ သင်္ဃာဋိယာ အတ္ထတံ ဟောတိ ကထိနံ ဟူသော ပါဠိနှင့် ညှိ၍ ဆုံးဖြတ်ပြီးလျှင်/ အဘယ်ပညတ်တော် စကားကို ထောက်ဆ၍ ယော အာနိသံသံ ဗဟုံ ဒေတိ တဿ သန္တကေန ဝ အတ္ထရိတဗ္ဗံ ဟု အဋ္ဌကထာဆရာ ဖွင့်ပြပါသနည်း၊ ရှင်းပြခဲ့ပါ။

( ၁၁ ) ဥပစာရသိမ် အပ၌ တည်ရှိသော ဗဒ္ဓသိမ်၌ ရဟန်းအားလုံး စုရုံး၍ ကထိန်ခင်းအပ် - မခင်းအပ် အကြောင်းယုတ္တိ ပြ၍ ဆုံးဖြတ်ပြီးလျှင် / ဖြတ် ချုပ် ဆိုးပြီးသော ကထိန်သက်န်းကို ရရှိရာ၌ တဒဟေဝ သဇ္ဇိတ္တေန သမဏ္ဍလိကတေန ဟူသော ပါဠိနှင့် ညီညွတ်အောင် တဖန် ပြန်၍ ဖြတ်ခြင်း ချုပ်ခြင်းကို ပြုအပ် - မပြုအပ်ကိုလည်း ယုတ္တိပြ၍ ဆုံးဖြတ်ခဲ့ပါ။

( ၁၂ ) လမ်းခရီး၌ တပါးတည်း ပျံလွန်သော ရဟန်း၏ ကိုယ်၌ တည်ရှိနေသော သပိတ် သက်န်းကို တွေ့ရှိသော အခြား ရဟန်းတပါးသည် ပံ့သုကူလသညာဖြင့် ကောက်ယူခဲ့သော် ပုဂ္ဂလိက ဖြစ် - မဖြစ် အကြောင်းယုတ္တိ ပြ၍ ဆုံးဖြတ်ပြီးလျှင် / ကျောင်း၌ ပျံလွန်သော ရဟန်း၏ ရွာ၌ တည်ရှိသော ဘဏ္ဍာများသည် မတာသန္တက သံဃိက ဖြစ် - မဖြစ်ကိုလည်း ယုတ္တိပြ၍ ဆုံးဖြတ်ခဲ့ပါ။ ၁၀-မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၄) ဝိနယပိဋက ( စူဠဝဂ္ဂ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၄-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ - ရက်။ ( ၂၉-၁-၇၃ )

—

( ၁ ) ကမ္မက္ခန္ဓက အဓမ္မဒ္ဒါဒသက- လာ အပ္ပဋိညာယ ကတံ ဟူသော အဋ္ဌကထာ၏ အဓိပ္ပာယ်ကို ရေးသား ဖော်ပြ၍/ ရဟန်းတပါးသည် အားလုံးတို့ မြင်စဉ်မှာပင် ဝတ္ထုကို လွန်ကြူး၍ နောင်အခါကံပြုမည်ကို ကြောက်သောကြောင့် မပြုပါဟု မုသား ပြောဆို၏၊ ထိုရဟန်းအား တဇ္ဇနီယကံကို ပြုလျှင် အပ္ပဋိညာယကတအဓမ္မကံ ဖြစ် – မဖြစ်ကိုလည်း စိစစ် ဆုံးဖြတ်ခဲ့ပါ။

( ၂ ) ပါရိဝါသိကက္ခန္ဓက ပါရိဝါသိကဝတ္တကထာ –၌ အပ္ပဋိစ္ဆန္န ပရိဝါသ် ဟူသည် အဘယ်သို့သော ပရိဝါသ် ဝတ်မျိုး ဖြစ်သည်ကို ဖော်ပြ၍ / မူလာယ ပဋိကဿနာရဟ ရဟန်းသည် ပကတတ် ရဟန်းထည်းတွင် ပါ – မပါကိုလည်း ညွှန်ကြားခဲ့ပါ။

(၃) သမုစ္စယက္ခန္ဓက၌ မဖုံးလွှမ်းသော အာပတ်ကို ဖုံးလွှမ်းသည်ဟု ဝိနည်းကံကိုပြုလျှင် အာပတ်မှ ထ – မထ ဖော်ပြ၍ / အာပတ် တချက်သာ သင့်လျက် အများ သင့်သည်ဟု ဝိနည်းကံကို ပြုလျှင်လည်း အာပတ်မှ ထ – မထကို အကြောင်းပြ၍ ရေးသားခဲ့ပါ။

( ၄ ) အပလောကနကံ ပြုပုံ အစီအရင်ကို ဖော်ပြ၍ / ဉတ္တိဒုတိယကံ၌ ပန်ကြား၍ မပြုအပ်၊ ဉတ္တိဒုတိယကမ္မဝါစာဖြင့်သာ ပြုအပ်သော ကံများ – ပန်ကြား၍သာ ပြုအပ်၍ ဉတ္တိဒုတိယကမ္မဝါစာဖြင့် မပြုအပ်သော ကံများကိုလည်း အဋ္ဌကထာ အလိုကျ ရေးသား ခဲ့ပါ။

( ၅ ) ခုဒ္ဒကဝတ္ထုက္ခန္ဓက၌ န ဘိက္ခဝေ စေလပဋိကာ အက္ကမိတဗ္ဗာ၊ ယော အက္က-မေယျ အာပတ္တိဒုက္ကဋဿ ဟု သိက္ခာပုဒ် ပညတ်ရခြင်း အကြောင်းကို ရေးသား၍ / ဝစ္စ-လိစ္ဆဝီအား သပိတ်မှောက်သည် ဆိုရာ အဘယ် အမှုမျိုး ပြုသည်ကို သပိတ်မှောက်သည် ဟု ဆိုပါသနည်း၊ ဖော်ပြပါ။

( ၆ ) ခုဒ္ဒကဝတ္ထုကထာ – ၌ အသမ္ဘောဂေါ ဘိက္ခုသံဃေန • ကို ပါဌ်သော ထည့် စွက်၍ အနက် ယောဇနာပြီးလျှင်/ အင်္ဂုလပရမန္တိ မနုဿာနံ ပမာဏင်္ဂုလေန အင်္ဂုလ-

ပရမံ• ဟူသော အဋ္ဌကထာ၌ ပမာဏဂုလ အရ ဝဍ္ဍကီအင်္ဂုလကို ယူသင့်သည် သို့မဟုတ် ပကတိ လူတို့၏ အင်္ဂုလတို့ ယူသင့်သည်ကိုလည်း အကြောင်းပြ၍ ရေးခဲ့ပါ။

(၇) အဝိဿဇ္ဇိယဝတ္ထု ပါ လောဟဝါရကော – ၌ လောဟ အပြားကိုလည်းကောင်း ဂရုဘဏ်လောက်သော ပမာဏကိုလည်းကောင်း ဖော်ပြ၍/ အဘယ် လောဟဝါရကသည် ဘာဇနီယ- အဘယ် လောဟဝါရကသည် အဘာဇနီယ ဖြစ်သည်ဟု အဋ္ဌကထာဝါဒ စုံလင်စွာ ပြ၍ ခွဲခြားခဲ့ပါ။

(၈) နိမန္တနဘတ် အရာ၌ ဆွမ်းပင့်လာသော ဒါယကာသည် မပင့်မလျှောက်ဘဲ ဆိတ်ဆိတ်နေသော အခါ ဘတ္တုဒ္ဒေသက ရဟန်းသည် ပြောဆိုအပ်သော စကား-မပြောဆိုအပ်သော စကားတို့ကို ခွဲခြား ဖော်ပြ၍ / သံဃဿ ဒေမ ဟု မြွက်ဆို၍ ဒါယကာတို့ လာရောက် လှူဒါန်းသော ဆွမ်းကို ဘတ္တုဒ္ဒေသက ရဟန်းသည် အဘယ်သို့ ဝေဘန်ရပါမည်နည်း၊ နိမန္တနဘတ် ဥဒ္ဒေသဘတ် နှစ်ဌာန အားဖြင့် ဝေဘန် ပြခဲ့ပါ။

(၉) အပ္ပမတ္တက ဝိဿဇ္ဇက သမ္မုတိ -လာ သတိံ ပဋိသာယိတုံ ဒါတဗ္ဗံ – အရ အပ္ပ-မတ္တက ဝိဿဇ္ဇက ရဟန်းသည် ဂိလာန ရဟန်းအား မိမိ သဘောအတိုင်း ပေးနိုင်သော ဆေးပမာဏ- ပေးနိုင်သည့် နေ့ အရေအတွက်တို့ကို ရေးသားပြီးလျှင် / တနေ့ ပေးနိုင်သော တင်လဲခဲ ပမာဏကိုလည်း ရေးသားခဲ့ပါ။

(၁၀) ဒေဝဒတ် နောက်သို့ လိုက်ပါသွားကြကုန်သော ငါးရာသော ရဟန်းတို့သည် ဘေဒါနုဝတ္တက အာဒိကမ္မိက ဖြစ်ကြကုန်၍ အနာပတ္တိ ဖြစ်သင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် တေန ဟိ တွံ သာရိပုတ္တ ဘေဒါနုဝတ္တကေ ဘိက္ခူ ထုလ္လစ္စယံ ဒေသာပေဟိ· ဟု မြတ်စွာဘုရားသည် ဟောကြား မိန့်ဆိုပါသနည်း၊ ရှင်းပြပြီးလျှင် / အဋ္ဌဟိ ဘိက္ခဝေ အသဒ္ဓမ္မေဟိ အဘိဘူတော - ၌ လာသော ပါဝိစ္ဆတာယ၏ အရကိုလည်း ကောက်ပြခဲ့ပါ။

(၁၁) အာရညိက ဝတ်တို့တွင် တောနေ ရဟန်းတို့နှင့် သာ သက်ဆိုင်သော ကျင့်ဝတ်များကို ပါဠိလာတိုင်း ထုတ်ပြပြီးလျှင် / တောနေ ရဟန်းတို့သည် သောက်ရေကို သုံးရေ အဖြစ် တည်ထားအပ်·မထားအပ်ကိုလည်း အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၁၂) အဇ္ဇတဂ္ဂေ ဩဝဒေ္ဒော ဘိက္ခုနီနံ ဘိက္ခူသု ဝစနပထော – ဟု ဂရုဓမ္မကို ပညတ်တော် မူပြီးပါလျက် န ဘိက္ခဝေ ဘိက္ခုနိယာ ဘိက္ခုဿ ဥပေါသထော ဌပေတဗ္ဗော– ဟု တဖန် ပညတ်တော်မူခြင်း၏ အကြောင်း နှင့် အကျိုးကို ရှင်းလင်း ဖော်ပြခဲ့ပါ။

၁၀–မှတ်စီ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၅) ဝိနယပိဋက (ပရိဝါ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၄ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်၊ (၃၀ - ၁ - ၇၃)

——

(၁) ဘိက္ခုဝိဘင်္ဂ ကတ္ထ ပညတ္တိဝါရ - ၌ သံဃာဘေဒကဿ ဘိက္ခုနော ယာဝ တတိယံ သမနုဘာသနာယ န ပဋိနိဿဇ္ဇန္တဿ သံဃာဒိသေသော ကတ္ထ ပညတ္တောတိ၊ ကံ အာရဗ္ဘာတိ၊ ကိသ္မိံ ဝတ္ထုသ္မိံတိ ဟူသော ပုစ္ဆာများ၏ အဖြေ ဝိသဇ္ဇနာများကို ရေးသားပြီးလျှင် / ထိုသိက္ခာပုဒ်ကို လွန်ကြူးက အဘယ်အာပတ်များ သင့်နိုင်သည်ကိုလည်း ကတာပတ္တိဝါရနှင့် ဆက်စပ်၍ ဖြေဆိုခဲ့ပါ။

(၂) အောက်ပါ ပုစ္ဆာ ပါဠိတို့၏ အဖြေ ဝိသဇ္ဇနာ ပါဠိများကို ရေးသားခဲ့ပါ။

(က) ကာယသံသဂ္ဂံ သာဒိယနပစ္စယာ အာပတ္တိယော ဆန္နံ အာပတ္တိသမုဋ္ဌာနာနံ ကတိဟိ သမုဋ္ဌာနေဟိ သမုဋ္ဌန္တိ။ ॥(ဘိက္ခုနီဝိဘင်္ဂ သမုဋ္ဌာနဝါရ)။

(ခ) ကာယသံသဂ္ဂံ သာဒိယနပစ္စယာ အာပတ္တိယော စတုန္နံ အဓိကရဏာနံ ကတမံ အဓိကရဏံ။ ॥ (ဘိက္ခုနီ ဝိဘင်္ဂ အဓိကရဏဝါရ)။

(၃) သမုဋ္ဌာန သီသ သင်္ခေပ - ၌ နိဗ္ဗာနဉ္စေဝ ပညတ္တိ၊ အနတ္တာ ဣတိနိစ္ဆယာ - တွင် ပညတ်ကို အနတ္တ ဟူ၍ ဆုံးဖြတ်ရခြင်း အကြောင်းကို ဖော်ပြ၍/အောက်ပါ ဂါထာကိုလည်း မြန်မာဘာသာ ပြန်ဆိုခဲ့ပါ။

သဗ္ဗသတ္တုတ္တမော သီဟော၊ ပိဋကေ တီဏိ ဒေသယိ။
သုတ္တန္တမဘိဓမ္မဉ္စ၊ ဝိနယဉ္စ မဟာဂုဏံ။

(၄) ဆ အာပတ္တိ သမုဋ္ဌာန ဝါရ - ၌ ဒုတိယေန အာပတ္တိ သမုဋ္ဌာနေန ပါရာဇိကံ အာပဇ္ဇေယျာတိ - မှ စ၍ ဒုဗ္ဘာသိတံ အာပဇ္ဇေယျာတိ တိုင်အောင်သော ပါဠိများကို ထုတ်ပြ၍ / သမထဘေဒ တဗ္ဘာဂိယ ဝါရ—၌ ကတိ သမထာ ဝိဝါဒါဓိကရဏဿ တဗ္ဘာဂိယာ၊ ကတိ သမထာ ဝိဝါဒါဓိကရဏဿ အညဘာဂိယာ ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာများကိုလည်း ရေးသားခဲ့ပါ။

(၅) ကေတ္တကရိက တိက ဝါရ - လာ မြတ်စွာဘုရား ထင်ရှားရှိစဉ်သာ သင့်၍ ပရိနိဗ္ဗာန်ပြုသော အခါ မသင့်သော အာပတ်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုပြီးနောက် ၌

သော သင့်၍ ထင်ရှားရှိစဉ် အခါ မသင့်သော အာပတ်များကို ထုတ်ပြ၍ / အဓိကရဏ ဘေဒ သံသဋ္ဌဝါရ၌ သမ္ဗုခါ ဝိနယ—သတိ ဝိနယ နှစ်ပါးတို့၏ သံသဋ္ဌ ဖြစ်ရခြင်း အကြောင်းများကိုလည်း ရေးသားခဲ့ပါ။

( ၆ ) အဓိကရဏ သမထဘေဒ - ၌ ပဋိညာတကရဏ နိဒါန်း - ယေဘုယျသိကာ နိဒါန်းများကို ဖော်ပြ၍ / ဒုတိယဂါထာ သင်္ဂဏိကာ၌ ဂတိံ န နာသေန္တော သမ္ဗရာယိကံ ဟူသော ပါဠိတော်၏ အဓိပ္ပာယ်ကိုလည်း အဋ္ဌကထာ အလိုကျ ရေးသားခဲ့ပါ။

( ၇ ) အောက်ပါ ဂါထာကို အဋ္ဌကထာနှင့် အညီ အဓိပ္ပာယ် ပေါ်လွင်အောင် အနက်ယောဇနာပြီးလျှင် /အသုဒ္ဓပရိသင်္ကိတော၏ အဓိပ္ပာယ်ကိုလည်း ရေးသားခဲ့ပါ။

ဒိဋ္ဌံ ဒိဋ္ဌေန သမေတိ၊ ဒိဋ္ဌေန သန္ဓတေ ဒိဋ္ဌံ။
ဒိဋ္ဌံ ပဋိစ္စ န ဥပေတိ၊ အသုဒ္ဓ ပရိသင်္ကိတော။
သော ပုဂ္ဂလော ပဋိညာယ၊ ကာတဗ္ဗော တေနုပေါသထော။

( ၈ ) စူဠသင်္ဂါမ - လာ မဇ္ဈတ္တေန ဘဝိတဗ္ဗံ ဓမ္မေသု စ ပုဂ္ဂလေသု စ - ၏ အဓိပ္ပာယ်ကို ရေးသားပြီးလျှင်/ဝိနည်းမိုရ် အကြီးအကဲ အရာ၌ သမုတ်၍ ထားထိုက်သော ရဟန်း၏ အင်္ဂါ လက္ခဏာများကိုလည်း ရေးသားခဲ့ပါ။

( ၉ ) ကထိနဘေဒ - လာ - ပယောဂေါ ဟေတုနိဒါနေ၁ ပယောဂေါ ပစ္စယနိဒါနေ၁ - ၌ ဟေတု အရ - ပစ္စယ အရတို့ ကောက်ပြပြီးလျှင် / ဟေတုနိဒါန ဖြစ်ပုံ- ပစ္စယ နိဒါန ဖြစ်ပုံတို့ကိုလည်း ရေးသားခဲ့ပါ။

( ၁၀ ) ဥပါလိ ပဉ္စက ဝေါဟာရဝဂ်- လာ သုတ္တာနုလောမံ ဇာနာတိ ဝိနယာနုလောမံ ဇာနာတိ ဓမ္မာနုလောမံ ဇာနာတိ - ၌ သုတ္တာနုလောမ ဝိနယာနုလောမ ဓမ္မာနုလောမ တို့၏ အထူးကို ရေးသားပြီးလျှင် / ကထိနတ္ထာရဝဂ်-လာ အာစရိယော ဝန္ဒိယော - ၌ ရှိမခိုးအပ်သော ဆရာများကိုလည်း ရေးသား ဖော်ပြခဲ့ပါ။

( ၁၁ ) အဘယ်သို့သော ရဟန်း၏ အဘယ်မျှလောက်သော ကြွေးမြီကို သံဃာဘဏ္ဍာမှ ပေးဆပ်သင့်ပါသနည်း၊ ရှင်းပြပြီးလျှင် / မပြေလည်ဘဲ ကျန်နေသေးသော ကြွေးမြီကို ရဟန်းတို့က အဘယ်သို့ ပေးဆပ်သင့်ပါသနည်း၊ ရှင်းပြခဲ့ပါ။

( ၁၂ ) အတ္တဒဝသဝဂ်- လာ ဒိဋ္ဌဓမ္မိကာနံ ဘယာနံ သံဝရာယ - ၌ ဘယ သရုပ်ကို အဋ္ဌကထာ အလိုကျ စုံလင်စွာ ထုတ်ပြ၍ / သမ္ပရာယိကာနံ အကုသလာနံ ပဋိဃာတာယ - ၌ အဘယ် အကုသိုလ်ကို အဘယ့်ကြောင့် သမ္ပရာယိက အကုသိုလ် ခေါ်ပါသနည်း၊ ရှင်းပြခဲ့ပါ။

၁၀–မှတ်စီ။

# ( ခ ) တိပိဋကစရ သဘောရေးဖြေ စာမေးပွဲ

## ( ၁ ) ဝိနယပိဋက ( ပါရာဇိကပါဠိ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၅ - ခုနှစ် တပို့တွဲလဆန်း ၃-ရက်။ ( ၂၅-၁-၇၄ )

——

( ၁ ) သုတ္တန်၌ ဧကံ သမယံ ဘဂဝါ-ဆိုသကဲ့ကို ဤဝိနည်း၌ တေန သမယေန ဘဂဝါ ဝေရဉ္ဇာယံ-ဟု ဆိုသင့်၏၊ သို့မဟုတ် ဝေဝုစ်နှင့် တကွ ဆိုလိုလျှင်လည်း တေန သမယေန တထာဂတော ဘဂဝါ ဟူ၍လည်းကောင်း သုဂတော ဘဂဝါ ဟူ၍လည်းကောင်း ဆိုသင့်လျက် မဆိုမူ၍ တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဟု ဥပါလိ မထေရ် ဆိုရခြင်း၏ အကျိုးများကို ဖော်ပြ၍/ သာဝကာဝစ်ဏ္ဏ အရများကိုလည်း ထုတ်ပြခဲ့ပါ။

( ၂ ) ဥပဘောဂ ပရိဘောဂ အရကို အကြောင်းပြ၍ ကောက်ပြပြီးလျှင် / အစုာ မဟာဒ္ဓနာ-၌ ဇုစ အရ အဓိပ္ပာယ်ကိုလည်း ရေးသား ဖော်ပြပါ။

( ၃ ) ရောင်ထုံးနှင့် လူကို ရဟန်းခံ၍ ရ-မရ — ဤပါရာဇိကဏ် ပါဠိတော် နှင့် အဋ္ဌကထာကို ထောက်ဆ၍ ဆုံးဖြတ်ပြီးလျှင် / ပုဗ္ဗဏှသမယံ-သည် အခါကို ပြောကြားခြင်း ဟုတ်-မဟုတ် နှင့် ဆိုလိုရင်း အဓိပ္ပာယ်ကိုလည်း ရေးသားခဲ့ပါ။

( ၄ ) ဒုတိယပါရာဇိက သုက်ဃာတ ကထာ-၌ ဤအရပ်သို့ ဝင်သူအား အကောက်ကို ကောက်စေဟု ထားသော ကင်းထားရာ အရပ်၌ အပသို့ ဆောင်ယူသွားလိမ့်မည်ဟု နှလုံးသွင်း၍ သွားနေသော ယာဉ်ပေါ်၌လည်းကောင်း မြင်း စသည်တို့၏ ကျောပေါ်၌လည်းကောင်း ပစ္စည်းကို တင်ပေးလိုက်၍ ဆောင်ယူသွားခဲ့လျှင် ရဟန်းအား အဘယ် အာပတ် သင့်မည် - မသင့်မည်ကို အကြောင်းပြ၍ ဆုံးဖြတ်ပြီးလျှင် / မှောင်ခို ပစ္စည်းကို ပြည်တွင်း၌ ဝယ်ယူ သုံးဆောင်သော ရဟန်းအား အဘယ် အပြစ် ထိုက်မည် - မထိုက်မည်ကိုလည်း အကြောင်း ယုတ္တိ ပြ၍ ဝိနိစ္ဆယ ချခဲ့ပါ။

( ၅ ) တတိယပါရာဇိက အာဃာတန ဝတ္ထု၌ 'ဤသူကို နှစ်ချက်ရိုက်ပြီး သတ်' ဟု ခိုင်းရာ တချက်တည်း ရိုက်၍ သေသွားသော်လည်းကောင်း သို့မဟုတ် သုံးချက်ရိုက်ပြီးမှ သေသွားလျှင် လည်းကောင်း ခိုင်းသော ရဟန်းအား အဘယ် အာပတ်များသင့်မည် ဟု အကြောင်းပြ၍ ရေးသားခဲ့ပါ။

( ၆ ) စတုတ္ထ ပါရာဇိကဉ် ဝဂ္ဂုမုဒါမြစ်ကမ်း၌ နေကြသော ရဟန်းများက လူတို့အား အချင်းချင်း၏ ဥတ္တရိမနုဿဓမ္မကို ပြောဟောကြခြင်း၏ အမှုကို အဘယ် အမှုမျိုး ဖြစ်သည်ဟု ဖော်ပြ၍ / မဂ္ဂဘာဝနာပုဒ်၏ ပဒဘာဇနီ ပါဠိများကိုလည်း ရေးသား ဖော်ပြပါ။

( ၇ ) သုတ္တဝိဘင်္ဂ သိက္ခာပုဒ် ပဒဘာဇနီ၌ အဇ္ဈတ္တရူပေ မောစေတိ အစ သပ္ပိဝဏ္ဏံ မောစေတိ အဆုံးရှိသော ပုဒ်တို့တွင် အဘယ် ပုဒ်ဖြင့် အဘယ်ကို ပြသည်ဟု အကြောင်း ပြ၍ ရှင်းလင်းပြီးလျှင်/ ရာဂ ၁၁ – ပါးကိုလည်း ထုတ်ပြခဲ့ပါ။

( ၈ ) မာတုဂါမ၏ မွေးညှင်းတို့ကို ကာယသံသဂ္ဂရာဂဖြင့် တို့ထိသော ရဟန်းအား သံဃာဒိသိသ် အာပတ် သင့်ရာဝယ် မည်သည့် အဋ္ဌကထာ အလို မည်သို့ ဟု နာနာဝါဒကို ထုတ်ပြ၍/ အဘယ်ဝါဒ သင့်မြတ်သည်ဟု အကြောင်းပြ၍ ဆုံးဖြတ်ပြီးလျှင်/ အောက်ပါ ရဟန်းတို့အား မည်သည့် အာပတ် သင့်သည် ဟု ဖော်ပြပါ။

( က ) မာတုဂါမ တက်ထိုင်အပ်သော သစ်တုံးကို သာရတ္တစိတ်ဖြင့် ဆွဲငင် သော ရဟန်း။

( ခ ) ယောကျ်ားအသွင် ရှိသော သူငယ်မကို မိန်းမဟု မသိမူ၍ အကြောင်း တခုကြောင့် တွေ့ထိမိသော ရဟန်း။

( ၉ ) သဉ္စရိတ္တသိက္ခာပုဒ်ဝယ် ကိသ္မိံ ဝိယ ကုမာရိကာယ ဝတ္တုံ ဟူသော ပါဠိတော် ကို အဋ္ဌကထာဖွင့်နှင့် အညီ အနက် သမ္ဗန်၍ / ဤသဉ္စရိတ္တ အာပတ်သို့ ပေါ် ဘိက္ခု စသော ရဟန်းတို့လည်း သင့်ရောက်နိုင်သည် ဖြစ်လျက် အဘယ့်ကြောင့် ယွာယံ ဘိက္ခု သမဂ္ဂေန သံဃေန ဥတ္တိစတုတ္ထေန (ပ) အဓိပ္ပေတော ဘိက္ခု ‑ ဟု ဥတ္တိစတုတ္ထ ရဟန်းကိုသာ ပဒဘာဇနီ၌ ဟောတော်မူပါသနည်း၊ အကြောင်း လုံလောက်စွာ ပြ၍ ဆုံးဖြတ်ပါ။

( ၁၀ ) သညာစိကကုဋိ ဆောက်လုပ်ရာဝယ် ပညတ်တော် မူအပ်သော ပမာဏထက် အလျားမှ လျော့ ‑ အနံမှ တိုး၍ ဖြစ်စေ၊ အနံမှ လျော့ ‑ အလျားမှ တိုး၍ ဖြစ်စေ ဆောက်လုပ်ရာ၌ အပ် ‑ မအပ်—အာဂမ သဘာဝ အကြောင်း ယုတ္တိ ပြ၍ ဆုံးဖြတ်ပြီး လျှင်/ သာရမ္ဘံ နာမ ကိပိလ္လိကာနံ အာသယော ဟောတိ (ပ) တေံ သာရမ္ဘံ နာမ ‑ ဟူ သော ပဒဘာဇနီပြ အရပ်တို့တွင် အဘယ် အရပ်တို့ကို အဘယ် အကျိုးငှာ ပယ်ကုန်သ နည်း၊ အရပ် အပြည့်အစုံ ထုတ်ပြ ရှင်းလင်းပါ။

( ၁၁ ) ပဌမ ကထိန သိက္ခာပုဒ်ဝယ် တံ အတိက္ကာမယတော နိဿဂ္ဂိယံ ဟောတိတိ ကောဒသေ အရုဏုဂ္ဂမနေ နိဿဂ္ဂိယံ ဟောတိ ‑ စသော ပဒဘာဇနီတို့တွင် အဘယ် စကား ရပ်ဖြင့် အဘယ်ကို ပြသည်ဟု ရှင်းပြ၍ / အနဋ္ဌေ နဋ္ဌသညီ အဝိလုတ္တေ ဝိလုတ္တသညီ ဟူ သော ပုဒ်တို့၌ နဋ္ဌ ဝိလုတ္တ အထူးကို ထင်ရှားအောင် ဖော်ပြပါ။

( ၁၂ ) ဤအဝတ်ကို အမိအား ပေးအံ့၊ ဤအဝတ်သည် အမိ အတွက် ဖြစ်၏ ဟု ထား အပ်သော အဝတ်တို့ကို အဓိဋ္ဌာန် တင်ရ ‑ မတင်ရ အကြောင်းပြ၍ ရှင်းလင်းပြီးလျှင်/ ပုလဲဖြင့် ရွှေကို—ပုလဲဖြင့် အဝတ်ကို လဲလှယ်တော ရဟန်းတို့အား အဘယ် သိက္ခာပုဒ် ဖြင့် အဘယ် အာပတ် သင့်နိုင်သည်ကို ပြည့်စုံစွာ အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

၁၀ – မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၂) ဝိနယပိဋက (ပါစိတ္တိယ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၅–ခုနှစ် တပိုတွဲ့လဆန်း ၄- ရက် ( ၂၆ - ၁ - ၇၄ )

—·—

( ၁ ) ဒုတိယ သဟသေယျ သိက္ခာပုဒ်၌ နပုံသကနှင့် လေးရက်မြောက် အိပ်သော ရဟန်းအား အာပတ်အာပတ် သင့်မည်ကို ဖော်ပြ၍ / ပုရိသ ဥဘတောဗျည်းနှင့် အတူတကွ အိပ်သော ရဟန်းအား အဘယ်သိက္ခာပုဒ်ဖြင့် အဘယ်အာပတ် သင့်မည်ကိုလည်း ညွှန်ကြားခဲ့ပါ။

( ၂ ) ဘူတဂါမသိက္ခာပုဒ်၌ သစ်ကိုင်း ပိနေသော ရဟန်းအား သစ်ကိုင်းကို ချိုးပြီး ထွက်ခြင်း၌ အပ် - မအပ်၊ တပါးသော ရဟန်းက သစ်ကိုင်းကို ချိုးပြီး ထုတ်ယူခြင်း၌လည်း သင့် - မသင့် တို့ကို ဆုံးဖြတ်၍/ ပဉ္စဟိ သမဏကပ္ပေဟိ ဖလံ ပရိဘုဉ္ဇိတုံ ပါဠိတော်၌ သမဏကပ္ပ မည်ရခြင်း အကြောင်းကိုလည်း ရေးသားခဲ့ပါ။

( ၃ ) ဘူတဂါမဝဂ် မဟလ္လကဝိဟာရ သိက္ခာပုဒ်၌ အာလောကသန္ဓိ ပရိကမ္မာယ ပုဒ်၏ ပဒဘာဇနီ ပါဠိတော်များကို အနက် ယောဇနာ၍ / ဤပုဒ်၏ ပဒဘာဇနီ အစစ်ဖြစ်သော ပါဠိတော်ကိုလည်း ထုတ်ပြပါ။

( ၄ ) ဩဝါဒဝဂ် သံဝိဓာနသိက္ခာပုဒ်၌ နက်ဖြန် နံနက် ဘိက္ခုနီမနှင့် ခရီး အတူသွားဘို့ တိုင်ပင်ပြီး သွားသော ရဟန်း—မြောက်ဘက်တံခါး လူသွားလမ်းက အတူသွားဘို့ တိုင်ပင်ပြီး သွားသော ရဟန်းများ အဘယ် အာပတ်များ သင့်မည် - မသင့်မည်ကို ညွှန်ပြ၍/ ရဋ္ဌဘေဒ စက္ကသမာရုဠှတို့၏ အဓိပ္ပာယ်ကိုလည်း ဋီကာ အလိုကျ ရေးသားခဲ့ပါ။

( ၅ ) ဘောဇနဝဂ် ဂဏဘောဇန သိက္ခာပုဒ်၌ ဒါယကာ တယောက်က ရဟန်းလေးပါး ထမင်း ခံ ယူကြွပါဟု ဖိတ်သော အခါ သုံးပါး ကြွ၍ တပါးမကြွ၊ တပါး အဘယ်မှာနည်း ဟု ဒါယကာက မေးသော အခါ မလာကြောင်း ပြောပြ၍ ထိုခဏတွင် ရောက်လာသော ရဟန်းတပါးကို ဒါယကာက သွင်း၍ လေးပါးလုံးကို ဆွမ်းလှူဒါန်း၍ ခံယူသော ရဟန်းများအား အဘယ်အာပတ် သင့်မည်–မသင့်မည်ကို အကြောင်းပြ၍ အဋ္ဌကထာအလိုကျ ဆုံးဖြတ်ပြီးလျှင်/ သုံးပါးသွား၍ တပါးက သပိတ်ကိုသာ ပေးပြီး ခံယူစေသော ရဟန်းများလည်း အဘယ်အာပတ်များ သင့်မည်-မသင့်မည်ကို အကြောင်းပြ၍ ဝိနိစ္ဆယ ချခဲ့ပါ။

( ၆ ) ဘောဇနဝဂ် ဒုတိယ ပဝါရဏာသိက္ခာပုဒ်၌ ဟန္ဒ ဘိက္ခု ခါဒ ဝါ ဘုဉ္ဇ ဝါ ပုဒ်တို့၏ ပဒဘာဇနီကို ထုတ်မပြဘဲ ယာဝတကံ ဗုဇ္ဈိဿ စသည်ကိုသာ ဆိုရခြင်း အကြောင်းကို ဖော်ပြ၍/ အဘိဟဋ္ဌုံ ပဝါရေတိ အာပတ္တိ ပါစိတ္တိယဿ ပါဠိတော် အရ ရှေး၌

ဆောင်၍ ဘိတ်ကြားရှိမှုနှင့် ပါစိတ် အာပတ်သင့်သည် ဟု မှတ်ရမည်လော၊ အခြား အထောက်အထား ပါဠိ ဋီကာ တို့နှင့် အညီ ဆုံးဖြတ်ခဲ့ပါ။

(၇) 'ဤဥစ္စာသည် တပည့်တော်၏ ဥစ္စာ မည်ပါ၏၊ ဤတပည့်တော်၏ ခွက်ထဲသို့ ထိုဥစ္စာကို လောင်းထည့်ပါ 'ဟု လျှောက်ထားသော တိတ္ထိ၏ ခွက်ထဲသို့ ခဲဘွယ် ဘောဇဉ်ကို ရဟန်းက လောင်းထည့်သော် သဟတ္ထဒါန မည် မမည် အကြောင်းပြ၍ ဆုံးဖြတ်ပြီးလျှင် / လေဆေး အတွက် အရက် ရော၍ ချက်အပ်သော ဆီကို သောက်သော် အာပတ်သင့် - မသင့် ရှင်းလင်းပြပါ။

(၈) ဘိက္ခုနီမကို ဟသာဓိပ္ပာယဖြင့် ဂလိထိုးသော ရဟန်းအား အဘယ့်ကြောင့် အဘယ်သိက္ခာပုဒ်ဖြင့် အဘယ်အာပတ် သင့်သည် ဟု ဆုံးဖြတ်၍/သပ္ပါဏကဝဂ် သပ္ပါ-ဏက သိက္ခာပုဒ်သည် လောကဝဇ္ဇ ပဏ္ဏတ္တိဝဇ္ဇ ၂ - ပါးတွင် အဘယ့်ကြောင့် အဘယ် ဝဇ္ဇ ဖြစ်သည်ကို ဥပမာဆောင်၍ ဖြေဆိုပါ။

(၉) သပ္ပါဏကဝဂ် ထေယျသတ္ထ သိက္ခာပုဒ်ဝယ် ဝိသင်္ကေတေန ဂစ္ဆတိ၌ဝိသင်္ကေတဘေဒ နှင့် အာပတ္တိကရ ဝိသင်္ကေတ - အနာပတ္တိကရ ဝိသင်္ကေတ တို့ကို ထုတ်ပြ၍ / ခိုးသူ ကုန်သည်မနှင့် တိုင်ပင်၍ ခရီးသွားသော ရဟန်းအား အဘယ်သိက္ခာပုဒ်ဖြင့် အဘယ် အာပတ် သင့်သည်ကို အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(၁၀) ပရိမဏ္ဍလ နိဝါသနသိက္ခာပုဒ် အနာပတ္တိဝါရလာ အဇာနန္တဿ အရ အဇာ-နန္တ အပြားကို ဖော်ပြ၍ / ဤ၌ မည်သည့် အဋ္ဌကထာက မည်သည့် အဇာနန္တကို ဆိုလိုသည်ကို အဋ္ဌကထာ ဝါဒများ စုံလင်စွာ ပြ၍ ရှင်းလင်းပြီးလျှင်/ ဒုတ်ကောက်ကိုင်သော အဂိလာနအား တရား ဟောကောင်း - မဟောကောင်း အာဂမ သဘာဝ အကြောင်း ယုတ္တိ ပြ၍ ဆုံးဖြတ်ပါ။

(၁၁) ဘိက္ခုနီ ပဌမ ပါရာဇိကဝယ် ဥဘတော အဝဿုတေ အဓက္ခကံ ဥဗ္ဘဇာဏု-မဏ္ဍလံ ကာယေန ကာယံ အာမသတိ၊အာပတ္တိပါရာဇိကဿ ဟူသော ပါဠိတော်၌ ကာယေန ကာယံ အာမသတိ ပုဒ်တို့ကို အဋ္ဌကထာဖွင့်နှင့် အညီ ဖြစ်နိုင်သ၍ အပြည့်အစုံ အနက်သမွန်၍/စတုတ္ထ ပါရာဇိကဝယ် တေဿ အသဒ္ဓမ္မဿ ပဋိသေဝနတ္ထာယ ပါဠိ၌ အသဒ္ဓမ္မ၏ ဂဟေတဗ္ဗ နိဝတ္တေတဗ္ဗ တို့ကို အာဂမ သဘာဝ အကြောင်း ယုတ္တိပြ၍ ဖော်ထုတ်ပါ။

(၁၂) ဘိက္ခုနီ ပဌမ သံဃာဒိသိသ် ကေတော အဝဿုတေ ခါဒိဿာမိ ဘုဉ္ဇိဿာ-မိတိ ပဋိဂ္ဂဏှာတိ အာပတ္တိဒုက္ကဋဿ ဟူသော စကားရပ်ဝယ် ကေတော အဝဿုတေ ပုဒ်၌ မဟာပစ္စရိ မဟာအဋ္ဌကထာ ၂ - ဝါဒကို ထုတ်ပြ၍/ အဘယ်ဝါဒသာ အဘယ်ပါဠိတော်နှင့် ညီညွတ်သည်ဟု ဆုံးဖြတ်ပြီးလျှင် / ဘိက္ခုနီ နိဿဂ္ဂိပါစိတ် ပတ္တဝဂ် ဒုတိယသိက္ခာပုဒ်ဝယ် အကာလစီဝရံနာမ (ပ) ကာဋေပိ အာဒိဿ ဒိန္နံ ဟူသော ပဒဘာဇနီ၌ အာ-ဒိဿ ဒိန္နံ၏ အရကို အကုန်အစင် ထုတ်ပြပါ။ ၁၀–မှတ်စီ။

# (ခ) တိပိဋကဓရ သဘောဓရ ရေးဖြေ စာမေးပွဲ

## (၃) ဝိနယပိဋက ( မဟာဝဂ္ဂ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၅-ခုနှစ် တပို့တွဲလဆန်း ( ၅ ) ရက်၊ (၂၇-၁-၇၄)

—

(၁) ဗောဓိကထာ ပဋိစ္စသမုပ္ပါဒ် အနုလောမ ပဋိလောမကို ဆင်ခြင်ရာ၌ အနုလောမ ပဋိလောမ ခေါ်ဆိုရခြင်း အကြောင်းကို ရေးသား ဖော်ပြ၍ / ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ ပါဠိတော်၏ ဆိုလိုရင်း အဓိပ္ပာယ်ကို ရေးသားပြီးလျှင် / ဝိညာဏပစ္စယာ နာမရူပံ ပုဒ်ကိုလည်း အနက် ယောဇနာခဲ့ပါ။

(၂) ဗြဟ္မယာစနကထာ-၌ ကိစ္ဆေန မေ အဓိဂတံ ပါဠိတော် အရ ဘုရားရှင်သည် မဂ်ကို ရရန် အားထုတ်ရာ၌ ဆင်းရဲ ငြိုငြင်စွာ ကျင့်ခဲ့ရသည်ကို ဆိုလိုပါသလော၊ ရှင်းလင်းဖော်ပြ၍/ဗုဒ္ဓစက္ခုနာ လောကံ ဝေါလောကေသိ ပါဠိ၌ ဗုဒ္ဓစက္ခု အရကိုလည်း ကောက်ပြခဲ့ပါ။

(၃) သာမဏေများကို သရဏဂုံ ပေးပြီးသော အခါ ဆယ်ပါးသီလကို ပေးဘို့ လို-မလို အဋ္ဌကထာ အလိုကျ ဖော်ပြ၍ / သာမဏေများကို ဒဏ်ပေးပြီးသော အခါ သိက္ခာပုဒ်ကို ထပ်ပြီး ပေးဘို့ လို-မလို ကိုလည်း အဋ္ဌကထာ အလိုကျပင် စီစစ်ပြခဲ့ပါ။

(၄) ထေယျသံဝါသကော ဘိက္ခဝေ-၌ သံဝါသ အရကို ဖော်ပြ၍ / သိက္ခာမချဘဲ ရဟန်းအသွင်၌ တည်လျက် မေထုန် အမှုကို ပြုကျင့်ပြီး ရဟန်းဝါ စသည်ကို ရေတွက်နေလျှင် ထေယျသံဝါသက ဖြစ်-မဖြစ်ကိုလည်း ဆုံးဖြတ်ခဲ့ပါ။

(၅) ကျဉ်းမြောင်းသော မြစ်ငယ်၌ ဥဒကုက္ခေပသိမ် ပြု၍ ရ-မရကို ဖော်ပြ၍ / သမုဒ္ဒရာ၌ ကံပြုလိုသော အခါ အဘယ်သိမ် အမည်မျိုးဖြင့် ပြုသင့်သည်ကို အကြောင်းပြ၍ ရေးသားခဲ့ပါ။

(၆) ကမ်းပါးပြို၍ မြစ်ထဲ ပါသွားသော ဗဒ္ဓသိမ် အပေါ် မြစ်ထဲ၌ ကံပြုလျှင် အဘယ်သိမ်ပေါ်၌ ကံပြုသည်ဟု ဆိုရမည်ကို ယုတ္တိ သာဓက ရှာ၍ ညွှန်းပြပြီးလျှင်/ ဂါမသိမ်၏ အောက်ဘက် အပိုင်းအခြား—ဥဒကုက္ခေပသိမ်၏ အောက်ဘက် အပိုင်းအခြား အဘယ်မျှ တိုင်အောင် ရောက်သည်ဟုလည်း ဖော်ပြခဲ့ပါ။

(၇) န ဘိက္ခဝေ ဆဝကုင္ဂိကာယန္တိ ဆဝကုင္ဂိကာနာမ ဋ္ဌကိတမစ္ဆာဒိဘောဒါကုင်ှ ဟူသော အဋ္ဌကထာ၌ ဋ္ဌကိတမစ္ဆ ပြုလုပ်ပုံ နှင့် ထားရာ အရပ်တို့ကို ပြ၍/ ဝါဆိုရာနေ့၌ ဝါကပ်ပြီးလျှင် အရုဏ်မတက်စေဘဲ ယင်းနေ့၌ပင် သတ္တာဟကရဏီယကြောင့် ဝါပန်၍ သွားကောင်း - မသွားကောင်း အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(၈) အနုဇာနာမိ ဘိက္ခဝေ တေဟိ ဘိက္ခူဟိ ဒွေ တယော ဥပေါသထေ စာတုဒ္ဒသိကေ ကာတုံ ဟူသော ပါဠိတော်အရ စတုဒ္ဒသီ နှစ်ဥပုသ် သုံးဥပုသ် ပြုလုပ်၍ ပန္နရသီ ပဝါရဏာ ပြုပုံကို လ ရက် အတိအကျ ဖော်ပြ၍/ အဋ္ဌကထာလာတိုင်း ရှင်းလင်းပြပါ။

(၉) စမ္မာနိ အတ္ထရဏာနိ ဧဠကစမ္မံ အဇစမ္မံ မိဂစမ္မံ ဟူသော ပါဠိတော်၌ အပ်သော မိဂစမ္မ - မအပ်သော မိဂစမ္မ တို့ကို အစုံအလင် ထုတ်ပြ၍/ နွားရေ အခင်း အပ် - မအပ်ကို အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(၁၀) ယာဝကာလိကေန ဘိက္ခဝေ ယာဝဇီဝိကံ တဒဟု ပဋိဂ္ဂဟိတံ ကာလေ ကပ္ပတိ ဟူသော ပါဠိတော်ကို မှန်ကန် ပြည့်စုံစွာ အနက်သမ္ဗန် ပြီး/ နည်းယူလောက်အောင် အဓိပ္ပာယ် ပြန်ဆို၍/ သတ္တာဟကာလိကေန ဘိက္ခဝေ ယာဝဇီဝိကံ တဒဟု ပဋိဂ္ဂဟိတံ ဟူ၍ ဟောတော်မမူဘဲ ပဋိဂ္ဂဟိတံ သတ္တာဟံ ကပ္ပတိ ဟု ဟောတော်မူသည်ကို အကြောင်း လုံလောက်စွာ ပြ၍ ဆုံးဖြတ်ပါ။

(၁၁) ကျောင်း အများ ရှိသော ကျောင်းတိုက်တွင်းဝယ် ဘဏ္ဍာဂါရ သမုတ်သင့်သော ကျောင်း - မသမုတ်သင့်သော ကျောင်းကို အကြောင်းပြ၍ ဖော်ပြပြီးလျှင်/ ယင်းကျောင်းကို ဘဏ္ဍာဂါရ သမုတ်ရာဝယ် အဘယ် အကျိုးငှာ မည်သည့်အရပ်၌ နေ လျက် သမုတ်သင့်၍ မည်သည့်အရပ်၌ နေလျက် မသမုတ်သင့်သည်ကို ဆုံးဖြတ်ပါ။

(၁၂) ဗဟုဘဏ္ဍ ဗဟုပရိက္ခာရ ရှိသော ရဟန်းတပါး စုတေရာဝယ် ကျန်ရစ်သော ပစ္စည်းများကို ပြုစီမံပုံကို သေချာစွာ ဖော်ပြ၍ / ဦးသုမနက 'ဤသင်္ကန်းကို ဦးနာဂ အား ပေးပါ၏' ဆို၍ ဦးတိဿ၏ လက်ထဲ ထည့်လျက် စေခိုင်းရာ ဦးတိဿက ခရီး အကြားဝယ် အဘယ်ရဟန်းနှင့် ဝိဿာသအားဖြင့် ဟူသော် သုဂဟိတ ဖြစ်ပါသနည်း၊ အကြောင်းပြ၍ ဆုံးဖြတ်ပါ။

၁၀—မှတ်စီ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၄) ဝိနယပိဋက (စူဠဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၅-ခုနှစ်၊ တပို့တွဲလဆန်း ၆ - ရက်။ (၂၀-၁-၇၄)

—

(၁) ကမ္မက္ခန္ဓက - ၌ တဇ္ဇနီယကံကို ပြုသော ကမ္မဝါစာတွင် ဘဏ္ဍနကာရက၏ အစွမ်းဖြင့်သာ ကမ္မဝါစာကို ဟောတော်မူသည်–အကယ်၍ ဗာလအဗျတ္တ၏ အစွမ်းဖြင့် ကမ္မဝါစာကို ပြုခဲ့သော် အပြစ်ရှိ-မရှိ အကြောင်းပြ ဖော်ပြ၍ / န စ အညဿ ကမ္မဿ ဝတ္ထုနာ ဟူသော အဋ္ဌကထာ၏ အဓိပ္ပာယ်ကိုလည်း ရေးသားခဲ့ပါ။

(၂) ပါရိဝါသိကက္ခန္ဓက - ၌ သီတင်းကြီး ပါရိဝါသိက ရဟန်း အိပ်ခဲ့သော် သီတင်းငယ် ပါရိဝါသိက ရဟန်းက သိလျက် နောက်ထပ် အိပ်ငြားအံ့၊ ထို နှစ်ပါးမှာ ရတ္တိစ္ဆေဒ ဖြစ်-မဖြစ်၊ ဝတ္တဘေဒဒုက္ကဋ် သင့်-မသင့် တို့ကို ခွဲခြား ပြပြီးလျှင် / န ဝတ္တဘေဒဒုက္ကဋံ ဟူသော အဋ္ဌကထာ၏ အဓိပ္ပာယ်ကိုလည်း ရေးသားခဲ့ပါ။

(၃) သမုစ္စယက္ခန္ဓက - ၌မာနတ် လေးမျိုးကို ရေးသား ဖော်ပြ၍ / အဘယ်အကျိုးငှာ အာရောစေတဗ္ဗာ နိက္ခိပိတဗ္ဗံ ဟု အဋ္ဌကထာဆရာ မှာဆိုသည်ကိုလည်း ကောင်း-မာနတ်ကြားရာ၌ မြန်မာဘာသာဖြင့် ကြားကောင်း-ကြားမကောင်း ကိုလည်းကောင်း ရေးသားခဲ့ပါ။

(၄) သမုစ္စယက္ခန္ဓက-လာ မဟာသုဒ္ဓန္တ၏ အဓိပ္ပာယ်ကို ရေးသားဖော်ပြ၍ / ထို မဟာသုဒ္ဓန္တ ပရိဝတ်ကို အဘယ်သို့ ယူရမည်ကိုလည်း ရေးသားခဲ့ပါ။

(၅) သမထက္ခန္ဓက - ၌ ဓမ္မိက သတိ ဝိနယ ပေးခြင်း ငါးမျိုးကို ရေးသား ဖော်ပြ၍ / ထိုသတိဝိနည်း ပေးရမည့် ပုဂ္ဂိုလ်ကိုလည်းကောင်း အနာဂါမ်ပုဂ္ဂိုလ် အား ပေးရမည်-မပေးရမည်ကိုလည်းကောင်း ညွှန်ပြခဲ့ပါ။

(၆) ခုဒ္ဒကဝတ္ထု-လာ သရဘည၏ အဓိပ္ပာယ် နှင့် လက္ခဏာကို ရေးသား ဖော်ပြ၍/မြွေကိုက်ရာကို ဓားနှင့် ခွဲသော ရဟန်းအား အာပတ် သင့်-မသင့်ကို ကိုလည်း ဖြေကြားခဲ့ပါ။

(၇) တတော ဝါတာ တပေါ ဘောရော၊ သဥ္စာတော အဘိဟာညတိ။
လေကာတ္တဥ္စ သုခတ္တဥ္စ၊ စဲ့ာယိတုဥ္စ ဝိပဿိတုံ။
ဝိဟာရဒါနံ သံဃဿ၊ အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ။

အထက်ပါ ဂါထာကို အဋ္ဌကထာ ပဉ္စမ ဖွင့်သည့်နည်း အတိုင်း မှန်ကန်စွာ အနက် သမ္ပန်၍/ ဤဂါထာစုယာဒိ အနုဇာနန၌ ခွင့်ပြုအပ်သော ဂဗ္ဘ ၃-ခု ကို အဓိပ္ပာယ်နှင့် တကွ ဖော်ပြပါ။

(၈) ပဃန- ဩသာရက- ပါနီယဘာဇန ပုဒ်တို့ကို မြန်မာပြန်၍ / ထာလက ဥဋ္ဌုက် နှစ်ခုသည် အဘယ် သောက်ရေခွက်အား လျော်သည်ကိုလည်း ညွှန် ပြပါ။

(၉) ထိုင်ရုံသာ ထိုင်၍ မအိပ်သင့်သော ဂိဟိဝိကတ ဥစ္စာသယန မဟာသယန - ထိုင်လည်း မထိုင် အိပ်လည်း မအိပ်သင့်သော ဂိဟိဝိကတ ဥစ္စာသယန မဟာ သယန တို့ကို ဖော်ပြ၍ /သေနာသန လေးမျိုးကိုလည်း ပေါ်လွင်အောင် အကျယ် ထုတ်ဆောင်ပြပါ။

(၁၀) သေနာသနဂ္ဂါဟာပက ရဟန်းက သေနာသနဂ္ဂါဟက ရဟန်းအား ကျောင်း ပေးရာ ခေတ်ကို သေချာစွာ ဖော်ပြ၍/ မိမိတို့ ကျောင်း၌ ဝါဆိုသော ကိုယ်တော်ကို ကြည်ညိုသဖြင့် အဝတ် များစွာ ယူဆောင်ကာ ‘ကျောင်း အား လှူပါ၏’ ဟု ဆို၍ လှူအပ်သော အဝတ်တို့၌ ပြုကျင့်ရမည့် အစီအရင် ကို အဋ္ဌကထာ လာတိုင်း ညွှန်ပြပါ။

(၁၁) ဥဒ္ဒေသဘတ် စသည်တို့ကိုသာ ခွင့်ပြုတော် မမူဘဲ အဘယ် အကျိုးငှာ သံဃ ဘတ်ကိုလည်း ထည့်သွင်း၍ ‘အနုဇာနာမိ ဘိက္ခဝေ သံဃဘတ္တံ ဥဒ္ဒေသဘတ္တံ’ စသည်ဖြင့် ခွင့်ပြုရသည်ကို အကြောင်းပြ၍ ရှင်းပြီးလျှင် / ဒါယကာတဦးက သုမ်းစား အပင့်ခိုင်းရာ ဒါယကာကို ပြန်၍ မေးဘွယ် မလိုသော ရဟန်းတို့ကို ပြည့်စုံစွာ ထုတ်ပြပါ၊

(၁၂) ‘န ဟိ ပဥ္စန္နံ သဟဓမ္မိကာနံ အစ္စယဒါနံ ရုဟတိ၊ ဂိဟီနံ ပန ရုဟတိ’ ဟူသော အဋ္ဌကထာပါဌ်ကို ပြည့်စုံ မှန်ကန်စွာ အနက် သမ္ပန်၍/အများ နည်း ယူ မှတ်သားလောက်အောင် အဓိပ္ပာယ်ပြန်ပြပါ။

၁၀–မှတ်စီ။

# (ခ) တိပိဋကဓရ စာတွေ့ရေးဖြေ စာမေးပွဲ

## (၅) ဝိနယပိဋက (ပရိဝါ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၅ - ခုနှစ်၊ တပို့တွဲလဆန်း (၇) ရက်။ (၂၉ - ၁ - ၇၄)

---

(၁) ဘိက္ခုဝိဘင်္ဂ ကတ္တပညတ္တိဝါရ - ပါရာဇိကကဏ္ဍ - ပဌမံ ပါရာဇိကံ သတ္တန္နံ သမထာနံ ကတိဟိ သမထေဟိ သမ္မတီတိ၊ ကော တတ္ထ ဝိနယော ကော တတ္ထ အဘိဝိနယောတိ၊ ကိံ တတ္ထ ပါတိမောက္ခံ ကိံ တတ္ထ အဓိပါတိမောက္ခန္တိ ဟူသော ပုစ္ဆာတို့၏ ဝိသဇ္ဇနာ ပါဠိများကို ရေးသား၍/ ဤပဌမ ပါရာဇိက သိက္ခာပုဒ်သည် နိဒါနော ဂဓ-ဒုတိယ ဥဒ္ဒေသဖြင့် အကျဉ်းပြခြင်းသို့ ရောက်ရခြင်း အကြောင်းတို့ကိုလည်း ရေးသားခဲ့ပါ။

(၂) အောက်ပါ ပုစ္ဆာ ပါဠိတို့၏ အဖြေ ဝိသဇ္ဇနာ ပါဠိများကို ရေးသားခဲ့ပါ။

(က) ဒွိံ ဝိညာပေတွာ ဘုဉ္ဇန္တပစ္စယာ အာပတ္တိယော စတုန္နံ အဓိကရဏာနံ ကတမံ အဓိကရဏံ ။ ။(ဘိက္ခုနီဝိဘင်္ဂ အဓိကရဏဝါရ)။

(ခ) ဒွိံ ဝိညာပေတွာ ဘုဉ္ဇန္တပစ္စယာ အာပတ္တိယော သတ္တန္နံ သမထာနံ ကတိဟိ သမထေဟိ သမ္မန္တိ ။ ။(ဘိက္ခုနီဝိဘင်္ဂ သမထဝါရ)။

(၃) အန္တရပေယျာလ ဆ အာပတ္တိသမုဋ္ဌာန ဝါရ - ၌ တတိယေန အာပတ္တိသမုဋ္ဌာနေန ပါရာဇိကံ အာပဇ္ဇေယျာတိ၊ သံဃာဒိသေသံ အာပဇ္ဇေယျာတိ၊ ထုလ္လစ္စယံ အာပဇ္ဇေယျာတိ၊ ဒုဗ္ဘာသိတံ အာပဇ္ဇေယျာတိ ဟူသော ပုစ္ဆာတို့၏ ဝိသဇ္ဇနာ ပါဠိများကို ရေးသား၍/ အန္တရပေယျာလ ကတိ ပုစ္ဆာဝါရပါ သန္ဒိဋ္ဌိပရာမာသိ အာဓာနဂ္ဂါဟိ ပုဒ်တို့၏ အဓိပ္ပာယ်ကိုလည်း ရေးသားခဲ့ပါ။

(၄) သမထဘေဒ သာဓာရဏဝါရ - ၌ ကတိ သမထာ ဝိဝါဒါဓိကရဏဿ သာဓာရဏာ၊ ကတိ သမထာ ဝိဝါဒါဓိကရဏဿ အသာဓာရဏာ၊ ကတိ သမထာ အနုဝါဒါဓိကရဏဿ သာဓာရဏာ၊ ကတိ သမထာ အနုဝါဒါဓိကရဏဿ အသာဓာရဏာ၊ ကတိ သမထာ အာပတ္တာဓိကရဏဿ သာဓာရဏာ - ဟူသော ပုစ္ဆာတို့၏ ဝိသဇ္ဇနာ ပါဠိများကို အသီးသီး ရေးသားခဲ့ပါ။

(၅) (၁) အတ္ထိ ပရိက္ခာရော ရက္ခိတဗ္ဗော၊ ဂေါပေတဗ္ဗော၊ မမာယိတဗ္ဗော၊ ပရိဘုဉ္ဇိတဗ္ဗော။

(၂) အတ္ထိ ပရိက္ခာရော ရက္ခိတဗ္ဗော၊ ဂေါပေတဗ္ဗော၊ မမာယိတဗ္ဗော၊ န ပရိဘုဉ္ဇိတဗ္ဗော။

(၃) အတ္ထိ ပရိက္ခာရော ရက္ခိတဗ္ဗော၊ ဂေါပေတဗ္ဗော၊ န မမာယိတဗ္ဗော၊ န ပရိဘုဉ္ဇိတဗ္ဗော။

( ၄ ) အတ္ထိ ပရိက္ခာရော န ရက္ခိတဗ္ဗော၊ န ဂေါပေတဗ္ဗော၊ န မမာယိတဗ္ဗော၊ န ပရိဘုဉ္ဇိတဗ္ဗော။

ဤပရိက္ခရာတို့၏ အဖြေများကို အသီးသီး ရေးသား၍ / ဤစတုတ္ထမြောက်ပရိက္ခရာကို သပိတ် သင်္ကန်း အမှုသစ် ဆေး အလိုငှာ ဆောင်ယူခဲ့သော် အခန်းတံခါး ဖွင့်၍ ထားခိုင်းကောင်း - မထားခိုင်းကောင်း ဆုံးဖြတ်ခဲ့ပါ။

( ၆ ) အဓိကရဏဘေဒ အဓိကရဏမူလဉ္စ စတုန္နံ အဓိကရဏာနံ ကတမာနိ တေတ္တိံသ မူလာနိ—အရ အဖြေ သရုပ် သင်္ချာမျှကို ထုတ်ပြ၍ / ဝိဝါဒါဓိကရုဏ်းသည် အာပတ်ဟုတ် - မဟုတ်ကိုလည်း ညွှန်ပြခဲ့ပါ။

( ၇ ) စောဒကေန ကထံ ပဋိပဇ္ဇိတဗ္ဗံ၊ စုဒိတကေန ကထံ ပဋိပဇ္ဇိတဗ္ဗံ၊ သံဃေန ကထံ ပဋိပဇ္ဇိတဗ္ဗံ၊ အနုဝိဇ္ဇကေန ကထံ ပဋိပဇ္ဇိတဗ္ဗံ—ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာပါဠိကို ထုတ်ပြ၍ / စောဒကဿ ပမာဏံ ဂဏှိတဗ္ဗံ၊ စုဒိတကဿ ပမာဏံ ဂဏှိတဗ္ဗံ၊ အနုဝိဇ္ဇကဿ ပမာဏံ ဂဏှိတဗ္ဗံ ဟူသော အဋ္ဌကထာ စကားရပ်၏ ပမာဏ ဂဟဏာကာရတို့ကိုလည်း ထုတ်ပြပါ။

( ၈ ) စူဠသင်္ဂါမ အနုဝိဇ္ဇက ပဋိပတ္တိဝယ်—ကာရုဏိကေန ဘဝိတဗ္ဗံ ဟိတပရိသက္ကိနာဉ္စ ပါသော ကာရုဏိကေန ဟိတပရိသက္ကိနာ ပုဒ်တို့၏ အရ နှင့် ဝိမုတ္တိဉာဏဒဿနံ အနုပါဒါ ပရိနိဗ္ဗာနတ္ထာယ – ၌ ပါသော ပရိနိဗ္ဗာန ပုဒ်၏ အရကို ကောက်ပြပါ။

( ၉ ) ပုဗ္ဗကရဏံ ပယောဂဿ အနန္တရပစ္စယေန ပစ္စယော – စသော ပါဠိတော်တို့နှင့် ညှိ၍ ပန္နရသမ္မာ သဟဇာတပစ္စယေန ပစ္စယော - ဟူသော ပါဠိကို အပြည့်အစုံ အနက်သမ္ဗန်၍ / ကတိ ကထိနုဒ္ဓါရာ ကေပုဗ္ဗါဒါ ကေနိရောဓာ၊ ကတိ ကထိနုဒ္ဓါရာ ကေပုဗ္ဗါဒါ နာနာနိရောဓာ—ဟူသော ပါဠိတော်၌ ကေပုဗ္ဗါဒါ ကေနိရောဓာ - ကေပုဗ္ဗါဒါ နာနာနိရောဓာ တို့ကို အကြောင်း အကျိုး ဆက်စပ်၍ အဓိပ္ပာယ်ပြန်ပြပါ။

( ၁၀ ) မိမိ မကြိုက်သော်လည်း ဒိဋ္ဌာဝိကမ္မ ပြု၍ ကာယသာမဂ္ဂီ ပေးသင့်သော ဌာန - မပေးသင့်သော ဌာနတို့ကို အကြောင်းနှင့် တကွ ဖော်ပြ၍/အဘယ်သို့ ပြုသည်ကို ဒိဋ္ဌာဝိကမ္မ ပြုသည်ဟု ခေါ်သနည်း ရှင်းပြပါ။

( ၁၁ ) ပါဠိတော်လာ အဝန္ဒိယပုဂ္ဂိုလ် အားလုံးတို့တွင် အာပတ္တိကရ အဝန္ဒိယ - အာနာပတ္တိကရ အဝန္ဒိယ ပုဂ္ဂိုလ်တို့ကို သင်္ချာ သင်္ချေယျ အစုံအလင်ထုတ်ပြ၍/အဘယ်ပုဂ္ဂိုလ်ကို ကောဝန္တော ခေါ်သည်—အဘယ့်ကြောင့် ယင်းကို ရှိမခိုးသင့်သည်ကိုလည်း ရှင်းပြပါ။

( ၁၂ ) ဒုတိယ ဂါထာ သင်္ဂဏိက လာ—ဂါမန္တရေ ကတိ အာပတ္တိယော၊ ကတိ နဒီပါရပစ္စယာ ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာ ပါဠိကို ထုတ်ပြ၍ / ယင်းဝိသဇ္ဇနာ၌ ပါသော သင်္ချာ၏ သင်္ချေယျ အာပတ်တို့ကိုလည်း အာပတ်သို့ သင့်ရောက်ပုံနှင့် တကွ ဖော်ပြပါ။

၁၀—မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## ( ၁ ) ဝိနယပိဋက (ပါရာဇိက) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၆ - ခုနှစ်၊ ပြာသိုလဆန်း ၁၃ - ရက်။ (၂၄ - ၁ - ၇၅)

---

( ၁ ) ဓမ္မက္ခန္ဓာ ရှစ်သောင်း လေးထောင်ကိုပင် သံဂါယနာတင်ကြရာ ပဌမ သံဂါယနာတွင် ခုနစ်လနှင့်ပြီး၍ ဒုတိယ သံဂါယနာတွင် ရှစ်လကြာမှ ပြီးဆုံးရခြင်း အကြောင်းကို ရေးသား ဖော်ပြ၍ / ပဌမ သံဂါယနာ၏ အမည်များ - ဒုတိယ သံဂါယနာ၏ အမည်များကိုလည်း ရနိုင်သမျှ အကြောင်းပြ၍ ရေးသားခဲ့ပါ။

( ၂ ) ဝေရဉ္ဇာယံ ဝိဟရတိ ပါဠိတော် အရ ဣရိယာပထဝိဟာရ, ဗြဟ္မဝိဟာရ, ဒိဗ္ဗဝိဟာရ, အရိယဝိဟာရ အရ တရားကိုယ် အသီးသီးကို ကောက်ပြ၍/မေတ္တာ စသည်တို့ကို ဒိဗ္ဗဝိဟာရ၌ မယူရခြင်း အကြောင်းကိုလည်း ရေးခဲ့ပါ။

( ၃ ) ပဌမ ပါရာဇိက - ၌ အလုံးစုံသော ဒုဗ္ဗလျာဝိကာမှသည် သိက္ခာ ပစ္စက္ခာန မဖြစ်သောကြောင့် ဒုဗ္ဗလျံ အနာဝိကတွာ ပုဒ်ကို ရှေးဦးစွာ ဟော၍ ထိုပုဒ်၏ အနက်ကို မှတ်သားခြင်းငှာ သိက္ခံ အပစ္စက္ခာယ ပုဒ်ကို နောက်မှ ဟောသင့်လျက် မဟောခြင်း အကြောင်းကို ရေးသားခဲ့ပါ။

( ၄ ) သင်္ကန်း အကျိုးငှာ လှူအပ်သော ပစ္စည်းကို ဆွမ်း အတွက်၊ ကျောင်း အတွက်၊ ဆေးအတွက် သုံးကောင်း-မသုံးကောင်း အကြောင်းပြ၍ ဖြေဆိုပြီးလျှင်/ ဒုဗ္ဘိက္ခ ကာလ၌ ရဟန်းများ ဆွမ်း အတွက် မမျှတ၍ ကျောင်းများကို စွန့်လွှတ်ပြီး ဆွမ်း အတွက် သုံးအပ်–မသုံးအပ်ကိုလည်း အကြောင်း လုံလောက်စွာ ပြ၍ အဋ္ဌကထာ အလိုကျ ဆုံးဖြတ်ခဲ့ပါ။

( ၅ ) တတိယ ပါရာဇိက ဆေးပေးသော ဝိနီတဝတ္ထု၌ ပဏ္ဍုပလာသော၏အခိပ္ပာယ်ကို ရေးသား ဖော်ပြ၍ / အစ်ကို၏ မယား နှင့် နှမ၏ လင်ယောကျ်ားအား ဆေး ပေးကောင်း - မပေးကောင်းကိုလည်း (ဆွေမျိုးတော်-မတော် ခွဲခြား၍ ) ရေးသားခဲ့ပါ။

( ၆ ) စတုတ္ထ ပါရာဇိက ဝတ္ထုကာမဝါရ၌ လက်ဆုပ်ပြ၍ သိက္ခာချလျှင် ကျ -မကျ ကိုလည်းကောင်း လက်ဆုပ်ပြ၍ ဉတ္တရိမနုဿဓမ္မကို သာမန်ပုဂ္ဂိုလ် နှင့် ဒိဗ္ဗစက္ခုရ ပုဂ္ဂိုလ်ကို ပြောကြားရာ၌ ထိုခဏ၌ သိသော်လည်းကောင်း နောက်မှ သိသော်လည်းကောင်း အဘယ် အာပတ်များ သင့်မည်ကိုလည်း ခွဲခြား၍ ဆုံးဖြတ်ခဲ့ပါ။

( ၇ ) သုက္ကဓာတ် ဖြစ်ရာ အာသယ အပြား နှင့် အဘယ်ပုဂ္ဂိုလ်တို့အား အဘယ်

အာသယများ ဖြစ်နိုင်သည်ကို ဖော်ပြပြီးလျှင် / ရူပဗြဟ္မာတို့အား သုက္ကဓာတ် ရှိ - မရှိ အကြောင်း လုံလောက်စွာ ပြ၍ ဆုံးဖြတ်ခဲ့ပါ။

( ၈ ) ယောပန ဘိက္ခု ဩတိဏ္ဏော ( ပ ) သံဃာဒိသေသော ဟူသော ကာယသံသဂ္ဂ သိက္ခာပုဒ်ပါဠိတော်၌ ဩတိဏ္ဏော အစ ကာယသံသဂ္ဂံ သမာပဇ္ဇေယျ အဆုံးရှိသော ပုဒ်တို့တွင် အဘယ်ပုဒ်ဖြင့် အဘယ်ကို ပြသည်ဟု ရှင်းပြီးလျှင် / ယင်းသိက္ခာပုဒ်ဝယ် မာတုဂါမောနာမ မနုဿိတ္ထီ စသော ပဒဘာဇနီ၌ မနုဿိတ္ထီ အရ ဝိနဋ္ဌိန္ဒြိယ အဝိနဋ္ဌိန္ဒြိယ မနုဿိတ္ထီ ၂ - ယောက်တို့တွင် အဘယ် မနုဿိတ္ထီကို ယူရမည်ကိုလည်း အကြောင်းပြ၍ ဝိနိစ္ဆယ ချပြပါ။

( ၉ ) ဝိပရိဏတေန စိတ္တေန စသော ပါဠိတော်၌ ဝိပရိဏတစိတ္တ၏ ဘေဒနှင့် အဓိပ္ပာယ်ကို ထုတ်ပြ၍ / မာတုဂါမကို 'အနိမိတ္တာသိ' ဟူ၍ ဖြစ်စေ 'အနိမိတ္တေ တဝ ဝစ္စမဂ္ဂေါ ဤဒိသော' ဟူ၍ ဖြစ်စေ ပြောဆိုသော ရဟန်းအား သင့်နိုင်သော အာပတ်တို့ကို အကြောင်းနှင့် တကွ ရှင်းလင်း ဖော်ပြပါ။

( ၁၀ ) ရဟန်းကို အသိမပေးဘဲ မိမိ အလို အတိုင်း အောင်သွယ်စာရေး၍ 'မည်သူ့ထံ ပို့ပေးပါ' ဟု ဆို၍ ပေးအပ်သော စာလွှာများကို ယူဆောင် ပေးပို့သော ရဟန်းအား သဉ္စရိတ္တအာပတ် သင့် - မသင့်ကို လည်းကောင်း သဉ္စရိတ္တသိက္ခာပုဒ် ပါဠိတော်၌ ဣတ္ထိ ပုရိသ တို့၏ အရ မနုဿဇာတိက အမနုဿဇာတိက ဣတ္ထိ ပုရိသ တို့တွင် အဘယ်ကို ယူသင့်သည်ကိုလည်းကောင်း အကြောင်း အပြည့်အစုံ ပြ၍ ဆုံးဖြတ်ပါ။

( ၁၁ ) သညာစိကာကုဋိကို ဆောက်လုပ်ရာဝယ် အလုပ်သမားကို ဖြစ်စေ လက်အမှုကို ဖြစ်စေ တောင်းရာ၌ မအပ်သော တောင်းနည်း-အပ်သော တောင်းနည်းတို့ကို အသီးသီး ညွှန်ပြ၍/'လက်အမှုကို တောင်းရာ၌ 'တပည့်တို့ မအားလပ်၍ တယောက်ယောက်ကို ခိုင်းပါ၊ အဖိုးအခ ပေးပါမည်ဘုရား' ဟု လျှောက်ထားသူတို့ကို အလုပ်ခိုင်းပြီး၍ 'အလုပ်သမားတို့အား အဖိုးအခ ပေးလော့' ဟု ပြောသင့်- မပြောသင့်၊ ယင်းစကားသည် ဝိညတ္တိ နှင့် အကပ္ပိယဝစန ဖြစ် – မဖြစ် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

( ၁၂ ) ဒသာဟာတိက္ကန္တေ အတိက္ကန္တသညီ နိဿဂ္ဂိယံ ပါစိတ္တိယံ - ၌ 'ဒသာဟာတိက္ကန္တေ အတိက္ကန္တသညီ' ပုဒ်တို့ကို အဋ္ဌကထာဖွင့် အတိုင်း နှစ်နည်းအနက်ပေးပြီးလျှင်/ 'နိဿဂ္ဂိယံ ပါစိတ္တိယန္တိ န ဣဓ သညာ ရက္ခတိ၊ ယောပိ ဝေ သညီ၊ တဿပိ တံ စီဝရံ နိဿဂ္ဂိယံ ပါစိတ္တိယာပတ္တိ စ' ဟူသော အဋ္ဌကထာ စကားရပ်၌ 'န ဣဓ သညာ ရက္ခတိ' စကားရပ်၏ ရည်ရွယ်ချက် နှင့် ယောပိ စသော စကားရပ်၏ အဓိပ္ပာယ်ကို ဖော်ပြ ရှင်းလင်းပါ။

၁၀–မှတ်စီ။

## (ခ၅) တိပိဋကဓရ သမဘာဓရေးဖြေ စာမေးပွဲ

### (၂) ဝိနယပိဋက (ပါစိတ္တိယ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၆-ခုနှစ်၊ ပြာသိုလဆန်း ၁၄- ရက်၊ (၂၅-၁-၇၅)

—

(၁) မုသာဝါဒဝဂ် ဘူတာရောစန သိက္ခာပုဒ်၌ 'ကထဥ္စိနာမ တုမှေ မောဃ-ပုရိသာ' ဟု မဟောဘဲ 'ကထဥ္စိနာမ တုမှေ ဘိက္ခဝေ' ဟု ဟောတော်မူခြင်း အကြောင်းကို ဖော်ပြ၍ / 'စိတ္တက္ခေပဿဝါ အဘာဝါ' ဟူသော အဋ္ဌကထာ၏ ဆိုလိုရင်း အာဘော်ကိုလည်း ရှင်းလင်းပြခဲ့ပါ။

(၂) အောက်ပါတို့ကို ပြုလုပ်သော ရဟန်းအား အာဘယ်အာပတ်များ သင့် - မသင့် တို့ကို ညွှန်ကြားခဲ့ပါ။

(၁) မိုးပွင့်ကို ခူးသော ရဟန်း၊ (၂) သစ်ပင်မှ တွဲကျနေသော အစေးကို ခွာသော ရဟန်း၊ (၃) သစ်ရွက်အမှဲ့ကို အပင်မှ လှုပ်ချသော ရဟန်း၊ (၄) နပံပင်၌ အက္ခရာရေးသော ရဟန်း၊ (၅) လက် အညိမ်မနေဘဲ ထန်းပင်မှ အရွက်ပေါ်၌ စာရေးသောရဟန်း။

(၃) ဘူတဂါမဝဂ် ပဌမ သေနာသန သိက္ခာပုဒ်၌ ထိုထို အရပ်တွင် တံမြက်စည်းလှည်းသော ရဟန်းသည် လှည်းပြီးသော တံမြက်စည်းကို ဘယ်နေရာ၌ ပြန်ထားရမည်ကို လည်းကောင်း၊ နားနေစရာ စရပ်၌ တံမြက်စည်းလှည်းသော ရဟန်း၏ ဝတ္တရားများကို လည်းကောင်း အသီးသီး ဖော်ပြ၍/ဤသိက္ခာပုဒ် ဘိသိ ဟူသော ပုဒ်၏ ပဒဘာဇနီ ပါဠိများကိုလည်း အနက် ယောဇနာခဲ့ပါ။

(၄) ဩဝါဒဝဂ် သံဝိဓာနသိက္ခာပုဒ်၌ ရဟန်း၏ တိုင်ပင် ညီညွတ်ပုံ - ဘိက္ခုနီမ၏ တိုင်ပင် ညီညွတ်ပုံပြ ပါဠိများကို ထုတ်ပြ၍/ ဟိယျော အရ နှင့် ပရေ အရတို့ကို ဖော်ပြပြီးလျှင်/ သံဝိဓာန ပြုမှု အတွက် အာဘယ် အာပတ်များ သင့်သည် ကိုလည်း ညွှန်ကြားခဲ့ပါ။

(၅) ဘောဇနဝဂ် ဒန္တပေါန သိက္ခာပုဒ်၌ အကပ်ခံရာတွင် ကောင်းကင်၌ ရပ်နေသော ရဟန်းအား ဒါယကာက ပေးလှူရာတွင် လည်းကောင်း မြေ၌ လျှောင်းနေသော ရဟန်းအား ခေါင်းရင်း၌ ထိုင်နေသော ဒါယကာက ပေးလှူရာတွင် လည်းကောင်း ရဟန်းဘက် ဒါယကာဘက် နှစ်ဘက်လုံး ဘယ်နေရာက စပြီး ဟတ္ထပါသ်ကို တိုင်းထွာရမည်ဟု အတိအကျ ဖော်ပြပါ။

(၆) ညောင်စောင်း အောက်၌ အကပ်မခံဘဲ ထားသော ဆီခွက်ကို တံမြက်စည်းလှည်းရာ ထိခိုက်မိသော် လည်းကောင်း အကပ်ခံပြီးသော ပစ္စည်းကို ယူမည်ဟု ယူလိုက်ရာ အကပ်မခံရသေးသော ပစ္စည်းကို ယူမိ၍ သိလျှင် သိခြင်း ပြန်ထားသော် လည်း-

ကောင်း အကပ် ပျက် မပျက် ဖော်ပြ၍/အကပ်ခံပြီးသော ဆီသည် မှိုတက် ခဲ့သော် ထိုဆီကို သုံးလိုက် ပြန်၍ အကပ်ခံရမည် · မခံရမည်ကိုလည်း အကြောင်းပြ၍ဆုံးဖြတ်ခဲ့ပါ။

(၇) ဥယျောဇနသိက္ခာပုဒ်၌ ကလိသာသနံ အာရောပေတိ ပုဒ်၏ အဓိပ္ပာယ်ကို ထင်ရှားစွာ ဖော်ပြပြီးလျှင်/အနာစာရံ အာစရိတုကာမော ၌ အနာစာရ၏ အရ–အနုပသမ္ပန္နံ ဥယျောဇေတိ–၌ အနုပသမ္ပန္န၏ အရ–သဘောဇနသိက္ခာပုဒ် အနာပတ္တိဝါရဝယ် ဥဘောဝီတရာဂါ၌ ဝီတရာဂါ၏ အရ တို့ကို အသီးသီး ကောက်ပြပါ။

(၈) မိမိအတွက် ဖြစ်စေ သံဃ အတွက် ဖြစ်စေ လှူဘို့ရန် ကျောင်းသို့ ဆောင်ယူအပ်ခဲ့ပြီးသော ခဲဘွယ်ဘောဇဉ်ကို မလှူမီ 'လှူကြလော့' စသည်ဖြင့် အညာတိကအပ္ပဝါရိတ တို့ကို ပြောကောင်း – မပြောကောင်း နှင့် 'ဆွမ်းစား ကြွပါ' ဟု နိမန္တိတဘတ်ရှိလျက် အခါနှင့် ဘေးရန်ကို ကြဉ်၍ ပစ္ဆာဘတ္တ၌ သန္တဘိက္ခုကို မပန်ကြားဘဲ ရွာတွင်းသို့ သွားသော် စာရိတ္တ သိက္ခာ ပုဒ်ဖြင့် အာပတ် သင့်–မသင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(၉) မဟာနာမ သိက္ခာပုဒ်ဝယ် 'အဇ္ဇဏှော ဘန္တေ အာဂမေထ၊ မနုဿာ ဝဇီဂတာ သပ္ပိံ အာဟရိတုံ၊ ကာလံ အာဟရိဿထ' ၌ 'ကာလံ အာဟရိဿထ' နှစ်ပုဒ်ကို နည်းယူလောက်အောင် ဖြစ်နိုင်သမျှ အနက်ပေး၍/ 'စတုမာသပ္ပစ္စယပဝါရဏာ သာဒိတဗ္ဗာ' ၌ သာဒိတဗ္ဗာ ပုဒ်၏ ဆိုလိုရင်း အဓိပ္ပာယ်ကို ဖော်ပြပြီးလျှင်/မဟာနာမ်သည် မည်သူ့သား ဖြစ်၍ ဘုရားရှင်နှင့် မည်သို့ တော်စပ်ပြီး ဘယ်နှစ်ရက်လောက် ကြီးသည် ငယ်သည်ကို ညွှန်ပြပါ။

(၁၀) ဇောတိက သိက္ခာပုဒ်ဝယ် 'ပဋိလာတံ ဥက္ခိပတိ၊ အာပတ္တိ ဒုက္ကဋဿ' ၌ ပဋိလာတံ ပုဒ် နှင့် အနာပတ္တိဝါရ၌ တထာရူပ ပစ္စယာ ပုဒ်တို့၏ အရကို ထုတ်ပြ၍ / ဒုဗ္ဗဏ္ဏကရဏ သိက္ခာပုဒ်လာ စီဝရ အရ နှင့် စီဝရအပနိဓာန သိက္ခာပုဒ်လာ စီဝရ၏ အရ တူ–မတူကို အသီးသီး ယုတ္တိ ဆောင်၍ ရှင်းပြပါ။

(၁၁) မြို့ရွာတွင်း၌ တည်းခို နေထိုင်ရန် သွားသော ရဟန်းသည် သင်္ကန်း မရုံဘဲ သွားသင့်–မသင့်၊ မြို့ရွာတွင်း၌ တည်းခို နေထိုင်သော ရဟန်းသည် လက်ခြေ ဆေး၍ ပြီး ဟိုမော်ကြည့် ဒီမော်ကြည့် ပြုသင့်–မသင့်၊ 'အရှင်ဘုရား နေသမျှ ဤအိမ်ကို လှူပါ၏' ဟု လျှောက်ရာ၌ အဝါသာဓိပ္ပာယ ရဟန်းတို့သည် လွတ်လပ်စွာ ထင်သလို နေထိုင် သွားလာခွင့် ရှိ–မရှိကို အကြောင်း လုံလောက်စွာ ပြ၍ ဝိနိစ္ဆယ ချပြပါ။

(၁၂) ဘိက္ခုနီ စတုတ္ထ ပါရာဇိကဝယ် 'ပုရိသပုဂ္ဂလဿ ဟတ္ထဂ္ဂဟဏံ ဝါ သာဒိယေယျ' ဟူသော အာဒိသုပနယံ ပုရိသပုဂ္ဂလေန ဟတ္ထေ ဂဟဏံ ကတံ၊ တံ ပုရိသပုဂ္ဂလဿ ဟတ္ထဂ္ဂဟဏန္တိ ဝုတ္တံ' ဟူ၍ ဖွင့်ရာ၌ အဋ္ဌကထာ ဆရာ သိစေလိုသော အချက်ကို အန္ဝယ ဗျတိရေက အားဖြင့် ရှင်းလင်းပြ၍/ဘိက္ခုနီမသည် ဗူး ဖရုံ စပါး တို့ကို ဉာတကပဝါရိတ တို့ထံ တောင်းသင့်–မတောင်းသင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ။ ၁၀–မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၃) ဝိနယပိဋက (မဟာဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၆ - ခုနှစ်၊ ပြာသိုလပြည့်နေ့။ (၂၆ - ၁ - ၇၅)

——

(၁) ဗောဓိကထာ - ၌ ယဒါ ဟဝေ စသော ပဌမ ဒုတိယ တတိယ ဥဒါန်းများသည် အဘယ်၏ အစွမ်းဖြင့် ဖြစ်ပေါ်လာသည်ဟု အသီးသီး ဖော်ပြ၍ / ညဉ့်၏ ပဌမယာမ် ဒုတိယယာမ် တတိယယာမ်တို့၌ အဘယ် တရားများကို အဘယ်သို့ ဆင်ခြင်သည်ကိုလည်း အသီးသီး ခွဲခြား၍ ရေးသားခဲ့ပါ။

(၂) သာရိပုတ္တ မောဂ္ဂလာန ပဗ္ဗဇ္ဇာကထာ - ၌ ယေ ဓမ္မာ ဟေတုပ္ပဘဝါ - ဖြင့် အဘယ်ကို ပြသည် — ဟေတုပ္ပဘဝါ ဖြင့် အဘယ်ကို ယူရမည် — တေသံ ဟေတုံ တထာဂတော အာဟဖြင့် အဘယ်ကို ပြသည် — တေသံ ဟေတု ဖြင့် အဘယ်ကို ယူရမည် — တေသဉ္စ ယော နိရောဓောဖြင့် အဘယ်ကို ပြသည် — ထိုပါဠိရပ်၏ အနက် အဓိပ္ပာယ်ကား အဘယ်သို့ ဖြစ်သည်တို့ကို အသီးသီး ဖော်ပြပါ။

(၃) ဒါသဝတ္ထုကထာ - ၌ သို့ရကျွန် အဖြစ်မှ ထွက်ပြေးသော သူအား ရောက်ရာ အရပ်၌ ရှင်ပြု ပေးကောင်း – မပေးကောင်းကို ဖော်ပြ၍/တော်လှန်ပြီး၍ မင်းမောင်းမတို့နှင့် လှည့်လည်သွားလာသော မိန်းမတို့၏ သား— ငတ်မွတ် ခေါင်းပါးသော အခါ သံဃာကို မှီ၍ အသက်မွေးနေရသော သူများ — အမိသာ ကျွန်မ ဖြစ်၍ အဘ ကျွန် မဟုတ်သော သူတို့၏ သား — အဘသာ ကျွန် ဖြစ်၍ အမိ ကျွန် မဟုတ်သော သူတို့၏ သားများကို ရှင်ပြု ပေးကောင်း - မပေးကောင်း တို့ကို အသီးသီး ခွဲခြား၍ ဖြေဆိုခဲ့ပါ။

(၄) သုဏာတု မေ ဘန္တေ သံဃော - ဟူသော ကမ္မဝါ၌ သုဏာဟိ မေ ဘန္တေ သံဃော - ဟု မဟောခြင်း အကြောင်းကို ရေး၍ / မထေရ်ကြီးက ဘန္တေ ဆို၍ မထေရ်ငယ်က အာဝုသော ဆိုခဲ့လျှင်လည်းကောင်း တနေရာ၌ အာဝုသော ဆို၍ တနေရာ၌ ဘန္တေ ဆိုခဲ့လျှင်လည်းကောင်း ကံ ပျက် - မပျက်ကိုလည်း ရေးသားခဲ့ပါ။

(၅) အဓိဋ္ဌာန် ဥပုသ်ပြုရာ၌ ပုဗ္ဗကရဏ လေးပါးကို ပြုရမည် – မပြုရမည်ကို ပါဠိတော် အကိုးပြ၍ ဖြေဆိုပြီးလျှင် / ထိုအဓိဋ္ဌာန် ဥပုသ်ကို သိမ်သို့ မသွားဘဲ ပြုခြင်းငှာ အပ် - မအပ်ကိုလည်း ရေးသားခဲ့ပါ။

(၆) အင်္ဂတေဖြင့် ပြုလုပ်ထားသော ကျောက်ကို ကျောက်နိမိတ် ကြားခြင်းငှာ အပ် - မအပ် အကြောင်းပြ၍ ရေးသားပြီးလျှင် / ရေနိမိတ် ကြား၍ သိမ်သမုတ်ရာ၌ ကမ္မဝါ

တကြိမ် ဘတ်ပြီးသော အခါ ရေ ထပ်၍ ထည့်ကောင်း – မထည့်ကောင်းကိုလည်း အကြောင်း လုံလောက်စွာ ပြ၍ ဆုံးဖြတ်ခဲ့ပါ။

( ၇ ) အဋ္ဌကထာ ဆရာသည် ကထိန်သင်္ကန်းကို လှူရာ၌ အဘယ့်ကြောင့် သံဃဿ ပုဒ်မထည့်ဘဲ ကထိနစီဝရံ ဒေမာတိ ဒါတုံ ဝဋ္ဋတိ ဟူ၍ မိန့်ဆိုရသည်ကို အကြောင်း လုံလောက်စွာ ပြ၍ ရှင်းပြီးလျှင် / သံဃဿ ပုဒ်ထည့်၍ သံဃဿ ကထိနစီဝရံ ဒေမ ဟု ဆို၍ လှူလျှင် ပါဠိတော်နှင့် ညီသည် – ဆန့်ကျင်သည် ဤနှစ်လီကို နည်းမှီလောက်အောင် ပါဠိတော်နှင့် ညှိ၍ ဝိနိစ္ဆယ ချပြပါ။

( ၈ ) ကထိန်ခင်းပြီးရာ ကျောင်းတိုက်၌ ဖြစ်ပေါ်သော ( တတြုပ္ပာဒ ) သံဃိက် ပစ္စည်းဖြင့် လဲလှယ်အပ်သော ပစ္စည်းတို့ကို ရထိုက်သော ရဟန်းတို့ကို ယော စ တတ္ထ စီဝရုပ္ပါဒေါ စသော စကားနှင့် ညှိ၍ ရှင်းလင်းပြီးလျှင် / အာဒါယသတ္တက ကထာ၌ ပလိဗောဓ နှစ်ပါး တပြိုင်နက် ပြတ်သော ကထိနုဒ္ဓါရ တို့၏ ဆိုင်ရာ ပါဠိကိုလည်း ရေးသားပြပါ။

( ၉ ) စီဝရက္ခန္ဓက သေဋ္ဌိဘရိယာ ဝတ္ထု၌ မယံ ခေါ အာစရိယ အာဂါရိကာ နာမ ဥပဇာနာမေတာဿ သံယမဿ-ဟူသော ပါဠိတော်ကို အဋ္ဌကထာနည်း ဋီကာ နှစ်စောင် နည်းအားဖြင့် သုံးနည်း အနက်ပေး၍ / ဝရမေတံ သပ္ပိ ( ပ ) အာသိတ္တံ ဟူသော စကား ကို သူဌေးကတော် အဘယ့်ကြောင့် ဆိုရသည်ကိုလည်း ရှင်းပြပါ။

( ၁၀ ) ရဟန်းတို့သည် ဘုရားရှင် ရာဇဂြိုဟ်မှ ဒက္ခိဏာဂိရိသို့ ကြွစဉ်က အဘယ့်ကြောင့် သင်္ကန်းတို့ကို ရာဇဂြိုဟ်၌ ထား၍ သွားကြလျက် ဝေသာလီသို့ ကြွမှ ယူ၍ သွားကြပါ သနည်း၊ အကြောင်း အသီးသီး ပြ၍ ရှင်းလင်းပြီးလျှင် / ပံသုကူသင်္ကန်း နှင့် ကြွင်းသော သင်္ကန်း သုံးထည်တို့ကို အထပ်မည်မျှ ထား၍ ချုပ်နိုင်သည်ကို ဆိုင်ရာ ပါဠိ ကိုးကား ပြီး ဖြေဆိုပါ။

( ၁၁ ) အတိရေကစီဝရ ကထာ ၌ အင်္ဂုဋ္ဌ နှင့် ဒဋ္ဌိကမ္မ အထူးကို ဖော်ပြ၍ / ဝိသာခါ ဝတ္ထု ဝယ် ဘုရားရှင် မေး၍ ဝိသာခါ ပြန်လျှောက်သော ဣဓ ဘန္တေ ဒိသာသု ဝဿံဝုဋ္ဌာ ( ပ ) ပုစ္ဆိဿန္တိ၊ ဣတ္ထန္နာမော ဘန္တေ ဘိက္ခု ကာလင်္ကတော၊ တဿ ကာ ဂတိ၊ ကော အဘိသမ္ပရာယောတိ၊ တံ ဘဂဝါ ဗျာကရိဿတိ - ဟူသော စကားရပ်၌ ဂတိ အဘိ - သမ္ပရာယော တံ သုံးပုဒ်တို့၏ အရကို အသီးသီး မလွဲအောင် ကောက်ပြပါ။

( ၁၂ ) မိုးလေးလတွင် မည်သည့်ရက် အတွင်း၌ ဝဿံ ဝသန္တာနံ ဒမ္မိ-ဟု ဆို၍ လှူအပ်သော သင်္ကန်းကို အဘယ်ရဟန်းတို့ ရနိုင်၍ အဘယ် ရဟန်းတို့ မရနိုင်သည်ကို နယဂ္ဂါဟ ရလောက်အောင် ရှင်းလင်းစွာ ဆုံးဖြတ်ပြပါ။ ၁၀–မှတ်စီ။

# (ခ) တိပိဋကဓရ သဓာဘာ ရေးဖြေ စာမေးပွဲ

## (၄) ဝိနယပိဋက (စူဠဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၆ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁- ရက်။ (၂၇-၁-၇၅)

—

(၁) ကမ္မက္ခန္ဓက အာကင်္ခမာန စတုက္က - လာ ဧကော ဂိဟီနံ ဓမ္မိကံ ပဋိဿဝံ န သစ္စာပေတိ ပါဠိတော်၏ အဓိပ္ပာယ်ကို ရှင်းလင်း ဖော်ပြ၍ / ပါရိဝါသိကက္ခန္ဓက ပါရိဝါသိက ဝတ္တကထာ - လာ အနုဇာနာမိ ဘိက္ခဝေ ပါရိဝါသိကာနံ ဘိက္ခူနံ ပဉ္စ ယထာဝုဍ္ဎံ ဥပေါသထံ ပဝါရဏံ ဝဿိကသာဋိကံ ဩဏောဇနံ ဘတ္တံ ပါဠိတော်လာ ဩဏောဇနံကို ခွင့်ပြုတော်မူခြင်း၏ အကြောင်းကိုလည်း ရေးသားခဲ့ပါ။

(၂) ပရိဝတ် ကြားရာ၌ ကြား၍ ရကောင်းသော အရာ - မရကောင်းသောအရာ ဝိသယာဝိသယ နှစ်မျိုး ရှိရာ ကြား၍ ရကောင်းသော အရာ ဝိသယ၌ မကြားခြင်း— ကြား၍ မရကောင်းသော အရာ အဝိသယ၌ မကြားခြင်းတို့ကြောင့် ရတ္တိစ္ဆေဒ ဖြစ်ပုံ-မဖြစ်ပုံ၊ အာပတ် သင့်ပုံ-မသင့်ပုံ တို့ကို သံဃသေနာဘယ မထေရ်၏ အယူအဆ— ကရဝီကတိဿ မထေရ်၏ အယူအဆများကို ခွဲခြား၍ ရှင်းလင်း ဖော်ပြပါ။

(၃) အာပတ် ဖုံးလွှမ်းမှု မဖုံးလွှမ်းမှုကို ပြဆိုရာ၌ န ဆာဒေတုကာမော ဆာဒေတိ နာမ ဖြစ်ပုံ အဓိပ္ပာယ်ကို အပြည့်အစုံ ဖော်ပြ၍ / ထိုသို့ဖြစ်ရာ၌ဖုံးလွှမ်းသည် ဟု ယူဆရမည် သို့မဟုတ် မဖုံးလွှမ်း ဟု ယူဆရမည်ကိုလည်း ညွှန်ကြားခဲ့ပါ။

(၄) သမထက္ခန္ဓက-၌ အာပတ္တာဓိကရဏံ သိယာ အကုသလံ၊ သိယာ အဗျာကတံ၊ နတ္ထိ အာပတ္တာဓိကရဏံ ကုသလံ ဟု ဟောတော်မူရာ၌ နတ္ထိ အာပတ္တာဓိကရဏံ ကုသလံ ဟု ဟောတော်မူလိုရင်း သန္ဓာယဘာသိတကို အဋ္ဌကထာ အလိုကျ ရှင်းလင်း ဖော်ပြခဲ့ပါ။

(၅) ခုဒ္ဒက ဝတ္ထု ကထာ - ၌ ပအိုးရည် စသည်တို့၌ မှန် ကြည့်ကောင်း - မကြည့်ကောင်း ဖော်ပြ၍ / ငါ့အနာ အသားနု တက်ပြီသား မတက်သေးဘူးလား ဟု သိလိုသဖြင့်လည်းကောင်း—ငါ တော်တော် အိုပြီလား၊ မအိုသေးဘူးလား ဟု သိလိုသဖြင့်လည်းကောင်း မှန်ကို ကြည့်ကောင်း -မကြည့်ကောင်း တို့ကိုလည်း ခွဲခြား၍ ရေးသားခဲ့ပါ။

(၆) ခုဒ္ဒက ဝတ္ထုကထာ -၌ ပဋ္ဋိကံ ဒါတုံ ပရိတ္တံ ကာတုံ ပါဠိတော်၌ ပရိတ္တံ အရ ဆိုလိုရင်း အဓိပ္ပာယ်ကို ဖော်ပြ၍/ကျောင်းနားသို့ တောမီးလောင်လာသောအခါ အနားသို့ ရောက်လာသော်လည်းကောင်း မရောက်သေးသော်လည်းကောင်း ကိုယ်တိုင် မီးရှို့

၍ မီးတားခြင်းငှာလည်းကောင်း သစ်ခက်စိမ်းကို ချိုး၍ ငြိမ်းသတ်ခြင်းငှာလည်းကောင်း အပ်-မအပ်ကိုလည်း ရေးသားခဲ့ပါ။

(၇) မိမိတို့ ဆောက်လုပ်ပြီးသော ကျောင်းပေါ်သို့ ပင့်၍ ကိုးကွယ်သင့်သော ပုဂ္ဂိုလ်တို့ကို တိကျစွာ ဖော်ပြ၍/စေတဥယျာဉ်၌ အနာထပိဏ်သူဌေး ဆောက်လုပ်အပ်သော အဆောက်အဦတို့တွင် စတုတ္ထ သတ္တမ ဒသမ တေရသမ အဆောက်အဦတို့ကို ထုတ်ပြပြီးလျှင် / ဇေတမင်းသား ဆောက်လုပ်အပ်သော အဆောက်အဦကိုလည်း ထုတ်ပြပါ။

(၈) အပရဇ္ဇုဂတာယ အာသဠှိယာ ပုရိမကော ဂါဟေတဗ္ဗော ပါဠိတော်ကို အပရဇ္ဇုဂတာယ-၌ နှစ်မျိုး ကြံ၍ အနက်ပေးပြီးလျှင် / ပါဠိတော်လာ အန္တရာမုတ္တက သေနာသနဂ္ဂါဟ-သည် အဌကထာလာ သေနာသနဂ္ဂါဟတို့တွင် မည်သည့် သေနာသ-နဂ္ဂါဟသို့ သက်ဝင်သည်ကို သဘာဝ အာဂမ အကြောင်း ယုတ္တိ ပြ၍ ဆုံးဖြတ်ပါ။

(၉) အဝိဿဇ္ဇိယ ဝတ္ထုတို့ကို ထာဝရ· ဂရုဘဏ္ဍ ခွဲခြား ပြပြီးလျှင် / ထာဝရာ-နုလောမ ဝတ္ထုတို့ကိုလည်း ထုတ်ပြ၍ / သံဃာ၏ သဝတ္ထုကဝိဟာရ, အဝတ္ထုကဝိဟာရ တို့ဖြင့် လူတို့၏ သဝတ္ထုကဂေဟ, အဝတ္ထုကဂေဟ တို့ကို လဲလှယ်ကောင်း - မလဲလှယ်ကောင်း အကြောင်း ပြ၍ ရှင်းလင်းစွာ ဝိနိစ္ဆယ ချပြပါ။

(၁၀) သံဃိက ဥဒ္ဒေသဘတ် နှင့် သံဃိက နိမန္တနဘတ် နှစ်မျိုး လှူပုံ လှူနည်းကို ကွဲပြားအောင် ဖော်ပြ၍/ပိဏ္ဍပါတိက ရဟန်းသည် မည်သို့ လျှောက်ထားအပ်သော ပုဂ္ဂလိက ဓုရ ဘတ်မျိုးကို လက်ခံသင့်သည်–လက်မခံသင့်သည် ဤနှစ်လီကို ရှင်းလင်းပြီးလျှင်/အပ်သော နည်းဖြင့် လျှောက်ထားပြီး နောက်မကြာမီ ရက်အနည်းငယ် လွန်ရာ အခါ၌ မအပ်သောနည်းဖြင့် လျှောက်ထားအပ်သော် အပ်· မအပ် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(၁၁) ဂမိကဝတ္တ ကထာဝယ် ဂမိကေန ဘိက္ခုဝေ (ပ) ဒ္ဒါရဝါတပါနံ ထကေ-တွာ သေနာသနံ အာပုစ္ဆာ ပက္ကမိတဗ္ဗံ - ၌ ပန်ကြား၍သာ ဖဲသွားသင့်သော သေနာသန–မပန်ကြားဘဲလည်း ဖဲသွားသင့်သော သေနာသနတို့ကို ပြည့်စုံစွာ ထုတ်ပြ၍/စတူသု ပါသာဏေသု မဥ္စံ ပညပေတွာ စသော စကားဖြင့် အဘယ်ကို ပြ၍ အပေ့ဝနာမ အင်္ဂနိပိ သေသေယျုံ ဖြင့် အဘယ်ကို ပြသည်ဟုလည်း ရှင်းလင်းပြပါ။

(၁၂) စောဒကပုဂ္ဂိုလ် နှလုံးသွင်းသင့်သော တရား ၅· ပါးတို့တွင် ဒုတိယ တတိယ တရား ၂-ပါး၏ အရကို ထင်ရှားစွာ အသီးသီး ကောက်ပြ၍/စုဒိတေနပါလိ ဘိက္ခုနာ ဒွီသု ဓမ္မေသု ပတိဋ္ဌာတဗ္ဗံ သစ္စေစ အကုပ္ပေစ ပါဠိရပ်၌ သစ္စ သဒ္ဒါ၏ နိဝတ္တေတဗ္ဗကို ထုတ်ပြပါ။ ၁၀–မှတ်စီ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၅) ဝိနယပိဋက (ပရိဝါ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၆ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ - ရက်။ (၂၀ - ၁ - ၇၅)

—

(၁) ကတာပတ္တိဝါရ သံဃာဒိသေသ ကဏ္ဍ၌ ဥပက္ကမိတွာ အသုစိ မောစနပစ္စယာ ကတိ အာပတ္တိယော အာပဇ္ဇတိ - ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာ ပါဠိကို ရေးသား၍ / ပေါရာဏကေဟိ မဟာထေရေဟိ အဋ္ဌကထာစကား၏ အဓိပ္ပာယ်ကိုလည်း ရေးသားခဲ့ပါ။

(၂) အန္တရပေယျာလ ကတိ ပုစ္ဆာဝါရ - ၌ ကတိဂါရဝါ ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာ ပါဠိကို ရေးသား၍/ ပုန စ ပရံ ဘိက္ခုနော မေတ္တံ ဝစီကမ္မံ ပစ္စုပဋ္ဌိတံ ဟောတိ - ၌ သမ္မုခါ မေတ္တာဝစီကံ, ပရမ္မုခါ မေတ္တာဝစီကံ ဖြစ်ပုံများကိုလည်း ထင်ရှားစွာ ဖော်ပြခဲ့ပါ။

(၃) သမထဘေဒ သမ္မတိဝါရ၌ အနုဝါဒါဓိကရဏံ ကတိတိ သမထေဟိ သမ္မတိ - ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာ ပါဠိကို ရေးသား၍ / ခန္ဓက ပုစ္ဆာဝါရ၌ ဝဿူပနာယိကံ ဝိဿဇ္ဇိဿံ သန္နိဒါနံ သန္နိဒ္ဒေသံ သမုက္ကဋ္ဌပဒါနံ ကော အာပတ္တိ - ၌ ကော၏ သရုပ်ကိုလည်း ထုတ်ဖော် ရေးသားခဲ့ပါ။

(၄) ကေတ္တရိကနယ ကေကဝါရ - ၌ ပုဗ္ဗာပတ္တိ ဇာနိတဗ္ဗာ၊ အပရာပတ္တိ ဇာနိ - တဗ္ဗာ၊ ပုဗ္ဗာပတ္တီနံ အန္တရာပတ္တိ ဇာနိတဗ္ဗာ၊ အပရာပတ္တီနံ အန္တရာပတ္တိ ဇာနိတဗ္ဗာ - တို့၏ အဓိပ္ပာယ်ကို ရေးသား၍ / လဟုကာ အာပတ္တိ ဇာနိတဗ္ဗာ၊ ဂရုကာ အာပတ္တိ ဇာနိတဗ္ဗာ ဆိုသည့်အတိုင်း လဟုက ဂရုက အာပတ်တို့၏ သရုပ်ကို အကြောင်းနှင့် တကွ ထုတ်ဖော် ပြခဲ့ပါ။

(၅) ဝတ္ထုကိုသာ ဖုံးလွှမ်း၍ အာပတ်ကို မဖုံးလွှမ်းသော ပြောဆိုပုံ — အာပတ်ကိုသာ ဖုံးလွှမ်း၍ ဝတ္ထုကို မဖုံးလွှမ်းသော ပြောဆိုပုံ — ဝတ္ထုရော အာပတ်ပါ ဖုံးလွှမ်းသော ပြောဆိုပုံများကို အသီးသီး ပြောဆိုပြ၍ / သကဝါစာယ အာပဇ္ဇတိ သကဝါစာယ ဝုဋ္ဌာတိ - ၏ အဓိပ္ပာယ်ကိုလည်း ပေါ်လွင် ထင်ရှားအောင် ဖော်ပြခဲ့ပါ။

(၆) ပဌမ ဂါထာ သင်္ဂဏိက စတုဝိပတ္တိဝဏ္ဏနာ - ၌ သီလဝိပတ္တိသည် အမေး၌ မပါရှိဘဲ ယေ ဒုဋ္ဌုလ္လာ သီလဝိပတ္တိ - ဟု ဆိုရခြင်း အကြောင်းကို ရေးသား ဖော်ပြ၍/

ဒုဋ္ဌုလ္လ အာပတ်ကို အဘယ် ဝိပတ္တိဖြင့် ရေတွက်ရမည် ၊ အဒုဋ္ဌုလ္လ အာပတ်ကို အဘယ် ဝိပတ္တိတို့ဖြင့် ရေတွက်ရမည်ကိုလည်း ဖြေကြားခဲ့ပါ။

( ၇ ) စောဒနာကဏ္ဍ စောဒကာဒိပဋိပတ္တိ–၌ သံဃေန ဩတိဏ္ဏာနေ့ာတိဏ္ဏံ ဇာနိ– တဗ္ဗံ – ဟူသော စကားရပ်၏ ဇာနနဝိဓိကို ထုတ်ပြ၍ / န စ အာမိသံ နိဿာယ ( ပ ) ယထာ ဓမ္မော တထာ ကရေ ဂါထာ၏ အဓိပ္ပာယ်ကိုလည်း ထင်ရှားစွာ ရှင်းလင်း ပြပါ။

( ၈ ) စူဠသင်္ဂါမ အနုဝိဇ္ဇက ပဋိပတ္တိ – ဝယ် သာမိ၀ါ ဓမ္မော ဘာသိတဗ္ဗော – ၌ ဓမ္မော၏ အရကို အပြည့်အစုံ ထုတ်ပြ၍ / အတ္တာ ပရိဂ္ဂဟေတဗ္ဗော၊ ပရော ပရိဂ္ဂဟေ – တဗ္ဗော ၊ ပုဒ်တို့၏ အဓိပ္ပာယ်ကိုလည်း ပေါ်လွင်အောင် ရှင်းလင်းပြပါ။

( ၉ ) မဟာသင်္ဂါမ အဂတိအဂန္တဗ္ဗ ၊ ဝယ် ဣမေဟိ အဋ္ဌာရသဟိ ဝတ္ထူဟိ ဆန္ဒာ ဂတိံ ဂစ္ဆန္တော ဗဟုဇနာဟိတာယ ပဋိပန္နော ဟောတိ ၊ ၌ ဗဟုဇနာဟိတ ဖြစ်ပုံ အလုံးစုံ ကို အကုန်အစင် ဖော်ပြ၍/ပရပက္ခာဒိအ၀ဇာနန – ဝယ် ဣမေကေစ္စော ထေရော ဟောတိ ရတ္တညူ ( ပ ) အကတံ ဘဝိဿတီတိ တဿ အ၀ဇာနန္တော အဓမ္မံ ဓမ္မောတိ ဒီပေတိ ၊ ၌ တဿ အ၀ဇာနန္တော – ကို သမ္ဗန္ဓ အစွဲ မလွဲစေဘဲ ဖြစ်နိုင်သမျှ အနက် ပေးပြပါ။

( ၁၀ ) ကတမေ တယော ကထိနတ္ထာရာ နရုဟန္တိ–ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာ ပါဠိ ကို ထုတ်ပြီးလျှင် / ယင်း၏ အဓိပ္ပာယ်ကိုလည်း ရှင်းလင်း၍ / ကထိန် ဟူသည် ပရမတ် ပညတ် ဤနှစ်ရပ်တွင် မည်သည့် အမျိုးအစား ဖြစ်သင့်သည်ကို ဆိုင်ရာ ပါဠိ ကိုးကား၍ ဆုံးဖြတ်ပါ။

( ၁၁ ) ဘိက္ခုနောဝါဒဝဂ် ၊ ဝယ် ကတိဟိနုခေါ ဘန္တေ အင်္ဂေဟိ သမန္နာဂတာယ ဘိက္ခုနိယာ ကမ္မံ ကာတဗ္ဗံ – ၌ ကမ္မံ၏ အရကို အကုန်အစင် ထုတ်ပြ၍ / ဥဗ္ဗာဟိကဝဂ်၌ ကောဓနော ဟောတိ ကောဓာဘိဘူတော ၊ အစရှိသည်ဖြင့် ကောဓန အစရှိသည်တို့ကို အဘယ့်ကြောင့် ဟောတော်မူရသည်ကိုလည်း ရှင်းပြပါ။

( ၁၂ ) အာပတ္တိသမုဋ္ဌာန – လာ ပါဠိတော်များ အရ သစိတ္တကကြောင့် သင့်၍ အစိတ္တကကြောင့် ထသော အာပတ် – အစိတ္တကကြောင့် သင့်၍ အစိတ္တကကြောင့် ထသော အာပတ် တို့ကို ထုတ်ပြ၍ / ဒဒမာနကြောင့် သင့်သော အာပတ် – ပဋိဂ္ဂဟကြောင့် သင့် သော အာပတ်တို့ကို အာပတ်သင့်ပုံနှင့် တကွ ပြည့်စုံစွာ အသီးသီး ရှင်းလင်း ဖော်ပြပါ။

၁၀–မှတ်စီ။

# (ခ) တိပိဋကဓရ သဘောဓရေးဖြေ စာမေးပွဲ

## (၁) ဝိနယပိဋက (ပါရာဇိက) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၇ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ - ရက်။ (၂၂ - ၁ - ၇၆)

—

(၁) 'ဧဝံ နိသိန္နေ တသ္မိံ အာယသ္မန္တေ မဟာကဿပတ္ထေရော ဘိက္ခူ အာမန္တေသိ အာဝုသော ကိံ ပဌမံ သင်္ဂါယာမ ဓမ္မံဝါ ဝိနယံဝါ တိ' ဟူသော အဋ္ဌကထာ၌ အာမန္တေသိ သဒ္ဒါ၏ ဟောနိုင်သမျှ အနက်တို့ကို အပြည့်အစုံ ထုတ်ပြ၍ /ဤ၌ လိုအပ်သော အနက်ကို အကြောင်းပြ၍ ညွှန်ပြပါ။

(၂) ဝိဇ္ဇာစရဏသမ္ပန္နော - ပုဒ်၌ စရဏ တရားများကို အသီးသီး ရေတွက်ပြ၍/ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော် နှင့် ဗုဒ္ဓ ဂုဏ်တော် တို့၏ အထူးကို နည်းစုံ ဖော်ကာ ရှင်းပြပါ။

(၃) သိက္ခာပစ္စက္ခာန ဒုဗ္ဗလျာဝိကမ္မ မပြုဘဲ မေထုန သေဝန အမှုပြု၍ လာသော ရဟန်း နှင့် သိက္ခာပစ္စက္ခာန ဒုဗ္ဗလျာဝိကမ္မ ပြုပြီး မေထုနသေဝန အမှု ပြု၍ လာသော ရဟန်း တို့ကို တဖန် ရဟန်းခံပေးသင့် - မပေးသင့် သာဓက ထုတ်ကာ ရှင်းပြပြီးလျှင် / ဘိက္ခုဘာဝံ အဓိဋ္ဌယမာနော - ပုဒ် တို့ကို အဋ္ဌကထာ အလိုကျ နှစ်နည်း အနက်ပေးပြပါ။

(၄) 'ပဋိသေဝတိနာမ ယော နိမိတ္တေန နိမိတ္တံ (ပ) ပဝေသေတိ၊ ဧသော ပဋိ-သေဝတိနာမ' ဟူသော ပဒဘာဇနီ အရ နိမိတ္တေန နိမိတ္တပဝေသန အမှု ပြုရာ၌ ဣတ္ထိ-နိမိတ္တ ပုရိသနိမိတ္တ တို့၌ ရနိုင်သော ဌာန တို့ကို အသီးသီး ထင်ရှားစွာ ရှင်းလင်းပြ၍/ 'သော စ ပဝေသနံ သာဒိယတိ' ပုဒ်၏ အဓိပ္ပာယ်ကိုလည်း ဖော်ပြပါ။

(၅) တတ္ထ ဇာတကံ ကဋ္ဌံ ဝါ လတံ ဝါ ဆိန္ဒတိ၊ အာပတ္တိ ဒုက္ကဋဿ ဟူသော ဒုတိယ ပါရာဇိက ဘူမဋ္ဌကထာ ပဒဘာဇနီ၌ တတ္ထ၏ အရကို တိကျစွာ ကောက်ပြ၍/မြေ၌ မြုပ်နေသော ပတ္တမြားကို ခိုးလို၍ အကပ္ပိယ မြေကို တူးသော ရဟန်းအား မည်သည့် အာပတ် သင့်နိုင်သည်ကို အကြောင်းနှင့် တကွ ဖော်ပြပါ။

(၆) တတိယ ပါရာဇိက၌ ဇီဝိတာ ဝေါရောပေယျ ပါဠိတော် အရ ပစ္စုပ္ပန် အတိတ် အနာဂတ် ရုပ်ဇီဝိတိန္ဒြေ တို့တွင် အဘယ် ရုပ် ဇီဝိတိန္ဒြေကို ခွင်းနိုင်၍ အဘယ် ရုပ် ဇီဝိတိန္ဒြေကို မခွင်းနိုင်သနည်း၊ အကြောင်း လုံလောက်စွာ ပြ၍ ရှင်းပြီးလျှင်/ သတ္တဟာရကံ ဝါဿ ပရိယေသေယျာတိ အသိံဝါ အစရှိသော ပဒဘာဇနီ၌ ဝိသံဝါ

ရဇ္ဇုံဝါ ဟူ၍ ဝိသ ရဇ္ဇု တို့ကို ထည့်သွင်း၍ ဟောတော်မူရခြင်း၏ အကြောင်းကိုလည်း ဖော်ပြပါ။

(၇) အရှင် သေယျသက၏ သာသနာတော်၌ မပျော်ပိုက်ခြင်း၏ အကြောင်းကို ဖော်ပြပြီးလျှင်/သုပိနန္တ အဿာဒ စေတနာသည် အာပတ်၏ အကြောင်း အင်္ဂါ ဖြစ်နိုင်-မဖြစ်နိုင် အကြောင်းပြကာ ရှင်းပြ၍ / ဝတ္ထိသီသ၏ အရကို တိကျစွာ ဖော်ပြပါ။

(၈) အနာမာသဝတ္ထုများကို အဋ္ဌကထာ လာတိုင်း ပြည့်စုံစွာ ထုတ်ပြ၍/အနာမာသသခ် အာမာသသခ် တို့ကိုလည်း ဖော်ပြပြီးလျှင်/ကြေးဝါကို ရဟန်းတော်များ သုံးသပ် အပ်-မအပ် အကြောင်းပြကာ ဆုံးဖြတ်ပါ။

(၉) ရဟန်းသည် သာရတ္တစိတ်ဖြင့် ကမ္ဗလာနီ ခြုံထားသော မာတုဂါမ တယောက်ကို 'လောဟိတံ ခေါ်တေ ဘဂိနိ' ဟု ပြောဆိုသော် မည်သည့် အာပတ် သင့်နိုင်သည်ကို အကြောင်းပြကာ ရှင်းလင်းပြီးလျှင် / ကွဲကွာနေသော မိဘ နှစ်ဦးကို စေ့စပ် ပေးသော ရဟန်းအား သံဃာဒိသိသ် အာပတ် သင့်-မသင့် မှတ်သား လောက်အောင် ဝိနိစ္ဆယ ချပြပါ။

(၁၀) ဒုတိယ အနိယတ သိက္ခာပုဒ်လာ ဘဂဝတာ ပဋိက္ခိတ္တံ မာတုဂါမေန သဒ္ဓိံ ဧကော ဧကာယ ရဟော ပဋိစ္ဆန္နေ အာသနေ အလံကမ္မနိယေ နိသဇ္ဇံ ကပ္ပေတုံ ပါဠိကို အဋ္ဌကထာ အဖွင့်နှင့် အညီ နှစ်နည်း အနက် သမ္ဗန်ပြပါ။

(၁၁) ဥဒေါသိတ သိက္ခာပုဒ်လာ သင်္ကန်း ထားရာ အရပ် တို့တွင် အဘယ်ကို အန္တမာဋ ခေါ်သည်ဟု အဋ္ဌကထာလာတိုင်း ပြည့်စုံစွာ ရှင်းပြ၍ / ဧကကုလသတ္ထ နာနာကုလသတ္ထ တို့၌ တိစီဝရိတ်သင်္ကန်းကို ထား၍ အာပတ် မသင့်အောင် နေထိုင်နည်းကို ပြည့်စုံစွာ ဖော်ပြပါ။

(၁၂) တတုတ္တရိ သိက္ခာပုဒ်ဝယ် ရှေးအဋ္ဌကထာတို့၌ ဉာတက ပဝါရိတ တို့ထံ တောင်းရိုး တောင်းစဉ် တောင်းသော် တစုံမက များစွာ တောင်းကောင်း၏၊ သင်္ကန်း အလုံခံရခြင်းကြောင့် တောင်းလျှင် တစုံသာ တောင်းကောင်း၏ ဟု ဆိုအပ်သော စကားသည် မည်သည့် ပါဠိတော်နှင့် ညီညွတ်သည်—ဆန့်ကျင်သည်ကို အကြောင်းပြကာ ရှင်းပြလျက် / ဤသိက္ခာပုဒ်၌ အညာတကာယ ဟု မဟောခြင်းကြောင့် သူတပါး အတွက် ဉာတက ပဝါရိတ တို့ထံ တစုံထက် အပို အလွန် တောင်းသော် အာပတ် သင့်-မသင့် အကြောင်းပြကာ ဆုံးဖြတ်ပါ။

၁၀—မှတ်စီ။

## (ခ) တိပိဋကဓရ သဓောဘာရေးဖြေ စာမေးပွဲ

### (၂) ဝိနယပိဋက (ပါစိတ္တိယ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၇ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ဂ ရက်၊ (၂၃ - ၁ - ၇၆)

---

(၁) မုသာဝါဒသိက္ခာပုဒ်၌ ပါရှိသော ဝါဒက္ခိတ္တော ပုဒ်၏ အဓိပ္ပာယ်ကို အပြည့်အစုံ ရှင်းပြ၍ / သမ္ပဇာနမုသာဝါဒေ ပုဒ်၏ ပဒဘာဇနီ၌ ပါရှိသော ဝါစာ ဂိရာ စသော ပုဒ်တို့တွင် အဘာယ်ပုဒ်ဖြင့် အဘာယ်ကို ဟော၍—အဒိဋ္ဌံ ဒိဋ္ဌံ မေတိ စသော စကားဖြင့် အဘာယ်ကို ပြသည်ဟုလည်း ရှင်းလင်းပြပါ။

(၂) ဩမသဝါဒသိက္ခာပုဒ် ဝတ္ထုကြောင်း၌—ဟီနေနပိ အက္ကောသေန ခုံသေန္တိ ဟု ဟောတော်မူသကဲ့သို့ ဩမသဝါဒေ ပုဒ်၏ ပဒဘာဇနီ၌လည်း ထို အတူ ဟောသင့်လျက် မဟောမူ၍ အက္ကောသေနပိ ဟူ၍သာ ဟောတော်မူရခြင်း၏ အကြောင်းကို ဖော်ပြပြီးလျှင် / ဤသိက္ခာပုဒ်ပါ ဒုဗ္ဘာသိတ အာပတ်၏ သမုဋ္ဌာန်ကို ထုတ်ပြ၍ / ခွေးကို ဆဲရေးရာ၌ အာပတ် သင့်-မသင့် အကြောင်းပြကာ ဆုံးဖြတ်ပါ။

(၃) ပေသုည သိက္ခာပုဒ် အဖွင့် ကလဟောတိ အာပတ္တိဂါမိကော ကာယဝါစာ ဝီတိက္ကမော ဟူသော အဋ္ဌကထာဝယ် အာပတ္တိဂါမိကော - ၌ အာပတ္တိ၏ အရကို အထောက်ပြကာ တိကျစွာ ကောက်ပြ၍ / 'ဟိုကိုယ်တော်က အရှင်ဘုရားကို သူခိုးလို့ ပြောနေတယ်' ဟု ကုန်းတိုက်သော ရဟန်းအား မည်သည့်အာပတ် သင့်နိုင်သနည်း၊ အကြောင်းပြကာ ဆုံးဖြတ်ပါ။

(၄) ပဌမ သဟသေယျ သိက္ခာပုဒ် - ၌ အနုပသမ္ပန္န အရ မာတုဂါမကို ယူသင့် - မယူသင့်ကိုလည်းကောင်း ကြောင်မ အိမ်မြှောင်မတို့နှင့် ကျောင်းပစာရ သေနာသန၌ အိပ်သော ရဟန်းအား မည်သည့် အာပတ် သင့်နိုင်သည်ကိုလည်းကောင်း လူသေမနှင့် ကျောင်း - ပစာ သေနာသန၌ အိပ်သော် သဟသေယျ အာပတ် သင့် - မသင့်ကိုလည်းကောင်း အကြောင်းပြကာ ဆုံးဖြတ်ပါ။

(၅) ဒုဋ္ဌုလ္လာပတ္တိ သိက္ခာပုဒ်၌ ဒိန္နံ ဟူသော ပုဒ်၏ ပဒဘာဇနီ ပါဠိတော်ကို ထည့်သင့်သော ပါဠိသေသ မှန်သမျှ အပြည့်အစုံ ထည့်စွက်ကာ နည်းယူလောက်အောင် အနက်သမ္ဗန်ပါ။

(၆) ဗတ္တ ဇာတက ဖြစ်သော ကြာဖက် စသည်၌ အကပ်ခံခြင်းငှာ သင့် - မသင့် အကြောင်းပြကာ ဆုံးဖြတ်ပြီးလျှင် / လေပြင်း တိုက်ခတ်ရာ အခါဝယ် ဆွမ်းပေါ်သို့

မြူမှုန်မကျအောင် ဆွမ်းခံခြင်းငှာ မတတ်နိုင်သော် အပ်စပ်အောင် မည်သို့ပြုလုပ်၍ ဆွမ်းခံရမည် - သုံးဆောင်ရမည်ကို ရှင်းလင်းပြပါ။

(၇) ဥယျောဇန သိက္ခာပုဒ်ဝယ် ဒသာနုပစာရံ ဝါ သဝနုပစာရံ ဝါ ဝိဇဟန္တဿ အာပတ္တိ ဒုက္ကဋဿ ဟူသော ပဒဘာဇနီ၌ အဘယ်ပုဂ္ဂိုလ်အား အဘယ့်ကြောင့် ဒုက္ကဋ်အာပတ် သင့်ရသည်ကို ရှင်းပြပြီးလျှင် / သဘောဇနသိက္ခာပုဒ် ခုဒ္ဒကေ ဃရေ ပိဋ္ဌိဝံသံ အတိက္ကမိတွာ နိသီဒတိ၊ အာပတ္တိ ပါစိတ္တိယဿ ဟူသော ပဒဘာဇနီ၌ ခုဒ္ဒကဃရ၏ ပမာဏကို ဖော်ပြ၍ / ပိဋ္ဌိဝံသံ အတိက္ကမိတွာ - ဖြင့် အဘယ်ကို ပြသည်ဟုလည်း ညွှန်ပြပါ။

(၈) ခွင့်ပြုတော်မူအပ်သော အကြောင်းကို ကြည့်၍ မိမိကျောင်းမှ ရွာလမ်းခရီးကို ကျော်လွန်သော ရဟန်းအား စာရိတ္တ သိက္ခာပုဒ်ဖြင့် အာပတ် သင့် - မသင့် — အညဿ ဃရူပစာရံ ဩက္ကမန္တဿ အာပတ္တိ ဒုက္ကဋဿ စသော ပဒဘာဇနီနှင့် ညှို၍ အကြောင်းပြကာ ဆုံးဖြတ်ပြီးလျှင် / ထင်ရှားသော ရဟန်းကို ပန်ကြားပုံ ပါဠိကို နှစ်နည်းမျှ ထုတ်ပြပါ။

(၉) သုရာ ၅-မျိုးကို အဓိပ္ပာယ်နှင့် တကွ ဖော်ပြပြီးလျှင် / သုရာ နှင့် မေရယ အထူးကို ဝဒန္တိဝါဒ အရ ရှင်းပြ၍/ မည်သည့် အရာဝတ္ထုဖြင့် ပြုလုပ်အပ်သော ဆေးမျိုးကို လောဏသောဝီရက အရိဋ္ဌ ခေါ်သည့်ကိုလည်း ခွဲခြားပြပါ။

(၁၀) အခြားသော သိက္ခာပုဒ်တို့၌ ကဲ့သို့ ဒုဗ္ဗဏ္ဏကရဏ သိက္ခာပုဒ် ပဒဘာဇနီ၌ စီဝရံနာမ ဝိကပ္ပနုပဂံ ပစ္ဆိမံ စီဝရံဟု မဟောဘဲ စီဝရံနာမ ဆန္နံ စီဝရာနံ အညတရံ စီဝရံ ဟု အဘယ့်ကြောင့် ဟောတော် မူရသည်ကို ဖော်ပြလျက် / ကပ္ပဗိန္ဒု ထိုးရာဝယ် မည်သည့် ပုံသဏ္ဌာန်ထိုးသော် အပ်သည် - မအပ်သည် ဤနှစ်လီကို အကြောင်းပြကာ ဆုံးဖြတ်၍ / အနာပတ္တိအင်္ဂဒွေ ပုဒ်ကို ပြည့်စုံစွာ အနက် သမွန်ပြပါ။

(၁၁) လေးညို့ မပါသော လေးကို ကိုင်၍ နေသော အဂိလာနအား တရား ဟောကောင်း-မဟောကောင်း အကြောင်းပြကာ ဆုံးဖြတ်ပြီးလျှင်/ အာဝုဓံနာမ စာပေါ ကောဒဏ္ဍော ဟူသော ပါဠိတော်၌ အဘယ်ကို စာပ ကောဒဏ္ဍ ခေါ်သည်ဟု ထင်ရှားစွာ ရှင်းပြပါ။

(၁၂) လသုဏ ၅ - မျိုးကို အဆင်းအားဖြင့် လည်းကောင်း အမြွှာင့်အားဖြင့် လည်းကောင်း ခွဲခြား ဖော်ပြ၍/ဘိက္ခုနီမသည် မိခင်ထံ စပါး တောင်းကောင်း- မတောင်းကောင်း အကြောင်းပြကာ ဆုံးဖြတ်ပါ။ ၁၀ — မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၃) ဝိနယပိဋက ( မဟာဝဂ္ဂ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၇ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ - ရက်။ ( ၂၄ - ၁ - ၇၆ )

---

(၁) ဘုရားဖြစ်တော်မူပြီးနောက် ဘုရားရှင် နှင့် လူသားထည်းမှ ဒုတိယမြောက် တွေ့သော ပုဂ္ဂိုလ်များက နောက်ဆုံး လျှောက်ထားသော စကားကို မှန်ကန်စွာ အနက်သမ္ဗန်၍ / အဇပါလ နိဂြောဓ မည်ရခြင်း၏ အကြောင်းကို အဋ္ဌကထာ ဋီကာဝါဒ နည်းစုံပြကာ ရေးသားပါ။

(၂) အရှင်ကောဏ္ဍညနှင့် အတူ တကွ သောတာပတ္တိဖိုလ် တည်ကြသော နတ်ဗြဟ္မာ အရေအတွက်ကို ဖော်ပြ၍ / ဖေါ် ဘိက္ခုတိ ဘဂဝါ အဝေါစ - ၌ ပါရှိသော ဣတိ သဒ္ဒါ နှင့် သုဂ္ဂတော ဓမ္မော စရ အစရှိသော သဒ္ဒါတို့သည် အဘယ်ကို ပြသော သဒ္ဒါတို့ ဖြစ်သည်ဟု ညွှန်ပြပါ။

(၃) ဥပဇ္ဈာယ်ဆရာက ဥပဇ္ဈာယ်ပေးပြီးနောက် သာမဏေက ထပ်ပြီး 'သာဓု' ဟူ၍ ဝန်ခံစကား ဆိုရဦးမည်ဟု အချို့ ဆရာတို့ ဆိုစကားသည် ပမာဏ ဟုတ် - မဟုတ် အကြောင်းပြကာ ရှင်းပြီးလျှင်/ 'ပါသာဒိကေန သမ္ပာဒေဟိ' ပုဒ်ကို စိနစ်တကျ မှန်စွာ အနက် ပေးပြပါ။

(၄) ခေါက်ပြီးသော သင်္ကန်းကို တန်းပေါ်တင်သော အခါ မည်သို့ မည်ပုံ တင်သော် အပ်သည် - မအပ်သည် ဤနှစ်လီကို ပါဠိ အဋ္ဌကထာ နှစ်ရပ် ဆက်စပ်ကာ ရှင်းပြ၍ / အာလောက သန္ဓိ ကဏ္ဍဘာဂါ ပမဇ္ဇိတဗ္ဗာ စကားရပ်၏ အဓိပ္ပာယ်ကိုလည်း ဖော်ပြပါ။

(၅) ရဟန်းခံပေးသော် အာပတ်သည်း သင့် ရဟန်းလည်း မဖြစ်သော ပုဂ္ဂိုလ် - အာပတ်သာ သင့်၍ ရဟန်းဖြစ်သော ပုဂ္ဂိုလ်တို့၏ အရေအတွက် သချ်ာမျကို သာ ဖော်ပြ၍/မီးကို လုပ်ကျွေးသော ရသေ့တို့ကို ရဟန်းခံ ပေးသင့် - မပေးသင့် — ပရိဝါသ် ပေးဘွယ် လို - မလို အကြောင်းပြကာ ဆုံးဖြတ်ပါ။

(၆) ပမာဏလောက်သော ပတ္တမြားတုံးကို ကျောက်နိမိတ် ကြားခြင်း၌ အပ်-မအပ် အကြောင်းပြကာ ဆုံးဖြတ်ပြီးလျှင် / သမ္မောဒဒေါသ မဖြစ်နိုင်သော သိမ်တို့ကို ထုတ်ပြပါ။

(၇) ဝဿူပနာယိကက္ခန္ဓက-၌ မပင့်သော်လည်း သာမဏေရ သာမဏေရီ အထံသို့ ဝါပန်၍ သွားကောင်းသော အကြောင်းတို့ကို အပြည့်အစုံ ဖော်ပြပါ။

(၈) ကြီးမားသော သစ်ခေါင်းတွင်း၌ ပျဉ်ချပ်မိုး ကျောင်းငယ် ပြုပြီး တံခါးတပ်၍ ဝါကပ်သော် အပ်-မအပ်၊ န ဘိက္ခဝေ ရုက္ခသုသိရေ ဝဿံ ဥပဂန္တဗ္ဗံ-ဟူသော ပါဠိတော်နှင့် ညှိ၍ ဆုံးဖြတ်ပြီးလျှင် / န ဘိက္ခဝေ အသေနာသနိ-ကေန ဝဿံ ဥပဂန္တဗ္ဗံ-ဝယ် အသေနာသနိကေန-၌ သေနာသန အရကို တိကျစွာ ကောက်ပြပါ။

(၉) ဒွေဝါစိကဲ ပဝါရဏာ ဥတ်ထားပြီးသော် ပြုနိုင်သော ပဝါရဏာ-မပြုနိုင်သော ပဝါရဏာတို့ကို အကြောင်းပြ၍ ထုတ်ဖော်ပြီးလျှင် / ပဝါရဏာ ဌပနကထာ၌ ပါရှိသော မိစ္ဆာဒိဋ္ဌိ အန္တဂ္ဂါဟိကာ ဒိဋ္ဌိ အယံ ဒိဋ္ဌိဝိပတ္တိ-ဟူသော စကားရပ်၌ ဒိဋ္ဌိ ၂-ခုတို့၏ အရကို ပေါ်လွင်စွာ ကောက်ပြပါ။

(၁၀) ကပ္ပိယကုဋီ လေးလုံးသည် အဘယ် အခါ၌ ဇဟိတဝတ္ထုက ဖြစ်သည်ကို ပြည့်စုံစွာ ရှင်းပြပြီးလျှင် / ကပ္ပိယကုဋီ လေးလုံး မရှိသော ကျောင်းတိုက်၌ ရဟန်းတော်များ သုံးစွဲကောင်းအောင် ပြုလုပ်၍ရသော နည်းလမ်းများ ရှိလျှင် မှတ်သားလောက်အောင် ဖော်ပြပါ။

(၁၁) ဧဝဥ္စ ပန ဘိက္ခဝေ ကထိနံ အတ္ထရိတဗ္ဗံ-ဟူသော စကား အရ ကထိန်ခင်းခွင့် ရနိုင်-မရနိုင်သော ရဟန်းတို့ကို အဋ္ဌကထာ လာတိုင်း ပြည့်စုံစွာ ဖော်ပြပါ။

(၁၂) ဘိက္ခု အတ္ထာဘကထိနော စီဝရံ အာဒါယ ပက္ကမတိ (ပ) နိဋ္ဌာနန္တိကော ကထိနုဒ္ဓါရော-ဟူသော ပါဠိ၌ အတ္ထတကထိနော အရ အတ္ထာရက အနုမောဒက ရဟန်းတို့တွင် အဘယ် ရဟန်းကို ယူ၍ စီဝရံ အရ ကတာကတစီဝရ တို့တွင် အဘယ် စီဝရကို ယူမည်နည်း၊ ယုတ္တိ ပြကာ ရှင်းပြပါ။

၁၀-မှတ်စီ။

## (ခ) တိပိဋကဓရ သဘောဓရးဖြေ စာမေးပွဲ

### (၄) ဝိနယပိဋက (စူဠဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၇ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ - ရက်၊ (၂၅ - ၁ - ၇၆)

---

(၁) အဘယ်ကံမျိုးကို နိယဿကံ ပဋိသာရဏီယကံ ခေါ်သည်ဟု ရှင်းပြပြီးလျှင်/၊ ပဗ္ဗာဇနီယကံ၌ ပါရှိသော မာလာဝစ္စံ ရောပေန္တိပိ ရောပါပေန္တိပိ ပုဒ်ကို ပါဌ်သေသ အပြည့်အစုံ ထည့်စွက်ကာ သဒ္ဒတ္ထ ဝေါဟာရတ္ထ အနက်ပေးပြပါ။

(၂) ပါရိဝါသိကက္ခန္ဓက - ၌ အနုဇာနာမိ ဘိက္ခဝေ ပါရိဝါသိကာနံ ဘိက္ခူနံ (ပ) သြဏောဇနံ ဘတ္တဂ္ဂံ ဟူသော ပါဠိတော် အရ သြဏောဇနကို မူလာယ ပဋိကဿ· နာရဟ စသော ဂရုကဋ္ဌ ရဟန်းများ နှင့် ပကတတ်ရဟန်းများ ရနိုင် - မရနိုင်—ဣဒံ သြဏောဇနံ နာမ ပါရိဝါသိကဿေဝ သြဒိဿ အနုညာတံဟူသော အဋ္ဌကထာနှင့် ညှိ၍ အကြောင်းပြကာ ဆုံးဖြတ်ပြီးလျှင် / သေယျာပရိယန္တေ ပုဒ်၏ အရကိုလည်း မလွဲ အောင် ကောက်ပြပါ။

(၃) ပါရိဝါသိက ရဟန်းများ ဂဏပူရက ဖြစ်နိုင်သောကံ · မဖြစ်နိုင်သောကံ တို့ကို ခွဲခြား ဖော်ပြ၍ / ပါရိဝါသိကရဟန်း အချင်းချင်း တွေ့ဆုံရာ၌ ဝတ်ကြားရ - မကြားရ ဣနှစ်ဝကို အကြောင်းပြကာ ဆုံးဖြတ်ပါ။

(၄) မာနတ် အပြားကို အဓိပ္ပာယ်နှင့် တကွ ထုတ်ပြ၍ / ကျောင်းတိုက် ပြင်ပသို့ ဝတ်ဆောက်တည်နေစဉ် အဖော်ရဟန်းများ ပြန်သွားကြ၍ အရုဏ် တက်ပြီးနောက် ကျောင်းတိုက်သို့ ပြန်လာ၍ ဝတ်ချရာ၌ မကြားရသေးသော ရဟန်းကို မကြားဘဲ ဝတ် ချခဲ့သော် ရတ္တိစ္ဆေဒ ဖြစ် - မဖြစ်—အညဿ ယဿ မာဠကေ နာရောစိတံ၊ တဿ အာ· ရောစေတွာ နိက္ခိပိတဗ္ဗံ ဟူသော အဋ္ဌကထာနှင့် ညှိ၍ အကြောင်းပြကာ ဆုံးဖြတ်ပါ။

(၅) ဒေသနာကြား သွားခြင်း၌ အန္တရာယ် ရှိရာ၌ အန္တရာယ်မရှိဟု အမှတ်ရှိပြီး ဒေသနာမကြားဘဲ နေခဲ့သော် အနန္တရာယိကော စ ဟောတိ အနန္တရာယိကသညီ စ ဟူသော စကား အရ ဖုံးလွှမ်းရာ ရောက် - မရောက် အကြောင်းပြကာ ဆုံးဖြတ်ပြီးလျှင်/ ဆာဒေတု ကာမော န ဆာဒေတိ ၏ အဓိပ္ပာယ်ကိုလည်း ရေးပြပါ။

(၆) သမထက္ခန္ဓက - ဝယ် ပဋိညာနိ ဘိက္ခဝေ ဓမ္မိကာနိ သတိ ဝိနယဿ ဒါနာနိ ပါဠိတော် အရ ပေးခြင်း ငါးပါးတို့တွင် တပါးပါးဖြင့် သတိ ဝိနယ ပေးသင့် - မပေးသင့် အကြောင်းပြကာ ဆုံးဖြတ်၍/တိဏဝတ္ထာရက သမထဖြင့် အဓိကရုဏ်းကို ငြိမ်းစေရာ၌ မငြိမ်းသော အာပတ် တို့ကို ပြည့်စုံ ပေါ်လွင်စွာ ထုတ်ပြပါ။

(၇) အဂိလာန ရဟန်းအား ရေသနုပ် အဝတ်ကျစ်ဖြင့် ကျောက်ကုန်းကို ပွတ်တိုက်၍ ရေချိုးခြင်းငှာ အပ် – မအပ် အကြောင်းပြကာ ဆုံးဖြတ်၍/ခုဒ္ဒကဝတ္ထုက္ခန္ဓက - ၌ အထူး ခွင့်ပြုအပ်သော အဝတ် ရေစစ် သုံးခုကို ပါဠိ မြန်မာ နှစ်ဘာသာဖြင့် ထင်ရှားစွာ ဖော်ပြပါ။

(၈) အဘယ် ကျမ်းမျိုးကို လောကယတ ခေါ်သည်ဟု ထင်ရှားစွာ ဖော်ပြပြီးလျှင်/န ဘိက္ခဝေ ဝိဝိဓံ အနာစာရံ အာစရိတဗ္ဗံ၊ ယော အာစရေယျ ယထာဓမ္မော ကာရေတဗ္ဗော စကားရပ်၌ ယထာဓမ္မော ကာရေတဗ္ဗော၏ အဓိပ္ပာယ် ကိုလည်း ရှင်းပြပါ။

(၉) ခေါင်းအုံး နှင့် ဘုံလျှိုတို့၌အပ်သောလဲ (အဆာ) - မအပ်သောလဲ (အဆာ) တို့ကို ဖော်ပြ၍ / သက်န်းဖြင့် ဘုံလျှို အလွှမ်း ပြုလုပ်ပြီး အတွင်း၌ မြင်းမွေးထည့်၍ ဘုံလျှို ပြုလုပ်သော် အပ် - မအပ် အကြောင်းပြကာ ဆုံးဖြတ်ပါ။

(၁၀) သေနာသနက္ခန္ဓက ဥဋ္ဌကစယာဒိ အနုဇာနန – ၌ ပါရှိသော ကုလက်ပါဒက ပရိတ္တာဏ ကိဋိက ဥဒ္ဒသုဓာ တို့၏ အရကို အဋ္ဌကထာဖွင့် အတိုင်း တိကျစွာ ဖော်ပြ၍/ ဇေတဝန်ကျောင်းတိုက် မြေသည် ရှစ်ကရီသပမာဏ ရှိ၏ ဟု ဆိုရာ၌ (ယဋ္ဌိ) တာ အားဖြင့် အဘယ်မျှ ရှိသည်ကို ညွှန်ပြပါ။

(၁၁) သေနာသနက္ခန္ဓက - ၌ ခွင့်ပြုတော် မူအပ်သော သမ္မုတိ တို့တွင် စတုတ္ထ သတ္တမ ဒသမ သမ္မုတိတို့ကို ထုတ်ပြ၍/ဒွါဒသမ သမ္မုတိ၏ ကမ္မဝါစာကိုလည်း ရေးပြပါ။

(၁၂) နဝကမ္မ ဒါနကထာ – ၌ ပါရှိသော ဓူမကာလိကမ္ပိ ပရိယောသိတံ ဝိဟာရံ နဝကမ္မံ ဒေန္တိ - ပါဠိကို မှန်ကန်စွာ အနက်ပေး၍ / ပမာဏ မည်မျှ ရှိသော ဝိပ္ပကတ· ဝိဟာရ၌ နှစ်ပေါင်းမည်မျှ နဝကမ္မ ပေးနိုင်သည်ကို ပါဠိ အဋ္ဌကထာ နှစ်ရပ် ဆက်စပ်ကာ ရှင်းပြပါ။

၁၀ –မှတ်စီ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၅) ဝိနယပိဋက (ပရိဝါ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၇ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ - ရက်။ ( ၂၆ - ၁ - ၇၆ )

—

(၁) ကတ္ထပညတ္တိဝါရ ပါရာဇိကကဏ္ဍ ပဌမ ပါရာဇိက လာ–ပညတ္တိဝိနယော ဝိဘတ္တိ အာဘိ ဝိနယော - ၌ ပညတ္တိ နှင့် ဝိဘတ္တိ အရကို ကောက်ပြ၍/ကာ ပဋိပတ္တိတိ ကတ္ထ ဋိတန္တိ ကေ ဓာရေန္တိ ဟူသော ပုစ္ဆာတို့၏ ဝိသဇ္ဇနာ ပါဠိကိုလည်း ထုတ်ပြပါ။

(၂) ဗုဒ္ဓစန္ဒေ အနုပ္ပန္နေ (ပ) န နာယတိ - ဂါထာကို (တေသံ သဘာဂ ဓမ္မာနံ နာမမတ္တံ - တို့၌ အရကောက် ထင်ရှားအောင်) အနက်ပေး၍ / အဘယ်အကျိုးငှာ ဗုဒ္ဓစန္ဒေ ဗုဒ္ဓါဒိစ္စေ နှစ်ပုဒ်ကို မိန့်ဆိုရသည်ကိုလည်း ရှင်းပြပါ။

(၃) သမုဋ္ဌာနသီသ သင်္ခေပ ဒုတိယ ပါရာဇိက သမုဋ္ဌာနဂါထာ·လာ အောက်ပါ ပုဒ်တို့၏ အရကို အသီးသီး အစိတ်စိတ် မလွဲအောင် ကောက်ပြပါ။

ဥိန သံဝါသ နာသနာ၊ ဂဏ္ဍံ ဝိဘင်္ဂံ ဒုဗ္ဗလံ။

(၄) အန္တရပေယျာလ ကတိပုစ္ဆာ ဝါရ–၌ အဘယ်အကျိုးငှာ ကတိ အာပတ္တိ-ယော စသော နည်းဖြင့် မာတိကာ ထား၍ နိဒ္ဒေသ ပဋိနိဒ္ဒေသ၏ အစွမ်းအားဖြင့် ဝိဘင်းကို မိန့်ဆိုရသည်ကို ဖော်ပြပြီးလျှင်/ဓမ္မေ အဂါရဝ ဖြစ်ပုံကို အဋ္ဌကထာ လာအတိုင်း ပြည့်စုံစွာ ရေးပြပါ။

(၅) အန္တရပေယျာလ ကတိပုစ္ဆာဝါရ - ၌ ပါရှိသော အပ္ပဋိဝိဘတ္တဘောဂီ ပုဒ်၏ အဓိပ္ပာယ်ကို ရေး၍/ယင်းပုဂ္ဂိုလ်သည် မိမိ ရသော ဘောဇဉ်ကို ဒုဿီလ ပုဂ္ဂိုလ်အား မပေးဘဲ နေခြင်းငှာ အပ် - မအပ် အကြောင်းပြကာ ဆုံးဖြတ်ပါ။

(၆) သမထဘေဒ အဓိကရဏ ပရိယာယဝါရ၌ ဝိဝါဒါဓိကရဏ်း အနုဝါဒါဓိကရဏ်းတို့၏ မူလများကို သင်္ချာ သင်္ချေယျ အပြည့် အစုံ ထုတ်ပြပါ။

(၇) သမထဘေဒ သမထာ သမထဿ သာဓာရဏ ဝါရ–၌ သမ္မုခါဝိနယ သမထ နှင့် ဆက်ဆံသော သမထ - မဆက်ဆံသော သမ္မထတို့ကို လှည်းကောင်း

ပဋိညာတကရဏ သမထနှင့် မဆက်ဆံသော သမထတို့ကိုလည်းကောင်း အကြောင်းနှင့် တကွ ထုတ်ပြပါ။

(၈) သမထဘေဒ၌ သမ္မတိနသမ္မတိဝါရ သမထာဓိကရဏဝါရ တို့ကို အဘယ် အကျိုးငှာ ဟောတော်မူအပ်ပါသနည်း၊ အသီးသီး ရှင်းပြပါ။

(၉) အဘယ်ကြောင့် အဘယ်ပုဂ္ဂိုလ်ကို အနုဝိဇ္ဇက ခေါ်၍ စောဒနာကဏ္ဍလာ ခတော ဥပဟတိန္ဒြိယောပါဌ်၌ အဘယ်ပုဂ္ဂိုလ်ကို ခတ ဟု ခေါ်ပါသနည်း၊ ပြည့်စုံစွာ ရှင်းပြပါ။

(၁၀) စူဠ သင်္ဂါမ အနုဝိဇ္ဇက ပဋိပတ္တိဝဏ္ဏနာ-၌ အဘယ်ကို သိစေလို၍ ဓမ္မေသု စ ပုဂ္ဂလေသုံစာတိ ဧတ္ထ ယော ဓမ္မဂရုတော ဟောတိ၊ န ဝိနယ ဂရုကော အယမေဝ ဓမ္မေသုစ ပုဂ္ဂလေသုစ မဇ္ဈတ္တောတိ ဝေဒိတဗ္ဗော ဟူ၍ အဋ္ဌကထာ ဆရာ ဖွင့်လှစ်ရသည်ကို ရှင်းပြလျက် / ပစ္စေကဋ္ဌာယိနော-၌ ပစ္စေကဋ္ဌာန အရကို-အပိုအလို မရှိ ထုတ်ပြပါ။

(၁၁) မဟာသင်္ဂါမ အဂတိအဂန္တဗ္ဗ-၌ ပါရှိသော အောက်ပါ ပါဠိတော်ကို အဓိပ္ပာယ် ပေါ်လွင် ရှင်းလင်းအောင် ဝါကျဖြန့်၍ အနက် ယောဇနာ ပြပါ။

> ဣမေကစ္စော အယံ ဝိသမနိဿိတောဝါ ဂဟနနိဿိတောဝါဗလဝနိဿိ-တောဝါ ကက္ခဠော ဖရုသော ဇီဝိတန္တရာယံဝါ ဗြဟ္မစရိယန္တရာယံဝါ ကရိဿတီတိ တဿ ဘယာဘီတော အဓမ္မံ ဓမ္မောတိ ဒီပေတိ။

(၁၂) ရဟန်း ကိုယ်တိုင်ငွေဖြင့် ဝယ်၍ ဒါယကာအား ပေးအပ်ပြီးလျှင် ယင်းဒါယကာက သံဃာအား လှူအပ်သော သင်္ကန်းဖြင့် ကထိန်ခင်းသော် ကထိန်ခင်းခြင်း ရောက်-မရောက် အကြောင်း ယုတ္တိ ပြ၍ အများမှတ်သားလောက်အောင် ဝိနိစ္ဆယ ချပြပြီးလျှင် / ကထိနံ ဇာနိတဗ္ဗန္တိ တေသည္ဍေဝ ဓမ္မာနံ သင်္ဂဟော (ပ) ကထိနန္တိ ပါဠိတော်၌ တေသည္ဍေဝ ဓမ္မာနံ-၏ အရကို ဋီကာဆရာများ အလိုကျ အသီးသီး ပြည့်စုံစွာ ထုတ်ပြပါ။

၁၀—မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၁) ဝိနယပိဋက (ပါရာဇိက) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၈ – ခုနှစ်၊ တပို့တွဲလဆန်း ၃ - ရက်။ (၂၁ - ၁ - ၇၇)

——

(၁) အရှင်မဟာကဿပထေရ်က ဝိနည်းကို မေးမြန်းခြင်း အကျိုးငှာ မိမိ ကိုယ်ကို မိမိ သမုတ်သော ဉတ်ကို ဖော်ပြပြီး / ပြည့်စုံ မှန်ကန်စွာ အနက် ယောဇနာ၍ / မေထုနသေဝန ပါရာဇိကသည် သံဂါယနာ မတင်မီ ကာလ၌ ပဌမဟု ဆိုခြင်းငှာ မသင့်ပါဘဲလျက် အဘယ့်ကြောင့် 'ပဌမံ အာဝုသော ဥပါလိ ပါရာဇိကံ ကတ္ထ ပညတ္တံ' ဟူ၍ ဆိုအပ်ပါသနည်း၊ မှတ်သားလောက်အောင် ရှင်းပြပါ။

(၂) ဝေရဉ္ဇပုဏ္ဏားသည် အဘယ့်ကြောင့် 'သောဟံ ဘဝန္တံ ဂေါတမံ သရဏံ ဂစ္ဆာမိ ဓမ္မဉ္စ ဘိက္ခု သံဃဉ္စ (ပ) ပါဏုပေတံ သရဏံ ဂတံ' စသော စကားကို လျှောက်ထားရပါသနည်း၊ ရှင်းပြပြီးလျှင် / ပါဏုပေတံ၏ အရကိုလည်း ကောက်ပြပါ။

(၃) ဘုရားရှင်တို့သည် တရား ဟောတော်မူကြရာ၌ ပရိယတ် အနည်း အများ လိုက်၍ စိရိယ လျော့မှု တိုးမှု ရှိ – မရှိ ဥပမာ ဆောင်၍ အကြောင်းပြကာ ရှင်းပြီးလျှင် / ဝိပဿီ စသော ရှေးဘုရားရှင်တို့သည် သာဝကတို့အား တရားတော်ကို အကျယ် ဟော-မဟော–သိက္ခာပုဒ်တို့ကို ပညတ်တော်မူသည် - မမူသည် ဤနှစ်လီကို အကြောင်းပြကာ ရှင်းလင်းပါ။

(၄) 'အသ ခေါ သုဒိန္နော ကလန္ဒပုတ္တော ယေန သာ ပရိသာ တေနုပသင်္ကမိ' ဟူသော ပါဠိ၌ အဘယ့်ကြောင့် 'ယေန ဘဂဝါ' ဟု မဆိုမူ၍ 'ယေန သာ ပရိသာ' ဟု ဆိုရပါသနည်း၊ ရှင်းပြပြီးလျှင် / ကေမန္တံ နိသိန္နဿ ခေါ သုဒိန္နဿ ကလန္ဒပုတ္တဿ ဧတဒဟောသိ' ၌ အကြံအစည် ဖြစ်ပေါ်လာခြင်း၏ အကြောင်းကို ထုတ်ပြပါ။

(၅) ဘုရားရှင် ဘယ်နှစ်ဝါမြောက်၌ ရှင်သုဒိန် ရဟန်းပြု၍ ရှင်သုဒိန် ဘယ်နှစ်ဝါ ရှိသော အခါ၌ ဆွေမျိုးအိမ်သို့ ဆွမ်းခံဝင်သည်ကို ဖော်ပြ၍ / ပဌမ ဗောဓိ အတွင်း၌ ပညတ်အပ်သော သိက္ခာပုဒ် -မပညတ်အပ်သော သိက္ခာပုဒ်တို့ကို အကြောင်းနှင့် တကွ ထုတ်ပြပါ။

(၆) 'သဗ္ဗမတ္တိကာမယံ ကုဋိကံ ကရိတွာ တိဏဉ္စ ကဋ္ဌဉ္စ ဂေါမယဉ္စ သံကဍ္ဎိတွာ တံ ကုဋိကံ ပစိ' ပါဠိတော် အရ သဗ္ဗမတ္တိကာမယကုဋိ ပြုပုံ ပြုနည်း - ဖုတ်ပုံ ဖုတ်နည်းကို

အပြည့်အစုံ ဖော်ပြ၍ / အညကတ သဗ္ဗမတ္တိကာမယ ကုဋိကို ရရှိ၍ နေသော ရဟန်းအား အာပတ် သင့် – မသင့် ယုတ္တိဆောင်ကာ ရှင်းပြပါ။

(၇) သတိ - သမ္ပဇညကို မစွန့်လွှတ်မူ၍ အိပ်ပုံ အိပ်နည်းကို ပြည့်စုံစွာ ဖော်ပြပြီးလျှင် / သုက္ကဝိသဋ္ဌိ ဖြစ်ရန် သူဘပါးက အနိုင်အထက် ပြုအပ်သော လုလ္လပယောဂကို မောစနဿာဒ စေတနာဖြင့် သာယာခဲ့သော် မည်သည့် အာပတ် သင့်နိုင်သည်ကို ဥပမာ ဆောင်ကာ ရှင်းပြပါ။

(၈) လမ်းခရီး၌ ခေတ် ဆန်ဆန် ဝတ်ဆင်၍ ရှေ့မှ သွားနေသော မာတုဂါမ၏ အာနိသဒကို သာရတ္တစိတ် ရှိလျက် လက်ဖြင့် ဆိတ်သော ရဟန်းအား မည်သည့် အာပတ် သင့်နိုင်သည်ကို ပါဠိတော် ကိုးကား၍ ဆုံးဖြတ်ပြီးလျှင် / မာတုဂါမက ကိုင်တွယ်လာသည်ကို သေဝနာဓိပ္ပာယဖြင့် မလှုပ် မရှက် သာယာနေသော ရဟန်းအား သံဃာဒိသိသ် အာပတ် သင့် - မသင့် အကြောင်းပြကာ ဆုံးဖြတ်ပါ။

(၉) 'န ခေါ တေ ဘဂိနိ အမှာကံ ဒုလ္လဘာ၊ ယဒိဒံ စီဝရ ပိဏ္ဍပါတ သေနာသန ဂိလာနပ္ပစ္စယ ဘေသဇ္ဇ ပရိက္ခာရာ' ပါဠိကို အဋ္ဌကထာဖွင့်နှင့် အညီ အနက် ယောဇနာ၍/ အတ္တကာမံ - ပုဒ်၏ ပဒဘာဇနီ စကားရပ်တို့တွင် အဘယ် စကားရပ်ဖြင့် အဘယ် အနက်ကို သိနိုင်သည်ကိုလည်း ရှင်းပြပါ။

(၁၀) ပဌမ အနိယတ သိက္ခာပုဒ်၌ စက္ခုရဟ သောတရဟ နှစ်မျိုးတို့တွင် အဘယ် ရဟကို ယူရမည်ကို အကြောင်းပြကာ ရှင်းလင်းပြီးလျှင် / အနိယတ သိက္ခာပုဒ် နှစ်ပါးတို့၌ မာတုဂါမများသည် အဖော် ဖြစ်နိုင် – မဖြစ်နိုင်ကိုလည်း အကြောင်းပြကာ ဆုံးဖြတ်ပါ။

(၁၁) ဥဒေါသိက သိက္ခာပုဒ်၌ 'တိစီဝရေန ဝိပ္ပဝသေယျ' ဟု ဟောတော်မူခြင်းကြောင့် သက်န်း သုံးထည်တွင် တထည်ထည်နှင့် ကင်း၍ နေသော် တိစီဝရဝိပ္ပဝါသ မည်၊ မမည် အကြောင်းပြကာ ဆုံးဖြတ်၍ / 'နာနာကုလဿ ဂါမော ဟောတိ ပရိက္ခိတ္တော စ (ပ) သဘာယေ ဝါ ဒွါရမူလေ ဝါ' ဟူသော ပါဠိတော်၌ ပရိက္ခိတ္တော - ဖြင့် အဘယ်ကို ပြသည်ဟု ညွှန်ပြပြီးလျှင် / ဒွါရမူလေ- ၏ အရကိုလည်း တိကျစွာ ကောက်ပြပါ။

(၁၂) ပုရာဏ စီဝရ သိက္ခာပုဒ် အနာပတ္တိဝါရ - ၌ 'အဝုတ္တာ ဓောဝတိ' ပုဒ်၏ အဓိပ္ပာယ်ကို ပြည့်စုံစွာ ရေးသား၍ / တတုဘ္တရိ သိက္ခာပုဒ် အနာပတ္တိဝါရ – ၌ 'အညာ-ဿတ္ထာယ' ဟူ၍ မဟောခြင်း၏ အကြောင်းကိုလည်း ဖော်ပြပါ။

၁၀–မှတ်စီ။

## (၁) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၂) ဝိနယပိဋက (ပါစိတ္တိယ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၀-ခုနှစ်၊ တပို့တွဲလဆန်း ၄- ရက်။ (၂၂-၁-၇၇)

—

(၁) သမ္ပဇာန မုသာဝါဒေါ ·ပုဒ်၏ ပဒဘာဇနီ ပါဠိ လိုရင်း သက်သက် မျှကို အပို အလို မရှိ ထုတ်ပြ၍ / သာမဏေက 'တပည့်တော်၏ ဥပဇ္ဈာယ်ကို မြင်လိုက်၏လော' ဟု အမေးခံရသော ရဟန်းသည် ပြောင်လှောင် ကစားလို၍ 'သင်၏ ဥပဇ္ဈာယ်သည် ထင်းလှည်းကို စီးသွားလိမ့်မည်' ဟု ပြောသော် သမ္ပဇာန မုသာဝါဒ ဖြစ်-မဖြစ် အကြောင်းပြကာ ဆုံးဖြတ်ပါ။

(၂) ဆီးချိုရောဂါသည် ဟီန ဥက္ကဋ္ဌ အာဗာဓ တို့တွင် အဘယ် အာဗာဓ ဖြစ်နိုင်သည်ကို အကြောင်းပြကာ ရှင်းပြ၍/ရဟန်းတပါးကို ဆဲရေးလို၍ 'ဤလောကကြီးထဲမှာ စဏ္ဍာလ အချို့ရှိတယ်' ဟူ၍ ဖြစ်စေ 'ကိုယ်တော်ဟာ သူခိုးဘဲ' ဟူ၍ ဖြစ်စေ ဆိုသော ရဟန်းအား မည်သည့် အာပတ်များ သင့်နိုင်သည်ကို အကြောင်းပြကာ ဆုံးဖြတ်ပါ။

(၃) ပဒသော ဓမ္မ သိက္ခာပုဒ်၌ ပါရှိသော ဓမ္မပုဒ်၏ ပဒဘာဇနီ စကားရပ်တို့တွင် သာဝက ဘာသိတော၊ ဣသိ ဘာသိတော၊ ဒေဝတာ ဘာသိတော—ပုဒ်တို့၏ အရနှင့် အတ္ထူပသဉ္ဟိတောတိ အဋ္ဌကထာ နိဿိတော ဟု ဖွင့်သော အဋ္ဌကထာ စကားရပ်၌ အဋ္ဌကထာ၏ အရကို အပြည့်အစုံ ထုတ်ပြ၍ /အတ္ထူပသဉ္ဟိတော ဓမ္မူပသဉ္ဟိတော နှစ်ပုဒ်ဖြင့် အဘယ်တရားကို ဆိုလိုသည်ကိုလည်း ညွှန်ပြခဲ့ပါ။

(၄) ရေကန်တွင်း၌ အိုးတို့ဖြင့် ခပ်ယူနိုင်သော ကျဲသော ညွှန်ကို ဖယ်ရှားခြင်း– ကျောက်ဖျာပြင်ပေါ်ဝယ် တူးအပ်သော မိုးမရွာမီကပင် ရေဖြင့် ပြည့်နေသော ရေကန်တွင်းသို့ နောက်မှ ကျရောက်လာသော မြူမှုံများကို မိုးလေးလထက် လွန်သော် ဖျက်ဆီးခြင်း–အုတ်ခဲပေါ်၌ မီးကို တင်ထားခြင်းငှာ အပ်-မအပ် အကြောင်းပြကာ အသီးသီး ရှင်းပြပါ။

(၅) 'ဘူတဂါမ ပါတဗျတာယ ပါစိတ္တိယံ' ပါဠိတော်ကို အဋ္ဌကထာနှင့် အညီ သဒ္ဒတ္ထ ပေါ်အောင် အနက်ပေး၍/ 'ယာနိဝါ ပနညာနိပိ (ပ) တော ဖဠုဗီဇံနာမ·' စသော ပဒဘာဇနီ၌ ယာနိဝါ ပနညာနိ ဖဠုဗီဇ အဂ္ဂဗီဇ ဗီဇဗီဇ တို့၏ အရကို အဋ္ဌကထာလာတိုင်း ပါဠိ မြန်မာ နှစ်ဘာသာဖြင့် သုံးမျိုးစီ ထုတ်ပြပါ။

( ၆ ) ဥဗ္ဗာပနက သိက္ခာပုဒ်၌ ‘ ဥဗ္ဗာပနကံ နာမ ’ စသည်ဖြင့် ဥဗ္ဗာပနက အတွက် မာတိကာပုဒ် ထုတ်၍ ပဒဘာဇနီကို ဟောတော်မူသကဲ့သို့ ခိယျနက အတွက် အဘယ့်ကြောင့် မာတိကာပုဒ်လည်း မထုတ် · ပဒဘာဇနီကိုလည်း သီးခြား မဟောဘဲ နိဂုမ်းကျမှ ‘ ဥဗ္ဗာပေတိ ဝါ ခိယျတိဝါ ’ ဟု ပေါင်း၍ နိဂုမ်း အုပ်ရပါသနည်း၊ ရှင်းပြပြီးလျှင် / ‘ ဥပသမ္ပန္နံ သံဃေန အသမ္မတံ ’ ပါဠိတော်၏ အဓိပ္ပာယ်ကိုလည်း ဖော်ပြပါ။

( ၇ ) စာရိတ္တသိက္ခာပုဒ် ဝတ္ထုကြောင်း၌ ကျောင်းသို့ ရောက်ပြီး ဖြစ်သော သံဃာ အတွက် ခဲဘွယ်ကို စားခွင့် မပေးသေးဘဲ အဘယ့်ကြောင့် ‘ တေန ဟိ ဘိက္ခဝေ ပဋိဂ္ဂ· ဟေတွာ နိက္ခိပထ ယာဝ ဥပနန္ဒော အာဂစ္ဆတိ ’ ဟူ၍ ဘုရားရှင် မိန့်တော် မူရသည်ကို ရှင်းပြလျက် / အကယ်၍ ‘ ဘာဇေတွာ ခါဒထ ’ ဟူ၍ မိန့်တော်မူခဲ့သော် အဘယ်သို့သော အကျိုး အပြစ် ဖြစ်နိုင်သည် ကိုလည်း ဖော်ပြပါ။

( ၈ ) အရိယာ ဘိက္ခုနီမ နှင့် လောလပကတတ္တ ဘိက္ခုနီမ တို့ကို ဖျက်ဆီးရာ၌ အပြစ်ခြင်း တူ- မတူ ရှင်းပြပြီးလျှင် / ဝိပါကန္တရာယိက ၏ အရကို အကြောင်းပြကာ အကုန်အစင် ကောက်ပြ၍/ယင်းသည် မောက္ခန္တရာယ် သဂ္ဂန္တရာယ် ဖြစ် - မဖြစ်ကိုလည်း ရှင်းပြပါ။

( ၉ ) အကဋ္ဌာနုဓမ္မေန - ပုဒ်၌ အနုဓမ္မ မည်ခြင်း၏ အကြောင်းနှင့် အနုဓမ္မ အရ, အကဋ္ဌာနုဓမ္မ အရတို့ကို ဖော်ပြ၍ /ဆဗ္ဗဂ္ဂီ ရဟန်းတို့ အရိဋ္ဌရဟန်းနှင့် သမ္ဘောဂ ပြုချိန်၌ အရိဋ္ဌ ရဟန်း အပေါ်၌ ဥက္ခေပနီယကံ ပြုအပ်ပြီး ဟုတ် - မဟုတ် အကြောင်း ပြကာ ဆုံးဖြတ်ပါ။

( ၁၀ ) ဝိလေခန သိက္ခာပုဒ်၌ ပါရှိသော ‘ ယာဝ ဒေဝ ကုက္ကုစ္စာယ ဝိဟေသာ· ယ ဝိလေခါယ သံဝတ္တန္တိ ’ ပါဠိတော်ကို အဋ္ဌကထာဖွင့်နှင့် အညီ နှစ်နည်း အနက် ပေးပြီးလျှင် / ဝိလေခါယ၏ အရကို ကောက်ပြပါ။

( ၁၁ ) အညာကတ ပမာဏာတိက္ကန္တ မဉ္စပီဌကို ရခဲ့သော် အခြေကို မဖြတ်ဘဲ အပ်စပ်အောင် ပြုလုပ် သုံးစွဲပုံ· တူလောနဒ္ဓမဉ္စပီဌ ပြုလုပ်ပုံ ‘ နိသီဒနံ နာမ သဒသံ ဝုစ္စတိ ’ ပါဠိတော် အရ သဒသ နိသီဒန ပြုလုပ်ပုံတို့ကို အပြည့်အစုံ ဖော်ပြပါ။

( ၁၂ ) ဘိက္ခု ဘိက္ခုနီ နှစ်ဦးလုံး ကာယသံသဂ္ဂ ရာဂ ရှိ၍ ဖြစ်စေ—မေထုနရာဂ ရှိ၍ ဖြစ်စေ—ဘိက္ခုနီက ကာယသံသဂ္ဂ ရာဂ ရှိပြီး ဘိက္ခုက မေထုနာရာဂ ရှိ၍ ဖြစ်စေ—အက္ခကဥဗ္ဘဇာဏုမဏ္ဍလ အရပ်၌ ကာယသံသဂ္ဂ အမှုကို သာယာ ခဲ့သော်—သင့်နိုင်သော အာပတ်တို့ကို အသီးသီး ဖော်ပြ၍ / ဘိက္ခုနီ ဒုတိယ ပါရာဇိက အဋ္ဌကထာ၌ အယသော ပုဒ်ကို ‘ အယသောတိ ပရိဝါရဝိပတ္တိ ’ ဟု ဖွင့်ပြီး ဖြစ်လျက် အဘယ့်ကြောင့် ‘ ပရမ္မုခဂရဟာဝါ ’ ဟု တနည်း ဖွင့်ပြန်ပါသနည်း—ရှင်းပြပါ။ ၁၀—မှတ်စီ။

## ( ခ ) တိပိဋကဓရ သမဘာရေးဖြေ စာမေးပွဲ

### ( ၃ ) ဝိနယပိဋက ( မဟာဝဂ္ဂ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

### ၁၃၃၈ - ခုနှစ် တပို့တွဲလဆန်း ၅ -ရက်။ ( ၂၃ - ၁ - ၇၇ )

—

( ၁ ) 'ယာဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ' ဟူသော ပါဠိမျှကို အဋ္ဌကထာ ဋီကာ အဖွင့်နှင့် အညီ နှစ်နည်း အနက်ပေး၍/ ယင်းဥဒါန်း သုံးပါးတို့တွင် အဘယ်ဥဒါန်းသည် အဘယ်၏ အစွမ်းအားဖြင့် ဖြစ်သည်ကိုလည်း ဖော်ပြပါ။

( ၂ ) ဘုရားရှင်သည် နတ်မင်းကြီး လေးယောက် လှူဒါန်းအပ်သော သပိတ် လေးလုံးတို့တွင် တလုံးလုံးကိုသာ အလှူခံသင့်လျက် အဘယ့်ကြောင့် သပိတ်အားလုံးကို အလှူခံရပါသနည်း၊ အန္ွယ ဗျတိရေက အားဖြင့် ရှင်းပြပြီးလျှင် / ဗြဟ္မယာစနကထာ-၌ အထခေါ ဘဂဝတော ရဟော ဂတဿ ( ပ ) ပရိဝိတက္ကော ဥဒပါဒိ စသော စကားရပ်၌ အကြံအစည် ဖြစ်ပေါ်လာရခြင်း၏ အကြောင်းကိုလည်း ဖော်ပြပါ။

( ၃ ) သုံးကျိပ်သော မင်းသားတို့ကို အဘယ့်ကြောင့် ဘဒ္ဒဝဂ္ဂိယ ဟု ခေါ်ရပါသနည်း—ရှင်းပြပြီးလျှင်/ ဘဒ္ဒဝဂ္ဂိယ ဝတ္ထုဝယ် ပါရှိသော 'ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ' စကားရပ်၌ ဓမ္မစက္ခု အရကို ကောက်ပြ၍ / ယင်းပုဂ္ဂိုလ်တို့၏ ရှေးဘဝက သည်းပူးအပ်ခဲ့ဘူးသော ကောင်းမှုကိုလည်း ဖော်ပြပါ။

( ၄ ) ဥပဇ္ဈာယ ဝတ္တကထာ-ဝယ် 'ဇန္တာဃရေ ဥပဇ္ဈာယဿ ပရိကမ္မံ ကာတဗ္ဗံ၊ ဥဒကေပိ ပရိကမ္မံ ကာတဗ္ဗံ' ၌ ပါရှိသော ပရိကမ္မ နှစ်ပုဒ်တို့၏ အရကို ဖော်ပြ၍/ 'ဥပဇ္ဈာယေ ပါနီယေန ပုစ္ဆိတဗ္ဗော' ပါဠိ အရ အဘယ့်ကြောင့် ရေချိုးပြီး၍ ကျောင်းသို့ ရောက်လာသော ဥပဇ္ဈာယ်ကို သောက်ရေဖြင့် မေးလျှောက်ထိုက်သည်ကိုလည်း ရှင်းပြပါ။

( ၅ ) အညတိတ္ထိယ ပုဗ္ဗကထာ-၌ ပသူရပရိဗ္ဗိုဇ်အား ရဟန်းခံခွင့် မပေးခြင်း၏ အကြောင်းကို ဖော်ပြ၍/ နဂ္ဂပရိဗ္ဗိုဇ်၏ အပြားကို နည်းစုံ ဖော်ကာ အဓိပ္ပာယ်နှင့် တကွ ရှင်းပြပြီးလျှင်/ တိတ္ထိယပရိဝါသ် ပေးသင့်သော ပရိဗ္ဗိုဇ်-မပေးသင့်သော ပရိဗ္ဗိုဇ်တို့ကိုလည်း ညွှန်ပြပါ။

( ၆ ) သိမ်အောက်၌ စီးနေသော ဥမင်မြစ်ဝယ် တန်ခိုးရှင် ရဟန်း ထိုင်နေစဉ် ဖြစ်စေ-သိမ်အောက်တည့်တည့် မြေအပြင်၌ ရဟန်းတပါး ထိုင်နေစဉ် ဖြစ်စေ အထက် သိမ်

ပေါ်၌ ကံပြုသော် ကံ ပျက် - မပျက် နယဂ္ဂါဟ ဖြစ်အောင် ယုတ္တိပြကာ ဝိနိစ္ဆယ ချပြပါ။

( ၇ ) သိမ်နှစ်ခုတို့ကို ပြည့်အောင် အကြား မလပ် ထိုင်နေကြလျက် သိမ်တခု၌သာ ဂိုဏ်း ကမ္မာရဟပုဂ္ဂိုလ် အနုဿာ၁၀က ရဟန်းများ တပေါင်းတည်း နေ၍ ကံပြုသော် ကံ ပျက် - မပျက် ဤနှစ်ချက်ကို အကြောင်းပြကာ ဝိနိစ္ဆယ ချပြပါ။

( ၈ ) 'န ဘိက္ခဝေ ဝဿံ ဥပဂန္တွာ ( ပ ) အဝသိတွာ စာရိကာ ပက္ကမိတဗ္ဗာ၊ ယော ပက္ကမေယျ၊ အာပတ္တိ ဒုက္ကဋဿ' ပါဠိတော် အရ အဘယ်အခါ၌ အာပတ် သင့်သည်ကို အဋ္ဌကထာ ဋီကာတို့နှင့် ညှိနှိုင်း၍ ဖော်ပြပြီးလျှင် / 'သတ္တာဟံ သန္နိဝတ္တော ကာတဗ္ဗော' ကို ဋီကာနှင့် အညီ အနက်ပေး ပြပါ။

( ၉ ) ယနေ့ ပြန်လာအံ့ ဟု နှလုံးသွင်းပြီး အနီး အပါး ကျောင်းသို့ သွားပြီး၍ ပြန်လာရာ ခရီး အကြား၌ အရှဏ်တက်ခဲ့သော် ဝါ ပြတ် - မပြတ်၊ အာပတ် သင့်–မသင့်ကိုလည်းကောင်း–ဆရာ ဥပဇ္ဈာယ်ကို ကန်တော့ရန် ဝါပန်၍ သွားကာ ကန်တော့ပြီး၍ မိမိ ကျောင်းသို့ ပြန်မည့် ရဟန်းကို ဆရာဥပဇ္ဈာယ်က ယနေ့ မသွားလင့်ဟု ပြောဆိုခြင်းကြောင့် ၇ - ရက်ကို လွန်စေခဲ့သော် ဝါ ပြတ် - မပြတ်၊ အာပတ် သင့် - မသင့်ကိုလည်းကောင်း အကြောင်းပြကာ ဆုံးဖြတ်ပါ။

( ၁၀ ) ပဝါရဏာဋ္ဌပန အပြားကို ထုတ်ပြ၍ / ယင်းပဝါရဏာဋ္ဌပနတို့ဝယ် အဘယ်ပုဒ် အက္ခရာတို့၌ တန့်ရပ်ထားသော် ပဝါရဏာကို တန့်ရပ်ထားအပ်သည် မည် - မမည် ဤနှစ်လီကို အကြောင်းနှင့် တကွ အသီးသီး ရှင်းပြပါ။

( ၁၁ ) ရဟန်းတော်တို့အား ပယ်မြစ်အပ်သော မဟာဥပဓာန ( ခေါင်းအုံးကြီး ) သည် လူဝတ်ကြောင် ဥပုသ်သည်တို့အား အပ် - မအပ် ယုတ္တိ ပြကာ ဆုံးဖြတ်ပြီးလျှင်/ဟိဂုံ–ဟိဂုံဇတု ဟိဂုံသိပါဋိကာတက တကပတ္တိ တကပဏ္ဏိ တို့၏ အထူးကိုလည်း ပေါ်လွင် ထင်ရှားအောင် ရှင်းပြပါ။

( ၁၂ ) တကြိမ် ပွက်ပွက်ဆူပြီးသော နို့အိုးကို နောက်ထပ် မီးထည့်ခြင်းငှာ အပ် - မအပ်၊ ကျဉ်းမြောင်းရာ အရပ်၌ မီးကင်မှု ပြုခြင်းငှာ အပ် - မအပ် ဤနှစ်ရပ်ကို အကြောင်းပြကာ ဆုံးဖြတ်ပြီးလျှင် / ပဝတ္တာမံသ၏ အဓိပ္ပာယ်ကို အဋ္ဌကထာ ဋီကာ အလိုကျ ဖော်ပြပါ။

၁၀–မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၄) ဝိနယပိဋက (စူဠဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၈-ခုနှစ်၊ တပို့တွဲလဆန်း ၆ - ရက်။ (၂၄-၁-၇၇)

---

(၁) ကမ္မက္ခန္ဓက အာကင်္ခမာနဆက္က - ၌ 'တီဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတဿ (ပ) တဇ္ဇနီယကမ္မံ ကရေယျ' စသည်ကို ဟောတော်မူပြီး ဖြစ်ပါလျက် အဘယ့်ကြောင့် 'တိဏ္ဏံ ဘိက္ခဝေ ဘိက္ခူနံ' စသည်ကို ထပ်မံ၍ ဟောတော်မူအပ်ပါသနည်း၊ ရှင်းပြပြီးလျှင် / ပဗ္ဗာဇနီယကံ နှင့် ဥက္ခေပနီယကံ နှစ်ပါးတို့၏ အထူးကိုလည်း ဖော်ပြပါ။

(၂) ကမ္မက္ခန္ဓက နိယဿကမ္မကထာ - လာ 'အပိဿု ဘိက္ခူ ပကတာ ပရိဝါသံ ဒေန္တာ မူလာယ ပဋိကဿန္တာ မာနတ္တံ ဒေန္တာ အဗ္ဘေန္တာ' ကို အဋ္ဌကထာ ဋီကာ အဖွင့်တို့နှင့် အညီ နည်းစုံ ဖော်ကာ အနက်ပေးပြီးလျှင် 'နိဿာယ တေ ဝတ္တဗ္ဗံ' ပုဒ်၏ သန္နိဋ္ဌာနအဘိပ္ပာယ ကိုလည်း ဖော်ပြပါ။

(၃) ပါရိဝါသိကက္ခန္ဓက ပါရိဝါသိကဝတ္တကထာ - ၌ ပါဠိရှိသော 'န ဘိက္ခဝေ ပါရိဝါသိကေန ဘိက္ခုနာ သာဒိတဗ္ဗံ ပကတတ္တာနံ ဘိက္ခူနံ အဘိဝါဒနံ' စသည်၌ ပကတတ္တာနံ ဘိက္ခူနံ ၏ အရကို အကြောင်းပြကာ ကောက်ပြပြီးလျှင် / ပါရိဝါသိက ရဟန်းကို သဒ္ဓိဝိဟာရိက ရဟန်းတို့က ရှိခိုးခြင်း စသည် ပြုသင့် - မပြုသင့် အကြောင်းပြကာ ဆုံးဖြတ်ခဲ့ပါ။

(၄) သံဃာဒိသိသ် အာပတ် သင့်၍ ဒေသနာကြားရန် သဘာဂဌာနသို့ သွားရာ သဘာဂရဟန်းကို တွေ့သော်လည်း 'ဤရဟန်းသည် ငါ၏ ဥပဇ္ဈာယ်တည်း' ဟု ရှက်ကြောက်သည် ဖြစ်၍ ဒေသနာမကြားဘဲ နေသော် ဖုံးလွှမ်းရာ ရောက် - မရောက် အကြောင်းပြကာ ဆုံးဖြတ်ပြီးလျှင် / သဘာဂသံဃာဒိသိသ် အာပတ် သင့်သော ရဟန်း ထံ၌ ဒေသနာကြားခြင်းငှာ သင့် - မသင့်၊ ကြားရာ ရောက် - မရောက်၊ အာပတ်မှ လွတ် - မလွတ် ဆုံးဖြတ်ပါ။

(၅) သမထက္ခန္ဓက ယေဘုယျသိကာကထာ - ၌ အဓမ္မိကသလာကဂ္ဂါဟ ၁၀-ပါး ကို ပြဆိုသော စကားရပ်တို့တွင် 'အဓမ္မေန ဂဏှန္တိ၊ ဝဂ္ဂါ ဂဏှန္တိ၊ န စ ယထာ ဒိဋ္ဌိ-ယာ ဂဏှန္တိ' စကားရပ်တို့၏ အဓိပ္ပာယ်ကို ပြည့်စုံစွာ ရှင်းပြပါ။

(၆) 'ဆဗ္ဗဂ္ဂိယာ ဘိက္ခူ မလ္လကေန နဟာယန္တိ' ဟူသော ခုဒ္ဒကဝတ္ထုက္ခန္ဓက ပါဠိတော်၌ အဘယ် အရာ ဝတ္ထုမျိုးကို မလ္လက ခေါ်သည်ဟု ရှင်းပြပြီးလျှင်/ ယင်းမလ္လကသည် ဂိလာနအား အပ် - မအပ် အကြောင်းပြကာ ဆုံးဖြတ်ပါ။

(၇) ဆွမ်းစားကျောင်း၌ ယာဂု ခဲဘွယ် တနေ့ကို သောက်စားပြီး တပါးသော ရဟန်း မရောက်လာမီ လက်ချည်း သက်သက် ထိုင်နေသော ရဟန်းကို နေရာမှ ထစေခြင်း၌ အပ်-မအပ် အကြောင်းပြကာ ဆုံးဖြတ်ပြီးလျှင်/ 'အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ ပဋိရူပံ သေယျံ ဒါတုံ' ဟူသော သေနာသနက္ခန္ဓက ပါဠိတော် အရ ဂိလာနအား ပဋိ-ရူပသေယျ ပေးပုံ ပေးနည်းကို အဋ္ဌကထာ လာတိုင်း ပြည့်စုံစွာ ဖော်ပြပါ။

(၈) ပုရိမက သေနာသနဂ္ဂါဟ - ပစ္ဆိမက သေနာသနဂ္ဂါဟ နှစ်ပါးကို ခွင့်ပြုတော်မူလျှင် ပြီးပြည့်စုံပြီး ဖြစ်လျက် အဘယ် အကျိုး၌ အန္တရာမုတ္တက သေနာသနဂ္ဂါဟကို ခွင့်ပြုတော်မူရပါသနည်း၊ ထင်ရှား ပေါ်လွင် ပြည့်စုံစွာ ရှင်းပြလျက် / အန္တရာမုတ္တက သေနာသနဂ္ဂါဟဖြင့် မယူစေကောင်းသော ကျောင်းမျိုးကို အကြောင်းနှင့်တကွ ဖော်ပြပါ။

(၉) သေနာသနဂ္ဂါဟက ရဟန်းကို သမုတ်ရာ၌ ရဟန်း မည်မျှကို သမုတ်နိုင်သည်ကိုလည်းကောင်း အပလောကနကံ ပြု၍ ပေးအပ်သော တတြုပ္ပါဒ သံဃိကဝဿာဝါသိက သင်္ကန်း နှင့် သဒ္ဓါဒေယျဝဿာဝါသိက ပစ္စည်း အဖြစ်ဖြင့် ပေးအပ်သော ဝဿာဝါသိက သင်္ကန်းတို့ကို ဝါတွင်း၌ လူထွက်သော ရဟန်း ရ - မရကိုလည်းကောင်း အကြောင်းပြကာ ဆုံးဖြတ်ပါ။

(၁၀) သေနာသနက္ခန္ဓက တတိယ ဘာဏဝါရ လာ 'ကိတ္တကံ ပစ္ဆိမံ နုခေါ ဒီဃာသနံ ဟောတိ' ပါဠိတော်၌ ပစ္ဆိမ ဒီဃာသန၏ အရကို ပါဠိ အဋ္ဌကထာ ဋီကာ သုံးရပ် ဆက်စပ်ကာ တိကျစွာ ထုတ်ပြပြီးလျှင် / ရှည်သော ညောင်စောင်း အင်းပျဉ် နှင့် ညောင်စောင်း အင်းပျဉ်မှ တပါး တခြား ဖြစ်သော ထိုင်ခုံတို့၌ အသမာနာသနိက ရဟန်း မည်မျှ ထိုင်နိုင်၍-တိုသော ညောင်စောင်း အင်းပျဉ်၌ သမာနာသနိက ရဟန်း မည်မျှ ထိုင်နိုင်သည်ကို ရှင်းပြပါ။

(၁၁) နဝကမ္မဒါနကထာ - ၌ 'တေန ခေါ ပန သမယေန ဘိက္ခူ သဗ္ဗေ ဝိဟာရေ နဝကမ္မံ ဒေန္တိ' ပါဠိကို ဋီကာနှင့် အညီ မှန်ကန် ပြည့်စုံစွာ အနက် ယောဇနာ၍/ သံဃိက မြေကို ယူ၍ သုတ်သင်ပြီး သံဃိကကျောင်း ဆောက်သော ရဟန်း နှစ်ပါးတို့တွင် အရှင်သခင် (သာမိ) ဖြစ်နိုင်သော ရဟန်းကို အကြောင်းပြကာ ထုတ်ပြပါ။

(၁၂) 'ငါတို့ သံဃာဘတ်ကို စားကြသည်မှာ ၁၀-ရက် ၁၅-ရက် ရှိပါပြီ၊ ယခု အခါ တခြားသော ကျောင်းတိုက်မှ ရဟန်းတို့ကို ပင့်ကြပါ' ဟူ၍လည်းကောင်း 'ရှေးနေ့တို့က သံဃာဘတ်ကို ငါတို့ မရ၊ ယနေ့ သံဃာဘတ်ကို ငါတို့အား လှူကြပါ' ဟူ၍လည်းကောင်း သံဃာဘတ်၌ ပြောကောင်း - မပြောကောင်း အမျှား မှတ်သားလောက်အောင် အကြောင်း ပြကာ ဝိနိစ္ဆယ ချပြပြီးလျှင်/ 'သံဃာမှ ညွှန်ချ၍ ရဟန်း ၁၀ - ပါး ပင့်ခဲ့ပါဘုရား' ဟူ၍ ဆွမ်းဒါယကာတို့က စေလွှတ်အပ်ရာ၌ ဘတ္တုဒ္ဒေသက ရဟန်းက ပြုကျင့်ရမည့် အစီအရင်ကိုလည်း နယဂ္ဂါဟ ရယူလောက်အောင် ဖော်ပြပါ။ ၁၀-မှတ်စီ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၅) ဝိနယပိဋက (ပရိဝါ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၈-ခုနှစ် တပို့တွဲလဆန်း (၇) ရက်၊ (၂၅-၁-၇၇)

——

(၁) ကတ္ထ ပညတ္တိဝါရ-၌ ပဌမံ ပါရာဇိကံ သတ္ထာ သဒ္ဒထာနံ ကတိဟိ သမ· ထေဟိ သမ္မတိ' ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာ ပါဠိကို ထုတ်ပြ၍/ယင်းသမထ တို့ဖြင့် ငြိမ်းပုံကိုလည်း ရှင်းပြပါ။

(၂) ဘိက္ခုဝိဘင် ကတာပတ္တိဝါရ-၌ 'မဟလ္လကံ ဝိဟာရံ ကာရာပေန္တော ကတိ အာပတ္တိယော အာပဇ္ဇတိ' ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာ ပါဠိကို ထုတ်ပြ၍/ မဟာဝိဘင်း၌ ပါဝင်သော ဝါရတို့ကို အစဉ်မပျက် ရေတွက်ပြပါ။

(၃) သမုဋ္ဌာန သီသသင်္ခေပ-လာ အောက်ပါ ဂါထာကို အဋ္ဌကထာဖွင့်နှင့် လည်း ညီစွာ ပါဠ်သေသ အပြည့်အစုံ ထည့်စွက်၍ အနက် ယောဇနာပါ။

ဝိဘင်္ဂေ ဒွိသု ပညတ္တံ၊ ဥဒ္ဒိသန္တိ ဥပေါသထေ။
ပဝက္ခာမိ သမုဋ္ဌာနံ၊ ယထာဉာယံ သုဏာထ မေ။

(၄) သမုဋ္ဌာနသီသ သင်္ခေပ ဒုတိယ ပါရာဇိက သမုဋ္ဌာနဂါထာ·လာ အောက် ပါ ပုဒ်တို့၏ အရကို ဆိုင်ရာ ပုဒ်နှင့် တွဲစပ်၍ အသီးသီး မလွဲအောင် ထုတ်ပြပါ။

ကိံ တေ အကာလံ အစ္ဆိန္နေ၊ ဒုဂ္ဂဟိ နိရယေနစ။

(၅) အနန္တရပေယျာလ ကတိပုစ္ဆာဝါရ-၌ ပါရှိသော သာရဏီယဓမ္မ ခြောက် ပါးတို့တွင် ဒုတိယ တတိယ သာရဏီယဓမ္မ၌-သမ္မုခါ မေတ္တာ ဝစီကံ မနောကံ—ပရမ္မုခါ မေတ္တာ ဝစီကံ မနောကံ မည်ပုံကို ရှင်းလင်းစွာ ဖော် ပြပါ။

(၆) ခန္ဓကပုစ္ဆာဝါရ ပဌမ ဒုတိယ ပဉ္စမ ဂါထာ တို့၌ ပါရှိသော သင်္ချာ တို့၏ သင်္ချေယျ အာပတ်တို့ကို အာပတ် သင့်ပုံနှင့် တကွ ဖော်ပြပါ။

(၇) စောဒနာကဏ္ဍ – လာ ‘ ဇိမှ ံ ပေက္ခတိ၊ ဝိတိ ဟရတိ၊ ကုမ္မဂ္ဂံ ပဋိသေဝတိ’ ပုဒ်တို့ကို အဓိပ္ပာယ် ပြန်ပြ၍ / ‘ အနုသန္ဓိ ဝစနပထံ န ဇာနာတိ ’ ၌ အနုသန္ဓိ နှစ်မျိုးကို ပါဠိ မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြပါ။

(၈) စူဠသင်္ဂါမ အနုဝိဇ္ဇက ပဋိပတ္တိဝယ် ‘သံဃေန အနုမတေန (ပ) န ဥပဇ္ဈာယော ပုစ္ဆိတဗ္ဗော ’ စသည်၌ ဥပဇ္ဈာယ် စသည်ကို မမေးမြန်းရခြင်း၏ အကြောင်းကို ပြဆို၍ / အဘယ်အကျိုးငှာ ‘ ဝိနယော သံဝရတ္ထာယ ’ စသော စကားကို မိန့်တော်မူရသည်ကိုလည်း ရှင်းပြပါ။

(၉) ပုဗ္ဗကရဏက ပယောဂအား ကျေးဇူးပြုနိုင်သော ပစ္စည်း တို့ကို အကြောင်းနှင့် တကွ ထုတ်ပြပါ။

(၁၀) ဥပါလိပဉ္စက နပ္ပဋိပ္ပဿမ္ဘနဝဂ် - ဝယ် ‘သစေ ဥပါလိ သံဃော သမဂ္ဂကရဏီယာနိ ကမ္မာနိ ကရောတိ ’ ၌ အဘယ်ကံမျိုးကို သမဂ္ဂကရဏီယကံ ခေါ်သည်ဟု ဖော်ပြပြီးလျှင်/ ‘ဥဿိတမန္တိစ ဟောတိ၊ နိဿိတဇပ္ပိစ ဟောတိ၊ န စ ဘာသာနုသန္ဓိ ကုသလော ဟောတိ ’ ပါဠိတော်ကို သဒ္ဒတ္ထ ပေါ်လွင်အောင် အနက် ယောဇနာပါ။

(၁၁) ဥပါလိပဉ္စက ဝေါဟာရဝဂ် - ဝယ် ‘ ကမ္မဿ ဝတ္ထုံ န ဇာနာတိ ’ ၌ ဝတ္ထု၏ အရကို အကုန်အစင် ထုတ်ပြ၍/ ‘ ဉတ္တိံ န ဇာနာတိ ’ ပါဠိ အရ အဘယ် ဉတ်မျိုးကို ကမ္မဉတ္တိ - ကမ္မပါဒဉတ္တိ ခေါ်ပါသနည်း၊ ပြည့်စုံစွာ ရှင်းပြပါ။

(၁၂) ဥပါလိပဉ္စက မုသာဝါဒဝဂ် - လာ မုသာဝါဒ ငါးမျိုးကို အရကောက်နှင့် တကွ ဖော်ပြ၍ / ဘိက္ခုနောဝါဒဝဂ်ဝယ် အဘယ့်ကြောင့် နသာကစ္ဆိတဗ္ဗ ပဌမ ပဉ္စက၌ ‘ န အသေက္ခေန သီလက္ခန္ဓေန သမန္နာဂတော ဟောတိ ’ စသည်ဖြင့် ပယ်မြစ်တော်မူ၍ သာကစ္ဆိတဗ္ဗ ဒုတိယပဉ္စက - ၌ ‘အသေက္ခေန သီလက္ခန္ဓေန သမန္နာဂတော ဟောတိ ’ စသည်ကို ဟောတော်မူပါသနည်း— ရှင်းပြပါ။

၁၀—မှတ်စီ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၁) ဝိနယပိဋက (ပါရာဇိက) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၉-ခုနှစ်၊ ပြာသိုလဆန်း ၁၂ - ရက်။ (၂၀-၁-၇၈)

---

(၁) အဘယ်ကို ကေတုမာလာ ဟု ခေါ်ဆိုပါသနည်း၊ ဝါဒန္တရ ပြ၍ ရှင်းလင်းပြီးလျှင် / ဘုရားသခင် ပရိနိဗ္ဗာန် စံတော်မူရာ ညောင်စောင်း၌ လျောင်းတော်မူစဉ် သီဟိုဠ်ကျွန်း၌ မဟာဗောဓိပင် တည်စေခြင်း အကျိုးငှာ အဓိဋ္ဌာန်တော်မူအပ်သော အဓိဋ္ဌာန် ငါးချက်တို့တွင် ပဌမ တတိယ ပဉ္စမ အဓိဋ္ဌာန်တို့ကို အပြည့်အစုံ ဖော်ပြပါ။

(၂) သူတော်ကောင်း တရား ခုနစ်ပါးကို တိကျ မှန်ကန်စွာ ထုတ်ပြ၍ / အဝီစိငရဲကြီး၏ အတွင်း အရပ် (အဗ္ဘန္တရ) နှင့် အောက်ခံ လောဟပထဝီ၏ ပမာဏကို တိကျစွာ ဖော်ပြပါ။

(၃) သုဒိန္နဘာဏဝါရ - လာ 'ကိံ ပန မယံ တံ ဇီဝန္တံ အနုဇာနိဿာမ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇ္ဇာယ' ပါဠိကို အဋ္ဌကထာနှင့် အညီ အပြည့်အစုံ နှစ်နည်း အနက်သမ္ဗန် ပြီးလျှင် / ရှင်သုဒိန်သည် သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တ ဖြစ်လျက် အဘယ့်ကြောင့် ပုရာဏ ဒုတိယိကာ၌ မေထုနသေဝန အမှုကို ပြုကျင့်ရပါသနည်း၊ ရှင်းပြပါ။

(၄) သန္ထတဘာဏဝါရ သိက္ခာပစ္စက္ခာနဝိဘင်္ဂ၌ အဘယ် အကျိုးငှာ 'ကထဉ္စ ဘိက္ခဝေ အပစ္စက္ခာတာ ဟောတိ သိက္ခာ' စသော စကားကို မိန့်ဆိုရသည်ကို အပြည့်အစုံ ဖော်ပြပြီးလျှင် / ဒဝါယ သိက္ခံ ပစ္စက္ခာတိ၊ ရဝါယ သိက္ခံ ပစ္စက္ခာတိ' ၌ ဒဝါဘာဏန ရဝါဘာဏန တို့၏ အထူးကို ရှင်းပြပါ။

(၅) ဒုတိယ ပါရာဇိက အဒိန္နပုဒ်၏ ပဒဘာဇနီ၌ ပါရှိသော အနိဿဋ္ဌံ အပရိစ္စတ္တံ-ပုဒ်တို့၏ အဓိပ္ပာယ်ကို ဖော်ပြပြီးလျှင် / အာဒိယေယျ ပုဒ်၏ ပဒဘာဇနီ၌ ပါရှိသော အာဒိယေယျ ဟရေယျ စသော ပုဒ်တို့ကို အဘယ်၏ အစွမ်းအားဖြင့် ဟောတော်မူအပ်သည်ကိုလည်း ခွဲခြား၍ ရှင်းပြပါ။

(၆) တပါးသော စစ်တပ်၌ စစ်တိုက်နေသော ဘခင် နှင့် စစ်သားကို မြင်ရာဝယ် စစ်သားကို မှန်ပြီး ငါ၏ ဘခင်ကို မှန့်လိမ့်မည်ဟု ရည်ရွယ်ပြီး စစ်သားကို သေနတ်ဖြင့် ပစ်ရာ မိမိ အလိုအတိုင်း မဖြစ်ဘဲ ဘခင်ကို တည့်တည့်မှန်ပြီး ဘခင် သေသော် ပိတုဃာ-တက ဖြစ် - မဖြစ်ကိုလည်းကောင်း စစ်သားကို မှန်သော် ငါ၏ ဘခင် ပြေးလိမ့်မည်ဟု ကြံပြီး စစ်သားကို သေနတ်ဖြင့် ပစ်ရာ ဘခင်ကို တည့်တည့် မှန်ပြီး သေသော် ပိတုဃာတက ဖြစ် - မဖြစ် — အနန္တရိယကံ ထိုက် - မထိုက်ကိုလည်းကောင်း အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(၇) ဂေဟဿိတပေမဖြင့် မိခင်၏ ကိုယ်ကို သုံးသပ်သော ရဟန်းအား မည်သည့် အာပတ် သင့်နိုင်ပါသနည်း၊ အာဂမ သဘာဝ အကြောင်း ယုတ္တိပြ၍ ဆုံးဖြတ်ပြီးလျှင်/ ဘိက္ခုသန္တက တတ္ထ ဇာတက မုဂ္ဂမာသ စသည်ကို တစုံတခုသော အလိုဖြင့် သုံးသပ်ကောင်း - မသုံးသပ်ကောင်းကို အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(၈) ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ် ခေတ္တဝတ္ထုဝယ် 'အာမာယျ နော စ ခေါ ပဋိဝုတ္တံ' ပါဠိရပ်၌ ပဋိဝုတ္တံ ပုဒ်၏ သန္ဓာယဘာသိတကို အပြည့်အစုံ ထုတ်ပြ၍/ မဂ္ဂဝတ္ထုဉ် ပါရှိသော 'ကစ္စိ ဘဂိနိ မဂ္ဂေါ သံသီဒတိ' ပါဠိ၌ သံသီဒတိ ပုဒ်ကို ဋီကာဆရာများ အလိုကျ အနက်ပေးပြပါ။

(၉) သဉ္စရိတ္တ သိက္ခာပုဒ် ဝတ္ထုကြောင်း၌ ပါရှိသော ပဏ္ဍိတာ - ဗျတ္တာ - မေဓာဝိနီ သုံးပုဒ်တို့၏ အထူးကို ဋီကာဆရာများ အလိုကျ ရှင်းလင်းပြီးလျှင် / ဒါယကာတဦးက 'အရှင်ဘုရား ကြွပြီးတော့ ဤမည်သော မိန်းမကို စုံစမ်းပေးစမ်းပါ' ဟု စုံစမ်းခိုင်းရာ ဆရာ ရဟန်းသည် ကိုယ်တိုင် လက်ခံပြီး တပည့် ရဟန်းကို စုံစမ်းခိုင်း၏၊ ကပည့်က စုံစမ်းပြီး စေခိုင်းရင်း ဒါယကာကို ပြန်၍ ပြောပြရာ၌ ဆရာ - တပည့် နှစ်ပါးတို့အား သင့်နိုင်သော အာပတ်တို့ကို အကြောင်းနှင့် တကွ ပြပါ။

(၁၀) ဥဒေါသိတ သိက္ခာပုဒ်ဝယ် 'ကေကုလဿ ဝိဟာရော ဟောတိ ပရိက္ခိတ္တော စ (ပ) အပရိက္ခိတ္တော ဟောတိ၊ ယသ္မိံ ဝိဟာရေ စီဝရံ နိက္ခိတ္တံ ဟောတိ၊ တသ္မိံ ဝိဟာရေ ဝတ္ထဗ္ဗံ' စကားရပ်၌ ဝိဟာရ နှစ်ပုဒ်တို့၏ အရကို ကောက်ပြ၍ / ပဓာနိက တေစီဝရိက ရဟန်းသည် တည၀ပတ်လုံး ကမ္မဋ္ဌာန်း အားထုတ်ပြီး၍ ပစ္စူသသမယ၌ ရေချိုးအံ့ဟု ကြံပြီး သင်္ကန်း သုံးထည်ကို ကမ်းပါး၌ ထား၍ မြစ်တွင်းသို့ ဆင်း၍ ရေချိုးစဉ် အရုဏ်တက်ခဲ့သော် မည်သို့ ပြုလုပ်သင့်သနည်း၊ ပြုလုပ်ပုံ ပြုလုပ်နည်းကို ပြည့်စုံစွာ ဖော်ပြပါ။

(၁၁) စီဝရဝဂ် စီဝရပဋိဂ္ဂဟဏ သိက္ခာပုဒ် ဝတ္ထုကြောင်း၌ ရှင်ဥဒါယီက ဥပ္ပလဝဏ်ထေရီမအား အဘယ်ကြောင့် 'သစေ မေ တွံ အန္တရဝါသကံ ဒဒေယျာသိ' ဟူသော စကားကို ဆိုရပါသနည်း၊ အကြောင်း အပြည့်အစုံ ဖော်ပြ ရှင်းလင်းပြီးလျှင် / ကြီးမားသော ဘုံလျှိုရေ (ဘိသိစ္ဆဝိ) သည် အခိဋ္ဌာနုပဂ ဝိကပ္ပနုဂပ ဖြစ် – မဖြစ် အကြောင်း လုံလောက်စွာ ပြ၍ ဆုံးဖြတ်ပါ။

(၁၂) ကောသိယဝဂ်၌ ပညတ်အပ်သော အခင်း (သန္ထတ) ငါးခုတို့ကို စွန့်ခြင်း ဝိနည်းကံ ပြု၍ တဖန် ပြန်ရသော် သုံးဆောင်ခြင်းငှာ အပ် - မအပ် အကြောင်းပြ၍ ဆုံးဖြတ်ပြီးလျှင် / ယင်း အခင်းတို့ကို သူတပါး အတွက် ပြုလုပ်ပေးရာ၌ မည်သည့် အာပတ် သင့်သည် - မသင့်သည် ဤနှစ်လီကိုလည်း ဆုံးဖြတ်ပြပါ။ ၁၀–မှတ်စီ။

## ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### ( ၂ ) ဝိနယပိဋက (ပါစိတ္တိယ) ပါဠိ + အဋ္ဌကထာ မေးခွန်း

### ၁၃၃၉ - ခုနှစ်၊ ပြာသိုလဆန်း ၁၃ - ရက်။ ( ၂၁ - ၁ - ၇၈ )

---

( ၁ ) သမ္ပဇာနမုသာ ဘာသတိ ပါဠိကို အဋ္ဌကထာအဖွင့်နှင့်အညီ အနက်ယောဇနာ၍/ ပါဠိတော်၌ မလာသော ဆဲရေးခြင်းတို့ဖြင့် ရဟန်းကို ရယ်မြူးလို၍ မျက်ကွယ်ဆဲရေးသော ရဟန်းအား မည်သည့် အာပတ် သင့်နိုင်ပါသနည်း၊ အကြောင်းပြလျက် ဆုံးဖြတ်ပါ။

( ၂ ) ပဉ္စမ သဟသေယျ သိက္ခာပုဒ်၌ 'တိရတ္တံ'ဟု ဟောတော်မူလျှင် ပြီးပြည့်စုံလျက် အဘယ်အကျိုးငှာ 'ဒိရတ္တ တိရတ္တံ' ဟု ဟောတော်မူရပါသနည်း၊ အပြည့်အစုံ ရှင်းပြပြီးလျှင်/ အခန်း များစွာ ရှိသော ကျောင်း၌ အခန်းတို့ကို နံရံ စသည်တို့ဖြင့် ကန့်ရုံသာ ကန့်၍ တံခါး သီးခြား မတပ်ဘဲ ထားသော် ယင်းကျောင်းသည် ဧကူပစာရ ဖြစ်မည်လော- နာနူပစာရ ဖြစ်မည်လော-ဥပမာဆောင်၍ ဆုံးဖြတ်ပြပါ။

( ၃ ) နေ့လယ်အခါ တမိုးတရံတည်းသော ကျောင်း၌ မာတုဂါမနှင့် အတူတကွ အိပ်သော် သဟသေယျအာပတ် သင့်-မသင့် အကြောင်းပြ၍ ဆုံးဖြတ်ပြီးလျှင်/ ရဟန်း၏ ဒုဋ္ဌုလ္လအာပတ်ကို ဒါယကာတို့အား ပြောပြရာ၌ အာပတ်လွတ်အောင် ပြောကြားနည်း-အာပတ်သင့်အောင် ပြောကြားနည်း တို့ကို အပြည့်အစုံ ဖော်ပြပါ။

( ၄ ) ပထဝီခဏ သိက္ခာပုဒ် ပဒဘာဇနီ အဇာတပထဝီပြ စကားရပ်၌ 'အပ္ပပံသုကာ အပ္ပမတ္တိကာ' နှစ်ပုဒ်တို့သည် သုဒ္ဓပါသာဏာ စသော ကြွင်းသောပုဒ်တို့တွင် အဘယ်ပုဒ်များသို့ သက်ဝင်ပါသနည်း၊ ယုတ္တိပြ၍ ရှင်းချက် ထုတ်ပြီးလျှင်/ဥပစုပံသုကာ ပထဝီသည် ပါစိတ္တိယဝတ္ထု၊ ဒုက္ကဋဝတ္ထုတို့တွင် မည်သည့်ဝတ္ထု ဖြစ်နိုင်၍ မည်သည့်ဝတ္ထု မဖြစ်နိုင်ကြောင်းကို အကြောင်း ပြည့်စုံစွာ ပြ၍ ဆုံးဖြတ်ပါ။

( ၅ ) ဘူတဂါမ သိက္ခာပုဒ် 'ဗီဇေ ဗီဇသညီ ဆိန္ဒတိ ဝါ ဆေဒါပေတိ ဝါ' ပါဠိကို အဋ္ဌကထာ ဒုတိယအဖွင့်နှင့် အညီ အပြည့်အစုံ အနက်သမ္ဗန်ပြီးလျှင်/ ဗီဇေ-၏ အရကို တိကျစွာ ကောက်ပြ၍/ 'ဗီဇေ ဗီဇသညီ' စသော စကားရပ်ဖြင့် အဘယ်ကို ပြသည် ကိုလည်း ညွှန်ပြပါ။

( ၆ ) ဆွမ်းခံလှည့်လည်၍ ဆွမ်းရလာပြီးသော ရဟန်းကို ဒါယကာတဦးက မအပ်သော ဘိတ်ခြင်းဖြင့် ဆွမ်းဘိတ်၍ အိမ်၌ နေစေရာ ထိုရဟန်းသည် ဆွမ်းခံလှည့်လည်၍ ရအပ်သော ဆွမ်းကို စားသော်လည်းကောင်း၊ 'တပည့်တော်၏ အိမ်ကို ဆွမ်းဘုဉ်းပေးကြွပါဘုရား' ဟု ဒါယကာ နှစ်ဦးက ဆွမ်းစားပင့်ရာ နောက်မှ ပင့်သော ဒါယကာ၏ အိမ်သို့ လိုက်၍ ဆွမ်းစားသော်လည်းကောင်း ပရမ္ပရဘောဇန ပါစိတ်အာပတ် သင့်-မသင့် အကြောင်း ဖော်ပြလျက် **ဆုံးဖြတ်ချက် ချပါ။**

( ၇ ) သဘောဇန သိက္ခာပုဒ် အဋ္ဌကထာ၌ သဘောဇနေ - ပုဒ်ကို ' သဟဥဘောဟိ ဇနေဟိတိ သဘောဇနံ၊ တသ္မိံ သဘောဇနေ၊ အထဝါ သဘောဇနေတိ သဘောဂေ' ဟူ၍ နှစ်ဝိကပ် ဖွင့်ပြရာ အဘယ်ဝိကပ်သည် အဘယ်ပဒဘာဇနီ ပါဠိတော်ပုဒ်နှင့် သင့်တင့် ညီညွတ်ကြောင်း ရှင်းပြလျက် / စာရိတ္တ သိက္ခာပုဒ် ပဒဘာဇနီ၌ အညဿ ဃရူပစာရံ ဩက္ကမန္တဿ အာပတ္တိဒုက္ကဋဿ ပဋ္ဌမံ ပါဒံ ဥမ္မာရံ အတိက္ကာမေတိ ' စသော စကား၏ သန္နာယဘာသိတကိုလည်း ထုတ်ပြပါ။

( ၈ ) လက်ဖြင့် ရေပေါ်သို့ အိုးခြမ်းကွဲ ပစ်ကစားရာ၌ အိုးခြမ်းကွဲ၏ ကျခြင်း ခုန်ခြင်း အကြိမ် အရေအတွက် အတိုင်း အာပတ် များစွာ သင့်သလော၊ တချက်ထည်း သင့်သလော အကြောင်းပြလျက် ဆုံးဖြတ်ချက်ချပြီးလျှင်/ အနာဒရိယ သိက္ခာပုဒ် အနာပတ္တိဝါရ ' ဧဝံ အမှာကံ အာစရိယာနံ ဥဂ္ဂဟော ' စကားရပ်၌ ဂဟေတဗ္ဗ အဂ္ဂဟေတဗ္ဗ အာစရိယုဂ္ဂဟ တို့ကို အဋ္ဌကထာဝါဒစုံ ထုတ်ပြပါ။

( ၉ ) နိသီဒန နှစ်မျိုးကို ထုတ်ပြ၍ / စီဝရာပနိဓာန သိက္ခာပုဒ် ပါဠိတော်၌ ပါသော နိသီဒနံ ပုဒ်၏ အရကို အကြောင်းပြလျက် ကောက်ပြပြီးလျှင်/ခိုးလိုသောစိတ် မရှိဘဲ ရဟန်းကို ဒုက္ခရောက်စေလို၍ သင်္ကန်းကို ဝှက်ထားသော် ပါစိတ်အာပတ် သင့်- မသင့် အကြောင်းပြလျက် ဆုံးဖြတ်ပါ။

( ၁၀ ) ဥက္ကောဋန သိက္ခာပုဒ် ပါဠိတော်တွင် ' ယထာဓမ္မံ နိဟတာဓိကရဏံ ' နှစ်ပုဒ်ကို အဋ္ဌကထာဖွင့်နှင့် အညီ အနက် ယောဇနာ၍/ ယထာဓမ္မ နိဟတာဓိကရဏကို ထိုရဟန်း၏ မျက်မှောက်၌ ဖြစ်စေ မျက်ကွယ်၌ဖြစ်စေ လှုံ့ဆော်ခဲ့သော် မည်သည့်အာပတ် သင့်နိုင် ကြောင်းကိုလည်း အကြောင်းပြ၍ ဆုံးဖြတ်ပါ။

( ၁၁ ) ရတန သိက္ခာပုဒ် ပါဠိတော်' အညတြ အဇ္ဈာရာမာ ဝါ အဇ္ဈာဝသထာ ဝါ' စကားရပ်၌ အာဝသထ၏ အရကို ကောက်ပြ၍ / ရတနံဝါ ပန ဘိက္ခုနာ ( ပ ) နိက္ခိ- ပိတဗ္ဗန္တိ ရူပေနဝါ နိမိတ္တေနဝါ သညာဏံ ကတွာ နိက္ခိပိတွာ အာစိက္ခိတဗ္ဗံ ' ဟူသော ပဒဘာဇနီ၌ ' ရူပေန ဝါ နိမိတ္တေန ဝါ သညာဏံကတွာ ' ၏ အဓိပ္ပာယ်ကို အဋ္ဌကထာ လာရှိသည့် အတိုင်း ပြည့်စုံစွာ ထုတ်ပြပါ။

( ၁၂ ) ' ဤသူသည် ငါတို့၏ ပရိက္ခာရများကို ခိုးသွား၏ ' ဟု ဘိက္ခုနီမက တိုင်ကြားရာ ထိုသူခိုးကို ဆိုင်ရာ ပုဂ္ဂိုလ်တို့က ဖမ်း၍ ဒဏ်ငွေရိုက်သော် ပါရာဇိက ကျ - မကျကိုလည်းကောင်း ရဟန်းတို့၏ မျက်မှောက်၌ ဖြစ်စေ အရာမ်စောင့် စသည်တို့၏ မျက်မှောက်၌ ဖြစ်စေ တစုံတယောက်က ' ဤသူခိုးသည် ဤသို့သော ခိုးမှုကို ပြု၏ ' ဟု ပြောဆိုအပ်သော စကားကို အမှီပြုပြီး အရာမ်စောင့်စသည်တို့က သက်ဆိုင်ရာအား ပြောပြ၍ ဒဏ်ငွေ ရိုက်စေခဲ့သော် ရဟန်းအား ဘဏ္ဍာစား ထိုက် - မထိုက်ကိုလည်းကောင်း အကြောင်း ပြည့်စုံစွာ ပြ၍ ဝိနိစ္ဆယ ချပြပါ။ ၁၀—မှတ်စီး။

## (ခ) တိပိဋကဓရ သဓာရေးဖြေ စာမေးပွဲ

### (၃) ဝိနယပိဋက (မဟာဝါ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၉ - ခုနှစ်၊ ပြာသိုလဆန်း ၁၄ - ရက်။ (၂၂ -၁- ၇၈)

(၁) (ဗောဓိ ကထာ) တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဥရုဝေလာယံ ဝိဟရတိ နဇ္ဇာ နေရဉ္ဇရာယ တီရေ ဗောဓိရုက္ခမူလေ ပဌမာဘိသမ္ဗုဒ္ဓေါ ဟူသော ပါဠိကို အဋ္ဌကထာ ဋီကာ အဖွင့်တို့နှင့် ညီစွာ ဖြစ်နိုင်သမျှ နည်းစုံ ဖော်ကာ အနက်သမ္ဗန်ပါ။

(၂) ပဋိလောမ ပဋိစ္စသမုပ္ပါဒ မနသိကာရ စကားရပ်ဝယ် 'အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂနိရောဓာ' ၌ ဝိရာဂ - ၏ အရကို အကြောင်းပြ၍ ကောက်ပြပြီးလျှင်/ အဘယ်အကျိုးငှာ 'သင်္ခါရနိရောဓာ ဝိညာဏနိရောဓော' စသော စကားကို ဟော တော်မူပြီး၍ 'ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ' ဟူသော စကားကို ဟောတော်မူရပါသနည်း၊ ရှင်းပြပါ။

(၃) (ပဌမ မာရ ကထာ) 'အထ ခေါ ဘဂဝါ တေ ဘိက္ခူ အာမန္တေသိ' ၌ တေ ဘိက္ခူ ပါဌ်အရ ရဟန်း အရေအတွက်ကို လည်းကောင်း ဗာရာဏသီ ပြည်၌ အဘယ်နေ့ တိုင်အောင် သီတင်းသုံးတော်မူလျက် မိန့်တော်မူသည်ကို လည်းကောင်း ဖော်ပြ၍/ (ဒုတိယ မာရ ကထာဝယ်) အထ ခေါ ဘဂဝါ ဝဿံ ဝုဋ္ဌော ဘိက္ခူ အာမန္တေသိ (ပ) အနုတ္တရံ ဝိမုတ္တိံ အနုပါပုဏာထ' စကားရပ်၌ မြတ်စွာဘုရားသည် ရဟန်းတို့ကို အဘယ်အကျိုးငှာ 'အနုတ္တရံ ဝိမုတ္တိံ အနုပါပုဏာထ' ဟူ၍ မိန့်မြွက် တိုက်တွန်းတော် မူရသည်ကိုလည်း ရှင်းလင်းပြပါ။

(၄) သဒ္ဓိဝိဟာရိက တပည့်သည် တခြားသော ရဟန်းတို့၏ ဩဝါဒကိုလည်း မနာ ယူသော အလဇ္ဇီ ဥပဇ္ဈာယ်ကိုစွန့်၍ ဥပဇ္ဈာယ်၏ ဝိသဘာဂ လဇ္ဇီ ရဟန်းတို့နှင့် အာမိသပရိ ဘောဂ စသည်ကို ပြုသင့် - မပြုသင့် ယုတ္တိပြ၍ ဆုံးဖြတ်ပြီးလျှင်/ (ပဏာမိတ ကထာ) 'န ဘိက္ခဝေ သဒ္ဓိဝိဟာရိကေန ဥပဇ္ဈာယမှိ န သမ္မာဝတ္တန္တေန၊ ယော န သမ္မာဝတ္တေယျ၊ အာပတ္တိဒုက္ကဋဿ' ပါဠိတော် အရ မည်သည့် ကျင့်ဝတ်တို့ကို မကျင့်သော အဘယ် သဒ္ဓိ ဝိဟာရိကအား အာပတ်သင့်သည်ကိုလည်း အကြောင်းပြလျက် ရှင်းချက် ထုတ်ပြပါ။

(၅) 'ပဉ္စဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ န ဥပသမ္ပာဒေတဗ္ဗံ' စသော ဥပသမ္ပာဒေတဗ္ဗ ပဉ္စကကို အဘယ်အကျိုးငှာ ဟောတော်မူရသည်ကို ဖြေဆိုပြီး လျှင်/ယင်း ဥပသမ္ပာဒေတဗ္ဗပဉ္စက-၌ ကဏှပက္ခ ပဉ္စက ရှစ်ပါးတို့တွင် မည်သည့်ပဉ္စက-မည် သည့် ပုဒ်တို့ကို အဘယ်၏ အစွမ်းအားဖြင့် ဟောတော် မူအပ်ပါသနည်း—ရှင်းလင်းပါ။

(၆) ငယ်ရွယ်စဉ်က မွေးစားထားအပ်သော သူငယ်ကို ရှင်ပြုပေးရာ၌ မွေးစားမိဘ တို့ကို ပန်ကြားဖွယ် လို-မလို အကြောင်းပြ၍ ဆုံးဖြတ်ပြီးလျှင်/ဘုရားသခင်၏ အပြစ်ကိုပြော သော သာမဏေကို ဆရာ ဥပဇ္ဈာယ်တို့က သုံးကြိမ်တိုင်အောင် အပြစ်ပြလျက် တားမြစ်

ဆုံးမသော်လည်း မရှောင်ကြဉ်ခဲ့သော် မည်သို့ ပြုလုပ် သင့်သည်ကို အဋ္ဌကထာ ဝါဒစုံ ဖော်ပြ၍/မည်သည့်ဝါဒ သင့်မြတ်ကြောင်း ကိုလည်း အကြောင်းပြ၍ ဝိနိစ္ဆယ ချပြပါ။

( ၇ ) ( ဝဿူပနာယိကက္ခန္ဓက ) 'အနုဇာနာမိ ဘိက္ခဝေ ရာဇူနံ အနုဝတ္တိတုံ' ပါဠိတော်အရ မင်း အလိုလိုက်၍ ဝါထပ် ရက်ငင် ပြုခြင်းကို ခွင့်ပြုတော် မူခြင်း၏အကြောင်းကို ပြဆို၍/'အနုဇာနာမိ ဘိက္ခဝေ သံဃကရဏီယေန ဂန္တုံ၊ သတ္တာဟံ သန္နိဝတ္တော ကာ-တဗ္ဗော' ၌ သံဃကရဏီယေန-ပုဒ်၏ အရကို အဋ္ဌကထာလာတိုင်း ပြည့်စုံစွာ ထုတ်ပြပါ။

( ၈ ) ( ပဝါရဏာက္ခန္ဓက ) 'သစေသ ဟောတိ အဝိသယှံ၊ ဟတ္ထဝိကာရေန ဒုတိယံ အာမန္တေတွာ ဟတ္ထဝိလင်္ဃကေန ဥဋ္ဌာပေယျ' ၌ ဟတ္ထဝိလင်္ဃကေန ပုဒ်ကို သဒ္ဒတ္ထ အဓိပ္ပာယတ္ထ ဖြစ်နိုင်သရွေ့ အနက်ပေးပြီးလျှင် / အနာပတ္တိပန္နရသက - ၌ လာသော 'တေဟိ ပဝါရိတမတ္တေ သဗ္ဗာယ ဝုဋ္ဌိတာယ ပရိသာယ အထညေ အာဝါသိကာ ဘိက္ခူ အာဂစ္ဆန္တိ သမသမာ' စသော စကားအရ ထသွားသော ရဟန်း အားလုံးကို မစုဝေး စေနိုင်၍ အချို့ကိုသာ စုဝေးစေပြီး ၎င်းတို့၏ အထံ၌ ပဝါရဏာ ပြုသော် ဝဂ္ဂ ဖြစ် - မဖြစ် အကြောင်းပြလျက် ဆုံးဖြတ်ပြပါ။

( ၉ ) (စမ္မက္ခန္ဓက သောဏပဗ္ဗဇ္ဇာ ကထာ) နေက္ခမ္မာ ဓိမုတ္တော၊ အဗျာပဇ္ဇာဓိမုတ္တော၊ အသမ္မောဟာ ဓိမုတ္တောပုဒ်တို့၌ ပါဝင်သော နေက္ခမ္မ-အဗျာပဇ္ဇ-အသမ္မောဟ သုံးပုဒ်တို့၏ အရကို အသီးသီး ကောက်ပြ၍/ လက်လေးသစ်အောက် ယုတ်လျော့သော အမွေးရှိသော ကော်ဇောကြီးသည် မည်သည့် မဟာသယနံ - ၌ သက်ဝင် နိုင်သည်ကိုလည်း ရှင်းပြပါ။

( ၁၀ ) ရှာခွေးမ နှင့် တောခွေး (ခွေးအ - ဝံပုလွေ) ထီးတို့မှ မွေးဖွားသော ခွေး စပ်၏ အသားကို ရဟန်းတော်များ စားအပ် - မစားအပ် အကြောင်းပြ၍ ဆုံးဖြတ်ပြီး လျှင် / ဘေသဇ္ဇက္ခန္ဓက တရုဏပသန္န မဟာမတ္တဝတ္ထုဝယ် 'န ဘိက္ခဝေ အညတြ နိမန္တိ-တေန အညဿ ဘောဇ္ဇယာဂု ပရိဘုဉ္ဇိတဗ္ဗာ၊ ယော ပရိဘုဉ္ဇေယျ၊ ယထာ ဓမ္မော ကာ-ရေတဗ္ဗော' ၌ ယထာဓမ္မော ကာရေတဗ္ဗော အရ အဘယ်သိက္ခာပုဒ်ဖြင့် ဆုံးဖြတ်ရမည် နည်း၊ အကြောင်းဖော်လျက် ရှင်းချက် ထုတ်ပြပါ။

( ၁၁ ) သာမဏေတို့၏ ကျောင်းသည် ဂဟပတိကုဋ္ဌိ ဖြစ်နိုင်-မဖြစ်နိုင် အကြောင်း အပြည့်အစုံ ဖော်ပြ ဆုံးဖြတ်ချက် ချပြီးလျှင်/ နေစရာ မဟုတ်သော ဥပေါသထာဂါရ စသော အဆောက်အဦ၌ အန္တောဝုဋ္ဌာဒိဒေါသ ရှိ-မရှိကိုလည်း ဥပမာဆောင်၍ ဆုံးဖြတ်ပြပါ။

( ၁၂ ) ( ကထိနက္ခန္ဓက ကထိနာနုဇာနန ကထာ ) 'ဧဝံ ခေါ ဘိက္ခဝေ အတ္ထတံ ဟောတိ ကထိနံ၊ ဧဝံ အနတ္ထတံ' ဟူ၍ မူလပါဠိ၌ အတ္ထတကို ရှေးဦးစွာ ပြသကဲ့သို့ အကျယ် ပြရာ၌အတ္ထတလက္ခဏာကို ရှေးဦးစွာ မပြဘဲ 'ကထဉ္စ ပန ဘိက္ခဝေ အနတ္ထတံ ဟောတိကထိနံ' စသည်ဖြင့် အနတ္ထတလက္ခဏာကို ရှေးဦးစွာပြခြင်း၏ အကြောင်းကို ထုတ်ပြပြီးလျှင်/ 'နသြ-ဝဒ္ဓေယျ ကုရဏမတ္တေန အတ္ထတံ ဟောတိ' ၏ အဓိပ္ပာယ်ကိုလည်း ရှင်းပြပါ။ ၁၀—မှတ်စီ။

## (ခ) တိပိဋကဓရ သဓ္ဓါဝရေးဖြေ စာမေးပွဲ

### (၄) ဝိနယပိဋက (စူဠဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၉-ခုနှစ်၊ ပြာသိုလပြည့်နေ့။ (၂၃-၁-၇၈)

—

(၁) တဇ္ဇနီယကမ္မ အဓမ္မကမ္မ ဒွါဒသက ကထာ - ၌ တိက်ပေါင်း ၁၂ - တိက် ဖြစ်ပုံကို ဖော်ပြ၍ / အာကင်္ခမာနဆက္က - ၌ ပါရှိသော 'အဓိသီလေ သီလဝိပန္နော ဟောတိ (ပ) တဇ္ဇနီယကမ္မံ ကရေယျ' ဟူသော စကားရပ်ကို အဘယ် အာပတ်ကို ရည်ရွယ်၍ ဟောတော်မူအပ်ပါသနည်း၊ ယုတ္တိပြ၍ ဖြေဆိုပါ။

(၂) ပဗ္ဗာဇနီယကမ္မကထာ - ၌ 'တေန ဟိ ဘိက္ခဝေ သံဃော ပဗ္ဗာဇနီယကမ္မံ ပဋိပ္ပဿမ္ဘေတု' ဟူသော စကားကို အဘယ် ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် ဟောတော်မူ အပ်ပါသနည်း၊ ရှင်းပြလျက်/ ပဋိသာရဏီယကမ္မကထာ သုဓမ္မဝတ္ထုဝယ် - ကော စ ခေါ ဂဟ နတ္ထိ ယဒိဒံ တိလသံ ဂုဠိကာ' ၌ တိလသံ ဂုဠိကာ ပုဒ်ကို သဒ္ဒတ္ထ ဝေါဟာရတ္ထ နှစ်မျိုး မြန်မာပြန်ပြပါ။

(၃) ပါရိဝါသိက ရဟန်းအား ခွင့်ပြုအပ်သော ၅ - ပါးသော ဝတ္တတို့တွင် အဘယ်ကို သြဏောဇန စတုဿာလဘတ္တ ခေါ်ပါသနည်း၊ ဖြေရှင်းပြီးလျှင် / စတုဿာလ ဘတ်ကို ခံယူပုံ ခံယူနည်းကိုလည်းကောင်း စတုဿာလဘတ်၌ သြဏောဇန ပြုလိုသော် မည်သို့ ပြုကျင့်ရမည်ကိုလည်းကောင်း ဖြေဆိုပါ။

(၄) ကျောင်းတိုက် ပြင်ပ၌ မာနတ် ကျင့်ရာ အခါဝယ် ဝတ်ကြွေးပြီးနောက် အဖော် ရဟန်းတို့သည် ရဟန်း တပါးကို ချန်ထားခဲ့၍ တစုံတခုသော ကိစ္စကြောင့် အရုဏ်မတက်မီ တခြားသို့ သွားခဲ့သော် မာနတ္တစာရိက ရဟန်းအား ဦနေ ဂဏေ စရဏ ဒေါသ ဖြစ်- မဖြစ် နှင့် ကျန်ရစ်သော ရဟန်းလည်း ထို့အတူ သွားခဲ့သော် ဝိပ္ပဝါသ ဒေါသ ဖြစ်- မဖြစ် အကြောင်းပြလျက် ဆုံးဖြတ်ပြီးလျှင် / စိဏ္ဏမာနတ္တ ရဟန်းကို အဗ္ဘာန် သွင်းရာ၌ ဝတ်ဆောက်တည်ဘွယ် ကြွေးဘွယ် - လို- မလို အကြောင်းပြကာ ရှင်းလင်းစွာ ဝိနိစ္ဆယ ချပြပါ။

(၅) သမုစ္စယက္ခန္ဓက သုက္ကဝိဿဋ္ဌိ ပါရိဝါသိကမူလာယ ပဋိကဿနာကထာ-၌ ပါရှိသော ကမ္မဝါစာ၏ နိဂုံး ပါဠိကို ရေးပြီးလျှင် /ဋီကာဖွင့်နှင့် အညီ နှစ်နည်း အနက် ပေးပါ။

(၆) တိဏဝတ္ထာရက သမထဖြင့် အဓိကရဏ်းကို ငြိမ်းအေးစေရာ၌ အာပတ်မှ မထသော ရဟန်းတို့ကို အာဂမပါဠိ ထုတ်ဆောင်၍ ဖော်ပြပြီးလျှင် / ဥဗ္ဗာဟိကာယ သမ္မန္နိတဗ္ဗော' ၌ ဥဗ္ဗာဟိကာ မည်ခြင်း၏ အကြောင်း နှင့် ၎င်း၏ အရကို ကောက်ပြပါ။

(၇) သေနာသနက္ခန္ဓက ဝိဟာရာနုဇာနန ကထာ 'တေန ခေါ ပန သမယေန ဘဂဝတာ ဘိက္ခူနံ သေနာသနံ အပညတ္တံ ဟောတိ' ၌ 'သေနာသနံ အပညတ္တံ ဟောတိ' ၏ သန္ဓာယဘာသိတကို ထုတ်ပြ၍/ 'အာဂတာနာဂတာ စာတုဒ္ဒိသဿ သံဃဿ ပတိဋ္ဌာပေတိ' ပါဠိကို အဋ္ဌကထာ အလိုကျ အနက် ပေးပြပါ။

(၈) မဥ္စပီဌာဒိ အနုဇာနန ကထာ-၌ ခွင့်ပြုအပ်သော အရာတို့တွင် ဘတ္တိကမ္မ ဟတ္ထဘိတ္တိ-တို့၏ အဓိပ္ပာယ်ကို ရေးသား၍ / 'အို ဒါယကာ-- ကျောင်းမှာ တံခါးစောင့်ရုပ်ကို မပြုလုပ်တော့ဘူးလား' စသည်ဖြင့် ဆိုခြင်းငှာလည်းကောင်း ဘုရားပုံတော်ကို ရဟန်းတော်တို့ကိုယ်တိုင် ရေးထုခြင်းငှာလည်းကောင်း အပ်-မအပ် အကြောင်းပြလျက် ဆုံးဖြတ်ပါ။

(၉) သေနာသနဂ္ဂါဟကထာ၌ 'သေနာသနံ သလ္လက္ခေတဗ္ဗံ' စသော အဋ္ဌကထာပါဌ် အရ သေနာသန အသေနာသန တို့၌ ပါဝင်သော အာသနဿရ မဂ္ဂ ရုက္ခမူလ တို့၏ အရကို ကောက်ပြ၍ / ဘောဇနသာလာကို ရဟန်းတပါးအား ပိုင်းခြား၍ ပေးခြင်းငှာ သင့်-မသင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(၁၀) သီတင်းငယ်က စာချ၍ သီတင်းကြီးက စာတက်ခြင်း အမှုပြုရာ၌ နေထိုင်နည်းကို ပါဠိတော်လာတိုင်း အပြည့်အစုံ ရှင်းလင်းစွာ ဖော်ပြပြီးလျှင် / အဇိနပ္ပဝေဏိ အခင်းကို သံဃိကကျောင်းဝယ် မဥ္စပီဌတို့၌ ခင်း၍ သုံးဆောင်ခြင်း -- ဓမ္မာသနဝယ် ယင်း အခင်းပေါ်၌ ထိုင်ခြင်း --အိပ်ခြင်းငှာ အပ်-မအပ် မှတ်သားလောက်အောင် ဆုံးဖြတ်ပြပါ။

(၁၁) သံဃာမှ ညွှန်ချ၍ လှူဒါန်းအပ်သော ပန်းသည် ပိဏ္ဍပါတိက ရဟန်းအား အပ်-မအပ်--ခံယူထိုက်-မခံယူထိုက်ကို အကြောင်းပြလျက် ဆုံးဖြတ်ပြီးလျှင်/ သလာကဘတ် နှင့် ပက္ခိကဘတ် နှစ်မျိုးက မျှား၍ ရဟန်းက နည်းရာ၌ မည်သို့ ယူစေသင့်သနည်း၊ အကြောင်းနှင့် တကွ ရှင်းပြပါ။

(၁၂) အာဂန္တုကဝတ္တ ကထာ-ဝယ် 'အဂေါစရော ပုစ္ဆိတဗ္ဗော' ၌ အဂေါစရော၏ အရကိုလည်းကောင်း 'ကံ ကာလံ ပဝိသိတဗ္ဗံ' စသည်ဖြင့် ကဘိကဝတ် တည်ရာ အရပ်ကို မေးမြန်းရခြင်း၏ အကြောင်းကိုလည်းကောင်း ထုတ်ပြ၍ /အာဝါသိကဝတ္တကထာ-၌ သီတင်းကြီး အာဂန္တုက၏ ဘိနပ်ကို မသုတ်သော အာဝါသိကအား အာပတ်ငှ့် သ-မသင့် အကြောင်းဖော်ကာ ဆုံးဖြတ်ပါ။ ၁၀--မှတ်စီ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၅) ဝိနယပိဋက (ပရိဝါ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၉ - ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁) ရက်။ (၂၄ - ၁ - ၇၈)

——

(၁) ကတ္ထပညတ္တိဝါရ ပဌမ ပါရာဇိက ၌ ' ဧကေန သမုဋ္ဌာနေန သမုဋ္ဌာတိ' ဟု ဟောတော်မူခြင်းကြောင့် 'ကာယတော သမုဋ္ဌာတိ ' ဟူ၍ သော်လည်းကောင်း 'စိတ္တတော သမုဋ္ဌာတိ ' ဟူ၍သော်လည်းကောင်း ဟောသင့်လျက် မဟောမူ၍ ' ကာယတော စ စိတ္တတော စ သမုဋ္ဌာတိ ' ဟူ၍ ဟောတော်မူခြင်း၏ အကြောင်းကို ပြပြီးလျှင်/ ပဌမ ပါရာဇိက အာပတ်၏ ပဓာန အင်္ဂါကိုလည်း ဖော်ပြပါ။

(၂) သမုဋ္ဌာနသီသသင်္ခေပ သမုဋ္ဌာနသုတ္တဒါန · လာ အောက်ပါ ပါဠိကို ဋီကာ ဖွင့်နှင့် အညီ အနက် ယောဇနာပါ။။

တသေဝ ပရိဝါရဿ၊ သမုဋ္ဌာနံ နိယတော ကတံ။
သမ္ဘေဒံ နိဒါနဉ္စညံ၊ သုတ္တေ ဒိဿန္တိ ဥပရိ။

(၃) ပဌမ ပါရာဇိက သိက္ခာပုဒ် နှင့် သမုဋ္ဌာန်ချင်း တူသော သိက္ခာပုဒ်တို့၏ အရေအတွက် သင်္ချာမျှကိုသာ ဖော်ပြ၍ /ပဌမ ပါရာဇိက သမုဋ္ဌာန ပါဠိတော်၌ ပါရှိသော 'ဝဿံ ဝုဋ္ဌာ သြဝါဒံ ' ပုဒ်တို့၏ အရကိုလည်း မလွဲအောင် ဖော်ပြပါ။

(၄) အန္တရပေယျာလ ကတိပုစ္ဆာဝါရ · ၌ ပါရှိသော သေတုဃာတတော · ပုဒ်၌ သေတုမည်ကြောင်း—သေတုဃာတ မည်ကြောင်း နှင့် ၎င်းတို့၏ အရကို အသီးသီး ဖော်ပြပါ။

(၅) ကတိပုစ္ဆာဝါဒ် - ၌ ပါရှိသော အပ္ပဋိဝိဘတ္တဘောဂိ ပုဒ်အရ ပဋိဝိဘတ္တဘောဂိ ပုဂ္ဂိုလ် နှစ်မျိုးကို အဓိပ္ပာယ်နှင့် တကွ ထုတ်ပြ၍/သာရဏီယဓမ္မ ပူရက ရဟန်းသည် ဂိလာန စသည်တို့အား ရွေးချယ်၍ ပေးခြင်းငှာ သင့် - မသင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(၆) ကေတ္တိရိကနယ ကေကာဝါရ · ဝယ် 'အန္တရာယိကာ အာပတ္တိ ဇာနိတဗ္ဗာ၊ အနန္တရာယိကာ အာပတ္တိ ဇာနိတဗ္ဗာ' ၌ အန္တရာယိကာအာပတ္တိ — အနန္တရာယိကာ အာပတ္တိ အရကို ပြည့်စုံစွာ ထုတ်ပြ၍ / မည်သည့်ကံမျှ အပြုမခံရသော ပုဂ္ဂိုလ်သည်

အနုက္ခိတ္တာဖြစ်လျက် ၎င်းပုဂ္ဂိုလ်ကို မထည့်သွင်းဘဲ အဘယ့်ကြောင့် 'အဝသေသ စတုဗ္ဗိဓ တဇ္ဇနီယာဒိ ကမ္မကတော အနုက္ခိတ္တောနာမ' ဟူ၍ သာ အဋ္ဌကထာဆရာ မိန့်ဆိုရပါသနည်း၊ ရှင်းလင်းချက် ထုတ်ပါ။

( ၇ ) စောဒနာကဏ္ဍ-လာ အသုဒ္ဓပရိသင်္ကိတော-ပုဒ်၏ အဓိပ္ပာယ်ကို ရေး၍/ ၎င်းပုဂ္ဂိုလ်နှင့် အတူတကွ ဥပုသ် ပြုအပ် - မပြုအပ် အကြောင်းပြလျက် ဆုံးဖြတ်ပါ။

( ၈ ) မဟာသင်္ဂါမ ဝေါဟာရန္တေန ဇာနိတဗ္ဗာဒိ ကထာ-ဝယ် 'ပုဗ္ဗာပရံ ဇာနိတဗ္ဗန္တိ ကစ္စိနုခေါ အယမာယသ္မာ ဝတ္ထုတော ဝါ ဝတ္ထုံ သင်္ကမတိ' ၌ 'ဝတ္ထုတောဝါ ဝတ္ထုံ သင်္ကမတိ' ၏ အဓိပ္ပာယ်ကို ရေး၍/ပရပက္ခာဒိ အာဝဇာနန ကထာ-၌ 'သမ္မတ္တံ ဓမ္မတော ဝိနယတော န ပရိဟာပေတဗ္ဗန္တိ ယံ အတ္တာယ သံဃော သန္နိပတိတော ဟောတိ တံ အတ္ထံ ဓမ္မတော ဝိနယတော န ပရိဟာပေတဗ္ဗံ' ကို အဋ္ဌကထာနှင့် အညီ အနက်ပေးပါ။

( ၉ ) ကထိနဘေဒ ကထိနအနန္တရပစ္စယာဒိကထာ-ဝယ် 'မာတိကာစ ပလိဗောဓာစ အတ္ထရဿ အနန္တရ ပစ္စယေန ပစ္စယော' ၌ စသဒ္ဒါဖြင့် ယူအပ်သော အရာတို့ကို ထုတ်ပြ၍ / ဓိဝရေ ဥပ္ပဇ္ဇနက အာသာ နှင့် အနာသာတို့သည် တပါးစီချည်း ဖြစ်ကြ၍ 'အာသာယစ အနာသာယစ' ဟူ၍ ဧကဝုစ်ဖြင့် ဟောသင့်လျက် မဟောဘဲ အဘယ်ကို ရည်ရွယ်၍ 'ဝတ္ထု အာသာနဉ္စ အနာသာနဉ္စ ပုရေဇာတပစ္စယေန ပစ္စယော' ဟူ၍ ဗဟုဝုစ်ဖြင့် ဟောရပါသနည်း၊ ရှင်းချက်ထုတ်ခဲ့ပါ။

( ၁၀ ) ဥပါလိပဉ္စက နပ္ပဋိပ္ပဿမ္ဘနဝဂ်-၌ ပါရှိသော 'ဥဿာ ဒေတာစ ဟောတိ၊ အပဿာ ဒေဘာစ၊ ပဿယှ ပဝတ္တာ ဟောတိ' ပုဒ်တို့၏ အဓိပ္ပာယ်ကို အဋ္ဌကထာ လာတိုင်း ပြည့်စုံစွာ ရေးပြပါ။

( ၁၁ ) ဥပါလိပဉ္စကဒိဋ္ဌာဝိကမ္မဝဂ် အဓမ္မိကာဒိဋ္ဌာဝိကမ္မ ပဉ္စက-၌ ပါဝင်သော နာနာသံဝါသကဿ အပကတတ္တဿ ပုဒ်တို့၏ အချက်ကို တိကျစွာ ဖော်ပြပြီးလျှင် / ရဟန်းသုံးပါး တပေါင်းတည်း ဒေသနာ ကြားခြင်းငှာ အပ်-မအပ် အကြောင်းပြလျက် ဆုံးဖြတ်ပါ။

( ၁၂ ) အဝန္ဒိယပုဂ္ဂိုလ်တို့တွင် ဥစ္စာရကရောန္တ နှင့် အနုပသမ္ပန္န တို့ကို အဘယ့်ကြောင့် ရှိမခိုးသင့်ပါသနည်း၊ ရှင်းလင်းပြီးလျှင် / 'အာစရိယော ဝန္ဒိယော' ၌ ရှိခိုးထိုက်သော အာစရိယ- ရှိမခိုးထိုက်သော အာစရိယ တို့ကို ခွဲခြား၍ ပြပါ။

၁၀—မှတ်စီ။

## (၂ခ) တိပိဋကဓရ သဓောဓရေးဖြေ စာမေးပွဲ

### (၁) ဝိနယပိဋက (ပါရာဇိက) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၀ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ - ရက်။ (၂၆ - ၁ - ၇၉)

---

(၁) 'ဓမ္မောတိ ဟေတု (ပ) ဒေသနာတိ ပညတ္တိ၊ ယထာဓမ္မံ ဓမ္မာဘိလာပေါတိ အဓိပ္ပါယော' ဟူသော အဋ္ဌကထာ စကားရပ်၌ 'ယထာဓမ္မံ ဓမ္မာဘိလာပေါ' ပါဌ်ကို သာ ဋီကာဖွင့်နှင့် အညီ ပြည့်စုံ မှန်ကန်စွာ နှစ်နည်း အနက် ယောဇနာ၍/ဓမ္မ သဒ္ဒါ နှစ်ခု၏ အထူးကိုလည်း ဖော်ပြပါ။

(၂) စက္ကဝါဠ တစ်ခု၏ အလျား အနံ အ ာန်း ပမာဏကို မှန်ကန်စွာ ဖော်ပြ၍/ 'ယသ္မာ ခေါ ဗြာဟ္မဏ အာယတိံ ဂဗ္ဘသေယျာ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ပဟီနာ - ၌ ဂဗ္ဘ- သေယျာ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ပုဒ်တို့၏ အရကိုလည်း မလွဲအောင် ထုတ်ပြပါ။

(၃) သုဒိန္နဘာဏဝါရ - လာ 'ဒိသွာ နဿ ဧတဒဟောသိ၊ ယန္နူနာဟမ္ပိ ဓမ္မံ သုဏေယျန္တိ' ပါဌ်ကို နည်းယူလောက်အောင် အနက် ယောဇနာ၍/မြတ်စွာဘုရားသည် အဘယ်အကျိုးငှာ 'အနုညာတောသိ ပန တွံ သုဒိန္န မာတာပိတူဟိ အဂါရသ္မာ အန- ဂါရိယံ ပဗ္ဗဇ္ဇာယ' ဟူ၍ သုဒိန်ကို မေးမြန်းတော် မူရပါသနည်း၊ ရှင်းပြပါ။

(၄) သိက္ခာ မချဘဲ ဘိက္ခု အဖြစ်ဖြင့် မေထုန်မှီဝဲသော သူအား သာမဏေဘာဝ၌ နေခွင့် ပေးသင့် - မပေးသင့်ကို လည်းကောင်း၊ သိက္ခာချ၍ ရဟန်းဘဝကို စွန့်ပြီးမှ မေ ထုန် မှီဝဲသော သူကို ရဟန်းပြုခွင့် ပေးခဲ့သော် ပါရာဇိက သိက္ခာပုဒ်ကို နုတ်ပယ်ရာ ရောက် - မရောက်ကို လည်းကောင်း အကြောင်း လုံလောက်စွာ ပြလျက် ဆုံးဖြတ်ချက် ချပြပါ။

(၅) ဒုတိယ ပါရာဇိက သိက္ခာပုဒ် မာတိကာ - ၌ 'ဂါမာ ဝါ အရညာ ဝါ' ဟု ဟောတော်မူခြင်းကြောင့် ပဒဘာဇနီ၌ ဂါမလက္ခဏာကို ပြပြီးလျှင် အရညကို ဆက် ၍ ပြသင့်လျက် မပြသေးဘဲ အဘယ်ကြောင့် 'ဂါမူပစာရောနာမ' အစရှိသော စကား ကို ဟောတော်မူရပါသနည်း၊ ရှင်းပြပြီးလျှင် / မိမိ ဥစ္စာမှန်း မသိသော ကလေး အရူး တို့၏ ဥစ္စာသည် ပရပရိဂ္ဂဟိတ ဖြစ် - မဖြစ်—ယင်းဥစ္စာကို ခိုးယူသော် ပါရာဇိက ကျ - မ ကျ အကြောင်း ယုတ္တိ ပြလျက် ဆုံးဖြတ်ပါ။

(၆) လောကသောဝိရဏ ဆေးသည် အဘယ်ကာလိက ဖြစ်သင့်ပါသနည်း၊ အ

ကြောင်းပြလျက် ဆုံးဖြတ်ချက် ချပြီးလျှင်/ယုတ်မာသော အလိုဖြင့် 'ငါသည် ရာဂကို ပယ်အပ်ပြီးပြီ' ဟူ၍ ဆိုသော် ပါရာဇိက ကျ–မကျကိုလည်း အကြောင်းဖော်ကာ ဆုံးဖြတ်ပါ။

( ၇ ) သုက္ကဝိဿဋ္ဌိ သိက္ခာပုဒ်၌ 'ယော ပန ဘိက္ခု' ဟူ၍ ကာရကပုဂ္ဂိုလ်ကို မညွှန်ပြခြင်း၏ အကြောင်းကို လည်းကောင်း၊ ဝိနီတဝတ္ထုတို့တွင် သုတ္တသာမဏေရ ဝတ္ထု၌ ဒုက္ကဋ်အာပတ် သင့်ရခြင်း၏ အကြောင်းကို လည်းကောင်း၊ မေထုနသန္နိဿိတ စကားဖြင့် မာတုဂါမကို ယုတ်ယုတ်မာမာ ပြောဆိုစဉ် သုက်လွတ်သော ရဟန်းအား သင့်နိုင် - လွတ်နိုင်သော အာပတ်တို့ကို လည်းကောင်း အသီးသီး ဖော်ပြပါ။

( ၈ ) သဉ္စရိတ္တ သိက္ခာပုဒ် - ဝယ် 'ဣတ္ထိယာဝါ ပုရိသမတိံ' ပုဒ်၏ ပဒဘာဇနီ၌ 'ဣတ္ထိယာဝါ ပုရိသမတိန္တိ ပုရိသဿ မတိံ ဣတ္ထိယာ အာရောစေတိ' ဟူ၍ ဟောတော်မူရခြင်း၏ အကြောင်းကို လည်းကောင်း၊ ဆန္ဒဝါသိနီ - ပုဒ်၏ နိဒ္ဒေသ၌ ဆန္ဒဝါသိနီ နာမ ဆန္ဒေ န ဝသတိ' ဟူ၍ ဟောတော်မမူဘဲ 'ဆန္ဒဝါသိနီ နာမ ပိယော ပိယံ ဝါသေတိ' ဟူ၍ ဟောတော်မူရခြင်း၏ အကြောင်းကို လည်းကောင်း ဖော်ပြပါ။

( ၉ ) ဆွမ်းစား စရပ်ဝယ် ရေအိုး၌ ရေမရှိခဲ့သော် 'ဓမကရိဏ်ကို ယူခဲ့လော့' ဟူ၍ ဖြစ်စေ 'မြစ်သို့ သွား၍ ရေကို ဆောင်ခဲ့လော့' ဟူ၍ ဖြစ်စေ 'အိမ်မှ ရေကို ဆောင်ခဲ့လော့' ဟူ၍ ဖြစ်စေ ပြောသင့် - မပြောသင့်ကို လည်းကောင်း၊ အလဇ္ဇီရဟန်း သာမဏေတို့ကို မိမိ အတွက် လက်အမှုကို ပြုလုပ် ခိုင်းသင့် - မခိုင်းသင့်ကို လည်းကောင်း အကြောင်းပြ၍ ဆုံးဖြတ်ပါ။

( ၁၀ ) ပဌမ ကထိန သိက္ခာပုဒ်၌ ဒသာဟာတိက္ကန္တေ အတိက္ကန္တေသညီ ပုဒ်ကို အဋ္ဌကထာ ဆရာ နှစ်နည်း ဖွင့်သည်အား လျော်စွာ ယင်းနှစ်နည်းအလို အတိက္ကန္တ နှစ်ပုဒ်တို့၏ အရကို အသီးသီး ရှင်းလင်းစွာ ကောက်ပြပြီးလျှင် / ရဟန်းတပါး၏ ဒသာဟာ-တိက္ကန္တနိဿဂ္ဂိယ စီဝရကို အခြား ရဟန်းတပါးက သုံးဆောင်သော် အာပတ် သင့် - မသင့် အာဂမယုတ္တိ ဆောင်ကာ ဝိနိစ္ဆယ ချပြပါ။

( ၁၁ ) အညာတက ဝိညတ္တိ သိက္ခာပုဒ် အနာပတ္တိဝါရ - လာ 'အနာပတ္တိ ဉာတကာနံ ပဝါရိတာနံ အညဿတ္ထာယ' ပါဠိကို အဋ္ဌကထာဖွင့်နှင့် အညီ မှတ်သား လောက်အောင် နည်းစုံ ဖော်ကာ အနက် သမ္ဗန်ပါ။

( ၁၂ ) ရေကို သုံးဆောင်ရန် အတွက် ဖြစ်စေ ပစ္စည်းလေးပါး အတွက် ဖြစ်စေ၊ ကပ္ပိယဝေါဟာရဖြင့် အလှူခံထားအပ်သော တဖက်ဆည်းကန်၌ ကန်သင်းဖွဲ့ခြင်း စသည်ကို ပြုခြင်းငှာ လည်းကောင်း ကပ္ပိယကာရက ထားခြင်းငှာ လည်းကောင်း အပ် - မအပ် ညွှန်ပြပြီးလျှင်/ကျွန်ကို 'ဝေယျာဝစ္စကရံ ဒမ္မိ' ယူ၍ လှူဒါန်းရာ၌ ပုဂ္ဂလိက အလှူခံခြင်းငှာ အပ် - မအပ် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

၁၀–မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၂) ဝိနယပိဋက (ပါစိတ္တိယ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၀ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ - ရက်။ (၂၇ - ၁ - ၇၉)

---

(၁) မုသာဝါဒ သိက္ခာပုဒ် ပဒဘာဇနီ အနရိယ ဝေါဟာရ လက္ခဏာပြ စကားရပ်တို့တွင် ပဌမ စကားရပ်ကိုသာ အဋ္ဌကထာနှင့် အညီ အပြည့်အစုံ အနက် ယောဇနာ ပြီးလျှင်/ အဘယ် စကားမျိုးကို ပူရဏကထာ ခေါ်ပါသနည်း၊ ရှင်းပြ၍/ယင်းစကားမျိုး သည် မုသာဝါဒ ဖြစ် - မဖြစ် အကြောင်းပြကာ ဆုံးဖြတ်ပါ။

(၂) ဘုရားသခင်သည် တမိုးတရံထည်းသော ကျောင်း၌ မာတုဂါမနှင့် တည၌မျှ အိပ်ခွင့်ပြုတော်မမူဘဲ အနုပသမ္ပန္နနှင့်မူကား အဘယ်အကျိုးငှာ သုံးည၌ အိပ်ခွင့်ပေးတော် မူရပါသနည်း၊ ရှင်းပြပြီးလျှင်/ သဗ္ဗစ္ဆန္န ဥပဍ္ဎုပရိစ္ဆိန္န သေယျာသည် ပါစိတ္တိယဝတ္ထု, ဒုက္ကဋ္ဌ ဝတ္ထုတို့တွင် အဘယ် ဝတ္ထု ဖြစ်သင့်ကိုလည်း အကြောင်းနှင့် တကွ ဖော်ပြပါ။

(၃) မပြုပြင်အပ်သော တောင်ဝှမ်း၌ ဖြစ်စေ လွင်တီးခေါင်၌ ဖြစ်စေ ပေါက်သော တောင်ပို့နှင့် သစ်ပင်ပေါ်သို့ တက်နေသော ခြသွားလမ်းတို့ကို ဖျက်ဆီးကောင်း - မဖျက် ဆီးကောင်း ပြည့်စုံစွာ ရှင်းပြပြီးလျှင် / မြေသို့ မရောက်မီ မီးငြိမ်းအံ့ဟု ကြံပြီး သစ်ပင် ချောက်ကို မီးရှို့ရာ မငြိမ်းနိုင်၍ မြေကို မီးလောင်သော် အာပတ် သင့် - မသင့် အကြောင်း ဖော်ကာ ဆုံးဖြတ်ပါ။

(၄) ရေမှော်ဖြင့် ပြည့်နေသော ရေကန်တွင်းသို့ ရေမှော်တို့ကို လက်ဖြင့် ဖယ်ရှား ၍ ရေချိုးခြင်းငှာလည်းကောင်း ရေချိုးစဉ် ကိုယ်၌ ရေမှော်များ ငြိကပ်နေမှန်း သိလျက် ရေမှ ကုန်းပေါ်သို့ တက်ခြင်းငှာသည်းကောင်း သင့် - မသင့် အကြောင်းပြ၍ ဆုံးဖြတ် ပြီးလျှင် /လူသာမဏေတို့ နှုတ်အပ်ပြီးသော ကြာရုံ ကြာချုံတို့ကို ဖျက်ဆီးသော် မည်သည့် အာပတ် သင့်သည်ကိုလည်း အကြောင်းဖော်ကာ ဆုံးဖြတ်ပါ။

(၅) ဩဝါဒဝဂ် ဩဝါဒသိက္ခာပုဒ်ဝယ် 'အထ ခေါ ဆဗ္ဗဂ္ဂိယာ ဘိက္ခူ ဘိက္ခုနိ- ယော ဥပသင်္ကမိတွာ ဧတဒဝေါစုံ အဓမ္မပိ (ပ) ဩဝဒိဿာမာတိ' စကားရပ်၌ အဘယ် ကို ရည်ရွယ်ပြီး 'ဘိက္ခုနိယော ဥပသင်္ကမိတွာ' ဟူ၍ မိန့်တော်မူအပ်ပါသနည်း၊ ရှင်းပြပြီး လျှင် / 'အနုဇာနာမိ ဘိက္ခဝေ' စသည်ဖြင့် ဘိက္ခုနောဝါဒက သမ္မုတိကို ခွင့်ပြုတော် မူရခြင်း၏ အကြောင်းကိုလည်း ပြည့်စုံစွာ ဖော်ပြပါ။

(၆) အထူးထူးသော အမျိုးတို့သည် တပေါင်းတည်း စုဝေးကြလျက် မသတ်မှတ်အပ်သော အရပ်၌ ဝတ်တည်အပ်သော ဆွမ်းကို တနေရာ၌ တချက် စားပြီး၍ နောက်နေ့ဝယ် ထိုပဌမ နေရာ၌ စားခြင်းငှာရင်း အထူးထူးသောအမျိုးမျိုးတို့သည် အချိုးချိုးသော အရပ်တို့၌ ဝတ်

တည်အပ်သော ဆွမ်းကို တနေ့ရာ၌ တရက်စားပြီး၍ နောက်နေ့ဝယ် အခြား တနေ့ရာ၌ စားခြင်းငှါလည်းကောင်း အပ် - မအပ် အကြောင်းပြကာ ဝိနိစ္ဆယ ချပြပါ။

( ၇ ) တိတ္ထိတို့ထံ၌ ရှင် ရဟန်း ပြုနေသော မိဘတို့အား မိဘ အမှတ်ဖြင့် သား ရဟန်းက ကိုယ်တိုင် လက်ဖြင့် စားသောက်ဘွယ်ကို ပေးသော် ပါစိတ်အာပတ် သင့်–မသင့် ယုတ္တိပြကာ ဆုံးဖြတ်ပြီးလျှင်/ အစေလက သိက္ခာပုဒ် အနာပတ္တိဝါရ - လာ 'အနာပတ္တိ ဥပနိက္ခိပိတွာ ဒေတိ' ပုဒ်၏ အဓိပ္ပာယ်ကိုလည်း ပြည့်စုံစွာ ဖော်ပြပါ။

( ၈ ) ပိုးကောင် ရှိသော ရေအိုင်ကို ဆေးကြော သုတ်သင်ရာ၌ အာပတ် လွတ်အောင် ဆေးကြော သုတ်သင်နည်းကို အပြည့်အစုံ ဖော်ပြပြီးလျှင်/အထ ခေါ သော ဘိက္ခု အညတရသ္မိံ ရုက္ခမူလေ ပစ္စူပေန္တော နိသီဒိ၊ အထ ခေါ သာ ဣတ္ထီ တံ ပုရိသံ တေဒဝေါစ၊ နာယျော သော ဘိက္ခု မံ နိပ္ပာတေသိ (ပ) ခမာပေဟီတိ စကားရပ်၌ ပစ္စူပေန္တော ပုဒ် နှင့် နနိပ္ပာတေသိ ပုဒ်တို့ကို သာ သဒ္ဒတ္ထ အဓိပ္ပာယတ္ထ နှစ်နည်း အနက်ပေးပြပါ။

( ၉ ) ဘိက္ခုနီမကို ဖျက်ဆီးသောလူအား ရှင်ပြု ပေးသင့် - မပေးသင့်၊တထာဝ ါဒီအကာ-ဠှာနုဓမ္မ ဓိဋ္ဌိအပ္ပဋိနိဿဋ္ဌ ရဟန်း နှင့် ကေစ္စန္န နာနုပစာရ၌ အတူဘက္ခအိပ်သော် ဥက္ခိတ္တာသ-မ္ဘောဂ သိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ် သင့်–မသင့် အကြောင်းပြကာ ဆုံးဖြတ်ချက်ချပြပါ။

( ၁၀ ) ဥပုသ်သည် ဒါယကာ တယောက်ကို ခေတ္တမျှ မချမ်းသာစေလိုသော စိတ်ထားဖြင့် 'သင် အရက်သောက်ထားတယ်လို့ ငါ ထင်တယ်'စသည်ဖြင့် ကုက္ကုစ္စ ဖြစ်စေသော် သဉ္စိစ္စ သိက္ခာ ပုဒ် ပါဠိ အဋ္ဌကထာများ အရ မည်သည့် အာပတ်များ သင့်နိုင်ပါ သနည်း၊ အကြောင်းပြလျက် ဆုံးဖြတ်ချက် ချပြီးလျှင်/ သံဃာ၌ အဆုံးအဖြတ် စကားဖြစ်ပေါ်နေစဉ် ဆန္ဒမပေးဘဲ နေရာမှ ထသွားသော် အဘယ်အခါ၌ အဘယ်အာပတ် သင့်နိုင်သည်ကိုလည်း ပြည့်စုံစွာ ဖော်ပြပါ။

( ၁၁ ) ဘိက္ခုနီမကျောင်းထဲမှ နေ၍ ပေးသော ဘိက္ခုနီမ၏ လက်မှ ခဲဘွယ် ဘောဇဉ်ကို ရွာတွင်း လမ်းမပေါ်၌ နေ၍ ခံယူသော ရဟန်းအား အာပတ် သင့် - မသင့် အကြောင်း အပြည့်အစုံ ဖော်ပြဆုံးဖြတ်ပြီးလျှင် /များစွာသော ပါဋိဒေသနီ အာပတ်တို့ကို သိတင်းကြီး ထံ၌ ဒေသနာကြားပုံ ပါဠိကို မှန်ကန် ပြည့်စုံစွာ ရေးပြ၍/ 'ယာမကာလိကံသတ္တာဟကာ-လိကံ ယာဝဇီဝိကံ အာဟာရတ္ထာယ ပဋိဂ္ဂဟေတွာ အဇ္ဈောဟရတိ အာပတ္တိဒုက္ကဋဿ' ဟူသော ပဌမ ပါဋိဒေသနီ သိက္ခာပုဒ် ပါဠိတော်၌ ပါရှိသော ယာဝဇီဝိကံ ပုဒ်၏ အရကို တိကျစွာ ဖော်ပြပါ။

( ၁၂ ) ဟေ ဘိက္ခုနီ အဖြစ်ဖြင့် ရဟန်း ဖြစ်ကြသော ဘိက္ခုနီမများ ရှိ - မရှိ အကြောင်းပြကာ ဆုံးဖြတ်ပြီးလျှင်/ ကာယသံသဂ္ဂရာဂ ရှိကြသော ဘိက္ခု ဘိက္ခုနီ နှစ်ဦးတို့တွင် တဦးဦးက တဦးဦးကို သုံးသပ်ရာဝယ် အသုံးသပ်ခံရသူက မတုန်မလှုပ်စိတ်ဖြင့် သာယာခဲ့သော် ထိုအသုံးသပ်ခံ ဘိက္ခု ဘိက္ခုနီတို့ကို အဘယ် အာပတ်ဖြင့် ဆုံးဖြတ်ရမည် - မဆုံးဖြတ်ရမည် ဤနှစ်လီကို အကြောင်းပြလျက် ဖော်ပြပါ။ ၁၀–မှတ်စီ။

# (ခ) တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲ

## (၃) ဝိနယပိဋက (မဟာဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၀ - ခုနှစ်၊ တပို့တွဲလဆန်း ၁ - ရက်။ (၂၀ - ၁ - ၇၉)

—

(၁) မဟာခန္ဓက ပါဠိတော် အလိုအားဖြင့် ဘုရားရှင်သည် မည်သည့် နေ့ - မည်သည့်အချိန်၌ ပဋိစ္စသမုပ္ပာဒ်ကို ဆင်ခြင်တော်မူ၍ 'ယဒါ ဟဝေ' စသော ဥဒါန်းဂါထာတော်ကို ကျူးရင့်တော်မူပါသနည်း၊ မှတ်သားလောက်အောင် ဖော်ပြ၍/ 'ယော ဗြဟ္မဏော ဗာဟိတပါပဓမ္မော' စသော ဂါထာ၌ ပါဝင်သော 'ယတတ္တော' ပုဒ်ကို အဋ္ဌကထာဖွင့်နှင့် အညီ နှစ်နည်း အနက်ပေးပါ။

(၂) ယသပဗ္ဗဇ္ဇာ ကထာ - ၌ ပါရှိသော 'သွာက္ခာတော ဓမ္မော၊ စရဗြဟ္မစရိယံ' စသော စကားရပ်၌ 'ဗြဟ္မစရိယံ' ပုဒ်၏ အရကို အန္ဒယ ဗျတိရေက အားဖြင့် ဖော်ပြ၍/ ဘုရားသခင်သည် အဘယ်အကျိုးငှာ ယသ၏ မယ်တော်နှင့် မယားတို့အား သွမ်းစားတော်မမူမီ ရှေးဦးစွာ တရားဟောတော်မူရသည်ကိုလည်း ပြည့်စုံစွာ ညွှန်ပြပါ။

(၃) ဘုရားရှင်သည် ဥရုဝေလကဿပ၏ သင်္ခမ်းကျောင်း၌ နဂါးမင်းကို ဆုံးမသည်မှ စ၍ ဥရုဝေလကဿပ ရဟန်း ဖြစ်သည့်တိုင်အောင် တန်ခိုးပြာဋိဟာ အကြိမ် မည်မျှပြပါသနည်း၊ တိကျစွာ သချၤာမျှသာ ထုတ်ပြ၍/ သောတာပတ္တိမဂ်ကို ထိုးထွင်း၍ သိခြင်းဖြင့်ပင် ဗိမ္ဗိသာရမင်းကြီးမှာ သရဏဂုံ တည်ပြီး ဖြစ်ပါလျက် အဘယ့်ကြောင့် 'ဧသာဟံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ' စသော စကားကို မင်းကြီးက ထပ်မံ၍ လျှောက်ထားရပါသနည်း၊ ပြည့်စုံစွာ ရှင်းပြပါ။

(၄) ဥပဇ္ဈာယဝတ္တ ကထာ - ဝယ် 'ဥပဇ္ဈာယော အာပတ္တိ သာမန္တာ ဘဏမာနော နိဝါရေတဗ္ဗော'၌ မည်သို့ ဆို၍ တားမြစ်သင့်သည် - မတားမြစ်သင့်သည် ဤနှစ်လီကို ရှင်းပြပြီးလျှင်/ 'နိဝတ္တန္တေန ပဋမတရံ အာဂန္တွာ အာသနံ ပညပေတဗ္ဗံ'၏ အဓိပ္ပာယ်ကို အဋ္ဌကထာ လာတိုင်း ပြည့်စုံစွာ ဖော်ပြပါ။

(၅) 'န ဘိက္ခဝေ ဣဏာယိကော ပဗ္ဗာဇေတဗ္ဗော' - ၌ ဣဏာယိက၏ အရကို အပြည့်အစုံ ထုတ်ပြ၍/ ကြွေးရှိမှန်း သိလျက် ရှင် ရဟန်း ပြုပေးအပ်သော သူသည် ကြွေးရှင်တို့ လိုက်လာ၍ ထွက်ပြေးခဲ့သော် ယင်းကို ခေါ်၍ ကြွေးရှင်တို့အား မအပ်နှံသော ဆရာ ရဟန်းမှာ အဘယ် အပြစ် ဖြစ်နိုင်ပါသနည်း၊ အကြောင်းပြလျက် ဆုံးဖြတ်ချက် ချပြပါ။

(၆) 'အနုဇာနာမိ ဘိက္ခဝေ ဒွေ တယော ဧကာနုဿာဝနေ ကာတုံ' ပါဠိကို

မှန်ကန်စွာ အနက်ပေးပြီးလျှင်/ ရဟန်းလောင်း သုံးပါးထက် အလွန် တပြိုင်နက် ကမ္မဝါစာ ဘတ်၍ ကံပြိုကောင်း - မပြိုကောင်း မှတ်သားလောက်အောင် အကြောင်း လုံလောက်စွာ ပြလျက် ဆုံးဖြတ်ပါ။

( ၇ ) သတ္တာဟ ကရဏီယကြောင့် အရပ်တပါး မသွားမီ ရှေးအဘို့၌ ၇ - ရက်အတွင်း ပြန်လာအံ့ဟု နှလုံးသွင်းပြီးလျှင် သွားသောအခါ၌ မေ့လျော့၍ ဝါမပန်ဘဲ သွားခဲ့သော် အပြစ် ရှိ - မရှိ၊ ဝါပန်ပြီး၍ ၇ - ရက်မြောက်နေ့၌ ပြန်လာပြီးလျှင် အရုဏ်မတက်စေဘဲ ထိုနေ့၌ပင် တခြားသို့ သွားကောင်း - မသွားကောင်း၊ သွားသော် ဝါပြတ် - မပြတ် အကြောင်းအချက် စုံစွာ ရှက်၍ ဆုံးဖြတ်ချက် ချပြပါ။

( ၈ ) ပဝါရဏာသင်္ဂဟဌာန - ၌ ဆန္ဒ ပေးသင့် - မပေးသင့် လုံလောက်သော အကြောင်းပြလျက် ဆုံးဖြတ်ချက် ချပြီးလျှင်/ ပဝါရဏာသင်္ဂဟ ပေးသင့်ရာ ပုဂ္ဂိုလ် - မပေးသင့်ရာ ပုဂ္ဂိုလ်တို့ကိုလည်း ပြည့်စုံစွာ ဖော်ပြပါ။

( ၉ ) အဘပ်များသော ဘိနပ် နှင့် အဝတ်ဖြင့် ပွတ်တိုက်သော်လည်း အရောင်မပျက် နိုင်သော အညိုရောင် ဆိုးရေ စသည်ဖြင့် သားရေနံ့ ပျောက်အောင် ဆိုးအပ်သော ဘိနပ်တို့ကို ရဟန်းတော်များ စီးကောင်း - မစီးကောင်း ယုတ္တိပြကာ ရှင်းလင်းစွာ ဆုံးဖြတ် ပြီးလျှင်/ မဟာရင် မဟာနာမ အဆင်းတို့ကိုလည်း ပေါ်လွင်အောင် ဖော်ပြပါ။

( ၁၀ ) 'ယာဝကာလိကေန ဘိက္ခဝေ သတ္တာဟကာလိကံ တဒဟုပဋိဂ္ဂဟိတံ ကာလေ ကပ္ပတိ' ပါဠိတော်ကို နည်းယူလောက်အောင် အပြည့်အစုံ မှန်ကန်စွာ အနက်ယောဇနာ၍/ အကပ်ခံပြီး၍ နှစ်ရက်မြောက်သော ပျားရည် နှင့် လွန်ခဲ့ပြီးသော ငါးရက်က အကပ်ခံ ထားအပ်သော တမာရွက်မှုန့်ကို ရောနှော၍ စားရာ၌ ရက်ပေါင်း မည်မျှ စားအပ်ပါ သနည်း၊ တိကျစွာ ဖော်ပြပါ။

( ၁၁ ) သံဃာ၏ ဟတ္ထပါသ် အတွင်း၌ မနေမူ၍ သိမ်ပြင်ပ၌ နေသော ကထိန်ခံမည့် ရဟန်းအား သိမ်တွင်းမှ နေ၍ သံဃာက ကမ္မဝါစာ ဘတ်လျက် ကထိန်သင်္ကန်း ပေးသော် သင့် - မသင့် အကြောင်းပြလျက် ဆုံးဖြတ်ပြီးလျှင်/ ကထိန်ခင်းပြီးသော် ကထိန်သင်္ကန်းနှင့် တကွ များစွာသော အာနိသင် ပစ္စည်းတို့၌ ပြုလုပ်ရမည့် အစီအစဉ်ကို အဋ္ဌကထာ လာတိုင်း ပြည့်စုံစွာ ဖော်ပြပါ။

( ၁၂ ) တစုံတယောက်အား မပေးမူ၍ ပျံလွန်သွားသော ရဟန်း၏ ရွာတွင်း၌ ရှိသော ပစ္စည်းကို အဘယ်ပုဂ္ဂိုလ်တို့ ပိုင်ဆိုင်သည်ကို အကြောင်းပြလျက် ဆုံးဖြတ်ပြီးလျှင်/ အချားဆိုင် ဗဟုသန္တက ပစ္စည်းကို သဒ္ဓိဝိဟာရိက စသူတို့အား မည်ကဲ့သို့ ပေးသော် သုဒိန္န ဖြစ်သည် - မဖြစ်သည်ကို အကြောင်းအချက် စုံစွာ စွက်၍ ရှင်းလင်းစွာ ဝိနိစ္ဆယ ချပြပါ။

၁၀ — မှတ်စီ

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၄) ဝိနယပိဋက (စူဠဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၀ - ခုနှစ်၊ တပို့တွဲလဆန်း ၂ - ရက်၊ (၂၉ - ၁ - ၇၉)

---

(၁) မိမိ ကိုယ်တိုင် ငြင်းခုံ ခိုက်ရန် စသည် ပြုလုပ်၍ တပါးသော ဘဏ္ဍနကာရက ရဟန်းထံ ချဉ်းကပ်၍ 'မာ ခေါ တုမှေ သော အဇေသိ' စသော စကားကို မဆိုသော ရဟန်းအား ပြုလုပ်သင့်သော ကံကို ဖော်ပြ၍/ ယင်းကံကို ပြုလုပ်ရာ၌ ဘတ်အပ်သော ကမ္မဝါစာ၏ ဉတ်ပါဠိမျှကိုသာ အပိုအလို မရှိ မှန်ကန်စွာ ရေးပြပါ။

(၂) ပဋိသာရဏီယကမ္မ ကထာ သုဓမ္မ ဝတ္ထု အဖွင့် အဋ္ဌကထာ - လာ ကြက်ငယ် ဥဒါဟရဏ်ဝယ် 'ယထာ သော နေဝကာကဝဿိတံ၊ န ကုက္ကုဋဝဿိတံ အကာသိ၊ ဧဝံ တယာပိ နေဝ ဘိက္ခုဝစနံ၊ န ဂိဟိဝစနံ ဝုတ္တံ' ၌ 'နေဝ ဘိက္ခုဝစနံ၊ န ဂိဟိဝစနံ'၏ အဓိပ္ပာယ်ကို ဖော်ပြ၍/ အာကင်္ခမာန စတုက္ကလာ 'ပဉ္စန္နံ ဘိက္ခဝေ ဘိက္ခူနံ အာကင်္ခ-မာနော သံဃော ပဋိသာရဏီယကမ္မံ ကရေယျ' စသော စကားကို အဘယ်အကျိုးငှာ ဟောတော်မူရသည်ကိုလည်း ရှင်းပြပါ။

(၃) ပါရိဝါသိကတို့အား ခွင့်ပြုအပ်သော ဩဏောဇနကို ပကတတ်ရဟန်းများ ရနိုင် - မရနိုင် အကြောင်းပြ၍ ဆုံးဖြတ်ပြီးလျှင်/ ရတ္တိစ္ဆေဒ သုံးပါးပြ ပုဒ်တို့တွင် သဟ-ဝါသော ပုဒ်၏ ဂဗ္ဘဘာဝ နိဝေသနဘာဝ ကို ထုတ်ပြ၍/ မာနတ္တစာရီက ရဟန်းသည် ပကတတ်ရဟန်း သုံးပါးထံ၌ ကြား၍ ကျင့်သော် ရတ္တိစ္ဆေဒ ဖြစ် - မဖြစ်ကိုလည်း အကြောင်း ဖော်ကာ ဆုံးဖြတ်ပါ။

(၄) ပကတတ်ရဟန်းသည် အန္တရာယ်ရှိရာ၌ အန္တရာယ် မရှိဟု အမှတ်ရှိလျက် အာပတ်ကို ဖုံးလွှမ်းခဲ့သော်လည်းကောင်း ဥက္ခိတ္တက ရဟန်းသည် အာပတ်ကို ဖုံးလွှမ်းခဲ့သော်လည်းကောင်း ဖုံးလွှမ်းရာ ရောက် - မရောက်၊ ဝတ်ဆောက်တည်ရာ၌ 'အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ ဧကာဟပ္ပဋိစ္ဆန္နာယော' စသည်ဖြင့် ဆိုခြင်းငှာ သင့် - မသင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(၅) သမထက္ခန္ဓက သမ္မုခါဝိနယ ကဏှပက္ခ နဝက - လာ 'သညာပေတိ၊ နိဇ္ဈာ-ပေတိ၊ ပေက္ခေတိ၊ အနုပေက္ခတိ၊ ဒဿေတိ၊ အနုဒဿေတိ' ပုဒ်တို့၏ အဓိပ္ပာယ်ကို ပေါ်လွင် ထင်ရှားအောင် ဖော်ပြ၍/ အမူဠှ ဝိနယ သမထ - လာ 'ဘိက္ခူ ဂဂ္ဂံ ဘိက္ခုံ ဥမ္မတ္တကေန စိတ္တဝိပရိယာသကတေန အဇ္ဈာစိဏ္ဏေန အာပတ္တိယာ စောဒေန္တိ သရတာ-ယသ္မာ ဧဝရူပိံ အာပတ္တိံ အာပဇ္ဇိတာတိ' ပါဠိကို အဋ္ဌကထာ ဋီကာ အဖွင့်တို့နှင့် အညီ မှန်ကန်စွာ အနက်ပေးပါ။

(၆) အဘယ်ကို ကုရုဝိန္ဒကသုတ္တိ ပုသုပါဏိကာ ခေါ်သည်ဟု ထင်ရှားစွာ ရှင်းပြ၍၊ ရေသနုပ် အဝတ်ကျစ်ဖြင့် ကျောက်ကုန်းကို ပွတ်တိုက်၍ ရေချိုးခြင်းငှာ အပ်သော ရဟန်း-မအပ်သော ရဟန်းတို့ကို အကြောင်းနှင့် တကွ တိကျစွာ ဖော်ပြပြီးလျှင်၊ ကြေးဖြူခွက်ကို ရဟန်းတော်များ ဘယ်ပုံ ဘယ်နည်း သုံးစွဲသော် အပ်-မအပ်ကိုလည်း မှတ်သားလောက်အောင် ဆုံးဖြတ်ပြပါ။

(၇) သေနာသနက္ခန္ဓက-လာ 'သံဃဿ အာသန္ဒိကော ဥပ္ပန္နော ဟောတိ' ပါဠိ၌ အာသန္ဒိက၏ သရုပ်ကို ထုတ်ပြ၍၊ ဤ၌ လိုအပ်သော အာသန္ဒိကကို အကြောင်းပြလျက် ညွှန်ပြပြီးလျှင်၊ ယင်းအာသန္ဒိကတို့၏ အပ်သော အခြေ (ခြေထောက်) ပမာဏတို့ကိုလည်း ဖော်ပြပါ။

(၈) ဘိသိ ငါးပါးတွင် ဥဏ္ဏာဘိသိ၌ ဥဏ္ဏ၏ အရ နှင့် ပဏ္ဏာဘိသိ၌ ပဏ္ဏ၏ အရတို့ကို အပြည့်အစုံ ထုတ်ပြ၍၊ မအပ်သော ဂေါနက စသော သားမွေးအခင်းတို့ကို ဘုံလျှို၌ ထည့်သွင်း၍ အိပ်ခြင်းငှာ သင့်-မသင့် အကြောင်းပြကာ ဆုံးဖြတ်ပါ။

(၉) သေနာသနက္ခန္ဓက နဝကမ္မဒါနကထာ-လာ ကမ္မဝါစာ၏ နိဂုံး ပါဠိကို ထုတ်၍ ဋီကာဖွင့်နှင့် အညီ နှစ်နည်း အနက် ယောဇနာပြီးလျှင်၊ 'န ဘိက္ခဝေ နိဿီမေ ဌိတဿ သေနာသနံ ဂါဟေတဗ္ဗံ' ပါဠိကိုလည်း နည်းယူလောက်အောင် အဖွင့်များနှင့် အညီ အနက် သမ္ဗန်ပါ။

(၁၀) ကျောင်းတိုက်တွင်းသို့ ဝင်ပြီး 'သံဃဿ ဒေမ' ဟု ဆို၍ ဒါယကာတို့က တပိုင်နက်တည်း လှူဒါန်းအပ်သော များစွာသော ညောင်စောင်း-ကျောင်းတိုက် ပြင်ပ၌ ထို့အတူ ဆို၍ လှူဒါန်းအပ်သော ညောင်စောင်း၌ ပြုကျင့်ရမည့် အစီအရင်ကို ပြည့်စုံစွာ ဖော်ပြ၍၊ ဂရုဘဏ် လောက်သော ထွေးခံ-သောက်ရေခွက်တို့ကိုလည်း ထုတ်ပြပါ။

(၁၁) ဥဒ္ဒေသဘတ္တကထာ အဋ္ဌကထာ-လာ ဃရူပစာရ ၄ ပါးတွင် ဧကဃရ ဧကူပစာရ-ဧကဃရနာနူပစာရ-နာနာဃရဧကူပစာရ တို့ကို ပြည့်စုံစွာ ဖော်ပြ၍၊ ဧကဃရ နာနူပစာရ၌ ဖြစ်သော ဥဒ္ဒေသလာဘ်ကို ရနိုင်သော ရဟန်း-မရနိုင်သော ရဟန်းတို့ကိုလည်း ညွှန်ပြပါ။

(၁၂) အနုမောဒနဝတ္တကထာ-လာ 'အနုဇာနာမိ ဘိက္ခဝေ ဘတ္တဂ္ဂေ စတူဟိ ပဉ္စဟိ ထေရာနုထေရေဟိ ဘိက္ခူဟိ အာဂမေတုံ' ပါဠိတော်၏ အဓိပ္ပာယ်ကို အပြည့်အစုံ ဖော်ပြ၍၊ ဆွမ်းအနုမောဒနာ ပြုဘို့ရန် မိမိတို့ သဘောကျသော ရဟန်းတပါးကို ဒါယကာတို့က တောင်းပန်လျှင် ထိုတောင်းပန်ခံရသော အနုမောဒက ရဟန်းသည် မဟာထေရ်ထံ ခွင့်ပန်ဘွယ် လို-မလို၊ မဟာထေရ်ကလည်း စောင့်နေဘွယ် လို-မလို ယှဉ်တွဲပြကာ မှတ်သားဘွယ် ဖြစ်အောင် ဆုံးဖြတ်ပြပါ။ ၁၀ – မှတ်စီ။

## (စ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၅) ဝိနယပိဋက (ပရိဝါရ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၀ - ခုနှစ်၊ တပို့တွဲလဆန်း ၃ - ရက်။ (၃၀-၁-၇၉)

---

(၁) 'ယံ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ပဌမံ ပါရာဇိကံ ကတ္ထ ပညတ္တံ' ပါဠိကို အနိမယ ထည့်စွက်၍ ဇာနတာ ပဿတာ-၌ ကမ္မဒဿန ယောဇနာနည်းဖြင့် မှန်ကန်စွာ အနက် ယောဇနာပါ။

(၂) (ကတ္ထ ပညတ္တိဝါရ-လာ) 'အနုပသမ္ပန္နေန ဥတ္တရိ ဒိရတ္တတိရတ္တံ သဟသေယျံ ကပ္ပေန္တဿ ပါစိတ္တိယံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ၊ အတ္ထိ တတ္ထ ပညတ္တိ အနုပညတ္တိ ဆန္နံ အာပတ္တိသမုဋ္ဌာနာနံ ကတိဟိ သမုဋ္ဌာနေဟိ သမုဋ္ဌာတိ' ဟူသော ပုစ္ဆာ၏ ဝိဿဇ္ဇနာ ပါဠိနှင့် (ကတာပတ္တိဝါရ-လာ) 'နိမန္တိတော သဘတ္တော သမာနော ပုရေဘတ္တံ ပစ္ဆာဘတ္တံ ကုလေသု စာရိတ္တံ အာပဇ္ဇန္တော ကတိ အာပတ္တိယော အာပဇ္ဇတိ' ဟူသော ပုစ္ဆာ၏ ဝိဿဇ္ဇနာ ပါဠိတို့ကို ထုတ်ပြပါ။

(၃) အောက်ပါ သိက္ခာပုဒ်တို့သည် သမုဋ္ဌာန် ၆ ပါးတို့တွင် အဘယ် သမုဋ္ဌာန်ကြောင့် ဖြစ်ကြပါသနည်း၊ အသီးသီး ရှင်းပြပါ။

(က) ဦနပဉ္စ ဗန္ဓနပတ္တ၊ (ခ) ဒုဋ္ဌုလ္လာပတ္တိရောစန၊
(ဂ) ရဟောနိသဇ္ဇ၊ (ဃ) ဆန္ဒံ အဒတွာ ဂမန၊
(င) ဝိကာလ ဂါမပ္ပဝေသန။

(၄) (အန္တရပေယျာလ ကတိပုစ္ဆာဝါရ-လာ) 'ကတိ အာပတ္တိယော' အစ 'ကတိ သမထာ' အဆုံးရှိသော ပုစ္ဆာတို့တွင် ကတိဝိပတ္တိယော ပုစ္ဆာသည် အဘယ်ပုစ္ဆာဖြစ်နိုင်သနည်း၊ အကြောင်းနှင့် တကွ ရှင်းပြ၍/ကတိ ဝိနီတဝတ္ထူနိ ဟူသော ပုစ္ဆာ နှစ်ခုတို့၏ အထူးကိုလည်း ဖော်ပြပါ။

(၅) (ခန္ဓက ပုစ္ဆာဝါရ-၌) အာပတ် မည်သည် ပုဂ္ဂိုလ်အားသာ ဖြစ်ရကား ပုဂ္ဂိုလ်၏သာ အာပတ် ဖြစ်ထိုက်၏၊ ပုဒ်တို့၏ အာပတ် မဖြစ်ထိုက်ပါဘဲလျက် အဘယ့်ကြောင့် 'သမုက္ကဋ္ဌပဒါနံ ကတိ အာပတ္တိယော' ဟူ၍ ပုဒ်တို့၏ အာပတ် အဖြစ်ဖြင့် ညွှန်ပြတော်မူရပါသနည်း၊ ရှင်းပြပြီးလျှင်/ ယင်းဝါရဝယ် စတုတ္ထ ဝိဿဇ္ဇနာ ဂါထာ၌

ပါသော တိဿော အာပတ္တိယော၏ အရကို အာပတ်သင့်ပုံ အခြင်းအရာနှင့် တကွဲ ဖော်ပြပါ။

(၆) ပဌမ ဂါထာ သင်္ဂဏိက စတုဝိပတ္တိကထာ-ဝယ် အမေး ပြုထားနာ၌ သီလ ဝိပတ္တိ မည်သည် မရှိပါဘဲလျက် 'ယေ ဒုဋ္ဌုလ္လာ သာ သီလဝိပတ္တိ' ဟူ၍ ဟောတော်မူရ ခြင်း၏ အကြောင်းကို ဖော်ပြ၍/ အဘယ့်ကြောင့် 'ပါရာဇိကံ သံဃာဒိသေသော၊ သီလ ဝိပတ္တိတိ ဝုစ္စတိ' ဟု ဆက်၍ ဟောတော်မူရပါသနည်း၊ ရှင်းပြပါ။

(၇) စောဒနာကဏ္ဍ စောဒကာဒိ ပဋိပတ္တိကထာ-လာ 'ဥပေါသထော သမဂ္ဂတ္တာ-ယ ဝိသုဒ္ဓတ္တာယ ပဝါရဏာ' ဟူသော စကား နှစ်ရပ်၏ အဓိပ္ပာယ်ကို နယဂ္ဂါဟ ဖြစ်အောင် ရှင်းလင်း ပြည့်စုံစွာ ဖော်ပြပါ။

(၈) စူဠသင်္ဂါမ အနုဝိဇ္ဇက ပဋိပတ္တိကထာ-လာ 'သင်္ဂါမာဝစရေန ဘိက္ခုနာ' ၌ သင်္ဂါမ သင်္ဂါမာဝစရ မည်ကြောင်း နှင့် ယင်းတို့၏ အရကို တိကျစွာ ကောက်ပြ၍/ 'အရိယောဝ တုဏှီဘာဝေါ နာတိမညိတဗ္ဗာ' ၏ အဓိပ္ပာယ်ကိုလည်း မှတ်သားလောက် အောင် ဖော်ပြပါ။

(၉) ဥပါလိပဉ္စက နပ္ပဋိပ္ပဿမ္ဘနဝဂ္ဂ ကထာ-လာ 'န ယထာ ဒိဋ္ဌိယာ ဗျာကတာ ဟောတိ' ၏ အဓိပ္ပာယ်ကို ဖော်ပြ၍/ ဝေါဟာရဝဂ္ဂကထာ-လာ 'သုတ္တံ န ဇာနာတိ၊ မမ္မာနုလောမံ န ဇာနာတိ၊ ဝိနယံ န ဇာနာတိ' စကားရပ်တို့၌ ပါဝင်သော သုတ္တ-မမ္မာနုလောမ ဝိနယ တို့၏ အရကို ကောက်ပြပါ။

(၁၀) ဥပါလိပဉ္စက ဥဗ္ဗာဟိကဝဂ်-၌ 'ကောဓနော ဟောတိ ကောဓာဘိဘူတော' အစရှိသော စကားတို့ကို ဟောတော်မူရခြင်း၏ အကြောင်းကို ဖော်ပြ၍/ 'ပသာရေတာ ဟောတိ နော သာရေတာ' ပါဠိကို အဋ္ဌကထာဖွင့်နှင့် အညီ အနက်ပေးပါ။

(၁၁) ဒုတိယ ဂါထာသင်္ဂဏိက ကာယိကာဒိ အာပတ္တိကထာ-လာ 'ဆာပတ္တိယော ကာယိကာ၊ ဆ ဝါစသိကာကတာ' ၌ ပါသော ဆ သချာ သဒ္ဒါ နှစ်ခုတို့၏ သချေယျ အာပတ်တို့ကို အာပတ္တိ အာပတ္တနာကာရနှင့် တကွ အပြည့်အစုံ ဖော်ပြပါ။

(၁၂) ဥတ္တိ ဒုတိယ ကမ္မဝါစာ ရွတ်ဘတ်၍သာ ပြုအပ်သော ဥတ္တိ ဒုတိယကံ-ပန် ကြား၍လည်း ပြုအပ်သော ဥတ္တိဒုတိယကံ တို့ကို အကြောင်းနှင့် တကွ ထုတ်ပြ၍/ ယင်းဥတ္တိဒုတိယကံကို ဥတ္တိစတုတ္ထကံ၏ အစွမ်းဖြင့် ပြုသော် ဒုက္ကဋ ဖြစ်၏ဟု ဆိုကြသော ဆရာတို့၏ စကားကို ယူသင့်-ပယ်သင့် ဤနှစ်ဆင့်ကို အကြောင်းနှင့် တကွ ဆုံးဖြတ်ပါ။

၀၀ — မှတ်စီ။

# ( ခ ) တိပိဋကဓရ သဘောတရားဖြေ စာမေးပွဲ

## ( ၁ ) အဘိဓမ္မာပိဋက ( ဓမ္မသင်္ဂဏီ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၃ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ - ရက်၊ ( ၂၆ - ၁ - ၆၂ )

—

( ၁ ) အဝိတက္က ဝိစာရမတ္တာ မျှကိုသာ မဟောဘဲ မတ္တ သဒ္ဒါ ထည့်စွက် ဟောရပုံကို ရှင်းပြ၍/ခယေ ဉာဏံ- ၌ အဘယ်ဉာဏ် - အနုပ္ပါဒေ ဉာဏံ-၌ အဘယ်ဉာဏ်များ များကို ယူရမည် ဟု နိက္ခေပပါဠိတော် အသီး အသီး ပြ၍ ဝိနိစ္ဆယ ချခဲ့ပါ။

( ၂ ) ကတမေ ဓမ္မာ ကုသလာ စသည်ဖြင့် ဟောတော်မူအပ်သော ပဒဘာဇနီ ဥဒ္ဒေသဝါရ ပါဠိတော်ကို ပုစ္ဆာ သမယ နိဒ္ဒေသ ဓမ္မုဒ္ဒေသ အပ္ပနာ အား ဖြင့် ပိုင်းခြား ပြပြီးလျှင်/ မာတိကာ ပါဠိတော် ကဲ့သို့ ပဒါနုက္ကမ အတိုင်း ကုသလာ ဓမ္မာ ဟု မဟောဘဲ ပဒဘာဇနီ၌ ဓမ္မာ ကုသလာ ဟု ဟောတော်မူ ခြင်း အကြောင်းကို ဉာဏ်မီသမျှ ရှင်းပြခဲ့ပါ။

( ၃ ) ကောဋ္ဌာသဝါရ—ကတမော တသ္မိံ သမယေ ပဉ္စင်္ဂိကော မဂ္ဂေါ ဟောတိ- ၌ မဂ္ဂင် မည်ပုံကို အဋ္ဌကထာ အလိုကျ ရေး၍/ မဂ္ဂင်ရှစ်ပါး ရှိပါလျက် ပဉ္စင်္ဂိကော ဟု ဟောရခြင်း၏ အကြောင်းကိုလည်း ဖော်ပြပါ။

( ၄ ) စိတ္တုပ္ပါဒကဏ္ဍ ရူပါဝစရ ကုသလကထာ - ၌ ဝိကုဗ္ဗနိဒ္ဓိကို လိုသော ယောဂီ သည် ကသိုဏ်း ဆယ်ပါးတို့တွင် အားထုတ်အပ်သော ကသိုဏ်းတို့ကို ဖော်ပြ၍/ ပဌမ အဘိဘာယတန လာ နီလာနိ-နီလဝဏ္ဏာနိ- နီလနိဒဿနာနိ-နီလ နိဘာသာနိတို့၏ သဘာဝတ္ထများနှင့်တကွ ထိုသို့လေးပါးသာ ဟောရကြောင်း ကို ရှင်းပြပါ။

( ၅ ) အရူပါဝစရကုသလ ပဒ - ၌ ပဋိဃသညာနံ အတ္ထင်္ဂမာ ဟူသော ပုဒ်၏ ပိဏ္ဍတ္ထ အဓိပ္ပာယ်ကို ဖော်ပြ၍/ ရနိုင်သမျှ ပဋိဃသညာ အပြားကိုလည်း ရေတွက် ခဲ့ပါ။

( ၆ ) သုဒ္ဓိကပဋိပဒါ ဝါရ — ယာ တေသံ ဓမ္မာနံ အနုညာတာနံ - ၌ တေသံ ဓမ္မာနံ - ၏ အရကို ဖော်ပြ၍/ သောတာပတ္တိမဂ်ဖြင့် ထိုတရားတို့ကို သိဘူးပြီး

ဖြစ်လျက် အနညာတာနံဟု ဟောတော်မူခြင်း၏ အကြောင်းကိုလည်း ရှင်းလင်းခဲ့ပါ။

( ၇ ) မိစ္ဆာဒိဋ္ဌိတို့၏– ( က ) မိမိ ဆရာ စသည်တို့၌ ယုံကြည်ခြင်း-
( ခ ) မိမိ ပြုအပ်သော အမှု၌ အောက်မေ့ခြင်း–
( ဂ ) လှည့်ပတ်တတ်သော ဝဥ္စနပညာ·

တို့သည် အဘယ်တရားများ ဖြစ်သင့်သည်ကို အဋ္ဌကထာ ဋီကာ ထောက်ဆဖြေရှင်းပြပါ။

( ၈ ) စိတ္တဲဿကဂ္ဂတာ နိဒ္ဒေသ - ၌ ယာ တသ္မိံ သမယေ စိတ္တဿ ဌိတိ သဏ္ဌိတိ အဝဋ္ဌိတိ ဟူ၍ ကုသလပက္ခ အကုသလပက္ခ နှစ်ဌာနတို့၌ ဟောတော်မူရာ အဝဋ္ဌိတိ နှစ်ပါး ထူးခြားဟန်ကိုပြ၍ / အဗျာကတပဒ၌လည်း စိတ္တဿဌိတိ သဏ္ဌိတိ အဝဋ္ဌိတိ ဟူ၍ မဟောရခြင်း အကြောင်းကို ရှင်းပြခဲ့ပါ။

( ၉ ) ရူပကဏ္ဍ ဒုကနိဒ္ဒေသ- လာ ယမ္ပိ စက္ခုမ္ပိ အနိဒဿနမ္ပိ သပ္ပဋိဃမ္ပိ ရူပံ သနိဒဿနံ သပ္ပဋိဃံ ပဋိဟညိ ဝါ ပဋိဟညတိ ဝါ ပဋိဟညိဿတိ ဝါ ပဋိဟညေ ဝါ - ၌ ပဋိဟညိ ဝါ စသော ၄ - ပုဒ်တို့၏ အဓိပ္ပာယ်ကို ရှင်းပြခဲ့ပါ။

( ၁၀ ) ဒုကနိက္ခေပ အာသဝနိဒ္ဒေသ- လာ 'ဘဝါသဝ 'အရကို အဋ္ဌကထာ အလိုကျ ကောက်ပြပြီးလျှင်/ ဒိဋ္ဌိနှင့် တကွ ဖြစ်သော ရာဂသည် ကာမာသဝ မည် - မမည် အဋ္ဌကထာ ဋီကာ ဝါဒစုံ အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

( ၁၁ ) သုတ္တန္တိက ဒုကနိက္ခေပ ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသ ကမ္မဿကတညာဏ်- လာ သကကမ္မ နောသကကမ္မ အရတို့ကို အကြောင်းပြ၍ ကောက်ပြပြီးလျှင် / ၎င်းဉာဏ်၏ ဖြစ်ရာ ဌာနတို့ကိုလည်း ရေတွက်ပြခဲ့ပါ။

( ၁၂ ) အဋ္ဌကထာကဏ္ဍ အတီတာရမ္မဏတိက -၌ အနာဂတံသညာဏ်သည် ကေန္တအားဖြင့် အနာဂတ်တရားသာလျှင် အာရုံ ရှိပါလျက် အဘယ့်ကြောင့် နိယောဂါ အနာဂတာရမ္မဏာ နတ္ထိ ဟူ၍ ဟောတော်မူရပါသနည်း၊ ရှင်းပြပြီးလျှင်/ နိက္ခေပကဏ္ဍ နှင့် အဋ္ဌကထာကဏ္ဍ- လာ ပိဋ္ဌိဒုက နိယတမမ္မတို့၏ ထူးခြားဟန်ကိုလည်း ရေးသားခဲ့ပါ။

၁၀—မှတ်စီ။

# (ခ) တိပိဋကဓရ သဇ္ဈာယရေးဖြေ စာမေးပွဲ

## (၂) အဘိဓမ္မာပိဋက (ဝိဘင်္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၃-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇-ရက်။ (၂၇-၁-၆၂)

---

(၁) ယံကိဉ္စိ ရူပံ အတီတာနာဂတ ပစ္စုပ္ပန္နံ စသည်ဖြင့် ရုပ်တို့၏ ပေါင်းစုပုံကို ပြသည့် ခန္ဓ ဝိဘင်း သုတ္တန္တဘာဇနီယ ရူပက္ခန္ဓ နိဒ္ဒေသ ပါဠိတော်၌ ရအပ်သော ဩကာသ (၁၁) ပါး-ရူပကောဋ္ဌာသ (၂၅) ပါး တို့ကို ရေးသားခဲ့ပါ။

(၂) အာယတနဝိဘင်္ဂ—သုတ္တန္တဘာဇနီယ အဘိဓမ္မဘာဇနီယတို့၏ အာယတနက္ကမကို အသီးသီး ဖော်ပြပြီးလျှင်/အဘိဓမ္မဘာဇနီယ ဓမ္မာယတန နိဒ္ဒေသ အသင်္ခတ ဓာတု ဒေသနာ ပါဠိတော်ကိုလည်း အနက် သမ္ဗန်ခဲ့ပါ။

(၃) ဓာတုဝိဘင်္ဂ—သုတ္တန္တဘာဇနီယ လာ ဒုတိယ ဓာတုဆက္ကတရားများကို ရေးသားပြီးလျှင်/ဥပေက္ခာ နှင့် အဝိဇ္ဇာတို့၏ သရိက္ခကဓာတ် ဖြစ်ပုံကိုလည်း သိသာရှိပြခဲ့ပါ။

(၄) မြတ်စွာဘုရားသည် ဝဋ္ဋကထာကို ဟောရာ၌ အဝိဇ္ဇာ နှင့် ဘဝတဏှာကိုသာ အဘယ်ကြောင့် အဦးမူ၍ ဟောပါသနည်း၊ ဖော်ပြ၍/ရူပတဏှာ စသော တပါးပါးက ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ ဟူ၍ သုံးပါး ပြားရခြင်း အကြောင်းကိုလည်း ရေးခဲ့ပါ။

(၅) စတ္တာရော သတိပဋ္ဌာနာ ဣဓ ဘိက္ခု အဇ္ဈတ္တံ ကာယေ ကာယာနုပဿီ ဝိဟရတိ-၌ မြတ်စွာဘုရားသည် ဤသတိပဋ္ဌာန ဝိဘင်းကို နတ်ပြည်၌ ဟောသော အခါ အနီး၌ ရဟန်းတပါးမျှ မရှိပါဘဲလျက် ဘိက္ခု ဟု ဟောခြင်း အကြောင်းကို ရေး၍/ဘိက္ခုနီမများလည်း ပွားများကောင်းလျက် ဘိက္ခု ဟု အဦးမူရခြင်း အကြောင်းကိုလည်း ဖော်ပြပါ။

(၆) မဂ္ဂသမ္ပယုတ္တသတိသည် တပါးတည်း ဖြစ်လျက် အမည် လေးပါး ရခြင်း အကြောင်းကို ရေး၍/သုတ္တန္တဘာဇနီယ အဘိဓမ္မဘာဇနီယ-တို့၌ ဟောအပ်သော သတိပဋ္ဌာန်တို့၏ ထူးခြားဟန်ကိုလည်း ဖော်ပြခဲ့ပါ။

## တိပိဋကဓရ ပုစ္ဆာပေါင်းချုပ်

(၇) သမ္မပ္ပဓာနဝိဘင်း — ဥပ္ပန္နာနံ ပါပကာနံ ဟူသော ပါဠိတော်၌ ဥပ္ပန္နဘေဒကို နည်း နှစ်မျိုးဖြင့် ထုတ်ပြပြီးလျှင် / မဂ်ဖြင့် ပယ်သတ်အပ်သော ဥပ္ပန္နဓမ္မတို့ကိုလည်း စီစစ်ပြခဲ့ပါ။

(၈) ဈာနဝိဘင်္ဂ ၌ အာလောကိတေ ဝိလောကိတေ ဟူ၍သာ ဟောတော်မူလျက် သြလောကိတေ ဥလ္လောကိတေ အပလောကိတေ ဟူ၍ မဟောခြင်း အကြောင်းကို ပြဆိုပြီးလျှင် / သမိဉ္ဇိတေ ပသာရိတေ အရ အတ္ထာ နတ္ထ ပရိက္ခကျန ဖြစ်ပုံကို ရေးခဲ့ပါ။

(၉) ယံ တံ ဝိဝိတ္တံ ဟူသော ပါဠိတော်၏ ပဘေဒ ဖြစ်သော အရည ရုက္ခမူလ ၌ အရည အရကို သုတ် ဝိနည်း အဘိဓမ္မာ အားဖြင့် ပိုင်းခြား ပြပြီးလျှင် / ငါးပါးသီလတို့တွင် မည်သည့်ကံသည် အချုပ်အချာ မဟာသာဝဇ္ဇ ဖြစ်ကြောင်း ညွှန်ပြခဲ့ပါ။

(၁၀) ဉာဏဝိဘင်္ဂ (တိက) အဓိစိတ္တေ ပညာ ဟူသော မာတိကာ၏ နိဒ္ဒေသကို ညွှန်ပြပြီးလျှင် စိတ္တ နှင့် အဓိစိတ္တ အရတို့ကို ခွဲခြားကာ ၎င်းတို့ကို ဖြစ်စေနိုင်သော ပုဂ္ဂိုလ်တို့ကိုလည်း အသီးသီး ညွှန်ကြားခဲ့ပါ။

(၁၁) (က) နိဗ္ဗိဒါယသာ ဖြစ်၍ ပဋိဝေဓာယ မဖြစ်သော ပညာ

(ခ) ပဋိဝေဓာယသာ ဖြစ်၍ နိဗ္ဗိဒါယ မဖြစ်သော ပညာ

(ဂ) နိဗ္ဗိဒါယလည်း ဖြစ် ပဋိဝေဓာယလည်း ဖြစ်သော ပညာ

တို့ကို အသီး အသီး ညွှန်ကြားခဲ့ပါ။

(၁၂) သတ္တကနိဒ္ဒေသ လာ ယမ္ပိဿ တံ ဓမ္မ ဋ္ဌိတိ ဉာဏံ ၌ အဘယ်ဉာဏ်ကို အဘယ်ကြောင့် ဓမ္မဋ္ဌိတိဉာဏ် ဟူ၍ ခေါ်ရပါသနည်း၊ ရှင်းပြပြီးလျှင် / ဒသဗလဉာဏ် နှင့် သဗ္ဗညုတဉာဏ် တူ မတူ ညွှန်ကြားခဲ့ပါ။

၁၀—မှတ်စီ။

တိပိဋကဓရ ပုစ္ဆာပေါင်းချုပ်

# ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## ( ၃ ) အဘိဓမ္မာပိဋက ( ဓာတုကထာ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၃ – ခုနှစ်၊ ပြာသိုလပြည့်ကျော် ဂ - ရက်။ ( ၂ဂ - ၁ - ၆၂ )

---

( ၁ ) ပဉ္စဝီသာဝိကေန ပဒသတေန ဟူသော အဋ္ဌကထာ အရ ပဌမနယ၌ ဟောပုဒ်ပေါင်း ( ၃၉၁ ) ပုဒ် ဖြစ်အောင် ကာယာနုပဿနာ သတိပဋ္ဌာနံ ကတိဟိ ခန္ဓေဟိ စသည်ဖြင့် ဟောသင့် - မဟောသင့် သာဓက ပြ၍ ဝိနိစ္ဆယ ချပြီးလျှင် / ပဋိစ္စသမုပ္ပါဒ နိဒ္ဒေသ ပါဠိတော်၌ ပုစ္ဆာ မပါခြင်းကိုလည်း ရှင်းလင်းခဲ့ပါ။

( ၂ ) လက္ခဏမာတိကာသည် အဘယ် ပဒဘာဇနီကို ဖြစ်စေ၍ မာတိကာဟု ခေါ်ဆိုရပါသနည်း၊ ရေးသားပြီးလျှင် / ဝိညာဏက္ခန္ဓာချင်း သဘာဂ ဝိသဘာဂ ဖြစ် - မဖြစ်ကိုလည်း ဖြေကြားခဲ့ပါ။

( ၃ ) အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ ဟူ၍သော ရှိပါလျက် အဝိဇ္ဇာ ဧကေန ခန္ဓေန စသည်ဖြင့် အဘယ်ကြောင့် အဝိဇ္ဇာကို အသီးထုတ်၍ ဟောပုဒ်ပြုလုပ်သည်ကို ရှင်းလင်း၍/အောက်ပါ ပုစ္ဆာကိုလည်း ဝိဿဇ္ဇနာ ပြုခဲ့ပါ။

( က ) အရဏာ ဓမ္မာ ကတိဟိ ခန္ဓာယတနဓာတူဟိ သင်္ဂဟိတာ။

( ခ ) ကတိဟိ အသင်္ဂဟိတာ။

( ၄ ) ဒုတိယနယ၌ ဝေဒနက္ခန္ဓာကို မဟောခြင်း အကြောင်းကို ပြ၍ / ဤဒုတိယနယနှင့် ပဌမနယတို့၏ ထူးခြားဟန်ကိုလည်း ရေးခဲ့ပါ။

( ၅ ) တတိယ နယ၌ အဘယ်သို့ သဘောရှိသော ပုဒ်မျိုးကို ဟောသည်ဟု အဋ္ဌကထာအလိုကျ ရေး၍ / ပဋိစ္စသမုပ္ပါဒ်၌ သောတ ဟူသော ပုဒ်ကို ဤတတိယနယနည်းအတိုင်း ပါဠိသက်သက်ဖြင့် ဟောပြခဲ့ပါ။

( ၆ ) စတုတ္ထနယ ဟောပုဒ်ကို ပြဆိုသော အဋ္ဌကထာ၌ သင်္ခါရေကဒေသံ ဝါ - ဝေဒနေကဒေသံ ဝါ ဖွင့်ဆိုသကဲ့သို့ သုခုမရူပေကဒေသံ ဝါ ဟု မဖွင့်ဆိုဘဲ သု

ရူပံ ဝါ ဟု ဖွင့်ဆိုရခြင်း အကြောင်းကို ပြ၍/ သု ဟူသော ဟောပုဒ် နှင့် ယေစွဲ တေစွဲ ဟူသော ပုဒ်များကိုလည်း ရေတွက် ပြခဲ့ပါ။

(၇) ပဌမနယ၌ အဘယ် တရားမျိုးကို ဟော၍ အဘယ် တရားမျိုးကို မဟောအပ် ဟု သံဝဏ္ဏနာ အာဘော်ကျ ဓမ္မသရုပ် အမြွက်မျှ ထုတ်ပြ ဖြေရှင်း၍ / ဤနယ၌ သဒိသ ဝိသဇ္ဇနာအားဖြင့် ရအပ်သော ပဥှာတို့ကိုလည်း သချာမျှ ဖော်ပြခဲ့ပါ။

(၈) သမ္ပယောဂ ဝိပ္ပယောဂ နိဒ္ဒေသ သုခိန္ဒြိယ ဟောပုဒ်၌ သုခိန္ဒြေမှ ကြွင်းသော ဝေဒနာတို့ကို ဧကေန ခန္ဓေန စသည်ဖြင့် ကေဟိစိ ဝိပ္ပယုတ် ထုတ်လျှင် သင့် - မသင့် အကြောင်းပြ၍ ရှင်းခဲ့ပါ။

(၉) သတ္တမနယ၌ ဗာဟိရမာတိကာမှ ပုဒ်ပေါင်း မည်မျှ ဟောသည်ကို သချာမျှ ပြဆိုပြီးလျှင်/ ၎င်းဗာဟိရ မာတိက အစ ဟောပုဒ်ကိုလည်း သိသာရုံ အနက် သမ္ဗန်ခဲ့ပါ။

(၁၀) ဝိပ္ပယုတ် (၄) ပါးတို့၏ အဓိပ္ပာယ်ကို ရှင်းပြပြီးလျှင် / နဝမနယ အဗ္ဘန္တရ မာတိကာ လာ အဆုံး ဟောပုဒ်ကိုလည်း ပုစ္ဆာ ဝိသဇ္ဇနာ ပြည့်စုံစွာ ရေးသားခဲ့ပါ။

(၁၁) ဒသမနယ လာ အောက်ပါ ဟောပုဒ်တို့၏ ပုစ္ဆာ ဝိသဇ္ဇနာတို့ကို စုံလင်စွာ ထုတ်ပြပြီးလျှင် / ပဌမ ယေ စွဲရမည့် တရားကိုသာ ဖော်ပြခဲ့ပါ။

(က) ရူပဘဝ (ခ) အဓိမောက္ခ

(၁၂) စိတ် စေတသိက် ပရမတ္ထတရား (၂) ပါးကိုသာ ဟောသော နယတို့ကို အမည်မျှ ဖော်ပြပြီးလျှင် / ထိုနယတို့တွင် အဆုံး နယဖြစ်သော ဣဒ္ဓိပါဒ ဟူသော ဟောပုဒ်၏ ပုစ္ဆာ ဝိသဇ္ဇနာကိုလည်း ရေးသားခဲ့ပါ။

၁၀-မှတ်စီ။

## ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### ( ၄ ) အဘိဓမ္မာပိဋက ( ပုဂ္ဂလပညတ် ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၃ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်၊ ( ၂၉ - ၁ - ၆၂ )

——

( ၁ ) ကုပ္ပဓမ္မော ကုပ္ပဓမ္မ နိဒ္ဒေသ - လာ ကုပ္ပဓမ္မပုဂ္ဂိုလ် အကုပ္ပဓမ္မပုဂ္ဂိုလ် ဒုကမာတိကာ ပုဂ္ဂိုလ်တို့ကို ကောက်ပြပြီးလျှင်/ကုပ္ပ အကုပ္ပ တို့၏ အကြောင်းကိုလည်း ဖော်ပြခဲ့ပါ။

( ၂ ) ဘယူပရတနိဒ္ဒေသ - ၌ ပုထုဇဉ် ကြောက်သော ဘေး နှင့် အောက်ဖိုလ် သုံးယောက်တို့ ကြောက်သော ဘေးများကို ရေးသားပြီးလျှင် / ရဟန္တာကို အဘယ်ကြောင့် အဘယူပရတ ပုဂ္ဂိုလ်ဟု ခေါ်ဆိုရပါသနည်း၊ ရှင်းလင်းခဲ့ပါ။

( ၃ ) ကေက - အဘဗ္ဗာဂမန နိဒ္ဒေသ ပါဠိတော်ကို ရေးသား၍ / အောက်ပါ ပုဂ္ဂိုလ်များကိုလည်း ပိုင်းခြား ပြခဲ့ပါ။

( က ) ကမ္မာဝရဏ ( ဂ ) ဝိပါကာဝရဏ
( ခ ) ကိလေသာဝရဏ ( ဃ ) အဿဒ္ဓိက

( ၄ ) ဒုကနိဒ္ဒေသ - လာ အဟိရိကံ အဟိရိကော ပုဒ်တို့၏ ဆိုလိုရင်း အဓိပ္ပာယ်ကို ဒေသက အလိုကျ ဖော်ပြပြီးလျှင် / ဣမိနာ အဟိရိကေန ပုဒ်ကို အဋ္ဌကထာ အကြိုက်နှင့် ညီအောင် အနက် ယောဇနာခဲ့ပါ။

( ၅ ) တိကနိဒ္ဒေသ - လာ ယာဟိဿ ပုဗ္ဗေ အဝိမုတ္တဿ ဟူသော ပါဠိတော်၏ ဆိုလိုရင်း အဓိပ္ပာယ်ကို ရှင်းလင်း ဖော်ပြ၍/ပဋိရူပ ဥပဋ္ဌာက ဟူသည် အဘယ်သို့သော ပုဂ္ဂိုလ်မျိုးပါနည်း၊ ဖြေဆိုခဲ့ပါ။

( ၆ ) တိကနိဒ္ဒေသ - လာ နဝကာသိကဝတ္ထ မဇ္ဈိမကာသိကဝတ္ထ ဇိဏ္ဏကာသိကဝတ္ထ တို့၏ ထူးခြားပုံကို အသီးသီး ဖော်ပြ၍/ထိုကာသိက ဝတ္ထသည် ရက်ပြီးစ အခါ - သုံးဆောင်နေဆဲ အခါ - ဆွေးမြေ့သော အခါတို့၌ အဘယ်မျှ အဖိုးထိုက်တန်သည်ကိုလည်း အသီးသီး ခွဲခြား၍ ရေးသားခဲ့ပါ။

# တိပိဋကဓရ ပုစ္ဆာခေါင်းချုပ်

(၇) သာဝတ္ထိ စသော ပုဂ္ဂိုလ်လေးယောက်တို့ကို အဋ္ဌကထာလာ ဥပမာဆောင်၍ ပြပြီးလျှင်/ပုဂ္ဂိုလ် တကျိပ် နှစ်ယောက်တို့ကိုလည်း ထိုပုဂ္ဂိုလ်တို့နှင့် ဖြစ်သင့်သလို ယှဉ်တွဲ ပြခဲ့ပါ။

(၈) အာမံ ပက္ကဝဏ္ဏိ ပါဠိတော် အရ အာမ ဖြစ်ထိုက်သော ပုဂ္ဂိုလ်, ပက္ကဝဏ္ဏီ ဖြစ်ထိုက်သော ပုဂ္ဂိုလ်—ကုမ္ဘူပမာ၌ တုစ္ဆ ဖြစ်ထိုက်သော ပုဂ္ဂိုလ်, ပိဟိတ ဖြစ်ထိုက်သော ပုဂ္ဂိုလ်တို့ကို အသီးသီး ထုတ်ပြ၍/ဘူတံ နှင့် တစ္ဆံ နှစ်ပါး ထူးခြားဟန်ကိုလည်း ရေးသားခဲ့ပါ။

(၉) ဇောတိ ဇောတိပရာယနော ဟူသော မာတိကာ၏ နိဒ္ဒေသ-လာ အစ္စေ မဟဒ္ဓ-နေ မဟာဘောဂေ ပဟူတ ဇာတရူပ ရဇတေ ပဟူတ ဝိတ္တူပကရဏေ ပဟူတဓနဓညေ ပုဒ်တို့၏ အနက်ကို အဋ္ဌကထာ အာဘော်ကျ သမ္ဗန် ပြပြီးလျှင် / အဘိရူပေါ ဒဿနီယော ပါသာဒိကော ပုဒ်တို့၏ အဓိပ္ပာယ် ကိုလည်း စုံလင်စွာ ဖော်ပြပါ။

(၁၀) စတုက္က ပဋ္ဌိသောတဂါမီ နိဒ္ဒေသ - လာ အဿုမုခေနာပိ ရုဒမာနော ပရိ-ပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ စရတိ - ၌ ဆိုလိုရင်း အဓိပ္ပာယ်ကို ရှင်းပြပြီးလျှင် / အဘယ်ပုဂ္ဂိုလ်ကို အဘယ်ကြောင့် ဌိတတ္တပုဂ္ဂိုလ် ဟူ၍ ခေါ်ရပါသနည်း၊ ရေးသားခဲ့ပါ။

(၁၁) ပဉ္စကနိဒ္ဒေသ— တတြ ယွာယံ ပုဂ္ဂလော အာရဘတိ စ ဝိပ္ပဋိသာရီ စ ဟော-တိ တဥ္စ စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ ယထာဘူတံ န ပဇာနာတိ - ၌ ဝိမုတ္တိ နှစ်ခုတို့၏ အထူးကို ပြပြီးလျှင် / မသိရခြင်း အကြောင်း ကိုလည်း ညွှန်ပြခဲ့ပါ။

(၁၂) သတ္တကနိဒ္ဒေသ—ဥဘတောဘာဂ ဝိမုတ္တ ဟူ၍ ခေါ်ရသော ပုဂ္ဂိုလ်ကို ပါဠိတော်ဖြင့် ညွှန်ပြပြီးလျှင် / ဥဘတောဘာဂ ဝိမုတ္တ ဖြစ်ပုံကိုလည်း ထေရ-ဝါဒ စုံလင်စွာ ညွှန်ပြခဲ့ပါ။

၁၀—မှတ်စီ။

## ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### ( ၅ ) အဘိဓမ္မာပိဋက ( ကထာဝတ္ထု ) ပါဠိ + အဋ္ဌကထာမေးခွန်း

၁၃၂၃ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ - ရက်။ ( ၃၀ - ၁ - ၆၂ )

—

( ၁ ) ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌ ပရမတ္ထေနာတိ· ဟု သကဝါဒီ အမေး၌ ပရ· ဝါဒီက အာမန္တာ ဟု ဖြေခြင်း— ပုဂ္ဂလော နုပလဗ္ဘတိ သစ္စိကဋ္ဌ ပရမတ္ထေ · နာတိ ဟု ပရဝါဒီ အမေး· သကဝါဒီက အာမန္တာ ဖြေခြင်းတို့၌ ပရဝါဒီ သက ဝါဒီ တို့၏ အာဘောဂကို ရှင်းပြခဲ့ပါ။

( ၂ ) သြကာသ သစ္စိကဋ္ဌ အနုလောမ ပစ္စနိက်၌ သဗ္ဗတ္ထပုဂ္ဂလော ဥပလဗ္ဘတိ· ဟူ သော ပဋိလောမ ပုစ္ဆာ ပါ· သဗ္ဗတ္ထကို သကဝါဒီက မည်သို့ ရည်ရွယ် မေး၍ ပရဝါဒီက မည်သို့ ရည်ရွယ် ဖြေကြား သည်တို့ကို ရှင်းပြ ပြီးလျှင် / ပုရိသ - ကာရာနုယောဂ ပဌမပဉ္စ အနုလောမ ပဋိလောမ ပါဠိကိုလည်း ရေးသား ခဲ့ပါ။

( ၃ ) ဉာတကာနုယောဂ ါဒိ ၌ မာတာ ခတ္တိယော ဂဟဋ္ဌော ပဗ္ဗဇိတော ဒေဝေါ မနုဿော သောတာပန္နော စတ္တာရော ပုရိသ ယုဂါ· တို့ဖြင့် အဘယ် အနု· ယောဂတို့ကို ပြသည်ဟု အသီးသီး ရှင်းပြပြီးလျှင် / အောက်ပါ တဿုဒ္ဒါန ပေယျာလကိုလည်း ဖော်ခဲ့ပါ။

ဥပလဗ္ဘော ပရိဟာနိ ( ပ ) သဗ္ဗေ ဓမ္မာ သတိပဋ္ဌာနာ။

( ၄ ) ဒုတိယဝဂ်၌ အတ္ထိ အရဟတော အသုစိသုက္က ဝိဿဋ္ဌိတိ - ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာကို ဆက်ရေး၍/ အဘယ် ပုဂ္ဂိုလ်က အဘယ် ရည်ရွယ်ချက်နှင့် မေး သည်ကိုလည်းကောင်း အဘယ် ပုဂ္ဂိုလ်က ဖြေသည်ကိုလည်းကောင်း နတ်တို့ အား သုက္ကဝိဿဋ္ဌိ ဖြစ် - မဖြစ်ကိုလည်းကောင်း အသီးသီး ဖော်ပြပါ။

( ၅ ) တတိယဝဂ် သံဝရကထာ· ၌ အတ္ထိ မနုဿေသု သံဝရော အတ္ထိ တတ္ထ အသံဝရော - စသည်ကို အဘယ် အကျိုးငှာ ဟောဘော် မူပါသနည်း၊ ဖော် ပြ၍/ အသညသတ္တေသု သညာ အတ္ထီတိ အာမန္တာ ဟု ဖြေဆိုသော ပရဝါဒီ ၏ ရည်ရွယ်ချက်ကိုလည်း ရေးခဲ့ပါ။

(၆) ဇရာမရဏံ ဝိပါကောတိ ကထာ – ၌ ကုသိုလ် နှင့် အကုသိုလ်တို့သည် တပြိုင်နက် ဖြစ်ရိုး မရှိပါဘဲလျက်/ ကုသလာနုဋ္ဌ အကုသလာနုဋ္ဌ ဓမ္မာနံ ဇရာမရဏံ· စသည်ဖြင့် အဘယ့်ကြောင့် ဟောတော်မူပါသနည်း၊ ဖော်ပြ၍/ ဤကထာ၌ အဗျာကတ၏ အစွမ်းဖြင့် ပုစ္ဆာထုတ်၍ မဟောခြင်း အကြောင်းကိုလည်း ရှင်းလင်းခဲ့ပါ။

(၇) ကုသလေန စိတ္တေန သမုဋ္ဌိတံ ကာယကမ္မံ ရူပံ ကုသလန္တိ အာမန္တာ၊ သာရမ္မဏံ အတ္တိ တဿ အာဝဋ္ဋနာ (လ) န ဟေဝံ ဝတ္တဗ္ဗေ-ပါဠိတော်၌ ဝန်ခံခြင်း ပယ်ခြင်းတို့၏ နှလုံးသွင်းကို ဖော်ပြ၍ / ပဋ္ဌာန နှင့် ပဏ္ဏတ္တိတို့၏ အထူးကိုလည်း ရေးသားခဲ့ပါ။

(၈) အသညသတ္တာနံ အတ္ထိ ဇီဝိတိန္ဒြိယန္တိ အာမန္တာ–အသညာသတ္တာနံ နတ္ထိ ဇီဝိ· တိန္ဒြိယန္တိ နဟေဝံ ဝတ္တဗ္ဗေ - ဟူသော အဖြေတို့၌ ပရဝါဒီ၏ အာဘောဂကို ထုတ်ပြ၍ / သကဝါဒီ ရှင်းပြပုံ ပါဠိတော် အချုပ်ကိုလည်း ရေးသားခဲ့ပါ။

(၉) တေရသမဂ် ကုသလ ပဋိလာဘ ကထာ၌ သကဝါဒီ ပက္ခကို အဘယ်မျှသော အနုယောဂတို့ဖြင့် ဟောကြားအပ်ပါသနည်း၊ ပရဝါဒီ ပက္ခ ဟောပုံ ပါဠိကိုလည်း ရေးပြခဲ့ပါ။

(၁၀) သတ္တရသမဝဂ္ဂ–န ဝတ္တဗ္ဗံ သံဃဿ ဒိန္နံ မဟပ္ဖလန္တိ အာမန္တာ - ၌ သံဃ အရ ကောက်ပြ၍ / အာမန္တာ ဟူ၍ ဖြေဆိုရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြပြီးလျှင်/ ၎င်းဝဂ် နဝတ္တဗ္ဗ ဗုဒ္ဓဿ ဒိန္နမဟပ္ဖလ ကထာ လာ သုတ္တာဟရဏ ဂါထာကိုလည်း ရေးခဲ့ပါ။

(၁၀) ဧကူနဝီသတိဝဂ္ဂ – တိက မာတိကာ အရ နိဗ္ဗာန်သည် အဗျာကတ တရား ဖြစ်ပါလျက် အဘယ်ကို ရည်ရွယ်၍ နိဗ္ဗာန ဓာတု ကုသလာတိ အာမန္တာ ဟူ၍ သကဝါဒီ ပရဝါဒီ ပုဂ္ဂိုလ်များ ဆိုရပါသနည်း၊ ရှင်းပြပြီးလျှင် / အသင်္ခတ ကထာလာ သာဓက သုတ္တန္တကိုလည်း ထုတ်ပြခဲ့ပါ။

(၁၂) ဝီသတိမဝဂ္ဂ – နတ္ထိ ပုထုဇ္ဇနဿ ဉာဏန္တိ အာမန္တာ · ၌ ဉာဏ် အပြားတို့ကို အဋ္ဌကထာ အလိုကျ ထုတ်ပြ၍ / အာမန္တာ ဖြေရခြင်း ရည်ရွယ်ရင်းကို ရှင်းပြပြီးလျှင် / ၎င်းဝဂ် မဂ္ဂကထာလာ ဂါထာကိုလည်း အနက် ယောဇနာခဲ့ပါ။

၁၀ – မှတ်စီ။

## ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### ( ၁ ) အဘိဓမ္မာပိဋက ( ဓမ္မသင်္ဂဏီ ) ပါဠိ + အဋ္ဌကထာမေးခွန်း

၁၃၃၁ - ခုနှစ်၊ ပြာသိုလဆန်း ၁၅ - ရက်။ ( ၂၂ - ၁ - ၇၀ )

---

( ၁ ) အာဝဇ္ဇာန်း ဒွေး ကြဉ်သော ကြိယာဇော စိတ္တုပ္ပာဒ် တို့သည် ရဟန္တာတို့၏ ကိုင်ပိုင် အသီးအခြား ဥစ္စာ ဖြစ်သောကြောင့် အသေက္ခာ ဓမ္မာ ဟူသော ပုဒ်အရ ကောက်သင့် - မကောက်သင့် အကြောင်းစုံ သွင်း၍ ဖြေရှင်းခဲ့ပါ။

( ၂ ) ဝဋ်သုံးပါးတို့၏ အကြောင်း ဖြစ်သောကြောင့် သံယောဇဉ် မည်၏ ဟု ဆိုခဲ့သော် 'ကိလေသာတရား · အဘိသင်္ခါရ တရား ' တို့သည်လည်း ဝဋ်သုံးပါး တို့၏ အကြောင်း ဖြစ်သောကြောင့် သံယောဇဉ် မည်သင့် - မမည်သင့် အကြောင်းပြ၍ ဆုံးဖြတ်ပြီးလျှင် / သံယောဇန ဂန္ထ ယောဂ တို့၏ ထူးခြားဟန်ကိုလည်း ဥပမာနှင့် တကွ ပြခဲ့ပါ။

( ၃ ) ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ ( ပ ) ရူပါရမ္မဏံ ဝါ ( ပ ) အရဗ္ဘ - ဉ် သက်န်း စသော နှစ်သက်ဖွယ်သော ရူပါရုံသည် လောဘ၏ အကြောင်းဖြစ်သောကြောင့် အကုသိုလ်စိတ်သာ ဖြစ်သင့်သည် မဟုတ်ပါလော၊ အဘယ်ကြောင့် ကုသိုလ် ဖြစ်ရပါသနည်း၊ ညွှန်ပြပြီးလျှင် / ထိုဖြစ်သော ကုသိုလ်ကိုလည်း ' ပုညကြိယာဝတ္ထု ' ကမ္မဒွါရ တို့ဖြင့် ဝေဘန်ပြုလုပ်၍ ပြခဲ့ပါ။

( ၄ ) မိစ္ဆာဒိဋ္ဌိ ဟူသော အကုသလ ကမ္မပထကို ဓမ္မပထကို ဓမ္မ ကောဋ္ဌာသ အရမ္မဏ ဝေဒနာ မူလ ဤငါးမျိုးတို့ဖြင့် ဝေဘန်၍ ပြခဲ့ပါ။

( ၅ ) မူလရာသိ ဝဏ္ဏနာ - လာ - ကုသလ မူလ သုံးပါးတို့ကြောင့် မဖြစ်နိုင်သော ဒုက္ခ တို့နှင့် ထင်မြင်နိုင်သော လက္ခဏာယာဉ် သုံးပါးတို့ကို အကြောင်းနှင့်တကွ အသီးသီး ခွဲခြား၍ ပြခဲ့ပါ။

( ၆ ) ဓမ္မုဒ္ဒေသဝါရ - ဉ် သတ် နှင့် သမ္ပဇည—ပဂ္ဂါဟ နှင့် အဝိက္ခေပ တို့ကို ထပ်မံ၍ ဟောရခြင်း အကြောင်းကို ညွှန်ပြပြီးလျှင် / ကေက္ခဏာဉ် ရနိုင်သော ယေဝါပနက - နာနက္ခဏာဉ် ရနိုင်သော ယေဝါပနက တရား တို့ကိုလည်း ညွှန်ပြခဲ့ပါ။

(၇) ဖဿ ပဉ္စမက တရားတို့တွင် ဖဿကို ရှေးဦးစွာ ဟောရခြင်း အကြောင်းတို့ကို ညွှန်ပြပြီးလျှင် / ထိုတရားတို့၏ နိဒ္ဒေသဝါရဝယ် - 'ဝေဒနာ သညာ စေတနာ' တို့၌ တဇ္ဇာ မနောဝိညာဏဓာတု ဟူ၍ ဟောပါလျက် - ဖဿ နှင့် စိတ္တံ - ၌ မဟောရခြင်း အကြောင်းကိုလည်း ရေးသားခဲ့ပါ။

(၈) ဝီရိယိန္ဒြိယနိဒ္ဒေသ - လာ အောက်ပါ ပုဒ်တို့၏ အဓိပ္ပာယ်ကို ထင်ရှားစွာ ရေးပြပြီးလျှင် / ဇီဝိတိန္ဒြိယ နိဒ္ဒေသကိုလည်း ပါဠိသက်သက်မျှ ရေးသားခဲ့ပါ။

(က) အသိထိလ ပရက္ကမတာ (ခ) အနိက္ခိတ္တ ဆန္ဒတာ
(ဂ) အနိက္ခိတ္တ ဓုရတာ (ဃ) ဓုရ သမ္ပဂ္ဂါဟတာ

(၉) ရူပါဝစရ ကုသလ နိဒ္ဒေသ—ပဉ္စမဈာန်သည်လည်း သမ္ပယုတ် သမာဓိကြောင့် ဖြစ်ပါလျက် အဘယ်ကြောင့် ဤဒုတိယဈာန် ကိုသာ 'သမာဓိဇံ' ဟူ၍ ဝိသေသန မှ၍ ဆိုရပါသနည်း၊ ရှင်းပြပြီးလျှင်/ ပဉ္စကနည်း၌ ဒုတိယဈာန်ကို စတုက္ကနည်း၌ ဒုတိယဈာန်ပင် ပြုလုပ်၍ ဟောရခြင်း အကြောင်းတို့ကိုလည်း 'အဘိဓမ္မာ ဒေသနာ' အလိုကျ ရေးသားခဲ့ပါ။

(၁၀) သင်္ဂါရ တရားတို့ကို လက္ခဏာရေး သုံးပါးတို့တွင် တပါးပါးဖြင့်သာ ထင်မြင်သော ပုဂ္ဂိုလ်အား မဂ် ရနိုင် - မရနိုင် ဆုံးဖြတ်ပြီးလျှင် /လောကုတ္တရာ ကုသလနိဒ္ဒေသ၌ သုညတမဂ် အပ္ပဏိဟိတ မဂ်တို့ကိုသာ ဟော၍ အနိမိတ္တမဂ်ကို မဟောရခြင်း အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

(၁၁) ရူပကဏ္ဍ ကေကနိဒ္ဒေသ၌—သဗ္ဗံ ရူပံ (ပ) ဥပ္ပန္နံ ဆဟိ ဝိညာဏေဟိ ဝိညေယျမေဝ - ဟူ၍ ဟောတော်မူသောကြောင့် ရူပါရုံ၏ သောတ ဝိညာဉ်စသည်တို့သည် သိအပ်၏ အဖြစ်သို့ ရောက် - မရောက် အကြောင်းပြ၍ ဆုံးဖြတ်ပြီးလျှင် / ပကိဏ္ဏကကထာ 'မိဒ္ဓ' ရုပ်သည် ရှိ၏ ဟူသော ကေစိ ဝါဒ သင့် - မသင့် ပါဠိ သာဓက ထုတ်ပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၁၂) နိက္ခေပကဏ္ဍ—မဂ္ဂါရမ္မဏတိက်၌ အရိယာပုဂ္ဂိုလ်သည် စေတောပရိယ ဉာဏ်ဖြင့် သူတပါး၏ မဂ်ကို ဆင်ခြင်လျက် အလေးအမြတ် ပြုသောကြောင့် ထိုစေတောပရိယဉာဏ်ကို မဂ္ဂါရမ္မဏာဓိပတိ အရ ကောက်သင့် - မကောက်သင့် အကြောင်းပြ၍ ဆုံးဖြတ်ပြီးလျှင် / နိက္ခေပကဏ္ဍ နှင့် အဋ္ဌကထာကဏ္ဍ - လာ 'ပရိယာပန္န' တရားတို့၏ ထူးခြားဟန်ကိုလည်း ရေးသားခဲ့ပါ။

၁၀ – မှတ်စီ၊

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၂) အဘိဓမ္မာပိဋက (ဝိဘင်္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၁ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ - ရက်။ ( ၂၃- ၁ - ၇၀ )

---

(၁) အဘယ် သညာတို့သည် ပဋိဃ သမ္ဖဿဇာ သညာ- အဓိဝစန သမ္ဖဿဇာ သညာ မည်ပါသနည်း၊ အကြောင်းနှင့် တကွ တရားကိုယ်ပါ ညွှန်ပြပြီးလျှင်/၊ 'ဖေဏပိဏ္ဍူပမံ ရူပံ' အရ ရေမြှုပ်နှင့် တူပုံကိုလည်း အဋ္ဌကထာအလိုကျ 'ပဋ္ဌမနည်း' ကိုသာ ရေးသားခဲ့ပါ။

(၂) အာယတနဝိဘင်္ဂ—သုတ္တန္တဘာဇနီယ-လာ—စက္ခုံ အနိစ္စံ ဒုက္ခံ အနတ္တာ ဝိပရိဏာမဓမ္မံ - ၌ အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ရခြင်း အကြောင်းတို့ကို ပြည့်စုံစွာ ညွှန်ပြပြီးလျှင်/၎င်းဘာဇနီယ၌ ဘုရားရှင်သည် လက္ခဏာရေး သုံးပါးတို့တွင် အဘယ် လက္ခဏာရေးကိုသာ ပြပါသနည်း၊ ရှင်းလင်းကာ ဖြေဆိုခဲ့ပါ။

(၃) 'စတု' ဓာတုမနသိကာရ ဝိဓာန–၌ သာမညအင်္ဂါ ဝိသေသအင်္ဂါ တို့ကို ခွဲခြား၍ ပြပြီးလျှင်/အဗျာပါဒ ဓာတုနိဒ္ဒေသ - ၌ 'ယာ သတ္တေသု မေတ္တိ မေတ္တာယနာ မေတ္တာယိတတ္တံ မေတ္တာစေတောဝိမုတ္တိ အယံ ဝုစ္စတိ အဗျာပါဒဓာတု' ဟူ၍ ထပ်ဆင့်၍ ဟောရခြင်း အကြောင်း နှင့် မေတ္တိ စသည်တို့၏ တရားကိုယ် ကိုလည်း ညွှန်ပြခဲ့ပါ။

(၄) ဒုက္ခ သမုဒယ နိရောဓ မဂ္ဂ ဟူ၍ သစ္စာ ၄ ပါး အစဉ်ထား၍ ဟောရခြင်း အကြောင်းကို ညွှန်ပြပြီးလျှင် / (က) ဒုက္ခသာ မည်၍ အရိယသစ္စာ မမည်သော တရား, (ခ) အရိယသစ္စာ သာ မည်၍ ဒုက္ခ မမည်သော တရား, (ဂ) ၂-ပါးစုံ မည်သော တရားတို့ကိုလည်း အကြောင်းနှင့် တကွ ညွှန်ပြခဲ့ပါ။

(၅) အဝိဇ္ဇာမှ တပါးသော အကြောင်းများ ရှိပါလျက် အဝိဇ္ဇာကို သာလျှင် သင်္ခါရ၏ အကြောင်း ဟူ၍ အဘယ်ကြောင့် ဟောရပါသနည်း၊ပြည့်စုံစွာညွှန်ပြပြီးလျှင်/ အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရ ဖြစ်ရာ၌ ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိ တို့ကိုလည်း စိစစ် ခွဲဝေ၍ ပြခဲ့ပါ။

(၆) ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ–အဘိဓမ္မာဘာဇနီယ ပစ္စယစတုက္က– လာ ဒေသနာ (၄) ဝါရတို့၏ ထူးခြားဟန်ကို အကြောင်းနှင့် တကွ ညွှန်ပြပြီးလျှင် / သုတ္တန္တဘာဇနီယ ကဲ့သို့ ထိုဝါရတို့၌ သောက ပရိဒေဝ စသည်တို့ကို ထည့်သွင်း၍ မဟောရခြင်း အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

(၇) ဝေဒနာနုပဿနာ နိဒ္ဒေသ လာ ဘုရားရှင်၏ ရူပကမ္မဋ္ဌာန်း အရူပကမ္မဋ္ဌာန်းတို့ကို ဟောကြားပုံနည်းတို့ကို ညွှန်ပြပြီးလျှင် / ရုပ်ကမ္မဋ္ဌာန်းကို အားထုတ်သော ယောဂီပုဂ္ဂိုလ်အား 'ဖဿ' ထင်ပုံမှ စ၍ အရဟတ္တဖိုလ် တိုင်အောင် ဖြစ်ပုံ–နှလုံးသွင်းပုံတို့ကိုလည်း အဋ္ဌကထာ အလိုကျ အကျဉ်းချုပ်ကာ ရေးသားခဲ့ပါ။

(၈) အနမတဂ္ဂသံသရာ၌ မဖြစ်ဘူးသော အကုသိုလ်သည် မရှိသောကြောင့် ဥပ္ပန္နသာ ဖြစ်ရမည် မဟုတ်ပါလော၊ အဘယ်၏ အစွမ်းဖြင့် အနုပ္ပန္န ဖြစ်ရပါသနည်း၊ ညွှန်ပြပြီးလျှင် / ပဥ္စာ ပုစ္ဆက အရ သမ္မပ္ပဓာန် (၄) ပါးကို မဂ္ဂါရမ္မဏတိက်ဖြင့် အကြောင်းပြကာ ဝေဘန်ခဲ့ပါ။

(၉) ဈာနဝိဘင်္ဂ သုတ္တန္တဘာဇနီယ ၌ အိပ်ပျော်သည် ရှိသော် ကမ္မဋ္ဌာန်း အာရုံသည် မထင်သောကြောင့် သမ္ပဇာနကာရီ ဖြစ်အောင် မည်သို့ ပြုလုပ်ရမည်နည်း၊ ညွှန်ပြပြီးလျှင် / ပညာဃ ဒုဗ္ဗလီ ကရဏေ–၏ အဓိပ္ပာယ်ကိုလည်း ပါဠိတော်နည်း အဋ္ဌကထာနည်း နှစ်မျိုးတို့ဖြင့် ညွှန်ပြခဲ့ပါ။

(၁၀) အပ္ပမညာဝိဘင်္ဂ–အဘယ်၏ အစွမ်းဖြင့် အပ္ပမညာ မည်ပါသနည်း၊ အပ္ပမညာ ခေါ်ရခြင်း အကြောင်းတို့ကို နှစ်နည်းမျှ ညွှန်ပြပြီးလျှင်/အနောဓိသ 'မေတ္တာ' အပ္ပမညာပြ ပါဠ်ကိုလည်း ပြည့်စုံစွာ အဓိပ္ပာယ် ရှင်းပြခဲ့ပါ။

(၁၁) ပဋိသမ္ဘိဒါ (၄) ပါး၏ သန့်ရှင်း စင်ကြယ်ခြင်း အကြောင်းတရားတို့ကို အဓိပ္ပာယ်နှင့် တကွ ညွှန်ပြပြီးလျှင်/ ဉာဏဝိဘင်္ဂ စတုက္ကနိဒ္ဒေသလာ အန္ဒယေ ဉာဏံ ပရိယေ ဉာဏံ တို့၏ အဓိပ္ပာယ်ကိုလည်း ရေးသားခဲ့ပါ။

(၁၂) ခုဒ္ဒကဝတ္ထု ဝိဘင်္ဂ–တိကနိဒ္ဒေသ လာ- 'ဝိဓာ' ဟူသော ပုဒ်၏ နိဒ္ဒေသကို ညွှန်ပြပြီးလျှင်/ ဝိဓာ ခေါ်ရခြင်း အကြောင်းနှင့် တကွ အလိုရှိအပ်သော ဝိဓာကိုလည်း ညွှန်ပြခဲ့ပါ။

၁၀–မှတ်စီ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၃) အဘိဓမ္မာပိဋက (ဓာတုကထာ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၁-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂- ရက်။ (၂၄-၁-၇၀)

---

(၁) မာတိကာ ငါးပါးတို့တွင် အဘယ်မာတိကာကို မူလမာတိကာ ဟူ၍ ခေါ်နိုင်သေးသည်ကို ဋီကာ အလိုကျ အကြောင်းပြကာ ဖြေဆိုပြီးလျှင် / ခန္ဓာဒိဥဒ္ဒေသ ၌ ပါဝင်ပြီး ဖြစ်ပါလျက် ဖဿသတ္တက ရာသိဥဒ္ဒေသ ဟူ၍ ထပ်ဆင့်၍ ဟောရခြင်း အကြောင်းကိုလည်း ရေးသားခဲ့ပါ။

(၂) ရုပ်၏ ဇာတိ စသည်ကို ရူပက္ခန္ဓာ ဖွဲ့ပါလျက် နာမက္ခန္ဓာ လေးပါးတို့၏ ဇာတိ စသည်ကိုမူ နာမက္ခန္ဓာ လေးပါး မဖွဲ့ဘဲ သင်္ခါရက္ခန္ဓာသာ ဖွဲ့ရခြင်း အကြောင်းကို ညွှန်ပြပြီးလျှင် / ထို ရုပ်ဇာတိ နာမ်ဇာတိ နှစ်မျိုးကိုပင် ဓမ္မာယတန ဓမ္မဓာတ်သာ ဖွဲ့ရခြင်း အကြောင်းကိုလည်း ရေးသားခဲ့ပါ။

(၃) ဒုတိယနယ၌ နိရောဓသစ္စာ မဟောရခြင်း အကြောင်းကို ညွှန်ပြပြီးလျှင် / ၎င်းနယ ပဋိစ္စသမုပ္ပာဒ နိဒ္ဒေသ အစ အဆုံး ဖြစ်သော ဟောပုဒ်လာ ယေဓမ္မာ တေဓမ္မာ အရ တရားတို့၏ သင်္ဂဟိတ အသင်္ဂဟိတ ခန္ဓာ အာယတန ဓာတ်တို့ကိုလည်း ဖော်ထုတ်၍ ရေးသားခဲ့ပါ။

(၄) တတိယနယ 'အဋ္ဌ ဟောန္တိ မဟန္တရာ' အရ အဋ္ဌ သရုပ်ကို ထုတ်ပြပြီးလျှင်/ ၎င်းတတိယနယ နိဒ္ဒေသ၌ ဟောကြားအပ်သော ပဥှာတို့ကိုလည်း သင်္ချာမျှ ညွှန်ပြခဲ့ပါ။

(၅) စတုတ္ထနယ၌ ဝေဒနာ စသည် (၄) ပါးတို့၏ တစိတ် တစိတ် ဖြစ်ပုံကို ကျနစွာ ရှင်းပြပြီးလျှင် / ၎င်း နယ အလို ဥပါယာသ ဟောပုဒ် ဖြစ်အံ့-စွဲသင့်သော ယေ တေ အရ တရားတို့ကိုလည်း ညွှန်ပြခဲ့ပါ။

(၆) ယေ နှစ်ကြိမ် စွဲသော နယ တို့ကို ညွှန်ပြပြီးလျှင် / ရုပ်ကို ဟောပုဒ် လုပ်ရာ၌ ဟောပုဒ် အလိုက် ပဌမ နယ အလို ရှေ့ ယေ-နောက် ယေ စွဲရမည့် တရားတို့ကိုလည်း စနစ်တကျ သိသာရုံမျှ ညွှန်ကြားခဲ့ပါ။

# တိပိဋကဓရ ပုစ္ဆာပေါင်းချုပ်

(၇) ဆဋ္ဌနယ၌ ဓမ္မာယတန မဟောရခြင်း အကြောင်းကို အဋ္ဌကထာ အလိုကျ ညွှန်ပြပြီးလျှင်/၎င်း နယ လာ ဣဒ္ဓိပါဒ ဟူသော ပုဒ်၏ သမ္ပယုတ္တ ဝိသဇ္ဇနာ ကိုသာ သရူပတ္ထ ပေါ်လွင်အောင် အနက် ယောဇနာခဲ့ပါ။

(၈) ဓာတုဝိပ္ပယုတ်၏ အဓိပ္ပာယ်ကို ရေး၍/ထိုဓာတုဝိပ္ပယုတ်ကို ဝိပ္ပယုတ် (၄) ပါး တို့တွင် အဘယ်ဝိပ္ပယုတ်၌ ထည့်သွင်းရမည်နည်း — ပြပြီးလျှင် / ဓာတုကထာ (၁၄) နယ၌ ဝိပ္ပယုတ္တ ပါသော နယတို့၏ ဟောပုံ၊ ဝိပ္ပယုတ်တရားချင်း တူသည် · မတူသည်ကိုလည်း နယအလိုက် ခွဲခြား ဝေဘန်၍ ပြခဲ့ပါ။

(၈) အဋ္ဌမ နယ လာ ဓာတုဝိပ္ပယုတ် ဖြစ်သင့်သော ဟောပုဒ် တခုကို ထုတ်၍/ ယေ အရ တရားတို့ကို ခွဲပြပြီးလျှင်/ နဝမနယ ဗာဟိယ မာတိကာ၌ ဟော တော်မူသော အစ အဆုံး ဟောပုဒ် တခုကိုသာ ပုစ္ဆာ ဝိသဇ္ဇနာ ပြည့်စုံစွာ ရေးခဲ့ပါ။

(၁၀) ဒသမ နယ လာ—အောက်ပါ ဟောပုဒ်တို့၏ ပုစ္ဆာ ဝိသဇ္ဇနာကို စုံလင်စွာ ထုတ်ပြပြီးလျှင် / 'ပဌမ' ယေ စွဲရမည့် တရားကိုသာ ဖော်ပြခဲ့ပါ။

(က) ဥပေက္ခိန္ဒြိယာ ဓမ္မာ

(ခ) ဝိပါကာ ဓမ္မာ။

(၁၁) စုဒ္ဒသမ နယ လာ — သမုဒယသစ္စာ ဟောပုဒ်၏ ဝိသဇ္ဇနာ ပါဠိကို ထုတ်ပြပြီးလျှင် / ယေ တေ တို့၏ အစွဲကိုသာ ဖော်ပြပါ။

(၁၂) စိတ် စေတသိက် ရုပ် ပရမတ္ထတရား သုံးပါးကိုသာ ဟောသော နယတို့ကို အမည်မျှ ပြပြီးလျှင် / ထို နယတို့တွင် အဆုံး နယလာ 'ပရိဒေဝ' ဟူသော ဟောပုဒ်၏ ပုစ္ဆာ ဝိသဇ္ဇနာကိုလည်း ရေးသားခဲ့ပါ။

၁၀ –မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၄) အဘိဓမ္မာပိဋက (ပုဂ္ဂလပညတ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၁ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ - ရက်။ (၂၅ - ၁ - ၇၀)

—

(၁) အရိယာ အဖြစ်သို့ မရောက်နိုင်သော ပုဂ္ဂိုလ်တို့ကို အဋ္ဌကထာ အလိုကျ ညွှန်ပြပြီးလျှင် / ကမ္မာကို တည့်ခစေနိုင်သော ပုဂ္ဂိုလ် ဟူသည် အဘယ် ပုဂ္ဂိုလ်ပါနည်း၊ အဓိပ္ပာယ် ရှင်းပြကာ / တည်စေနိုင်သော ကာလကိုလည်း စိတ္တက္ခဏ အားဖြင့် တိကျစွာ ပိုင်းခြား၍ ပြခဲ့ပါ။

(၂) အရဟာ အသေက္ခာ ဟူ၍ ပါဠိတော်၌ ရှိသောကြောင့် ဘုရားရှင် နှင့် ပစ္စေကဗုဒ္ဓါတို့ကို သေက္ခ ပုဂ္ဂိုလ် အသေက္ခ ပုဂ္ဂိုလ် နေဝသေက္ခနာသေက္ခ ပုဂ္ဂိုလ်တို့တွင် အဘယ် ပုဂ္ဂိုလ်၌ သွင်းရပါမည်နည်း၊ ရှင်းလင်း၍ / အကြောင်းနှင့်တကွ တိကျစွာ ရှင်းပြခဲ့ပါ။

(၃) သကဒါဂါမ် ပုဂ္ဂိုလ် အပြား နှင့် ဤ၌ အလိုရှိအပ်သော သကဒါဂါမ်ကို ညွှန်ပြပြီးလျှင် / ထိုအလိုရှိအပ်သော သကဒါဂါမ် နှင့် ကေဗိ ... သောတာပန် တို့၏ ထူးခြားဟန်ကိုလည်း ရေးသားခဲ့ပါ။

(၄) သဒ္ဓါဝိမုတ္တ ပုဂ္ဂိုလ်သည် အဘယ်ကြောင့် ဒိဋ္ဌိပ္ပတ္တ ပုဂ္ဂိုလ် အဖြစ်သို့ မရောက်ပါသနည်း၊ အကြောင်းစုံ ပြ၍ ဖြေဆိုပြီးလျှင်/ လောကုတ္တရာ တရားကို ဖြစ်စေသော ပုဂ္ဂိုလ်တို့၏ ဓုရ အဘိနိဝေသ သီသ တရားတို့ကိုလည်း အဓိပ္ပာယ်နှင့်တကွ ညွှန်ပြခဲ့ပါ။

(၅) တိက နိဒ္ဒေသ နိဒ္ဒေသပုဂ္ဂလကထာ လာ ဒုဿီလ နှင့် ပါပဓမ္မ တို့၏ ထူးခြားဟန်ကို အဋ္ဌကထာ အလိုကျ ပြည့်စုံစွာ ညွှန်ပြပြီးလျှင် / ၎င်းနိဒ္ဒေသ ပုဂ္ဂိုလ်၏ အရဟတ္တဖိုလ် ရခြင်း၌ မတောင့်တခြင်း၏ အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

(၆) ဂီလာနူပမာ ပုဂ္ဂိုလ် (၃) မျိုးတို့ကို 'နေယျ' စသော ပုဂ္ဂိုလ် (၄) မျိုးတို့နှင့် နှိုင်းယှဉ် တွဲစပ်၍ ပြပြီးလျှင် / ၎င်းကထာလာ ဣမံ ပုဂ္ဂလံ ပဋိစ္စ

ဘဂဝတာ ဓမ္မဒေသနာ အနုညာတာ အရ တလ - တလ၌ တရားဟောခွင့် ပြုသည့် အကြိမ် နှင့် ခွင့်ပြုရခြင်း၏ အကြောင်းတို့ကိုလည်း အဋ္ဌကထာ အလိုကျ ညွှန်ပြခဲ့ပါ။

(၇) စတုက္က နိဒ္ဒေသ—အဘယ်သို့သော ပုဂ္ဂိုလ်ကို ဥဂ္ဃဋိတညူ ပုဂ္ဂိုလ် ဟူ၍ ခေါ် ဆိုပါသနည်း၊ ပါဠိတော်နည်း အဋ္ဌကထာနည်း နှစ်မျိုးဖြင့် ညွှန်ပြပြီးလျှင် / အဇ္ဈတ္တံ အဗျာသေကသုခံ ပဋိသံဝေဒေတိ - ၌ အဘယ် သုခကို အဘယ်ကြောင့် အဗျာသေကသုခ ဟူ၍ ခေါ်ရသည်ကိုလည်း အကြောင်းစုံ ညွှန်ပြခဲ့ပါ။

(၈) ပဉ္စက နိဒ္ဒေသ-လာ အာရဘတိ န ဝိပ္ပဋိသာရီ ဟောတိ—န အာရဘတိ ဝိပ္ပဋိ-သာရီ တို့၏ အဓိပ္ပာယ်ကို အဋ္ဌကထာ ဝါဒစုံ အကြောင်းပြ၍ ဖြေဆိုပြီးလျှင်/ ပဉ္စယောဓာဇီဝူပမာ ကထာ လာ (တတိယ) မြောက် ဥပမာန ပုဂ္ဂိုလ် နှင့် ဥပမေယျ ပုဂ္ဂိုလ်တို့၏ တူပုံကိုလည်း ရှင်းလင်းစွာ မြန်မာပြန် ရေးသားခဲ့ပါ။

(၉) 'လောလ' ပုဂ္ဂိုလ် ဟူ၍ ခေါ်ရခြင်း အကြောင်းကို ဥပမာနှင့် တကွ အဋ္ဌကထာ အလိုကျ ညွှန်ပြပြီးလျှင် / ၎င်းပုဂ္ဂိုလ်၏ အင်္ဂါလာ ဣတ္တရသဒ္ဓါ ဣတ္တရဘတ္တိ ဣတ္တရပေမ ဣတ္တရပသာဒ တို့၏ တရားကိုယ်ကိုလည်း ညွှန်ပြခဲ့ပါ။

(၁၀) ဆက္က နိဒ္ဒေသ—သမ္မာသမ္ဗုဒ္ဓ ဟူ၍ ခေါ်ရခြင်း အကြောင်းကို ပါဠိတော်နည်း အဋ္ဌကထာနည်း နှစ်မျိုးဖြင့် ညွှန်ပြပြီးလျှင် / ထိုနှစ်မျိုးတို့၏ မတူရခြင်း၏ အကြောင်းကိုလည်း ဋီကာ အာဘော်သွင်းကာ ရှင်းပြခဲ့ပါ။

(၁၁) ဒိဋ္ဌိပ္ပတ္တ ပုဂ္ဂိုလ်၏ သစ္စာလေးပါးကို 'နာနက္ခဏ' အားဖြင့်လည်းကောင်း 'ဧကက္ခဏ' အားဖြင့်လည်းကောင်း သိပုံကို ခွဲခြား၍ ပြပြီးလျှင် / ဧကက္ခဏ အားဖြင့် သိပုံပြ ပါဠိတော်ကိုလည်း အနက် ယောဇနာခဲ့ပါ။

(၁၂) ဒသက နိဒ္ဒေသ— သောတာပန် စသည်တို့သည် ရူပဘုံ အပဘုံရူသို့ ဖြစ်၍ ပရိနိဗ္ဗာန် ပြုလတ္တံ ဖြစ်သောကြောင့် 'ဣဓ ဝိဟာယ နိဋ္ဌာ ပုဂ္ဂိုလ် မည်သင့် သည် မဟုတ်ပါလော၊ မည်သင့် - မမည်သင့် အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

၁၀—မှတ်စီ။

## ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### ( ၅ ) အဘိဓမ္မာပိဋက ( ကထာဝတ္ထု ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၁ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ -ရက်။  ( ၂၆ - ၁ - ၇၀ )

---

( ၁ ) အဘယ်သို့သော ကျမ်းကို 'ကထာဝတ္ထုကျမ်း' ဟူ၍ ခေါ်ဆိုပါသနည်း၊ ကထာဝတ္ထုကျမ်း၏ ဆိုလိုရင်း အဓိပ္ပာယ်ကို ရေးသားပြီးလျှင်/ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌ ပရမတ္ထေ နာတိ အာမန္တာ၌ - သစ္စိကဋ္ဌ ပရမတ္ထ အရကိုလည်း သကဝါဒီ ပရဝါဒီ အလိုအားဖြင့် ခွဲခြား၍ ပြခဲ့ပါ။

( ၂ ) သစ္စိကဋ္ဌ သဘာဂါနုယောဂ - လာ ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌေန ပရ· မတ္ထေနာတိ အာမန္တာ - ၌ ဝန်ခံသော ပရဝါဒီ၏ ဝါဒကို ပယ်ဖျက်သည့် သကဝါဒီ ပုဂ္ဂိုလ်၏ သုတ္တန်ကို ညွှန်ပြပြီးလျှင် / အတ္ထိ ပုဂ္ဂလော အတ္တဟိတာယ ပဋိပန္နော · စသည်ဖြင့် ဘုရားရှင် ဟောသောကြောင့် ဘုရားဟောသည့် ပါဠိဖြစ်၍ ပုဂ္ဂိုလ် ရှိ၏ဟု မှတ်ယူရမည် - မယူရမည်ကိုလည်း ရှင်းပြခဲ့ပါ။

( ၃ ) ပရိဟာနိကထာ · လာ သမယဝိမုတ္တော အရဟာ အရဟတ္တာ ပရိဟာယတိ · ၌ သမယဝိမုတ္တိ ပုဂ္ဂိုလ် အသမယ ဝိမုတ္တိပုဂ္ဂိုလ် တို့ကို သကဝါဒီ ပရဝါဒီ အလိုအားဖြင့် ကောက်ပြပြီးလျှင်/သုတ္တသာခနေ ပရိဟာနိလာ ရဟန္တာသည် ရဟန္တာ အဖြစ်မှ လျှော ကျ၏ဟု ယူသော ပရဝါဒီ၏ ဝါဒကို ပယ်ဖျက်သည့် သကဝါဒီ၏ သုတ္တသာခန ဂါထာ ကိုလည်း ရေးသားခဲ့ပါ။

( ၄ ) အညာဏကထာ—( က ) ရဟန္တာအား မသိမှု ရှိ၏၊ ( ခ ) ရဟန္တာအား ယုံ မှားမှု ရှိ၏ဟု အဘယ်ကို ရည်ရွယ်၍ ပရဝါဒီ ဆိုပါသနည်း၊ ပြပြီးလျှင် / ထိုပရဝါဒီ ၏ ဝါဒကို ပယ်ဖျက်သည့် သကဝါဒီ ပုဂ္ဂိုလ်၏ သုတ္တန် ကိုလည်း ရေးသားခဲ့ပါ။

( ၅ ) စိတ်သည် ခဏငယ် သုံးချက်သာ အသက်ရှည်သည် မဟုတ်ပါလော၊ အဘယ့် ကြောင့် ဧကံ စိတ္တံ ဒိဝသံ တိဋ္ဌတီတိ အာမန္တာ ဟူ၍ ပရဝါဒီ ဖြေဆိုပါသနည်း၊ ရှင်း ပြပြီးလျှင် / ရင်း၌ အဘယ်ဒေသနာကို နည်းယူ၍ ဌီခဏကို မမေးမြန်းဘဲ ဥပါဒ်ခဏ နှင့် ဘင်ခဏ တို့ကိုသာ မေးမြန်းပါသနည်း၊ သာဓက ပြခဲ့ပါ။

( ၆ ) အနုပုဗ္ဗာဘိသမယ ကထာ - လာ အနုပုဗ္ဗေန သောတာပတ္တိမဂ္ဂံ ဘာဝေတိ· ၌ နဟေဝံ ဝတ္တဗ္ဗေ ဟူ၍ လည်းကောင်း အာမန္တာ ဟူ၍ လည်းကောင်း ဖြေဆိုရခြင်း

တို့၏ သန္နာယဘာသိတ တို့ကို ညွှန်ပြပြီးလျှင်/သစ္စာလေးပါးကို အစဉ် အတိုင်း ထိုး ထွင်း၍ သိ၏ ဟူသော ပရဝါဒီ၏ ဝါဒကို ပယ်ဖျက်သည့် သကဝါဒီ၏ ပဌမ သုတ္တာ ဟရဏကိုလည်း ရေးသားခဲ့ပါ။

(၇) အရဟတော စက္ခုံ အနာသဝန္တိ နဟေဝံ ဝတ္တဗ္ဗေ၊ အရဟတော စက္ခုံ အနာသဝန္တိ အာမန္တာ - ၌ အနာသဝ ၏ အဓိပ္ပာယ်နှင့် တကွ တရားကိုယ်ကို ကောက် ပြပြီးလျှင် / ၎င်းပုစ္ဆာ နှစ်ခုတို့၌ ပယ်ရခြင်း ဝန်ခံရခြင်းတို့၏ သန္နာယဘာသိတ တို့ကို လည်း ရှင်းပြခဲ့ပါ။

(၈) သမန္နာဂတ ကထာ - လာ သမန္နာဂတ ဘေဒကို ထုတ်ပြပြီးလျှင် / ၎င်း ကထာ — နနုအရဟတာ စတ္တာရိ ဖလာနိ ပဋိလဒ္ဓါနိ တေဟိစ အပရိဟီနော တိ အာ· မန္တာ - ၌ အာမန္တာ ဟု သကဝါဒီ ပုဂ္ဂိုလ် ဖြေဆိုရခြင်း အကြောင်းကိုလည်း ရေးသား ခဲ့ပါ။

(၉) ပရိဘောဂမယ ပုည ဟူသည် အဘယ်ပုညကို ဆိုလိုပါသနည်း၊ ညွှန်းပြပြီးလျှင်/ ယဿ ဘိက္ခဝေ ဘိက္ခုစီဝရံ ပရိဘုဥ္ဇမာနော (ပ) ပုညာဘိသန္ဒော (ပ) သုခါယ သံဝတ္တတိ - ဟူ၍ ဘုရားရှင် ဟောသောကြောင့် အလှူရှင် ပေးလှူသော ဝတ္ထုကို ခံယူ၍ မသုံးဆောင်ဘဲ စွန့်ပစ်ခဲ့သော် ပုည ဖြစ် - မဖြစ် အကြောင်း သာဓက ပြကာ ရှင်းလင်းခဲ့ပါ။

(၁၀) တေရသမဝဂ္ဂ—ဓမ္မတဏှာ အဗျာကတာတိ အာမန္တာ - ၌ တဏှာသည် အကုသိုလ် ဖြစ်သောကြောင့် နဟေဝံ ဟူ၍ ပယ်ရမည် ဖြစ်ပါလျက် မပယ်ဘဲ ပရဝါဒီ ၏ ဝန်ခံခြင်း အကြောင်းကို ညွှန်းပြပြီးလျှင် / ဓမ္မတဏှာသည် အဗျာကတ မဟုတ် ကြောင်း သာဓက ပြသော သကဝါဒီ၏ သုတ္တန် ပါဠိကိုလည်း ရေးခဲ့ပါ။

(၁၁) ဝီသတိမဝဂ္ဂ မဂ္ဂကထာ - ၌ မဂ္ဂင်ချင်း တူပါလျက် သမ္မာဝါစာ မဂ္ဂင်· သာစ နမဂ္ဂေါတိ အာမန္တာ၊ သမ္မာဒိဋ္ဌိမဂ္ဂင်· သာ စ န မဂ္ဂေါတိ နဟေဝံ ဝတ္တဗ္ဗေ ဟူ၍ ဖြေဆိုပုံ မတူရခြင်း၏ အကြောင်းကို ညွှန်ပြပြီးလျှင်/ 'အဋ္ဌင်္ဂိက မဂ်' ရှိ၏ ဟူသော သကဝါဒီ၏ သုတ္တာဟရဏကိုလည်း ရေးသားခဲ့ပါ။

(၁၂) မေ့ဘိသမယ ကထာ — ဓမ္မာဘိသမယ မဖြစ်နိုင်သော ပုဂ္ဂိုလ်တို့ကို အ ကြောင်းနှင့် တကွ ညွှန်ပြပြီးလျှင် / ကေစိတ္တကျွဏ်ကာ သဗ္ဗေ ဓမ္မာတိ အာမန္တာ၌ အ ဘယ်ကို ရည်ရွယ်၍ ပုစ္ဆာ ဝိသဇ္ဇနာ ပြုသည်ကိုလည်း ညွှန်ပြခဲ့ပါ။

၁၀—မှတ်စီ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၁) အဘိဓမ္မာ ပိဋက ( ဓမ္မသင်္ဂဏီ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၃-ခုနှစ်၊ တပို့တွဲလဆန်း ( ၆ ) ရက်၊ ( ၂၁-၁-၇၂ )

——

( ၁ ) အညမည ဝိသိဋ္ဌာနံ ကုသလာ ကုသလာနံ ပါကာတိ ဝိပါကာ-၌ ကုသိုလ် အကုသိုလ်တို့သည် မည်သည့် သဘောအားဖြင့် အချင်းချင်း ထူးခြားကုန် သနည်း၊ ရှင်းပြပြီးလျှင်/ကမ္မဇရုပ်တရားတို့သည် ကုသိုလ် အကုသိုလ်ကံကြောင့် ဖြစ်သော အကျိုးတရား ဖြစ်ကုန်လျက် ဝိပါက ဝေါဟာရကို မရခြင်း၏ အကြောင်းကို ဥပမာနှင့် တကွ ပြခဲ့ပါ။

( ၂ ) အရ တရားကိုယ် နိဗ္ဗာန် တခုတည်းသာ ဖြစ်ပါလျက် အပ္ပစ္စယာ အသင်္ခတာ ဟု ဗဟုဝစနနိဒ္ဒေသကို ပြုတော်မူခြင်း၏ အကြောင်းကို ပြပြီးလျှင်/ ကေနစိ ဝိညေယျဒုက် ပဉ္စမ ပုဒ်၌ ကေနစိ ဟူသော ကတ္တားပုဒ် အရ သန္တီရဏ ၃-ခု, မဟာဝိပါက် ၈-ခု, ဟသိတုပ္ပါဒ်စိတ် ကို ယူခိုက် ၎င်းဒုက် ဒုတိယပုဒ် အရကို အဋ္ဌကထာ ဋီကာ နည်းနှစ်ဝဖြင့် ခွဲကာ ကောက်ပြခဲ့ပါ။

( ၃ ) ဖရုသဝါစာကို ဓမ္မ ကောဋ္ဌာသ အာရမ္မဏ ဝေဒနာ မူလ ငါးမျိုးတို့ဖြင့် ဝေဘန်ပြီးလျှင် / ကြိုးမိန့်ချသော တရားသူကြီး၏ 'ဤသူကို ချမ်းသာစွာ အိပ်ပါစေတော့' ဟူသော စကားသည် ကဏ္ဍသုခ ဟဒယင်္ဂတ ဖြစ်ခြင်းကြောင့် အဖရုသဝါစာ ဖြစ်သင့်ပါသလော - ဖရုသဝါစာ ဖြစ် သင့် ပါ သ လော အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

( ၄ ) ရူပါရမ္မဏံဝါ ( ပ ) ဓမ္မာရမ္မဏံဝါ-ဖြင့် ကာမာဝစရ ကုသိုလ်စိတ်ကို အာရုံ အားဖြင့် ပြပြီးပါလျက် ယံ ယံ ဝါ ပနာရဗ္ဘ ဟူသော စကားကို ဟောတော် မူခြင်း၏ အကျိုးကို ပြပြီးလျှင်/ဟိရီ ဩတ္တပ္ပတို့၏ သမုဋ္ဌာန အဓိပတိ လဇ္ဇာဘာယ လက္ခဏ အားဖြင့် ထူးခြားပုံကိုလည်း ပြခဲ့ပါ။

( ၅ ) သဒ္ဒိန္ဒြိယ နိဒ္ဒေသ အစ၌ သဒ္ဓါပုဒ်ကို ဟောထုတ်ပြီး ဖြစ်ပါလျက် သဒ္ဓါ ဟု နောက်၌ တဖန် ဟောပြန်ခြင်း၏ အကြောင်း အကျိုးကို စုံလင်စွာ ပြပြီးလျှင်/ ၎င်းသဒ္ဒိန္ဒြိယ နိဒ္ဒေသပါဠိကိုလည်း ထုတ်ပြခဲ့ပါ။

( ၆ ) အတ္ထအားဖြင့် မဂ္ဂ မည်ကောင်းသော တရားကို ပြပြီးလျှင်/ ရုပ္ပူပပတ္တိယာ မဂ္ဂံ

ဘာဝေတိ-၌ မဂ္ဂ ဟု အလိုရှိအပ်သော တရားကို အကြောင်းပြလျက် ကောက်ချက်ချခဲ့ပါ။

(၇) ပထမဈာန ကုသလနိဒ္ဒေသ-၌ ပထမဈာန်၏ ပဟာနင်္ဂဒသာန ပါဠိ- သမ္ပယောဂင်္ဂဒသာန ပါဠိ တို့ကို ခွဲခြား ပြပြီးလျှင် / ဒုတိယဈာန်ဝယ် ပထမဈာန ဓမ္မ ဟူသမျှတို့ မရှိကုန်ဘဲလျက် ဝိတက္ကဝိစာရာနံ ဝူပသမာ ဟု ဟောတော်မူခြင်း၏ အကျိုးကိုလည်း ပြခဲ့ပါ။

(၈) ပဋိပဒါစတုက္က၌ ပဋိပဒါ အဘိညာ၏ တရားကိုယ်ကို ကျနစွာ ခွဲပြပြီးလျှင်/ တဏှာ အဝိဇ္ဇာတို့၏ အစွမ်းဖြင့် ပဋိပဒါ အဘိညာတို့၏ ထူးထွေ ကွဲပြားပုံကိုလည်း ပေါ်လွင်အောင် ပြခဲ့ပါ။

(၉) အရူပါဝစရကုသလနိဒ္ဒေသ–နာနတ္တသညာနံ အမနသိကာရာ ၌ နာနတ္တသညာ မည်သော တရားတို့ကို နာမလာဘ အကြောင်းနှင့် တကွ စုံလင်စွာ ပြပြီးလျှင် / ရူပသညာနံ သမတိက္ကမာ - ပဋိဃသညာနံ အတ္ထင်္ဂမာ - နာနတ္တသညာနံ အမနသိကာရာ ဟူသော ၃–ပုဒ်တို့ဖြင့် အာကာသာနဉ္စာယတန သမာပတ်၏ ဂုဏ်ကို ဟောတော်မူခြင်း အကြောင်းကိုလည်း ဖော်ပြခဲ့ပါ။

(၁၀) အကုသလပဒဘာဇနီယ - ၌ အကုသိုလ်စိတ်ကို ကေန္တ ကာမာဝစရ ဖြစ်ပါလျက် ကာမာဝစရံ ဟု ဟောတော်မမူခြင်း၏ အကြောင်းကို ပြပြီး·လျှင် / ဓမ္မုဒ္ဒေသ ဝါရလာ သဝိဘတ္တိက တရားတို့တွင် ၃ – ဌာနဉ် ဝေဘန်အပ်သော တရား– ၄–ဌာနဉ် ဝေဘန်အပ်သော တရားတို့ကို ဝိဘတ္တဌာန ဝိဘဇနနာမတို့နှင့် တကွ ဖော်ပြခဲ့ပါ။

(၁၁) ဥဘတောဗျည်း၏ ဣန္ဒြေသည် ဗျဥ္ဇန ဟူသော နိမိတ်၏ ဖြစ်ကြောင်း ဟုတ် · မဟုတ် အကြောင်းပြ ဆုံးဖြတ်ပြီးလျှင်/ ဥပစယ သန္တတိ နိဒ္ဒေသ၌ အာစယ ဥပစယ သန္တတိ တို့၏ အထူးကို အဋ္ဌကထာ အလိုကျ ဥပမာ ဆောင်၍ ထင်ရှားအောင် ပြခဲ့ပါ။

(၁၂) ပြဟ္မာတို့၏ မိမိ ဗိမာန် ပဒေသာပင် တန်ဆာတို့၌ ဖြစ်သော ဆန္ဒ ရာဂသည် ကာမာသဝ ဖြစ် · မဖြစ် အကြောင်းပြ ဆုံးဖြတ်ပြီးလျှင်/ ဘောဇနေ မတ္တ· ညုတာနိဒ္ဒေသ ရှေး ယာပနာယ၌ ယာပနာ–နောက် ယာပနာယ၏ ပရိယာယ် ယတြာ တို့၏ အထူးကိုလည်း ပြခဲ့ပါ။ ၁၀–မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၂) အဘိဓမ္မာပိဋက (ဝိဘင်္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၃-ခုနှစ်၊ တပို့တွဲလဆန်း ၇-ရက်။ (၂၂-၁-၇၂)

—

(၁) ဖဿ အစရှိသော တရားတို့ကိုကဲ့သို့ ဝေဒနာ သညာတို့ကို သင်္ခါရက္ခန္ဓာ၌ မသွင်းဘဲ အသီးအခြား ခန္ဓာ၏ အဖြစ်ဖြင့် ယူတော်မူခြင်း၏ အကြောင်းကို ပြပြီးလျှင်/တတ္ထ ကတမေ သင်္ခါရာ အဇ္ဈတ္တာ (လ) ဣမေ ဝုစ္စန္တိ သင်္ခါရာ အဇ္ဈတ္တာ-၌ ပေယျာလ ပါဠိကို ဖော်ခဲ့ပါ။

(၂) စက္ခု အစရှိသည်တို့သည်လည်း ဓမ္မတို့ချည်းသာ ဖြစ်ကုန်လျက် ဓမ္မာယတနံ ဟူ၍သာ မဟောဘဲ ဒွါဒသာယတနာနိ ဟု ဟောတော်မူခြင်း၏ အကြောင်းကို ညွှန်ပြပြီးလျှင်/အနိစ္စ အနိစ္စလက္ခဏာတို့၏ သရုပ်ကိုလည်းကောင်း အနိစ္စလက္ခဏာ မထင်နိုင်ခြင်း၊ ထင်နိုင်ခြင်းတို့၏ အကြောင်း အဆက်ဆက်ကိုလည်းကောင်း ထုတ်ပြခဲ့ပါ။

(၃) ဓာတုဝိဘင်္ဂ–ကာမ အရ ဝတ္ထုကာမကို ရည်ရွယ်ခိုက် ကာမ နှင့် ကာမဓာတု အရ ကွဲပြားခြင်း ရှိ-မရှိကို ပါဠိ အထောက် ပြ၍ ဆုံးဖြတ်ပြီးလျှင်/နေက္ခမ္မဓာတု-၌ နေက္ခမ္မ ဟု ခေါ်အပ်သော တရားတို့ကို အကြောင်းနှင့်တကွ ပြခဲ့ပါ။

(၄) ယာ ယံ တဏှာ ပေါနောဘဝိကာ နန္ဒိရာဂသဟဂတာ တတြတတြာ-ဘိနန္ဒိနီ ဟူသော ပါဠိကို အဋ္ဌကထာ အလိုကျ အတ္ထယောဇနာ ပြုပြီးလျှင်/နိရောဓသစ္စနိဒ္ဒေသ၌ ယော တဿေဝ ဒုက္ခဿ ဟူ၍ ဟောသင့်ပါလျက် မဟောမူ၍ ယော တဿာ ယေဝ တဏှာယ ဟု ဟောတော်မူခြင်း၏ အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

(၅) ဣန္ဒြိယဝိဘင်း၌ သုတ္တန္တဘာဇနီယကို ဟောတော်မမူခြင်း၏ အကြောင်းကို ပြပြီးလျှင်/သုခိန္ဒြေ ဒုက္ခိန္ဒြေတို့ကို လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် အားဖြင့် ဝေဖန်ပြခဲ့ပါ။

(၆) အပုညာဘိသင်္ခါရ နိဒ္ဒေသ-၌ ဒေါမနဿသဟဂတစေတနာမှ ကြွင်းသော အကုသလ စေတနာတို့၏ ရူပဘုံ အရူပဘုံတို့၌လည်း ဖြစ်ခြင်းကြောင့် ကာမာဝစရာ ရူပါဝစရာ အရူပါဝစရာ ဟု ဟောသင့်ပါလျက် မဟောမူ၍ ကာမာဝစရာ ဟုသာ ဟောတော်မူခြင်း၏ အကြောင်းကို ပြပြီးလျှင်/အဝိ

သည့် ပုညာဘိသင်္ခါရတို့အား အဘယ်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသနည်း၊ ကျေးဇူးပြုရာအခါ- ပစ္စယုပ္ပန်သင်္ခါရ ပစ္စယသတ္တိတို့နှင့် တကွ ခွဲခြား၍ ပြခဲ့ပါ။

(၇) သတိပဋ္ဌာန ဝိဘင်း၌ အရူပကမ္မဋ္ဌာန်းကို ဖဿ ဝိညာဏ်တို့၏ အစွမ်းဖြင့် မဟောဘဲ ဝေဒနာ၏ အစွမ်းဖြင့် ဟောခြင်း၏ အကြောင်းကို ညွှန်ပြပြီးလျှင်/ သာမိသာ သုခါ-နိရာမိသာ သုခါ- သာမိသာဒုက္ခာ- နိရာမိသာ ဒုက္ခာ မည်သော တရားတို့ကိုလည်း ခွဲခြား ပြခဲ့ပါ။

(၈) သမ္မပ္ပဓာနဝိဘင်္ဂ–ကထဉ္စ ဘိက္ခု ဥပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဆန္ဒံ ဇနေတိ - ၌ အဋ္ဌကထာ ပဌမနည်း အရ ဥပ္ပန္န လေးမျိုးကို အမည်မျှ ဖော်ပြပြီးလျှင်/ ၎င်း ၄-မျိုး အနက် လောကုတ္တရ မဂ်ခဏ၌ ယူသင့်သော ဥပ္ပန္နကို ထုတ်၍ / ၎င်းကို တရားကိုယ်အားဖြင့်လည်းကောင်း ကာလ အားဖြင့်လည်းကောင်း ခွဲခြားပြခဲ့ပါ။

(၉) ဈာနဝိဘင်္ဂ–အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ ဟူသော ဥဒ္ဒေသ၏ နိဒ္ဒေသ၌ ဥဒ္ဒေသအား လျော်စွာ မဟောဘဲ သတော သမ္ပဇာနော အဘိက္ကမတိ သတော သမ္ပဇာနော ပဋိက္ကမတိ ဟု ဟောခြင်း၏ အကြောင်းကို ညွှန်ပြပြီးလျှင် / ရှေ့သို့ သွားရာ၌ မည်သို့ ပြုခြင်းသည် သတ္ထကသမ္ပဇဉ် ဖြစ်ပါသနည်း၊ ညွှန်ပြခဲ့ပါ။

(၁၀) သိက္ခာပဒဝိဘင်္ဂ – ပါဏာတိပါတာ ဝေရမဏီ သိက္ခာပုဒ်ကို ဓမ္မ ကောဋ္ဌာသ အာရမ္မဏ ဝေဒနာ မူလ ကမ္မ တို့ဖြင့် ဝေဘန်ပြီးလျှင်/သာမဏေတို့၏ သိက္ခာပုဒ်ကဲ့သို့ လူတို့၏ သိက္ခာပုဒ်သည် တပါးကို လွန်ကျူးအပ်လျှင် အလုံးစုံ ပျက်လေသလော သို့မဟုတ် လွန်ကျူးအပ်သော သိက္ခာပုဒ်သာ ပျက်လေသလော၊ အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၁၁) ပဋိသမ္ဘိဒါဝိဘင်္ဂ – အတ္ထပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါတို့၌ ပဘေဒ အားဖြင့် အတ္ထ ဓမ္မ အမည်ရသော တရားတို့ကို အသီးသီး ခွဲခြားပြီးလျှင် / မည်သည့် အတ္ထ ဓမ္မကို မည်သည့် ဘာဇနီယ - မည်သည့်ဝါရတို့၌ ယူအပ်သည်ကိုလည်း ပါဠိတော် အရ ညွှန်ပြခဲ့ပါ။

(၁၂) ဉာဏဝိဘင်္ဂ ဒသကနိဒ္ဒေသ—အဋ္ဌာနမေတံ (ပ) ဒွေ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အပုဗ္ဗံ အစရိမံ ဥပ္ပဇ္ဇေယျုံ နေတံ ဌာနံ ဝိဇ္ဇတိ- ၌ အပုဗ္ဗ အစရိမကာလကို ပိုင်းခြား ပြပြီးလျှင်/ ဘုရား နှစ်ဆူတို့၏ အပုဗ္ဗ အစရိမ ကာလ၌ အပြိုင်ဖြစ်တော်မမူခြင်း၏ အကြောင်းကိုလည်း အဋ္ဌကထာ အလိုကျ စုံလင်စွာ ပြခဲ့ပါ။

၁၀—မှတ်စီး

## (ခ) တိပိဋကဓရ သဘာ ရေးဖြေ စာမေးပွဲ

### (၃) အဘိဓမ္မာပိဋက (ဓာတုကထာ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၃ - ခုနှစ်၊ တပို့တွဲလဆန်း ၈ - ရက်။ (၂၃ - ၁ - ၇၂)

---

(၁) နယမုခ မာတိကာ၌ ရုပ် နိဗ္ဗာန်တို့နှင့်လည်း မယှဉ်သော တရား ရှိပါလျက် စတုဟိ ဝိပ္ပယောဂေါ ဟု ဟောခြင်း၏ အကြောင်းကို ညွှန်ပြပြီးလျှင် / သင်္ဂဟ၌ သဘာဂတာ လက္ခဏာမည်သော သဘော–အသင်္ဂဟ၌ ဝိသဘာဂတာ လက္ခဏာမည်သော သဘော - သမ္ပယောဂ၌ သဘာဂတာလက္ခဏာ မည်သော သဘော - ဝိပ္ပယောဂ၌ ဝိသဘာဂတာ လက္ခဏာ မည်သော သဘောတို့ကို လက္ခဏာ မာတိကာ၌ ခွဲဝေ ပြခဲ့ပါ။

(၂) အဗ္ဘန္တရ မာတိကာဝယ် စိတ္တကို စေတနာ၏ အခြားမဲ့၌ ထားအပ်ခဲ့ပါလျက် နိဒ္ဒေသဝယ် နောက်ဆုံး၌ ထားတော်မူခြင်း၏ အကြောင်းကို ပြပြီးလျှင် / ဝေဒနာက္ခန္ဓမူလက စသည်တို့၌ ရှေးရှေးပုဒ်တို့နှင့် မယှဉ်ဘဲ နောက်နောက်ပုဒ်တို့နှင့် သာ ယှဉ်ခြင်း (ရှေးရှေး ပုဒ်တို့ကို မူလ မသွတ်ဘဲ နောက်နောက် ပုဒ်တို့ကိုသာ မူလသွတ်ခြင်း) ၏ အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

(၃) ဒုတိယနယ ဥပါဒါခမ္မနိဒ္ဒေသ၌ ‘ဥပါဒါ ဓမ္မာဟိ ယေဓမ္မာ’ ပုဒ်တို့ကို သရုပ်ပေါ်အောင် အနက် သမ္ဗန်ပြီးလျှင် / ဤနယ၌ ယူအပ်သော ပဒတို့ကို အဋ္ဌကထာ အလိုကျ အကျဉ်းချုံး ပြခဲ့ပါ။

(၄) တတိယနယ ဝေဒနာက္ခန္ဓနိဒ္ဒေသ ဝိဿဇ္ဇနာ၌ ‘အသင်္ခတံ ခန္ဓတော ဌပေတွာ တီဟိ ခန္ဓေဟိ ဧကေနာယတနေန ဧကာယဓာတုယာ သင်္ဂဟိတာ’ ဟု ဟောခြင်း၏ အကြောင်းကို ပြပြီးလျှင် / ဤနယသာ ဇီဝိတိန္ဒြိယနိဒ္ဒေသ ပါဠိကိုလည်း ရေးခဲ့ပါ။

(၅) စတုတ္ထနယနိဒ္ဒေသ၌ ပုစ္ဆာ ဝိဿဇ္ဇနာ ပြုပုံ လက္ခဏာကို ပြပြီးလျှင် / ဧဝံနယ ပရိဒေဝနိဒ္ဒေသ၌ ‘ပရိဒေဝေန ယေဓမ္မာ၊ ဘောပါဝ ဓမ္မာဟိ ယေဓမ္မာ’ ဟူသော ကတ္တား ၂-ချက် ကမ် ၂ - ချက်၏တို့၏ သရုပ်ကို ကျနစွာ ထုတ်ခဲ့ပါ။

(၆) ပဥ္စမနယ နိဒ္ဒေသ၌ နာမက္ခန္ဓာ လေးပါး ရသော ပုဒ်ကို ဟောပုဒ် ပြုခိုက် ပဌမ ယေဓမ္မာ - ဒုတိယ ယေဓမ္မာ တို့၏ အရတို့ကို ကောက်ပြပြီးလျှင် / သဋ္ဌာယတန နိဒ္ဒေသ၌ ယေဓမ္မာ ၂ - ချက်တို့၏ အရ ဟာရားကိုလည်းကောင်း ဝိဿဇ္ဇနာ ကရိုဏ်း ၃ - ချက် ပါဠိတို့ကိုလည်းကောင်း ထုတ်ပြခဲ့ပါ။

(၇) ဆဋ္ဌနယ နိဒ္ဒေသ — ရုပ်သည် ရုပ်အချင်းချင်း ဖြစ်စေ · နိဗ္ဗာန်နှင့် ဖြစ်စေ - နိဗ္ဗာန်သည်လည်း ရုပ်နှင့် သမ္ပယုတ် မဖြစ်လျှင် ဝိပ္ပယုတ္တ ဖြစ်သင့်သည် မဟုတ်ပါလော၊ အဘယ်ကြောင့် ဝိပ္ပယုတ်လည်း မဖြစ်ပါသနည်း၊ ရှင်းပြပြီးလျှင်/ သင်္ဂါရက္ခန္ဓ နိဒ္ဒေသ နှင့် သမုဒယသစ္စ နိဒ္ဒေသတို့၌ ကေဟိစိ သမ္ပယုတ် ထုတ်ပုံ မတူခြင်းကို အကြောင်းပြလျက် ဖြေရှင်းခဲ့ပါ။

(၈) သတ္တမနယ အဓိမောက္ခ နိဒ္ဒေသ ပါဠိကို ထုတ်၍ / သရုပ် ပေါ်လွင်စွာ အနက်ယောဇနာခဲ့ပါ။

(၉) အဋ္ဌမနယ နိဒ္ဒေသဝယ် ခပ်သိမ်းသော ဝိဿဇ္ဇနာတို့၌ နတ္ထိ နတ္ထိ ဟူ၍သာ ဟောခြင်း၏ အကြောင်းကို ညွှန်ပြပြီးလျှင် / ဝိပ္ပယုတ္တ သဒ္ဒါ ပါသော နိဒ္ဒေသတို့၌ ဖြစ်သင့်သော ဝိပ္ပယုတ်တို့၏ ပဘေဒ သရူပ တို့ကို ဥဒါဟရုဏ်နှင့် တကွ ထုတ်ခဲ့ပါ။

(၁၀) နဝမနယ နိဒ္ဒေသ ဥဒ္ဒါနဂါထာ · ၌ 'စုဒ္ဒသိန္ဒြိယာ ပစ္စယေ ဒွါဒသပဒါ' ဟူသော သရူပဝန္တ တို့၏ သရုပ်ကို ဖော်ထုတ်ပြီးလျှင် / အောက်ပါ ပုစ္ဆာတို့၏ ဝိဿဇ္ဇနာ ပါဠိကို နယနှင့် ညှိ၍ ထုတ်ခဲ့ပါ။

(က) ရူပဘဝေန ယေဓမ္မာ ဝိပ္ပယုတ္တာ၊ တေဟိ ဓမ္မေဟိ ယေဓမ္မာ ဝိပ္ပယုတ္တာ၊ တေဓမ္မာ ကတိဟိ ဝိပ္ပယုတ္တာ။

(ခ) အဓိမောက္ခေန ယေဓမ္မာ ဝိပ္ပယုတ္တာ၊ တေဟိ ဓမ္မေဟိ ယေဓမ္မာ ဝိပ္ပ· ယုတ္တာ၊ တေဓမ္မာ ကတိဟိ ဝိပ္ပယုတ္တာ။

(၁၁) ဒသမနယ နိဒ္ဒေသ — လာ ဥဒ္ဒါန ဂါထာများကို ရေးခဲ့ပြီးလျှင် / ဧကာ - ဒသမနယ နိဒ္ဒေသ သမ္ပယုတ် ထုတ်ရာ၌ ဟောပုဒ်တို့သည် သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ တို့ အသီးသီး ဖြစ်ခိုက် ကေဟိစိ အရ ဖြစ်သင့်သည့် အလျောက် ကျနစွာ ကောက်ခဲ့ပါ။

(၁၂) စုဒ္ဒသမနယ နိဒ္ဒေသ · ၌ မရအပ်သော တိက်ပုဒ်များကို မရခြင်း၏ အကြောင်းနှင့် တကွ ပြပြီးလျှင် / အောက်ပါ ပုစ္ဆာတို့၏ ဝိဿဇ္ဇနာ ပါဠိကို နယနှင့် ညှိ၍ ထုတ်ခဲ့ပါ။

(က) ဝေဒနက္ခန္ဓေန ယေဓမ္မာ သမ္ပယုတ္တာ၊ တေဓမ္မာ ကတိဟိ....သင်္ဂဟိတာ။
ကတိဟိ....အသင်္ဂဟိတာ။

(ခ) သမုဒယသစ္စေန ယေဓမ္မာ ဝိပ္ပယုတ္တာ၊ တေဓမ္မာ ကတိဟိ....သင်္ဂဟိတာ။
ကတိဟိ....အသင်္ဂဟိတာ။

၁၀—မှတ်စီ။

## (ခ) တိပိဋကဓရ သဓဘာ ရေးဖြေ စာမေးပွဲ

### (၄) အဘိဓမ္မာပိဋက (ပုဂ္ဂလပညတ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

### ၁၃၃၃-ခုနှစ်၊ တပို့တွဲလဆန်း (၉) ရက်။ (၂၄-၁-၇၂)

——

(၁) အရိယာပုဂ္ဂိုလ်တို့၏ ရအပ်ပြီးသော လောကီ ဈာန် သမာပတ်သည် ဆုတ်ယုတ် ပျက်စီးခြင်း ရှိ-မရှိကို အကြောင်း ညွှန်ကြား ခွဲခြား ဝေဘန်ပြီးလျှင်/ သမာပတ်ကို တည်တံ့ခိုင်မြဲအောင် ပြုစွမ်းနိုင်သော ပုဂ္ဂိုလ်များကိုလည်း ထုတ်ပြခဲ့ပါ။

(၂) တေဝိဇ္ဇ အမည်ရသော ပုဂ္ဂိုလ်များကို ထုတ်ပြပြီးလျှင်/ဤ၌ အလိုရှိအပ်သော ပုဂ္ဂိုလ်ကို အကြောင်းနှင့် တကွ ညွှန်ပြခဲ့ပါ။

(၃) 'တိတ္တောတိ သုဟိတော ပရိယောသိတော' ဟူသော အဋ္ဌကထာ၌ အဘယ်တို့နှင့် ပြည့်စုံသည်ကို သုဟိတ–အဘယ်၏ အဆုံးသို့ ရောက်သည်ကို ပရိယောသိတ ဟု ဆိုအပ်ပါသနည်း၊ အဋ္ဌကထာ ဋီကာ ညှိ၍ တိကျစွာ ပြပြီးလျှင်/ သာဝကတို့၏ ဓမ္မကထာဖြင့် အပရိမာဏ ဖြစ်သော နတ်လူတို့၏ အဘိသမယ ဖြစ်နိုင်ပါလျက် ဘုရားကိုသာ တပ္ပေတာ ဟု ခေါ်ဆိုရခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

(၄) အရူပမစိတ္တပုဂ္ဂိုလ်-ဝိဇ္ဇူပမစိတ္တ ပုဂ္ဂိုလ်-ဝဇိရူပမစိတ္တ ပုဂ္ဂိုလ်များကို အဋ္ဌကထာနှင့် အညီ ခွဲခြားပြီးလျှင်/ဝဇိရူပမစိတ္တတာ၌ ဥပမာန ဥပမေယျ နှိုင်းနှော ပြခဲ့ပါ။

(၅) တမ တမပရာယန စတုက္က–'ဣဓေကစ္စော ပုဂ္ဂလော ဥစ္စေ ကုလေ' စသော ပါဠိ၌ 'အဍ္ဎေ မဟဒ္ဓနေ မဟာဘောဂေ ပဟူတဇာတရူပရဇတေ ပဟူတ ဝိတ္တူပကရဏေ ပဟူတဓနဓညေ' ပုဒ်တို့ကို အဋ္ဌကထာ အလိုကျ သရုပ်ပေါ်အောင် အနက် သန္နိပြီးလျှင် / ၎င်းပုဒ်တို့ဖြင့် ပြအပ်သော သမ္ပတ္တိကိုလည်း ဖော်ပြခဲ့ပါ။

( ၆ ) သမဏမစလ - သမဏ၂ဒုမ - သမဏပုဏ္ဍရိက - သမဏသုခုမ၁လ - ခေါ်ဆိုရသော ပုဂ္ဂိုလ်များကို ခေါ်ဆိုရခြင်း၏ အကြောင်းနှင့် တကွ အသီးသီး ဖော်ပြခဲ့ပါ။

( ၇ ) 'အဝဏ္ဏာရဟာသ အဝဏ္ဏံ ဘာသိတာ ဟောတိ ဘူတံ တစ္ဆံ' ၌ ဘူတဘာသန - တစ္ဆဘာသန - တို့၏ အထူးကို ခွဲခြား ပြဆိုပြီးလျှင်/ပဋ္ဌကနိဒ္ဒေသ၌ လာသော အာဓေယျမုခေါ ဟူသော ပုဒ်၏ အရ ပုဂ္ဂိုလ်ကို ပါဠိ အဋ္ဌကထာ နည်းနှစ်ဖြာဖြင့် ခွဲကာ ကောက်ပြခဲ့ပါ။

( ၈ ) ဆက္ကနိဒ္ဒေသ– သာဝကပါရမီသို့ ရောက်သော ရဟန္တာ - မရောက်သော ရဟန္တာတို့ကို ပါဠိ သာဓက အကိုး ပြလျက် ခွဲခြားပြီးလျှင်/ သာဝကပါရမီ ပုဒ်၏ တရားကိုယ်ကိုလည်း ထုတ်ခဲ့ပါ။

( ၉ ) သတ္တက နိဒ္ဒေသ–ဒေဝဒတ်သည် 'သကိံ နိမုဂ္ဂေါ နိမုဂ္ဂေါဝ ဟောတိ' အရ ပုဂ္ဂိုလ် စသည်တို့တွင် မည်သည့် ပုဂ္ဂိုလ် ဖြစ်ပါသနည်း၊ ပါဠိတော်အား လျော်စွာ အကြောင်းပြ၍ ရွေးချယ်ခဲ့ပါ။

( ၁၀ ) နဝက နိဒ္ဒေသ–ပညာယ စဿ ဒိသွာ အာသဝါ ပရိက္ခီဏာ ဟောန္တိ 'ဟူသော ပါဠိကို ပညာယ၌ ရသင့်သည့် ပညာကို စွဲ၍ ဒိသွာ၌ ဖြစ်ထိုက်သော ကမ်ကို စုံလင်စွာ ထည့်လျက် အနုဋီကာနည်းနှင့် တပြေးတည်း ညီအောင် အနက်သမ္ဗန်ပြီးလျှင် / ဒိသွာ အရ ဒဿနကြိယာ– ပရိက္ခီဏာ အရ ပရိက္ခယကြိယာ တို့သည် တူပြိုင် ညီမျှသော ကာလ ရှိကြပါလျက် ဒဿနကြိယာ၏ ပရိက္ခယကြိယာမှ ရှေးကျသော ကြိယာ ဖြစ်ရခြင်းကို အကြောင်းပြ၍ ရှင်းခဲ့ပါ။

( ၁၁ ) ရူပါဝစရစတုတ္ထစျာန်၏လည်း အရူပါဝစရ စျာန်ကဲ့သို့ အင်္ဂါ နှစ်ပါး ရှိခြင်းကြောင့် ၎င်းရူပါဝစရစတုတ္ထစျာန်ကို ပဒဋ္ဌာန်ပြု၍ အရဟတ္တဖိုလ်သို့ ရောက်သော ပုဂ္ဂိုလ်သည် ဥဘတောဘာဂဝိမုတ္တ ပုဂ္ဂိုလ် ဖြစ်ထိုက်ပါသလော၊ အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

( ၁၂ ) သဒ္ဓါဝိမုတ္တပုဂ္ဂိုလ် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်တို့ ကိလေသာကို ပယ်ခြင်း၌ ထူးထွေ ကွဲပြားခြင်း မရှိဘဲလျက် သဒ္ဓါဝိမုတ္တ ပုဂ္ဂိုလ်၏ ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်ကို မမှီနိုင်ခြင်း၏ အအကြောင်းကို စုံလင်စွာ ပြပြီးလျှင်/ ဒသက နိဒ္ဒေသပါဠိကိုလည်း ရေးခဲ့ပါ။

၁၀–မှတ်စီ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၅) အဘိဓမ္မာပိဋက (ကထာဝတ္ထု) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၃-ခုနှစ်၊ တပို့တွဲလဆန်း ၁၇ - ရက်။ (၂၅-၁-၇၂)

——

(၁) 'ဟဉ္စိ ပုဂ္ဂလော ဥပလဗ္ဘတိ သစ္ဆိကဋ္ဌပရမတ္ထေန (လ) မိစ္ဆာ'-၌ အနုလောမပဉ္စကနာ - အနုလောမပါပနာ - အနုလောမရောပနာ - မည်သော စကားတို့ကို နာမလာဘ အကြောင်းနှင့် တကွ ခွဲခြားပြပြီးလျှင် / 'သဗ္ဗဒါ ပုဂ္ဂလော ဥပလဗ္ဘတိ သစ္ဆိကဋ္ဌ ပရမတ္ထေနာတိ၊ န ဟေဝံ ဝတ္တဗ္ဗေ' ၌ ပရဝါဒီ ပုဂ္ဂိုလ် ပယ်ခြင်း၏ အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

(၂) 'ရူပဓာတုယာ ရူပီ ပုဂ္ဂလောတိ အာမန္တာ' ၌ ဝန်ခံခြင်း၏ အကြောင်းကို ပြပြီးလျှင် / ရူပဓာတ်၌ ရူပီပုဂ္ဂိုလ် ရှိသလို ကာမဓာတ်၌ ကာမီ ပုဂ္ဂိုလ် ရှိသင့်ပါလျက် 'ကာမဓာတုယာ ကာမီ ပုဂ္ဂလောတိ၊ နဟေဝံ ဝတ္တဗ္ဗေ' ၌ ပရဝါဒီ ပုဂ္ဂိုလ် ပယ်ခြင်း၏ အကြောင်းကိုလည်း ညွှန်ခဲ့ပါ။

(၃) သုတ္တသာဓနေ ပရိဟာနိကထာ -၌—

ဥစ္စာဝစာဟိ ပဋိပဒါ၊ သမဏေန ပကာသိတာ။
န ပါရံ ဒိဂုဏံ ယန္တိ၊ နယိဒံ ဧကဂုဏံ မုတံ။

ဟူသော ဂါထာ၏ အပရစုကို အနက် ကျနစွာ သမ္ဗန်ပြီးလျှင် / ဥစ္စပဋိပဒါ- အဝစပဋိပဒါတို့၏ သရုပ်ကိုလည်းကောင်း န ပါရံ ဒိဂုဏံ ယန္တိဖြင့် သကဝါဒီ ပြအပ်သော အရာကိုလည်းကောင်း စုံလင်စွာ ညွှန်ပြခဲ့ပါ။

(၄) ဒုက္ခာဟာရ ကထာ — 'ယေ ကေစိ ဒုက္ခန္တိ ဝါစံ ဘာသန္တိ၊ သဗ္ဗေ တေ မဂ္ဂံ ဘာဝေန္တိ' ဟူသော ပဌမ ပဉှာ၌ ပရဝါဒီ ပုဂ္ဂိုလ်သည် 'နဟေဝံ ဝတ္တဗ္ဗေ' ဟု ပယ်ပြီးဖြစ်ပါလျက် ၎င်းနှင့် အလားတူ ဒုတိယ ပဉှာ ၌ မည်သည့် ပုဂ္ဂိုလ်တို့ကို ရည်ရွယ်၍ ဝန်ခံသည်ကို ဖြေရှင်းပြီးလျှင်/ ဗာလပုထုဇ္ဇနာ ဒုက္ခန္တိ ဝါစံ ဘာသန္တိ၊ ဗာလပုထုဇ္ဇနာ မဂ္ဂံ ဘာဝေန္တိ' ဟု မေးသော သကဝါဒီ၏ အာဘောဂကိုလည်း ထုတ်ပြခဲ့ပါ။

(၅) 'ဗောဓိသတ္တော ကဿပဿ ဘဂဝတော ပါဝစနေ ဩက္ကန္တနိယာမော စရိတဗြဟ္မစရိယော' ဟူသော သကဝါဒီ၏ ပုစ္ဆာကို ဝန်ခံ ဖြေဆိုသော ပရဝါဒီ၏ အယူကို ညွှန်ပြပြီးလျှင် / ဝိမုတ္တိကထာ၌ ဝိမုတ္တိဉာဏ်၏ ပဘေဒ သရူပကိုလည်းကောင်း ထိုတွင် မုချအားဖြင့် ဝိမုတ္တိ မည်သော ဝိမုတ္တိဉာဏ်ကိုလည်းကောင်း ဖော်ပြခဲ့ပါ။

(၆) ဣတောဒိန္န ကထာ -၌ ပဌမ သုက္ကသာဓန ဂါထာများကို ရေးခဲ့ပြီးလျှင် / 'ဤလူ့ပြည်မှ ပေးလှူအပ်သော ဝတ္ထုဖြင့်သာ ပြိတ္တာဘုံ၌ ဖြစ်ကုန်သော သတ္တဝါ

တို့သည် မျှတကုန်၏’ ဟူသော ပရဝါဒီ ပုဂ္ဂိုလ်၏ အယူ သင့်-မသင့်ကို အဌကထာလာ၍ အကြောင်း ပြ၍ ဆုံးဖြတ်ခဲ့ပါ၏။

( ၇ ) ဣဒ္ဓိဗလကထာ — ‘ ဣဒ္ဓိဗလေန သမန္နာဂတော ကပ္ပံ တိဋ္ဌေယျာတိ အာမန္တာ ’ ၌ အဘယ်ကို မသင့်သောအားဖြင့် ယူပြီးလျှင် / အဘယ် အယူ၌ တည်၍ ပရဝါဒီ ပုဂ္ဂိုလ် ဝန်ခံ ဖြေဆိုပါသနည်း၊ ဖြေရှင်းပြီးလျှင် / ကပ္ပ ပတ်လုံး တည်ရာ၌ ဣဒ္ဓိမန္တပုဂ္ဂိုလ် အနိဒ္ဓိမန္တ ပုဂ္ဂိုလ်တို့၏ ထူးခြားပုံကိုလည်း ညွှန်ပြခဲ့ပါ။

( ၈ ) ဇီဝိတာဝေါရောပနကထာ -- ဘုရား၌ အလေးပြုခြင်း ရှိသော ဒိဋ္ဌိသမ္ပန္န ပုဂ္ဂိုလ်အား စိတ်ကြမစေတနာဖြင့် သိက္ခာပုဒ်ကို လွန်ကျူးမှု ရှိ-မရှိကို သကဝါဒီစကား အထောက်အထား ပြ၍ ဆုံးဖြတ်ပြီးလျှင် / ‘ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေယျ’ ဟူသော ပုစ္ဆာကို ဝန်ခံဖြေဆိုသော ပရဝါဒီ၏ အယူကိုလည်း ညွှန်ပြခဲ့ပါ။

( ၉ ) ကပ္ပဋ္ဌကထာ — ပရဝါဒီပက္ခ-၌ သံဃဘေဒကပုဂ္ဂိုလ်၏ တကမ္ဘာ ပတ်လုံး အဝီစိငရဲ၌ တည်ရသည်၏ အဖြစ်ကို ပြီးစေတတ်သော သုတ္တန်ကို ထုတ်ပြပြီးလျှင် / ထိုသုတ္တန်က ယင်းအနက် ပြီးစေနိုင်-မပြီးစေနိုင်ကိုလည်းကောင်း သံဃဘေဒကပုဂ္ဂိုလ် သည် မည်မျှလောက်သော ကာလ ကြာအောင် အဝီစိငရဲ၌ တည်ရာသည်ကိုလည်းကောင်း အကြောင်းပြကာ ဆုံးဖြတ်ခဲ့ပါ။

( ၁၀ ) သဋ္ဌာယတနုပ္ပတ္တိကထာ — ‘သဋ္ဌာယတနံ အပုဗ္ဗံ အစရိမံ မာတုကုစ္ဆိသ္မိံ သဏ္ဌာ-တီတိ အာမန္တာ ’ ၌ သကသမယအားဖြင့် သဋ္ဌာယတန၏ ဖြစ်ပုံကို ပုဂ္ဂိုလ် ကာလ ဖြစ်ကြောင်း တို့ဖြင့် ခွဲခြား ပြဆိုပြီးလျှင် / ဝန်ခံဖြေဆိုသော ပရဝါဒီ၏ အယူကိုလည်း ညွှန်ပြခဲ့ပါ၊

( ၁၁ ) အရိယရူပကထာ — ‘အရိယရူပံ မဟာဘူတာနံ ဥပါဒါယာတိ အာမန္တာ’ ၌ အရိယရူပ မည်သော တရားကိုလည်းကောင်း ပရဝါဒီ၏ အယူကိုလည်းကောင်း ဖော်ပြပြီးလျှင် / ‘ယံကိဉ္စိ ဘိက္ခဝေ ရူပံ စတ္တာရိ မဟာဘူတာနိ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယ ရူပံ ’ ဟူသော သုတ္တန်ကို ထုတ်ဆောင်သည့် ပုဂ္ဂိုလ်ကိုလည်းကောင်း ထိုသုတ် သည် ပြအပ်သော အနက်-မပြအပ်သော အနက်ကိုလည်းကောင်း ပြခဲ့ပါ။

( ၁၂ ) ဝီသတိမဝဂ် နိရယပါလကထာ— ‘ န ဝေဿဘူ နောပိ စ ပေတ္တိရာဇာ’ အစရှိသော သုတ္တန်ကို ပရဝါဒီ ဆောင်အပ်သော သုတ္တန် ဖြစ်ခြင်းကြောင့် သကဝါဒီက ပယ်သင့်ပယ်ထိုက်ပါလျက် မပယ်ဘဲ ခွင့်ပြု ဝန်ခံခြင်း၏ အကြောင်း ပြပြီးလျှင် / ထိုသုတ္တန် အရ ပရဝါဒီ၏ ‘ ငရဲတို့၌ ငရဲထိန်း မရှိ’ ဟူသော အယူကို အမှန်ဟု ယူသင့်-မယူသင့် အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။ ၁၀—မှတ်စီ။

## (ခ) တိပိဋကဓရ သဓ္ဓာဘာရေးဖြေ စာမေးပွဲ

### (၁) အဘိဓမ္မာပိဋက (ဓမ္မသင်္ဂဏီ) ပါဠိ + အဋ္ဌကထာ မေးခွန်း
### ၁၃၃၄-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ - ရက်။ (၂၆-၁-၇၃)

——

(၁) မိစ္ဆတ္တတိက် ပဌမပုဒ်၌ ပဉ္စာနန္တရိယကမ်· နိယတမိစ္ဆာဒိဋ္ဌိကမ် တို့သည် အကျိုးပေးရာ ကာလ၏ မြဲခြင်းကြောင့် နိယတ မည်ကုန်သလော၊ အကျိုးပေးခြင်း၏ မြဲခြင်းကြောင့် နိယတ မည်ကုန်သလော ဟူသော ဒွိဟကို အဋ္ဌကထာနည်း အရ ယုတ္တိ ပြ၍ ရှင်းပြီးလျှင် / ထိုတိက်၌ ပဌမပုဒ် တတိယပုဒ်တို့၏ အရကိုလည်း ကောက်ခဲ့ပါ။

(၂) ဂေါတြဘု တိုင်အောင်သော ဓမ္မ - ဘဝဂ် တိုင်အောင်သော သြကာသကို အာရုံပြု၍ ဖြစ်ကုန်သော မာန အစရှိသော တရား တပါးတို့လည်း ရှိပါကုန်လျက် လောဘ ဒိဋ္ဌိ မောဟ တရား သုံးပါးတို့၌သာ အာသဝသဒ္ဒါ ထင်ခြင်း၏ အကြောင်းကို ညွှန်ပြပြီးလျှင် / အောက်ပါ ပုဒ်တို့၏ အရကိုလည်း ကောက်ပြခဲ့ပါ။

(က) ဂန္ထဝိပ္ပယုတ္တာ ဓမ္မာ (ခ) ဉပါဒါနဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ ဉပါ-ဒါနိယာပိ။

(၃) စောပနကာယ အသံဝရ မည်သော တရား - ထိုတရား၏ ဖြစ်ရာကာလ - ထိုကာလ၌ ဖြစ်သော စိတ်၏ မနောဒွါရ ဟူသော အမည်ကို မရနိုင်ခြင်း၏ အကြောင်းကို ညွှန်ပြပြီးလျှင် / သမ္ပယုတ္တလာပါ ဝိရတိ ဟူသော ကုသလကမ္မပထ၏ အာလမ္ဗိတဗ္ဗ တရား- ပဇဟိတဗ္ဗ တရားတို့ကိုလည်းကောင်း ဥပမာနှင့် တကွ ပယ်စွန့်ပုံကိုလည်းကောင်း ထင်ရှားစွာ ပြခဲ့ပါ။

(၄) အချို့သော သုတ်တို့၌ စက်မ အစရှိသည်ကို ပြုသောသူအား ဖြစ်သော ဝီရိယကို ကာယိက ဟု ဟောတော်မူအပ်ပါလျက် ဝီရိယိန္ဒြိယနိဒ္ဒေသ၌ စေတသိကော ဟူသော ပုဒ်ကိုသာ ဟောတော်မူခြင်း၏ အကျိုးကို ညွှန်ပြပြီးလျှင် / ၎င်းဝီရိယိန္ဒြိယနိဒ္ဒေသကို ပါဠိ သက်သက်မျှ ရေးခဲ့ပါ။

(၅) 'ပီတိယာ စ ဝိရာဂါ ဉပေက္ခကော စ ဝိဟရတိ (ပ) သုခဉ္စ ကာယေန ပဋိသံဝေ-ဒေတိ' ဟူသော ပါဠိကို အဋ္ဌကထာ သံဝဏ္ဏနာ နည်းစုံလင်စွာ အနက် ယောဇနာခဲ့ပါ။

(၆) ပဌမဈာန် ဒုတိယဈာန်တို့၌လည်း တတြမဇ္ဈတ္တတာ ဟူသော ဈာနုပေက္ခာ ရှိသည် အဖြစ်ကြောင့် ထိုဈာန်တို့၌လည်း ဉပေက္ခကော စ ဝိဟရတိ ဟု ဈာနုပေက္ခာကို ဟောသင့်ပါလျက် မဟောခြင်း၏ အကြောင်းကို ညွှန်ပြပြီးလျှင် / 'ဉပေက္ခာသတိ ပါရိ-သုဒ္ဓိံ စတုတ္ထံ ဈာနံ' ၌ ဉပေက္ခာသည် ဉပေက္ခာ ဆယ်မျိုးတို့တွင် မည်သည့် ဉပေက္ခာ-တရားကိုယ်အားဖြင့် မည်သည့် တရား ဖြစ်သည်များကိုလည်း ခွဲခြား၍ ပြခဲ့ပါ။

( ၇ ) အသုဘအာရုံသည် ပဋိက္ကူလ ဖြစ်ပါလျက် ထိုအာရုံ၌ ပီတိ သောမနဿ ဖြစ်နိုင်ခြင်း၏ အကြောင်းကို ဥပမာနှင့် တကွ ထင်ရှား ပြပြီးလျှင် / ' ယသ္မိံ သမယေ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ ( လ ) ဥဒ္ဓုမာတကသညာ သဟဂတံ' ဟူသော ပါဠိ၌ ပေယျာလကိုလည်း ထုတ်ဖော်ခဲ့ပါ။

( ၈ ) လောကီယစျာန်၏လည်း ပဋိပဒါနှင့် ကင်း၍ မပြည့်စုံနိုင်ခြင်း ဖြစ်သော်လည်း လောကီယစျာနဒေသနာ၌ သုဒ္ဓိကနယကိုလည်း ဟောတော်မူသကဲ့သို့ လောကုတ္တရစျာနဒေသနာ၌ သုဒ္ဓိကနယကို ဟောတော်မမူဘဲ 'ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ' စသော မိဿကနယကိုသာ ဟောတော်မူခြင်း၏ အကြောင်းကို ပြပြီးလျှင်/လောကုတ္တရ ကုသလ နိဒ္ဒေသလာ 'ဝေလာန တိက္ကမော' ၌ ဝေလာ သဒ္ဒါ · သေတုဿာဘော၌ သေတု သဒ္ဒါတို့၏ အဓိပ္ပါယ်ပေဒတာသဒ္ဒတ္ထ သရူပတ္ထတို့ကိုလည်း ပြခဲ့ပါ။

( ၉ ) ဒိဋ္ဌိဂတိက ပုဂ္ဂိုလ်တို့၏ မိမိ ပြုအပ်ခဲ့သော ကိစ္စကို အောက်မေ့နိုင်ခြင်း ထင်ရှားရှိပါလျက် အကုသိုလ်စိတ်၌ သတိကို ယူဘော်မမူခြင်း၏ အကြောင်းကို ညွှန်ပြပြီးလျှင် / အကုသလနိဒ္ဒေသလာ အောက်ပါ ပုဒ်တို့၏ သဂုဏာပေက္ခ ဒဗ္ဗတ္ထ ကိုလည်း ပြခဲ့ပါ။

( က ) အဝိဇ္ဇာဟာရော

( ခ ) အဝိဇ္ဇာဟဥ္စမာနသတာ

( ဂ ) အပစ္စက္ခကမ္မံ

( ဃ ) ဒုမ္မေဇ္ဈံ

( င ) လဂ်ီ။

( ၁၀ ) ဟသိတုပ္ပါဒ်စိတ်ကို ဒွါရ အာရုံ ပုဂ္ဂိုလ်တို့နှင့် ယထာသမ္ဘာဝ ယှက်စပ် ခွဲဝေပြီးလျှင် /ဉာဏာနုပရိဝတ္တိက သဗ္ဗကမ္မ ရှိတော်မူသော မြတ်စွာဘုရားအား ထိုစိတ် ဖြစ်နိုင်မဖြစ်နိုင်ကိုလည်း အဋ္ဌကထာ အလိုကျ ယုတ္တိ ပြကာ ဆုံးဖြတ်ခဲ့ပါ။

( ၁၁ ) 'စတုန္နံ ဟိ မဟာဘူတာနံ ဘာဝဉ္ဈတ္တမေဝ ဟောတိ လက္ခဏညထတ္တံနာမ နတ္ထိ' ဟူသော အဋ္ဌကထာ၌ ဘာဝဉ္ဈတ္တ လက္ခဏညထတ္တ တို့၏ အရကို ခွဲပြပြီးလျှင် / စိတ္တသဟဘုနိဒ္ဒေသ၌ ဝိညတ်ဒွေကို စိတ္တသဟဘု ဟူ၍ ဟောတော်မူခြင်း၏ ဂဟေတဗ္ဗ အကြောင်း · နိဝတ္တေတဗ္ဗ အကြောင်းတို့ကိုလည်း ထုတ်ပြခဲ့ပါ။

( ၁၂ ) မံသစက္ခု ဒိဗ္ဗစက္ခု တခုခုဖြင့် အရိယပုဂ္ဂိုလ်တို့ကို မြင်နိုင်ပါလျက် ထိုမြင်နိုင်သူကို အရိယာနံ ဒဿာဝီ ဟု မခေါ်ဆိုဘဲ အရိယာနံ အဒဿာဝီ ဟူ၍ သာ ခေါ်ဆိုရခြင်း၏ အကြောင်းကို ပြပြီးလျှင် / ရုပ်သက်သက်ကို အတ္တ · နာမ်သက်သက်ကို အတ္တ · ရုပ် နာမ် နှစ်ဝ မိဿကကို အတ္တဟု ဟောတော်မူအပ်ရာ ဌာန အသီးသီးကိုလည်း နိက္ခေပကဏ္ဍပါဠိပဒဖြင့် ခွဲဝေပြခဲ့ပါ။ ၁၀—မှတ်စီ။

# ( ၁ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## ( ၂ ) အဘိဓမ္မာပိဋက ( ဝိဘင်္ဂ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၄ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်၊ ( ၂၇ - ၁ - ၇၃ )

—

( ၁ ) ခန္ဓဝိဘင်္ဂ — ဣဋ္ဌ အနိဋ္ဌ တရားတို့ကို သမာနဝါဒီ အရ အဘယ်ပုဂ္ဂိုလ် အဘယ် တရားတို့၏ အစွမ်းအားဖြင့် ခွဲခြမ်း ဝေဘန်ရမည်နည်း၊ ပြပြီးလျှင် / ရူပက္ခန္ဓ ဒူရ ဒုက နိဒ္ဒေသ - ၌ ဒူရဘေဒနှင့် တကွ သုခုမရုပ်ကို ဒူရေ· သြဠာရိကရုပ်ကို သန္တိကေ ဟူ၍ ခေါ်ရခြင်း အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

( ၂ ) အာယတနဝိဘင်္ဂ — သုတ္တန္တဘာဇနီယ - ၌ ဘုရားရှင်သည် ဝိပဿနာ အကျင့်ကို ဟောလိုသောကြောင့် အာယတန ( ၁၂ ) ပါးတို့ကို လက္ခဏာရေး သုံးပါးနှင့် ယှဉ်စပ်၍ ဟောခဲ့ရာ ဘုရားရှင်၏ ဆန္ဒတော်အရ အဇ္ဈတ္တိကာယတနတို့ကို ရွာဆိုး ရွာပျက် ဥပမာ ပြု၍ ဝိပဿနာ ရှုပုံကို ညွှန်ပြပြီးလျှင် / အနိစ္စ၏ ပရိယာယ် ဖြစ်သော ဝိပရိဏာမ၏ အဓိပ္ပာယ်ကိုလည်း အဋ္ဌကထာ ဋီကာ အလိုကျ ရေးသားခဲ့ပါ။

( ၃ ) ဓာတုဝိဘင်္ဂ တေဇောဓာတု နိဒ္ဒေသ - လာ ယေန စ သန္တပ္ပတိ ယေန စ ပရိ- ဒယှတိ - အရ သန္တာပ - ပရိဒါဟ တေဇော နှစ်ခုတို့၏ ထူးခြားပုံကို ပြပြီးလျှင် / တတိယ ဓာတုဆက္ကလာ ကာမဓာတု အရ ကာမရာဂနှင့် ယှဉ်သော ဝိတက်မှ တပါးသော တရားများ ရှိပါလျက် ဝိတက်ကိုသာ အရကောက်ရခြင်း အကြောင်းကိုလည်း ကျနစွာ ရေးသားခဲ့ပါ။

( ၄ ) သစ္စဝိဘင်္ဂ — သုတ္တန္တဘာဇနီယ မဂ္ဂသစ္စာ - လာ သမ္မာဒိဋ္ဌိနိဒ္ဒေသ - ၌ ‘ ယာ ပညာ ပဇာနနာ ’ စသည်ဖြင့် မဟောမူ၍ ‘ ဒုက္ခေ ဉာဏံ ’ စသည်ဖြင့် ဟောရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြပြီးလျှင် / မဂ္ဂင် ရှစ်ပါးကိုလည်း ဝိဇ္ဇာစရဏ အားဖြင့်လည်းကောင်း သမထ ဝိပဿနာ အားဖြင့်လည်းကောင်း ဝေဘန်၍ ပြခဲ့ပါ။

( ၅ ) ဣန္ဒြိယဝိဘင်္ဂ — အညတာဝိန္ဒြေကို အတ္တ အားဖြင့်လည်းကောင်း ကမ္မ အားဖြင့် လည်းကောင်း အကြောင်းပြကာ စီစစ် ဝေဘန်ပြီးလျှင် / ၎င်းဣန္ဒြိယဝိဘင်္ဂ ဝီရိယိ- န္ဒြိယ နိဒ္ဒေသ၌ သမ္မာဝါယာမော မိစ္ဆာဝါယာမော တို့ကို ထည့်သွင်း၍ မဟောရခြင်း အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

( ၆ ) ပဋိစ္စသမုပ္ပါဒ ဝိဘင်္ဂ — ဝိညာဏပစ္စယာ နာမရူပနိဒ္ဒေသ - ၌ နာမ အရ သုတ္တန် ဝယ် ‘ တတ္ထ ကတမံ နာမံ ဝေဒနာ သညာ စေတနာ ဖဿော မနသိကာရော ’ ဟူ၍

ဟောပါလျက် ဤဝိဘင်းပါဠိတော်၌မူ ‘ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော’ ဟူ၍ ဟောပုံ ထူးရခြင်း အကြောင်းကို ညွှန်ပြပြီးလျှင် / အသညသတ်ဘုံ၌ ဝိညာဏ် မရှိခြင်းကြောင့် ဝိညာဏ်ကြောင့် ရုပ်ဖြစ်စေသည် ဟူသော (သင်္ဂဟ) စကား သင့် - မသင့် ရှင်းလင်း၍ ပြခဲ့ပါ။

(၇) သတိပဋ္ဌာန ဝိဘင်္ဂ — ကာယာနုပဿနာနိဒ္ဒေသ - လာ ‘သော တံ နိမိတ္တံ အာသေဝတိ ဘာဝေတိ ဗဟုလီကရောတိ၊ သွာဝတ္ထိတံ ဝဝတ္ထပေတိ’ ၌ ကောဋ္ဌာသ အားလုံးနှင့် သက်ဆိုင်သော နိမိတ္တဘေဒ ဝဝတ္ထ ပနဘေဒတို့ကို ညွှန်ပြပြီးလျှင်/ဆံပင်ကို ခေတ်၏ အစွမ်းအားဖြင့် နှလုံးသွင်း၍ ရဟန္တာ အဖြစ်သို့ ရောက်ပုံကိုလည်း အဋ္ဌကထာ အလိုကျ ပြည့်စုံစွာ ညွှန်ပြခဲ့ပါ။

(၈) ဗောဇ္ဈင်္ဂဝိဘင်္ဂ — သုတ္တန္တဘာဇနီယ (ပဌမနယ) လာ · ဥပေက္ခာသမ္ဗောဇ္ဈင်၏ အဓိပ္ပာယ်ကို အဋ္ဌကထာ အလိုကျ ညွှန်ပြပြီးလျှင် / ‘သတိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ၊ ဝေါဿဂ္ဂပရိဏာမိံ’ ၌ ဝေါဿဂ္ဂ — ဘေဒ - အဓိပ္ပာယ်နှင့် တကွ ရင့်ကျက်စေပုံ - ပွားများပုံကိုလည်း ညွှန်ပြခဲ့ပါ။

(၉) ဈာနဝိဘင်္ဂ — သုတ္တန္တဘာဇနီယ လာ ‘အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ’ ၌ အဏုမတ္တဝဇ္ဇ အရကို အကြောင်းနှင့် တကွ ထေရဝါဒစုံ ကောက်ပြပြီးလျှင် / ၎င်း ကထာလာ အာဒီနဝ ဒဿာဝီ၏ အဓိပ္ပာယ်ကိုလည်း အဋ္ဌကထာ အလိုကျ ပြည့်စုံစွာ ညွှန်ပြခဲ့ပါ။

(၁၀) အပ္ပမညာဝိဘင်္ဂ — မေတ္တာအပ္ပမညာ လာ အနောဓိသ မေတ္တာပြ ပါဠိ၌ ‘မေတ္တာသဟဂတေန’ ဟူ၍ ထပ်မံ ဟောရခြင်း အကြောင်းကို ပြည့်စုံစွာ ညွှန်ပြပြီးလျှင်/ ပိယ - မနာပ ဖြစ်ရခြင်း အကြောင်းနှင့် တကွ ပိယ မနာပ ပုဂ္ဂိုလ်ကို နမူနာ ထား၍ မဇ္ဈတ္တ ဝေရီ ပုဂ္ဂိုလ်တို့ကို မေတ္တာ ပွားရမည် ဟု ညွှန်ပြရခြင်း၏ အကြောင်းကိုလည်း ရေးသားခဲ့ပါ။

(၁၁) ပဋိသမ္ဘိဒါဝိဘင်္ဂ — ပရိယတ္တိဝါရ ဥဒ္ဒေသ - ၌ အတ္ထပဋိသမ္ဘိဒါကို ရှေးဦးစွာ ဟောတော်မူ၍ ၎င်းဝါရ၏ ပဋိနိဒ္ဒေသ၌မူ ဓမ္မပဋိသမ္ဘိဒါကို ရှေးဦးစွာ ဟောရခြင်း အကြောင်းကို ညွှန်ပြပြီးလျှင် / အဘိဓမ္မာဘာဇနီယ ကုသလဝါရ-လာ ပဋိဘာန ပဋိသမ္ဘိဒါ၏ အဓိပ္ပာယ်ကိုလည်း အဋ္ဌကထာ အလိုကျ ရေးသားခဲ့ပါ။

(၁၂) ဉာဏဝိဘင်္ဂ — စတုက္ကနိဒ္ဒေသ-လာ ပဌမစျာနလာဘီ ပုဂ္ဂိုလ်၏ ‘ဟာနဘာဂိနီ ပညာ’ စသော ပညာ (၄) မျိုး ဖြစ်ပုံကို ပါဠိတော်ဖြင့် ညွှန်ပြပြီးလျှင် / ခုဒ္ဒကဝတ္ထု ဝိဘင်္ဂလာ အမရ ဝိတက္က၏ အဓိပ္ပာယ်ကိုလည်း အဋ္ဌကထာ အလိုကျ ပြည့်စုံစွာ ညွှန်ပြခဲ့ပါ။

၁၀—မှတ်စီ။

## (ခ) တိပိဋကဓရ သမ[illegible]ာရေးဖြေ စာမေးပွဲ

### (၃) အဘိဓမ္မာပိဋက (ဓာတုကထာ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၄ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ - ရက်။ (၂၀ - ၁ - ၇၃)

---

(၁) အဗ္ဘန္တရ မာတိကာဖြင့် ခန္ဓာ အစရှိသည်တို့ကို ယူအပ်ပြီးသည်၏ အဖြစ်ကြောင့်လည်းကောင်း ကုသိုလ် အစရှိသည်တို့၏ ခန္ဓာ အစရှိသည်တို့မှ တပါး တခြား မဟုတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း ဗာဟိရမာတိကာကို တဖန် ထပ်ဆင့်မဟောသင့်ဘဲလျက် 'သဗ္ဗာပိ ဓမ္မသင်္ဂဏီ ဓာတုကထာယ မာတိကာ' ဟု ဟောတော်မူပြန်ခြင်း၏ အကြောင်းကို ပြပြီးလျှင် / 'သင်္ခါရပစ္စယာ ဝိညာဏံ' ၌ ဝိညာဏ အရကိုလည်း အဋ္ဌကထာ ဋီကာ နည်းနှစ်ပါးဖြင့် ခွဲခြား၍ ကောက်ခဲ့ပါ။

(၂) အသညီဘဝ ဧကဝေါကာရ ဘဝတို့၌ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ တို့ကိုလည်း သရုပ်အားဖြင့် ရအပ်ကုန်လျက် ၎င်းတို့ကို အာယတန ဓာတ် မဖွဲ့ဘဲ ဝဏ္ဏ ကိုသာ အာယတန ဓာတ် ဖွဲ့ရခြင်း၏ အကြောင်းကို ညွှန်ပြပြီးလျှင်/ သင်္ခါရ ကမ္မဘဝတို့၏ အထူးကိုလည်း စုံလင်စွာ ပြခဲ့ပါ။

(၃) 'သင်္ဂဟိတေန အသင်္ဂဟိတံ' ၌ သင်္ဂဟိတ သဒ္ဒါ အသင်္ဂဟိတ သဒ္ဒါတို့ကို ဘိန္နာဓိကရဏတို့ ဟူ၍ ယူထိုက်-မယူထိုက်ကို အကြောင်းပြ ဆုံးဖြတ်ပြီးလျှင်/ ဒုတိယနယ၌ သပ္ပဋိဃဓမ္မ ဟောပုဒ် ဖြစ်ခိုက် 'ယေဓမ္မာ' ၏ အရကိုလည်း ထုတ်ဖော်ပြခဲ့ပါ။

(၄) တတိယနယ နိဒ္ဒေသ၌ ရူပက္ခန္ဓာသည် ခန္ဓသင်္ဂဟဖြင့် မရေတွက်အပ်ကုန်သော တရားတို့တွင် ဝေဒနာ သညာ သင်္ခါရ နိဗ္ဗာန်တို့၏ သုခုမရုပ်နှင့် ဓမ္မာယတန ဓမ္မဓာတ် အားဖြင့် သဘောတူသည်၏ အဖြစ် ရှိပါလျက် အဘယ်ကြောင့် ရူပက္ခန္ဓာက ထိုဝေဒနာ သညာ သင်္ခါရ နိဗ္ဗာန် တို့ကို အာယတနသင်္ဂဟ ဓာတုသင်္ဂဟ တို့ဖြင့် မရေတွက်အပ်ပါကုန်သနည်း၊ ဖြေရှင်းပြီးလျှင်/ ၎င်းနယဥဒ္ဒါနဂါထာဝယ် 'သမတိံသ ပဒါ ဟောန္တိ၊ ဂေါစ္ဆ-ကေသု ဒသသွထ' ၌ သမတိံသ ပဒါ အရ သရုပ်ကိုလည်း စုံလင်စွာ ထုတ်ပြခဲ့ပါ။

(၅) စတုတ္ထနယ နိဒ္ဒေသ - လာ ရူပဓမ္မဥဒ္ဒါ အရူပဓမ္မဥဒ္ဒါ - တို့၌ 'ဧကေန ခန္ဓေ-န ဧကေနာယတနေန ဧကဓာတုယာ' တို့၏ အရ ဖြစ်သင့် ဖြစ်ထိုက် သော ခန္ဓာ အာယတန ဓာတ်တို့ကို စုံလင်စွာ ပြပြီးလျှင်/ သမာဓိန္ဒြေ ဟောပုဒ် ဖြစ်ခိုက် ပဉ္စမယေဓမ္မာ ပုဒ်၏ အစွဲကိုလည်းကောင်း စွဲရခြင်း၏ အကြောင်းကိုလည်းကောင်း ဖော်ပြခဲ့ပါ။

(၆) ပဉ္စမနယ နိဒ္ဒေသ၌ တစုံတခုသော တရားသည် ခန္ဓာ အာယတန ဓာတ်တို့ဖြင့် မရေတွက်အပ်သော တရားက တဖန် ခန္ဓာ အာယတန ဓာတ်တို့ဖြင့် မရေတွက်အပ်

ငံသော တရား၏ အသင်္ဂဟိတေန အသင်္ဂဟိတဟာရား - ပုစ္ဆိတဗ္ဗဲ ဝိဿဇ္ဇိတဗ္ဗ တရား ဖြစ်ရခြင်း အကြောင်းကို ပြပြီးလျှင်/ ၎င်းနယ၌ အရူပဘာဝ ဟော ပုဒ် ဖြစ်ခိုက် ယေ ဓမ္မာ နှစ်ပုဒ်တို့၏ အရ သရုပ်ကိုလည်း စုံလင်စွာ ထုတ်ခဲ့ပါ။

( ၇ ) ဆဋ္ဌနယ ရူပဘာဝ နိဒ္ဒေသ၌ 'န ကေဟိစိ ခန္ဓေဟိ န ကေဟိစိ အာယတနေဟိ ' ဟု ဟောတော်မူခြင်း၏ အကြောင်းကို ပြပြီးလျှင် / ၎င်းနယ ဈာနနိဒ္ဒေသ၌ ကေဟိစိ သမ္ပယုတ္တံ-ဝယ် ကေဟိစိ အရကိုလည်း ကောက်ပြခဲ့ပါ။

( ၈ ) သတ္တမနယ၌ ပုစ္ဆာ ဝိဿဇ္ဇနာပုံ လက္ခဏာကို အဋ္ဌကထာ အလိုကျ ညွှန်ပြပြီးလျှင်/ 'စက္ခုဝိညာဏဓာတုယာ ယေဓမ္မာ သမ္ပယုတ္တာ-တေဟိ ဓမ္မေဟိ ယေဓမ္မာ ဝိပ္ပယုတ္တာ '၌ တေဟိ ဓမ္မေဟိဖြင့် ပဌမ ယေဓမ္မာ အရကိုသာ မစွဲဘဲ စက္ခုဝိညာဏ ဓာတ်ကို ပါ ထည့်၍ စက္ခုဝိညာဏဓာတ် စိတ္တုပ္ပါဒ်တို့ကို စွဲရခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

( ၉ ) အဋ္ဌမနယ၌ 'ရူပက္ခန္ဓေန ယေဓမ္မာ ဝိပ္ပယုတ္တာ တေဟိ ဓမ္မေဟိ ယေဓမ္မာ သမ္ပယုတ္တာ၊ တေဓမ္မာ' ဟု ဟောတော်မမူဘဲ 'ရူပက္ခန္ဓေန ယေဓမ္မာ ဝိပ္ပယုတ္တာ တေ ဓမ္မာ' ဟူ၍သာ ဓမ္မုဒ္ဒေသကို ဟောတော်မူခြင်း၏ အကြောင်းကို ပြပြီးလျှင်/၎င်းနယလာ ဥဒါန‌ဂါထာကိုလည်း ပါဠိ သက်သက်မျှ ရေးခဲ့ပါ။

( ၁၀ ) ဒသမနယ နိဒ္ဒေသ - လာ ဥဒါနဂါထာ၌ 'စတ္တာရော စ မဟာဘာဝါ' အရ မဟာဘာဝ လေးမျိုးတို့၏ သရုပ် အသီးသီးကို ထုတ်ပြပြီးလျှင် / ၎င်းတို့ကို ဤနယ၌ မယူရခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

( ၁၁ ) တေရသမနယ၌ ထုတ်အပ်ကုန်သော တရားတို့ကို အဋ္ဌကထာ အလိုကျ အကျဉ်းချုပ် ဖော်ပြပြီးလျှင်/ ထိုနယ ဥဒါနဂါထာ၌ မပါဘဲ ပါဠိ၌သာ လာသော ပုဒ်တို့ကိုလည်း အရေအတွက်မျှ ထုတ်ပြခဲ့ပါ။

( ၁၂ ) နဝမနယ— 'ဈာနေန ယေဓမ္မာ သမ္ပယုတ္တာ တေဟိ ဓမ္မေဟိ ယေဓမ္မာ သမ္ပယုတ္တာ၊ ဒသမနယ— ' စက္ခုဝိညာဏဓာတုယာ ယေဓမ္မာ ဝိပ္ပယုတ္တာ၊ တေဟိ ဓမ္မေဟိ ယေဓမ္မာ ဝိပ္ပယုတ္တာ' တို့၌ ပဌမ ယေ-ဒုတိယ ယေ အရ တို့ကို ကောက်ပြပြီးလျှင်/ အောက်ပါ ပုစ္ဆာတို့၏ ဝိဿဇ္ဇနာ ပါဠိကို နယနှင့် ညှိ၍ ထုတ်ခဲ့ပါ။

( က ) စေတသိကေဟိ ဓမ္မေဟိ ယေဓမ္မာ သမ္ပယုတ္တာ၊ တေဓမ္မာ ကတိဟိ - သင်္ဂဟိတာ၊ ကတိဟိ - အသင်္ဂဟိတာ။

( ခ ) ဥပေက္ခိန္ဒြိယေန ယေဓမ္မာ ဝိပ္ပယုတ္တာ၊ တေဓမ္မာ ကတိဟိ - သင်္ဂဟိတာ။ ကတိဟိ - အသင်္ဂဟိတာ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၄) အဘိဓမ္မာပိဋက (ပုဂ္ဂလပညတ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၄-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁- ရက်။ (၂၉-၁-၇၃)

(၁) ကေက–သမယဝိမုတ္တ နိဒ္ဒေသ-လာ ' အဋ္ဌဝိမောက္ခေ ကာယေန ဖုသိတွာ ဝိဟရတိ ' ၌ ကာယ အရ နှင့် ဖုသန၏ အဓိပ္ပာယ်တို့ကို အဋ္ဌကထာ ဋီကာ အလိုကျ ညွှန်ပြပြီးလျှင်/ ပဌမစျာန် သမာပါတ်ကိုလည်း ထိုကာယ ဖုသန နှစ်မျိုးတို့ဖြင့် ဝေဘန်၍ ပြခဲ့ပါ။

(၂) ကေက – နိယတဓမ္မ နိယတပုဂ္ဂလတို့ကို အကြောင်းနှင့် တကွ ညွှန်ပြပြီးလျှင်/ ဥတ္တရကုရု ကျွန်းသားတို့သည် သေသည်၏ အခြားမဲ့၌ နတ်ပြည်၌ ဖြစ်ခြင်း မြဲသောကြောင့် ဤနိယတပုဂ္ဂလ၌ ပါဝင်သင့် - မပါဝင်သင့် အကြောင်း ယုတ္တိပြ၍ ရှင်းလင်းခဲ့ပါ။

(၃) ကေက–ကာယသက္ခိ နိဒ္ဒေသ - ၌ ကာယသက္ခိ ဟူ၍ ခေါ်ရခြင်းကို နှစ်နည်းမျှ ညွှန်ပြပြီးလျှင်/ သမာပါတ် ရှစ်ပါးကို ရသော ရဟန်းသည် ပညာကို အကြီး အမှူး ပြု၍ သမထ၏ အစွမ်းဖြင့် နှလုံးသွင်းလျက် တပါးပါးသော အရူပ သမာပါတ်ကို ပဒဋ္ဌာန်ပြု၍ ဝိပဿနာကို ဖြစ်စေလျက် ရဟန္တာ အဖြစ်သို့ ရောက်ရာ၌ ခဏ အလိုက် ဖြစ်ထိုက်သော ပုဂ္ဂိုလ်၏ အမည်တို့ကိုလည်း ညွှန်ပြခဲ့ပါ။

(၄) ကေက–ကောလံကောလ နိဒ္ဒေသ - ၌ ' သော ဒွေဝါ တီဏိဝါ ' ဟူ၍ ဟော သောကြောင့် လေးဘဝ - ငါးဘဝ - ခြောက်ဘဝ တိုင်အောင် ဖြစ်သော သောတာပန်တို့ကို မည်သည့် တောတာပန် ဟူ၍ ခေါ်ရမည်နည်း၊ ညွှန်ပြပြီးလျှင်/ သောတာပန်ဖြစ်သော အနာထပိဏ် - ဝိသာခါ တို့ကို ဤသတ္တက္ခတ္တုပရမ သောတာပန်၌ မယူရခြင်း အကြောင်းကိုလည်း ယုတ္တိပြ၍ ဖြေဆိုခဲ့ပါ။

(၅) ကေက–ဥဒ္ဓံသောတအကနိဋ္ဌဂါမိနိဒ္ဒေသ-၌ သောတဘေဒနှင့်တကွ ဥဒ္ဓံသောတ ဟူ၍ ခေါ်ရခြင်း အကြောင်းကို နှစ်နည်းမျှ ညွှန်ပြပြီးလျှင်/

(က) ဥဒ္ဓံသောတသာ မည်၍ အကနိဋ္ဌဂါမိ မမည်သော ပုဂ္ဂိုလ်၊

(ခ) အကနိဋ္ဌဂါမိသာ မည်၍ ဥဒ္ဓံသောတ မမည်သော ပုဂ္ဂိုလ် တို့ကို လည်း ညွှန်ပြခဲ့ပါ။

( ၆ ) ဒုက–ပဋ္ဌာသ သာဌေယျ မည်သော တရားတို့ကို မြန်မာဘာသာဖြင့် ညွှန်ပြပြီးလျှင် / တိကနိဒ္ဒေသ - လာ 'ကတမော စ ပုဂ္ဂလော ကာမေသု စ ဘဝေသု စ အဝီတရာဂေါ' – ၌ သောတာပန် သကဒါဂါမိကိုသာ ယူ၍ ပုတုဇဉ်ကို မယူရခြင်း၏ အကြောင်းကိုလည်း ဥပမာသွင်း၍ ရှင်းလင်းခဲ့ပါ။

( ၇ ) တိက နိဒ္ဒေသ - လာ 'ကတမော စ ပုဂ္ဂလော သီလေသု ပရိပူရကာရီ- ၌ ဖြည့်ကျင့်ပုံကို အဋ္ဌကထာ အလိုကျ ညွှန်ပြပြီးလျှင် / တယော သတ္ထာရ-လာ ကာမ ရူပ ဝေဒနာတို့ကို ပယ်ခြင်း လွန်မြောက်ခြင်းကို ပညတ်ရာ၌ တိတ္ထိပုဂ္ဂိုလ်၏ အလို နှင့် ဘုရားရှင်တို့၏ အလိုကိုလည်း ခွဲခြား၍ ပြခဲ့ပါ။

( ၈ ) စတုက္ကနိဒ္ဒေသ – တမ တမပရာယန ပုဂ္ဂလ ကထာ - ၌ ရူပဝိပ္ပတ္တိပြပါဌ်ကိုသာ အဋ္ဌကထာနှင့် အညီ အနက် ပေးပြီးလျှင် / ရုက္ခူပမာ၌ ဥပမာန ဥပမေယျတို့၏ ဖက္ကုဖြစ်ပုံ သာရဖြစ်ပုံကိုလည်း ညွှန်ပြခဲ့ပါ။

( ၉ ) စတုက္ကနိဒ္ဒေသ – အတ္တဟိတ ပဋိပန္န စတုက္က–၌ အဘယ်ဉာဏ်တို့ကို ဝိမုတ္တိဉာဏဒဿနဟူ၍ ခေါ်ပါသနည်း၊ အကြောင်းနှင့် တကွ သရုပ်ထုတ်ပြပြီးလျှင် / အတ္တ ပရိတာပနာ နုယောဂ - လာ တိတ္ထိ ပုဂ္ဂိုလ်၏ ဆွမ်းခံမှုနှင့် ပတ်သက်သော အနုယောဂတို့ကိုလည်း ညွှန်ပြခဲ့ပါ။

( ၁၀ ) စတုက္ကနိဒ္ဒေသ–ကတမ္ဘ ပုဂ္ဂလော လာဘီ ဟောတိ အဇ္ဈတ္တံ စေတော သမထဿ နလာဘီ အဓိပညာ ဓမ္မဝိပဿနာယ –၌ အဇ္ဈတ္တအရ စေတော သမထအရနှင့် အဓိပညာ ဓမ္မဝိပဿနာ ဟူ၍ ခေါ်ရခြင်း အကြောင်းကို ကျနစွာ ရှင်းပြပြီးလျှင်/ ၎င်းလာဘီ စသော ပုဂ္ဂိုလ်လေးမျိုးကိုလည်း အဋ္ဌကထာအလိုကျ ခွဲခြား၍ ပြခဲ့ပါ။

( ၁၁ ) ပဥ္စကနိဒ္ဒေသ–အာရဘတိ ဝိပ္ပဋိသာရီ ပုဂ္ဂိုလ်ဟူသည် အဘယ်ပုဂ္ဂိုလ်ပါနည်း၊ ၎င်းပုဂ္ဂိုလ်ကို အဘယ်ပုဂ္ဂိုလ်ကို နမူနာတင်ထား၍ ဆုံးမ ရမည်နည်း၊ ပြပြီးလျှင်/ ဆုံးမပုံ ပါဠိတော်လာ အာသဝတို့ကို ပယ်ပုံ ပျောက်ပုံ အခြင်းအရာတို့ကိုလည်း ရေးသားခဲ့ပါ။

( ၁၂ ) သတ္တကနိဒ္ဒေသ– ကေန္တ ကာဋ္ဌက အကုသလ ဓမ္မ အရတို့ကို တိကျစွာ ညွှန်ပြပြီးလျှင် / ပတိဂါဓပတ္တ ပုဂ္ဂိုလ် ဟူသည် အဘယ်ပုဂ္ဂိုလ်ပါနည်း၊ အဋ္ဌကထာ အလိုကျ ရှင်းပြခဲ့ပါ။

၁၀–မှတ်စီ။

# ( ၁ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## ( ၁ ) အဘိဓမ္မာပိဋက ( ဓမ္မသင်္ဂဏီ ) ပါဠိ + အဋ္ဌကထာမေးခွန်း

၁၃၃၅-ခုနှစ်၊ တပို့တွဲလဆန်း ၃ - ရက်။ ( ၂၅-၁-၇၄ )

—

( ၁ ) နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ပုဒ်၌ အဂ္ဂဟေဟာဗ္ဗတ္ထ ဂဟေတဗ္ဗတ္ထ တို့ကို ခွဲခြားပြပြီးလျှင် / အဂ္ဂဟေတဗ္ဗတ္ထကို ယူအပ်က ဖြစ်သင့်ရာသော အပြစ်များကို အကြောင်းနှင့် တကွ စုံလင်စွာ ထုတ်ပြခဲ့ပါ။

( ၂ ) သရဏာဓမ္မာ - ၌ ရဏအမည်ကို ရခြင်း၏ အကြောင်းနှင့် တကွ ရဏကိလေ-သာ တဒေကဋ္ဌ ကိလေသာတို့ကို နိက္ခေပကဏ္ဍ ပါဠိနှင့် အညီ ထုတ်ပြပြီးလျှင် / လောဘ သမ္ပယုတ် မောဟ, ဒေါသသမ္ပယုတ် မောဟတို့သည် မည်သည့် သဟဇေကဋ္ဌရဏ အားဖြင့်— ဝိစိကိစ္ဆာသမ္ပယုတ်မောဟ, ဥဒ္ဓစ္စသမ္ပယုတ်မောဟ တို့သည် မည်သည့် ပဟာနေကဋ္ဌရဏ အားဖြင့် သရဏ ဖြစ်သည်ကိုလည်း အသီးသီး ခွဲဝေပြခဲ့ပါ။

( ၃ ) နိဒ္ဒေသဝါရ - ၌ မာတိကာ၌ကဲ့သို့ ကုသလာဓမ္မာဟု မဟောမူ၍ ဓမ္မာကုသလာ ဟူသော ပဒါနုက္ကမကို ပြုတော်မူခြင်း၏ အကြောင်းကို ညွှန်ပြပြီးလျှင်/ ကေသမုဋ္ဌာန - ဓမ္မာရုံ ဒွိသမုဋ္ဌာန - တိသမုဋ္ဌာန - စတုသမုဋ္ဌာန - နကုတောစိသမုဋ္ဌာန - အတီတာနာ - ဂတပစ္စုပ္ပန္န - တထာနဝတ္တဗ္ဗဓမ္မာရုံတို့၏ သရုပ် အသီးသီးကို ဋီကာ အလိုကျ နည်းစုံပြ၍ ကောက်ခဲ့ပါ။

( ၄ ) အနိုင်အထက် နှိပ်စက်၍ လွန်ကျူးရာ၌ သေပနစိတ်သာ ရှိ၍ သေဝနပယောဂ မရှိသော နှိပ်စက် လွန်ကျူး ခံရသည့် သဿမိက မိန်းမအား ကာမေသု မိစ္ဆာစာရ ဖြစ်-မဖြစ်ကို အနုဋီကာ အလိုကျ အာသန္န အကြောင်းစုံဖြင့် ဆုံးဖြတ်ပြီးလျှင် / ၎င်းကာမေသု မိစ္ဆာစာရကို ဓမ္မာ-ကောဋ္ဌာသ အာရမ္မဏ - ဝေဒနာ - မူလ ငါးပါးတို့ဖြင့်သာ ခွဲခြား ဝေဘန်ခဲ့ပါ။

( ၅ ) ဈာန်ဟူသော အကြောင်းကြောင့် နိယမအားဖြင့် ရူပဘဝ၌ ပဋိသန္ဓေ နေခြင်း မဖြစ်နိုင်ဘဲလျက် 'ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ'-ဟု ဟောတော်မူခြင်း၏ အကြောင်းကို ပြပြီးလျှင် /, အာရမ္မဏစတုက္က၌ ပရိတ္တဈာန် အပ္ပမာဏဈာန် ပရိတ္တာရမ္မဏဈာန် အပ္ပမာဏာရမ္မဏဈာန် တို့၏ အထူးသရုပ်ကိုလည်း အသီးသီး ထုတ်ခဲ့ပါ။

( ၆ ) ရူပသညာနံ သမတိက္ကမာ - အာကာသာနဉ္စာယတနံ သမတိက္ကမ္မ- ဟူသော ပါဠိတို့၌ သမတိက္ကမနကြိယာတို့၏ အဓိပ္ပာယ် သရုပ်ကို ဖော်ထုတ်ပြီးလျှင် / အာဏာ း

သာနဥ္စာယတန စျာန်၌ ဒုက္ခာ ပဋိပဒါ ဖြစ်ခြင်း ဒန္ဓာဘိညာ ဖြစ်ခြင်းတို့၏ အကြောင်းများကိုလည်း ညွှန်ပြခဲ့ပါ။

( ၇ ) လောကုတ္တရမဂ္ဂက္ခဏဝယ် တခုသော စိတ်၌သာ သမ္မာဝါစာဝိရတိကို ရနိုင် - မရနိုင်ကို အကြောင်းပြ ဆုံးဖြတ်ပြီးလျှင် / ယောဂီသည် အနိစ္စ ဒုက္ခ အနတ္တ အားဖြင့် သုံးပါးသော အနုပဿနာသို့ တင်၍ သုံးသပ်သည် ဖြစ်ပါလျက် မဂ်၏ အာဂမနအားဖြင့် သုညတ အမည် ရပုံကိုလည်း ရှင်းပြခဲ့ပါ။

( ၈ ) မနောဓာတုနိဒ္ဒေသ - ဓမ္မုဒ္ဒေသ - ၌ လာသော အဝိဘတ္တိကပုဒ် သဝိဘတ္တိက ပုဒ် ယေဝါပနက ပုဒ်တို့ကို အသီးသီး ထုတ်ပြပြီးလျှင် / ၎င်းနိဒ္ဒေသ၌ ဝိတက်ကို သမ္မာ–သင်္ကပ္ပ မိစ္ဆာသင်္ကပ္ပ ဟူ၍ မဟောခြင်း၏ အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

( ၉ ) ကတမံ တသ္မိံ သမယေ အညာတာဝိန္ဒြိယံ ဟောတိ- (ပေ) ဣဒံ တသ္မိံ သမယေ အညာတာဝိန္ဒြိယံ ဟောတိ-၌ ပေယျာလကို ဖော်ပြပြီးလျှင် / ဖိုလ်၌လည်း မဂ်၌ ကဲ့သို့ မဂ္ဂင်္ဂ မဂ္ဂပရိယာပန္နံ - ဟု ဟောတော်မူခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

( ၁၀ ) ရူပဝိဘတ္တိ ဒုကနိဒ္ဒေသ စသည်တို့၌ 'ကတမံ တံ ရူပံ ဥပါဒါ' စသည်ဖြင့် ပုစ္ဆာပြုသကဲ့သို့ ဧကကနိဒ္ဒေသ၌ 'ကတမံ တံ သဗ္ဗံ ရူပံ န ဟေတု' စသည်ဖြင့် ပုစ္ဆာ မပြုခြင်း အကြောင်းကို ပြပြီးလျှင် / 'သဗ္ဗံ ရူပံ န ဟေတု မေဝ' ဟု အဝဓာရဏ ဧဝ သဒ္ဒါနှင့် တကွ ဟေတုပဋိက္ခေပ နိဒ္ဒေသကို ပြုခြင်း၏ အကြောင်းကိုလည်း ဋီကာ အာဘော် သွင်း၍ ဖြေရှင်းခဲ့ပါ။

( ၁၁ ) နောဥပါဒါနိဒ္ဒေသ - ၌ ကတမံ တံ ရူပံ နောဥပါဒါ၊ ဖောဋ္ဌဗ္ဗာယတနံ အာပေါဓာတု - ဟူသော ပါဠိဖြင့် နောဥပါဒါရုပ်ကို ပြပြီး ဖြစ်ပါလျက် ကတမံ တံ ရူပံ ဖောဋ္ဌဗ္ဗာယတနံ ပထဝီဓာတု- စသော ပါဠိကို ဟောတော်မူခြင်း၏ အကျိုးကို ပြပြီးလျှင် / ထိုပါဠိ၌ ပထဝီဓာတ်ကိုသာ ဝေဘန်ကြောင်း ဖြစ်သော ပုဒ် - ဖောဋ္ဌဗ္ဗမဟာဘုတ် သုံးပါးလုံးကို ဝေဘန်ကြောင်း ဖြစ်သော ပုဒ်တို့ကိုလည်း စုံလင်စွာ ထုတ်ခဲ့ပါ။

( ၁၂ ) နိက္ခေပကဏ္ဍ – ဒဿနေန ပဟာတဗ္ဗ တိကနိက္ခေပ - ၌ သောတာပတ္တိ မဂ်သည် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက စိတ်နှစ်ခု ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိက စိတ်နှစ်ခု ဝိစိကိစ္ဆာသမ္ပယုတ်စိတ်တို့ကို အသီးသီး ပယ်အပ်ခိုက် သဟဇာတကဋ္ဌ၏ အဖြစ် ပဟာနေကဋ္ဌ၏ အဖြစ်ဖြင့် ပယ်အပ်သော ကိလေသာတို့ကို ခွဲဝေပြပြီးလျှင် / အနာဂတံသဉာဏ်၏ ဧကန် အားဖြင့် အနာဂတ်တရားသာ အာရုံရှိသည် အဖြစ် စေတောပရိယဉာဏ်၏လည်း အနာဂတ်တရားကို အာရုံပြုသည် အဖြစ် ထင်ရှား ရှိပါလျက် အဋ္ဌကထာ ကဏ္ဍ၌ နိယောဂါ အနာဂတာရမ္မဏာ နတ္ထိ ဟု ဟောတော်မူခြင်း၏ အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

၁၀–မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၂) အဘိဓမ္မာပိဋက (ဝိဘင်္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၅ - ခုနှစ်၊ တပို့တွဲလဆန်း ၄ - ရက်။ ( ၂၆- ၁ - ၇၄ )

---

(၁) ခန္ဓဝိဘင်္ဂ ရူပက္ခန္ဓာ - ၌ အတိတ် စသော ကာလကို အဒ္ဓါသန္တတိ သမယ ခဏ အားဖြင့် ပိုင်းခြားသလို ဝေဒနက္ခန္ဓာ၌မူ သန္တတိ ခဏ၏ အစွမ်းအားဖြင့်သာ ပိုင်းခြား၍ အဒ္ဓါသမယ၏ အစွမ်းအားဖြင့် မပိုင်းခြားရခြင်း အကြောင်းကို ညွှန်ပြပြီးလျှင် / ဝေဒနာကို ဒုက္ခဟု ရှုသော ယောဂီ ပုဂ္ဂိုလ်၏ ရနိုင်သော အကျိုး ပြီးစီးမှုကိုလည်း ညွှန်ပြခဲ့ပါ။

(၂) သညာက္ခန္ဓာကိုသာလျှင် အဓိဝစန သမ္ဖဿဇာ ဟူ၍ ဝိသေသန မရှိ ဟော ရခြင်းအကြောင်းကို ညွှန်ပြပြီးလျှင် / အနိစ္စမည်ရခြင်း အကြောင်းတို့တွင် ဟုတွာ အဘာဝဋ္ဌေန ဟူသော အကြောင်းကို သီးခြား ဆိုရခြင်းကိုလည်း ဒဿနတ္တနှင့် တကွ ညွှန်ပြခဲ့ပါ။

(၃) ဓာတုဝိဘင်္ဂ အဘိဓမ္မာ ဘာဇနီယ မနောဝိညာဏ ဓာတုနိဒ္ဒေသ - ၌ မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ (ပ) မနောဝိညာဏဓာတု ဟူ၍ နောက်ဆုံး မနောဝိညာဏဓာတ် ဟောရခြင်း အကြောင်းကို ညွှန်ပြပြီးလျှင် / မန အရ ဓမ္မ အရ မနောဝိညာဏ အရတို့ကိုလည်း ထေရဝါဒစုံ ကောက်ပြခဲ့ပါ။

(၄) အဘိဓမ္မာ ဘာဇနီယ အဋ္ဌင်္ဂိကဝါရ နိဒ္ဒေသဒေသနာ - လာ 'ပဟာန' အဓိပ္ပာယ်နှင့် တကွ ပယ်ပုံ သရုပ်တို့ကို ပြည့်စုံစွာ ထုတ်ပြပြီးလျှင် / ကုသိုလ် သည် ပယ်အပ်သော တရား မဟုတ်ပါဘဲလျက် ကုသလာနံ ဓမ္မာနံ ပဟာနံ ဟူ၍ ဟောရခြင်း အကြောင်းကိုလည်း ရှင်းပြခဲ့ပါ။

(၅) ပဋိစ္စ သမုပ္ပါဒ ဝိဘင်္ဂ သဠာယတန ပစ္စယာ ဖဿော - ၌ သဠာယတန အရ ယူရပုံ နည်းမျိုးစုံကို အဓိပ္ပာယ်ပေါ်လွင်အောင် ရှင်းပြပြီးလျှင် / 'ဖဿ' အရကိုလည်း အကျယ်အားဖြင့် ကောက်ပြခဲ့ပါ။

(၆) ပစ္စယ စတုက္က - လာ ဝါရ (၄) ခုတို့၏ အမည်တို့ကို အကြောင်းနှင့်တကွ အသီးသီး ညွှန်ပြပြီးလျှင် / ၎င်း ဒုတိယဝါရ ၌ နာမပစ္စယာ ဖဿော ဟု

ဆိုပြီး၍ သဠာယတနဋ္ဌာန၌မူ တစုံတခုကိုမျှ မဆိုရခြင်း အကျိုးကိုလည်း ပေါ်လွင်စွာ ရှင်းပြခဲ့ပါ။

(၇) ကာယာနုပဿနာ ကမ္မဋ္ဌာန်း စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်၏ ပြည့်စုံရမည့် ကောသလ္လ နှစ်မျိုးတို့၏ သရုပ်ကို ထုတ်ပြပြီးလျှင် / ဝေဒနာသု ဝေဒနာနုပဿီ၌ အဘယ်ဝေဒနာတို့ကို အဘယ်သို့အားဖြင့် ရှုအပ်ပါသနည်း၊ အဋ္ဌကထာ အလိုကျ နည်းစုံပြ၍ ဖြေဆိုခဲ့ပါ၊

(၈) ဗောဇ္ဈင်္ဂ ဝိဘင်္ဂ— ဗောဇ္ဈင်္ဂ (၇) ပါးတို့ကို လီန ပဋိပက္ခ ဥဒ္ဓစ္စ ပဋိပက္ခ သဗ္ဗတ္ထိက အားဖြင့် ဝေဘန်၍ ပြပြီးလျှင် / ဣဓ ဘိက္ခု ပီတိ သမ္ဗောဇ္ဈင်္ဂ ဘာဝေတိ ဝိဝေက နိဿိတံ·၌ မမှီသော ဝိဝေကကိုလည်း အကြောင်းနှင့်တကွ ညွှန်ပြခဲ့ပါ။

(၉) ဈာနဝိဘင်္ဂ— 'အာလောကိတ ဝိလောကိတ' အရာ၌ ခန္ဓာကို ဆင်ခြင်ခြင်း၏ အစွမ်းအားဖြင့် အသမ္မောဟ သမ္ပဇညဖြစ်ပုံကို ညွှန်ပြပြီးလျှင် / ၎င်းအရာ၌ပင် ဖြစ်နိုင်သမျှသော အသမ္မောဟ သမ္ပဇည နယများကိုလည်း ပြည့်စုံစွာ ညွှန်ပြခဲ့ပါ။

(၁၀) ဉာဏဝိဘင်္ဂ— တိကနိဒ္ဒေသ စိန္တာမယ ပညာ·လာ ယူရမည့် ဉာဏ်တို့နှင့် ထိုဉာဏ်များ ဖြစ်နိုင်သော ပုဂ္ဂိုလ်တို့ကို အသီးသီး ခွဲခြား၍ ပြပြီးလျှင် / ဓမ္မ နိဇ္ဈာန ခန္တိ၏ အဓိပ္ပာယ်ကိုလည်း သာမည ဝိသေသ နှစ်နည်းအားဖြင့် ညွှန်ပြခဲ့ပါ။

(၁၁) ခုဒ္ဒကဝတ္ထု ဝိဘင်္ဂ— စတုက္ကနိဒ္ဒေသ·လာ ဝိပရိယာသ၏ အဓိပ္ပာယ ဘေဒတို့ကို ညွှန်ပြပြီးလျှင် / အဘယ်ဝိပရိယာသကို အဘယ်မဂ်က ပယ်သည်ကိုလည်း ခွဲခြား၍ ပြခဲ့ပါ။

(၁၂) ဓမ္မဟဒယ ဝိဘင်္ဂ— ဒသကနိဒ္ဒေသ ဒသ မိစ္ဆတ္တာ·လာ 'မိစ္ဆာဉာဏံ မိစ္ဆာဝိမုတ္တိ' တို့၏ အရကို ဝါဒစုံ ကောက်ပြပြီးလျှင် / စတုတ္ထဈာန်ကို ပွားများရာ၌ ဘုံအသီးသီးသို့ ရောက်ရခြင်း အကြောင်းတို့ကိုလည်း ပြည့်စုံစွာ ညွှန်ပြခဲ့ပါ။

၁၀ — မှတ်စီ။

# ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## ( ၃ ) အဘိဓမ္မာပိဋက ( ဓာတုကထာ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၅ – ခုနှစ်၊ တပို့တွဲလဆန်း ၅ - ရက်။ ( ၂၇ - ၁ - ၇၄ )

---

( ၁ ) ဓာတူတိ ကထာ ဓာတုကထာ ဟူသော ဝိဂြိုဟ်အရ ဤကျမ်းကို ဓာတ်တမျိုးဖြင့်သာ ဟောအပ်သည်မဟုတ် ခန္ဓာ အာယတန တို့ဖြင့်လည်း ဟောအပ်ရကား ခန္ဓကထာ ကျမ်းဟူ၍လည်းကောင်း အာယတန ကထာကျမ်းဟူ၍လည်းကောင်း ခေါ်သင့်သည် မဟုတ်ပါလော၊ အဘယ်ကြောင့် ဓာတုကထာကျမ်းဟူ၍သာ ခေါ်ရပါသနည်း၊ ရှင်းပြခဲ့ပါ။

( ၂ ) ဖဿ ဝေဒနာ စသည်တို့သည် အလုံးစုံသော စိတ်တို့နှင့် ဆက်ဆံသောကြောင့် တဘန်ထပ်၍ ဟော၏ ဟု ဆိုရာ ကေဝုတာကိုလည်း သာမည ဝိသေသ မခွဲမူ၍ တမျိုးတည်း ယူအပ်သည် ရှိသော် အလုံးစုံသော စိတ်တို့နှင့် ဆက်ဆံသောကြောင့် တဘန်ထပ်၍ ဟောအပ်သည် မဟုတ်ပါလော – ဟောသင့် – မဟောသင့် အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

( ၃ ) နယမာတိကာ- လ၁–တီဟိ သင်္ဂဟော တီဟိ အသင်္ဂဟော-၌ ခန္ဓာ အာယတန ဓာတ်တို့ကိုသာ ကရိုဏ်းထား ဟော၍ သစ္စာ ဣန္ဒြေ စသည်တို့ကို ကရိုဏ်းထားကာ မဟောရခြင်း အကြောင်းကို ပေါ်လွင်အောင် ရှင်းပြပြီးလျှင်/ သင်္ဂဟာ ဘေဒ အဓိပ္ပာယတ္ထနှင့် တကွ ဣစ္ဆိတတ္ထ သင်္ဂဟာကိုလည်း ညွှန်ပြခဲ့ပါ။

( ၄ ) ဒုတိယနယ-၌ ဟောအပ်သော ပဉှာရှစ်ပါးတို့တွင် ၄-ခုမြောက် ပဉှာပြ ပါဠိတော်တို့ကို ညွှန်ပြပြီးလျှင်/ ၎င်းပဉှာလာ အသင်္ဂဟိတ ဖြစ်သော အာယတနဓာတ်တို့ကိုလည်း ဖော်ပြခဲ့ပါ။

( ၅ ) တတိယ နယ-၌ အဘယ်သို့ သဘောရှိသော ပုဒ်မျိုးကို ဟော၍ အဘယ်သို့ သဘောရှိသော ပုဒ်မျိုးကို မဟောကြောင်းကို အဋ္ဌကထာ အာဘော်ကျ ထုတ်ပြပြီးလျှင်/ဈာန ဟူသော ဟောပုဒ်ကိုလည်း ဤ တတိယ နယနှင့်အညီ ပါဠိ သက်သက်ဖြင့် ဟောပြခဲ့ပါ။

( ၆ ) စတုတ္ထ နယ-လာ သင်္ခါရ တစိတ်ရသော သမုဒယသစ္စာ ဟောပုဒ်ကို ၎င်းနယနှင့် အညီ ကတ္တားထားပုံ- ကံထားပုံ - ယောနှစ်ချက်စွဲပုံ- ဖြေပုံ- တို့ကိုလည်း နယူပဒေသ ရအောင် ရှင်းလင်း၍ ပြခဲ့ပါ။

(၇) ပဥ္စမ နယ-၌ အဘယ်ကြောင့် ကတ္တားပြန်၍ ဟောရပါသနည်း၊ ညွှန်ပြပြီးလျှင်/ ရူပက္ခန္ဓာ ဟောပုဒ်လာ ကတ္တားပြန်၏ စွဲရမည့် ယေဝမ္မာ အရ တရားတို့ကို အဋ္ဌကထာ ဋီကာ အလိုကျ ညွှန်ပြခဲ့ပါ။

(၈) ဆဋ္ဌ နယ-၌ သမ္ပယုတ် ဖြစ်ရခြင်းအကြောင်းရင်းတို့ကို အဋ္ဌကထာ အာဘော်ကျ ပြည့်စုံစွာ ညွှန်ပြပြီးလျှင်/ဂုင်းနယ လာ ဥပေက္ခိန္ဒြိယ နှင့် ဠုဒ္ဒိပါဒ ဟောပုဒ်တို့၏ ဖြစ်သင့်သော သမ္ပယုတ်တရားတို့ကိုလည်း အသီးသီး ပြည့်စုံစွာ ညွှန်ပြခဲ့ပါ။

(၉) သတ္တမ နယ နိဒ္ဒေသ-လာ မနသိကာရ ဟူသော ဟောပုဒ်၏ ပုစ္ဆာ ဝိသဇ္ဇနာ ပါဠိတို့ကို ထုတ်ပြ၍/သရူပတ္ထ ပေါ်လွင်အောင် အနက် ယောဇနာခဲ့ပါ။

(၁၀) နဝမ နယ အဗ္ဘန္တရ မာတိကာ - လာ အဆုံးစွန်သော ဟောပုဒ်၏ ပုစ္ဆာ ဝိသဇ္ဇနာတို့ကို ပြည့်စုံစွာထုတ်ပြပြီးလျှင် / ဒသမ နယ လာ — ဝိပါကေဟိ ဓမ္မေဟိ ယေ ဓမ္မာ ဝိပ္ပယုတ္တာ၊ ကေဟိ ဓမ္မေဟိ ယောဓမ္မာ ဝိပ္ပယုတ္တာ ၌ ယေ နှစ်ချက်တို့၏ အရ တရားတို့ကိုလည်း ကောက်ပြခဲ့ပါ။

(၁၁) ဧကာဒသမ နယ - ၌ စတုတ္ထနယဝယ် ဟောသော တရားတို့ကိုပင် ဟောပါလျက် စတုတ္ထနယနှင့် ဟောပုံ ပါဠိအစဉ်ချင်း မတူရခြင်း အကြောင်းကို ညွှန်ပြပြီးလျှင် /ဂုင်းနယလာ အဋ္ဌကထာ အာဘော်ကျ ကေဟိစိ သမ္ပယုတ် ဝိပ္ပယုတ် ထုတ်ပုံ နမူနာကိုလည်း ညွှန်ပြခဲ့ပါ။

(၁၂) အောက်ပါ ပုစ္ဆာတို့၏ ဝိသဇ္ဇနာ ပါဠိတို့ကို သက်ဆိုင်ရာ နယနှင့် အညီ ဖြေဆိုရေးသားခဲ့ပါ။

(၁) ဝေဒနာယ ယေ ဓမ္မာ သမ္ပယုတ္တာ တေ ဓမ္မာ (ပ)သင်္ဂဟိတာ (ပ) အသင်္ဂဟိတာ။

(၂) အရူပ ဘဝေန ယေ ဓမ္မာ အသင်္ဂဟိတာ တေ ဓမ္မာ (ပ) သမ္ပယုတ္တာ (ပ)ဝိပ္ပယုတ္တာ။

(၃) နိရောဓသစ္စေန ယေ ဓမ္မာ ဝိပ္ပယုတ္တာ တေ ဓမ္မာ (ပ)သင်္ဂဟိတာ (ပ) အသင်္ဂဟိတာ။

၁၀ — မှတ်စီ။

## ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### ( ၄ ) အဘိဓမ္မာပိဋက ( ပုဂ္ဂလပညတ် ) ပါဠိ + အဋ္ဌကထာ မေးခွန်း
### ၁၃၃၅ - ခုနှစ်၊ တပို့တွဲလဆန်း ၆ - ရက်။ ( ၂၀ - ၁ - ၇၄ )

——

( ၁ ) မာတိကာ ဥဒ္ဒေသ - ၌ ဆ ပညတ္တိယော ဟု ပညတ် ( ၆ ) ပါး ကို ထုတ်ထားပါလျက် နိဒ္ဒေသ ၌ မူ ပုဂ္ဂလပညတ် တမျိုးသာ ဟောရခြင်း အကြောင်းကို ညွှန်ပြပြီးလျှင် / အဋ္ဌကထာမုတ္တက ' ဒုတိယ ' အာစရိယ နယ ဖြစ်သော ပညတ် ( ၉ ) မျိုးကိုလည်း အဓိပ္ပာယ်နှင့် တကွ ညွှန်ပြခဲ့ပါ။

( ၂ ) သမယဝိမုတ္တ အသမယဝိမုတ္တ ပုဂ္ဂိုလ်နှစ်မျိုး၌ မပါဝင်သော ပုဂ္ဂိုလ်တို့ကို ညွှန်ပြပြီးလျှင် / ၎င်းဒုက၌ သဗ္ဗေပိ အရိယပုဂ္ဂလာ အရိယေ ဝိမောက္ခေ အသမယဝိမုတ္တာ ဟူ၍ ဘုရားရှင် ဟောရခြင်း၏ ရည်ရွယ်ချက်ကိုလည်း ပေါ်လွင်ထင်ရှားစွာ ဖြေဆိုခဲ့ပါ။

( ၃ ) ဆဠာဘိညာ အမည်ရသော ပုဂ္ဂိုလ်တို့ကို အဋ္ဌကထာ အလိုကျ ခွဲခြား၍ ပြပြီးလျှင် / ဤ၌ အလိုရှိအပ်သော ပုဂ္ဂိုလ်ကိုလည်း အကြောင်းနှင့် တကွ ညွှန်ပြခဲ့ပါ။

( ၄ ) အန္တရာပရိနိဗ္ဗာယီ ပုဂ္ဂိုလ်ပြ ပါဠိလာ ဥပရိဋ္ဌိမာနံ သံယောဇနာနံ အရ တရားသရုပ်ကို ဖော်ထုတ်၍ ကောက်ပြပြီးလျှင် / ၎င်း၌ အပ္ပတ္တံ ဝါ ဝေမဇ္ဈံ အာယုပ္ပမာဏံ ဟူ၍ ဆိုခြင်းကြောင့် အသက်တမ်း ထက်ဝက်သို့ ရောက်၍ အရိယာမဂ်ကို သိသော ပုဂ္ဂိုလ်ကို အန္တရာပရိနိဗ္ဗာယီ ခေါ်နိုင်- မခေါ်နိုင် ကိုလည်း အကြောင်း အထောက်ပြ၍ ဆုံးဖြတ်ခဲ့ပါ။

( ၅ ) ဧကကနိဒ္ဒေသ - လာ အရဟာပြ ပါဠိတော်ကို ညွှန်ပြပြီးလျှင် / ၎င်းပါဠိတော်၌ ယူရမည့် ရဟန္တာတို့ကိုလည်း ရေတွက်၍ ပြခဲ့ပါ။

( ၆ ) ဒုကနိဒ္ဒေသ - လာ သီလဝိပတ္တိ ဒိဋ္ဌိဝိပတ္တိ အရ သီလနှင့် ဒိဋ္ဌိတို့၏ ပျက်စီးပုံ အခြင်းအရာကို ညွှန်ပြပြီးလျှင် / ဒုကနိဒ္ဒေသ - လာ— ကတမော ပုဂ္ဂလော

အဇ္ဈတ္တ သံယောဇနော၌ အဇ္ဈတ္တအရကိုလည်း အကြောင်းနှင့် တကွ ညွှန်ပြခဲ့ပါ။

(၇) တိကနိဒ္ဒေသ ဂူထဘာဏီ ပုဂ္ဂလကထာ-လာ အာမိသ ကိဉ္စက္ခ ဟေတု အရတို့ကို ဟေဋ္ဌိမအားဖြင့် အဋ္ဌကထာ အလိုကျ ထင်ရှားစွာ ပြပြီးလျှင်/ဝိဇ္ဇူပမာ ပုဂ္ဂလကထာ-လာ ဥပမာ ဥပမေယျတို့ကိုလည်း သောတာပတ္တိ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်အားဖြင့် နှိုင်းနှော ,ယှဉ်စပ်၍ ပြခဲ့ပါ။

(၈) တိကနိဒ္ဒေသ-လာ သုပ္ပမေယျ ဒုပ္ပမေယျ အပ္ပမေယျ ပုဂ္ဂိုလ် မည်ရခြင်း အကြောင်းကို ဥပမာ သွင်း၍ အသီးသီး ရှင်းပြပြီးလျှင်/သောတာပန် သကဒါဂါမိ် ပုဂ္ဂိုလ်တို့၏ သမာဓိ ပညာတို့၌ မတ္တသောကာရီ ဖြစ်ပုံကိုလည်း အကြောင်းနှင့် တကွ ရှင်းပြခဲ့ပါ။

(၉) ကုမ္ဘူပမာ (၄) မျိုးတို့တွင် ပဌမ ဥပမာ အရ ဥပမာန ဥပမေယျ နှိုင်းနှောပုံကို ပြပြီးလျှင် / ၎င်းဥပမာလာ ဥပမိတ ပုဂ္ဂိုလ်၏ တုစ္ဆ ပိဟိတ အမည်ရခြင်း အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

(၁၀) စတုက္ကနိဒ္ဒေသ အနုတ္တာနုပ အပရန္တပ ပုဂ္ဂလ ကထာ-လာ 'တဿ ဇေ၀ံ ဇာနတော ဇေ၀ံ ပဿတော ကာမာသဝါပိ စိတ္တံ ဝိမုစ္စတိ (ပ) ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ ခီဏာ ဇာတိ (ပ) နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ' ၌ ဖြစ်သင့်သော ဒဿနတ္ထတို့ကို ညွှန်ပြပြီးလျှင် / ကတံ ကရဏီယံ အရ မှဂ်ကိစ္စ တဆယ့်ခြောက်ပါးကိုလည်း ရေတွက်၍ ပြခဲ့ပါ။

(၁၁) ပဉ္စယောဓာဇီဝူပမာ-လာ—ရဇဂ္ဂ ဓဇဂ္ဂ ဥဿာရဏာ သမ္ပဟာရ သင်္ဂါမသီသ အရတို့ကို အဋ္ဌကထာအလိုကျ ညွှန်ပြပြီးလျှင် / သင်္ဂါမသီသံ အဇ္ဈာဝသတိ၌ အဘယ်ရက်မျှ အဘယ်အကြောင်းကြောင့် စိုးအုပ်၍ နေပါသနည်း၊ တိကျစွာ ပြခဲ့ပါ။

(၁၂) သတ္တကနိဒ္ဒေသ-လာ သဒ္ဓါ ဝိမုတ္တ ပုဂ္ဂိုလ်၏ နာနာက္ခဏ အားဖြင့် သစ္စာ (၄) ပါး ကို ပိုင်းခြား၍ သိပုံကို အဋ္ဌကထာ အလိုကျ အမည်ရခြင်း အကြောင်းနှင့် တကွ ညွှန်ပြပြီးလျှင် / နဝကနိဒ္ဒေသ-လာ သဒ္ဓါနုသာရီ ပုဂ္ဂိုလ်ပြ ပါဠ်ကိုလည်း ရေးသားခဲ့ပါ။

၁၀—မှတ်စီ။

## (ခ) တိပိဋကဓရ သဘောတရားဖြေ စာမေးပွဲ

### (၅) အဘိဓမ္မာပိဋက (ကထာဝတ္ထု) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၅-ခုနှစ်၊ တပို့တွဲလဆန်း ၇-ရက်၊ (၂၉-၁-၇၄)

—

(၁) ဥပါဒါပညတ္တာနုယောဂ—နနု ယော ပဿတိ ယံ ပဿတိ၊ ယေန ပဿတိ သော ပဿတိ တံ ပဿတိ တေန ပဿတိ-ဟူသော ပုစ္ဆာ-၌ ပရဝါဒီ ပုဂ္ဂိုလ် ဆိုလိုအပ်သော ပိဏ္ဍတ္ထကို ဖော်ပြပြီးလျှင် / ထို၏ ဝိသဇ္ဇနာ၌ စက္ခုဝိညာဉ်၏ မှီရာ အဖြစ်သို့ ရောက်သော စက္ခုပသာဒသည်သာ ရူပါရုံကို မြင်သည် ဖြစ်ပါလျက် မည်သည့် အရာ၏ အစွမ်းဖြင့် သကဝါဒီ ပုဂ္ဂိုလ် ဝန်ခံ ဖြေဆိုသည်ကိုလည်း ညွှန်ပြခဲ့ပါ။

(၂) ဗြဟ္မစရိယကထာ-၌ ဗြဟ္မစရိယဝါသတို့၏ ပဘေဒ သရုပ်ကိုလည်းကောင်း ဒေဝပြည် အလုံးစုံ၌ မရှိသော ဗြဟ္မစရိယဝါသ-ဒေဝပြည် တစိတ်၌ ရှိသော ဗြဟ္မစရိယဝါသကိုလည်းကောင်း ရှိရာ ဒေဝပြည်-မရှိရာ ဒေဝပြည်တို့ကိုလည်းကောင်း စုံလင်စွာ ထုတ်ပြပြီးလျှင် / 'အနာဂါမိပုဂ္ဂလော တတ္ထ ဘာဝိတေန မဂ္ဂေန တတ္ထ ဖလံ သစ္ဆိက-ရောတိ' ဟူသော ပုစ္ဆာ၌ အဝဇာနနာ ပြုသော ပရဝါဒီ၏ အယူကိုလည်း ညွှန်ပြခဲ့ပါ။

(၃) သဗ္ဗမတ္ထီတိကထာ — ပဒသောဓန-၌ 'အာဇာနာဟိ နိဂ္ဂဟံ၊ ဟဉ္စိ အတီတံ အတ္ထိ၊ အတ္ထိ သိယာ အတီတံ၊ သိယာ နာတီတံ၊ တေနာတီတံ နာတီတံ၊ နာတီတံ အတီ-တန္တိ' – ဟူသော ပါဠိကို သံဝဏ္ဏနာနှင့် အညီ ဝါဒီတို့ အလိုကျ သရုပ ပေါ်လွင်စွာ အနက် ယောဇနာပြီးလျှင် / သုတ္တသာဓန၌ ပရဝါဒီ ဆောင်အပ်သည့် 'အတ္ထိ တတ္ထ အာ-ယတိံ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ' စသော စကား၏ အနာဂတ်တရား ထင်ရှား ရှိသည် အဖြစ်ကို မပြီးစေနိုင်ခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

(၄) အသညကထာ—'အသညေသု သညာ အတ္ထီတိ' ဟူသော ပုစ္ဆာကို ဝန်ခံ ဖြေဆိုသော ပရဝါဒီ၏ အယူ၌ အသညသတ်ဗြဟ္မာတို့အား သညာ ရှိရာ ခဏကိုလည်းကောင်း သညာ ရှိခြင်းကို ပြီးစေသော သုတ်ကိုလည်းကောင်း ထုတ်ပြပြီးလျှင် / ပဋ္ဌုပ္ပ-န္နဉာဏကထာ-၌ 'နနု သဗ္ဗသင်္ခါရေ အနိစ္စတော ဒိဋ္ဌေ တမ္ပိ ဉာဏံ အနိစ္စတော ဒိဋ္ဌံ ဟောတိ' ဟူသော ပုစ္ဆာကို ဝန်ခံ ဖြေဆိုသော သကဝါဒီ၏ အဓိပ္ပာယ်ကိုလည်း ပေါ်လွင် ထင်ရှားစွာ ပြခဲ့ပါ။

(၅) နိရောဓသမာပတ္တိကထာ-၌ သကသမယအားဖြင့် နိရောဓသမာပတ္တိ မည်သော တရားကိုလည်းကောင်း နိရောဓသမာပတ္တိကို နိပ္ဖန္နဟု ဆိုရခြင်း-သင်္ခတအသင်္ခတ ဟု မဆိုရခြင်း၏ အကြောင်း အသီးသီးကိုလည်းကောင်း ပြပြီးလျှင် / ဥပ္ပာဒေန္တိ စသော စကားကို မည်သည့် အတွက် သကဝါဒီပုဂ္ဂိုလ် ဆိုအပ်သနည်း၊ ရုပ် အစရှိသော သင်္ခတ တရား

တို့ကိုကဲ့သို့ နှိုးရောမ သမားတော်ကို အကြောင်းတရားတို့က ဖြစ်စေကုန်သလော ဟူသော စောဒနာကိုလည်း သောဓနာ ပြုခဲ့ပါ။

( ၆ ) ပဋိစ္စကမ္မဝိပါကောတိ ကထာ - ၌ 'နနု အတ္ထိ ဉာဏရိယသံဝတ္တနိယံ ကမ္မံ အာဒိပစ္စ သံဝတ္တနိယံ ကမ္မံ' ဟူသော စကားသည် မည်သည့် အကြောင်းကြောင့် ပရ - ဝါဒီ စွဲယူအပ်သည့် ပဋိစ္စ၏ ကမ္မဝိပါက မည်သည့် အဖြစ်ကို မပြီးစေနိုင်သည်ကို ပြပြီးလျှင် / သကဝါဒီ အလိုအားဖြင့် ဉာဏရိယ အာဒိပစ္စ တို့၏ သရုပ်ကိုလည်း ထုတ်ပြခဲ့ပါ။

( ၇ ) ဇရာမရဏံဝိပါကောတိ ကထာ — 'အတ္ထိ ဒုဗ္ဗဏ္ဏ သံဝတ္တနိယံ ကမ္မံ အပ္ပာယုက သံဝတ္တနိယံ ကမ္မံ' ဟူသော ပါဠိ၌ ဒုဗ္ဗဏ္ဏတာ အပ္ပာယုကတာတို့၏ သရုပ်ကို သက ပရ နှစ်ဝါဒဖြင့် ခွဲပြပြီးလျှင် / အကုသိုလ်ကမ်သည် ဒုဗ္ဗဏ္ဏရုပ် - အပ္ပာယု - ဝိပါကဖဿာဒိ တို့အား မည်သည့် အစွမ်း သတ္တိအားဖြင့် ကျေးဇူးပြုသည်ကိုလည်း ထင်ရှားစွာခွဲဝေပြခဲ့ပါ။

( ၈ ) 'မဂ္ဂတဏှာ အဗျာကတာတိ' ဟူသော ပုစ္ဆာကို ဝန်ခံ ဖြေဆိုသော ပရဝါဒီ ၏ အယူဝယ် မည်သည့် တရားတို့၌ ဖြစ်သော တဏှာကို မဂ္ဂတဏှာ ဟု ယူ၍ မည်သည့် အကြောင်းကြောင့် အဗျာကတ မည်၏ ဟု စွဲယူချက်ကို ဋီကာနည်း အရ ရှင်းပြပြီးလျှင် / ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ တို့၏ သရုပ်ကိုလည်း ထုတ်ခဲ့ပါ။

( ၉ ) 'စက္ခုဝိညာဏသဟဂတာ အနန္တရာ သောတဝိညာဏံ ဥပ္ပဇ္ဇတီတိ' ဟူသော ပုစ္ဆာ၌ 'အာမန္တာ' ဟု ဖြေဆိုသော ပရဝါဒီ၏ အယူကို လဒ္ဓိပ္ပာဒ အကြောင်းနှင့် တကွ ပြပြီး လျှင် / 'နစ္စတိ ဂါယတိ' စသော ပရဝါဒီစကား၏ ပဉ္စဝိညာဉ်တို့သည် အချင်းချင်း၏ အခြားမဲ့၌ ဖြစ်ကုန်၏ ဟူသော အနက်ကို မပြီးစေနိုင်ခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

( ၁၀ ) သဗ္ဗမိဒံကမ္မတောတိ ကထာ၌ - ပရဝါဒီ ဆောင်အပ်သည့် ကမ္မုနာ ဝတ္တတီ လော- ကော စသော သုတ်သည် ပြအပ်သော အနက် - မပြအပ်သော အနက်တို့ကို ခွဲပြပြီးလျှင် / ဉာဏိန္ဒြိယဗဒ္ဓကထာ၌ အနိန္ဒြိယဗဒ္ဓဝဋ္ဋကို ဒုက္ခ ဟု ခေါ်ဆိုရခြင်း - ဒုက္ခအရိယသစ္စ ဟု မခေါ် ဆိုရခြင်း၏ အကြောင်း အသီးသီးကိုလည်း သက သမယ အားဖြင့် စုံလင်စွာ ပြခဲ့ပါ။

( ၁၁ ) 'န ဝတ္တဗ္ဗံ ဗုဒ္ဓဿ ဒိန္နံ မဟပ္ဖလန္တိ' ဟူသော ပုစ္ဆာကို ဝန်ခံ ဖြေဆိုသော ပရ- ဝါဒီ၏ အယူကို လဒ္ဓိပ္ပာဒ အကြောင်းနှင့် တကွ ပြပြီးလျှင် / ဗုဒ္ဓအား လှူအပ်သော အလှူ ၏ မဟပ္ဖလဘာဝကို ပြီးစေရန် သကဝါဒီ ဆောင်အပ်သော သုတ်ကိုလည်း ထုတ်ပြခဲ့ပါ။

( ၁၂ ) မဂ္ဂကထာ — 'ပဉ္စင်္ဂိကော မဂ္ဂေါတိ' ဟူသော ပုစ္ဆာ၌ 'အာမန္တာ' ဟု ဖြေ ဆိုသော ပရဝါဒီအား မည်သည့် အရာကို မှီ၍ မည်သည့် အယူ ဖြစ်သည်ကို စုံလင်စွာ ဖော် ပြပြီးလျှင် / ပရဝါဒီ ဆောင်အပ်သည့် 'ပုဗ္ဗေဝ ခေါ ပနဿ' စသော သုတ်၌ 'ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါ သုပရိသုဒ္ဓေါ ဟောတိ' ဟူသော စကားကို မည်သည့် အကျိုးငှာ ဟော အပ်သနည်း - မည်သည့် အကျိုးငှာ ဟောအပ်သည် မဟုတ်သနည်း - သာဓက ပါဠိ သွင်း ၍ ဖြေရှင်းခဲ့ပါ။

# ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## ( ၁ ) အဘိဓမ္မာပိဋက ( ဓမ္မသင်္ဂဏီ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၆ - ခုနှစ်၊ ပြာသိုလဆန်း ၁၃ - ရက်။ ( ၂၄ - ၁ - ၇၅ )

---

( ၁ ) အဝိတက္က ဝိစာရမတ္တာ - ၌ ဝိစာရမတ္တသဒ္ဒါဖြင့်ပင် ဝိတက် မရှိကုန်သည်၏ အဖြစ်သည် ပြီးစီး ထင်ရှားပါးလျက် အဝိတက္ကသဒ္ဒါကို ဟောတော်မူခြင်း၏ အကျိုးကို ညွှန်ပြပြီးလျှင် / သဝိတက္က သဝိစာရ တရား - အဝိတက္က သဝိစာရ တရား - သဝိတက္က အဝိစာရ တရား - အဝိတက္က အဝိစာရ တရားတို့ကိုလည်း ခွဲခြား ပြခဲ့ပါ။

( ၂ ) စိတ္တဝိသံသဋ္ဌာ - ၌ သဟဇာတ် ရုပ်တရားတို့သည် စိတ်နှင့် အတူတကွ ဖြစ်ကြပါကုန်လျက် စိတ်နှင့် မနှီးနှောကြသည်ကို အကြောင်းပြပြီးလျှင် / ဝိဇ္ဇာဘာဂိနော ဓမ္မာ၌ အဋ္ဌကထာလာ ပဌမဝစနတ္ထ - ဒုတိယဝစနတ္ထ၊ နိက္ခေပကဏ္ဍ ပါဠိနယ တို့ဖြင့် ဖြစ်သင့် ရသင့်သော တရားများကို အသီးသီး ခွဲခြား ကောက်ပြခဲ့ပါ။

( ၃ ) ပဌမ မဟာကုသိုလ်စိတ်၌ ' ရူပါရမ္မဏံဝါ ' စသော အားဖြင့် အာရုံကိုသာ မှတ်၍ ဟောတော်မူခြင်း၊ 'ကာယကမ္မဒွါရံ' စသော အားဖြင့် ဒွါရကို မှတ်၍ ဟောတော်မမူခြင်းတို့၏ အကြောင်း အသီးသီးတို့ကို ညွှန်ပြပြီးလျှင် / ပါဏာတိပါတအမှုကို စေခိုင်းသူ၏ စေခိုင်းကြောင်း အကုသိုလ်စိတ်တို့နှင့် တကွ ဖြစ်သော အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ တို့၏ မနောဒွါရ ဝေါဟာရမှ ကင်းခြင်းကိုလည်း အကြောင်း ဥပမာတို့ဖြင့် ဖြေရှင်းခဲ့ပါ။

( ၄ ) သမ္ပယုတ္တလာပ၏ အင်္ဂါကိုလည်းကောင်း ထိုအင်္ဂါနှင့် ပြည့်စုံပါလျက် ကမ္မပထဘေဒမဖြစ်ခြင်း၏ အကြောင်းကိုလည်းကောင်း ညွှန်ပြပြီးလျှင် / သမ္ဖပ္ပလာပ ဝိရတိကိုလည်း ဓမ္မ ကောဋ္ဌာသ အာရမ္မဏ ဝေဒနာ မူလ ငါးပါးတို့ဖြင့် ခွဲခြားခဲ့ပါ။

( ၅ ) အဓိမောက္ခ သဒ္ဒါတို့၏ ဆုံးဖြတ်ခြင်း ထူးခြားပုံကို ပြပြီးလျှင် / ပညိန္ဒြိယ နိဒ္ဒေသ၌ ဓမ္မဝိစယော ဟူသော ပုဒ်ကို အောက်၌ ဟောအပ်ပြီး ဖြစ်ပါလျက် နောက်ထပ် တဖန် ဟောပြန်ခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

( ၆ ) ယံ တသ္မိံ သမယေ ဟိရီယတိ ဟိရီယိတဗ္ဗေ နဟိရီယတိ ပါပကာနံ အကုသလာနံ ဓမ္မာနံ သမာပတ္တိယာ - ဟူသောပါဠိကို အဋ္ဌကထာ ဋီကာ နည်းစုံစွာ အနက် သမ္ဗန်ခဲ့ပါ။

(၇) တတြိမဇ္ဈတ္တုပေက္ခာသည် အောက်စျာန် သုံးပါးတို့၌လည်း ထင်ရှား ရှိပါလျက် ထိုအောက်စျာန် သုံးပါးတို့တွင် တခုသော စျာန်ကိုသော်လည်း ဥပေက္ခာ သတိ ပါရိသုဒ္ဓိ ဟူ၍ ဟောတော်မမူခြင်း၏ အကြောင်းကို ပြပြီးလျှင် / အာကာသ ကသိဏ မည်သော တရားများကိုလည်းကောင်း ယင်းအာကာသ ကသိဏကို ရူပါဝစရ ဒေသနာသို့ တင်တော်မမူခြင်း၏ အကြောင်းကိုလည်းကောင်း ပြခဲ့ပါ။

(၈) စတုတ္ထာရုပ္ပစျာန်၌ ရှိသော သညာ၏ သညာလည်း မဟုတ် - အသညာလည်း မဟုတ်ခြင်းကို အကြောင်းယုတ္တိ ပတ္တမက္ခန ဘေလူပမာ တို့ဖြင့် ထင်ရှားပြပြီးလျှင် / 'ကတမေ ဓမ္မာ ကုသလာ ယသ္မိံ သမယေ လောကုတ္တရံ စျာနံ ဘာဝေတိ (လ) ပဌမံ စျာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ' ဟူသော ပါဠိတော်၌ ပေယျာလကိုလည်း ဖော်ပြခဲ့ပါ။

(၉) 'ဗောဓိယာ အင်္ဂါတိ ဗောဇ္ဈင်္ဂါ စျာနင်္ဂ မဂ္ဂင်္ဂါဒီနိ ဝိယ' ၌ စျာနင်္ဂ မဂ္ဂင်္ဂါဒီနိ ဝိယဖြင့် ပြအပ်သော အနက်ကို ထင်ရှားစွာ ညွှန်ပြပြီးလျှင် / တေဘူမက ဝိပါက်၌ကဲ့သို့ လောကုတ္တရာဝိပါက်၌ ကတတ္တာ ဥပစိတတ္တာ ဟု မဟောဘဲ ကတတ္တာ ဘာဝိတတ္တာ ဟူ၍ ဟောတော်မူခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

(၁၀) တပြိုင်နက်သော ခဏ၌ ပထဝီ တေဇော ဝါယော မဟာဘုတ် သုံးပါးတို့ကို အာရုံပြု၍ ကာယဝိညာဉ် ဖြစ်နိုင် - မဖြစ်နိုင်ကို အကြောင်းပြ ဆုံးဖြတ်ပြီးလျှင် / အာဟာရ သမုဋ္ဌာနရုပ်, အာဟာရပစ္စယရုပ်, အာဟာရပစ္စယ ဥတုသမုဋ္ဌာနရုပ်, စိတ္တသမုဋ္ဌာနရုပ်, စိတ္တပစ္စယရုပ်, စိတ္တပစ္စယ ဥတုသမုဋ္ဌာနရုပ် တို့ကိုလည်း ခွဲဝေပြခဲ့ပါ။

(၁၁) နိက္ခေပကဏ္ဍ ဒိဋ္ဌုပါဒါန နိဒ္ဒေသ - ဝယ် နတ္ထိ ဟုတံ - ၌ (ဟုတ) အရ တရားများကို သရုပ် အဓိပ္ပာယ်နှင့် တကွ ထုတ်ပြပြီးလျှင် / ဗာလ ဒုက နိဒ္ဒေသ - ၌ 'သဗ္ဗေပိ အကုသလာ ဓမ္မာ ဗာလာ' ဟု ဟောတော်မူအပ် လတ္တံ့ ဖြစ်ပါလျက် အဟိရိက အနောတ္တပ္ပ နှစ်ပါးတို့ကို ရှေးဦးစွာ အသီးအခြား ဟောကြားခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

(၁၂) မပါအသီး အချိုးနှီးသော လေပွင့်နှင့် တူသော ကြိယာစိတ် - ပြတ်သော အမြစ်ရှိသည့် သစ်ပင်၏ အပွင့်နှင့် တူသော ကြိယာစိတ်တို့ကို သရုပ်အားဖြင့် လည်းကောင်း—ဖြစ်တည်ရာ ပုဂ္ဂိုလ် ဘုံတို့ဖြင့် လည်းကောင်း ခွဲခြားပြပြီးလျှင်/ အာကာသာနဉ္စာယတနဝိပါက်သည် ဝိညာဏဉ္စာယတန စိတ် တစုံတခု၏ အာရုံ မဖြစ်နိုင်သည် ကိုလည်း အကြောင်းပြခဲ့ပါ။

၁၀—မှတ်စီ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၂) အဘိဓမ္မာပိဋက (ဝိဘင်္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

### ၁၃၃၆ - ခုနှစ်၊ ပြာသိုလဆန်း ၁၄ - ရက်။ (၂၅ - ၁ - ၇၅)

——

(၁) ခန္ဓဝိဘင်္ဂ—ကဘမံ ရူပံ ဟီနံ ပဏီတံ - ၌ ဟီန ပဏီတ အရ ရုပ်တို့ကို အဘယ် ရုပ်တို့၏ စွမ်းအားဖြင့် ဝေဘန်သည် ဟု အဋ္ဌကထာ ဋီကာ အာဘော်ကျ အကြောင်းနှင့် တကွ ညွှန်ပြပြီးလျှင်/ဟီန ပဏီတ အရ ရူပ စသည် ငါးမျိုးကိုသာ ပါဠိတော်၌ ပြသော ကြောင့် အခြားသော စက္ခု စသော ရုပ်တို့၌လည်း ဟီန ပဏီတ မရှိ ဟု မှတ်ရမည်လော၊ ရှင်းပြခဲ့ပါ။

(၂) ဝေဒနက္ခန္ဓာ စသည်တို့၏ ဗဟုဝိဓ ဝါရ တို့၌ စက္ခုသမ္ဖဿဇာ ဝေဒနာ စသည်ဖြင့် ဟောသကဲ့သို့ ဝိညာဏက္ခန္ဓာ၏ ဗဟုဝိဓဝါရ၌မူ စက္ခုသမ္ဖဿဇံ ဝိညာဏံ ဟူ၍ မဟောဘဲ စက္ခုဝိညာဏံ ဟူ၍သာ ဟောရခြင်း အကြောင်းကို ညွှန်ပြပြီးလျှင်/ပဋိသမ္ဘိဒါ မဂ်၌သာ ဟော၍ ဤဓာတုဝိဘင်္ဂ၌ သီးခြား မဟောသော ကောဋ္ဌာသကိုလည်း မဟော ရခြင်း အကြောင်းနှင့် တကွ ဖြေဆိုခဲ့ပါ။

(၃) ဗာဟိရ အာကာသ ဓာတုနိဒ္ဒေသ - လာ—အသမ္ဖုဋ္ဌံ စတူဟိ မဟာဘူတေဟိ - ၌ မယူရသည့် အာကာသ - ယူရသည့် အာကာသတို့ကို တိကျစွာ ညွှန်ပြပြီးလျှင်/ဒုတိယ ဓာတုဆက္ကဖြင့် ဓာတ်(၁၈)ပါးဖြစ်အောင် သိမ်းယူပုံကိုလည်း အဋ္ဌကထာ အလိုကျ ညွှန်ပြခဲ့ပါ။

(၄) သစ္စဝိဘင်္ဂ—သစ္စဉာဏ် (၄) ပါးတို့၏ နစ်ခဲစအပ်သော ဒိဋ္ဌိတို့ကို နစ်ဖစပုံ အခြင်းအရာနှင့် တကွ ညွှန်ပြပြီးလျှင် / ဒုက္ခသစ္စာ နိဒ္ဒေသ - လာ — ဥပါယာသ အရ ဒေါမနဿ ယူရမည် ဟူသော ဝါဒ သင့် - မသင့်ကိုလည်း ပါဠိ သာဓက ပြ၍ ဆုံးဖြတ် ခဲ့ပါ။

(၅) သစ္စဝိဘင်္ဂ—သမ္မာဒိဋ္ဌိနိဒ္ဒေသ - လာ — ပဋိဝေဓ အဓိပ္ပာယ်ကို ညွှန်ပြ၍/သစ္စာ ၄ ပါးတို့ကို ယင်းပဋိဝေဓ ဘေဒ တို့ဖြင့် ဝေဘန်ပြီးလျှင်/ကာမတော နိဿဋ္ဌောတိ နေက္ခမ္မ သင်္ကပ္ပော အရ နေက္ခမ သင်္ကပ္ပ ဖြစ်ပုံကိုလည်း ခဏအလိုက် ရှင်းလင်း၍ ပြခဲ့ပါ။

( ၆ ) ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ – တမာစေ့မှ ကြံပင် မဖြစ်နိုင် မပေါက်နိုင်သကဲ့သို့ စင်စစ် မကောင်းကျိုးပေး၍ အပြစ်ရှိသော အဝိဇ္ဇာသည် အဘယ်သို့လျှင် ပုညာဘိသင်္ခါရ အနဉ္ဇာဘိသင်္ခါရ တို့၏ အကြောင်း ဖြစ်သင့် ပါအံ့နည်း၊ ဖြစ်သင့် - မဖြစ်သင့် ရှင်းပြပြီးလျှင်/တဏှာ နှင့် ဥပါဒါန်တို့၏ ထူးခြားဟန်ကိုလည်း ကေစိဝါဒ အရ ပြည့်စုံစွာ ညွှန်ပြခဲ့ပါ။

( ၇ ) ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ – အညမည စတုက္က - ၌ အဝိဇ္ဇာ ပစ္စယာ သင်္ခါရော၊ သင်္ခါရ ပစ္စယာပိ အဝိဇ္ဇာ ဟူ၍ ဟောသကဲ့သို့ ဥပါဒါန ပစ္စယာ ဘဝေါ ဟူ၍သာ ဟော၍ ဘဝပစ္စယာပိ ဥပါဒါနံ ဟူ၍ မဟောရခြင်း အကြောင်းတို့ကို ပြည့်စုံစွာ ညွှန်ပြပြီးလျှင်/ ကုသိုလ် အကုသိုလ် ဝိပါက်တို့၏ အစွမ်းအားဖြင့် ပစ္စယာကာရကို ဟောပါလျက် ကြိယာ၏ အစွမ်းဖြင့် ပစ္စယာကာရကို မဟောရခြင်း အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

( ၈ ) သတိပဋ္ဌာန ဝိဘင်္ဂ – အဘယ် သတိပဋ္ဌာန်သည် အဘယ် ပုဂ္ဂိုလ်၏ ဝိသုဒ္ဓိ မဂ္ဂ ဖြစ်သည်ကို အသီး အသီး ယှဉ်စပ်၍ ပြပြီးလျှင်/ကမ္မဋ္ဌာန်းကို ပြည့်စုံစေသော တရား - မပြည့်စုံစေသော တရားတို့ကိုလည်း အကြောင်းနှင့် တကွ ညွှန်ပြခဲ့ပါ။

( ၉ ) သတိပဋ္ဌာန ဝိဘင်္ဂ – ဝိစိကိစ္ဆာကို ပယ်ဖျောက်နိုင်သော တရားတို့ကို ညွှန်ပြပြီးလျှင်/ဓမ္မဝိစယ သမ္ဗောဇ္ဈင် ဖြစ်ကြောင်း တရားတွင် ပါဝင်သော ဣန္ဒြိယ သမတ္တ ပဋိပါဒန၏ အဓိပ္ပာယ်ကိုလည်း စံနမူနာ ပြကာ ရှင်းလင်းခဲ့ပါ။

( ၁၀ ) ဣဒ္ဓိပါဒ ဝိဘင်္ဂ – ဝီရိယ သမာဓိ ပဓာန သင်္ခါရ သမန္နာဂတံ ဣဒ္ဓိပါဒံ ဘာဝေတိ - ၌ ဘေဒနည်းဖြင့် သက်ဆိုင်ရာ တရားတို့ကို ဣဒ္ဓိ - ဣဒ္ဓိပါဒ နှစ်မျိုးဖြင့် ဖြစ်သင့်သလို ဝေဘန်ပြီးလျှင် / ၎င်းပါဠိတော်လာ ဝီရိယ နှင့် ပဓာနတို့၏ ထူးခြားဟန် ကိုလည်း ရေးသားခဲ့ပါ။

( ၁၁ ) ဗောဇ္ဈင်္ဂ ဝိဘင်္ဂ –( ပဋ္ဌမနယ ) ပီတိသမ္ဗောဇ္ဈင်္ဂ - လာ – နိရာမိသ - ၌ အာမိသ ဘေဒကို သရုပ် တရားကိုယ်နှင့် တကွ ညွှန်ပြပြီးလျှင် / ဉာဏဝိဘင်္ဂ ဒသက နိဒ္ဒေသ ( သတ္တမ ဉာဏ ) ဈာန် စသည်တို့၏ သံကိလေသ ဝေါဒါန ဝုဋ္ဌာနတို့၏ အဓိပ္ပာယ်ကိုလည်း အဋ္ဌကထာ ဋီကာ အာဘော်ကျ သရုပ် ပေါ်လွင်စွာ ဖြေဆိုခဲ့ပါ။

( ၁၂ ) ခုဒ္ဒကဝတ္ထု ဝိဘင်္ဂ–တိကနိဒ္ဒေသ - လာ–တိတ္ထာယတန သုံးမျိုးတို့တွင် နိဂဏ္ဌ သမယ ပြ ပါဠိတော်ကို ရေးသားပြီးလျှင်/၎င်းအယူရှိသည့် ပုဂ္ဂိုလ်သည် ပယ်အပ် - လက်ခံ အပ်သော တရားတို့ကိုလည်း ညွှန်ပြခဲ့ပါ။ ( ၁၀ ) မှတ်စီ။

# ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## ( ၃ ) အဘိဓမ္မာပိဋက ( ဓာတုကထာ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၆ - ခုနှစ်၊ ပြာသိုလပြည့်နေ့ ရက်။ ( ၂၆-၁-၇၅ )

——

( ၁ ) ဘေဒ အဘေဒ သုဒ္ဓ ကေမူလာဒိ တို့၏ အဓိပ္ပာယ်ကို ရှင်းပြီးလျှင် / နိဒ္ဒေသ ပါဠိတော်၌ သတိပဋ္ဌာန် စသည်တို့ကို ကာယာနုပဿနာ သတိပဋ္ဌာန စသည်ဖြင့် ခွဲဝေ၍ မဟောသောကြောင့် ဘေဒ မရှိဟု မှတ်ရမည်လော—ဘေဒ ရှိသင့် - မရှိသင့် ( ဝါ ) ဘေဒ ပြု၍ ဟောသင့် - မဟောသင့်ကိုလည်း ဆုံးဖြတ်ခဲ့ပါ။

( ၂ ) နယမုခ မာတိကာ ခေါ်ရခြင်း အကြောင်းကို အဋ္ဌကထာ ဋီကာ အလိုကျ ရှင်း ပြပြီးလျှင်/ ၎င်းမာတိကာလာ စကားရပ်တို့ကိုလည်း ဂဟေတဗ္ဗ အဂဟေတဗ္ဗ နှစ်ဌာနဖြင့် ဝေဘန်၍ ပြခဲ့ပါ။

( ၃ ) ကာမဘဝ နှင့် ပဉ္စဝေါကာရ ဘဝတို့၏ တရားကိုယ်ကို ထုတ်ပြပြီးလျှင် / ဇရာ ဟူသော ဟောပုဒ်ကို ပဌမနယ နိဒ္ဒေသဖြင့် ဖြေဆိုရာဝယ် ရုပ်ဇရာ နာမ် ဇရာ ဖြစ်သောကြောင့် 'ပဥ္စဟိ ခန္ဓေဟိ ' ဟု ဖြေဆိုသင့်လျက် 'ဒွိဟိ ခန္ဓေဟိ ' ဟူ၍သာ ဖြေဆိုရခြင်း၏ ရည်ရွယ်ချက်ကိုလည်း ရှင်းပြခဲ့ပါ။

( ၄ ) ဒုတိယ နယ တတိယ နယ တို့၌ ကတ္တားပြန်၍ မဟောရခြင်း အကြောင်းကို ညွှန်ပြပြီးလျှင် / တတိယ နယ၌ဟောသော ပဥှာ ( ၁၂ ) တို့တွင် စတုတ္ထ ပဥှာ လာ 'တီဟိ ခန္ဓေဟိ' အရ ခန္ဓာ သုံးပါးတို့ကိုလည်း ဟောပုဒ် အလိုက် ခွဲခြား၍ ကောက်ပြပါ။

( ၅ ) ယောစွဲ မရှိသော နယ - ယောစွဲ တချက်သာ ရှိသော နယ - ယောစွဲ နှစ်ချက် ရှိသော နယ တို့ကို ညွှန်ပြပြီးလျှင်/စတုတ္ထ နယ နှင့် ပဥ္စမ နယ တို့၏ ဒုတိယ ယောစွဲပုံခြင်း ထူးခြားသည်ကိုလည်း အကျဉ်းချုပ်၍ သက်ဆိုင်ရာ ဟောပုဒ် တရားစုတို့ကို ထုတ်ပြကာ ဖြေဆိုခဲ့ပါ။

( ၆ ) ဆဋ္ဌ နယ၌ ဟောသော ပဒတို့ကို အဋ္ဌကထာဝါဒ အရ မည်မျှ - ဋီကာဝါဒ အရ မည်မျှ ရှိသည်ကို အကြောင်းနှင့် တကွ ညွှန်ပြပြီးလျှင်/ ၎င်း အဋ္ဌကထာ ဋီကာ အငြင်းပွားသော ဟောပုဒ် နှစ်ခုတို့ကိုလည်း ပုစ္ဆာ ဝိသဇ္ဇနာ ပြုကာ သရုပ်ထွ ပေါ်လွင်စွာ အနက် ယောဇနာခဲ့ပါ၊

(၇) ဆင္ဂ နယ၌ သင်္ဂါရက္ခန္ဓာ ထိုက်သော - တရားကို ဟောပုဒ် ပြုလုပ်သောအခါ အဘယ်တရားတို့ကို ရှေးသမ္ပယုတ် နောက်သမ္ပယုတ် - အဘယ်တရားတို့ကို ရှေး ဝိပ္ပယုတ် နောက်ဝိပ္ပယုတ် ထုတ်သည်ကို နယုပဒေသ ရအောင် ညွှန်ပြပြီးလျှင် / ၎င်းနယ စက္ခု ဝိညာဏဓာတု ဟောပုဒ်၌ စက္ခုဝိညာဏဓာတ်မှ ကြွင်းသော ဝိညာဏဓာတ် တို့ကို ရည်ရွယ်၍ ' ဧကေန ခန္ဓေန ' စသည်ဖြင့် ဧကဟိစိဝိပ္ပယုတ် ထုတ်လျှင် သင့် - မသင့် အကြောင်းနှင့် တကွ ရှင်းပြခဲ့ပါ။

(၈) သတ္တမ နယ ၌ မည်သည့် စေတသိက် မျိုးကို ဟော၍ မည်သည့် စေတသိက်မျိုး ကိုမဟောသည်ကို သာဓက ပါဠိနှင့်တကွ ညွှန်ပြပြီးလျှင်/အဓိမောက္ခစေတသိက် သည် ဝိစိကိစ္ဆာစိတ်နှင့် မယှဉ်ပါဘဲလျက် အဘယ်ကြောင့် ' သမ္ပယုတ္တေန ဝိပ္ပ- ယုတ္တံ ' ဟူသော ဤသတ္တမ နယ ၌ ဟောရပါသနည်း၊ ရှင်းပြခဲ့ပါ။

(၉) အဋ္ဌမ နယ၌ မောဃနယ ဖြစ်ပုံကို အဋ္ဌကထာ အလိုကျ ရှင်းပြပြီးလျှင် / ၎င်း နယက စုဋ္ဌန္တရဒုက် ပိဋ္ဌိဒုတ်တို့၌ မဟောသော ပဒတို့ကိုလည်း သရုပ်ဖော်ကာ ရေတွက်၍ ပြခဲ့ပါ။

(၁၀) နဝမနယ၌ မဟောသော ပုဒ်တို့ကို အဋ္ဌကထာ အာဘော်ကျ အကြောင်းနှင့် တကွ ညွှန်ပြပြီးလျှင် / ဒသမ နယ လာ အောက်ပါ ဟောပုဒ်၏ ပုစ္ဆာ ဝိသဇ္ဇနာ ကို စုံလင်စွာ ထုတ်ပြပြီးလျှင် / ပဋ္ဌမ ယေစ္ဆဲရမည့် တရားကိုသာ ဖော်ပြခဲ့ပါ။

' အနုပါဒိန္န — အနုပါဒါနိယဓမ္မ '

(၁၁) (ဧကာဒသမ) (က) သောမနဿိန္ဒြေသည် ခန္ဓာ စသည်ဖြင့် ရေတွက်အပ် သော တရား၊ (ဒွါဒသမ) (ခ) နေဝသညီ နာသညီ ဘဝသည် ခန္ဓာစသည် ဖြင့် မရေတွက်အပ်သောတရား တို့ကို ထုတ်ပြပြီးလျှင် / ထိုတရား နှစ်မျိုးတို့နှင့် သမ္ပယုတ် ဝိပ္ပယုတ် ဖြစ်သော ခန္ဓာ အာယတန ဓာတ်တို့ကိုလည်း အသီးအသီး ခွဲခြား ညွှန်ပြခဲ့ပါ။

(၁၂) (ဒွါဒသမ) (က) သမာဓိန္ဒြေနှင့် ယှဉ်သော တရား၊ (စုဒ္ဒသမ) (ခ) ရူပ ဘဝနှင့် မယှဉ်သော တရားတို့ကို ထုတ်ပြပြီးလျှင် / ထိုတရား နှစ်မျိုးတို့၏ ရေ တွက်အပ်- မရေတွက်အပ်သော ခန္ဓာ အာယတန ဓာတ်တို့ကိုလည်း အသီးအသီး ခွဲခြား ညွှန်ပြခဲ့ပါ။

၁၀—မှတ်စီ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၄) အဘိဓမ္မာပိဋက (ပုဂ္ဂလပညတ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၆ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁-ရက်။ (၂၇-၁-၇၅)

— —

(၁) ကေက—'ရူပသဟဂတာနံ အရူပသဟဂတာနံ သမာပတ္တီနံ' ၌ ရူပ အရ ရုပ် (၂၈) ပါး၊ အရူပ အရ နာမက္ခန္ဓာ လေးပါး နိဗ္ဗာန် တို့ကို ယူရမည်လော၊ အဘယ်ကို ယူရမည်နည်း၊ ရှင်းပြပြီးလျှင်/သမာပတ် ပျက်စီးရခြင်း အကြောင်း တို့ကိုလည်း ပြည့်စုံစွာ ညွှန်ပြခဲ့ပါ။

(၂) ကေက—ဥတ္တရကုရု ကျွန်းသူ ကျွန်းသားတို့၏ မဂ် ဖိုလ် မရနိုင်ခြင်း အကြောင်းကို တိကျစွာ ညွှန်ပြလျှင်/ တိဟိတ်ပဋိသန္ဓေ နေသော ပုဂ္ဂိုလ်တိုင်းပင် မဂ်ဖိုလ်ရနိုင်ပါသလော၊ မည်သည့်တိဟိတ် ပုဂ္ဂိုလ်မျိုးမှသာ မဂ် ဖိုလ် ရနိုင်သည်ကိုလည်း အဋ္ဌကထာ ဋီကာ အာဘော်ကျ အထောက်ပြကာ ဖြေဆိုခဲ့ပါ။

(၃) 'ကတမော စ ပုဂ္ဂလော သမသီသီ'—၌ သမ၏ အဓိပ္ပာယ်ကို ပေါ်လွင်စေကာ ဇီဝိတသမသီသီ ပုဂ္ဂိုလ်ဟူသည် အဘယ်ကို ဆိုလိုသည်ဟု ရှင်းပြပြီးလျှင်/ သမ္မာသမ္ဗုဒ္ဓကထာ၌ ဘုရားရှင်တို့အား သယမ္ဘူဉာဏ် ရပြီးသည့်နောက် သဗ္ဗညုတဉာဏ် ရဘို့ရန် သီးခြား ပုဗ္ဗဘာဂ ကိစ္စ ရှိသေးသည်—မရှိတော့သည်ကိုလည်း ရှင်းလင်းခဲ့ပါ။

(၄) သတ္တက္ခတ္တုပရမ နိဒ္ဒေသ-၌ ခဏအလိုက် ဖြစ်နိုင်သော သောတာပန္န ပုဂ္ဂိုလ်တို့ကို ညွှန်ပြပြီးလျှင် / ဤ၌ အလိုရှိအပ်သော သောတာပန္နပုဂ္ဂိုလ်ကိုလည်း အကြောင်းနှင့် တကွ ညွှန်ပြခဲ့ပါ။

(၅) 'ကတမော စ ပုဂ္ဂလော အန္တရာပရိနိဗ္ဗာယီ' ၌ အန္တရာပရိနိဗ္ဗာယီ ပုဂ္ဂိုလ် သုံးမျိုးကို ညွှန်ပြပြီးလျှင်/ ထိုပုဂ္ဂိုလ် သုံးမျိုးတို့၏ ငြိမ်းအေးပုံ ထူးခြားဟန် ကိုလည်း အကြောင်းနှင့်တကွ လောကူပမာ ပြ၍ ရှင်းလင်းခဲ့ပါ။

(၆) ဤဘုရားရှင်၏ သာသနာတော်၌သာ ရှိနိုင် ဖြစ်နိုင်သော သောတာပန်ပုဂ္ဂိုလ် ပေါင်း-သကဒါဂါမ် ပုဂ္ဂိုလ်ပေါင်း - အနာဂါမ် ပုဂ္ဂိုလ်ပေါင်း - ရဟန္တာ ပုဂ္ဂိုလ်ပေါင်း- မည်မျှစီ ရှိသည်ကိုလည်း သင်္ချာမျှ တိကျစွာ ညွှန်ပြခဲ့ပါ။

( ၇ ) အဝကုဇ္ဇပညာ - လာ 'တဿ ဘိက္ခု ဓမ္မံ ဒေသေန္တိ အာဒိ မဇ္ဈ ပရိယောသာန ကလျာဏံ' ၌ ဒေသနာ နယအားဖြင့် အာဒိ မဇ္ဈ ပရိယောသာန ဖြစ်ပုံကို စုံလင်စွာညွှန်ပြပြီးလျှင်/ဥဒကလေခူပမာ ပုဂ္ဂလကထာ - လာ သံသန္ဒတိ သန္ဓိယတိ သမ္မောဒတိ တို့၏ အဓိပ္ပာယ်ကိုလည်း ဥပမာသွင်းကာ ရှင်းပြခဲ့ပါ။

( ၈ ) ယုတ္တပဋိဘာန ပုဂ္ဂလကထာ - ၌ ယုတ္တဘေဒ ပဋိဘာနဘေဒနှင့် တကွ အဓိပ္ပေတ ပဋိဘာနကို ညွှန်ပြပြီးလျှင် / မူသိကူပမာ ပုဂ္ဂလကထာ - ၌ ပဌမ ဥပမာန နှင့် ဥပမေယျတို့၏ နှီးနှောပုံကိုလည်း ညွှန်ပြခဲ့ပါ။

( ၉ ) အတ္တန္တပ စတုက္ကလာ—နိစ္ဆာတော နိဗ္ဗုတော သီတိဘူတော - တို့၏ ထူးခြားဟန်ကို ညွှန်ပြပြီးလျှင် / အဘယ်ပုဂ္ဂိုလ် တို့ကို ပဋိသောတဂါမိပုဂ္ဂိုလ် ဟူ၍ ယူရပါသနည်း၊ ပါဠိတော် အထောက်ပြ၍ ဖြေဆိုခဲ့ပါ။

( ၁၀ ) မန္ဒပုဂ္ဂိုလ် နှင့် မောမူဟပုဂ္ဂိုလ်တို့၏ ထူးခြားဟန်ကို ညွှန်ပြပြီးလျှင် / ၎င်းပုဂ္ဂိုလ်တို့၏ မသိသော တရားတို့ကိုလည်း ဖော်ပြခဲ့ပါ။

( ၁၁ ) သတ္တကနိဒ္ဒေသ—ဥမ္မုဇ္ဇန တရားတို့ကို တိကျစွာ ထောက်ပြပြီးလျှင် / ဥမ္မုဇ္ဇန၏ အဓိပ္ပာယ်ကိုလည်း ဋီကာ အလိုကျ ဥပမာသွင်း၍ ရှင်းပြခဲ့ပါ။

( ၁၂ ) ဒသက—ဣဓ ဝိဟာယနိဋ္ဌာ၏ အဓိပ္ပာယ်ကို အဌကထာ အလိုကျ ရေးသားပြီးလျှင် / အန္တရာပရိနိဗ္ဗာယီ စသော ပုဂ္ဂိုလ် ငါးယောက်ကိုသာ ဣဓဝိဟာယ နိဋ္ဌာ ဟူ၍ ဟောရခြင်း အကြောင်းကိုလည်း ပြည့်စုံစွာ ညွှန်ပြခဲ့ပါ။

၁၀ – မှတ်စီ။

## ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### ( ၅ ) အဘိဓမ္မာပိဋက ( ကထာဝတ္ထု ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၆ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်။ ( ၂ဂ - ၁ - ၇၅ )

——

( ၁ ) ပုရိသကာရာနုယောဂ - ၌ 'သော ကရောတိ သော ပဋိသံဝေဒေတိ' ဟူသော သကဝါဒီပုစ္ဆာကို ပရဝါဒီပုဂ္ဂိုလ် ပယ်ရှား ဖြေဆိုခြင်း၏ အကြောင်းကို ထင်ရှားစွာ ပြပြီးလျှင်/၎င်းနှင့် အလားတူ သကဝါဒီပုစ္ဆာကို ပရဝါဒီက မည်သည့်သုတ်ကို မှီ၍ မည်သည့် အကြောင်းကြောင့် ဝန်ခံ ဖြေဆိုပြန်ပါသနည်း၊ ပရဝါဒီ အလိုကျ ဖြေရှင်းပြခဲ့ပါ။

( ၂ ) ဇဟတိကထာ - ၌ ပရဝါဒီ၏ မည်သည့် အယူကို ဖျက်ဆီးခြင်းငှာ 'ဇဟတိ ပုထုဇ္ဇနော ကာမရာဂဗျာပါဒန္တိ' အစရှိသော သကဝါဒီ ပုစ္ဆာ ဖြစ်လာပါသနည်း၊ ထင်ရှားစွာ ဖြေရှင်းပြီးလျှင်/ ပုထုဇ္ဇန်တို့ ကာမရာဂ ဗျာပါဒကို ပယ်စွန့်နိုင်ခြင်းကို ပြီးစေခြင်းငှာ ပရဝါဒီ ဆောင်အပ်သည့် သုတ္တန်ကိုလည်း ထုတ်ညွှန်ခဲ့ပါ။

( ၃ ) ပဋ္ဌပ္ပန္နကထာ - ၌ 'ပဋ္ဌုပ္ပန္နေ ဉာဏံ အတ္ထိ' ဟူသော ပုစ္ဆာကို ပရဝါဒီက အဘယ်စကားကို မှီ - အဘယ်အယူ၌ တည်၍ 'အာမန္တာ' ဟု ဖြေဆိုပါသနည်း၊ ဖြေရှင်းပြီးလျှင်/ 'တေန ဉာဏေန တံ ဉာဏံ ဇာနာတိ' ဟူသော အနုယောဂကို ပြုသော သကဝါဒီ၏ မနသာဝဝတ္ထပိတ အကျိုးကိုလည်း စုံလင်စွာ ဖော်ထုတ်ခဲ့ပါ။

( ၄ ) နိယာမကထာ - ၌ 'နိယောမော အသင်္ခတော' ဟူသော ပုစ္ဆာကို ဝန်ခံ ဖြေဆိုသော ပရဝါဒီ၏ အယူကိုလည်းကောင်း ထိုအယူ၌ နိယာမ အသင်္ခတ အမည်ရခြင်း၏ အကြောင်းကိုလည်းကောင်း ပြပြီးလျှင် / ဒါနကထာ - ၌ 'ဒါနံ အနိဋ္ဌဖလံ' စသော စကားကို အဘယ်အကျိုးငှာ ပရဝါဒီပုဂ္ဂိုလ် ဆိုအပ်ပါသနည်း၊ အစေတသိကဓမ္မ၏ ဒါနမည်သည် အဖြစ်ကို ပြခြင်းငှာဆိုအပ်လေသလော ဟူသောစောဒနာကိုလည်းသောဓနာပြုခဲ့ပါ။

( ၅ ) အရိယဓမ္မ ဝိပါကကထာ - ၌ 'နတ္ထိ အရိယဓမ္မဝိပါကော' ဟူသော ပုစ္ဆာကို ဝန်ခံ ဖြေဆိုသော ပရဝါဒီ၏ အယူကို ပြပြီးလျှင် / သောတာပတ္တိဖိုလ်သည် ဝိပါက် အစစ်ဖြစ်ပါလျက် 'သောတာပတ္တိဖလံ န ဝိပါကော' ဟူသော ပုစ္ဆာကို ပရဝါဒီ ဝန်ခံ ဖြေဆိုခြင်း၏ အကြောင်းနှင့် တကွ ရည်ရွယ်အပ်သော အနက်ကိုလည်း စုံလင်စွာ ပြခဲ့ပါ။

( ၆ ) ကာမဂုဏကထာ - ၌ ကာမဓာတု မည်သော တရားများကို သကသမယ ပရ - သမယ အားဖြင့် ခွဲဝေ၍လည်းကောင်း ထိုအနက် သုံးပါးသော အကြောင်းကြောင့် ကာမမည်သော တရား၏ ယင်းသုံးပါးသော အကြောင်းကို ဖော်ထုတ်၍လည်းကောင်း ဖြေဆိုပြီးလျှင်/ဇီဝိတိန္ဒြိယကထာ၌ ပရဝါဒီသည် မည်သည့် အယူ ရှိသောကြောင့် 'အသ-

ညသတ္တာနံ နတ္ထိ ဇီဝိတိန္ဒြိယံ’ ဟူသော ပုစ္ဆာကို ပယ်ရှား ဖြေဆို၍ ‘အသညသတ္တာနံ အတ္ထိ ဇီဝိတိန္ဒြိယံ’ ဟူသော ပုစ္ဆာကို ဝန်ခံ ဖြေဆိုပါသနည်း၊ ဖြေရှင်းခဲ့ပါ။

(၇) ဥပပတ္တေသိယ သဒ္ဒါတို့၌ သကတ္တ + စိတ္တ၊ ဇီဝိတိန္ဒြိယ ကေဒေသ သဒ္ဒါတို့၌ အဓိပ္ပေတဒဗ္ဗတ္ထ တို့ကို ထင်ရှားစေ၍/ဇီဝိတိန္ဒြိယကထာ လာ ‘ဥပပတ္တေသိ. ယေန စိတ္တေန သမင်္ဂိတံ ဇီဝိတိန္ဒြိယံ ဥပပတ္တေ သိယေ စိတ္တေ ဘိင္ဇမာနေ ကေဒေသံ ဘိဇ္ဇတိ’ ဟူသော ပါဠိကို ဝန်ခံ ဖြေဆိုသော ပရဝါဒီ အလိုကျ အတ္ထယောဇနာ ပြုခဲ့ပါ။

(၈) အာနိသံသဒဿာဝိ ကထာ၌ သံယောဇဉ်တို့ကို ပယ်နိုင်သည့် ပုဂ္ဂိုလ်ကို သက· သမယ ပရသမယ အားဖြင့် ခွဲပြပြီးလျှင်/‘သင်္ခါရေ စ အနိစ္စတော မနသိကရောတိ နိဗ္ဗာနေ စ အာနိသံသဒဿာဝီ ဟောတိ’ ဟူသော ပဋ္ဌာန၌ သကဝါဒီ၏ အဓိပ္ပာယကို လည်း စုံလင်စွာ ညွှန်ပြခဲ့ပါ။

(၉) အတီတာနာဂတေဟိ သမန္နာဂတကထာ၌ သမန္နာဂတသာဘိတို့၏ ထူးခြားပုံကို သက သမယ အားဖြင့်ပြပြီးလျှင်/ထိုကထာ၌ပင် ပရဝါဒီ ထုတ်ဆိုအပ်သော ‘အဋ္ဌဝိမောက္ခ· ဈာယီ’ စသောစကားက ပရဝါဒီ၏အယူကို မပြီးစေနိုင်ခြင်း၏အကြောင်းကိုလည်းပြခဲ့ပါ။

(၁၀) ဒွိဟိ သီလေဟိတိ ကထာ-၌ ‘မဂ္ဂသမင်္ဂီ ဒွိဟိ သီလေဟိ သမန္နာဂတော’ ဟူသော ပုစ္ဆာကို ဝန်ခံ ဖြေဆိုသော ပရဝါဒီ၏ အယူကို ယင်း၏ အာဂမ အကြောင်း သဘာဝအကြောင်းနှင့် တကွ ညွှန်ပြပြီးလျှင် / ‘လောကိယေ သီလေ နိရုဒ္ဓေ မဂ္ဂေါ ဥပ္ပ- ဇ္ဇတိ’ ဟူသော ပရဝါဒီ ပုစ္ဆာကို ဝန်ခံ ဖြေဆိုသော သကဝါဒီ၏ ရည်ရွယ်အပ်သော နိရောဓကိုလည်း ညွှန်ပြခဲ့ပါ။

(၁၁) သုညတကထာ — သင်္ခါရက္ခန္ဓာ-၌ အကျုံးဝင်သော သုညတ တရားကိုလည်း ကောင်း မည်သည့် ပရိယာယ်အားဖြင့် အကျုံးဝင်သည်ကိုလည်းကောင်း သက သမယအား ဖြင့် ထင်ရှားစွာ ပြပြီးလျှင်/ ‘သုညမိဒံ ဘိက္ခဝေ သင်္ခါရာ’ စသော သုတ်ကို ပရသမယမှ ပရဝါဒီ ဆောင်အပ်သည် ဖြစ်ပါလျက် သကဝါဒီက ခွင့်ပြုဝန်ခံရခြင်း၏ ပရမတ္ထ အကြောင်း ကို စုံလင်စွာ ပြခဲ့ပါ။

(၁၂) အာနေဉ္ဇ-ကထာ— ‘နနု အရဟာ ပကတိစိတ္တေ ဌိတော ပရိနိဗ္ဗာယတိ’ ဟူ သော သကဝါဒီ ပုစ္ဆာ၌ ‘ပကတိစိတ္တေတိ ဘဝင်္ဂစိတ္တေ’ ဟူသော အဋ္ဌကထာ အလို မည် သည့် ဘဝင်စိတ်ကို မည်သည့်နည်းဖြင့် ယူရမည်ကိုလည်းကောင်း ထိုစိတ်၏ သရူပ - ကိစ္စ- အာရုံ· ဘုံတို့ကိုလည်းကောင်း သက သမယာ ဋီကာ ချင့်ထောက် ထင်ရှားစွာ ကောက်ပြပြီး လျှင်/စတုဝေါကာရဘုံ၌ ရဟန္တာ၏ ပကတိ စိတ်သည်လည်း အာနေဉ္ဇသာ ဖြစ်ပါလျက် ‘နော စ ဝတ ရေ ဝတ္တဗ္ဗေ (လ) ပရိနိဗ္ဗာယတီတိ’ စကားကို သကဝါဒီ ဆိုခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။ ၁၀ — မှတ်စီ

# ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## ( ၁ ) အဘိဓမ္မာပိဋက ( ဓမ္မသင်္ဂဏီ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၇ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ - ရက်။ ( ၂၂ - ၁ - ၇၆ )

—

( ၁ ) ‘အတ္တတော ဓမ္မတော ( ပ ) နိက္ခိပိတွာ ဒေသိတော နိက္ခေပရာသိနာမ’ ၌ အတ္တ ဓမ္မ တို့၏ သရုပ်အသီးသီးကိုလည်းကောင်း အတ္တအားဖြင့် ပေါင်းယူပုံ - ချုံးပုံ - ဓမ္မအားဖြင့် ပေါင်းယူပုံ - ချုံးပုံ ကိုလည်းကောင်း နည်းမျိုးစုံစွာ ခွဲပြပြီးလျှင် / နိက္ခေပကဏ္ဍသည် ဝါစနာမဂ္ဂအားဖြင့် ဘာဏဝါရ မည်မျှ ရှိသည်ကိုလည်း ရေတွက်ပြခဲ့ပါ။

( ၂ ) ဥပ္ပန္နတိက်၌ ရှေးပုဒ် အရ ဥပ္ပန္နဓမ္မမှ တပါးသော အတိတ် အနာဂတ် တရား ဟူသမျှတို့ကို အနုပ္ပန္နာဖြင့် ယူသင့်ကုန်လျက် အနာဂတ်တရားတို့ကိုသာ ယူခြင်း၏ အကြောင်းကို ပြပြီးလျှင် / ထိုတိက်၌ အတိတ်တရားတို့ကို တိက်မုတ် မထုတ်ရခြင်း၏ အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

( ၃ ) မဟဂ္ဂုတ်တရားတို့၏ မဟန္တဘာဝသို့ ရောက်ခြင်း၏ အကြောင်းကို ယထာလာဘနည်း အရ စုံလင်စွာ ခွဲပြပြီးလျှင် / သဥတ္တရဒုက်၌ ဥတ္တရ မည်သော တရားတို့ကို နာမလာဘ အကြောင်းနှင့် တကွ ပြခဲ့ပါ။

( ၄ ) ပဌမ မဟာကုသိုလ်စိတ်ကို ပြရာ ပါဠိ၌ အသင်္ခါရိက အဖြစ်ကို ယူတော်မမူခြင်း၏ အကြောင်းကို ပြပြီးလျှင် / မနောဝိညာဏ - ၌ ဝတ္ထု အာရမ္မဏ စသည်တို့တွင် မည်သည့် တရားဖြင့် စိတ်ကို ပြပါသနည်း၊ ထင်ရှားစွာပြခဲ့ပါ။

( ၅ ) အဗျာပါဒ သဟဂတစိတ်ဖြင့် ‘သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု’ ဟု ဆိုကာ မေတ္တာပို့သော ပုဂ္ဂိုလ်၏ ကမ်သည် မည်သည့်ကမ် မည်သည့်ဒွါရ၌ ဖြစ်သည်ကို ပြပြီးလျှင် / အဗျာပါဒကို ဓမ္မ ကောဋ္ဌာသ အာရမ္မဏ ဝေဒနာ မူလ ငါးပါးတို့ဖြင့် ခွဲခြား ဝေဘန်ခဲ့ပါ။

( ၆ ) မိမိသည်လည်းကောင်း သဟဇာတ် တရားတို့သည်လည်းကောင်း ထင်ရှားရှိကုန်သေးလျက် ဘင်္ဂက္ခဏ၌ ဝိဝိတိစ္ဆာနွေက သဟဇာတ်တရားတို့ကို တည်တံ့အောင် မထားနိုင်ခြင်းကို အကြောင်း ဥပမာတို့ဖြင့် ထင်စွာ ပြပြီးလျှင် / ကုသလပက္ခ အကုသလပက္ခတို့၌ အာရုံသို့ သက်ဝင်တတ်သော တရား အသီးသီးကိုလည်း အထောက် သာဓက ပါဠိပုဒ်နှင့် တကွ ဖော်ထုတ်ခဲ့ပါ။

(၇) ကြွင်းသော နာမက္ခန္ဓာတရားတို့သည်လည်း အချင်းချင်းအားလည်းကောင်း တံသမုဋ္ဌာန ရုပ်အားလည်းကောင်း ကျေးဇူးပြုတတ်ပါကုန်လျက် ဖဿ ဝေဒနာ ဝိညာဉ် တို့ကိုသာ အာဟာရဟူ၍ ဟောတော်မူခြင်း၏ အကြောင်းကို စုံလင်စွာ ပြပြီးလျှင် / မဟာကုသိုလ် ဒုတိယ စိတ္တနိဒ္ဒေသလာ သသင်္ခါရေန -၌ သင်္ခါရပုဒ် သသင်္ခါရ ပုဒ်တို့၏ အရ သရုပ်ကိုလည်း ထင်ရှားစွာ ကောက် ပြခဲ့ပါ။

(၈) ရူပါဝစရ ကုသလ ပဌမဈာန နိဒ္ဒေသ-၌ 'ဝိဝိစ္စေဝ ကာမေဟိ' ဟု ဧဝသဒ္ဒါဖြင့် မှတ်ခြင်းကို ပြုတော်မူခြင်း၏ အကြောင်းကို ပြပြီးလျှင်/ မဂ် သည် အနိစ္စာဒိလက္ခဏာကို အာရုံမပြု မရှုဘဲလျက် လက္ခဏူပနိဇ္ဈာန မည် သည်ကို အဋ္ဌကထာ ဋီကာ နည်းနှစ်ဝဖြင့် အကြောင်းပြခဲ့ပါ။

(၉) ရူပါဝစရ ကုသလ အဘိဘာယတန ကထာ-၌ အဘိဘာယတန မည်သော တရားကို နာမလာဘ အကြောင်းနှင့် တကွ စုံလင်စွာ ပြပြီးလျှင် / ၎င်း ကထာ၌ လာသော အဇ္ဈတ္တံ အရူပသညီ ဗဟိဒ္ဓါ ရူပါနိ ပဿတိ ဝိမောက္ခကထာ၌ လာသော 'အဇ္ဈတ္တံ အရူပသညီ ဗဟိဒ္ဓါ ရူပါနိ ပဿတိ' ဟူသော ပါဠိတို့ကို သံဝဏ္ဏနာနှင့် အညီ အနက်မှန်မှန် သမ္ဗန်ခဲ့ပါ။

(၁၀) တိဟိတ်ကမ်သည် အလွန်အားနည်းခဲ့သော် ဒွိဟိတ် ဒုဗ္ဗလကမ်ကဲ့သို့ အဟိတ် ပဋိသန္ဓေကို ဖြစ်စေနိုင် - မဖြစ်စေနိုင်ကို အကြောင်းပြ ဆုံးဖြတ်ပြီးလျှင် / ခီဏာသဝပုဂ္ဂိုလ်သည် ပုထုဇ္ဇနကာလ၌ ဖြစ်စေအပ်ခဲ့သော ဈာနသမာပတ် သည် မည်သည့် အခါ၌ ကုသိုလ် - မည်သည့်အခါ၌ ကြိယာ ဖြစ်သည်ကို လည်း ခွဲခြား ပြခဲ့ပါ။

(၁၁) ရူပဝိဘတ္တိ ဒုကနိဒ္ဒေသ — 'ယေန စက္ခုနာ အနိဒဿနေန သပ္ပဋိဃေန ရူပံ သနိဒဿနံ သပ္ပဋိဃံ (ပ) ဣဒံ တံ ရူပံ စက္ခာယတနံ' ဟူသော ပါဠိ တော်၌ စက္ခာယတန ဝဝတ္ထာပန နည်းလေးပါးကို ပါဠိသက်သက်ဖြင့် ယှဉ်တွဲ ခွဲဝေပြခဲ့ပါ။

(၁၂) နိက္ခေပကဏ္ဍ ကုက္ကုစ္စနိဒ္ဒေသ-၌ ကုက္ကုစ္စကို မနောဝိလေခ ဟု ဟောတော် မူခြင်းကို အကြောင်း ဥပမာတို့နှင့် တကွ ညွှန်ပြပြီးလျှင် / အနာဂါမ် ပုဂ္ဂိုလ်အား ကာမုပါဒါန် ဖြစ် - မဖြစ် အကြောင်းပြ ဆုံးဖြတ်ခဲ့ပါ။

၁၀ - မှတ်စီ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### ( ၂ ) အဘိဓမ္မာပိဋက ( ဝိဘင်္ဂ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၇-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ - ရက်။ ( ၂၃- ၁- ၇၆ )

( ၁ ) ခန္ဓဝိဘင်္ဂ ဟီနဒုကနိဒ္ဒေသ — ‘ယံ ရူပံ တေသံ တေသံ သတ္တာနံ ဥညာတံ’ စသော ပါဠိ၌ ‘အပရဿာပိ အပရဿာပိ’ ဟု ဟောတော်မမူဘဲ ‘တေသံ တေသံ သတ္တာနံ’ ဟု ဟောတော်မူခြင်း၏ အကြောင်းကို ပြပြီးလျှင်/ဒူရဒုကနိဒ္ဒေသ၌ အကုသလ ဝေဒနာ၏ ကုသလာဗျာကတ ဝေဒနာတို့မှ ဝေးသည်၏ အဖြစ် - အကုသလဝေဒနာမှ နီးသည်၏ အဖြစ်တို့ကို အကြောင်းစုံ အသီးသီး ပြ၍ ဖြေရှင်းခဲ့ပါ။

( ၂ ) ‘မနောသမ္ဖဿပစ္စယာ ဝေဒနာက္ခန္ဓော အတ္ထိ အဗျာကတော’ ၌ အတ္ထိ အဗျာကတော ဟူသော ပုဒ်ကို မည်မျှလောက်သော စိတ္တုပ္ပါဒ်တို့၏ အစွမ်းဖြင့် ဟောအပ်သည်ကို သရုပ်နှင့် တကွ ဖော်ပြပြီးလျှင်/ ၎င်းစိတ္တုပ္ပါဒ်တို့၌ ရူပါဝစရဝိပါက် အရူပါဝစရ ဝိပါက်တို့ ပါသင့် - မပါသင့်ကိုလည်း အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

( ၃ ) အာယတနဝိဘင်္ဂ — ‘ကုစ္ဆိတာနံ သာသဝဓမ္မာနံ အာယောတိ ကာယော၊ အာယောတိ ဥပ္ပတ္တိဒေသော’ ဟူသော အဋ္ဌကထာ၌ ဥပ္ပတ္တိဒေသော အရ ဥပ္ပဇ္ဇနဋ္ဌာနကို ယူလျှင် မည်သည့် တရားတို့ကို မည်သည့် အကြောင်းကြောင့် သာသဝဓမ္မ ဟု ခေါ်ဆို အပ်ကုန်သနည်း၊ ဖြေရှင်းပြီးလျှင်/သုတ္တန္တဘာဇနီယ၌ ကဲ့သို့ အဘိဓမ္မဘာဇနီယ၌ ‘စက္ခာ-ယတနံ ရူပါယတနံ’ ဟု အဇ္ဈတ္တိက ဗာဟိရ ပစ္စယယုဂဠ အားဖြင့် အာယတန တို့ကို မဟောမူ၍ ‘စက္ခာယတနံ သောတာယတနံ’ ဟု အဇ္ဈတ္တိက ဗာဟိရ ဝဝတ္ထာန နယဖြင့် ဟောတော်မူခြင်း၏ အကျိုးကိုလည်း ပြခဲ့ပါ။

( ၄ ) ‘ပထဝီဓာတုဒွယံ အတ္ထိ အဇ္ဈတ္တိကာ အတ္ထိ ဗာဟိရာ’ ၌ အဇ္ဈတ္တိကာ ဗာဟိရာ ပုဒ်တို့ဖြင့် ယူအပ်သော ပထဝီ - မယူအပ်သော ပထဝီ ဓာတ်တို့ကို ခွဲပြပြီးလျှင်/ ‘စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပဇ္ဇတိ စိတ္တံ’ စသော ပါဠိဝယ် ‘စက္ခုဉ္စ ပဋိစ္စ ရူပေ စ’ အစရှိသည်ဖြင့် ဒွါရ အာရုံတို့၌ ဧကဝစန ဗဟုဝစန နိဒ္ဒေသတို့ကို ပြုတော်မူခြင်း၏ အကြောင်းကိုလည်း စုံလင်စွာ ပြခဲ့ပါ။

( ၅ ) သစ္စဝိဘင်္ဂ — သောက၏ လက္ခဏ ရသ ပစ္စုပဋ္ဌာန်တို့ကို ထုတ်ပြပြီးလျှင်/ သောကသည် သရူပတ္တအားဖြင့် ဒေါမနဿ ဝေဒနာသာ ဖြစ်ပါလျက် ဒေါမနဿ၏ လက္ခဏာ စသည်တို့မှ ထူးသော သောက၏ လက္ခဏာ စသည်တို့ကို ပြဆိုရခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

( ၆ ) ဣန္ဒြိယဝိဘင်္ဂ — ‘ဏာနိစိ ဂေါစရသေဝနာယ ကာနိစိ ဘာဝနာသေဝနာယ သေဝိတာနိ’ ဟူသော အဋ္ဌကထာ၌ အလုံးစုံသော ဣန္ဒြေတို့သည် ဂေါစရိကာတဗ္ဗချည်း ဖြစ်ကုန်လျက် ပဌမ ကာနိစိ သဒ္ဒါကို ဆိုခြင်း၏ အကြောင်းကို ညွှန်ပြပြီးလျှင် / ပဥ္စာပုစ္ဆက

အာရမ္မဏတိကဲ — 'စတ္တာရိန္ဒြိယာ န ဝတ္တဗ္ဗာ မဂ္ဂါရမ္မဏာတိပိ မဂ္ဂဟေတုကာတိပိ မဂ္ဂါ-ဓိပတိနောတိပိ' ၌ စတ္တာရိန္ဒြိယာ၏ သရုပ်ကိုလည်းကောင်း နဝတ္တဗ္ဗဘာဝ၏ အကြောင်းကိုလည်းကောင်း ထုတ်ပြခဲ့ပါ။

(၇) ပဋိစ္စသမုပ္ပါဒဝိဘင် — ဝိညာဏပစ္စယာ နာမရူပနိဒ္ဒေသ ၌ ဝိညာဏ်သည် နာမ် မည်သည်သာ ဖြစ်ပါလျက် 'ဝေဒနာက္ခန္ဓော (ပ) ဣဒံ ဝုစ္စတိ နာမံ' ဟု စေတသိက်ခန္ဓာ သုံးပါးတို့ကိုသာ ဟောတော်မူခြင်း၏ အကျိုးကို အဋ္ဌကထာနိတအကြောင်းနှင့် တကွ ပြပြီးလျှင် / သင်္ခါရပစ္စယာ ဝိညာဏနိဒ္ဒေသ-၌ ကာယသင်္ခါရသည် မည်သည့် ဘဝယောနိ ဂတိ ဝိညာဏဋ္ဌိတိ သတ္တာဝါသတို့၌ ပဋိသန္ဓေ အခါ ပဝတ္တိအခါ မည်သည့် ဝိညာဏ်အား မည်သည့် သတ္တိဖြင့် ကျေးဇူးပြုပါသနည်း၊ ဖြေရှင်းခဲ့ပါ။

(၈) 'ယံ ပဃာတိ န တံ ဒိဋ္ဌိ၊ ယံ ဒိဋ္ဌိ တံ န ပဃာတိ' ဟူသော ဂါထာ ပုဒ္ဒစုကို ယံ နှစ်ပုဒ်၌ ဖြစ်သင့်သော သရုပ်ကို ဖော်၍လည်းကောင်း ပဃာတိ၌ ဖြစ်သင့်သော ဝိသေသနပုဒ် - နပဃာတိ နှင့် ဒိဋ္ဌိ နှစ်ပုဒ်တို့၌ ကရိုဏ်းပုဒ်ကို ထည့်၍လည်းကောင်း သံဝဏ္ဏနာနှင့် ညီစွာ အနက် ယောဇနာခဲ့ပါ။

(၉) သတိပဋ္ဌာနဝိဘင် — 'အဇ္ဈတ္တံ ကာယေ ကာယာနုပဿီ' ၌ ကာယေ ဟု ဟောတော်မူပြီး ဖြစ်ပါလျက် ကာယာနုပဿီ ဟု ဒုတိယ ကာယ သဒ္ဒါကို တဖန် ဟောတော်မူပြန်ခြင်း၏ အကြောင်းကို ပြပြီးလျှင် / 'သုခံ ဝေဒနံ ဝေဒယာမာနော သုခံ ဝေဒနံ ဝေဒယာမိတိ ပဇာနာတိ' ၌ သုခဝေဒနာကို ခံစားကြသော သူငယ်တို့ သိပုံနှင့် ယောဂါဝစရ ရဟန်း၏ သိပုံ ခြားနားချက်ကိုလည်း ပြခဲ့ပါ။

(၁၀) သမ္မပ္ပဓာနဝိဘင် — 'ဆန္ဒံ ဇနေတိ' ၌ ဆန္ဒ၏ ပဘေဒ သရုပ်ကိုလည်းကောင်း အဓိပ္ပေတ ဆန္ဒကိုလည်းကောင်း ပြပြီးလျှင်/ 'အနုပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ ဆန္ဒံ ဇနေတိ' ၌ အနုပ္ပန္န ကုသလ ဓမ္မတို့ကို ပြသည့် ပါဠိသက်သက်ကိုလည်း စုံလင်စွာ ထုတ်ပြခဲ့ပါ။

(၁၁) ဗောဇ္ဈင်္ဂဝိဘင် — သတိဘာဇနီယ၌ နေပက္ကေန ဟု ပညာကို သင်္ဂြိုဟ်ခြင်း၏ အကျိုးကို အဋ္ဌကထာနိတ အကြောင်းနှင့် တကွ ပြပြီးလျှင် / ဈာနဝိဘင် — အာစာရဂေါစရ နိဒ္ဒေသ-၌ 'သဗ္ဗမ္ပိ ဒုဿီလျံ အနာစာရော' ဟူသော စကားကို ဟောတော်မူခြင်း၏ အကျိုးကိုလည်း အဋ္ဌကထာနိတ အကြောင်းနှင့် တကွ ပြခဲ့ပါ။

(၁၂) ဉာဏဝိဘင် — လိင်ပြန်သော လူအမိရင်းကို သတ်သော လူပုဂ္ဂိုလ်အား သတ်အပ်သော အမိမှာ သတ်ဆဲ ခဏ၌ ဣတ္ထိလိင် ကွယ်ပျောက် ပုလ္လိင် ရောက်နေသည် ဖြစ်ပါလျက် မာတုဃာတက အနန္တရိယကမ် ထိုက်ခြင်း၏ အကြောင်းကို ပေါ်လွင်စွာ ပြပြီးလျှင်/မည်သည့် ပုဂ္ဂိုလ်အား မည်သည့် အခြင်းအရာအားဖြင့် ဖြစ်သော ဒိဋ္ဌိသည် သဿတံ သုခံ ဒုက္ခန္တိ ဒိဋ္ဌိ မည်ပါသနည်း၊ ဖြေရှင်းခဲ့ပါ။ ၁၀—မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၃) အဘိဓမ္မာပိဋက (ဓာတုကထာ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၇-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉- ရက်။ (၂၄-၁-၇၆)

(၁) 'ပဉ္စဝီသာဓိကေန ပဒသတေန' ဟူသော စကားကို မည်သည့် ပဒတို့၏ အစွမ်းဖြင့် ဟောတော်မူအပ်ပါသနည်း၊ အကြောင်းနှင့် တကွ ဖြေရှင်းပြီးလျှင် / ကုသလာ အစ အရဏာ အဆုံးရှိသော မာတိကာတို့ကိုလည်း ဓာတုကထာကျမ်း၌ပင် ဟော အပ်ပါကုန်လျက် နယမာတိကာ အစ လက္ခဏ မာတိကာ အဆုံး ရှိသော မာတိကာသည် သာလျှင် ဓာတုကထာ၏ မာတိကာ မည်ရသည်ကိုလည်း အကြောင်းပြခဲ့ပါ။

(၂) သင်္ဂဟိတေန အသင်္ဂဟိတပဒ အစရှိသည်တို့၌ ခန္ဓာ စသည်တို့ဖြင့်လည်း သင်္ဂဟ အသင်္ဂဟကို ဟောတော်မူပါလျက် နယမုခမာတိကာ၌ 'တီဟိ သင်္ဂဟော တီဟိ အသင်္ဂဟော' ဟူ၍သာ ဟောတော်မူခြင်း၏ အကြောင်းကို ပြပြီးလျှင် / အနာရမ္မဏ တရား မိဿကတရားတို့၏ မည်သည့်တရားနှင့် ဝိပ္ပယောဂ မဖြစ်မူ၍ မည်သည့်တရားနှင့် ဝိပ္ပယောဂ ဖြစ်သည်ကိုလည်း ခွဲဝေပြခဲ့ပါ။

(၃) ဇာတိသင်္ဂဟ အရ သီလက္ခန္ဓ၌—သဉ္ဇာတိသင်္ဂဟ အရ သမာဓိက္ခန္ဓ၌—ကြိယာ သင်္ဂဟ အရ ပညာက္ခန္ဓ၌— အသီးသီး ပေါင်းယူအပ်သော မဂ္ဂင်တရားတို့နှင့် ၎င်းတို့၏ ဇာတိ သဉ္ဇာတိ ကြိယာ အရ သရုပ်တို့ကို ခွဲဝေပြပြီးလျှင် / ပဌမနယ သစ္စနိဒ္ဒေသ ဒုက တိက တို့၌ သမုဒယသစ္စာ၏ အခြားမဲ့၌ မဂ္ဂသစ္စာကို ဟောတော်မူခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

(၄) ရူပဘဝ၏ အရ သရုပ်ကို ကောက်ပြပြီးလျှင် / ဇီဝိတိန္ဒြေသည်လည်း ဖဿ စသည် တို့ကဲ့သို့ ခပ်သိမ်းသော စိတ္တုပ္ပါဒ်တို့နှင့် ဆက်ဆံသည် ဖြစ်ပါလျက် ဖဿ သတ္တက ရာသိ မာတိကာ၌ ၎င်းကို မဟောခြင်း၏ အကြောင်းကိုလည်း စုံလင်စွာ ပြခဲ့ပါ။

(၅) ဒုတိယနယ၌ အဋ္ဌကထာဆရာ အလိုကျ လက္ခဏာကို ပြပြီးလျှင်/၎င်းနယ၌ အသညီဘဝ ဟောပုဒ် ဖြစ်ခိုက် ယေဓမ္မာ တေဓမ္မာ အရ တရားတို့ကို လည်းကောင်း နိယမပက္ခ၌ အသင်္ဂဟိတာ၏ ကရိုဏ်းပုဒ် အရ ခန္ဓာ အာယတန ဓာတ်ကို လည်းကောင်း ကောက်ပြခဲ့ပါ။

(၆) တတိယနယနိဒ္ဒေသ၌ ရူပက္ခန္ဓာသည် ဝေဒနာ သညာ သင်္ခါရ နိဗ္ဗာန် တို့ကို ဓမ္မာယတနဖြင့် ရေတွက်အပ်ပါကုန်လျက် ရူပက္ခန္ဓပုဒ်ကို ဤနယ၌ ယူတော်မမူခြင်း၏ အကြောင်းကို အဋ္ဌကထာနည်း အရ ညွှန်ပြပြီးလျှင် / ၎င်းနယ ဥဒါန ဂါထာ၌ လာသော ပစ္စယာကာရေ စုဒ္ဒသ ဥပရိ စုဒ္ဒသတို့၏ သချေ်ယျ သရုပ်ကိုလည်း ဖော်ထုတ်ခဲ့ပါ။

(၇) စတုတ္ထနယ နိဒ္ဒေသ-၌ ဖြစ်သင့်သော ပဉ္ဇာ အပြားကို လည်းကောင်း ထို

ပဉ္စာတို့အနက် နည်းသော ဟောပုဒ်ရှိသော ပဉ္စာ၌ ဟောပုဒ်များကိုလည်းကောင်း ထိုဟောပုဒ်များ၏ ခန္ဓာ အာယတန ဓာတ်တို့ကို လည်းကောင်း ပြပြီးလျှင် / မိမိကို ကြည့်၍ ကြွင်းသော သင်္ဂါရက္ခန္ဓာတို့ကို ခန္ဓာဒိသင်္ဂဟဖြင့် ရေတွက်တတ်သော ဟောပုဒ်များကိုလည်း စုံလင်စွာ ထုတ်ပြခဲ့ပါ။

(၈) ပဋ္ဌမနယ နိဒ္ဒေသ – လာ ခပ်သိမ်းသော ပဉ္စာတို့၌ 'ဧကေန ခန္ဓေန' စသော စကားကို အဘယ်တရားတို့ကိုရည်ရွယ်၍ ဟောတော်မူပါသနည်း၊ ဖြေရှင်းပြီးလျှင်/အဇ္ဈတ္တိကာ ဓမ္မာ ဟောပုဒ် ဖြစ်ခိုက် ယေဓမ္မာ နှစ်ပုဒ် အရ တရားတို့ကိုလည်းကောင်း ဝိဿဇ္ဇနာ၌ အသင်္ဂဟ ကရိုဏ်းဖြစ်သင့်သော ခန္ဓာ အာယတန ဓာတ်တို့ကိုလည်းကောင်း ညွှန်ပြခဲ့ပါ။

(၉) ဆဋ္ဌနယ သုခိန္ဒြေ စသည်တို့၌ ကြွင်းသော ဝေဒနာ အစိတ်ကို ရည်၍'ဧကေန ခန္ဓေန ကေဟိစိ ဝိပ္ပယုတ္တာ' စသည်ဖြင့် ဝိပ္ပယုတ် ထုတ်သင့် ပါလျက် မထုတ်ခြင်း၏ အကြောင်းကို ထင်ရှားစွာ ပြပြီးလျှင် / ဤနယ၌ မည်သို့ သဘောရှိသော ပုဒ်များကို မည်သည့်အကြောင်းကြောင့် မယူသည်ကိုလည်း အဋ္ဌကထာနည်း အရ ညွှန်ပြခဲ့ပါ။

(၁၀) 'နေဝဝိပါက နဝိပါကဓမ္မဓမ္မာ ကတိဟိ သမ္ပယုတ္တာ၊ ကတိဟိ ဝိပ္ပယုတ္တာ' ဟူသော ပုစ္ဆာ၏ ဝိဿဇ္ဇနာကို ပါဠိသက်သက် ထုတ်ပြပြီးလျှင်/ ၁ - ပါးသော ဝိညာဏဓာတ်, ၃ - ပါးသော ဝိညာဏဓာတ်တို့နှင့် အသီးသီး ဝိပ္ပယုတ်လည်း ဖြစ် - အနာရမ္မဏမိဿကလည်း ဖြစ်သော တရားတို့ကို ပြသည့် ဟောပုဒ်တို့ကိုလည်း စုံလင်စွာ ထုတ်ပြခဲ့ပါ။

(၁၁) သတ္တမနယ နိဒ္ဒေသ၌ သမုဒယသစ္စာ စသည်တို့နှင့် သမ္ပယုတ်ဖြစ်သော တရားသည်လည်းကောင်း ထိုသမ္ပယုတ်တရားနှင့် ဝိပ္ပယုတ် ဖြစ်သော တရားသည်လည်းကောင်း ထင်ရှားရှိပါလျက် သမုဒယသစ္စာ စသည်တို့ကို မဟောခြင်း၏ အကြောင်းကို ပြပြီးလျှင်/ နဝမနယ – 'ဗျာနေန ယေဓမ္မာ သမ္ပယုတ္တာ (လ) ကေဟိစိ သမ္ပယုတ္တာ' ၌ ပဌမ ယေဓမ္မာ အရ တရား – ကေဟိစိ တရားများကိုလည်း ထုတ်ပြခဲ့ပါ။

(၁၂) ဧကာဒသမနယနိဒ္ဒေသ၌ (က) မဂ္ဂသစ္စာ (ခ) ဥပေက္ခိန္ဒြေ တို့ ဟောပုဒ် ဖြစ်ခိုက် သမ္ပယုတ်အရာ၌ ကေဟိစိ အရ တရားများကို ထုတ်ပြပြီးလျှင်/ အောက်ပါ ပုစ္ဆာတို့၏ ဝိဿဇ္ဇနာ ပါဠိများကို နယအား လျော်စွာ ထုတ်ပြခဲ့ပါ။

(က) သုခိန္ဒြိယေန ယေဓမ္မာ သမ္ပယုတ္တာ၊ တေဓမ္မာ ကတိဟိ သင်္ဂဟိတာ၊ ကတိဟိ အသင်္ဂဟိတာ။

(ခ) အရူပဘဝေန ယေဓမ္မာ ခန္ဓသင်္ဂဟေန အာယာတနသင်္ဂဟေန ဓာတုသင်္ဂဟေန အသင်္ဂဟိတာ၊ တေဓမ္မာ ကတိဟိ သမ္ပယုတ္တာ၊ ကတိဟိ ဝိပ္ပယုတ္တာ။

(ဂ) ကာမဘဝေန ယေဓမ္မာ ဝိပ္ပယုတ္တာ၊ တေဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟိ အာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတာ၊ ကတိဟိ အသင်္ဂဟိတာ။ (၁၀) မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၄) အဘိဓမ္မာပိဋက (ပုဂ္ဂလပညတ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၇-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀-ရက်။ (၂၅-၁-၇၆)

(၁) ခပ်သိမ်းသော ပညတ်တို့ကို ဤကျမ်း၌ ပြုအပ်ပါကုန်လျက် အဘယ်ကို စွဲ၍ အကြောင်းပြု၍ ဤကျမ်း၏ ပုဂ္ဂလပညတ္တိ ဟူသော အမည်ကိုသာ ခေါ်ဆိုအပ်ပါသနည်း၊ ရှင်းပြပြီးလျှင်/ မာတိကာဝဏ္ဏနာ၌ ကာမာဝစရာ တရားတို့ ဟူသော ပညတ်သည် အဋ္ဌကထာမုတ္တက · အာစရိယနယ ပါဠိမုတ္တက · အဋ္ဌကထာနယ တို့ အရ မည်သည့် ပညတ် ဖြစ်သင့်သည်ကိုလည်း အဋ္ဌကထာ ဋီကာ နည်းနှစ်ဝဖြင့် ရှင်းပြခဲ့ပါ။

(၂) ကေကနိဒ္ဒေသ—အဋ္ဌသမာပတ္တိလာဘီ ရဟန္တာပုဂ္ဂိုလ်ကို 'တေန နာမကာယေန ဖုသိတွာ ဝိဟရတိ' ဟု ဆိုသင့်ပါလျက် ပါဠိ၌ သမယဝိမုတ္တ ဟု ယူတော်မမူခြင်း၏ အကြောင်းကို ပြပြီးလျှင် / ဘယူပရတ မည်သော ပုဂ္ဂိုလ်တို့ကိုလည်းကောင်း ယင်းတို့ အနက် မည်သည့် ပုဂ္ဂိုလ်သည် မည်သည့် ဘေးကို ကြောက်သဖြင့် ပါပမှ ရှောင်ကြဉ်သည် ကိုလည်းကောင်း ခွဲဝေ ညွှန်ပြခဲ့ပါ။

(၃) သမသီသိနိဒ္ဒေသ—သမသီသိ ပုဂ္ဂိုလ် အပြား သရုပ်ကို အမည်မျှ ခွဲခြား ပြပြီး လျှင်/ဤ၌ လိုအပ်သော သမသီသိ ပုဂ္ဂိုလ်၏ ချုပ်ငြိမ်းသော သီသများကိုလည်းကောင်း ယင်းတို့၏ သရုပ်ကိုလည်းကောင်း ထိုပုဂ္ဂိုလ်ကို သမသီသိဟု ခေါ်ဆိုရခြင်း၏ အကြောင်း ကိုလည်းကောင်း ညွှန်ပြခဲ့ပါ။

(၄) သမ္မာသမ္ဗုဒ္ဓနိဒ္ဒေသ—သဗ္ဗညု ဘုရားလောင်းများသည် ရှေးရှေး ဘဝ ကာလ တို့၌ ဘုရားရှင်တို့ အထံဝယ် ဓမ္မတို့ကို ကြားနာခဲ့ဘူးကြသည် ဖြစ်ပါလျက် အဘယ်ကို ရည်ရွယ်၍ 'ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု' ပုဒ်ကို ဟောတော်မူပါသနည်း၊ ဖြေရှင်းပြီး လျှင်/သောတာပန်တို့၏ သတ္တက္ခတ္တုပရမ၏ အဖြစ်စသော အထူးအပြားကို မြဲစေတတ်သော တရားကို ပြသည့် ထေရဝါဒ မျိုးစုံကိုလည်းကောင်း ယင်းတို့အနက် အကြောင်းယုတ္တိနှင့် တကွ ယုတ္တ ထေရဝါဒကိုလည်းကောင်း ခွဲဝေ ညွှန်ပြခဲ့ပါ။

(၅) ဥဘတော ဘာဂ ဝိမုတ္တ ပုဂ္ဂိုလ် အပြားကို သရုပ်နှင့် တကွ ပြပြီးလျှင်/ ၎င်းတို့ အနက် ပရိယာယ်အားဖြင့် ဥဘတောဘာဂ ဝိမုတ္တ မည်သော ပုဂ္ဂိုလ် · နိပ္ပရိယာယ်အား ဖြင့် ဥဘတောဘာဂ ဝိမုတ္တ သဒ္ဒ မည်သော ပုဂ္ဂိုလ်တို့ကိုလည်း ညွှန်ပြခဲ့ပါ။

(၆) အဇ္ဈတ္တသံယောဇန ဒုက နိဒ္ဒေသ—အဇ္ဈတ္တသံယောဇနော -၌ အကြောင်း ယုတ္တိ နှင့် တကွ အဇ္ဈတ္တ မည်သော တရားကိုလည်းကောင်း အဇ္ဈတ္တသံယောဇန ဗဟိဒ္ဓါသံယော- ဇန ပုဂ္ဂိုလ်များကိုလည်းကောင်း အဋ္ဌကထာ အလိုကျ ဖြစ်သင့်သမျှ ခွဲပြပြီးလျှင်/ဝစ္ဆက သာလူပမာ၌ နွားငယ်လှောင်ရာ နွား·တင်းကုပ်ဝယ် အန္တောဗဒ္ဓ အန္တောသယိတ နွားငယ် နှင့် တူသော ပုဂ္ဂိုလ် · အန္တောဗဒ္ဓ ဗဟိသယိတ နွားငယ်နှင့် တူသောပုဂ္ဂိုလ် – ဗဟိဗဒ္ဓ

ဗဟိဿုတ နွားငယ်နှင့် တူသောပုဂ္ဂိုလ်- ဗဟိဗဒ္ဓ အနန္တဿုတ နွားငယ်နှင့် တူသော ပုဂ္ဂိုလ်များကိုလည်း ညွှန်ပြခဲ့ပါ။

(၇) မည်သည့် ပုဂ္ဂိုလ်မျိုးကို မည်သည့် အကြောင်းကြောင့် အသပ္ပုရိသေန အသပ္ပုရိသတရ ဟု ခေါ်ဆိုရပါသနည်း၊ အဋ္ဌကထာနှင့် အညီ ဖြေရှင်းပြီးလျှင်/ သာဝဇ္ဇပုဂ္ဂိုလ် - ဝဇ္ဇဗဟုလပုဂ္ဂိုလ် - အပ္ပဝဇ္ဇပုဂ္ဂိုလ် - အနဝဇ္ဇပုဂ္ဂိုလ် ထို့ကိုလည်းကောင်း ဝဇ္ဇဗဟုလပုဂ္ဂိုလ် - အပ္ပဝဇ္ဇပုဂ္ဂိုလ်တို့၏ မည်သည့် ဝတ္ထုတို့နှင့် တူပုံကိုလည်းကောင်း အဋ္ဌကထာနှင့် အညီ ညွှန်ပြခဲ့ပါ။

(၈) စတုက္က — တမ တမပရာယန ပုဂ္ဂလနိဒ္ဒေသ ၌ အာဂမန ဝိပတ္တိ ပုဗ္ဗုပ္ပန္န ပစ္စယဝိပတ္တိ တို့ကို ပြကြောင်း ပါဠိ — ပဝတ္တိ ပစ္စယ ဝိပတ္တိကို ပြကြောင်း ပါဠိ — အာဇီဝုပါယ ဝိပတ္တိကို ပြကြောင်း ပါဠိ — ရူပဝိပတ္တိကို ပြကြောင်း ပါဠိ — ဒုက္ခကာရဏ သမာယောဂကို ပြကြောင်း ပါဠိ တို့ကို ခွဲခြား၍ ထုတ်ပြခဲ့ပါ။

(၉) ခတ္တိယ မဟာသာလ, ဗြာဟ္မဏ မဟာသာလ, ဂဟပတိ မဟာသာလ တို့၏ ခြားနားပုံကို ပုဂ္ဂလပညတ္တိ အဋ္ဌကထာနည်း အရ ခွဲပြပြီးလျှင်/အရဟတ္တဖိုလ် ဟူသော ဝိမုတ္တိကို သိမြင်တတ်သော ဉာဏ်သည်သာ ဝိမုတ္တိဉာဏဒဿန ဖြစ်သင့်ပါလျက် 'ဝိမုတ္တိ ဉာဏဒဿနံ ဧကူနဝီသတိဝိဓံ ပစ္စဝေက္ခဏဉာဏံ' ဟု အဋ္ဌကထာဆရာ မိန့်ဆိုခြင်း၏ အကြောင်းကို ဋီကာ အာဘော် သွင်း၍ ဖြေရှင်းခဲ့ပါ။

(၁၀) အဘောင် ခြောက်ဆယ် ရှိသော အိမ်၌ဖြစ်စေ- ယူဇနာ တရာ မျှလောက်သော အခန်းတိုက် ရှိသော အိမ်၌ ဖြစ်စေ ဇနီးမောင်နှံ နှစ်ယောက်တို့သာ နေကြသည် ဖြစ်ပါလျက် ထိုဇနီးမောင်နှံတို့၏ နေခြင်းသည် မည်သည့် အကြောင်းကြောင့် သမ္ဗာဓ ဖြစ်ရသည်ကို ညွှန်ပြပြီးလျှင်/ 'အနဂါရိယံ ပဗ္ဗဇေယျ' ၌ အဂါရိယ အနဂါရိယတို့၏ သရုပ်ကိုလည်း ဖော်ထုတ်ခဲ့ပါ။

(၁၁) ပဥ္စက — သလ္လေခ ယောဓ နိဿာယ ပိဏ္ဍပါတိကော ဟောတိ' ၌ မည်သို့ မည်ပုံ နှလုံးသွင်း၍ ပိဏ္ဍပါတိကင်စုတင်ကို ဆောက်တည်သော ပုဂ္ဂိုလ်သည် သလ္လေခကို သာ မှီ၍ ပိဏ္ဍပါတိကင်စုဘင် ဆောက်တည်သူ မည်ပါသနည်း၊ ဖြေရှင်းပြီးလျှင်/ 'သေယျထာပိ ဂဝါ ခီရံ' စသော ပါဠိ၌ 'ဂဝါ ခီရံ အဂ္ဂမက္ခာယတိ' ဟူ၍ ပဒသမ္ဗန္ဓကို ပြုသင့်-မပြုသင့် အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၁၂) ဆက္က — 'ယွာယံ ပုဂ္ဂလော ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု သာမံ သစ္စာနိ အဘိသမ္ဗုဇ္ဈတိ၊ တတ္ထ စ သဗ္ဗညုတံ ပါပုဏာတိ ဗလေသု စ ဝသီဘာဝံ၊ သမ္မာသမ္ဗုဒ္ဓေါ တေန ဒဋ္ဌဗ္ဗော' ဟူသော ပါဠိ၌ ပုဗ္ဗေ၏ အပါဒါန် — ဓမ္မေသု၏ သရုပ် — တတ္ထ၏ ပဒတ္ထ ဝိဘတျတ္ထ — တေန၏ အစွဲတို့ကို တိကျ ပေါ်လွင်စွာ သံဝဏ္ဏနာနှင့် ညှိ၍ အတ္ထယောဇနာ ပြုခဲ့ပါ။

၁၀ — မှတ်စီး

## ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

( ၅ ) အဘိဓမ္မာပိဋက (ကထာဝတ္ထု) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၇ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ( ၁၁ ) ရက်။ ( ၂၆ - ၁ - ၇၆ )

( ၁ ) ပုဂ္ဂလကထာ ပစ္စနီကာနုလောမ - ၌ အဘယ်ကို ရည်ရွယ်၍ 'ယော သစ္ဆိကဋ္ဌော ပရမတ္ထော၊ တတော သော ပုဂ္ဂလော နုပလဗ္ဘတိ သစ္ဆိကဋ္ဌ ပရမဋ္ဌေနာ' ဟု ပရဝါဒီ၏ စိစစ် မေးမြန်းခြင်း ဖြစ်ပါသနည်း၊ ဖြေရှင်းပြီးလျှင် / ထိုအနုယောဂကို သကဝါဒီက 'အာမန္တာ' ဟု ဝန်ခံ ဖြေဆိုသင့်လျက် 'နဟေဝံ ဝတ္တဗ္ဗေ' ဟု ဖြေဆိုခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

( ၂ ) ပုရိသကာရာနုယောဂ—'ကလျာဏ ပါပကာနံ ကမ္မာနံ ဝိပါကပဋိသံဝေဒီ ဥပလဗ္ဘတိ' ဟူသော ပရဝါဒီ ပုစ္ဆာကို သကဝါဒီက 'နဟေဝံ ဝတ္တဗ္ဗေ' ဟု ပဋိက္ခေပပြုခြင်း၏ အကြောင်းကိုပြပြီးလျှင် / တဿ ပဋိသံဝေဒီ ဥပလဗ္ဘတိ' ဟူသော သကဝါဒီ ပုစ္ဆာ၌ ပရဝါဒီက ပယ်ရှား ဖြေကြားခြင်း၏ အကြောင်းကိုသည်းကောင်း အလားတူ နောက်သကဝါဒီ ပုစ္ဆာ၌ ဝန်ခံ ဖြေဆိုခြင်း၏ အကြောင်းကိုလည်းကောင်း ပြခဲ့ပါ။

( ၃ ) ပရိဟာနိကထာ—'ပရိဟာယတိ အရဟာ အရဟတ္တာ' ဟူသော သကဝါဒီ ပုစ္ဆာဝယ် ပရိဟာယတိ၏ အနက္ထ ဖြစ်သော ပရိဟာနိ အပြားကို လည်းကောင်း ယင်းတို့အနက် ၊သကသမယ၌ အလိုရှိအပ်သော ပရိဟာနိ၊ အလိုမရှိအပ်သော ပရိဟာနိတို့ကိုလည်းကောင်း ပြပြီးလျှင်/ 'သဗ္ဗတ္ထ အရဟာ အရဟတ္တာ ပရိဟာယတိ' ဟူသော သကဝါဒီပုစ္ဆာ၌ 'နဟေဝံ ဝတ္တဗ္ဗေ' ဟု ပရဝါဒီ ပယ်ရှားခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

( ၄ ) ဒုတိယဝဂ်၊ အနုပုဗ္ဗာဘိသမယကထာ – 'မဂ္ဂေ ဒိဋ္ဌေ ဖလေ ဌိတောတိ ဝတ္တဗ္ဗော' ဟူသော သကဝါဒီပုစ္ဆာ၌ 'အာမန္တာ' ဟု ပရဝါဒီ ဖြေဆိုခြင်း၏ အကြောင်းကိုပြပြီးလျှင် / 'အဋ္ဌဟိ ဉာဏေဟိ သောတာပတ္တိ ဖလံ သစ္ဆိကရောတိ' ဟူသော သကဝါဒီ ပုစ္ဆာ၌ 'အဋ္ဌဟိ ဉာဏေဟိ' အရ ဖြစ်သင့်သော ဉာဏ်ရှစ်ပါးကို အနုဋီကာဆရာ အလိုကျ အကြောင်းနှင့် တကွ ကောက်ပြခဲ့ပါ။

( ၅ ) အဋ္ဌမကထာ – 'အဋ္ဌမကဿ ပုဂ္ဂလဿ နတ္ထိ သဒ္ဓိန္ဒြိယံ' ဟူသော ပုစ္ဆာ၌ အဋ္ဌမက ပုဂ္ဂိုလ်အား သောတာပတ္တိမဂ္ဂသမ္ပယုတ္တ သဒ္ဓိန္ဒြေ ထင်ရှားရှိပါလျက် 'အာမန္တာ' ဟု ဖြေဆိုသော ပရဝါဒီ၏ အယူကို ပြပြီးလျှင် / 'ဝိပရီတကထာ—ပထဝီက သိဏံ သမာပတ္တိံ သမာပန္နဿ ဝိပရီတေ ဉာဏံ' ဟူသော ပုစ္ဆာ၌ မည်သို့သော အလိုဆန္ဒ အဓိပ္ပာယကြောင့် 'အာမန္တာ' ဟု ပရဝါဒီ ဝန်ခံဖြေဆိုပါသနည်း၊ ဖြေရှင်းခဲ့ပါ။

( ၆ ) ရူပံကမ္မန္တိကထာ—'ကုသလေန စိတ္တေန သမုဋ္ဌိတံ ကာယကမ္မံ ရူပံ ကုသလန္တိ' ဟူသော သကဝါဒီ ပုစ္ဆာ၌ 'အာမန္တာ' ဟု ဖြေဆိုသော ပရဝါဒီ၏ အယူကို ပြပြီးလျှင်/

ရုပ်သည် ကမ် မည်၏ ဟု မဆိုဆိုက်သည်၏ အဖြစ်ကို ပြီးစေခြင်းငှာ သကဝါဒီ ဆောင်အပ်သည့် ဒုတိယ သုတ္တန်ကိုလည်း ပြည့်နှံခဲ့ပါ။

(၇) ဝိဘက္ကာနုပတိတကထာ—သကသမယ-၌ ဝိတက္ကာနုပတိတ ဖြစ်ကောင်းသော စိတ်တို့ကို အာရမ္မဏ သမ္ပယောဂ အားဖြင့် ခွဲခြားပြပြီးလျှင်/ 'နယထာစိတ္တဿ ဝါစာတိ ကထာ နယထာစိတ္တဿဝါစာ' ဟူသော သကဝါဒီ ပုစ္ဆာ၌ 'အာမန္တာ' ဟု ဖြေသော ပရဝါဒီ၏ အယူကိုလည်း ပြခဲ့ပါ။

(၈) ပဥ္စဝိညာဏသမင်္ဂိဿ မဂ္ဂကထာ—'ပဥ္စဝိညာဏသမင်္ဂိဿ အတ္ထိ မဂ္ဂဘာဝနာ' ဟူသော သကဝါဒီပုစ္ဆာ၌ မည်သည့်သုတ်ကို မှီ—မည်သည့် အယူ၌တည်၍ 'အာမန္တာ' ဟု ပရဝါဒီ ဖြေဆိုပါသနည်း၊ ဖြေရှင်းပြီးလျှင် / 'စက္ခုနာ ရူပံ ဒိသွာ န နိမိတ္တဂ္ဂါဟီ ဟောတိ' ဟူသော ပရဝါဒီ ဆောင်အပ်သည့် သုတ်၏ ပဥ္စဝိညာဏသမင်္ဂီ ပုဂ္ဂိုလ်အား မဂ္ဂဘာဝနာ ရှိသည်၏ အဖြစ်ကို မပြီးစေနိုင်ခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

(၉) ဣဒံဒုက္ခန္တိကထာ—'ဣဒံ ဒုက္ခန္တိ ဝါစံ ဘာသတော ဣဒံ ဒုက္ခန္တိ ဉာဏံ ပဝတ္တတိ' ဟူသော သကဝါဒီပုစ္ဆာ၌ အဘယ်ကို ရည်ရွယ်၍ ပရဝါဒီ ဝန်ခံ ဖြေဆိုပါသနည်း၊ ဖြေရှင်းပြီးလျှင် / 'အယံ ဒုက္ခသမုဒယောတိ ဝါစံ ဘာသတော အယံ ဒုက္ခသမုဒယောတိ ဉာဏံ ပဝတ္တတိ' ဟူသော ပုစ္ဆာ၌ 'နဟေဝံ ဝတ္တဗ္ဗေ' ဟု ပရဝါဒီ ဖြေကြားခြင်း၏ အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

(၁၀) သံဝရောကမ္မန္တိ ကထာ-၌ စက္ခုန္ဒြိယ သံဝရော စက္ခုကမ္မံ' အစရှိသော စကားကို အဘယ်သို့ စောဒနာခြင်းငှါ သကဝါဒီပုဂ္ဂိုလ် ဆိုပါသနည်း၊ ဖြေရှင်းပြီးလျှင် / 'ကာယိန္ဒြိယသံဝရော ကာယကမ္မံ' ဟူသော သကဝါဒီ၏ ရှေ့နောက် ပုစ္ဆာ နှစ်ရပ်၌ ပရဝါဒီပုဂ္ဂိုလ်က အဘယ်ကို ရည်ရွယ်၍ ပယ်—အဘယ်ကို ရည်ရွယ်၍ ဝန်ခံ ဖြေဆိုပါသနည်း၊ အကြောင်းနှင့် တကွ ဖြေရှင်းခဲ့ပါ။

(၁၁) အသညသတ္တုပိကာကထာ-၌ သညာ ဝေဒယိတ နိရောဓ သမာပတ္တိ မည်သော တရားတို့ကိုလည်းကောင်း ယင်းတို့ အနက် အသညသတ္တုပိကာတရား-နာသညသတ္တုပိကာတရားတို့ကိုလည်းကောင်း သကသမယအားဖြင့် ခွဲခြားပြပြီးလျှင် / 'နနု ဣဓာပိ အသညီ တတြာပိ အသညီ' ဟူသော ပရဝါဒီ ပုစ္ဆာ၌ ကာမဘုံ အသညသတ်ဘုံတို့၌ မည်သည့် အကြောင်းကြောင့် သညာ ကင်းသည်၏ အဖြစ်ကို သကဝါဒီ ဝန်ခံပါသနည်း၊ ဖြေရှင်းခဲ့ပါ။

(၁၂) အစ္စန္တနိယာမကထာ-၌ ပုထုဇ္ဇန်ပုဂ္ဂိုလ်အား အစ္စန္တ နိယာမတာ ရှိသည်၏ အဖြစ်ကို ပြီးစေခြင်းငှာ ပရဝါဒီ ဆောင်အပ်သော သုတ္တန္တပါဠိကို ထုတ်ပြပြီးလျှင် / ထိုပါဠိက ပုထုဇ္ဇန် ပုဂ္ဂိုလ်အား အစ္စန္တနိယာမတာ ရှိသည်၏ အဖြစ်ကို ပြီးစေနိုင်-မပြီးစေနိုင်ကိုလည်း အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။ ၁၀—မှတ်စီ။

# (ခ) တိပိဋကဓရ သဓာဘာရေးဖြေ စာမေးပွဲ

## ( ၁ ) အဘိဓမ္မာ ပိဋက ( ဓမ္မသင်္ဂဏီ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၈ - ခုနှစ်၊ တပို့တွဲလဆန်း ၃ - ရက်။ ( ၂၁ - ၁ - ၇၇ )

( ၁ ) အဘိညာ အစရှိသော ကုသိုလ် - ဘာဝနာသာ ပဟာဘဗ္ဗ အစရှိသော အကုသိုလ်တို့၏ အကျိုးကို မဖြစ်စေခြင်းသည် ထင်ရှားပါလျက် ' ဝိပါကဓမ္မဓမ္မာ ' ဟူသောပုဒ် အရ၌ ထိုတရားတို့ ပါဝင်နိုင်ခြင်း၏ အကြောင်းကို ပြပြီးလျှင် / မိစ္ဆတ္တနိယတ တရားတို့၌ ဖောက်ပြန် မှားယွင်းသော သဘော ရှိကြခြင်း၏ အကြောင်းကိုလည်း စုံလင်စွာ ပြခဲ့ပါ။

( ၂ ) လောကိယဒုက · ၌ 'လောကော ဝုစ္စတိ လုဇ္ဇန ပလုဇ္ဇနဋ္ဌေန ' အရ လောကုတ္တရ စိတ္တုပ္ပါဒ်တို့သည်လည်း လုဇ္ဇန ပလုဇ္ဇန သဘော ရှိကြသည်ဖြစ်လျက် ၎င်းတို့၏ လောက ဟူသော အမည်ကို မရခြင်း၏ အကြောင်းကို စုံလင်စွာ ပြပြီးလျှင် / ပရာမာသဂေါစ္ဆက-၌ အောက်ဂေါစ္ဆကတို့၌ ကဲ့သို့ ပရာမာသ ပရာမာသသမ္ပယုတ္တ ဒုက်ကို ဟောတော်မမူခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

( ၃ ) မဟာကုသိုလ်စိတ်၏ သောမနဿသဟဂုတ် ဖြစ်ခြင်း၏ အကြောင်းကို စုံလင်စွာ ဖော်ပြပြီးလျှင် / ရဇနီယဝဏ္ဏာရမ္မဏ ဖြစ်၍ ဖြစ်သော သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် မဟာကုသိုလ်စိတ်၏ ဘာဝနာမယ ကာယကမ် ဖြစ်ရာအခါကိုလည်းညွှန်ပြခဲ့ပါ။

( ၄ ) အဘိဇ္ဈာသဟဂတစိတ်ဖြင့် ကိုယ်အင်္ဂါကိုလှုပ်စေလျက် ဟတ္ထဂ္ဂါဟ စသည်တို့ကို ပြုရာ ကာလ - နှုတ်အင်္ဂါကို လှုပ်စေလျက်သူတပါး၏ စည်းစိမ်ဥစ္စာကို ငါ့ဟာ ဖြစ်လျှင် ကောင်းလေစွဟု ရေးရှု ကြံရာ ကာလ စသည်တို့၌ စေတနာသည် ကာယဒွါရ ဝစီဒွါရ၌ ဖြစ်ပါလျက် ကာယကမ် ဝစီကမ် ဟူသော အမည်ကို မရ—အဗ္ဗောဟာရိက ဖြစ်ရခြင်း၏ အကြောင်းကို ပြပြီးလျှင် / ထိုကာလ၌ ဖြစ်သော အဘိဇ္ဈာကို လက္ခဏ · သမ္ဘာရ · ဓမ္မ · ကောဋ္ဌာသ · အာရမ္မဏ · ဝေဒနာ - မူလ —ဤခုနစ်ပါးတို့ဖြင့် ခွဲခြား ပြခဲ့ပါ။

( ၅ ) ဓမ္မုဒ္ဒေသဝါရ - ၌ ပြအပ်သော စိတ်သည် ရှေးသမယဝဝတ္ထာန်ခန်း၌ ပြအပ်ပြီးသော စိတ်နှင့်တကွ တခုတည်းသာ ဖြစ်ပါလျက် ဓမ္မုဒ္ဒေသ - ၌ 'စိတ္တံ ဟောတိ ' ဟု နောက်ထပ်တဖန် ဟောတော်မူပြန်ခြင်း၌ ပဌမယုတ္တိ အကြောင်းကို ဥပမာနှင့် တကွ ထင်စွာ ပြပြီးလျှင် / ဂေါမုတ္တဝင်္က စန္ဒလေခါဝင်္က နင်္ဂလကောဋိဝင်္က မည်သော ပုဂ္ဂိုလ် သုံးမျိုးကို အဋ္ဌကထာဝါဒ အရ စုံလင်စွာ ပြခဲ့ပါ။

( ၆ ) ရူပါဝစရကုသလ ပထဝီကသိဏဈာန်၌ သုဒ္ဓိက စတုက္ကနယ စသည်တို့၏ အစွမ်းအားဖြင့် ဒေသနာကို ပြုတော်မူအပ်ပြီး ဖြစ်ပါလျက် အာရမ္မဏ ပဋိပဒါမိဿက သောဠသက္ခတ္တုကနယကို ဟောတော်မူခြင်း၏ အကြောင်းကို ပြပြီးလျှင် / အရူပါဝစရ ကုသလ၌ ' ရူပသညာနံ သမတိက္ကမာ ' ဟူသော ပါဠိဖြင့် အာရမ္မဏ သမတိက္ကမ · သညာ သမတိက္ကမ

နှစ်ပါးတို့ကို ဟောတော်မူပါကုန်လျက် ဝိဘင်္ဂပါဠိ၌ အာရမ္မဏ သမတိက္ကမကို ဟောတော် မမူဘဲ သညာ သမတိက္ကမကို သာ ဟောတော်မူခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

(၇) လောကုတ္တရကုသလ သမ္မာအာဇီဝနိဒ္ဒေသ၌ ဝါစာကမ္မန္တတို့ကို ယူအပ်ကုန်လျှင် အာဇီဝသည်လည်း ယူအပ်ပြီးသာ ဖြစ်သောကြောင့် ဝါစာ ကမ္မန္တတို့မှ အသီးအခြား အာဇီဝ မည်သော တရားမရှိဘဲလျက် အဘယ်၏ အစွမ်းအားဖြင့် အာဇီဝကို ဝါစာ ကမ္မန္တ တို့မှ ထုတ်ဆောင်၍ ပြအပ်ပါသနည်း၊ ဖြေရှင်းပြီးလျှင်/မိစ္ဆာဇီဝကိုလည်း အဋ္ဌကထာ ဝါဒ, ထေရဝါဒ နှစ်ပါး အရ ခွဲခြား၍ ကောက်ပြခဲ့ပါ။

(၈) လောကုတ္တရ ကုသလ အနညာတညဿာမီတိန္ဒြိယ နိဒ္ဒေသ-၌ စတုသစ္စဓမ္မ တို့သည် ပဌမမဂ်သည် သိအပ်ပြီးသည့် ဉာတ မည်သော တရားတို့ ဖြစ်ပါလျက် 'အနညာ· တာန်' ဟု ဟောတော်မူခြင်း၏ အကြောင်းကို ထင်ရှားသော ဥပမာန တခုနှင့် တကွ ပြပြီးလျှင်/ ကောကိယ ကုသိုလ်တို့၏ လောကုတ္တရ ကုသိုလ်တို့ကဲ့သို့ မိမိ၏ ဝိပါက်ကို အဓိ ပတိကို ရစေခြင်းငှာ မစွမ်းနိုင်ခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

(၉) ပဌမ အကုသိုလ်စိတ်၏ ဓမ္မုဒ္ဒေသဝါရ-၌ အဂ္ဂဟိတဂဟဏ အားဖြင့် ယူအပ် သော ပါဠိအာရုဠှတရား-ယေဝါပနက တရားများကိုလည်းကောင်း၊ ပါဠိအာရုဠှ တရား များအနက် သဝိဘတ္တိကတရားများကိုလည်းကောင်း ပြပြီးလျှင်/မောဟနိဒ္ဒေသ အပ္ပစ္စက္ခ· ကမ္မံ ပုဒ်၌ မောဟအားမျက်မှောက်ဖြစ်သော ကမ်မရှိခြင်း၏အကြောင်းကိုလည်းပြခဲ့ပါ။

(၁၀) ရူပဝိဘတ္တိဒုက ရူပါယတနနိဒ္ဒေသ-၌ ဝတ္ထုကို မသုံးသပ်ဘဲ သဘာဝအားဖြင့် သာ ပြအပ်သောပုဒ်-ဝတ္ထုကို သုံးသပ်၍ ပြအပ်သောပုဒ်-ဥပနိဓာယသိဒ္ဓ ဝေါဟာရအား ဖြင့် ပြအပ်သောပုဒ်-သန္နိဝေသသိဒ္ဓ ဝေါဟာရအားဖြင့် ပြအပ်သော ပုဒ်-ဝတ္ထုဖြင့်သာ ပြအပ်သောပုဒ် တို့ကို အသီးသီး ခွဲခြား ပြခဲ့ပါ။

(၁၁) ဣတ္ထိလိင် စသည်တို့သည် မည်သည့်ကာလဝယ် မည်သည့် တရားကို စွဲ၍ ဖြစ် ကြသည်ကို ဥပမာနနှင့် တကွ ထင်စွာ ပြပြီးလျှင်/ ဣတ္ထိန္ဒြေ၏ ဣတ္ထိလိင် စသည်တို့၌ အစိုးရသည်၏ အဖြစ်ကြောင့် ဣန္ဒြိယ၏ အဖြစ်ကို ဟောတော်မူအပ်ပါလျက် ထိုဣတ္ထိန္ဒြေကို ဣန္ဒြိယ အတ္ထိ အဝိဂတ ပစ္စည်း ဟု မဟောခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

(၁၂) နိက္ခေပကဏ္ဍ-'ကတမေ ဓမ္မာ ဒဿနေန ပဟာတဗ္ဗာ' ဟူသော ပုစ္ဆာ၏ ဝိဿဇ္ဇနာ၌'တဒေကဋ္ဌာစ ကိလေသာ တံသမ္ပယုတ္တော ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော ဝိညာဏက္ခန္ဓော' ဟူသော ပုဒ်တို့၏ အရ အသီးသီးကို ဋီကာ နည်းဖြင့် တိကျစွာ ကောက်ပြပြီးလျှင်/အဋ္ဌကထာကဏ္ဍ တိက အတ္ထုဒ္ဓါရ ရဟန္တာတို့၏ ဟာသိတုပ္ပါဒ် စိတ်သည် မည်သည့် ဒွါရ၌ မည်သည့်တရားကို အာရုံပြု၍ ဖြစ်သည်ကိုလည်း ကောင်း မဟာကြိယာ ဉာဏဝိပ္ပယုတ် လေးခုသည် မည်သည့်ကာလဝယ် မည်သည့် တရား ကို အာရုံပြု၍ ဖြစ်သည်ကိုလည်းကောင်း ညွှန်ပြခဲ့ပါ။ ၁၀-မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၂) အဘိဓမ္မာပိဋက (ဝိဘင်္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၈ - ခုနှစ်၊ တပို့တွဲလဆန်း ၄ - ရက်။ (၂၂ - ၁ - ၇၇)

——

(၁) ဓမ္မသင်္ဂဏီကျမ်းကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝိဘင်းကျမ်းကို ဟောတော်မူခြင်း၏ မနသာဝဝတ္တပိတအကျိုးကို ညွှန်ပြပြီးလျှင် / 'ပဥ္စက္ခန္ဓာ ရူပက္ခန္ဓော (ပ) ဝိညာဏက္ခန္ဓော' စသော ပါဠိကို ဝိဘင်္ဂ ပကရဏ ဟု ခေါ်ဆိုရခြင်း၏ အကြောင်းကိုလည်း စုံလင်စွာ ပြခဲ့ပါ။

(၂) သညာက္ခန္ဓနိဒ္ဒေသ – ဩဠာရိက ဒုက - ၌ အဓိဝစနသမ္ဖဿဇာသညာ ဟူသော အမည်၏လည်း ပရိယာယ်အားဖြင့် ပဋိဃသမ္ဖဿဇာသညာ၏ အမည်ဖြစ်ရခြင်း အကြောင်းကို ပြပြီးလျှင်/သင်္ခါရက္ခန္ဓနိဒ္ဒေသ – စက္ခုသမ္ဖဿဇာ စေတနာ စသည်ဝယ် အောက်၌ ဖြစ်သော အပိုင်းအခြားအားဖြင့် စက္ခုဝိညာဏ်နှင့် တကွ ဖြစ်သော ပါဠိတော်၌ တိုက်ရိုက်လာ သင်္ခါရ လေးပါး ရှိပါလျက် သင်္ခါရဟု မဟောဘဲ မည်သည့် အကြောင်းကြောင့် မည်သည့်အစွမ်းအားဖြင့် စေတနာ ဟူ၍သာ ဟောတော်မူပါသနည်း၊ ဖြေရှင်းခဲ့ပါ။

(၃) အဘိဓမ္မဘာဇနီယ ဝေဒနာက္ခန္ဓ စတုဝီသတိဝိဓ နိဒ္ဒေသ-ဝယ်– 'စက္ခုသမ္ဖဿပစ္စယာ ဝေဒနာက္ခန္ဓော အတ္ထိ ကုသလော အတ္ထိ အကုသလော အတ္ထိ အဗျာကတော' ၌ ကုသလော အကုသလော အဗျာကတော အရ စိတ်များကို သရုပ်အားဖြင့် ပြပြီးလျှင် / ၎င်းစိတ်သုံးမျိုးကို ကိစ္စအားဖြင့် ယထာလာဘ ခွဲဝေပြခဲ့ပါ။

(၄) အာယတနဝိဘင်္ဂ – စက္ခု စသော ထိုထို အဇ္ဈတ္တိကာယတန၏ အခြားမဲ့၌ ရူပါယတန စသော ဗာဟိရာယတနတို့ကို ဟောတော်မူခြင်း၏ အကြောင်းရင်းကို စုံလင်စွာ ပြပြီးလျှင် / 'စက္ခု တာဝ ဟုတွာ အဘာဝဋ္ဌေန အနိစ္စန္တိ ဝေဒိတဗ္ဗံ' ၌ ဟုတွာ သဒ္ဒါဖြင့် ပြအပ်သော အနက် - အဘာဝ သဒ္ဒါဖြင့် ပြအပ်သော အနက် - နှစ်ပါးစုံဖြင့် ပြအပ်သော အနက်များကိုလည်း ညွှန်ပြခဲ့ပါ။

(၅) ဓာတု ဝိဘင်္ဂ – တေဇောဓာတုနိဒ္ဒေသ- ယေ န စ ဇီရိယတိ - ၌ ဇီရိယတိ၏ အဓိပ္ပာယတ္ထကို ညွှန်ပြပြီးလျှင် / သစ္စဝိဘင်္ဂ သုတ္တန္တဘာဇနီယ မဂ္ဂနိဒ္ဒေသ - ၌ သမ္မုတိ မဂ္ဂ ဟု ခေါ်ဆိုအပ်သော တရား - ခေါ်ဆိုရခြင်း၏ အကြောင်းများကိုလည်း ဋီကာနှင့်အညီ ပြခဲ့ပါ။

( ၆ ) ပဋိစ္စသမုပ္ပါဒ ဝိဘင်္ဂ – သုတ္တန္တဘာဇနီယ သင်္ခါရပဒနိဒ္ဒေသ၌ အဘယ် စေတနာသည် ပုညာဘိသင်္ခါရ မည်ပါသနည်း၊ 'တတ္ထ ကတမော ပုညာဘိသင်္ခါရော' ဟူသော ပုစ္ဆာ၏ ဝိဿဇ္ဇနာ၌ 'ကုသလာ စေတနာ' ဟူသော စကားဖြင့် အနိယမ အားဖြင့် စတုဘူမိက စေတနာကိုလည်း ဟောတော်မူသည်၏ အဖြစ်ကြောင့် စတုဘူမိက ကုသလစေတနာ ၂၁-ခုသည် ပုညာဘိသင်္ခါရ မည်၏ဟု မှတ်ထိုက်ပါသလော၊ စောဒနာ ကို သောဓနာပြုပြီးလျှင် / အာနေဉ္ဇသာ မည်ကောင်းသော တရား – အာနေဉ္ဇလည်း မည်-အာနေဉ္ဇာဘိသင်္ခါရလည်း မည်ကောင်းသော တရားများကိုလည်း အကြောင်းနှင့် တကွ ညွှန်ပြခဲ့ပါ။

( ၇ ) ပဋိစ္စသမုပ္ပါဒ အကုသလနိဒ္ဒေသ ပစ္စယစတုက္က ဘဝနိဒ္ဒေသ၌ 'တတ္ထ ကတမော ဥပါဒါနပစ္စယာ ဘဝေါ' ဟူသော ပုစ္ဆာ၏ ဝိဿဇ္ဇနာကို 'ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော' ဟု မဟောမူ၍ 'ဌပေတွာ ဥပါဒါနံ ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော' ဟု ဟောတော်မူခြင်း၏ အကြောင်းကိုလည်းကောင်း ဤသို့ မဟောအပ်လျှင် ရောက်ရာသော အပြစ်ကိုလည်းကောင်း ပြပြီးလျှင် / ပဋိစ္စသမုပ္ပါဒ ဝိဘင်း၌ ပဉှာ ပုစ္ဆက မရှိခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

( ၈ ) သတိပဋ္ဌာနဝိဘင်္ဂ – ကာယဟု ဆိုအပ်သော လောက၌ အဘိဇ္ဈာ ဒေါမနဿ ကို ပယ်ပြီးသော ပုဂ္ဂိုလ်သည် ဝေဒနာဒိလောကတို့၌လည်း အဘိဇ္ဈာ ဒေါမနဿတို့ကို ပယ်အပ်ပြီးသည်သာ ဖြစ်ပါလျက် အလုံးစုံသော သတိပဋ္ဌာန်တို့၌ မည်သည့်အစွမ်းဖြင့် (ဝါ) မည်သည့်အကျိုးငှာ 'ဝိနေယျလောကေ အဘိဇ္ဈာ ဒေါမနဿံ' ဟု ဟောတော်မူ ပါသနည်း၊ ဖြေရှင်းပြီးလျှင် / ဓမ္မာနုပဿနာနိဒ္ဒေသ သမ္မာဓိသမ္ဗောဇ္ဈင်ကို ဖြစ်စေနိုင်သည့် တရားများတွင် ပါဝင်သည့် သမထေ စိတ္တဿ ပဂ္ဂဟာဏတာ၌ သမထ အရ-စိတ္တ အရ နှင့် ပဂ္ဂဟာဏာကာရတို့ကိုလည်း ညွှန်ပြခဲ့ပါ။

( ၉ ) ဈာနဝိဘင်္ဂ – 'ဣဓ ဘိက္ခု ဆန္ဒသမာဓိပဓာနသင်္ခါရသမန္နာဂတံ ဣဒ္ဓိပါဒံ ဘာဝေတိ' ၌ ဆန္ဒ သမာဓိ ပဓာန်သင်္ခါရသမန္နာဂတံ ပုဒ်ကို အဋ္ဌကထာ ဋီကာ အာစရိယ ဝါဒ သုံးမျိုး အရ အနက်ယောဇနာခြင်း – ဣဒ္ဓိပါဒံ၌ ဣဒ္ဓိ အရ-ဣဒ္ဓိပါဒ အရ အဋ္ဌကထာ နှင့် အညီ ကောက်ပြခြင်းကို ပြုပြီးလျှင် / ဗောဇ္ဈင်္ဂဝိဘင်္ဂ အဘိဓမ္မာဘာဇနီယ၌ ကုသလ နိဒ္ဒေသ ပုဗ္ဗင်္ဂမသာ ဖြစ်သော ပါဠိဖြင့် ဝိပါကနယကို အားထုတ်တော်မူခြင်း၏ အကျိုးကို အတွင်းငုပ်သော အကြောင်းနှင့် တကွ ပြခဲ့ပါ။

(၁၀) ဉာဏဝိဘင်္ဂ—ဧကကနိဒ္ဒေသ နသုပတိ· န ပဋိဗုဇ္ဈတိ· န သုပိနံ ပဿတိ ဟူသော သုံးဌာနတို့၌ မည်သည့်စိတ်ကို ပယ်ပြစ်အပ်ပါသနည်း၊ 'ပဉ္စဟိ ဝိညာဏေဟိ (ပ) န သုပိနံ ပဿတိ' ဟု ဟောတော်မူခြင်းကြောင့် ပဉ္စဝိညာဏ်တို့ကိုသာ ပယ်အပ်ကုန်၏ဟု မှတ်ထိုက်ပါသလော ဟူသော စောဒနာကို သောခနာ ပြုပြီးလျှင်/ ခုဒ္ဒကဝတ္ထုဝိဘင်္ဂ ဧကကနိဒ္ဒေသလာ အောက်ပါ ပုဒ်များ၏ အနက် အဓိပ္ပာယ်ကိုလည်း ပြခဲ့ပါ။

(က) ဥက္ကာစနာ (ခ) အနုပ္ပိယဘာဏိတာ

(ဂ) စာဋုကမျတာ (ဃ) မုဂ္ဂသူပျတာ

(င) ပါရိဘဋျတာ

(၁၁) ခုဒ္ဒကဝတ္ထုဝိဘင်္ဂ—အဋ္ဌကနိဒ္ဒေသလာ 'တတ္ထ ကတမေ အဋ္ဌ အသဒ္ဓိဝါဒါ (ပ) ဣမေ အဋ္ဌ အသဒ္ဓိဝါဒါ' ဟူသော ပါဠိ၌ ပေယျာလကို ဖော်ပြခဲ့ပါ။

(၁၂) ဓမ္မဟဒယဝိဘင်္ဂ—ဓမ္မဒဿနဝါရ 'ကာမဓာတုယာ ဥပပတ္တိက္ခဏေ ကဿစိ ကောဒသာယတနာနိ ပါတုဘဝန္တိ'၌ ကဿစိ အရ ယောနိအားဖြင့် ဖြစ်သင့်သော ပုဂ္ဂိုလ်· ဥပပတ္တိက္ခဏ၌ ဖြစ်သင့်သော ရုပ်နာမ်တရားတို့၏ သရုပ်· ထိုတရားတို့၏ ဖြစ်သင့်သော အာယတနများကို ထုတ်ဖော် ယှဉ်တွဲပြပြီးလျှင်/ ဘဝသိသ ဖြစ်သော ဝေဟပ္ဖိုလ် ဘုံသို့ ပဋိသန္ဓေအားဖြင့် မရောက်သော ပဥ္စမဈာန်ဘုံ၌ ဖြစ်သည့် အနာဂါမ်သည် အရူပဘုံ၌ ပဋိသန္ဓေအားဖြင့် ဖြစ်နိုင်ပါသလော၊ 'ပဉ္စမဇ္ဈာနဘူမိယံ နိဗ္ဗတ္တော အနာဂါမိနာ ဝ ဗြဟ္မဏလောကေ သောမေတွာ မတ္တကေ ဌိတော ပရိနိဗ္ဗာတိ' ဟု အဋ္ဌကထာ၌ ဆိုခြင်းကြောင့် မဖြစ်နိုင်ဟု မှတ်သင့်ပါသလော၊ ဖြေရှင်း ဆုံးဖြတ်ခဲ့ပါ။

၁၀—မှတ်စီ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၃) အဘိဓမ္မာပိဋက (ဓာတုကထာ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၀-ခုနှစ်၊ တပို့တွဲလဆန်း ၅ - ရက်။ (၂၃-၁-၇၇)

(၁) ရူပက္ခန္ဓာ အစ အရဏာ အဆုံးရှိသော ဓမ္မတို့၏ ယထာသဘ္ဘဝအားဖြင့် သမ္ပယောဂ ဝိပ္ပယောဂ တို့သည် ဖြစ်ပါကုန်လျက် အဘယ်ကြောင့် နာမက္ခန္ဓာ လေးပါးတို့၏ သာလျှင် သမ္ပယောဂ ဝိပ္ပယောဂ ဖြစ်လေသကဲ့သို့ 'စတူဟိ သမ္ပယောဂေါ စတူဟိ ဝိပ္ပယောဂေါ' ဟု ဟောတော်မူပါသနည်း၊ ဖြေရှင်းပြီးလျှင် / အစ၌ တတိယာဝိဘတျန္တပုဒ်ပါသော နယတို့ဝယ် တတိယာ ဝိဘတ်များ၏ အတ္ထ အသီးသီးကို နယအားလျော်စွာ ညွှန်ပြခဲ့ပါ။

(၂) နယမာတိကာ - ၌ ပုစ္ဆိတဗ္ဗ ဝိဿဇ္ဇိတဗ္ဗ ဓမ္မဝိသေသကို မထုတ်ဆောင်ဘဲ သာမညအားဖြင့် ပုစ္ဆန ဝိဿဇ္ဇန နယကို အကျဉ်းပြသော နယမာတိကာ—ပုစ္ဆိတဗ္ဗ ဝိဿဇ္ဇိတဗ္ဗဓမ္မဝိသေသကို ထုတ်ဆောင်ပြီးမှ ပုစ္ဆန ဝိဿဇ္ဇန နယကို အကျဉ်းပြသော နယမာတိကာတို့ကို ခွဲခြားပြပြီးလျှင် / ဧကာဒသမ စသော နယမာတိကာ လေးခုတို့၌ ပုစ္ဆိတဗ္ဗ ဝိဿဇ္ဇိတဗ္ဗ ဓမ္မဝိသေသကို ထုတ်ဆောင်ကြောင်းပုဒ်—ပုစ္ဆန ဝိဿဇ္ဇန နယတို့ကို အကျဉ်းပြကြောင်း ပုဒ်တို့ကိုလည်း ထုတ်ပြခဲ့ပါ။

(၃) တတိယနယနိဒ္ဒေသ - ၌ မည်သို့ သဘောရှိသော ပုဒ်တို့ကို ကြည့်၍ မည်သို့ သဘောရှိသော ပုဒ်တို့ကို ယူအပ်ကုန်သနည်း၊ စုံလင်စွာ ဖြေရှင်းပြီးလျှင် / ၎င်းနယ စျာနနိဒ္ဒေသ၌ 'ယေဓမ္မာ' အရ တရားတို့ကို သေချာစွာ ကောက်ပြခဲ့ပါ။

(၄) စတုတ္ထနယနိဒ္ဒေသ - ၌ ယူအပ်သော ပုဒ်တို့ကို အဋ္ဌကထာ အလိုလျှ ထုတ်ပြပြီးလျှင် / ၎င်းနယလာ 'တေဓမ္မာ ဧကေန ခန္ဓေန' စသော ပါဠိဝယ် 'ဧကေန ခန္ဓေန' ၌ ယူအပ်သော အနက်—နှစ်စေအပ်သော အနက်တို့ကိုလည်း သမတ္ထန အကြောင်းနှင့် တကွ ညွှန်ပြခဲ့ပါ။

(၅) ဒုက္ခသစ္စာ စသော ဓမ္မတို့၏ အချို့သော နိဗ္ဗာန် အစရှိသော ဓမ္မတို့ကို တခုသော ခန္ဓသင်္ဂဟဖြင့် မရေတွက်တတ်ကုန်သည်၏ အဖြစ်သည် ထင်ရှား ရှိပါလျက် ထိုဒုက္ခသစ္စာ စသော ဓမ္မတို့ကို ပဌမနယ၌ အသင်္ဂါဟက ကတ္တား၏ အဖြစ်ဖြင့် မထုတ်မဟောခြင်း၏ အကြောင်းကို ပြပြီးလျှင်/ပဌမ ယေဓမ္မာ အရ (က) သြဠာရိကရုပ်ဝိညာဏက္ခန္ဓာ ဖြစ်ခိုက်–(ခ) ဝိညာဏက္ခန္ဓာ ဖြစ်ခိုက်–(ဂ) နာမက္ခန္ဓာ လေးပါး နိဗ္ဗာန် ဖြစ်ခိုက်—အသီးသီး၌ ပဌမ အသင်္ဂါဟက ကတ္တား ဖြစ်ကောင်းသော တရားများကို (ပုဒ် မဟုတ်) စုံလင်စွာ ပြခဲ့ပါ။

(၆) ဆဋ္ဌနယနိဒ္ဒေသ - ၌ နာမက္ခန္ဓာ လေးပါးတို့၌ ထင်ရှားရှိသော ဧကုပ္ပါဒါဒိ-

တာသည် မည်သည့် တရားတို့၏ မည်သည့် တရားတို့နှင့် မည်သည့် အကြောင်းကြောင့် ဝိသဘာဂတာ ဖြစ်ရပါသနည်း၊ ရှင်းပြပြီးလျှင်/သမ္ပယောဂသာ ရကောင်းသောတရား-ဝိပ္ပယောဂသာ ရကောင်းသော တရား- သမ္ပယောဂ ဝိပ္ပယောဂ နှစ်ပါး ရကောင်းသော တရား-နှစ်ပါးစုံ မရကောင်းသော တရားများကို ယှဉ်ဘက်တဆူးနှင့် တကွ ထင်ရှားစွာ ထုတ်ပြခဲ့ပါ။

(၇) ဆဋ္ဌနယနိဒ္ဒေသ စတုတ္ထပဉ္ဇာ-၌ 'ကတိဟိ ခန္ဓေဟိ' စသည်ကို မဟောဘဲ 'သမ္ပယုတ္တန္တိ နတ္ထိ' ဟု ဟောတော်မူခြင်းကြောင့် ထို 'သမ္ပယုတ္တန္တိ နတ္ထိ' ဟူသော စကားကို အဘယ်တို့၏ အစွမ်းဖြင့် သိမှတ်ထိုက်ပါသနည်း၊ အကြောင်းနှင့် တကွ ရှင်းပြပြီးလျှင်/ 'သဝိတက္က သဝိစာရ ဓမ္မာ ကတိဟိ သမ္ပယုတ္တာ ကတိဟိ ဝိပ္ပယုတ္တာ' ဟူသော ပုစ္ဆာ၏ ဝိဿဇ္ဇနာကို ပါဠိသက်သက်မျှ ထုတ်ပြခဲ့ပါ။

(၈) သတ္တမနယ-၌ မည်သို့ သဘောရှိသော ပုဒ်တို့ကို ဟောတော်မူပါသနည်း၊ အဋ္ဌကထာနှင့် အညီ ညွှန်ပြပြီးလျှင်/ရှင်းနယလာ စက္ခုဝိညာဏဓာတု နိဒ္ဒေသ ပါဠိကို-သရုပ်ပေါ်လွင်အောင် အနက်သမ္ဗန်ခဲ့ပါ။

(၉) အဋ္ဌမနယနိဒ္ဒေသ-ဥဒ္ဒါနဂါထာ-၌ အပရန္တေ စုဒ္ဒသ အရ သရုပ်ကို စုံလင်စွာ ထုတ်ပြပြီးလျှင် / 'ကာမဘဝေန ယေဓမ္မာ ဝိပ္ပယုတ္တာ'၌ ယေဓမ္မာ အရ တရားကိုလည်း ကောက်ပြခဲ့ပါ။

(၁၀) ဒသမနယနိဒ္ဒေသ-၌ မေ္မာယတန အစရှိသောတရား-ဒုက္ခသစ္စာအစရှိသော တရားတို့ကို ယူတော်မမူခြင်း၏ အကြောင်းချင်း ထူးခြားချက်ကို ပြပြီးလျှင် / အခိ-မောက္ခ ဟောပုဒ် ဖြစ်ခိုက် ယေဓမ္မာ နှစ်ပုဒ်၏ အရ သရုပ်ကိုလည်း ထုတ်ပြခဲ့ပါ။

(၁၁) ဧကာဒသမနယနိဒ္ဒေသ ပါဠိ-၌ 'သောဘကေန ပရိဒေဝေန ဒုက္ခေန' စသော လာမြဲအစဉ်မှ တပါးသော 'ပရိဒေဝေန သောကေန ဒုက္ခေန ဒေါမနဿေန' စသော အစဉ်ဖြင့် ဟောပုဒ်တို့ လာခြင်း၏ အကြောင်းကို ပြပြီးလျှင် / ရှင်းနယ၌ ဥပေက္ခိ-န္ဒြေ ဟောပုဒ် ဖြစ်ခိုက် ယေဓမ္မာ အရကို လည်းကောင်း သမ္ပယုတ္တ၌ ကေဟိစိ အရကို လည်းကောင်း ကောက်ပြခဲ့ပါ။

(၁၂) စုဒ္ဒသမနယနိဒ္ဒေသ-၌ ဇာတိ ဇရာ မရဏ သုံးပါးကို မဟောခြင်း၏ အကြောင်းကို ပြပြီးလျှင် / အောက်ပါ ပုစ္ဆာတို့၏ ဝိဿဇ္ဇနာ ပါဠိများကို နယနှင့် ညီ၍ ထုတ်ပြခဲ့ပါ။

(က) သုခါယ ဝေဒနာယ သမ္ပယုတ္တေဟိ ဓမ္မေဟိ ယေဓမ္မာ သမ္ပယုတ္တာ၊ တေ ဓမ္မာ ကတိဟိ သင်္ဂဟိတာ ကတိဟိ အသင်္ဂဟိတာ။

(ခ) သုခါယ ဝေဒနာယ သမ္ပယုတ္တေဟိ ဓမ္မေဟိ ယေဓမ္မာ ဝိပ္ပယုတ္တာ၊ တေ ဓမ္မာ ကတိဟိ သင်္ဂဟိတာ ကတိဟိ အသင်္ဂဟိတာ။ ၁၀-မှတ်စီ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၄) အဘိဓမ္မာပိဋက (ပုဂ္ဂလပညတ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၈-ခုနှစ်၊ တပို့တွဲလဆန်း ၆ - ရက်။ (၂၄-၁-၇၇)

---

(၁) ပါဠိမုတ္တက အဋ္ဌကထာနယအားဖြင့် အဝိဇ္ဇမာနပညတ်သရုပ်ကို စုံလင်စွာ ထုတ်ပြပြီးလျှင်/ ဤ၌ မယူအပ်သော အဝိဇ္ဇမာနပညတ်ကို မယူခြင်း၏ အကြောင်းနှင့် တကွ ပြခဲ့ပါ။

(၂) လိုက်သင့် ထည့်သင့်သည့် ပုဒ်များကို လိုက်စေ ထည့်သွင်းပြီးလျှင်/ ထိုပုဒ်များနှင့် တကွ 'သော စ ခေါ န နိကာမလာဘီ ဟောတိ၊ န အကိစ္ဆလာဘီ န အကသိရလာဘီ၊ န ယတ္ထိစ္ဆကံ ယ ဒိစ္ဆကံ ယာဝတိစ္ဆကံ သမာပဇ္ဇတိပိ ဝုဋ္ဌာတိပိ' ဟူသော အကုပ္ပဓမ္မနိဒ္ဒေသ ပါဠိကို အဋ္ဌကထာနှင့် ညှိလျက် အနက်မှန်မှန် သမ္ဗန်ခဲ့ပါ။

(၃) အသမယဝိမုတ္တနိဒ္ဒေသ အဖွင့် 'ဟေဋ္ဌာ ဂဟိတေစ အဂ္ဂဟိတေစ သင်္ခိပိတွာ သဒ္ဓိံ ပိဋ္ဌိဝဋ္ဋကေဟိ တန္တိံ အာရောပေန္တော သဗ္ဗေပိ အရိယပုဂ္ဂလာတိ အာဒိမာဟ' ၌ ပိဋ္ဌိဝဋ္ဋကေဟိ အရ ပုဂ္ဂိုလ်များကို ထုတ်ပြပြီးလျှင်/ အဘယ်ကို ရည်ရွယ်၍ 'သဗ္ဗေပိ အရိယ ပုဂ္ဂလာ အရိယေ ဝိမောက္ခေ အကုပ္ပဓမ္မာ' ဟူသော စကားကို ဟောတော်မူပါသနည်း၊ ဖြေရှင်းခဲ့ပါ။

(၄) သမသီသီနိဒ္ဒေသ-၌ သင်္ဂါရဿ မည်သော တရားကို ကေစိ သမာန နှစ်ဝါဒ အားဖြင့် ခွဲခြားပြပြီးလျှင် / ဝဋ္ဋမှ ထသော အရဟတ္တမဂ်သည် ပဝတ္တသီသဇီဝိတိန္ဒြေကိုလည်း စုတိမှ အထက်၌ မဖြစ်ခြင်းကိုပြုသောအားဖြင့် ကုန်စေသည် ဖြစ်ပါလျက် 'ပဝတ္တသီသံ ဇီဝိတိန္ဒြိယံ စုတိစိတ္တံ ပရိယာဒိယတိ' ဟု အဋ္ဌကထာ ဆိုခြင်း၏ အကြောင်းကို ဋီကာအာဘော် သွင်း၍ ဖြေရှင်းခဲ့ပါ။

(၅) ဥဘတောဘာဂဝိမုတ္တ အရာဝယ် 'ဒွီဟိ ဘာဂေဟိ ဒွေဝါရေ ဝိမုတ္တော' ဟူသော တတိယတ္ထေရဝါဒ၌ ဘာဂ နှစ်ခု-ဝါရ နှစ်ခုတို့အနက် မည်သည့် ဘာဂဖြင့် မည်သည့် ဝါရ၌ မည်သည့် တရားမှ လွတ်မြောက်သည်ကို ခွဲခြားပြပြီးလျှင် / ခဏ အလိုက် သဒ္ဒါနုသာရီ ကာယသက္ခိ ဥဘတောဘာဂဝိမုတ္တ ၃-မည် ရကောင်းသော ပုဂ္ဂိုလ်ကို အမည်ရရာ ခဏနှင့် တကွ ယှဉ်တွဲ ပြခဲ့ပါ။

(၆) သကဒါဂါမိနိဒ္ဒေသ– 'သကိံဒေဝ ဣမံ လောကံ အာဂန္တွာ ဒုက္ခဿန္တံ ကရောတိ' ၌ အာဂန္တွာ၏ အပါဒါန်ကို အကြောင်း ယုတ္တိနှင့် တကွ ထည့်ပြပြီးလျှင်/ အနာဂါမိပုဂ္ဂိုလ်တို့၏ အပြားကိုလည်း သရုပ်နှင့် တကွ ထုတ်ပြခဲ့ပါ။

(၇) ဥစ္ဆင်္ဂပညနိဒ္ဒေသ–'သေယျထာပိနာမ (ပ) အယံ ဝုစ္စတိ ပုဂ္ဂလော ဥစ္ဆင်္ဂပညော' ဟူသော ပါဠိ၌ ပေယျာလကို ဖော်ပြခဲ့ပါ။

(၈) ၎င်းနိဒ္ဒေသ အဖွင့် အဋ္ဌကထာ-လာ ဥပမာ သံသန္ဒန-၌ ပညာသာလျှင် ဥစ္ဆင်္ဂနှင့် တူသည် ဖြစ်ပါလျက် မည်သည့် အဓိပ္ပာယ်ကြောင့် 'ဥစ္ဆင်္ဂေါဝိယ ဥစ္ဆင်္ဂပညော ပုဂ္ဂလော ဒဋ္ဌဗ္ဗော' ဟု မိန့်ဆိုပါသနည်း၊ ဖြေရှင်းပြီးလျှင်/ ပေါတ္ထကူပမနိဒ္ဒေသ-လာ- 'န ဝေါစေပိ ဘိက္ခု ဟောတိ ဒုဿီလော ပါပဓမ္မော ဣမဿ ဒုဗ္ဗဏ္ဏတာယ' ၌ မည်သည့် ဝဏ္ဏအားဖြင့် ဒုဗ္ဗဏ္ဏ ဖြစ်သည်ကို အကြောင်းနှင့် တကွ ပြခဲ့ပါ။

(၉) ဧကဘတ္တိကော ဟောတိ ရတ္တူပရတော-၌ အဘယ်ပုဂ္ဂိုလ်ကို ရည်ရွယ်၍ 'ဧကဘတ္တိကော' ဟု ဟောတော်မူပါသနည်း၊ မွန်းတည့်ကာလ အတွင်း တကြိမ် တထပ်တည်း စားသော ပုဂ္ဂိုလ်ကို ရည်ရွယ်၍ ဟောတော်မူပါသလော၊ စောဒနာကို အကြောင်းပြ၍ သောဓနာပြီးလျှင် ဒူတေယျ-ပဟိဏဂမန-ဥဒ္ဒေကာဋ္ဌန-ဝဍ္ဎန-နိကတိ ပုဒ်တို့၏ အနက် အဓိပ္ပာယ်ကိုလည်း ထင်ရှားစွာ ပြခဲ့ပါ။

(၁၀) စတုက္ကနိဒ္ဒေသ-လာ တတိယ ဝိဇ္ဇာ၌ ခီဏာ ဇာတိ အစရှိသော စကားတို့ဖြင့် အဘယ်ကို ပြပါသနည်း၊ အကြောင်းနှင့် တကွ ဖြေရှင်းပြီးလျှင်/မြတ်စွာဘုရားအား ယောဓာဇီဝ ပုဂ္ဂိုလ်ဘို့ဖြင့် ပြုဘွယ်ကိစ္စ မရှိဘဲလျက် 'ဧဝမေဝံ' အစရှိသော စကားဖြင့် ယောဓာဇီဝနှင့် တူသော ပုဂ္ဂိုလ် ငါးယောက်တို့ကို ဟောတော်မူခြင်း၏ အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

(၁၁) သတ္တကနိဒ္ဒေသ-၌ 'ဥမ္မုဇ္ဇိတွာ ဝိပဿတိ ဝိလောကေတိ' အရ ဖြစ်သင့်သော ပုဂ္ဂိုလ်ကို ညွှန်ပြပြီးလျှင် / ၎င်းပုဂ္ဂိုလ်သည် မည်သည့်ပုဂ္ဂိုလ်နှင့် တူသည်ကိုလည်း ဥဒကောပမာ အရ နှိုင်းနှောပြခဲ့ပါ။

(၁၂) ဒသကနိဒ္ဒေသ-လာ 'ပဉ္စန္နံ ဣဓ နိဋ္ဌာ' ၌ ဣဓနိဋ္ဌာ၏ အဓိပ္ပာယတ္ထကို စုံလင်စွာ ပြပြီးလျှင်/ရူပဘုံ အရူပဘုံ၌ ပဋိသန္ဓေအားဖြင့် ဖြစ်၍ ပရိနိဗ္ဗာန် ပြုလတ္တံ့သော ဣဓဋ္ဌက သောတာပန် သကဒါဂါမိတို့ကို 'ဣဓ ဝိဟာယနိဋ္ဌာ' ပက္ခသို့ သက်ဝင်ပါကုန်လျက် ဣဓ ဝိဟာယ နိဋ္ဌာ အရ ယူတော်မမူခြင်း၏ အကြောင်းကိုလည်း စုံလင်စွာ ပြခဲ့ပါ။

၁၀–မှတ်စီ။

## ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### ( ၅ ) အဘိဓမ္မာပိဋက ( ကထာဝတ္ထု ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၈ - ခုနှစ်၊ တပို့တွဲလဆန်း ၇ - ရက်။ ( ၂၅ - ၁ - ၇၇ )

( ၁ ) 'ပုဂ္ဂလော ဥပလဗ္ဘတိ' စသော အနုလောမ ပဉ္စကၥ် အနုလောမပါပနာ အနုလောမရောပနာတို့ဖြင့် နှိပ်ခြင်း တခု—ပဋိလောမပါပနာ ပဋိလောမရောပနာ တို့ဖြင့်နှိပ်ခြင်း တခု—ဤသို့အားဖြင့် နှိပ်ခြင်း နှစ်ခုတို့ကို ပြုအပ်ကုန်ပါလျက် ၎င်းအနုလောမပဉ္စကၥ် နှိပ်ခြင်း ၈ ခုသာ ဖြစ်ရခြင်း၏ အကြောင်းကို ပြပြီးလျှင်/ ပဋိကမ္မစတုက္ကၥ် 'ဟဉ္စိ ပုဂ္ဂလော နုပလဗ္ဘတိ သစ္ဆိကဋ္ဌပရမတ္ထေန' စသော စကားကို ပရဝါဒီ ဆိုခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

( ၂ ) 'ပုဂ္ဂလော ဥပလဗ္ဘတိ၊ ဥပလဗ္ဘတိ ပုဂ္ဂလော' ဟူသော သကဝါဒီပုစ္ဆာၥ် 'ပုဂ္ဂလော ဥပလဗ္ဘတိ၊ ဥပလဗ္ဘတိ ကေဟိစိ ပုဂ္ဂလော၊ ကေဟိစိ န ပုဂ္ဂလော' ဟူသော စကားဖြင့် ပရဝါဒီ ခွဲခြား ဖြေဆိုခြင်း၏ အကြောင်းကို ပြပြီးလျှင် / ၎င်းအဖြေစကား၏ ပိဏ္ဍတ္ထကိုလည်း ပရဝါဒီ အလိုကျ ထုတ်ပြခဲ့ပါ။

( ၃ ) 'ဂတိ အနုယောဂ ပုဂ္ဂလော သန္ဓာဝတိ အသ္မာ လောကာ ပရံ လောကံ၊ ပရသ္မာ လောကာ ဣမံ လောကံ' ဟူသော သကဝါဒီ ပုစ္ဆာၥ် အဘယ်သုတ်ကို မှီ—အဘယ်အယူၥ် တည်၍ 'အာမန္တာ' ဟု ပရဝါဒီ ဖြေပါသနည်း၊ ဖြေရှင်းပြီးလျှင် / 'သန္ဓာဝတိ' ၥ် သန္ဓာဝန အရကိုလည်း အဋ္ဌကထာနှင့် အညီ ထုတ်ပြခဲ့ပါ။

( ၄ ) သုတ္တသာဓနပရိဟာနိကထာ—သကဝါဒီ၏ 'အတ္ထိ ကတဿ ပတိစယော' ဟူသော ရှေးပုစ္ဆာၥ် ပယ်ရှား ဖြေဆိုခြင်း—၎င်းနှင့် အလားတူ နောက်ပုစ္ဆာၥ် ဝန်ခံ ဖြေဆိုခြင်းကို ပြုသော ပရဝါဒီ၏ ရည်ရွယ်အပ်သည့် အနက် အသီးသီးကို ဖော်ပြပြီးလျှင် / ပြုအပ် ဖြစ်စေအပ်ပြီးသော မဂ်ကို တဖန် ဖြစ်ပွားစေခြင်း၏ မရှိသည် အဖြစ်ကို ပြီးစေရန် သကဝါဒီ ဆောင်အပ်သည့် သုတ်ကိုလည်း ဖော်ထုတ်ပြခဲ့ပါ။

( ၅ ) သုတ္တသာဓန ပရိဟာနိကထာ—ပရဝါဒီ ဆောင်အပ်သည့် 'ပဉ္စိမေ ဘိက္ခဝေ ဓမ္မာ သမယဝိမုတ္တဿ ဘိက္ခုနော ပရိဟာနာယ သံဝတ္တန္တိ' စသော သုတ်ၥ် မည်သို့ သဘောရှိသော သမယဝိမုတ္တရဟန်း၏ မည်သည့် တရားမှ ဆုတ်ယုတ်ခြင်းငှာ ဖြစ်ကုန်သနည်း၊ အဋ္ဌကထာ ဋီကာတို့နှင့် အညီ သကဝါဒီ အလိုကျ ရှင်းပြပြီးလျှင် / 'အတ္ထိ အရဟတော ကမ္မာရာမတာ' ဟူသော ပုစ္ဆာ စကားကို မည်သည့် ပုဂ္ဂိုလ်က မည်သည့် အကြောင်းကြောင့် ဆိုသည်ကိုလည်း ညွှန်ပြခဲ့ပါ။

( ၆ ) ( က ) မာရကာယိကာ ဒေဝတာ အရဟတော အသုစိံ သုက္ကဝိဿဋ္ဌိံ ဥပသံဟရန္တိတိ၊ ( ခ ) အာမန္တာ ( က ) ကိံ ကာရဏာတိ ( ဃ ) ဟန္ဒ ဟိ ဝိမတိံ ဂါဟာပယိဿာမာတိ—ဝယ် ဟန္ဒ ဟိ နိပါတ်၏ ဝစသာယတ္တ(ဝါ) ကာရဏတ္ထ နှစ်မျိုးကို

ထင်ရှားစေ၍လည်းကောင်း ဝိမတိ၏ အာကာရကို ထည့်၍လည်းကောင်း (က) ဝါကျကို လိုက်စေ၍လည်းကောင်း (ဃ) ဝါကျ၏ အနက်ကို မှန်ကန်စွာ ယောဇနာခဲ့ပါ။

(၇) 'ဝိမုတ္တံ ဝိမုစ္စမာနံ' ဟူသော သကဝါဒီ၏ ပုစ္ဆာကို 'အာမန္တာ' ဟု ဝန်ခံ ဖြေဆိုသော ပရဝါဒီ၏ အယူကို ညွှန်ပြပြီးလျှင် / 'ကေဒေသံ ဝိမုတ္တံ ကေဒေသံ အဝိမုတ္တံ' ဟူသော ပုရိမပုစ္ဆာ၌ ပယ်ရှား ဖြေဆိုခြင်း—အလားတူ ပစ္ဆိမပုစ္ဆာ၌ ဝန်ခံ ဖြေဆိုခြင်းကို ပြုသော ပရဝါဒီ၏ ပယ်ရှားခြင်း · ဝန်ခံခြင်းတို့၏ အကြောင်း — ရည်ရွယ်အပ်သော အရာတို့ကိုလည်း စုံလင်စွာ ထုတ်ပြခဲ့ပါ။

(၈) သကဝါဒီ၏ ဗောဓိယာ ဗုဒ္ဓေါ ဟူသော ပုစ္ဆာ—ဗောဓိယာ နိရုဒ္ဓါယ ဝိဂတာယ ပဋိပဿဒ္ဓါယ အဗုဒ္ဓေါ ဟောတိ ဟူသော အနုယောဂတို့၌ ဝန်ခံခြင်း—ပယ်ရှားခြင်း တို့ကို ပြုသော ပရဝါဒီ၏ အယူကို ပြပြီးလျှင် / 'နနု ဗောဓိ ပဋိလာဘာ ဗုဒ္ဓေါ' ဟူသော ပရဝါဒီပဉ္စာ၌ 'အာမန္တာ' ဟု သကဝါဒီ ဖြေဆိုခြင်း၏ အကြောင်း ကိုလည်း ပြခဲ့ပါ။

(၉) ဝိပရီတကထာ — 'ပထဝီကသိဏံ သမာပတ္တိ' သမာပန္နဿ ဝိပရီတေ ဉာဏံ' ဟူသော သကဝါဒီပုစ္ဆာ၌ 'အာမန္တာ' ဟု ဖြေဆိုသော ပရဝါဒီ၏ အဓိပ္ပာယကို ထင်စွာ ပြပြီးလျှင် / 'အနိစ္စေ နိစ္စန္တိ ဝိပရိယေသော' ဟူသော ပုစ္ဆာကို မြွက်ဆိုသော သကဝါဒီ၏ မနသာဝဝတ္ထပိတ အကျိုးကိုလည်း ဖော်ပြခဲ့ပါ။

(၁၀) အနုသယာအနာရမ္မဏာတိကထာ — အနုသယာအနာရမ္မဏာ ဟူသော သက ဝါဒီပုစ္ဆာ၌ 'အာမန္တာ' ဟု ဝန်ခံ ဖြေဆိုသော ပရဝါဒီ၏ အယူကို ပြပြီးလျှင် / 'ပုထုဇ္ဇနော ကုသလာဗျာကတေ စိတ္တေ ဝတ္တမာနေ သာနုသယောတိ ဝတ္တဗ္ဗော' ဟူ သော ပရဝါဒီ ပုစ္ဆာ၌ ပုထုဇ္ဇန်အား ကုသိုလ် အဗျာကတစိတ် ဖြစ်ခိုက် အနုသယ ဖြစ်ခြင်း ထင်ရှား မရှိဘဲလျက် မည်သည့် အကြောင်းကြောင့် 'အာမန္တာ' ဟု သကဝါဒီ ဖြေဆိုပါသနည်း၊ ဖြေရှင်းပြခဲ့ပါ။

(၁၁) ဝိတက္ကဝိပ္ဖာရသဒ္ဒကထာ—'သဗ္ဗသော ဝိတက္ကယတော ဝိစာရယတော ဝိတက္က ဝိပ္ဖာရော သဒ္ဒေါ' ဟူသော သကဝါဒီ ပုစ္ဆာ၌ 'အာမန္တာ' ဟု ဖြေဆိုသော ပရဝါဒီ၏ အယူကို ၎င်းအယူ ဖြစ်ခြင်း၏ အကြောင်းနှင့် တကွ ညွှန်ပြပြီးလျှင် / 'ဝိတက္ကဝိပ္ဖာရော သဒ္ဒေါ သောတဝိညေယျော' စသော ပဉ္စာကို သကဝါဒီ ပုဂ္ဂိုလ်သည် မည်သည့် အရာကို သဒ္ဒ မည်၏ ဟု နှလုံးသွင်း၍ မေးပါသနည်း၊ ဂဟေတဗ္ဗ နိဝတ္တေတဗ္ဗ နှစ်ပါး ထင်ရှားစွာ ဖြေရှင်းခဲ့ပါ။

(၁၂) ဣန္ဒြိယဗဒ္ဓကထာ—'ဣန္ဒြိယဗဒ္ဓညေဝ အနိစ္စံ' စသော အနုယောဂ စကားကို အဘယ်အကျိုးငှာ သကဝါဒီ ဆိုပါသနည်း၊ ဖြေရှင်းပြီးလျှင် / အနိန္ဒြိယဗဒ္ဓဝတ္ထုကို ဒုက္ခ ဟု ခေါ်ဆိုရခြင်း၏ အကြောင်း — ဒုက္ခအရိယသစ္စ ဟု မခေါ်ဆိုရခြင်း၏ အကြောင်း များကိုလည်း စုံလင်စွာ ဖော်ပြခဲ့ပါ။ ၁၀-မှတ်စီ။

## ( ၁ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### ( ၁ ) အဘိဓမ္မာပိဋက ( ဓမ္မသင်္ဂဏီ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၆ - ခုနှစ်၊ ပြာသိုလဆန်း ၁၂ - ရက်။ ( ၂၃ - ၁ - ၇၈ )

( ၁ ) သုံးပါးကုန်သော ဝါကျ ပဒတို့၏ အစိတ် ဖြစ်သော ဝေဒနာသဒ္ဒါဖြင့် ရအပ်သော၊ အမည် ရှိသော တိက်သည် ဝေဒနာတိက် မည်သည် ဖြစ်ပါလျက် အလုံးစုံ သုံးဝါကျ ပဒတို့ဖြင့် ရအပ်သော အမည်ရှိသောတိက် ဖြစ်ရသည့် အကြောင်းကို ဥပမာနှင့် စာကွ ထင်စွာ ပြပြီးလျှင်/ 'ကုသေန လာတဗ္ဗာတိ ကုသလာ' ၌ နာမလာဘ အကြောင်းနှင့် တကွ ကုသ မည်သော တရားကိုလည်းကောင်း ယင်းဝစနတ္ထ အရ ကုသ မည်သော တရားက ဉာဏဝိပ္ပယုတ် ကုသိုလ်တရားတို့ကို မည်သည့် ပစ္စယသတ္တိဖြင့် ယူအပ် ဖြစ်စေအပ်ကုန်သည်တို့ကို လည်းကောင်း ပြခဲ့ပါ။

( ၂ ) အာသဝဂေါစ္ဆကဉ် အာသဝဝိပ္ပယုတ္တ ပုဒ်ကို ယူသကဲ့သို့ ဟေတုဂေါစ္ဆကဉ် ဟေဘုဝိပ္ပယုတ္တပုဒ်ကို မယူဘဲ နဟေတု ပုဒ်ကို ယူ၍ ဩသာနဒုက ယောဇနာကို ပြုတော်မူခြင်း၏ အကြောင်းကို ပြပြီးလျှင်/ 'အာသဝဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ သာသဝါပိ' ၌ ခေါ ပန သဒ္ဒါလွန်ဖြင့် ပြအပ်သည့် အတိရေကဒုက်များ အနက် ဒုတိယဒုက်၌ ပဌမဒုက်၏ ဒုဘိယပုဒ်ကို ထည့်၍ ဖြစ်သင့်သော ဒုက်ကိုလည်း အရကောက်နှင့် တကွ ပြခဲ့ပါ။

( ၃ ) 'ကတမေ ဓမ္မာ ကုသလာ' ဟူသော ပုစ္ဆာ၏ အခြားမဲ့၌ 'ဖဿော ဟောတိ' စသည်ဖြင့် ကုသိုလ်တရားတို့ကို ပြသင့်ပါလျက် 'ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ' စသည်ဖြင့် သမယ၌ စိတ်ကို အကျယ် ညွှန်ပြခြင်း၏ အကျိုး ( ဝါ ) အကြောင်းကို ပြပြီးလျှင်/ 'ဥပ္ပန္နံ ဟောတိ' ၌ အတ္ထုဒ္ဓါရအားဖြင့် ရအပ်သော ဥပ္ပန္န လေးမျိုး အနက် ဘူတာပဂတုပ္ပန္နမည်သောတရားကိုလည်း နာမလာဘ အကြောင်းနှင့်တကွ စုံလင်စွာပြခဲ့ပါ။

( ၄ ) အဒိန္နာဒါန၏ ပယောဂကို ပဘေဒအားဖြင့်လည်းကောင်း အရ သရူပ အားဖြင့်လည်းကောင်း စုံလင်စွာ ထုတ်ပြပြီးလျှင်/ ၎င်းအဒိန္နာဒါန၏ တိဝေဒန ဖြစ်ပုံကိုလည်း ပေါ်လွင်စွာ ပြခဲ့ပါ။

( ၅ ) ကာမာဝစရကုသလနိဒ္ဒေသဝါရ - ၌ ပရော ပဏ္ဏာသ ပုဒ်တို့သည် အသီးအသီး ဖြစ်ကုန်သည် ရှိသော် အဘယ် အကြောင်းတို့ကြောင့် အသီးအသီး ဖြစ်ကုန်သနည်း၊ စုံလင်စွာ ဖြေရှင်းပြီးလျှင်/ခန္ဓာတို့သည် ရာသဋ္ဌအားဖြင့် တခုဘည်းသာ ဖြစ်ပါကုန်လျက် အသီးသီး ငါးပါး ဖြစ်ရခြင်း၏ အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

( ၆ ) နီဝရဏတို့မှ တပါးကုန်သော ဒိဋ္ဌိ မာန စသော တရား—တံသဟိတ ဖဿစသော တရားတို့၏ အကုသလဘာဝသည် ထင်ရှား ရှိပါလျက် စျာနဝိဘင်း၌ 'တတ္ထ ကတမေ အကုသလာ ဓမ္မာ ကာမစ္ဆန္ဒော' အစရှိသော နည်းဖြင့် နီဝရဏတို့ကိုသာ ဟောတော်မူခြင်း၏

အကြောင်းကို ညွှန်ပြပြီးလျှင်/ဒုတိယစျာနနိဒ္ဒေသ၌ စေတသောကို သမ္ပသာဒနံနှင့် ယှဉ်စပ်ခိုက်–ဒုတိယစျာန်က စိတ်ကို ကြည်လင်စေခြင်း၏ အကြောင်းကိုလည်း စုံလင်စွာ ပြခဲ့ပါ။

(၇) စတုတ္ထဈာနနိဒ္ဒေသ၌ သုခ ဒုက္ခ သောမနဿ ဒေါမနဿတို့ကို စျာန်၏ဥပစာရခဏ၌သာ ပယ်အပ်ကုန်သည် ဖြစ်ပါလျက် အဘယ်ကြောင့် 'ကတ္ထစုပ္ပန္နံ(ပ)အပရိသေသံ နိရုဇ္ဈတိ' ဟူ၍ စျာန်တို့၌သာ ချုပ်ခြင်းကို ဟောတော်မူအပ်ပါသနည်း၊ ဖြေရှင်းပြီးလျှင်/ပဌမစျာန်၏ ဥပစာရက္ခဏ၌ ဒုက္ခိန္ဒြေ ချုပ်ပြီးဖြစ်ပါလျက် သုဋ္ဌုနိရုဒ္ဓ မဖြစ်ခြင်း၏ အကြောင်းကိုပြခဲ့ပါ။

( ၈ ) အရူပါဝစရကုသလနိဒ္ဒေသ–ရူပသညာနံ သမတိက္ကမာ-၌ သညာ အာရုံ နှစ်ပါးတို့ကို လွန်မြောက်ခြင်းအနက်ကို သိသင့် သိထိုက်ပါလျက် စျာနဝိဘင်း၌ သညာတို့ကိုသာ ကောင်းစွာ လွန်မြောက်ခြင်းကို ဟောတော်မူခြင်း၏ အကြောင်းကို ပြပြီးလျှင်/ရူပသညာ ပဋိဃသညာ နာနတ္တသညာ တို့၏ အရ သရုပ်ကိုလည်း စုံလင်စွာ ထုတ်ပြခဲ့ပါ။

( ၉ ) လောကုတ္တရကုသလနိဒ္ဒေသ– ဒိဋ္ဌိဂတာနံ ပဟာနာယ၌ 'ဒိဋ္ဌိယာဝ ဂတံ ဧတေသန္တိ ပိ ဒိဋ္ဌိဂတာနိ၊ ဒိဋ္ဌိသဒိသဂမနာနိ' ဟူသော အဋ္ဌကထာ စကား အရ ဒိဋ္ဌိနှင့် တူသော ဖြစ်ခြင်းရှိသော တရားတို့ကို ထုတ်ပြပြီးလျှင်/၎င်းတရားတို့ကို ဒိဋ္ဌိသဒိသဂမနတို့ ဟူ၍ ခေါ်ဆိုရခြင်း၏ အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

( ၁၀ ) အကုသလနိဒ္ဒေသ ဝါရ ဧကဂ္ဂတာနိဒ္ဒေသ-ကုသလနိဒ္ဒေသ-၌ 'အာရမ္မဏံ ဩဂါဟေတွာ အနုပဝိသိတွာ တိဋ္ဌတိတိ အဝဋ္ဌိတိ' ဟု ဆိုအပ်သည့် အနက်သဘောကို အကုသလနိဒ္ဒေသ၌ ရနိုင်-မရနိုင်ကို အကြောင်းပြ ဆုံးဖြတ်ပြီးလျှင် / ဝိစိကိစ္ဆာနိဒ္ဒေသ၌ 'ဒွေဠှကံ အနေကံ သဂ္ဂါဟော အာသပ္ပနာ ပရိသပ္ပနာ အပရိယောဂါဟနာ' ပုဒ်တို့ကို သံဝဏ္ဏနာနှင့် အညီအနက် သမ္ဗန်ခဲ့ပါ။

( ၁၁ ) ကိရိယမနောဝိညာဏဓာတု သောမနဿဟဂတ နိဒ္ဒေသဝါရ-၌ စိတ္တေကဂ္ဂတာကို သမာဓိဗလသို့ ရောက်စေ၍ ဝီရိယကို ဝီရိယဗလသို့ ရောက်စေ၍ ထားတော်မူအပ်ပါလျက် ၎င်းတရား နှစ်ပါး ပရိပုဏ္ဏဗလဋ္ဌ အားဖြင့် ဗလ အမည် မရခြင်း-၎င်းတရား နှစ်ပါးကို ဥဒ္ဒေသဝါရ၌ ဗလ ဟူ၍ ဟောမထားခြင်း -သင်္ဂဟဝါရ၌ ဒွေဗလာနိ ဟောန္တိ ဟု မဟောခြင်း၏ အကြောင်း အသီးသီးကို ညွှန်ပြပြီးလျှင်/ ရူပကဏ္ဍ စတုဗ္ဗိဓေန ရူပသင်္ဂဟ-၌ စတုတ္ထ အနိဒဿနဒုက်၏ နောက်ဒုက်တို့နှင့်သော်လည်းကောင်း ရှေးဒုက်တို့ နှင့် သော်လည်းကောင်း တကွ ယှဉ်ခြင်းသို့ မရောက်ခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

( ၁၂ ) နိက္ခေပကဏ္ဍ– ဒဿနေန ပဟာတဗ္ဗဟေတုကတိက်-၌ 'တ္တမေ ဓမ္မာ ဒဿနေန ပဟာတဗ္ဗဟေတုကာ' ဟု နိဂုမ်း အုပ်ပြီးနောက် တဖန် ဟောအပ်သော 'တိဏိ သံယောဇနာနိ ( ပ ) တ္တမေ ဓမ္မာ ဒဿနေ ပဟာတဗ္ဗဟေတုကာ' ဟူသော ပါဠိ၌ ( က ) ပဟာတဗ္ဗဓမ္မ ( ခ ) တဒေကဋ္ဌဟေတု ( ဂ ) သဟေတုကဓမ္မ တို့ကို ပြကြောင်း ပါဠိ တို့ကို အသီးသီး ထုတ်ဖော် ခွဲခြား ပြခဲ့ပါ။ **၁၀–မှတ်စီ။**

# (ခ) တိပိဋကဓရ သဘောဓရးဖြေ စာမေးပွဲ

## (၂) အဘိဓမ္မာပိဋက (ဝိဘင်္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၉ - ခုနှစ်၊ ပြာသိုလဆန်း ၁၃ - ရက်။ (၂၁ - ၁ - ၇၈)

(၁) ဝေဒနာက္ခန္ဓနိဒ္ဒေသ — အဒုက္ခမသုခါဝေဒနာကို အဘယ်ကြောင့် ကာယိကာ ဟု မိန့်အပ်ပါသနည်း၊ ကာယပသာဒ ဟူသော မှီရာ ဝတ္ထု ရှိသည်၏ အဖြစ်ကြောင့် ကာယိကာ ဟု မိန့်အပ်လေသလော ဟူသော စောဒနာကို သောဓနာပြုပြီးလျှင် / အသမာပန္နပုဂ္ဂိုလ် ဝေဒနာ၏ ဩဠာရိကဖြစ်ရခြင်း - သမာပန္နပုဂ္ဂိုလ် ဝေဒနာ၏ သုခုမ ဖြစ်ရခြင်းများ၏ အကြောင်း အသီးသီးကိုလည်း ပြခဲ့ပါ။

(၂) အဘိဓမ္မာဘာဇနီယ ဝိညာဏက္ခန္ဓနိဒ္ဒေသ - ၌ ဝိညာဏ်၏ စက္ခုသမ္ဘဿဇ အစ ရှိသည်၏ အဖြစ်ကို မဟောမူ၍ စက္ခုဝိညာဏံ အစရှိသည်ကို ဟောတော်မူခြင်း၏ အကြောင်းကို အဋ္ဌကထာ ဋီကာ နည်းနှစ်ဖြာဖြင့် စုံလင်စွာ ပြပြီးလျှင် / ပဉ္စာပုစ္ဆက - လာ 'စတ္တာရော ခန္ဓာ သိယာ မဂ္ဂာရမ္မဏာ၊ သိယာ မဂ္ဂဟေတုကာ၊ သိယာ မဂ္ဂာဓိပတိနော' ဟူသော ပါဠိ၌ မဂ္ဂါရမ္မဏ - မဂ္ဂဟေတုက - အာရမ္မဏာဓိပတိ အားဖြင့် မဂ္ဂါဓိပတိ သဟဇာတာဓိပတိ အားဖြင့် မဂ္ဂါဓိပတိ ယထာရဟ ဖြစ်ထိုက်သည့် သိယာ သုံးပုဒ်တို့၏ အရ နာမက္ခန္ဓာ သရုပ်ကိုလည်း ပုဂ္ဂိုလ် ကာလနှင့် တကွ အသီးသီး ယှဉ်တွဲပြခဲ့ပါ။

(၃) အဇ္ဈတ္တိကာယတနတို့တွင် စက္ခာယတန သောတာယတန တို့ကို ရှေးဦးစွာ ဟောခြင်း - ထိုတွင်လည်း စက္ခာယတနကို ရှေးဦးစွာ ဟောခြင်း - ၎င်းတို့၏ နောက်၌ ဃာန ဇိဝှာ ကာယာယတန အစဉ်အားဖြင့် ဟောခြင်း - မနာယတနကို နောက်ဆုံး၌ ဟောခြင်း၏ အကြောင်း-များကို ဖြေပြီးလျှင် / သုတ္တန္တဘာဇနီယ၌ ဒွါရာရမ္မဏယုဂဠ အားဖြင့် အာယတနတို့ကို ဟောသကဲ့သို့ အဘိဓမ္မာဘာဇနီယ၌ မဟောမူ၍ အဇ္ဈတ္တိကဗာဟိရ ဝဝတ္ထာန နည်းဖြင့် ဟောတော်မူခြင်း၏ — အကြောင်း (ဝါ) အကျိုးကိုလည်းပြခဲ့ပါ။

(၄) ဓာတုဝိဘင်္ဂ—သုတ္တန္တဘာဇနီယ - 'ယေန စ အသိတ ပီတ ခါယိတ သာယိတံ အဓောဘာဂံ နိက္ခမတိ' ၌ ယေန အရ အပေါက်၏ အစ အဆုံးကိုလည်းကောင်း အတိုင်း အရှည်ကိုလည်းကောင်း ပြပြီးလျှင် / အဗျာပါဒဓာတုနိဒ္ဒေသ အဝိဟိံသာဓာတု နိဒ္ဒေသ တို့ဝယ် အဆုံး ပုဒ်၌ မေတ္တာသဒ္ဒါ ကရုဏာသဒ္ဒါကို ဟောတော်မူခြင်း၏ အကျိုးကို လည်း ပြခဲ့ပါ။

(၅) သစ္စဝိဘင်္ဂ — သုတ္တန္တဘာဇနီယ - 'ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ' ဟူသော ပါဠိကို အဋ္ဌကထာ ဋီကာ နည်းနှစ်ဖြာဖြင့် အနက် သမ္ဗန်ခဲ့ပါ။

(၆) သမုဒယသစ္စနိဒ္ဒေသ - လာ 'ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ နိဝိသမာနာ နိဝိသတိ' ၌ ဥပ္ပဇ္ဇန နိဝိသန တို့၏ ထူးခြားပုံကို ဋီကာနည်း အရ ခွဲခြားပြပြီးလျှင်/

မဂ္ဂသစ္စနိဒ္ဒေသလာ် အင်္ဂဝိကော ပုဒ်၌ 'အင်္ဂါနို အညာတိ အင်္ဂဝိကော' ဟူသော ဝစနတ္ထ အရ ယူရမည့် ဝစနီယတ္ထကို အကြောင်း ဥပမာတို့နှင့် တကွ ညွှန်ပြခဲ့ပါ။

(၇) ဣန္ဒြိယဝိဘင်္ဂ – သုတ္တန္တပိဋကတ်၌ ဣန္ဒြေတို့ကို တပေါင်းတည်း အားဖြင့် မဟောဘဲ အဘိဓမ္မပိဋကတ်၌ တပေါင်းတည်းအားဖြင့် ဟောတော်မူခြင်း၏ အကြောင်းကို ပြပြီးလျှင်/ 'နဝိန္ဒြိယာ သိယာ ပရိတ္တာရမ္မဏာ' ဟူသော ပါဠိ၌ ဇီဝိတိန္ဒြေကို ရူပမိဿက၏ အဖြစ်ကြောင့် အနာရမ္မဏတရားတို့၌ ပေါင်းယူထိုက်သည် ဖြစ်ပါလျက် နဝိန္ဒြိယ အရတွင် ထည့်သွင်းရခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

(၈) ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ – ဥပါဒါနပစ္စယာဘဝနိဒ္ဒေသ၊ 'သီလဗ္ဗတုပါဒါနေန ရူပါရူပ ဘဝါန ဟောန္တိ' ဟူသော ကေစ္စေဆရာတို့၏ စကားကို မမှတ်ယူထိုက်ခြင်း၏ အကြောင်း ပြပြီးလျှင်/ ထိုစကားကို ကေစ္စေဆရာတို့ ဆိုကြခြင်း၏ အကြောင်း အာဘော်ကိုလည်း ထုတ်ဖော် ပြခဲ့ပါ။

(၉) သတိပဋ္ဌာနဝိဘင်္ဂ–ကာယာနုပဿနာနိဒ္ဒေသ၊ သူတပါး၏ ဇီဝမာနကကိုယ်၌ ပဋိကူလဟု နှလုံးသွင်းသော ယောဂီအား အပ္ပနာ ဥပစာရ နှစ်ပါး ဖြစ်နိုင်-မဖြစ်နိုင်ကို ယုတ္တိ ပြ၍ ဆုံးဖြတ်ပြီးလျှင် / လောက မည်သော ကာယ၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်အပ်သည်၏ အဖြစ်ကြောင့် 'သွေဝ ကာယော လောကော' ဟူ၍သာ ဟောသင့်သည် ဖြစ်ပါလျက် 'ပဉ္စပိ ဥပါဒါနက္ခန္ဓာ လောကော' ဟု ဟောတော် မူခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

(၁၀) သမ္မပ္ပဓာနဝိဘင်္ဂ – သုတ္တန္တဘာဇနီယ၊ မဂ္ဂက္ခဏ၌ မည်သို့ မည်ပုံအားဖြင့် အနုပ္ပန္န ကုသိုလ်တို့၏ ဖြစ်ခြင်းငှာလည်းကောင်း ဥပ္ပန္နကုသိုလ်တို့၏ တည်ခြင်းငှာလည်း ကောင်း ဝီရိယကို ဖြစ်ပွားစေပါသနည်း၊ ဖြေရှင်းပြီးလျှင် / အဘိဓမ္မ ဘာဇနီယ၌ ဝိပါကဝါရကို ဟောတော်မူခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

(၁၁) ဈာနဝိဘင်္ဂ – သုတ္တန္တဘာဇနီယ ဂေါစရနိဒ္ဒေသ၊ 'အနန္နုလောမိကေန သံသဂ္ဂေန' ၌ အနန္နုလောမိက သံသဂ္ဂ မည်သော သံသဂ္ဂကို စုံလင်စွာ ထုတ်ပြပြီးလျှင်/ ဉာဏဝိဘင်္ဂ ဒသကနိဒ္ဒေသ-ပုထုဇ္ဇန်ဖြစ်ခိုက်ကာလ၌ လျှံဒါန်းအပ်သည့် ဒါနဝတ္ထုကို ရဟန္တာ အဖြစ်သို့ ရောက်မှ သုံးဆောင်ရာ၌ ထိုဒါနဝတ္ထုသည် ပုထုဇ္ဇန်အား လှူဒါန်းအပ်သည့် ဒါနဝတ္ထု သို့မဟုတ် ရဟန္တာအား လှူဒါန်းအပ်သည့် ဒါန ဝတ္ထု ဖြစ်ပါသလော ဟူသော သံသယ တံသင်းကို အကြောင်း ယုတ္တိ သွင်း၍ ဖြေရှင်းခဲ့ပါ။

(၁၂) ခုဒ္ဒကဝတ္ထုဝိဘင်္ဂ – တိကနိဒ္ဒေသ-လာ အောက်ပါ ပါဠိ၌ ပေယျာလကို ဖော်ပြခဲ့ပါ။

တတ္ထ ကတမော ပမာဒေါ (လ) အယံ ဝုစ္စတိ ပမာဒေါ။ ၁၀-မှတ်စီ။

## ( ခ ) တိပိဋကဓရ သမဘာဝရေးဖြေ စာမေးပွဲ

### ( ၃ ) အဘိဓမ္မာပိဋက (ဓာတုကထာ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၉ - ခုနှစ်၊ ပြာသိုလဆန်း ၁၄ - ရက်။ ( ၂၂ - ၁ - ၇၈ )

---

( ၁ ) 'သဘာဂေါ ဝိသဘာဂေါ' ဟူသော ပါဠိကို လက္ခဏမာတိကာ ဟု ခေါ်ဆိုရခြင်း၏ အကြောင်းကို ပြပြီးလျှင် / အဗ္ဘန္တရမာတိကာ၌ ဝိတက်အစရှိသည်တို့ကို မဟာဘဲ ဖဿစသော တရားတို့ကိုသာ ဟောတော်မူခြင်း၏ အကြောင်းကိုလည်း အဋ္ဌကထာနည်းအရ ညွှန်ပြခဲ့ပါ။

( ၂ ) ပဋိစ္စသမုပ္ပာဒ်၌ ဘဝကို ကမ္မဘဝ အစရှိသော အပြားအားဖြင့် သောကအစရှိသည်တို့ကိုလည်း သရုပ်အားဖြင့်ပင် ဤကျမ်း ပါဠိတော်၌ ယူအပ် ပါကုန်လျက် အဗ္ဘန္တရမာတိကာ၌ ပဋိစ္စသမုပ္ပာဒ်ကို အင်္ဂါ - ၁၂ - ပါးသာ ရှိသည်၏ အဖြစ်ဖြင့် ယူခြင်း၏ အကြောင်းကို ပြပြီးလျှင် / ပဌမနယနိဒ္ဒေသ - ၌ 'ရူပက္ခန္ဓော ဧကေန ခန္ဓေန' ဟူသော စကားဖြင့် ရူပက္ခန္ဓာ ဟု ဆိုအပ်သော တရားတို့ကို အဘယ်သို့သော ရေတွက်ကြောင်းဖြင့် ရေတွက်ခြင်းကို ပြပါသနည်း၊ ရူပက္ခန္ဓာ ဟူသော ရေတွက်ကြောင်းဖြင့် ရေတွက်ခြင်းကို ပြပါသလော ဟူသော စောဒနာကို ဋီကာနည်း အရ သောမနော ပြုခဲ့ပါ။

( ၃ ) ပဌမနယ ဓမ္မာယတန နိဒ္ဒေသ - ၌ 'အသင်္ခတံ ခန္ဓတော ဌပေတွာ' ဟု ဟောတော်မူခြင်း၏ အကြောင်းကို စုံလင်စွာ ဖော်ပြပြီးလျှင် / အနုပ္ပန္နဓမ္မတို့ကို ရေတွက်ကြောင်းဖြစ်သော အာယတနကရိုဏ်း ဓာတုကရိုဏ်း ပုဒ်တို့ကိုလည်း သရုပ်နှင့် တကွ ပြခဲ့ပါ။

( ၄ ) ဒုတိယနယနိဒ္ဒေသဝါရ - ၌ ရူပက္ခန္ဓ အစရှိသော ပုဒ် မနာယတန ဓမ္မာယတန အစရှိသော ပုဒ်တို့ကို ယူတော် မမူခြင်း၏ အကြောင်းကို ပြပြီးလျှင် / ဤဝါရငယ် ဓမ္မနှစ်ဆယ်တို့ကို ပေါင်းစု၍ ပြုအပ်သော ပဥ္စာ၌ ဓမ္မနှစ်ဆယ်တို့ကိုလည်း ရေတွက်ပြခဲ့ပါ။

( ၅ ) တတိယနယနိဒ္ဒေသ ၊ ဈာနဟောပုဒ်ဖြစ်ခိုက်— 'တေဓမ္မာ ဒွိဟိ ခန္ဓေဟိ (ပ) သင်္ဂဟိတာ' - ၌ တေဓမ္မာအရ ဒွိဟိ ခန္ဓေတိ အရတို့ကို ထုတ်ပြပြီးလျှင် / ဤနယ ဥဒ္ဒါန ဂါထာဝယ် အဋ္ဌ ယောဇနာ မဟာနိရာ၏ အရ သရုပ်ကိုလည်း စုံလင်စွာ ထုတ်ခဲ့ပါ။

( ၆ ) စတုတ္ထနယနိဒ္ဒေသ - ၌ (က) ခန္ဓ အာယတန ဓာတုသင်္ဂဟ သုံးပါးတို့ဖြင့် ရေတွက်တတ်သော တရား မဟုတ်ခြင်းကြောင့် ( ခ ) အာယတန ဓာတု သင်္ဂဟ နှစ်ပါးတို့ဖြင့် ရေတွက်တတ်သော တရား မဟုတ်ခြင်းကြောင့် ( ဂ ) ခန္ဓသင်္ဂဟတပါးဖြင့် ရေတွက်တတ်သော တရားမဟုတ်ခြင်းကြောင့်—( ဃ ) ဓာတုသင်္ဂဟတပါးဖြင့် ရေတွက်တတ်သော တရားမဟုတ်ခြင်းကြောင့်— ဟောပုဒ်အဖြစ်ဖြင့် မထုတ်အပ်သော တရားများကို

တခုစီ အသီးသီး ထုတ်ပြပြီးလျှင် / သုခိန္ဒြေဟောပုဒ်ဖြစ်ခိုက်–ယေဓမ္မာနှစ်ချက်၏ သရုပ်ကို လည်း အသီးသီး ထုတ်ပြခဲ့ပါ။

(၇) ပဌမနယနိဒ္ဒေသ-၌ ပုစ္ဆာ ဝိဿဇ္ဇနာ ပြုပုံ လက္ခဏာကို အဋ္ဌကထာနှင့် အညီ ညွှန်ပြပြီးလျှင် / အနိဒဿန အပ္ပဋိဃ တရားတို့၏ စက္ခာယတနကို အာယတန ဓာတု သင်္ဂဟနှစ်ပါးတို့ဖြင့် မရေတွက်ကုန်သည်၏ အဖြစ် ထင်ရှားရှိပါလျက် ထို အနိဒဿန အပ္ပဋိဃ တရားတို့ကို ဟောပုဒ်အဖြစ်ဖြင့် ထုတ်တော် မမူခြင်း၏ ပရမ္ပရ အကြောင်းကို လည်း ပြခဲ့ပါ။

(၈) ပဌမနယနိဒ္ဒေသ-လာ-ဥဒါန ဂါထာကို ပါဠိ သက်သက် ထုတ်ပြပြီးလျှင် / သဠာယတန ဟောပုဒ် ဖြစ်ခိုက်–ဒုတိယ ယေဓမ္မာပုဒ်၏ အရကိုလည်း အဋ္ဌကထာ ညွှန်ပြနည်းနှစ်ဝဖြင့် ကျနစွာ ကောက်ပြခဲ့ပါ။

(၉) ဆဋ္ဌနယ–နာမ်ခန္ဓာတို့၏ မည်သို့ သဘောရှိသော နာမ်တရားတို့နှင့် မည်သည့် အကြောင်းကြောင့် ယှဉ်ခြင်း မရှိသည်ကို အဋ္ဌကထာ အလိုကျ ဖော်ပြပြီးလျှင် / စက္ခု ဝိညာဏဓာတု နိဒ္ဒေသ ကေဟိစိသမ္ပယုတ္တာ-၌ ကေဟိစိ အရကိုလည်းကောင်း ဝိပ္ပယုတ္တာ-၌ မည်မျှလောက်သော အာယတန ဓာတ်တို့နှင့် မယှဉ်သည်ကို လည်းကောင်း ထုတ်ပြခဲ့ပါ။

(၁၀) 'အဝိတက္က ဝိစာရမတ္တာ ဓမ္မာ ဧကေန ခန္ဓေန ဧကေနာယတနေန ဧကာယ ဓာတုယာ ကေဟိစိ သမ္ပယုတ္တာ' ဟူသော ပါဠိကို သရုပ် ပေါ်လွင်စွာ အနက်ယောဇနာပြီးလျှင် / ဤ၌ အရ တရား တခုတည်းဖြစ်ပါလျက် ကေဟိစိ ဟူသော ဗဟုဝစနနိဒ္ဒေသကို ပြုတော်မူခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

(၁၁) သတ္တမနယ–'သဝိတက္က သဝိစာရေဟိ ဓမ္မေဟိ ယေဓမ္မာ သမ္ပယုတ္တာ၊ တေဟိ ဓမ္မေဟိ ယေဓမ္မာ ဝိပ္ပယုတ္တာ၊ တေဓမ္မာ ကတိဟိ (လ) ဓာတူဟိ ဝိပ္ပယုတ္တာ' ဟူသော ပုစ္ဆာ၏ ဝိဿဇ္ဇနာ ပါဠိကို ထုတ်ပြပြီးလျှင် / ဓာတု ဝိပ္ပယုတ်တရားကိုလည်း ကောက်ပြခဲ့ပါ။

(၁၂) အောက်ပါ ပုစ္ဆာတို့၏ ဝိဿဇ္ဇနာ ပါဠိကို နယနှင့် ညှိ၍ ထုတ်ပြခဲ့ပါ။

(က) ကိလေသေဟိ စေဝ ကိလေသ သမ္ပယုတ္တေဟိ စ ဓမ္မေဟိ ယေ ဓမ္မာ ခန္ဓသင်္ဂဟေန (ပ) သင်္ဂဟိတာ၊ တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သမ္ပယုတ္တာ ကတိဟိ ဝိပ္ပယုတ္တာ။ (ခ) စိတ္တသံသဋ္ဌ သမုဋ္ဌာန သဟဘူဟိ ဓမ္မေဟိ ယေ ဓမ္မာ သမ္ပယုတ္တာ၊ တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတာ၊ ကတိဟိ အသင်္ဂဟိတာ။ (ဂ) သဒ္ဒိန္ဒြိယေန ယေ ဓမ္မာ ဝိပ္ပယုတ္တာ၊ တေဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတာ ကတိဟိ အသင်္ဂဟိတာ။

၁၀ – မှတ်စီ။

# (ခ) တိပိဋကဓရ သဘောဓရေးဖြေ စာမေးပွဲ

## (၄) အဘိဓမ္မာပိဋက (ပဋ္ဌာန) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၉-ခုနှစ်၊ ပြာသိုလ်လပြည့်နေ့။ (၂၃-၁-၇၈)

---

(၁) အဋ္ဌကထာမုတ္တက ပဌမအာစရိယ နယအားဖြင့် 'သတ္တပါဏိဂ္ဂန္ဒသာလဂ္ဂဟာ သုဝဏ္ဏဝဏ္ဏော ပဒုမဿရော မဏိကဋ္ဌကံ' ဟူသော ပညတ်များသည် မည်သည့် ပညတ် မည်သည်ကို အကြောင်းနှင့် တကွ ညွှန်ပြပြီးလျှင် / ကုသော၊ ထူလော အစရှိသော ပညတ်သည် ပါဠိမုတ္တက အဋ္ဌကထာ နယဖြင့် ပြအပ်သော ပညတ်တို့တွင် မည်သည့် ပညတ် ဖြစ်ထိုက်သည်ကိုလည်း ဋီကာ အာဘော်သွင်း၍ ဖြေရှင်းခဲ့ပါ။

(၂) ကေက မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့သည် မည်သည့်ခဏ၌ ကျင့်ဆဲသာ ဖြစ်ပါကုန်သနည်း၊ ဖြေရှင်းပြီးလျှင် / ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တဖိုလ် ခဏ၌ သိက္ခာသုံးပါးကို ကျင့်ခြင်း ကိစ္စရှိ-မရှိကိုလည်း အကြောင်းပြ ဖြေကြားခဲ့ပါ။

(၃) ကေက ရူပါဝစရ စတုတ္ထစျာန်၏ အရူပါဝရ စျာန်နှင့် တူသော စျာန်အင်္ဂါ ရှိသောကြောင့် ရူပါဝစရ စတုတ္ထစျာန်ကို ပဒဋ္ဌာန်ပြု၍ အရဟတ္တဖိုလ်သို့ ရောက်သောအခါ အနာဂါမ် ပုဂ္ဂိုလ်သည် ဥဘတောဘာဂ ဝိမုတ္တ ပုဂ္ဂိုလ် ဖြစ်ထိုက်-မဖြစ်ထိုက် အကြောင်းပြ ဆုံးဖြတ်ပြီးလျှင်/မည်သည့် စျာန်ကို အခြေခံပြု၍ အရဟတ္တဖိုလ်သို့ ရောက်သော အနာဂါမ် ပုဂ္ဂိုလ်သည် ဥဘတောဘာဂ ဝိမုတ္တ ဖြစ်သည်ကိုလည်း အကြောင်းပြ ဖြေရှင်းခဲ့ပါ။

(၄) ကေက ဒိဋ္ဌိပ္ပတ္တ နိဒ္ဒေသ — နာနက္ခဏ-၌ သစ္စာတို့ကို မှတ်သား ပိုင်းခြားခြင်း ကို ပြကြောင်း ပါဠိကို ပြပြီးလျှင်/ ဒိဋ္ဌိပ္ပတ္တ မည်သော ပုဂ္ဂိုလ်များကိုလည်း နာမလာဘ အကြောင်းနှင့် တကွ ပြခဲ့ပါ။

(၅) ကေက သတ္တက္ခတ္တုပရမ နိဒ္ဒေသ — သမ္မောဓိပရာယနော-၌ သမ္မောဓိ အရ သောတာပတ္တိမဂ်ကို ယူခိုက်—ပရာယန၏ အနက် သမ္မောဓိအရ အထက်မဂ် သုံးပါးကို ယူခိုက်—ပရာယန၏ အနက်တို့ကို အဋ္ဌကထာ ဋီကာတို့နှင့် အညီ ညွှန်ပြပြီးလျှင်/ သတ္တက္ခတ္တုပရမ နိဒ္ဒေသ-၌ ယူအပ်သော သောတာပန်-မယူအပ်သည့် သောတာပန်တို့ ကိုလည်း ခွဲခြားပြခဲ့ပါ။

(၆) ဒုက ဒုလ္လဘ နိဒ္ဒေသ — မည်သို့ သဘောရှိသော ပုဂ္ဂိုလ်သည် ပုဗ္ဗကာရီ-မည်သို့ သဘောရှိသော ပုဂ္ဂိုလ်သည် ကတညုကတဝေဒီ မည်သည်ကို အဋ္ဌကထာ ဒုတိယနည်း အရ ကျနစွာ ခွဲပြပြီးလျှင် / ထိုပုဂ္ဂိုလ်များ ဒုလ္လဘ ဖြစ်ရခြင်း၏ အကြောင်း အသီးသီး ကိုလည်း ပြခဲ့ပါ။

(၇) တိက ကာသိက ဝတ္ထုပမာ နိဒ္ဒေသ– ကာသိကဝတ္ထ မည်သော အဝတ်ကိုလည်းကောင်း နဝ မဇ္ဈိမ ဇိဏ္ဏ ဖြစ်သော ကာသိက ဝတ္ထ၏ တန်ဖိုးကိုလည်းကောင်း ညွှန်ပြပြီးလျှင် / 'တဿ တံ ဝစနံ အာဒေယျံ ဂစ္ဆတိ၊ ဂန္ဓကရဏ္ဍကေ ဝနံ ကာသိကဝတ္ထံ' ဟူသော ပါဠိ၌ ဥပမာ ဥပမေယျ နှိုင်းနှော၍ ပြခဲ့ပါ။

(၈) စတုက္က ရူပပ္ပမာဏာဒိ နိဒ္ဒေသ–၌ ဥဂ္ဃာန ဖလူပဇီဝိ စ ပုညဖလူပဇီဝိ စ-ဖြစ်ထိုက်သော ပုဂ္ဂိုလ်များကို စုံလင်စွာ ထုတ်ပြပြီးလျှင်/ အာရောဟ ပရိဏာဟ သဏ္ဌာန ပရဝဏ္ဏနာ ပရပသံသာတို့၏ အရကိုလည်း ပြခဲ့ပါ။

(၉) 'နယိဒံ သုကရံ အဂါရံ အဇ္ဈာဝသတာ ဧကန္တ ပရိပုဏ္ဏံ ဧကန္တ ပရိသုဒ္ဓံ သင်္ခလိခိတံ ဗြဟ္မစရိယံ စရိတုံ' ဟူသော ပါဠိကို အဋ္ဌကထာနှင့် အညီ အနိယမ ဝါကျထည့်၍လည်းကောင်း ဗြဟ္မစရိယ သရုပ် ပေါ်စေ၍လည်းကောင်း မျက်နှာမဲစာလုံးဖြင့် ပြထားသောပုဒ်များ အစပ်မှန်ကန်စေ၍လည်းကောင်း အနက်သမ္ဗန်ခဲ့ပါ။

(၁၀) စတုက္ကနိဒ္ဒေသ– 'အဓိပညာ ဓမ္မ ဝိပဿနာယာတိ အဓိပညာ သင်္ခါတာယ ခန္ဓဓမ္မေသု အနိစ္စာဒိ ဝသေန ပဝတ္တာယ ဝိပဿနာယ' ဟူသော အဋ္ဌကထာ စကား အရ အာရဒ္ဓဝိပဿက ပုထုဇ္ဇန်ကိုလည်း အဓိပညာ ဓမ္မ ဝိပဿနာ လာဘီ ဟု ခေါ်ဆိုသင့်ပါလျက် မဂ္ဂဖလသမင်္ဂီ အရိယသာဝကကိုသာ အဓိပညာ ဓမ္မဝိပဿနာ လာဘီ ဟု ခေါ်ဆိုရခြင်း၏ အကြောင်းကို ပြပြီးလျှင်/ အန္ဓသောတဂါမီ အာဒိ နိဒ္ဒေသ-၌ ဌိတတ္တ၊ ဝါ၊ ဌိတသဘာဝ မည်သော ပုဂ္ဂိုလ်ကိုလည်း ဌိတသဘာဝ မည်ခြင်း၏ အကြောင်းနှင့်တကွ ပြခဲ့ပါ။

(၁၁) ပဉ္စက–'ယတ္ထဿ တေ ဥပန္နာ ပါပကာ အကုသလာ ဓမ္မာ အပရိသေသာ နိရုဇ္ဈန္တိ'-၌ အရဟတ္တမဂ်သို့ ရောက်သော ပုဂ္ဂိုလ်၏ ပါပက အကုသလဓမ္မတို့သည် အကြွင်းမဲ့ ချုပ်ဆဲ ဖြစ်ကုန်ပါလျက် အဘယ်၏ အစွမ်းအားဖြင့် အရဟတ္တဖိုလ်ကိုသာ ဤပါဠိ အရာ၌ ဟောအပ်ပါသနည်း၊ ဖြေရှင်းပြီးလျှင်/ အာပတ်သို့ ရောက်ပါလျက် ဝိပ္ပဋိသာရီ မဖြစ်ခြင်း၏ အကြောင်းကိုလည်း နည်းစုံ ခင်း၍ ဖြေရှင်းခဲ့ပါ။

(၁၂) 'န အာရဘတိ န ဝိပ္ပဋိသာရီ ဟောတိ' အရ ဖြစ်သင့်သော ပုဂ္ဂိုလ်ကို ပြပြီးလျှင် / ထိုပုဂ္ဂိုလ်သည် ဝိသုဒ္ဓသီလ ဖြစ်ပါလျက် အဘယ်သို့ စိတ်ထားခြင်းကြောင့် ပဋိပတ္တိကို မဖြည့်ကျင့်ပါသနည်း၊ ဖြေရှင်းခဲ့ပါ။ ၁၀ – မှတ်စီ။

## (ခ) တိပိဋကဓရ သဘောဓရေးဖြေ စာမေးပွဲ

### (၅) အဘိဓမ္မာပိဋက ( ကထာဝတ္ထု ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၉-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁-ရက်။ ( ၂၄-၁-၇၈ )

( ၁ ) ပုဂ္ဂလကထာ ပဋိကမ္မ စတုက္က—၌ ဌပနာ အနုလောမပါပနာ အနုလောမရောပနာ ပဋိလောမပါပနာ ပဋိလောမရောပနာ ဟု ငါးခုရှိခြင်းကြောင့် 'ဟဉ္စိ ပုဂ္ဂလော-နုပလဗ္ဘတိ' စသော စကားသည် ပဋိကမ္မပဉ္စက မည်သင့်သည်ဖြစ်ပါလျက် ပဋိကမ္မစတုက္က မည်ရခြင်း၏ အကြောင်းကို ပြပြီးလျှင် / ပစ္စနီကာနုလောမပဉ္စက-၌ 'ယော သစ္စိကဋ္ဌော ပရမတ္ထော၊ တတော သော ပုဂ္ဂလော နုပလဗ္ဘတိ သစ္စိကဋ္ဌ ပရမတ္ထေန' ဟူသော ပရဝါဒီ ပုစ္ဆာ၌ 'န ဟေဝံ ဝတ္တဗ္ဗေ' ဟု သကဝါဒီက ပယ်မြစ် ဖြေဆိုခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

( ၂ ) ပုဂ္ဂလကထာ ကာလသစ္စိကဋ္ဌ—'သဗ္ဗဒါ ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေန' ဟူသော အနုယောဂကို ပြုသော သကဝါဒီ၏ ရည်ရွယ်အပ်သော ကာလကိုလည်းကောင်း 'န ဟေဝံ ဝတ္တဗ္ဗေ' ဟု ပဋိက္ခေပ ပြုသော ပရဝါဒီ၏ ရှုမြင်အပ်သော ဒေါသကိုလည်းကောင်း စုံလင်စွာ ပြပြီးလျှင် / 'ဂတိအနုယောဂ သေဝ ပုဂ္ဂလော သန္ဓာဝတိ အသ္မာ လောကာ ပရံလောကံ ပရသ္မာ လောကာ ဣမံ လောကံ' ဟူသော ရှေ့ပုစ္ဆာ၌ ပဋိက္ခေပ ပြုပါလျက် အလားတူ နောက်ပုစ္ဆာ၌ ပဋိဇာနန ပြုသော ပရဝါဒီ၏ အာဘော် အကြောင်းကိုလည်း ပြခဲ့ပါ။

( ၃ ) ဝါဒယုတ္တိ ပရိဟာနိ ကထာ— 'သဗ္ဗတ္ထ အရဟာဘော ပရိဟာနိ'၌ 'ပရိဟာနိ ဟူသော စကားဖြင့် မည်သည့်တရားတို့ကို သကဝါဒီ မေးပါသနည်း၊ ဖြေရှင်းပြီးလျှင်/ ထိုသကဝါဒီ ပုစ္ဆာ၌ ပရဝါဒီ ပယ်ရှားခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

( ၄ ) သံသန္ဒန ဗြဟ္မစရိယကထာ—ဣဓ ဝိဟာယ နိဋ္ဌာ ပုဂ္ဂလဿ မဂ္ဂေါ စ ဘာဝိယတိ၊ န စ ကိလေသာ ပဟီယန္တိ' ဟူသော ပုစ္ဆာ၌ ဣဓ ဝိဟာယ နိဋ္ဌ မည်သော ပုဂ္ဂိုလ်ကို နာမ လာဘ အကြောင်းနှင့် တကွ ညွှန်ပြပြီးလျှင် / မည်သည့်မဂ်ကို ရည်၍ မည်သည့် အကြောင်းကြောင့် ပရဝါဒီပုဂ္ဂိုလ် ပယ်မြစ် ဖြေဆိုသည်ကိုလည်း ဖြေရှင်းခဲ့ပါ။

( ၅ ) 'အပ္ပဋိဝိဒ္ဓါ ကုပ္ပေါ တတ္ထ ပရိနိဗ္ဗာယတိ' ဟူသော သကဝါဒီ ပုစ္ဆာ၌ န ဟေဝံ ဝတ္တဗ္ဗေ ဟု ပရဝါဒီ ပယ်ခြင်း၏ အကြောင်းကို ပြပြီးလျှင်/ ပရဝါဒီ ထုတ်ဆောင်အပ်သည့် 'ယထာမိဂေါ သလ္လေန ဝိဒ္ဓေါ ဒူရမ္ပိ ဂန္တွာ ကာလံ ကရောတိ၊ ဧဝမေဝ အနာဂါမိပုဂ္ဂလော ဣဓ ဘာဝိတေန မဂ္ဂေန တတ္ထ ဖလံ သစ္ဆိကရောတိ' ၌ ပရဝါဒီ အလို ဥပမာ ဥပမေယျ နှီးနှော ပြခဲ့ပါ။

( ၆ ) တတိယဝဂ် အရိယန္တိ ကထာ—'သုညတာရမ္မဏံ' ဟူသော ရှေး သကဝါဒီ

ပုစ္ဆာ ၁ ၌ 'န ဟောဝံ ဝတ္တမွေ'ဟူ၍ အလားတူ နောက်ပုစ္ဆာ၌ အာမန္တာဟူ၍ ဖြေဆိုသော ပရဝါဒီ၏ ရည်ရွယ်အပ်သည့် အချက် အသီးသီးကို ညွှန်ပြပြီးလျှင်/ သတ္တာ ပဏ္ဍိနာ အပ္ပဏိဟိတာ ခန္ဓာ ဟူသော အဋ္ဌကထာ စကား၌ သတ္တပဏိဓိသည် မည်သည့်အကြောင်း ကြောင့် ပဏိဟိတ ဟု ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့ ရောက်သည်ကိုလည်း ပြခဲ့ပါ။

(၇) စတုတ္ထဝဂ္ဂ ဗောဓိယာ ဗုဒ္ဓေါတိ ကထာ — နနု ဗောဓိပဋိလာဘာ ဗုဒ္ဓေါ ပရဝါဒီ ပုစ္ဆာ၌ အာမန္တာ ဟု သကဝါဒီ ဖြေဆိုခြင်း၏ အကြောင်းကို ပြပြီးလျှင်/ ဗောဓိပဋိလာဘာ ဗုဒ္ဓေါတိ ဗောဓိယာ ဗုဒ္ဓေါ ဟူသော သကဝါဒီ ပုစ္ဆာ၌ အာမန္တာ ဟု ပရဝါဒီ ဝန်ခံ ဖြေဆိုခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

(၈) ပဉ္စမဝဂ္ဂ နိယာမကထာ — 'အနိယတဿ နိယာမဂမနာယ အတ္ထိ ဉာဏံ' ဟူသော သကဝါဒီ ပုစ္ဆာ၌ အနိယတဟု ခေါ်ဆိုအပ်သည့် ပုဂ္ဂိုလ် နိယာမဟု ခေါ်ဆိုအပ်သည့်တရား ဉာဏ်အရ ယူသင့်သည့်ဉာဏ် တို့ကို အာမန္တာဟု ဝန်ခံသော ပရဝါဒီ၏ အယူ အားဖြင့် ညွှန်ပြပြီးလျှင် /'အနိယတဿ နိယာမဂမနာယ နတ္ထိ ဉာဏံ'ဟူသော သကဝါဒီ ပုစ္ဆာ၌ ပရဝါဒီ၏ ပဋိက္ခေပပြုခြင်း၏ ပရမတ္ထအကြောင်းကိုလည်း ပြခဲ့ပါ။

(၉) ဆဋ္ဌဝဂ္ဂ သစ္စကထာ — 'စတ္တာရိ သစ္စာနိ အသင်္ခတာနိ' ဟူသော သကဝါဒီ ပုစ္ဆာ၌ မည်သည့် အနက်သဘောကို အလိုရှိအပ်သည်၏ အဖြစ်ကြောင့် ပရဝါဒီပုဂ္ဂိုလ်က အာမန္တာဟု ဖြေဆိုပါသနည်း ၊ ဖြေရှင်းပြီးလျှင် / ထိုပရဝါဒီ ဝန်ခံချက် စကားသည် အသင့်ယုတ္တိ ရှိသော စကား ဟုတ် - မဟုတ် ကိုလည်း အကြောင်းပြ ဆုံးဖြတ်ခဲ့ပါ။

(၁၀) ကောဒသမဝဂ္ဂ ဉာဏကထာ — 'အညာဏေ ဝိဂတေ ဉာဏဝိပ္ပယုတ္တေ စိတ္တေ ဝတ္တမာနေ နဝတ္တဗ္ဗံ ဉာဏီတိ' ဟူသော သကဝါဒီ ပုစ္ဆာ၌ အာမန္တာ ဟု ဝန်ခံ ဖြေဆိုသော ပရဝါဒီ၏ အယူကို ညွှန်ပြပြီးလျှင်/ 'အတီတေန ဉာဏေန ဉာဏီ နိရုဒ္ဓေန ဝိဂတေန ပဋိပဿဒ္ဓေန ဉာဏီ' ဟူသော ပရဝါဒီ ပုစ္ဆာ၌ န ဟောဝံ ဝတ္တမွေ' ဟု သကဝါဒီ ပုဂ္ဂိုလ် ပယ်ရှား ဖြေဆိုခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

(၁၁) တေရသမဝဂ္ဂ အနန္တရာ ပယုတ္တကထာ — အနန္တရာ ပယုတ္တ မည်သော ပုဂ္ဂိုလ်ကို ထုတ်ဆို ညွှန်ပြပြီးလျှင် /မည်သို့သော အနန္တရာပယုတ္တ ပုဂ္ဂိုလ်သည် မည်သည့် အကြောင်းကြောင့် မိစ္ဆတ္တနိယာတ ဖြစ်၍ သမ္မတ္တနိယာမသို့ သက်ရောက်ခြင်းငှာ မထိုက်သည် ကိုလည်း သက သမယ သန္နိဋ္ဌာန်အရ ဖြေရှင်း ပြခဲ့ပါ။

(၁၂) တေရသမဝဂ္ဂ အဃာတရာဂကထာ — 'အတ္ထိ အဃာတ ရာဂေါ'ဟူသော သကဝါဒီ ပုစ္ဆာ၌ အဘယ်သို့သော စကားကိုမှီ၊ အဘယ်အယူ၌ တည်၍ အာမန္တာ ဟု ပရဝါဒီ ဝန်ခံ ဖြေဆိုပါသနည်း၊ ဖြေရှင်းပြီးလျှင်/ အဃာတ ရာဂရှိသည်၏ အဖြစ်ကို ပြီးစေခြင်းငှာ ပရဝါဒီ ဆောင်အပ်သည့် သုတ်ကိုလည်း ပါဠိသက်သက် ထုတ်ပြခဲ့ပါ။

၁၀—မှတ်စီ။

## ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### ( ၁ ) အဘိဓမ္မာပိဋက ( ဓမ္မသင်္ဂဏီ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၀ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ( ၁၄ ) ရက်။ ( ၂၆ - ၁ - ၇၉ )

( ၁ ) ပီတိတိက်၌ ( က ) ပီတိသဟဂတ သာ ဖြစ်၍ သုခသဟဂတ မဖြစ်သော တရား၊ ( ခ ) သုခသဟဂတသာ ဖြစ်၍ ပီတိသဟဂတ မဖြစ်သော တရား၊ ( ဂ ) နှစ်ပါးစုံ ဖြစ်သော တရား၊ (ဃ) နှစ်ပါးစုံမဖြစ်သော တရားများကို ခွဲခြား ပြပြီးလျှင်/ ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ- ၌ ဂေါတြဘု စိတ်သည် နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သည် ဖြစ်ပါလျက် ဒဿန မည်သည်အဖြစ်သို့ မရောက်ခြင်း၏ အကြောင်းကို ဋီကာနည်းအရ ညွှန်ပြခဲ့ပါ။

( ၂ ) အောက်မင် သုံးခု၌ ရှိသော ပညာ၏ လျှပ်စစ် ဟူသော ဥပမာ ရှုံခြင်း ( လျှပ်စစ်နှင့် တူခြင်း ) ၏ အကြောင်းကို ပြပြီးလျှင်/ဒေါဝစဿတာ - ၌ ဒုဗ္ဗစ ပုဂ္ဂိုလ်၏ အင်္ဂါများကို အဋ္ဌကထာ အလိုကျ ညွှန်ပြခဲ့ပါ။

( ၃ ) ကာယကမ္မ ဒွါရ မည်သော ဝိညတ်၏ အရ သရုပ်ကို နိဝတ္တေတဗ္ဗ ဂဟေတဗ္ဗ အားဖြင့် ထုတ်ပြပြီးလျှင်/ထိုဝိညတ်၏ စိတ္တသမုဋ္ဌာန မဟုတ်ပါဘဲလျက် စိတ္တသမုဋ္ဌာန မည်ခြင်း၏ အကြောင်းကိုလည်း ဥပမာနှင့် တကွ ထင်စွာ ပြခဲ့ပါ။

( ၄ ) တပါးသော သတ္တဝါဟူသော တည်ရာ အာရုံရှိသည့် ကောမျှ ဖြစ်လျှင် ကောစ သမင်္ဂီ ပုဂ္ဂိုလ်အား ကမ္မပထ မြောက်သော ဗျာပါဒ ဖြစ် - မဖြစ်ကို အကြောင်းပြ ဆုံးဖြတ်ပြီးလျှင်/အဗျာပါဒကို ပဇဟိတဗ္ဗ ဓမ္မ ကောဋ္ဌာသ အာရမ္မဏ ဝေဒနာ မူလ တို့ဖြင့် ဝေဘန်ပြခဲ့ပါ။

( ၅ ) ကာမာဝစရ ကုသလ နိဒ္ဒေသ ဝါရ— ' မနော မနာယတနံ ' ဟူသော ပါဌ်၌ မနာယတန သဒ္ဒါဖြင့်ပင် လိုအပ်သော အနက် ပြီးပါလျက် မနောသဒ္ဒါကို ဟော တော်မူခြင်း၏ အကျိုးကိုလည်းကောင်း ထိုမနောသဒ္ဒါဖြင့် မည်သည့်အနက်ကို ပြသည် ကို လည်းကောင်း ညွှန်ပြပြီးလျှင် / ထိုမနသည် မည်သည့် အကြောင်းကြောင့် မည် သည့် အနက်အားဖြင့် အာယတန မည်သည်ကိုလည်း စုံလင်စွာ ပြခဲ့ပါ။

( ၆ ) ရူပါဝစရ ကုသလ နိဒ္ဒေသ—၌ ' ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ ' နှစ်ပုဒ်တို့တွင် ပဌမပုဒ်ဖြင့် အဘယ်ကို ပယ်ခြင်း- အဘယ်ကို စွန့်ခြင်း- ဒုတိယ ပုဒ်ဖြင့် အဘယ်ကို ပယ်ခြင်း - အဘယ်ကို စွန့်ခြင်းကို ထင်ရှား ပြအပ်ပါသနည်း၊ အ ကြောင်းနှင့် တကွ ပြပြီးလျှင်/တတိယဈာန နိဒ္ဒေသ ဝိတက် ဝိစာရ တို့သည် ဒုတိယဈာန် ၌ပင် ငြိမ်းပြီး ကုန်သည် ဖြစ်ပါလျက် တတိယဈာန်၌ ' ဝိတက္က ဝိစာရာနဉ္စ ဝူပသမာ ' ဟူ သော စကားကို ပေါင်းဆည်းသောအားဖြင့် ဟောတော်မူခြင်း၏ အကျိုးကိုလည်းပြခဲ့ပါ။

( ၇ ) ဗြဟ္မဝိဟာရ လေးပါးတို့၏ သမ္ပတ္တိ ဝိပတ္တိ တို့ကို အသီးသီး ထုတ်ပြပြီးလျှင်/

ပြဟ္မဝိဟာရ လေးပါးတို့၏ အပ္ပမာဏ အာရုံ ရှိကုန်သည်၏ အဖြစ်အားဖြင့် တူသော လက္ခဏာ ရှိကြပါကုန်လျက် ရှေး ပြဟ္မဝိဟာရ သုံးပါးတို့၏ တိကစျာန် စတုက္ကစျာန် တို့နှင့် သာ ယှဉ်ကြခြင်း၏ ပရမ္ပရ အကြောင်းကိုလည်း စုံလင်စွာ ပြခဲ့ပါ။

(၈) လောကုတ္တရ ကုသလ နိဒ္ဒေသ - လာ— 'ပဌမာယ ဘူမိယာ ပတ္တိယာ' - ၌ ဘူမိယာ ဟူသော သာဓာရဏ သဒ္ဒါ ဟောအပ် ဟောနိုင်သော ဘူမိ မည်သော တရား တို့ကို လည်းကောင်း ဤ၌ လိုအပ်သော တရားကို လည်းကောင်း ထုတ်ပြပြီးလျှင်/သော တာပတ္တိဖိုလ်၏ နိဗ္ဗာန်ကဲ့သို့ လောကကို လွန်မြောက်ပြီး အဖြစ်သည် တူပါလျက် ဘူမိ ဟု ခေါ်ဆိုရခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

(၉) ကောဒသမ—အကုသလ စိတ္တနိဒ္ဒေသ ဝါရ စိတ္တဿေကဂ္ဂတာ နိဒ္ဒေသ - ၌ အခြားစိတ်များ၏ နိဒ္ဒေသများ ၌ ကဲ့သို့ သဏ္ဍိတိ အဝဋ္ဌိတိ ပုဒ်တို့ကို မဟောဘဲ စိတ္တဿ ဋ္ဌိတိ ဟူသော တပုဒ်တည်းကိုသာ ဟောတော်မူခြင်း၏ အကြောင်းကို ပြပြီးလျှင်/ကာမာ ဝစရ ကုသိုလ်စိတ်တို့၌ ဟောတော်မူအပ်သော ကမ္မဒွါရ အပြား ကမ္မပထ အပြား ပုည ကိရိယဝတ္ထု အပြား၏ မဟာဝိပါက်စိတ်၌ မရှိခြင်း အကြောင်းကိုလည်း စုံလင်စွာ ပြခဲ့ပါ။

(၁၀) ဒွါဒသမ—အကုသလစိတ္တ ဓမ္မုဒ္ဒေသ ဝါရ - ၌ လာသော ပုဒ်များသည် ပဒ ပဋိပါဋိအားဖြင့် မည်မျှ၊ အဂ္ဂဟိတဂ္ဂဟဏ အားဖြင့် မည်မျှ အရေအတွက် ရှိသည်ကို လည်းကောင်း အဂ္ဂဟိတဂ္ဂဟဏ ပုဒ်များအနက် အဝိဘတ္တိကပုဒ် သဝိဘတ္တိက ပုဒ်များကို လည်းကောင်း ယေ ဝါ ပနက တရားများကိုလည်းကောင်း သရုပ်မဘက် အရေအတွက်မျှ ထုတ်ပြပြီးလျှင် / သဝိဘတ္တိက ပုဒ်များ ( ဝါ ) သဝိဘတ္တိက တရားများအနက် ၂ - ဌာန ၃ - ဌာန ၄ - ဌာန ၆ - ဌာန ၌ ဝေဘန်အပ်သော တရား အသီးသီးကိုလည်း ဝေဘန်ရာ ဌာနနှင့် တကွ ညွှန်ပြခဲ့ပါ။

(၁၁) ရူပကဏ္ဍ—ရူပဝိဘတ္တိ ဒုက ဇရာ မရဏ နိဒ္ဒေသ - ၌ ကာလကို လွန်ရာ အခါ၌ ဇရာ၏ ကိစ္စကို ပြကြောင်း သဒ္ဒါ တို့ကိုလည်းကောင်း ထိုသဒ္ဒါတို့ဖြင့် ပြအပ် သော ကိစ္စတို့ကို လည်းကောင်း ကာလကို လွန်ရာ အခါ၌ ဇရာ၏ ပကတိကို ပြကြောင်း သဒ္ဒါတို့ကို လည်းကောင်း ထိုသဒ္ဒါတို့ဖြင့် ပြအပ်သော ပကာတိကိုလည်းကောင်း ညွှန်ပြ ပြီးလျှင်/ဥပါဒိဏ္ဏ နိဒ္ဒေသ - ၌ ရူပါယတန အစရှိသော ရုပ်တို့ကို ယံ ဝါ ပနညမ္ပိ အတ္ထိ ရူပံ ဟု အကျဉ်း ပြတော် မူပြီးပါလျက် တဖန် ကမ္မဿ ကတတ္တာ ရူပါယတနံ အစရှိ သော နည်းဖြင့် အကျယ်ခွဲတော် မူခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

(၁၂) နိက္ခေပကဏ္ဍ—သရဏဒုက နိဒ္ဒေသ - ၌ ဝိစိကိစ္ဆာ သမ္ပယုတ္တ မောဟ - ဥဒ္ဓစ္စ သမ္ပယုတ္တ မောဟသည် မည်သည့် ရဏအားဖြင့် သရဏ ဖြစ်ပါသနည်း၊ အကြောင်းနှင့် တကွ ပြပြီးလျှင် / စေတောပရိယဉာဏ် ယထာကမ္မုပဂဉာဏ် တို့၏ အာရုံ အထူးကို အဋ္ဌကထာနည်း ပါဠိတော်နည်း နှစ်ဝဖြင့် ခွဲခြား၍ ပြခဲ့ပါ။ ၁၀—မှတ်။

## ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### ( ၂ ) အဘိဓမ္မာပိဋက ( ဝိဘင်္ဂ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၀-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ - ရက်။ ( ၂၇-၁-၇၉ )

( ၁ ) ကောဋ္ဌာသ အနက်သည် ခန္ဓသဒ္ဒါ၏ အနက်ဖြစ်လျှင် နိဗ္ဗာန်၏ ဆင်္ဃကောဋ္ဌာသ ဖြစ်ခြင်းကြောင့် နိဗ္ဗာန်ဟူသော ဆင်္ဃခန္ဓာသည်လည်း ဖြစ်သင့် ရှိသင့်သည် မဟုတ်ပါလော၊ သို့ပါလျက် မည်သည့်အကြောင်းကြောင့် နိဗ္ဗာန်၏ ကောဋ္ဌာသ အနက်အားဖြင့် ခန္ဓာ၏ အဖြစ်ကို ဟောတော် မမူပါသနည်း — ဟူသော စောဒနာကို သောဓနာ ပြုပြီးလျှင်/ သုတ္တန္တ ဒေသနာ၌ အတိတ် အနာဂတ် ပစ္စုပ္ပန် ရုပ်ကို ပိုင်းခြားကြောင်း တရားကိုလည်းကောင်း ပိုင်းခြားပုံ အခြင်းအရာကိုလည်းကောင်း သိသာပေါ်လွင်အောင်ပြခဲ့ပါ။

( ၂ ) ရုပ်သည် ဝေဒနာ အစရှိသည်တို့ကဲ့သို့ သာသဝ အနာသဝ နှစ်မျိုး မဟုတ်၊ သာသဝ တမျိုးတည်းသာ ဖြစ်ပါလျက် ထိုရုပ်ကို ခန္ဓာတို့၌လည်းကောင်း ဥပါဒါနက္ခန္ဓာ တို့၌လည်းကောင်း ဟောတော်မူခြင်း၏ အကြောင်း အသီးသီးကို စုံလင်စွာ ပြပြီးလျှင်/ အဘိဓမ္မာဘာဇနီယ သံခါရက္ခန္ဓနိဒ္ဒေသ၌ အခြားနိဒ္ဒေသတို့၌ကဲ့သို့ ဖဿသမ္ပယုတ္တော ဟု ဟောတော်မမူဘဲ စိတ္တဝိပ္ပယုတ္တောဟု ဟောတော်မူခြင်း၏ အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

( ၃ ) အာယတနဝိဘင်္ဂ — အဘိဓမ္မာဘာဇနီယ · လာ — 'တတ္ထ ကတမံ ဓောဋ္ဌဗ္ဗာယတနံ (လ) ဣဒံ ဝုစ္စတိ ဖောဋ္ဌဗ္ဗာယတနံ' ဟူသော ပါဠိ၌ ပေယျာလကိုဖော်ပြပြီးလျှင်/အာယတန ဝိဘင်္ဂပဉ္စာပုစ္ဆက အာရမ္မဏတိက်တို့၌ န ဝတ္တဗ္ဗ ကောဋ္ဌာသသို့ ကပ်ဝင်သော အာယတနကို လည်း ကပ်ဝင်ခြင်း၏ ဂဟေတဗ္ဗအကြောင်း နိဝတ္တေတဗ္ဗအကြောင်းတို့နှင့် တကွ ပြခဲ့ပါ။

( ၄ ) ဓာတုဝိဘင်္ဂ — သုတ္တန္တဘာဇနီယ တတိယဆက္က · ၌ ဝိဟိံသာ ဓာတုကို ဝဏ္ဏနတ္ထ အဘိဓေယျတ္ထ လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ဖြင့် ဝေဘန်ပြီးလျှင်/ကာမဝိတက်သည် သတ္တ သင်္ခါရ နှစ်ပါးတို့၌ ဖြစ်ပါလျက် မည်သည့် အကြောင်းကြောင့် ကမ္မပထ ဘေဒ ဖြစ်ပါသနည်း၊ ဗျာပါဒကဲ့သို့ သတ္တဝါ အာရုံ၌ ဖြစ်သော်သာ ကမ္မပထ ဘေဒ ဖြစ်သင့် သည် မဟုတ်ပါလော · ဟူသော စောဒနာကို သောဓနာ ပြုခဲ့ပါ။

( ၅ ) သစ္စဝိဘင်္ဂ ဒုက္ခသစ္စ နိဒ္ဒေသ · လာ — အာယတနာနံ ပဋိလာဘော·တွင် အာယ- တနာနံ၌ မည်သည့် ဘုံဝယ် မည်သည့် ခဏ၌ ဖြစ်သော မည်သည့် မည်သည့်အာယတနတို့၏ အစွမ်းဖြင့် ပေါင်းယူခြင်းကို သိထိုက်ပါသနည်း၊ သေချာ ကျန ခွဲဝေပြပြီးလျှင်/ပဋိလာ- ဘော ပုဒ်၏ အဓိပ္ပာယတ္ထကိုလည်း အဋ္ဌကထာ အလိုကျ ညွှန်ပြခဲ့ပါ။

( ၆ ) သစ္စဝိဘင်္ဂ အဘိဓမ္မ ဘာဇနီယ · ၌ သုတ္တန္တဘာဇနီယ၌ကဲ့သို့ အရိယသစ္စာနိ ဟု ဟောတော် မမူဘဲ စတ္တာရိ သစ္စာနိ ဟူ၍ ဟောတော်မူခြင်း၏ အကျိုးကို ညွှန်ပြပြီးလျှင် / ပဉ္စာ ပုစ္ဆက လာ ဒုက္ခသစ္စံ သိယာ မဂ္ဂါရမ္မဏံ သိယာ မဂ္ဂါဓိပတိ၌ သိယာနှစ်ပုဒ်တို့၏ အရ သရုပ်ကို ပုဂ္ဂိုလ် ကာလနှင့် တကွ ယှဉ်တွဲ ထုတ်ပြခဲ့ပါ။

(၇) ဣန္ဒြိယဝိဘင်္ဂ—ဣန္ဒြေတို့တွင် အဇ္ဈတ္တိကဣန္ဒြေ ခြောက်ပါးတို့ကို ရှေးဦးစွာ ဟောတော်မူခြင်း၏ အကြောင်းကို ပြပြီးလျှင် / ပဋ္ဌာနပုစ္ဆကာ၌ 'ဣတ္ထိန္ဒြိယာ သိယာ ဥပ္ပန္နာ သိယာ ဥပ္ပါဒိနော' ဟူသော စကားကို မည်သည့် ဣန္ဒြေတို့ကို ရည်ရွယ်၍ ဟောတော်မူပါသနည်း၊ ဖြေရှင်းခဲ့ပါ။

(၈) အဝိဇ္ဇာပစ္စယာ သင်္ခါရ - သင်္ခါရသဒ္ဒေန အာဂတသင်္ခါရ နှစ်မျိုးအနက် သင်္ခါရသဒ္ဒေန အာဂတသင်္ခါရတို့၏ ပဘေဒကိုလည်းကောင်း သရူပကိုလည်းကောင်း ထုတ်ပြပြီးလျှင် / သမ္ဘာဝန္တိသဒ္ဒါကို သောက အစရှိသော ပုဒ်တို့နှင့်သာ ယှဉ်စေခြင်းကို ပြုကရောက်ရာသော အပြစ် - အဝိဇ္ဇာ အစရှိသော ခပ်သိမ်းသော ပုဒ်တို့နှင့်လည်း ယှဉ်စေခြင်းကို ပြုက ရနိုင်သော အကျိုးများကိုလည်း အဋ္ဌကထာနည်းအရ အကျဉ်းချုံး၍ ပြခဲ့ပါ။

(၉) ကာမာဝစရ ပုညာဘိသင်္ခါရသည် အဝိသေသ အားဖြင့် ပဋိသန္ဓေအခါ မည်သည့်ဘုံ၌ မည်မျှလောက်သော ဝိပါက ဝိညာဏ်တို့အား ပဝတ္တိအခါ မည်သည့်ဘုံ၌ မည်မျှလောက်သော ဝိပါက ဝိညာဏ်တို့အား မည်သည့် ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ကို အသီးသီး ခွဲခြား ပြပြီးလျှင် / ဘဝနိဒ္ဒေသ - ၌ကဲ့သို့ သင်္ခါရနိဒ္ဒေသ၌လည်း ပုညာဘိသင်္ခါရ အစရှိသည်တို့ကိုသာ ဟောတော်မူအပ်ပြီးကုန်ပါလျက် ဘဝနိဒ္ဒေသ၌ ပုညာဘိသင်္ခါရ အစရှိသည်တို့ကိုသာ နောက်ထပ် တဖန် ဟောတော်မူပြန်ခြင်း၏ သတ္တကသာ ဖြစ်ရခြင်း၏ အကြောင်းကို အဋ္ဌကထာလာ ပဋ္ဌမနည်းအရ ညွှန်ပြခဲ့ပါ။

(၁၀) သတိပဋ္ဌာန ဝိဘင်္ဂ ကာယာနုပဿနာ ဥဒ္ဒေသ - ၌ 'အာတာပီ သမ္ပဇာနော သတိမာ' ဟူသော ပဒတ္တယကို ဟောတော်မူခြင်း၏ အကျိုးကို အဋ္ဌကထာ ဒုတိယနည်းအရ ညွှန်ပြပြီးလျှင်/ ဗောဇ္ဈင်္ဂ ဝိဘင်္ဂ သုတ္တန္တဘာဇနီယ လာ— 'သတိ သမ္ဗောဇ္ဈင်္ဂ ဘာဝေတိ (ပ) ဝေါဿဂ္ဂ ပရိဏာမိ'' ၌ ဝေါဿဂ္ဂ နှစ်မျိုးတို့၏ သရုပ် အသီးသီးကိုလည်း စုံလင်စွာ ကောက်ပြခဲ့ပါ။

(၁၁) သိက္ခာပဒ ဝိဘင်္ဂ သိက္ခာပဒ ဝါရ-ဝယ် ကြိယာတို့၌ ဝိရတိတို့ကို ထုတ်တော်မမူခြင်း၏ အကြောင်းကို ပြပြီးလျှင် / ပဋိသမ္ဘိဒါ ဝိဘင်္ဂ ပဋိဘာန ပဋိသမ္ဘိဒါသည် တပါးသော ပဋိသမ္ဘိဒါတို့၏ ကိစ္စကို သိပါလျက် မိမိကိုယ်တိုင် ထိုကိစ္စကို ပြုခြင်းငှာ မစွမ်းနိုင်ပုံကို ဥပမာ ဆောင်၍ ထင်ရှားအောင် ပြခဲ့ပါ။

(၁၂) ရူပကဏ္ဍ၌ ပစ္စုပ္ပန်ရုပ်ကို 'ဥပ္ပန္နံ ဆဟိ ဝိညာဏေဟိ ဝိညေယျံ' ဟု ဟောတော်မူအပ်သလို ဉာဏ ဝိဘင်္ဂ ကေက နိဒ္ဒေသ၌ ပဉ္စဝိညာဉ်တို့ကို ပစ္စုပ္ပန် ဖြစ်ပါလျက် 'ဆဟိ ဝိညာဏေဟိ ဝိညေယျံ' ဟု ဟောတော်မမူဘဲ မနောဝိညာဏ ဝိညေယျမေဝ ဟု ဟောတော်မူခြင်း၏ အကြောင်းကို ပြပြီးလျှင် / ဓမ္မဟဒယ ဝိဘင်္ဂ ဥပ္ပတ္တာ နုပ္ပတ္တိဝါရ၌ ရူပဓာတုယာ ဆ အာယတနာနိ၊ နဝ ဓာတုယော အစရှိသောစကားကို ဟောတော်မူခြင်း၏ အကြောင်းကို အဋ္ဌကထာ အားတော်သွင်း၍ ဖြေရှင်းခဲ့ပါ။ ၁၀—မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၃) အဘိဓမ္မာပိဋက (ဓာတုကထာ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၀-ခုနှစ်၊ တပို့တွဲလဆန်း ၁ - ရက်။ (၂၈-၁-၇၉)

(၁) သင်္ဂဟိတေန အသင်္ဂဟိတံ ဟူသော ဒုတိယ နယမာတိကာ၌ ပုစ္ဆိတဗ္ဗ ဝိဿဇ္ဇိတဗ္ဗ ဓမ္မဝိသေသကို ထုတ်ကြောင်း ဖြစ်သောပုဒ် ပုစ္ဆန ဝိဿဇ္ဇန နယကို ညွှန်ပြကြောင်း ပုဒ်များကို ပြပြီးလျှင်/သင်္ဂဟိတေန ဟူသော ကရဏနိဒ္ဒေသ သဒ္ဒါကို မည်သည့်အကြောင်းကြောင့် မည်သည့်အနက်၌ ဖြစ်သော ကရဏနိဒ္ဒေသ သဒ္ဒါ ဟု မှတ်ယူအပ်ပါသနည်း၊ ဖြေရှင်းခဲ့ပါ။

(၂) ဥပပတ္တိဘာဝ သညီဘာဝတို့၏သရုပ်ကို ထုတ်ပြပြီးလျှင်/ဝင်းနိဒ္ဒေသ-၌ ဧကာဒသဟာ-ယတနေဟိ သတ္တရသဟိ ဓာတူဟိ ဟု ဟောတော်မူခြင်း၏ အကြောင်းကို လည်း ပြခဲ့ပါ။

(၃) ပဌမနယ ပဋိစ္စ သမုပ္ပါဒ နိဒ္ဒေသ- လာ သင်္ခါရပစ္စယာ ဝိညာဏံ ၌ ဝိညာဏံ အရ မည်သည့် ဝိညာဏ်ကို ယူသင့်သည်ဟု ဋီကာ နည်းအရ ယုတ္တိနှင့် တကွ ပြပြီးလျှင်/'နေဝ ဝိပါကာ န ဝိပါက ဓမ္မဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတာ၊ ကတိဟိ အသင်္ဂဟိတာ' ဟူသော ပုစ္ဆာ၏ ဝိဿဇ္ဇနာ ပါဠိကိုလည်းကောင်း ဝိဿဇ္ဇနာ၌သင်္ဂဟိတာ၏ ကရိုဏ်းပုဒ် အသင်္ဂဟိတာ၏ ကရိုဏ်းပုဒ်တို့၏ အရ သရုပ်ကို လည်းကောင်း ထုတ်ပြခဲ့ပါ။

(၄) ဒုတိယနယ-၌ မည်သို့သဘောရှိသော ပုဒ်များကို ယူအပ်ပါသနည်း၊ အဋ္ဌကထာနှင့် အညီ ဖြေရှင်းပြီးလျှင်/'စက္ခာယတနေန ယေ ဓမ္မာ ခန္ဓသင်္ဂဟေန သင်္ဂဟိတာ' အစရှိသည်၌ ခန္ဓသင်္ဂဟေန စသော ခန္ဓာဒိ ဂဏနာသည် ဝိသေသခန္ဓာနှင့် မရောမယှက် သုဒ္ဓသက်သက်ဖြစ်ပါလျက် 'ရူပက္ခန္ဓာ၏ အဖြစ်တည်း ဟူသော ရေတွက်ကြောင်းဖြင့်' စသည်ဖြင့် သဝိသေသ ခန္ဓာဒိ ဂဏနာကိုသာ မှတ်ယူထိုက်ခြင်း၏ အကြောင်းကို ဋီကာနည်းအရ ဖြေရှင်းပြခဲ့ပါ။

(၅) တတိယနယနိဒ္ဒေသ-၌ ပုစ္ဆာ ဝိဿဇ္ဇနာ ပုံ လက္ခဏာကို အဋ္ဌကထာ နှင့် အညီ ပြပြီးလျှင် / ဝင်း နိယ နိဒ္ဒေသ ဧကာဒသမ ပဉှာ၌ လာသည့် စိတ္တသဟဘု ဓမ္မ ဟောပုဒ်ဖြစ်ခိုက်– 'ယေ ဓမ္မာ တေ ဓမ္မာ အရ တရားတို့ကိုလည်းကောင်း အသင်္ဂဟိတာ၏ ခန္ဓသင်္ဂဟ ကရိုဏ်းပုဒ် အရကိုလည်းကောင်း သင်္ဂဟိတာ၏ ကရိုဏ်း ဖြစ်ထိုက်သော ခန္ဓာတို့ကိုလည်းကောင်း ထုတ်ပြခဲ့ပါ။

(၆) စတုတ္ထနယ နိဒ္ဒေသ-လာ– ဥဒါနဂါထာ-၌ ဧကာဒသ ပဋိစ္စပဒါ၏ သရုပ်ကို ထုတ်ပြပြီးလျှင် / အညာတာဝိန္ဒြိယ ဟောပုဒ်ဖြစ်ခိုက်– ပဌမ ယေ ဓမ္မာ အရ သရုပ်ကိုလည်းပြခဲ့ပါ။

(၇) ပဌမနယ စက္ခာယတန နိဒ္ဒေသ-၌ ဒုတိယ ယေဓမ္မာ အရ ပဌမ အသင်္ဂါ-ဟိတာ ကတ္တား ဖြစ်ခဲ့သော စက္ခာယတနကိုသာ စွဲသင့်သလော၊ ဝိသဘာဂ လက္ခဏာရှိ

သော ဩဠာရိကရုပ်တို့ကို စဲ့သင့်သလော ဟူသော သံသယကို အာဂမယုတ္တိပြ၍ ဖြေရှင်းပြီးလျှင် / (က) အပ္ပရာမဋ္ဌမ္မ (ခ) အနာရမ္မဏမ္မ (ဂ) စေတသိကမ္မ (ဃ) အဇ္ဈတ္တိကမ္မ (င) အသံကိလေသိကမ္မတို့ ဟောပုဒ်ဖြစ်ခိုက်–ပဌမ ယေမ္မာ အရ တရားတို့ကိုလည်း ထုတ်ပြခဲ့ပါ။

(၈) ဆဋ္ဌနယ နိဒ္ဒေသ–အနုပ္ပန္နာ မ္မာ (ပ) သမ္ပယုတ္တာ တိ နတ္ထိ ကတိဟိ ဝိပ္ပယုတ္တာ (ပ) ပဉ္စဟိ ခါတူဟိ ဝိပ္ပယုတ္တာ - ၌ ပဉ္စဟိ ခါတူဟိ အရ သရုပ်ကို ဖော်ထုတ်ပြီးလျှင်/ ထို ခါတ်ငါးပါးတို့သည် ဥပ္ပါဒိမ္မသာ ဖြစ်ကုန်ပါလျက် အနုပ္ပန္နမ္မတို့၏ ထိုခါတ်ငါးပါးတို့နှင့် မယှဉ်နိုင်ခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

(၉) ဆဋ္ဌနယ နိဒ္ဒေသ– အဝိတက္က ဝိစာရမတ္တာ မ္မာ ဟောပုဒ်ဖြစ်ခိုက်– ကေဟိစိ သမ္ပယုတ္တာ၌ ကေဟိစိ အရ ဝိစာရစေတသိက် တခုတည်း ဖြစ်ပါလျက် ကေဟိစိ ဟူသော ဗဟုဝစန နိဒ္ဒေသကို ပြုတော်မူခြင်း၏ အကြောင်းကို ဋီကာနည်းအရ ညွှန်ပြပြီးလျှင်/ အဝိတက္က အဝိစာရာ မ္မာ (ပ) သမ္ပယုတ္တာ တိ နတ္ထိ ကတိဟိ ဝိပ္ပယုတ္တာ န ကေဟိစိ ခန္ဓေဟိ န ကေဟိစိ အာယတနေဟိ ကောယ ခါတုယာ ဝိပ္ပယုတ္တာ ဟူသော ပါဠိ၌ ကောယ ခါတုယာ၏ သရုပ်ကိုလည်း ထုတ်ပြခဲ့ပါ။

(၁၀) သတ္တမ နယ နိဒ္ဒေသ · လာ– 'ဝေဒနာက္ခန္ဓေန ယေ မ္မာ သမ္ပယုတ္တာ၊ တေဟိ မ္မေဟိ ယေ မ္မာ ဝိပ္ပယုတ္တာ' - ၌ တေဟိ မ္မေဟိ ဟူသော ပုဒ်ဖြင့် ယေ မ္မာ အရ တရားကိုသာ မစွဲဘဲ ဝေဒနာက္ခန္ဓေန အရတရားကိုလည်း စွဲရခြင်း၏ သဘာဝယုတ္တိ အာဂမယုတ္တိ အကြောင်းကို ပြပြီးလျှင် / အဓိမောက္ခ ဟောပုဒ်ဖြစ်ခိုက် –ယေ မ္မာ ၂ · ခု၏ သရုပ်ကိုလည်းကောင်း ကောယ ခါတုယာ ဝိပ္ပယုတ္တာ ၌ ကောယ ခါတုယာ၏ သရုပ်ကိုလည်းကောင်း ထုတ်ပြခဲ့ပါ။

(၁၁) အဋ္ဌမ နယ နိဒ္ဒေသ–၌ ဝိပ္ပယုတ်လေးပါးတို့၏ သရုပ်ကို ဥဒါဟရဏ်နှင့်တကွ ပြပြီးလျှင်/ဤ နယလာ ပုစ္ဆာဟူသမျှ မောဃပုစ္ဆာသာ ဖြစ်ရခြင်း၏ အကြောင်းကို ပြခဲ့ပါ။

(၁၂) အောက်ပါ ပုစ္ဆာများ၏ ဝိဿဇ္ဇနာများကို နယနှင့် ညှိ၍ ပါဠိသက်သက်မျှ ထုတ်ခဲ့ပါ။

(က) အဝိတက္က အဝိစာရေဟိ မ္မေတိ ယေ မ္မာ ဝိပ္ပယုတ္တာ၊ တေဟိ မ္မေဟိ ယေ မ္မာ ဝိပ္ပယုတ္တာ၊ တေ မ္မာ ကတိဟိ ဝိပ္ပယုတ္တာ။ (ခ) ဥပေက္ခိန္ဒြိယေန ယေ မ္မာ ခန္ဓသင်္ဂဟေန (ပ) ခါတုသင်္ဂဟေန သင်္ဂဟိတာ၊ တေ မ္မာ ကတိဟိ သမ္ပယုတ္တာ၊ ကတိဟိ ဝိပ္ပယုတ္တာ။ (ဂ) သုံမုဒယသစ္စေန ယေ မ္မာ သမ္ပယုတ္တာ၊ တေ မ္မာ ကတိဟိ သင်္ဂဟိတာ၊ ကတိဟိ အသင်္ဂဟိတာ။ (ဃ) အရူပဘဝေန ယေ မ္မာ ခန္ဓသင်္ဂဟေန (ပ) ခါတုသင်္ဂဟေန အသင်္ဂဟိတာ၊ တေ မ္မာ ကတိဟိ သမ္ပယုတ္တာ၊ ကတိဟိ ဝိပ္ပယုတ္တာ။ (င) အာသဝေဟိ မ္မေဟိ ယေ မ္မာ ဝိပ္ပယုတ္တာ၊ တေ မ္မာ ကတိဟိ သင်္ဂဟိတာ ကတိဟိ အသင်္ဂဟိတာ။ ၁၀–မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၄) အဘိဓမ္မာပိဋက (ပုဂ္ဂလပညတ္တိ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၀ - ခုနှစ်၊ တပို့တွဲလဆန်း ၂ - ရက်။ (၂၉ - ၁ - ၇၉)

(၁) ပုဂ္ဂလပညတ္တိ မာတိကာ ဝဏ္ဏနာ အဋ္ဌကထာ လာ — 'တတ္ထ ကေစ္စာ ဘူမိ ပညတ္တိ အသန္တိ ပညတ္တိ စ ဝိဇ္ဇမာန ပညတ္တိယော ဝ' - ၌ ကေစ္စာ ဘူမိ ပညတ္တိ ဟူသော စကားကို မည်သည့် ပညတ်ကို ရည်ရွယ်၍ မိန့်ဆိုပါသနည်း၊ အဋ္ဌကထာ အလိုကျ အကြောင်းနှင့် တကွ ပြပြီးလျှင် / ဘာဏတော ဟူသော ကိစ္စပညတ်၌ ကိစ္စအရ သရူပ ကိုလည်းကောင်း၊ ထိုကိစ္စ ပညတ်သည် ပါဠိမုတ္တက အဋ္ဌကထာနည်းအရ မည်သည့်ပညတ္တိ ပက္ခသို့ ဝင်သည်ကိုလည်းကောင်း ညွှန်ပြခဲ့ပါ။

(၂) အနာဂါမ် ရဟန္တာတို့သည် မိမိ မိမိအား လျော်သော မေ့လျော့ခြင်းကြောင့် သမာပတ် ဝင်စားခြင်း၌ မေ့လျော့ပါကုန်လျက် သမာပတ် မပျက်စီး မဆုတ်ယုတ်ခြင်း၏ အကြောင်းကို ပြပြီးလျှင်/ စေတနာ ဘဗ္ဗနိဒ္ဒေသ၌ စေတနာပုဒ် အနုရက္ခဏာဘဗ္ဗနိဒ္ဒေသ၌ အနုရက္ခဏာပုဒ်တို့၏ အရကို ဋီကာနှင့် အညီ ထုတ်ပြခဲ့ပါ။

(၃) ဧကက သမသီသီ နိဒ္ဒေသ — ပဋိသမ္ဘိဒါ၌ ဟောအပ်သော သီသ(၁၃)ပါး တို့တွင် ပဝိယာဒိယိတဗ္ဗ ဖြစ်သော သီသ၊ ပရိယာဒက ဖြစ်သော သီသ၊ ပရိယာဒက ဖလ ဖြစ်သော သီသ၊ ပရိယာဒက ပရိယာဒကဖလတို့၏ အာရုံဖြစ်သော သီသတို့ကို ခွဲခြားပြ ပြီးလျှင်/ သမ္မာသမ္ဗုဒ္ဓ နိဒ္ဒေသ - လာ — 'ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု သာမံ သစ္စာနိ အဘိသမ္ဗုဇ္ဈတိ' ၌ ဓမ္မေသုအရ တရားတို့ကိုလည်းကောင်း ကိုယ်တော်တိုင် သိတော်မူပုံ အခြင်းအရာ သိကြောင်းဉာဏ်တို့ကိုလည်းကောင်း အဋ္ဌကထာနှင့်ညှိ၍ တိကျစွာညွှန်ပြခဲ့ပါ။

(၄) ဧကက ဒိဋ္ဌိပတ္တ နိဒ္ဒေသ — တခုဘည်းသော ခဏ၌ သစ္စာတို့ကို ပိုင်းခြား ကြောင်းဖြစ်သော ဝိပဿနာဉာဏ်ကို ပြကြောင်း ပါဠိကို ထုတ်ပြပြီးလျှင်/ ထိုပါဠိ၏ အနက်ကိုလည်း ပုဂ္ဂလ ဓမ္မ သရုပ်ပေါ်အောင် ယောဇနာခဲ့ပါ။

(၅) တိက နိဒ္ဒေသ ပုဂ္ဂလ နိဒ္ဒေသသာ — အပြဗ္ဗစာရီ အပြဗ္ဗစာရိပဋိညော - ၌ ငါ ပြဗ္ဗာစာရီ ပုဂ္ဂိုလ် ဟု ပဋိညာကို ပေးသကဲ့သို့ ဖြစ်သော ပုဂ္ဂိုလ်၊ ပြဗ္ဗစာရိပဋိညာ ကေန်ဖြစ်သော ပုဂ္ဂိုလ်များကို ခွဲခြား ပြပြီးလျှင်/ ဒုဿီလ ပါပဓမ္မ ရဟန်း၏ 'ကုဒါဿု နာမဟမ္ပိ (ပ) ဝိဟရိဿာမိ' ဟု အရဟတ္တဖိုလ် တောင့်တမှု မရှိခြင်း၏ အကြောင်း ကိုလည်း ပြခဲ့ပါ။

(၆) ဂိလာနူပမ နိဒ္ဒေသ - လာ — 'ဣမဉ္စ ပုဂ္ဂလံ ပဋိစ္စ အညေသမ္ပိ ဓမ္မာ ဒေသိ တဗ္ဗာ' ၌ အညေသံ အရ ပုဂ္ဂိုလ်များကို ကောက်ပြပြီးလျှင်/ မည်သည့် အကြောင်း ကြောင့် ထိုပုဂ္ဂိုလ်တို့အား တရားဟောထိုက်ပါသနည်း၊ ဖြေရှင်းခဲ့ပါ။

(၇) တိက အဝကုဇ္ဇ ပညနိဒ္ဒေသ-လာ– ‘တယော ဘိက္ခုနော ဓမ္မံ ဒေသေန္တိ အာဒိကလျာဏံ မဇ္ဈေကလျာဏံ ပရိယောသာနကလျာဏံ’ -၌ သာသနာ၏ အာဒိ မဇ္ဈ ပရိယောသာန တရားများကို အဋ္ဌကထာနည်း အရ စုံလင်စွာ ထုတ်ပြပြီးလျှင်/ ၎င်း နိဒ္ဒေသ လာ ကုမ္ဘူပမာ၌ ဥပမာန ဥပမေယျ နှစ်ရပ်ကို စပ်ဟပ် နှီးနှော၍ ပြခဲ့ပါ။

(၈) တိကနိဒ္ဒေသ– ‘သီလေသု ပရိပူရကာရီ သမာဓိသ္မိံ မတ္တသောကာရီ ပညာယ မတ္တသောကာရီ’ မည်သော ပုဂ္ဂိုလ်များ သရုပ်ကို ထုတ်ပြပြီးလျှင်/ ထိုပုဂ္ဂိုလ်တို့သည် သမာဓိ ပညာကိုလည်း ဖြစ်ပွား စေကြသည်ဖြစ်ပါလျက် ထိုပုဂ္ဂိုလ်များကို သမာဓိသ္မိံ ပညာယ စ မတ္တသောကာရီ တို့ဟူ၍ ဆိုရခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

(၉) စတုက္က နိဒ္ဒေသ-လာ– ‘တံ ဓမ္မံ သုဏာတိ ဂဟပတိ ဝါ’ စသော ပါဠိ၌ ခတ္တိယကုလ ဗြာဟ္မဏကုလ ဟီနဇစ္စကုလ မှ ထွက်၍ ရဟန်းပြုကြသူများ ရှိပါလျက် ဂဟပတိဝါ ဟူသော ပါဠိဖြင့် ရှေးဦးစွာ ဂဟပတိကို ညွှန်ပြတော်မူခြင်း၏ အကြောင်းကို ပြပြီးလျှင်/ စတုက္ကဥဂ္ဃဋိတညူနာဒိ နိဒ္ဒေသ၌ ဥဂ္ဃဋိတညူ သာဓိယောဂ-ဝဠန သာဓိယောဂ-နိကတိ သာဓိယောဂ-ဝိပရာဓေသ အာသေဝ ပုဒ်တို့၏ အနက်အဓိပ္ပာယ်ကို အဋ္ဌကထာ နှင့် အညီ ပြခဲ့ပါ။

(၁၀) စတုက္ကနိဒ္ဒေသလာ– ‘ဘိက္ခုနံ သိက္ခာ သာဇီဝ သမာပန္နော’-၌ သိက္ခာ အရ သာဇီဝအရကိုလည်းကောင်း သိက္ခာသာဇီဝသို့ မည်သို့သော အခြင်းအရာအားဖြင့် ရောက်သည်ကိုလည်းကောင်း ပြပြီးလျှင်/ ရဟန်းတော်များ တောင်ဝှေး စသည်ကို ကိုင်ဆောင်ကာ လှည့်လည်ကြပါလျက် ရဟန်းတော်များကို နိဟိတဒဏ္ဍာ နိဟိတသတ္ထာ ဟူ၍သာ ခေါ်ဆိုရခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

(၁၁) စတုက္က နိဒ္ဒေသလာ– ‘ဧဝံ ပုဂ္ဂလော လာဘီ စေဝ ဟောတိ အဇ္ဈတ္တံ စေတော သမထဿ လာဘီ စ အဓိပညာ ဓမ္မ ဝိပဿနာယ’ ဟူသော ပါဠိအရ မည်သည့် ပုဂ္ဂိုလ်ကို ယူရမည် ဟု ညွှန်ပြပြီးလျှင်/ခန္ဓ ဓမ္မတို့၌ အနိစ္စ အစရှိသည်တို့၏ အစွမ်းအားဖြင့် ဖြစ်သော ဝိပဿနာကို အဓိပညာ ဟု ဆိုအပ်သည်၏ အဖြစ်ကြောင့် အာရဒ္ဓ ဝိပဿက ပုဂ္ဂိုလ်ကိုသာ အဓိပညာ ဓမ္မဝိပဿနာ လာဘီ ဟု ဆိုဆိုက်သည် ဖြစ်ပါလျက် လာဘီ လောကုတ္တရမဂ္ဂဿ ဝါ ဖလဿဝါ ဟူသော ပါဠိဖြင့် မဂ္ဂဖလ လာဘီ ပုဂ္ဂိုလ်ကိုသာ အဓိပညာ ဓမ္မ ဝိပဿနာ လာဘီ ဟု ဟောတော်မူခြင်း၏ အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

(၁၂) ပဉ္စကနိဒ္ဒေသလာ– ‘အာရဘတိ စ ဝိပ္ပဋိသာရီ စ ဟောတိ’ ၌ အာရမ္ဘသဒ္ဒါ ဟောနိုင်သော အနက်များကိုလည်းကောင်း ဤ၌ လိုအပ်သော အနက်ကိုလည်းကောင်း ထုတ်ပြပြီးလျှင်/ န အာရဘတိ ဝိပ္ပဋိသာရီ ဟောတိ ၌ အာပတ်သို့ မရောက်ဘဲလျက် ဝိပ္ပဋိသာရ ဖြစ်ရခြင်း၊ ရှိရခြင်း၏ အကြောင်းကိုလည်း ဤအဋ္ဌကထာ နည်းဖြင့် ပြညွှန်းခဲ့ပါ။

၃၀ – မှတ်စီ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၅) အဘိဓမ္မာပိဋက (ကထာ ဝတ္ထု) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၀ - ခုနှစ်၊ တပို့တွဲလဆန်း ၃ - ရက်။ (၃၁-၁-၇၉)

(၁) ယံ တတ္ထ ဝဒေသိ (က) ဝတ္တဗ္ဗေ ခေါ ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌ ပရမတ္ထေန (ခ) နော စ ဝတ္တဗ္ဗေ ယော သစ္စိကဋ္ဌော ပရမတ္ထော တတော သော ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေနာ တိ (ဂ) မိစ္ဆာ ယူသော ပါဠိကို—က ခ ဂ ဝါကျတို့၌ ဆောင်ထည့်သင့်သော ပုဒ်များ ဆောင်ထည့်၍ အဋ္ဌကထာနှင့် အညီ အနက်သမ္ဗန်ခဲ့ပါ။

(၂) 'ပုဂ္ဂလော နုပလဗ္ဘတိ သစ္စိကဋ္ဌ ပရမတ္ထေန' ဟူသော ပဉ္စာကို ပရဝါဒီ ပုဂ္ဂိုလ်ထုတ်ဆိုမေးမြန်းခြင်း၏ အကြောင်းကို ပြပြီးလျှင် / 'ယော သစ္စိကဋ္ဌော ပရမတ္ထော တတော သော ပုဂ္ဂလော နုပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေန' ဟူသော ပုစ္ဆာ၌ န ဟေဝံ ဝတ္တဗ္ဗေ ဟု သကဝါဒီ ပုဂ္ဂိုလ် ပယ်ရှား ဖြေဆိုခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

(၃) 'ပညတ္တာ နုယောဂ အညော ကာယော အညော ပုဂ္ဂလော' ဟူသော သကဝါဒီ ပုစ္ဆာ၌ အာမန္တာ ဟု ပရဝါဒီ ပုဂ္ဂိုလ် ဝန်ခံ ဖြေဆိုခြင်း၏ အကြောင်းကိုလည်းကောင်း အလားတူ ပရဝါဒီပုစ္ဆာ၌ န ဟေဝံ ဝတ္တဗ္ဗေ ဟု သကဝါဒီ ပုဂ္ဂိုလ် ပယ်ရှား ဖြေဆိုခြင်း၏ အကြောင်းကိုလည်းကောင်း ပြပြီးလျှင်/ အညံ ဇီဝံ အညံ သရီရံ ဟူသော သကဝါဒီပုစ္ဆာ၌ န ဟေဝံ ဝတ္တဗ္ဗေ ဟု ပရဝါဒီ ပုဂ္ဂိုလ် ပယ်ရှား ဖြေဆိုခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

(၄) ဥပါဒါ ပညတ္တာ နုယောဂ သုတ္တ သံသန္ဒနာ -၌ 'ဘဂဝါ ဒိဗ္ဗေန စက္ခုနာ ဝိသုဒ္ဓေန အတိက္ကန္တ မာနုသကေန ရူပံ ပဿတိ ပုဂ္ဂလံ ပဿတိ' ဟူသော ပဌမ ပုစ္ဆာ၌ ရူပံ ပဿတိ ဟူ၍လည်းကောင်း အလားတူ ဒုတိယပုစ္ဆာ၌ ပုဂ္ဂလံ ပဿတိ ဟူ၍လည်းကောင်း အလားတူ တတိယပုစ္ဆာ၌ ဥဘော ပဿတိ ဟူ၍ လည်းကောင်း ပရဝါဒီပုဂ္ဂိုလ် ဖြေဆိုခြင်း၏ အကြောင်း အသီးသီးကို ညွှန်ပြပြီးလျှင် / 'ရူပံ ပုဂ္ဂလော ပုဂ္ဂလော ရူပံ ဥဘော ရူပံ' ဟူသော အနုယောဂကို သကဝါဒီ ပြုခြင်း၏ အကြောင်းကိုလည်းပြခဲ့ပါ။

(၅) ဝါဒယုတ္တိ ပရိဟာနိ ကထာ-လာ– 'သဗ္ဗတ္ထ အရဟာ အရဟတ္တာ ပရိဟာယတိ' ဟူသော သကဝါဒီ ပဌမပုစ္ဆာ၌ န ဟေဝံ ဝတ္တဗ္ဗေ ဟု အဝဇာနန ပြုပြီးပါလျက် ၎င်းနှင့် အလားတူ ဒုတိယပုစ္ဆာ၌ မည်သည့် အကြောင်းကြောင့် မည်သည့်ဘဝကို ရည်ရွယ်၍ ပရဝါဒီ ဝန်ခံသည်ကို ညွှန်ပြပြီးလျှင် /'ပဉ္စန္နံ ဘိက္ခဝေ ဓမ္မာ (လ) ပရိဟာနာယ သံဝတ္တန္တိ' ဟူသော ပရဝါဒီဆောင်အပ်သည့်သုတ်၌ သကသမယအလို တရားငါးပါးတို့သည် မည်သည့် ရဟန်း၏ မည်သည့်တရားမှ ဆုတ်ယုတ်ခြင်းငှာ ဖြစ်ကုန်သနည်း၊ ဖြေရှင်းခဲ့ပါ။

(၆) ဩဓိသော ကထာလာ– 'ဩဓိသောဓိသော ကိလေသေ ဇဟာတိ' ဟူသော သကဝါဒီ ပုစ္ဆာ၌ အာမန္တာ ဟု ဖြေဆိုသော ပရဝါဒီ၏ အယူကို ပြပြီးလျှင် / ဇဟာတိ

ကထာလာ – ‘အနာဂါမိ မဂ္ဂေန သက္ကာယ ဒိဋ္ဌိ’ (ပ) ဇဟတိ’ ဟူသော သကဝါဒီ ပဌမ ပုစ္ဆာ၌ န ဟေဝံ ဝတ္တဗ္ဗေဟု ပရဝါဒီပုဂ္ဂိုလ် ပယ်ရှားဖြေဆိုပါလျက် တဖန်အလားတူ ပုစ္ဆာ၌ မည်သည်ကို ရည်ရွယ်၍ ပရဝါဒီ ပုဂ္ဂိုလ် ဝန်ခံ ဖြေဆိုပြန်သနည်း၊ ဖြေရှင်းခဲ့ပါ။

(၇) ဗလကထာ – သာဝကတို့နှင့် ဆက်ဆံသော တထာဂတဗလ· မဆက်ဆံသော တထာဂတဗလ၊ ဆက်လည်းဆက်ဆံ မဆက်လည်း မဆက်ဆံသော တထာဂတဗလ တို့ကို ခွဲဝေ ပြပြီးလျှင် / သာဓာရဏာသာဓာရဏ တထာဂတဗလတို့သည် မည်သို့ အားဖြင့် ဆက်ဆံ မည်သို့အားဖြင့် မဆက်ဆံကြသည်ကိုလည်း အကြောင်းနှင့် တကွ ပြခဲ့ပါ။

(၈) ဝိမုတ္တိကထာ၌ ဝိမုတ္တိဉာဏ အမည်ရသော တရားများကိုလည်းကောင်း ယင်းတို့အနက် နိပ္ပရိယာယအားဖြင့် ဝိမုတ္တိ ဟု ခေါ်ဆိုထိုက်သော တရားကိုလည်းကောင်း ဝိမုတ္တ အဝိမုတ္တ ဟု မခေါ်ဆိုထိုက်သော တရားကိုလည်းကောင်း ခွဲခြား ပြပြီးလျှင်/အသေခဉာဏကထာ၌ ‘သေခဿ အသေခံ ဉာဏံ အတ္ထိ’ ဟူသော သကဝါဒီ ပုစ္ဆာ၌ဝန်ခံ ဖြေဆိုသော ပရဝါဒီ ပုဂ္ဂိုလ်၏ အယူကို အယူဖြစ်ခြင်း၏ အကြောင်းနှင့် တကွ ညွှန်ပြခဲ့ပါ။

(၉) နိယာမကထာ၌ ပဉ္စ အသမ်တာနိ ဟူသော ပဌမ ပုစ္ဆာကို န ဟေဝံ ဝတ္တဗ္ဗေ ဟု ပရဝါဒီ ပုဂ္ဂိုလ် ပယ်ရှား ဖြေဆိုပါလျက် အလားတူ ဒုတိယပုစ္ဆာကို အာမန္တာ ဟု ဝန်ခံ ဖြေဆိုခြင်း၏ အကြောင်းကို ပြပြီးလျှင် / မိစ္ဆတ္တ နိယာမော အသမ်တော ဟူသော ပဉ္ဇာကို အဘယ်အကျိုးငှာ သကဝါဒီ ပုဂ္ဂိုလ် မြွက်ဆို အပ်ပါသနည်း။

(၁၀) ရူပဓာတုယာ အာယတနကထာ – ‘အတ္ထိ သဠာယတနိကော အတ္တဘာဝေါ ရူပဓာတုယာ’ ဟူသော သကဝါဒီပုစ္ဆာ၌ ပရဝါဒီ ပုဂ္ဂိုလ်သည် မည်သည့်သုတ်ကို မှီ– မည်သို့ ကြံစည်၍ မည်သည့် အယူ၏ အစွမ်းဖြင့် ဝန်ခံ ဖြေဆိုခြင်း ပြုပါသနည်း၊ ညွှန်ပြပြီးလျှင် / ‘အတ္ထိ တတ္ထ ဃာနာယတနံ အတ္ထိ ဂန္ဓာယတနံ တေန ဃာနေန တံ ဂန္ဓံ ဃာယတိ’ ဟူသော သကဝါဒီ ပုစ္ဆာ၌ အဘယ်သို့သော အယူကို ရည်ရွယ်၍ အာမန္တာ ဟု ပရဝါဒီ ပုဂ္ဂိုလ် ဖြေဆိုပါသနည်း၊ ရှင်းပြပါ။

(၁၁) နိရောဓကထာ – ‘ဥပပတ္တေ သိယေ ပဉ္စက္ခန္ဓေ အနိရုဒ္ဓေ ကြိယာ ပဉ္စက္ခန္ဓာ ဥပ္ပဇ္ဇန္တိ’ ဟူသော သကဝါဒီ ပုစ္ဆာ၌ အာမန္တာ ဟု ဝန်ခံ ဖြေဆိုသော ပရဝါဒီ၏ အယူကို ပြပြီးလျှင်/ဒသန္နံ ခန္ဓာနံ သမောဓာနံ ဟောတိ ဒသခန္ဓာ သမ္ဗုဒ္ဓိ ဘာဝံ အာဂစ္ဆန္တိ’ ဟူသော ပုစ္ဆာ၌ အဘယ်သို့ နှလုံးသွင်း၍ ပရဝါဒီ ပုဂ္ဂိုလ် ပယ်ပါသနည်း။

(၁၂) ဗာဝီသတိမ ဝဂ္ဂ ကုသလစိတ္တကထာ – ‘အရဟာ ကုသလစိတ္တော ပရိနိဗ္ဗာယတိ’ ဟူသော သကဝါဒီ ပုစ္ဆာ၌ အာမန္တာ ဟု ဖြေဆိုသော ပရဝါဒီ၏ အယူကို ပြပြီး လျှင် / ‘သတော သမ္ပဇာနော ပရိနိဗ္ဗာယတိ’ ဟူသော ပရဝါဒီ ဆောင်အပ်သည့် စကား၏ မိမိ အယူကို မပြီးစေနိုင်သော အသာဓကဖြစ်ခြင်း အကြောင်းကိုသည်း ပြခဲ့ပါ။

၁၀–မှတ်စီ။

# (ခ) တိပိဋကဓရ သဲဘောရေးဖြေ စာမေးပွဲ

## (၁) အဘိဓမ္မာပိဋက (ယမက) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၄ - ခုနှစ်၊ တပို့တွဲလဆန်း ၁ - ရက်။ (၂၅ - ၁ - ၆၃)

— —

(၁) 'ယမ္ဟာ ဝိသယာတီတော' ဟူသော အဋ္ဌကထာ၌ ယမအရ ဝိသယအရ တို့ကို ကောက်ပြ၍/၎င်းအဋ္ဌကထာ စကား အလို ယမကအရ ညွှန်ပြလျက် လွှန်ပုံ အခြင်းအရာကိုလည်း ရေးသားခဲ့ပါ။

(၂) မူလယမိုက်၌ ခန္ဓယမိုက် စသည်တို့ကဲ့သို့ ပစ္စနိုက် မရှိခြင်းအကြောင်းကို ရေး၍/၎င်းယမိုက်ကျမ်း၌ အဘယ်အရာကို အတ္တ ဆိုသည်ဟုလည်း ညွှန်ပြခဲ့ပါ။

(၃) အဘယ်တရားကို ကေမူလ တရား ခေါ်သည်ဟု အကျဉ်းချုပ် အဓိပ္ပာယ် ဘော်ပြ၍/ကေမူလ ခေါ်ရခြင်း အကြောင်း ကိုလည်း အဋ္ဌကထာ အလိုကျ အကျယ် အဓိပ္ပာယ်ကို ရေးသားခဲ့ပါ။

(၄) မူလကနယ အကုသလပဒ၌ 'ယေကေစိ အကုသလာ ဓမ္မာ သဗ္ဗေ တေ အကုသလ မူလကာတိ' ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာကို ရေး၍ / 'သဗ္ဗေ တေ အကုသလ မူလကာ' အရ အကုသလသမုဋ္ဌာန် ရုပ် အရတို့ကို အသီးသီး ကောက်ပြခဲ့ပါ။

(၅) ပဏ္ဏတ္တိဝါရ၌ ဝေဒနက္ခန္ဓာမူ ရူပက္ခန္ဓာမူလီ အားဖြင့် ဟောတော်မူ သကဲ့သို့ ပပတ္တိဝါရ၌ 'ယဿ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ တဿ ရူပက္ခန္ဓော ဥပ္ပဇ္ဇိတ္ထ' စသည်ဖြင့် ဟောတော်မူသင့်သည် မဟုတ်ပါလော အဘယ်ကြောင့် ဟောတော် မမူပါသနည်း၊ အကြောင်းပြ၍ ရေးသားခဲ့ပါ။

(၆) ခန္ဓ ပရိညာဝါရ အနာဂတ်ကာလကိုလည်းကောင်း အဘဗ္ဗပုဂ္ဂိုလ်ကိုလည်းကောင်း အဋ္ဌကထာဝါဒ ထောက်ဆပြီးလျှင်/ဘဝ ခဏတို့ဖြင့် ပိုင်းခြားဘော်ပြပါ။

(၇) အာယတနက္ကမ တို့ကို အဘယ် အခြင်းအရာ အားဖြင့် ဟောကြားတော်မူကြောင်း ညွှန်ပြပြီးလျှင်/သစက္ကကြာနံ အသောတကာနံ ပါဠိတော်၏ အရကို အဋ္ဌကထာဝါဒ အာစရိယဝါဒ တို့ဖြင့် ကောက်ပြခဲ့ပါ။

(၈) အောက်ပါ ပုစ္ဆာတို့ကို ပါဠိတော် ဝိသဇ္ဇနာ ထုတ်ပြ ဖြေဆိုပါ။

(က) စက္ခာယတန ချုပ်ဘူး၍ သောတာယတန မချုပ်လတံ့သော ပုဂ္ဂိုလ်။

(ခ) စက္ခာယတန ချုပ်ဘူး၍ သောတာယတန ချုပ်လတံ့ ပုဂ္ဂိုလ်။

(ဂ) စက္ခာယတန ချုပ်ဆဲဖြစ်၍ သောတာယတန ချုပ်လတံ့ ပုဂ္ဂိုလ် ဘုံ။

(ဃ) သောတာယတန ချုပ်လတံ့ဖြစ်၍ စက္ခာယတန ဖြစ်ဆဲ ပုဂ္ဂိုလ် ဘုံ။

(၉) 'ယဿ စက္ခာယတနံ န ဥပ္ပဇ္ဇိဿတိ၊ တဿ ဃာနာယတနံ န နိရုဇ္ဈိဿတိ' ယေ စ အရူပံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ တေသံ စဝန္တာနံ ' ၌ မချုတ္တအားဖြင့် ကောက်ယူသင့်သော ပုဂ္ဂိုလ် ယထာလာဘနည်းအားဖြင့် ကောက်ယူသင့်သော ပုဂ္ဂိုလ်တို့ကို ခွဲခြား ကောက်ပြပါ။

(၁၀) နိရောဓ သမာပန္နပုဂ္ဂိုလ်သည် ဒုက္ခသစ္စာ ဖြစ်ဆဲဖြစ်၍ ' ယဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ တဿ သမုဒယသစ္စံ ဥပ္ပဇ္ဇတိ ' ဟူသော ပုစ္ဆာ၌ တဘက်ရ ဝိဘင်း ဟောတော် မူသင့်လျက် အဘယ်ကြောင့် ဟောတော် မမူပါသနည်း၊ ရှင်းပြခဲ့ပါ။

(၁၁) 'ယဿ ဝါ ပန မဂ္ဂသစ္စံ ဥပ္ပဇ္ဇိဿတိ တဿ သမုဒယသစ္စံ ဥပ္ပဇ္ဇတီတိ ' ၌ 'နိရောဓသမာပန္နာနံ အသညသတ္တာနံ ' ဟု တဘက်ရ ဟောတော် မူရာ အသညသတ် ပုဂ္ဂိုလ်သည် ကေန် မဂ္ဂသစ္စာ ဖြစ်လတံ့ ဖြစ်သောကြောင့် ဟောတော်မူပါသလော၊ ရှင်းပြခဲ့ပါ။

(၁၂) အောက်ပါ ပုစ္ဆာ ပါဠိ၏ ဝိသဇ္ဇနာ ဝိဘင်း သက်ဆက် ဆက်ပြခဲ့ပါ။

ယဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ၊ တဿ မဂ္ဂသစ္စံ နိရုဇ္ဈိဿတီတိ။

၁၀—မှတ်စီ။

## ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

( ၂ ) အဘိဓမ္မာပိဋက ( ယမက ) ပါဠိ + အဋ္ဌကထာ မေးခွန်း (အထက်ပိုင်း)

၁၃၂၄ - ခုနှစ်၊ တပို့တွဲလဆန်း ၂ - ရက်၊ ( ၂၆ - ၁ - ၆၃ )

( ၁ ) ရူပဘုံ၌ ဒုတိယစျာန် ဝင်စားသော ပုဂ္ဂိုလ်အား ကာယသင်္ခါရ ဖြစ်ပါသလော၊ အကြောင်းနှင့် တကွ ဖော်ပြ၍/ဗုံး အမြောက်သံ ကြားခိုက်—ပုဂ္ဂိုလ်တွင် ကာယသင်္ခါရ ဖြစ်နိုင် - မဖြစ်နိုင်ကိုလည်း အကြောင်း လုံလောက်စွာ ပြ၍ ဆုံးဖြတ်ခဲ့ပါ။

( ၂ ) ပဌမစျာန်ဇော ၂၀ - တနည်း ၁၀ - ဟု ဆိုလျှင် အဘယ်နည်း က ဤယမိုက် ပါဠိတော်နှင့် ညီညွတ် လိုက်လျောမည် ဟု စိစစ် ဝေဘန်ပြ၍ / ပဌမဈာန် သမာပန္နာနံ စသည်ဖြင့် ဟောတော်မူရာ၌ ကောက်ယူသင့်သော စျာန်— မကောက်ယူသင့်သောစျာန်များကိုလည်း အကြောင်းနှင့်တကွ ခွဲခြား၍ပြခဲ့ပါ။

( ၃ ) ကာမစိတ် ၄၄ - ခုဖြစ်တိုင်း ထွက်သက် ဝင်သက်နှင့် တကွ ဖြစ်သလော၊ ယမိုက်ပါဠိတော် အကိုးပြ၍ ဆုံးဖြတ်ပြီးလျှင် / အောက်ပါ ပုစ္ဆာ ပါဠိကို လည်း ဝိသဇ္ဇနာပါဠိ အပြည့်အစုံဆက်၍ ရေးသားခဲ့ပါ။

ယဿ ဝါ ပန ဝစီ သင်္ခါရော ဥပ္ပဇ္ဇိဿတိ၊ တဿ ကာယသင်္ခါရော ဥပ္ပဇ္ဇတီတိ။

( ၄ ) အနုသယ မည်ခြင်း အကြောင်းကို အဋ္ဌကထာ အလိုကျ ပြည့်စုံစွာ ဖော်ပြ ပြီးလျှင်/ အနုသယတို့၏ ကိန်းရာ ကာလကိုလည်း ခွဲခြား ကျန ဖြေရှင်းပြပါ။

( ၅ ) ဒိဋ္ဌာနုသယ ဝိစိကိစ္ဆာနုသယ တို့၏ ကိန်းပုံ အခြင်းအရာကို ပိုင်းခြား ဖော်ပြ ၍ 'ယော ယတော ကာမရာဂါနုသယံ နပ္ပဇဟတိ၊ သော တတော ပဋိဃာ- နုသယံ နပ္ပဇဟတိ' ဟူသော ပုစ္ဆာကို ဝိသဇ္ဇနာ ပါဠိ ထုတ်ခဲ့ပါ။

( ၆ ) အောက်ပါ ပုစ္ဆာ ပါဠိကို ဝိသဇ္ဇနာ ပါဠိထုတ်ပြပြီးလျှင် / ဘင်္ဂါ၏ အဓိပ္ပာယ် ကိုလည်း အဋ္ဌကထာ ဋီကာ ဝါဒတို့ဖြင့် ရှင်းပြခဲ့ပါ။

န ကာမဓာတုယာ စုတဿ န ရူပဓာတုံ န အရူပဓာတုံ ဥပပဇ္ဇန္တဿ ကတိ အနုသယာ အနုသေန္တိ၊ ကတိ အနုသယာ နာနုသေန္တိ၊ ကတိ အနုသယာ ဘင်္ဂါ....။

(၇) 'ယဿ စိတ္တံ နိရုဇ္ဈတိ တဿ စိတ္တံ နိရုဇ္ဈိဿတီတိ'—ဟူသော ပုစ္ဆာ၏ ဝိဘင်းကို ထုတ်ပြပြီးလျှင် / 'ယံ စိတ္တံ ဥပ္ပဇ္ဇတိ န နိရုဇ္ဈတိ တံ စိတ္တံ နိရုဇ္ဈိဿတိ န ဥပ္ပဇ္ဇိဿတိ' ၌-အာမန္တာ ဝိဘင်း ထုတ်ရခြင်း၏ အကြောင်းကိုလည်း ရှင်းပြခဲ့ပါ။

(၈) အောက်ပါ ပုဂ္ဂိုလ် ဘုံတို့ကို ယမိုက် အထောက်ပြ၍ ကောက်ခဲ့ပါ—

(က) ကုသိုလ်ချုပ်လတ္တံ့ အကုသိုလ်ချုပ်လတ္တံ့မဟုတ်သော ပုဂ္ဂိုလ် ဘုံ။

(ခ) အကုသိုလ်ချုပ်လတ္တံ့ ကုသိုလ်ချုပ်လတ္တံ့မဟုတ်သော ပုဂ္ဂိုလ် ဘုံ။

(၉) 'ယဿ ယတ္ထ ကုသလာ ဓမ္မာ နုပ္ပဇ္ဇိဿန္တိ တဿ တတ္ထ အဗျာကတာ ဓမ္မာ န နိရုဇ္ဈိဿန္တီတိ' ပုစ္ဆာ၏ ပစ္ဆိမ စိတ္တဿ ဘင်္ဂက္ခဏေ- ဟူသော အဖြေပါဠိတော်ကို ရသင့်သမျှ ကောက်ပြခဲ့ပါ။

(၁၀) ပဏ္ဏတ္တိဝါရ နိဒ္ဒေသ—ဠတ္ထိ ဠတ္ထိန္ဒြိယန္တိ - ၌ နတ္ထိ ဝိဘင်း ထုတ်ရမည် ဖြစ်ပါလျက် နော၁ဟူ၍ ဝိဘင်း ထုတ်ရခြင်း၏ ရည်ရွယ်ချက်ကို ဋီကာ အလိုကျ ရှင်းပြပြီးလျှင် / အောက်ပါ ပုဂ္ဂိုလ် ဘုံတို့ကို ယမကပါဠိဖြင့် ညွှန်ပြခဲ့ပါ။

(က) ပုရိသိန္ဒြေ မဖြစ်လတ္တံ့ ဥပေက္ခိန္ဒြေ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ် ဘုံ။

(ခ) ပုရိသိန္ဒြေလည်း မဖြစ်လတ္တံ့ ဥပေက္ခိန္ဒြေလည်း မဖြစ်လတ္တံ့သော ပုဂ္ဂိုလ် ဘုံ။

(၁၁) ပဝတ္တိဝါရ၌ ဟောအပ်သော ဣန္ဒြေတို့တွင် မနိန္ဒြေကို နောက်ဆုံးထား၍ ဟောရခြင်း၏ ရည်ရွယ်ချက်ကို ဋီကာအလိုကျ ဥပမာသွင်း၍ ရှင်းပြခဲ့ပါ။

(၁၂) ဒေါမနဿိန္ဒြေကို ပယ်ဆဲ မပယ်ဆဲ ပယ်ပြီး မပယ်ပြီး ပယ်လတ္တံ့ မပယ်လတ္တံ့သော ပုဂ္ဂိုလ်တို့ကို ခွဲခြား၍ ပြပြီးလျှင်/ ဘာဝေတဗ္ဗလည်း ဖြစ်သင့် သစ္ဆိကာတဗ္ဗလည်း ဖြစ်သင့်သော ဣန္ဒြေကိုလည်း ညွှန်ပြခဲ့ပါ။

၁၀-မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၃) အဘိဓမ္မာပိဋက (ပဋ္ဌာန) ပါဠိ + အဋ္ဌကထာ မေးခွန်း (အောက်ပိုင်း)

၁၃၂၄ - ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်။ (၂၀ - ၁ - ၆၃)

---

(၁) စတုဝီသတိ သမန္တ ပဋ္ဌာန မဟာပကရဏ် အရ (၂၄) ပဋ္ဌာန်းကျမ်းကို ရေပြတွက်၍/ ဓမ္မ အနုလောမ ပစ္စနိက် ဓမ္မပစ္စနီယာနုလောမတို့၏ အဓိပ္ပာယ်နှင့် တက္က ဟောပုံ ပါဠိအမြွက်ကိုလည်း ရေးသားခဲ့ပါ။

(၂) 'ဟေတု စသော ပစ္စယော စာတိ ဟေတုပစ္စယော' ဟူသော အဋ္ဌကထာအရ အဘယ်သည် ဟေတုပစ္စည်း မည်သည်ဟု ညွှန်ပြ၍/ပစ္စည်း၏ လက္ခဏာကိုလည်း ရေးခဲ့ပါ။

(၃) ဟေတူ ဟေတုသမ္ပယုတ္တကာနံ -၌ 'ဟေတု တံသမ္ပယုတ္တကာနံ' ဟု မဟောခြင်း အကြောင်းကို ဖော်ပြ၍ / ဘုရားရှိခိုးနေခိုက် အခါ ဖြစ်သင့်သော ဟေတုပစ္စည်းနှင့် ပစ္စယုပ္ပန်များကိုလည်း ကောက်ပြပါ။

(၄) 'ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ကိဥ္စိ ကာလေ သဟဇာတ ပစ္စယေန ပစ္စယော' ဟူသော ပါဠိတော်၌ အဋ္ဌကထာ အလိုကျ သန္ဓာယ ဘာသိတကို ဖော်ပြ၍ ' ဥပနိဿယပစ္စည်း၌ ပုဂ္ဂလော ပိ သေနာသနံ ပိ ဟူသော နှစ်ပုဒ်ကို ဟောတော်မူခြင်း အကြောင်းကိုလည်း ရှင်းပြပါ။

(၅) 'ကုသလာ ကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော' ဟူသော ပါဠိ၌ ကတ္တား ပါဌ် သမ္ပဒါန်ပါဌ် ကရိုဏ်းပါဌ်တို့၏ အရကို ကောက်ပြ၍/နာနာက္ခဏိက စေတနာ၏ အကျိုးမပေးရာ ကာလ အကျိုးပေးရာ ကာလကိုလည်း ပိုင်းခြား ပြခဲ့ပါ။

(၆) ဝိပါက်သည် ဝိပါက်အား အာသေဝနပစ္စည်း မတပ်ရခြင်း အကြောင်းကို ရှင်းပြ၍/ ၂၄ ပစ္စည်းတို့ကို ဘာဝ ဘေဒ အားဖြင့် အဋ္ဌကထာအလိုကျ စုံလင်စွာ ကောက်ပြပါ။

(၇) 'ဟေတု ပဋိစ္စ ဝါရ-၌ 'ကော် ခန္ဓံ ပဋိစ္စ ကော ခန္ဓော ကော် ခန္ဓံ ပဋိစ္စ ဒွေ ခန္ဓာ ဒွေ ခန္ဓေ ပဋိစ္စ ကော ခန္ဓော' ဟု မဟောရခြင်း အကြောင်းကို ညွှန်ပြပြီးလျှင် / ဘူတ ရုပ်တို့ကို စွဲ၍ ဥပါဒါ ရုပ်တို့၏ ဖြစ်ပုံပြ ပါဠိ၌ဝယ် စိတ္တသမုဋ္ဌာနံ ရူပံ ကဋတ္တာရူပံ ဟု ထည့်သွင်း၍ ဟောရခြင်း၏ ရည်ရွယ်ချက်ကိုလည်း ရှင်းပြခဲ့ပါ။

(၈) ပဋိစ္စဝါရ၌ ပစ္ဆာဇာတပစ္စည်း မဟောရခြင်း အကြောင်းကို အဋ္ဌကထာ အလိုကျ ရေးပြပြီးလျှင်/အာဟာရပစ္စည်း လာ အာဟာရနှစ်မျိုးတို့၏ ပစ္စယ နိဒ္ဒေသနှင့် ပဋိစ္စဝါရတို့၌ ရှေ့နောက်ထား၍ ဟောပုံ ထူးခြားခြင်းကို အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

(၉) သဟဇာတတ္တိပစ္စည်း ပဋိစ္စဝါရ-လာ 'အသညသတ္တာနံ ကော် မဟာဘူတံ ပဋိစ္စ (ပ) မဟာဘူတေ ပဋိစ္စ ကဋတ္တာရူပံ ဥပါဒါရူပံ'၌ လိုအပ်သော ကဋတ္တာရုပ် ဥပါဒါရုပ်တို့ အရကို ကောက်ပြခဲ့ပါ။

(၁၀) နာမိပတိပစ္စည်း၏ ပစ္စယုပ္ပန္န ဓမ္မသာ ဖြစ်၍ န ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္န ဓမ္မ မဖြစ်သော တရားတို့ကို ကောက်ပြ၍ / န ဟေတုယာ နာဓိပတိယာ၌ ရသင့်သော သင်္ချာ သင်္ချေတို့ကို ဖော်ပြခဲ့ပါ။

(၁၁) ပဋိစ္စဝါရ အနုလောမ ပစ္စနီက ဒုက ဟေတုမူ၌ မရကောင်းသော မူလိပစ္စည်း ရကောင်းသော မူလိပစ္စည်းများကို ခွဲခြား ရေတွက်ခဲ့ပါ။

(၁၂) ပဋိစ္စဝါရ ပစ္စနီယာနုလောမ–န ဟေတုပစ္စယာ ပုရေဇာတေ ဒွေ ၌ ရသင့်သော ပစ္စယုပ္ပန်ဓမ္မနှင့် သင်္ချေယျတို့ကို ကောက်ပြခဲ့ပါ။

၁၀–မှတ်စီ။

## (ခ) တိပိဋကဓရ သဘောဓရရေးဖြေ စာမေးပွဲ

### (၄) အဘိဓမ္မာပိဋက (ပဋ္ဌာန) ပါဠိ + အဋ္ဌကထာ မေးခွန်း (အထက်ပိုင်း)

၁၃၂၄–ခုနှစ်၊ တပို့တွဲလဆန်း ၅- ရက်။ (၂၉ - ၁ - ၆၃)

---

(၁) ပဋိစ္စဝါရ အနုလောမ အဓိပတိ ပစ္စည်း၏ ဝိဘင်္ဂဝါရ- အဗျာကတေန အဗျာကတံ- ၌ ဝိပါကာဗျာကတံ အရ အဘယ်ဝိပါက် အဗျာကတကို ယူရမည်ဟု ညွှန်ပြ၍/ ပဋိသန္ဓိက္ခဏေ ဟု မဟောခြင်း အကြောင်းကိုလည်း ရေးခဲ့ပါ။

(၂) နိဿယဝါရ၌ 'ကုသလံ ဓမ္မံ နိဿာယ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ' ဟူသော ဝိဓိပါဠိကို အဋ္ဌကထာအလိုကျ အနက်ယောဇနာပြီးလျှင်/နာမ်ဖြစ်၍ နာမ်အားသာလျှင် ကျေးဇူး ပြုတတ်သော ပစ္စည်းများကိုလည်း ရေတွက်ပြခဲ့ပါ။

(၃) ပစ္စယဝါရ အနုလောမ အာရမ္မဏ ပစ္စည်း၏ ဝိဘင်္ဂဝါရ အဗျာကတပဒ - ၌ ဝတ္ထုံ ပစ္စယာ ခန္ဓာ ဟု ဟောပြီးနောက် အဘယ်ကို ပြခြင်းငှာ ဝတ္ထုံပစ္စယာ ဟုတဘန် ဟောပြန်ပါသနည်း၊ ရှင်းလင်းဖော်ပြ၍/ ဆ ဝါရ၌ ပစ္စနိက်မှသာ ဖြစ်သောပစ္စည်း အနုလုံမှသာ ဖြစ်သောပစ္စည်း နှစ်ပါးစုံမှ ဖြစ်သော ပစ္စည်းများကိုလည်း ညွှန်ပြပါ။

(၄) ပဉှာဝါရ အာရမ္မဏ ကုသလ မူ ကုသလပဒါဝသာန-၌ 'ကုသလာ ခန္ဓာ စေတောပရိယဉာဏဿ' ဟု ထပ်၍ တဘန် ဟောရခြင်း အကြောင်းကို ပြပြီးလျှင်/ အဗျာကတမူ အဗျာကတ ပဒါဝသာန၌ ရူပါရုံပစ္စည်း စက္ခုဝိညာဉ် ပစ္စယုပ္ပန်အနေဖြင့် ဟောကြားသကဲ့သို့ ပဉ္စာရုံပစ္စည်း မနောဓာတ် ပစ္စယုပ္ပန်အနေဖြင့် မဟောရခြင်း အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

(၅) ပဉှာဝါရ အနန္တရ ဝိဘင်္ဂဝါရ၌ 'ပုရိမာ ပုရိမာ ကြိယာ ဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာ ဗျာကတာနံ ခန္ဓာနံ' ဟူသော ပါဠိတော်၏ အရကို ကောက်ပြပြီးလျှင် / ဘဝင်္ဂံ အာဝဇ္ဇနာယ အစရှိသော ပါဌ်ကို အဘယ်၏ အစွမ်းဖြင့် ဟောတော်မူပါသနည်း။

(၆) ပဉ္စာဝါရ ဥပနိဿယ မဂ္ဂေါ သေက္ခာနံ အတ္ထုပ္ပတ္တိသမ္ဘိဒါယ (ပ) ဌာနာဌာန ကောသလ္လဿ-၌ ကတ္တားပါဌ် သမ္ဗန္ဓပါဌ် အရတို့ကို ကောက်ပြပြီးလျှင်/ ရာဂနှင့် ပဋ္ဌာနာတို့၏ ထူးခြားဟန်ကို ဋီကာအလိုကျ ရေးသားခဲ့ပါ

(၇) ပဋိသန္ဓေအခါ ဟဒယ ဝတ္ထုသည် နာမ်တရားတို့အား သဟဇာတ စသော ပစ္စည်း တပ်သကဲ့သို့ နာမ်တရားတို့ကလည်း ဟဒယဝတ္ထုအား ကမ္မသတ္တိဖြင့် ကျေးဇူးပြု မပြု ဆုံးဖြတ်ပြီးလျှင် / ပုရေဇာတိန္ဒြိယ အဗျာကတော အဗျာ-ကတဿ ၌ ကတ္တား သမ္ဗန္ဓ ကရိုဏ်းတို့၏ ရသင့်ရာကိုလည်း ထုတ်ပြခဲ့ပါ။

(၈) ပဉ္စာဝါရ ပစ္စယာနုလောမ သချာဝါရ ဟေတုနှင့် အဓိပတိ ရောနှောရာဝယ်-သတ္တ သချာ ဖြစ်ရမည် ဖြစ်ပါလျက် အဘယ်ကြောင့် ဟေတုပစ္စယာ အဓိပတိယာ စတ္တာရိ ဟု ဟောရပါသနည်း၊ ရှင်းပြပြီးလျှင် / ၎င်းဟေတုမူလက၌ ပါဝင်သမျှသော သချာ အပိုင်းအခြားတို့ကိုလည်း ရေးသားခဲ့ပါ။

(၉) ပဉ္စာဝါရ အနုလုံ-ဟေတုမူ သဟဇာတ သဘာဂ-၌ ပစ္စနိက်ဖြစ်ထိုက်သော တရားတို့ကို စိစစ်ပြ၍ ရသင့်သော သချာ သချေယျတို့ကိုလည်း ညွှန်ကြားခဲ့ပါ။

(၁၀) ပဉ္စာဝါရ ဃဋနာဝါရ-၌ အဘယ်သို့သော ပစ္စည်းမျိုး၌ မိဿကဃဋနာ ပကိဏ္ဏကဃဋနာ ဖွဲ့ယှက်၍ ဟောတော်မူသည်၊ မိဿက နှင့် ပကိဏ္ဏက ဃဋနာတို့ အဘယ်သို့ ထူးခြားသည်တို့ကို ရှင်းလင်းဖော်ပြခဲ့ပါ။

(၁၁) 'အဝိတက္က ဝိစာရမတ္တံ ဓမ္မံ ပဋိစ္စ သဝိတက္က သဝိစာရော ဓမ္မော ဥပ္ပဇ္ဇတိ န ဟေတုပစ္စယာ' ၌ ကတ္တားပါဌ်အရကို ကောက်ပြ၍/ အနုဝါဒ ဝိဘင်းကို ဆက်၍ ဟောပြခဲ့ပါ။

(၁၂) ပီတိ တိတ် ပဉ္စာဝါရ သုဒ္ဓသချာဝါရ-လာ — ဟေတုယာ ဒသ ၌ ဒသ သချာကို ဘော်ပြ၍ / ပထမ သချာပုဒ်အရ ကတ္တားပါဌ်ကို အရ ကောက်ပြပါ။

၁၀—မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၁) အဘိဓမ္မာပိဋက ( ယမက ) ပါဠိ + အဋ္ဌကထာ မေးခွန်း (အောက်ပိုင်း)

၁၃၂၅ - ခုနှစ်၊ တပို့တွဲလဆန်း ၁၀ - ရက်။ ( ၂၄ - ၁ - ၆၄ )

——

( ၁ ) ကထာဝတ္ထုကျမ်းကို ဟောဘော်မူသည်၏ အခြားမဲ့၌ ပဋ္ဌာန်းကျမ်းကို ဟောသင့်သည် မဟုတ်ပါလော၊ အဘယ်ကြောင့် ယမိုက်ကျမ်းကို ဟောဘော်မူရပါသနည်း၊ ကျနစွာ ရှင်းပြခဲ့ပါ။

( ၂ ) ဓမ္မပဒိဂ္ဂဟက ပုဂ္ဂိုလ်တို့အား သန္နိဋ္ဌာန် သံသယ နှစ်ပါးတို့တွင် သံသယသည် ရှေးဦးစွာ ဖြစ်သောကြောင့် သံသယကို ရှေးဦးစွာ ဟောသင့်ပါလျက် အဘယ်ကြောင့် သန္နိဋ္ဌာန်ကို ရှေးဦးစွာ ဟောရပါသနည်း၊ ပြပြီးလျှင် / သန္နိဋ္ဌာန် "သံသယ"တို့၏ မမြဲရခြင်း အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

( ၃ ) ကုသလပဒ မူလယမက ၌ – 'တီဏေဝ ကုသလ မူလာနိ' ဟူ၍ ဟောတော်မူသကဲ့သို့ အညမည မူလ ယမက ၌ 'တီဏေဝ အညမည မူလာနိ' ဟူ၍ မဟောကြားဘဲ အဘယ်ကြောင့် မူလာနိ ယာနိ ဧကတော ဥပ္ပဇ္ဇန္တိ စသည်ဖြင့် ဟောကြားရပါသနည်း၊ ရှင်းပြခဲ့ပါ။

( ၄ ) မူလ ယမိုက်၌ ကုသလပဒ စသော ( ၃ ) ပဒ သာ မက၊ နာမပဒ ကိုပါ ထည့်သွင်း၍ ဟောချခြင်း အကြောင်းကို ညွှန်ပြပြီးလျှင်/ ပဒသောဓန မူလ စက္ကဝါရ၌ အဘယ်တရားတို့ကို အဘယ်ကြောင့် "စက္က" ခေါ်ရကြောင်းကို ဥပမာသွင်း၍ ရှင်းပြခဲ့ပါ။

( ၅ ) သညက္ခန္ဓာ မဖွဲ့ရသော "ဒိဋ္ဌိ" မှ တပါးသော သညာ အမည် ရနိုင်သော တရားတို့ကို ဖော်ပြ၍ / ထိုတရားတို့ကို ဒိဋ္ဌိကို ဟောသကဲ့သို့ မဟောရခြင်း အကြောင်းကိုလည်း ယုတ္တိလုံလောက်စွာ ပြ၍ ဖြေဆိုခဲ့ပါ။

( ၆ ) ပဝတ္တိအခါ၌ ဖြစ်သော ခန္ဓာတို့၏ ဥပါဒ်နှင့်တို့ဖြင့် ဥပ္ပါဒဝါရကို မပြမူ၍ ပဋိသန္ဓေ အခါ၌ ဖြစ်သော ခန္ဓာတို့၏ ဥပါဒ်တို့ဖြင့်သာ အဘယ့်ကြောင့် ဥပ္ပါဒဝါရကို ပြရပါသနည်း၊ ညွှန်ပြပြီးလျှင် / ပရိညာဝါရ ပစ္စုပ္ပန္နာ နာဂတ၊ အနုလုံ ရူပက္ခန္ဓမှု

ဝေဒနက္ခန္ဓာမူလီ၌ မဂ္ဂင်္ဂါနှင့် ပုဂ္ဂိုလ်သည် သိလတ္တံ့ ဖြစ်သောကြောင့် အာမန္တာ ထုတ်သင့်လျက် 'နော' ဝိဘင်း ထုတ်ရခြင်းအကြောင်းကိုလည်း ရေးသားခဲ့ပါ။

(၇) (အာယတန) ပစ္စုပ္ပန္န ပုဂ္ဂလဝါရ အနုလုံ၌ အဂ္ဂဟိတ ဂဟဏနည်းဖြင့် ယူခဲ့သော မူလီ-ပေါင်း မည်မျှရှိသည် ဟု သချာမျှ ညွှန်ပြ၍ / ဃာန-မူ၌ ဝိဿဇ္ဇနာ တူသောကြောင့် ဇိဝှာ ကာယ-တို့ကို ပါဠိတော်၌ မတင် မဟောဆိုရာ ကေနပင် တူသည်ဟု မှတ်ရမည်လော၊ သာဓကပြ၍ ဖြေဆိုခဲ့ပါ။

(၈) နိရောဓ အနာဂတဝါရ-လာ– 'ယဿ စက္ခာယတနံ နိရုဇ္ဈိဿတိ တဿ သောတာယတနံ နိရုဇ္ဈိဿတီတိ'၌ နိရောဓ အရကို ဖြစ်သင့်သမျှ ယူပြပြီးလျှင်/ အဘယ် နိရောဓကို ရည်ရွယ်၍ 'အာမန္တာ' ဟု ပဋိဝစန ဝိဘင်း ထုတ်ရပါသနည်း၊ (၂)နည်းမျှ ရှင်းပြခဲ့ပါ။

(၉) အောက်ပါ ပုစ္ဆာတို့ကို ပါဠိတော် ဝိဿဇ္ဇနာ ထုတ်ပြ ဖြေဆိုခဲ့ပါ။

(က) စက္ခုယတနဖြစ်လတ္တံ့- ဃာနာယတန မချုပ်လတ္တံ့သော ပုဂ္ဂိုလ်။

(ခ) ဃာနာယတန ချုပ်လတ္တံ့- စက္ခာယတန မဖြစ်လတ္တံ့သော ပုဂ္ဂိုလ်။

(ဂ) စက္ခာယတနလည်း ဖြစ်ဆဲ- ဃာနာယတနလည်း ချုပ်လတ္တံ့သော ပုဂ္ဂိုလ် ဘုံ။

(ဃ) စက္ခာယတနလည်း မဖြစ်ဆဲ ဃာနာယတနလည်း မချုပ်လတ္တံ့သော ပုဂ္ဂိုလ် ဘုံ။

(၁၀) ပဝတ္တိသန္ဓေကာလ ပဝတ္တိကာလ စုတိကာလ ဟူ၍ ကာလ (၃) ပါး ရှိခဲ့ရာ 'ယဿ ဒုက္ခသစ္စံ နုပ္ပဇ္ဇတိ၊ တဿ မဂ္ဂသစ္စံ နုပ္ပဇ္ဇတီတိ' ဟူသော ပုစ္ဆာ၏ 'ပဝတ္တေ စိတ္တဿ ဘင်္ဂက္ခဏေ' ဟူသော နှစ်ဘက်ရ ဝိဘင်းအရာ၌ ပဋိသန္ဓေစိတ်၏ ဘင်ခဏကို ကောက် ယူသင့် - မကောက်ယူသင့် ဋီကာအလိုကျ အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

(၁၁) (သစ္စ) ဥပ္ပါဒ ပစ္စုပ္ပန္နတိဘ ဝါရ-လာ– 'သုဒ္ဓါဝါသာနံ ဥပပတ္တိ စိတ္တဿ ဥပ္ပါဒက္ခဏေ' ဝိဘင်း၌ ဥပပတ္တိစိတ္တ အရ ကို ဒုက္ခမူ သမုဒယမူလီ နှင့် မဂ္ဂမူလီ အားလျော်စွာ မုချ ဥပစာ (၂) ဌာနအားဖြင့် ခွဲခြား၍ ကောက်ပြခဲ့ပါ။

(၁၂) အောက်ပါ ပုစ္ဆာ ပါဠိ၏ ဝိဿဇ္ဇနာ ဝိဘင်း သက်သက်ကိုသာ ရေးပြခဲ့ပါ၊ 'ယဿ ဒုက္ခသစ္စံ နိရုဇ္ဈတိ၊ တဿ သမုဒယသစ္စံ နိရုဇ္ဈိဿတီ'။

၁၀ – မှတ်စီ။

# (ခ) တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲ

## (၂) အဘိဓမ္မာပိဋက ( ယမက ) ပါဠိ + အဋ္ဌကထာ မေးခွန်း (အထက်ပိုင်း)

၁၃၂၅-ခုနှစ်၊ တပို့တွဲလဆန်း ၁၂-ရက်။ ( ၂၅-၁-၆၄ )

---

( ၁ ) အဘယ့်ကြောင့် သရူပဒုက္ခဝါရ ခေါ်ရကြောင်း ရေးပြီးလျှင် / အောက်ဖြစ်သော ခန္ဓာ အာယတန စသော ယမိုက်တို့၌ 'သရူပဒုက္ခဝါရ' ကို မဟောပါဘဲလျက် အဘယ့်ကြောင့် သစ္စာယမိုက်၌ 'သရူပဒုက္ခဝါရ' ကို ဟောတော်မူရသနည်း၊ ဖြေရှင်းခဲ့ပါ။

( ၂ ) ကာယသင်္ခါရ၏ ဖြစ်သင့်သော ဘုံအချို့နှင့် စိတ္တုပ္ပါဒ် ပုဂ္ဂိုလ်တို့ကို ထုတ်ပြပြီးလျှင်/ 'ယဿ ယတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇိတ္ထ၊ တဿ တတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇိဿတိ' ကိုလည်း အဖြေ ဝိဘင်းပါဠိ ထုတ်ခဲ့ပါ။

( ၃ ) ပစ္ဆိမစိတ္တသမင်္ဂီပုဂ္ဂိုလ် ဟူသည် အဘယ်နည်း၊ အဋ္ဌကထာ အာဘော်ကျ ရေးပြီးလျှင်/ 'ယဿ ယတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇိဿတိ၊ တဿ တတ္ထ စိတ္တသင်္ခါရော န နိရုဇ္ဈိတ္ထ' ကိုလည်း တဖက်ရ ဝိသဇ္ဇနာ ဝိဘင်းအရ သာကောက်ပြခဲ့ပါ။

( ၄ ) အနုသယ သာနုသယ ပဇဟန ဥပ္ပဇ္ဇန ဓာတု ငါးဝါရတို့၌ အဘယ့်ကြောင့် မဂ်ပုဂ္ဂိုလ် လေးယောက်ကို မဟောကြောင်းကို ပြဆိုပြီးလျှင် / ပဇဟန ဝါရ၌ အဘယ်ပုဂ္ဂိုလ်တို့ကို ဟောကြောင်း အနုလုံ ပစ္စနိက် အားဖြင့် ခွဲခြား ဖြေဆိုခဲ့ပါ။

( ၅ ) အဘယ်သို့ ဖြစ်သည်ကို သာနုသယ အနုသယ ရှိသည်ဟု ဆိုရမည်နည်း၊ အချင်းခပ်သိမ်း အနုသယ တို့ ဥပါဒ် နေသည်ကို အနုသယ ရှိသည်ဟု ဆိုပါသလော၊ ဥပမာသွင်း၍ ရှင်းခဲ့ပါ။

( ၆ ) 'ယဿ ဝါ ပန မာနာနုသယော ဥပ္ပဇ္ဇတိ၊ တဿ ကာမရာဂါ နုသယော ဥပ္ပဇ္ဇတီတိ' ကို အဖြေဝိဘင်း ထုတ်ပြီးလျှင် / ရူပဘုံ၌ ဖြစ်စေတတ်သော ရူပအချို့ မရှိသောကြောင့် အရူပဘုံမှ ရူပဘုံသို့ ပြောင်း၍ မဖြစ်နိုင်ဟု ဆိုရာ အရူပဘုံ၌ ရူပါဝစရအချို့ အဘယ့်ကြောင့် မရှိသနည်း၊ ဖြေရှင်းခဲ့ပါ။

( ၇ ) စိတ္တယမက · လာ—(၁)ဥပ္ပဇ္ဇတိ (၂)န နိရုဇ္ဈတိ (၃)ဥပ္ပန္န (၄)အနုပ္ပန္န တို့၏ အဓိပ္ပာယ်ကို အဋ္ဌကထာ အလိုကျ ယူပြပြီးလျှင်/'ယဿ ဝါ ပန

စိတ္တံ ဥပ္ပဇ္ဇိဿတိ တဿ စိတ္တံ ဥပ္ပဇ္ဇတိတိ' ဟူသော ပုစ္ဆာ၏ ဝိဘင်းကိုလည်း ထုတ်ပြခဲ့ပါ။

(၈) ကုသိုလ် အကုသိုလ် အဗျာကတ ဓမ္မ တို့ကို ကာလသုံးပါးအားဖြင့် ဝေဘန်ပြီးလျှင်/ ပစ္စုပ္ပန္န ပုဂ္ဂလဝါရ အနုလုံ ကုသိုလ်မူ အကုသိုလ်မူလိဂ္ဂ မဂ္ဂဋ္ဌာန်နှင့် အရဟတ္တဖလဋ္ဌာန် ကြဉ်သော ပုဂ္ဂိုလ်တို့သည် ကုသိုလ် အကုသိုလ် ဖြစ်နိုင်သောကြောင့် အာမ္မန္တာဝိဘင်း ထုတ်ရမည် ဖြစ်ပါလျက် အဘယ့်ကြောင့် နောဝိဘင်း ထုတ်ရပါသနည်း၊ ရှင်းပြခဲ့ပါ။

(၉) အောက်ပါ ပုဂ္ဂိုလ် ဘုံ တို့ကို ယမိုက် အထောက်ပြ၍ ကောက်ပြခဲ့ပါ။

(က) ကုသိုလ်ဖြစ်ဘူး - အကုသိုလ် မဖြစ်လတ္တံ့သော ပုဂ္ဂိုလ် ဘုံ။

(ခ) ကုသိုလ်ချုပ်ဆဲ - အကုသိုလ် မချုပ်လတ္တံ့သော ပုဂ္ဂိုလ် ဘုံ။

(ဂ) အကုသိုလ်လည်း မဖြစ်ဆဲ - အဗျာကတလည်း မချုပ်ဆဲသော ပုဂ္ဂိုလ် ဘုံ။

(၁၀) အတီတ ဥပ္ပါဒ ပုဂ္ဂလောကာသ ဝါရ ပစ္စနိက် ဝယ် — ဇီဝိတ မူ - သောမ မနဿ မူလိဂ္ဂ 'သုဒ္ဓါဝါသာနံ ဥပပတ္တိ စိတ္တဿ ဥပ္ပါဒက္ခဏေ' ဟု ဝိဘင်း ထုတ်၍ သောမနဿ 'မူ' မနိဒ္ဒေသမူလိဂ္ဂ 'သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ' ဟု ဝိဘင်းထုတ်ရာ ဤကဲ့သို့ ဝိဘင်း အသီးသီး ထုတ်ရခြင်းတို့၏ နှစ်လုံးသွင်း ကိုလည်း ရှင်းပြခဲ့ပါ။

(၁၁) အောက်ပါ ပုဂ္ဂိုလ် ဘုံ တို့ကို ယမက ပါဠိဖြင့် ဖြေဆိုခဲ့ပါ။

(က) သောမနဿ သာ ဖြစ်လတ္တံ့ - ပုရိသိန္ဒြေ မဖြစ်လဟုံ့သော ပုဂ္ဂိုလ် ဘုံ။

(ခ) ဇီဝိတိန္ဒြေသာ ဖြစ်ဆဲ ဖြစ်၍ - ဥပက္ခိန္ဒြေ မဖြစ်လတ္တံ့သော ပုဂ္ဂိုလ် ဘုံ။

(၁၂) ဒေါမနဿိန္ဒြေသည် ဒုက္ခသစ္စာ အရ၌ ပါဝင်သောကြောင့် ဒုက္ခသစ္စာ ကဲ့သို့ ပရိညေယျ အဖြစ်ဖြင့်လည်း ဟောသင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် ပဟာတဗ္ဗ အဖြစ်ဖြင့်သာ ဟောကြားရပါသနည်း၊ ရှင်းပြ ပြီးလျှင်/ စက္ခုန္ဒြေကိုလည်း ပိုင်းခြား၍ မသိဆဲ - အညာတိဝိန္ဒြေကိုလည်း မျက်မှောက်မပြုဆဲ သော ပုဂ္ဂိုလ်တို့ကိုလည်း ယမကပါဠိဖြင့်သာ ဖြေဆို ခဲ့ပါ။

၁၀ — မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၃) အဘိဓမ္မာပိဋက (ပဋ္ဌာန) ပါဠိ + အဋ္ဌကထာ မေးခွန်း (အောက်ပိုင်း)

၁၃၂၅ - ခုနှစ်၊ တပို့တွဲလဆန်း ၁၄ - ရက်။ (၂၇-၁-၆၄)

---

(၁) ပစ္စုပ္ပန် ပဋ္ဌာန်ရံ တို့သည် မနောဓာတ် (၃) ခု ဆန္ဒ ပီတိ ဝိရိယ ကြဉ် အညသမာန်း တဆယ်တို့အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု၏ ဟု ဆိုရာ ပစ္စုပ္ပန် ပဋ္ဌာန်ရံတို့သည် မနောဓာတ် နာမက္ခန္ဓာတို့အား တပေါင်းတည်း တပြိုင်နက် ကျေးဇူး ပြုနိုင် သလော၊ ရှင်းလင်းခဲ့ပါ။

(၂) ဘုရားရှင်သည် မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ စသော ပါဠ်ဖြင့် သမ္ပဋိစ္ဆိုင်းက သန္တီရဏအား ကျေးဇူး ပြုပုံကိုသာ ဟောကြား၍ သန္တီရဏ က ဝုဋ္ဌော စသည်တို့အား ကျေးဇူးပြုပုံကို အဘယ့်ကြောင့် ဟောတော်မမူပါသနည်း၊ ရှင်းလှင်း ဖြေဆိုခဲ့ပါ။

(၃) ဟေတူ ဟေတု သမ္ပယုတ္တကာနံ - ဟု ဟောတော်မူသကဲ့သို့ အဓိပတိ အဓိပတိသမ္ပယုတ္တကာနံ - ဟု ဟောတော် မမူဘဲ ဆန္ဒာ ဓိပတိ အစ ရှိသည်ဖြင့် ဟောတော် မူခြင်းကို ရှင်းပြပြီးလျှင်/ ရူပါရုံ၌ အာရမ္မဏသတ္တိ အာရမ္မဏာဓိပတိသတ္တိ ၂ - မျိုး ကိုလည်း ခွဲခြားပြခဲ့ပါ။

(၄) ရှေးရှေးသော ကုသိုလ်တရားတို့သည် နောက်နောက်သော အဗျာကတ တရားတို့အား အနန္တရ သတ္တိဖြင့် ကျေးဇူးပြုရာ ကတ္တား သမ္ပဒါန် ကရိုဏ်း ပါဠ် တို့၏ အရကောက်ပြပြီးလျှင်/ အနန္တရ အရ ရှေ့စိတ် နောက်စိတ် ၂ - ပါးလုံးကိုပင် ယူရမည်လော၊ အဘယ်ကို ယူရမည်နည်း၊ ကျနစွာ ရှင်းလင်းခဲ့ပါ။

(၅) သဟဇာတ ပစ္စယနိဒ္ဒေသ - ၌ ဩက္ကန္တိက္ခဏေ နာမရူပံ ဟု ဟောတော် မူရာ အဘယ်ခဏကို ဩက္ကန္တိက္ခဏ ယူရမည်ကို လည်းကောင်း- နာမရူပံ အရ အဘယ်နာမ် အဘယ်ရုပ်ကို ယူရမည်ကို လည်းကောင်း အဋ္ဌကထာ အလိုကျ ရေးပြပြီးလျှင်/အညမညပစ္စည်း မည်ခြင်း အကြောင်းကိုလည်း အဋ္ဌကထာ လာတိုင်း ရေးခဲ့ပါ။

(၆) အာရမ္မဏူပ နိဿယ - စသော ဥပနိဿယ (၃) ပါး တို့၏ အထူးကို ရေးပြီးလျှင်/အနန္တရူပ နိဿယ ဖြစ်အံ့ ရှေးရှေးသော ကုသိုလ်တရား တို့သည် နောက်နောက်

သော ကုသိုလ်တရားတို့အား ကျေးဇူးပြုရာ ကတ္တား သမ္ပဒါန် ပါဠိတို့ အရလာ ကောက် ပြခဲ့ပါ။

(၇) ပစ္ဆာဇာတ ပစ္စယ နိဒ္ဒေသ - လာ—ပုရေဇာတဿ ဣမဿ ကာယဿ - ၌ ယူသင့်သောကာယကို အဋ္ဌကထာအလိုကျ အဓိပ္ပာယ်နှင့် တကွ ပြပြီးလျှင်/အဘိဇ္ဈာ စသည်တို့ သည်လည်း မနောကမ္မ ဖြစ်သောကြောင့် ပစ္စပစ္စည်း တပ်သင့်သည် မဟုတ် ပါလော၊ အဘယ်ကြောင့် 'စေတနာ' သာလျှင် ကမ္မပစ္စည်း တပ်ရပါသနည်း၊ ရှင်းပြခဲ့ပါ။

(၈) ဝိပါက ပစ္စယ နိဒ္ဒေသ -၌ ဝိပါကာ ခန္ဓာ အရူပိနော - ဟု မဟောမူ၍ ဝိပါကာ 'စတ္တာရော' ခန္ဓာ အရူပိနော ဟူ၍ ဟောရခြင်း အကြောင်းကို ပြပြီးလျှင် / ဝိပါက် နာမက္ခန္ဓာ တို့သည် စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် တို့အား ဝိပါက သတ္တိဖြင့် ကျေးဇူးပြုနိုင်ပါလျက် ဤပစ္စယ နိဒ္ဒေသ ၌ မဟောရခြင်း ကိုလည်း ရှင်းပြခဲ့ပါ။

(၉) ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ တို့သည် ဣတ္ထိလိင်-ပုရိသလိင် စသည်တို့အား ဣန္ဒြိယ ပစ္စည်း မတပ်ခဲ့သော် (၂၄) ပစ္စည်းတို့တွင် အဘယ်ပစ္စည်းမျှ မတပ်ဟု မှတ်ရမည်လော၊ ရှင်းပြပြီးလျှင်/ဒွေးပဥ္စဝိညာဉ် တဆယ် ကြဉ်သော အဟိတ်စိတ် ရှစ်ပါး၌ ရှိသော ဈာနင် တို့သည် ဈာနပစ္စည်း တပ်, မတပ် ဋီကာ အလိုကျ ဆုံးဖြတ်ခဲ့ပါ။

(၁၀) မဂ္ဂပစ္စယ နိဒ္ဒေသ -၌ အဋ္ဌကထာ ဆရာ ဖွင့်ပြသော မဂ္ဂင် တရား တို့တွင် မိစ္ဆာ မဂ္ဂင် တို့ကို ထုတ်ပြ၍ / ထိုမိစ္ဆာ မဂ္ဂင် တို့သည် မဂ္ဂပစ္စည်း မတပ်ဘဲလျက် ထည့်သွင်း၍ ပြရခြင်း အကြောင်းကိုလည်း ရေးသားခဲ့ပါ။

(၁၁) ရူပါရုံ စသော ရုပ်တရားတို့သည် နာမ်တရားတို့နှင့် ဝိပ္ပယုတ် ဖြစ်ပါလျက် အဘယ်ကြောင့် ဝိပ္ပယုတ္တ ပစ္စည်း မတပ်ပါသနည်း၊ ရှင်းပြပြီးလျှင် / နတ္ထိနှင့်ဝိဂတပစ္စည်း တို့သည် အနန္တရနှင့် အလုံးစုံ တူသော်လည်း ထပ်မံ၍ ဟောကြား အပ်သည်ကို ဥပမာ သွင်း၍ ရှင်းပြခဲ့ပါ။

(၁၂) ဟေတုပစ္စည်း-၌ ပါဝင်သော 'အမောဟ' စေတသိက်ကို ပကိဏ္ဏက ဝိနိစ္ဆယ ကထာ လာ ဧက ဓမ္မ အနေက ပစ္စယဘာဝနည်း - ဧကပစ္စယ အနေက ပစ္စယ ဘာဝနည်း တို့ဖြင့် ဝေဘန်ခဲ့ပါ။

၁၀—မှတ်စီ။

## (ခ) တိပိဋကဓရ သမဘာဓရးဓဖြ စာဓမးပွဲ

### (၄) အဘိဓမ္မာပိဋက (ပဌာန) ပါဠိ + အဋ္ဌကထာမေးခွန်း (အထက်ပိုင်း)

၁၃၂၅-ခုနှစ်၊ တပို့တွဲလဆန်း ၁၅-ရက်။ (၂၈-၁-၆၄)

(၁) ဝိဓိနှင့် အနုဝါဒတို့၏ အဓိပ္ပာယ်ကို ရေးပြီးလျှင်၊ ကုသလံဓမ္မံပဋိစ္စ ကုသလော ဓမ္မော ဥပဇ္ဇတိ ဟူသော ဝိဓိပါဠ်၌ ဥပ္ပဇ္ဇတိအရ ဥပါဒ် ဌီ ဘင် ခဏ သုံးပါး တို့တွင် အဘယ်ခဏကို ယူရမည်နည်း၊ အဋ္ဌကထာ ဋီကာရှင်တို့ မိန့်ဆိုချက် အရ ဖြေရှင်းပြခဲ့ပါ။

(၂)ပစ္စယနိဒ္ဒေသ၌ ဟောတော်မူသော 'စတ္တာရော မဟာဘူတာ' ဟူသော ပါဠ်၌ လာသော-မဟာဘုတ်နှင့် ပဋိစ္စ သဟဇာတ ဝိဘင်္ဂဝါရလာ-ဗာဟိရံ ဧကံ မဟာဘူတံ ပါဠ်၌ လာသော မဟာဘုတ်တို့ ထူးခြားချက်ကို ရေးပြီးလျှင် / ဗာဟိရံ၌ အဘယ်ရုပ်ကို ဗာဟိရရုပ် ခေါ်ပါသနည်း၊ ရှင်းလင်းခဲ့ပါ။

(၃) ပဋိစ္စဝါရ အာသေဝန ဝိဘင်္ဂဝါရ၌ ကြိယာဗျာကတံ- ဝယ် အဘယ်ကြိယာကိုသာ ယူရမည်ဖြစ်ကြောင်း အဋ္ဌကထာ အာဘော်ကျ ရေးပြီးလျှင် / ပဋိစ္စဝါရ ပစ္စည်းအနုလုံ သဟဇာတ ဝိဘင်္ဂဝါရ အဗျာကတပဒ ရုပ်သက်သက်၌ ကတ္တားပုဒ်၏ အရကိုလည်း ကောက်ပြခဲ့ပါ။

(၄) ပဋိစ္စဝါရ ပစ္စနိက် န ဟေတုဝိဘင်္ဂဝါရ၌ အဘယ့်ကြောင့် ကုသလပဒ-ကို မရကြောင်း ပြဆိုပြီးလျှင် / ၎င်းနဟေတု ဝိဘင်္ဂဝါရ၌ ဟေတု ပစ္စယုပ္ပန် - တရားများကိုလည်း ထုတ်ဆောင်၍ ပြခဲ့ပါ။

(၅) ပဋိစ္စဝါရနှင့် အနက်အားဖြင့် တစုံဟာ အထူး မရှိပါဘဲလျက် အဘယ် အကျိုးငှာ သဟဇာတဝါရကို ဟောတော်မူရကြောင်း အဋ္ဌကထာ မိန့်မှာသမျှ ညွှန်ပြပြီးလျှင်/ကုသလံ ဓမ္မံ သဟဇာတော-ပါဠ်ကို အဋ္ဌကထာအာဘော်ကျ အနက်ယောဇနာခဲ့ပါ။

(၆) ပစ္စယဝါရ ပစ္စည်းအနုလုံ အဓိပတိ ဝိဘင်္ဂဝါရ အဗျာကတပဒ၌ 'ဝတ္ထုံပစ္စယာ ဝိပါကာဗျာကတာ ကြိယာဗျာကတာ' ပါဠိအရ ကောက်ပြပြီးလျှင်/ဆဝါရ ပဋိစ္စပဋ္ဌည်း

အနုလုံသချ်ာ၀ါရ၌ နဝသချ်ာ ထုတ်ရသော ပစ္စည်းပေါင်းကိုလည်း တခုစီ ရေတွက် ဖော်ပြခဲ့ပါ။

(၇) ပဥှာဝါရ အာရမ္မဏ ကုသလပဒ အဗျာကတပဒ ဝသာန -၌ ကုသိုလ်က ကာမကြိယာ ဗျာကတအားသာ ကျေးဇူးပြုပုံကို ပါဠိတော်ဖြင့် ညွှန်ပြပြီးလျှင် / ကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ၌ ကာမဝိပါက်သည်- တဒါရုံ အဖြစ်ဖြင့်သာ မက ပဋိသန္ဓေ စသည် အဖြစ်ဖြင့် ကျေးဇူးအပြု ခံရပါလျက် အဘယ်ကြောင့် ဤ၌ ပဋိသန္ဓေ စသည်ကို မဟောပါသနည်း၊ ညွှန်းပြခဲ့ပါ။

(၈) အာရမ္မဏာ ဓိပတိပစ္စည်း ဖြစ်သော အဗျာကတ ပစ္စည်းတရား - အဗျာကတ ပစ္စယုပ္ပန် တရားတို့ကို ကောက်ပြပြီးလျှင် / ကုသိုလ်သည် အဗျာကတအား အနန္တရသတ္တိ ဖြင့် ကျေးဇူးပြုပုံကိုလည်း အကျဉ်းမျှ ရေးသားခဲ့ပါ။

(၉) သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ ၌ - ကျေးဇူးပြုပုံကို အဋ္ဌကထာ အလိုကျ ဥပမာ သွင်း၍ ရှင်းပြပြီးလျှင် / ဥပနိဿယ ပစ္စည်းလာ ကုစားတားမြစ်၍ မရနိုင်သော အနန္တရိယကံတို့၌ အဘယ်ကြောင့် 'တဿ ပဋိဃာတတ္ထာယ' ဟူ၍ ဟောရပါသနည်း၊ ရှင်းပြခဲ့ပါ။

(၁၀) ဝတ္ထုပုရေဇာတံ၊ ဝတ္ထု - ကုသလာနံ ခန္ဓာနံ ပုရေဇာတ ပစ္စယေန ပစ္စယော ၌ ကတ္တား - သမ္ပဒါန် - ကရိုဏ်း - အရ တို့ကို ညွှန်ပြပြီးလျှင် / စက္ခု စသော ဩဠာရိက ရုပ်ကိုပြ၍ သုခုမရုပ်တို့ကို မပြသောကြောင့် ၎င်း သုခုမ ရုပ်တို့သည်လည်း ပုရေဇာတ ပစ္စည်း မတပ်ဟု မှတ်ယူရမည်လော၊ ရှင်းပြခဲ့ပါ။

(၁၁) ကမ္မပစ္စယ — ကုသလပဒ ကုသလပဒါဝသာန - ၌ ကုသလာ စေတနာ ဟူ၍ ဝိဘင်းထုတ်၍ အဗျာကတပဒဝါသာန ၌ မူကား သဟဇာတာ ကုသလာ စေတနာ ဟူ၍ ဝိဘင်းထုတ်ရခြင်းအကြောင်းကိုပြပြီးလျှင်/ပဋိသန္ဓေ အခါ၌ ဖြစ်သော မဂ္ဂ ပစ္စည်းတရား မဂ္ဂ ပစ္စယုပ္ပန်တရားတို့ကိုလည်း ကောက်ပြခဲ့ပါ။

(၁၂) အာရမ္မဏ ပစ္စည်း၏ သဘာဂပစ္စည်းတို့ကို ညွှန်ကြ၍ သဘာဂသာမက ဈာန နာ တို့ကိုပါ ဟောရခြင်း အကျိုးတို့ကို ပြပြီးလျှင်/အာရမ္မဏပစ္စည်း (၈) မျိုးလုံး ပြိုင်နိုင်သော ပစ္စယုပ္ပန်တရားတို့ကိုလည်း ရေးသားခဲ့ပါ။

၁၀—မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၁) အဘိဓမ္မာပိဋက (ယမက) ပါဠိ + အဋ္ဌကထာ မေးခွန်း (အောက်ပိုင်း)

၁၃၃၃-ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်။ (၂၁-၁-၇၂)

---

(၁) ယမကကျမ်း ဟူ၍ ခေါ်ရခြင်း အကြောင်းကို ဂေါ်က္ခရ နည်းအားဖြင့် ရှင်းပြပြီးလျှင်/ ယမိုက် ဆယ်ကျမ်းတို့တွင် မူလ ယမိုက်ကျမ်းကို အဘယ်ကြောင့် ရှေးဦးစွာ ဟောကြားရပါသနည်း၊ ညွှန်ပြခဲ့ပါ။

(၂) အဗျာကတ ပဒကေ မူလ လာ—အဟေတုကံ အဗျာကတံ အရကို အဋ္ဌကထာ အလိုကျ ကောက်ပြပြီးလျှင် / ကုသိုလ်စိတ်သည် သဟိတ်စိတ် ဖြစ်သောကြောင့် ထိုစိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ်ကို 'သဟေတုကံ အဗျာကတံ' အရ၌ ကောက်သင့်-မကောက်သင့် အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

(၃) မူလနယ နှင့် မူလ မူလ နယ တို့မှာ အနက်အထူး မရှိပါဘဲလျက် မူလ မူလနယကို ထပ်မံ၍ ဟောရခြင်း အကြောင်းကို ညွှန်ပြပြီးလျှင်/နာမပဒ ကေမူလ ယမက၌ အဟေတုကံ နာမမူလေန ကေမူလံ အဟေတုကံ 'နာမံ' နာမမူလေန ကေမူလံ ဟူ၍ ပါဠိ နှစ်မျိုးရှိရာ 'နာမ' သဒ္ဒါ မထည့်မူ၍ လည်းကောင်း ထည့်သွင်း၍ လည်းကောင်း ဟောရခြင်း အကြောင်း ရည်ရွယ်ချက်ကိုလည်း ညွှန်ပြခဲ့ပါ။

(၄) ပရိပုဏ္ဏပဋ္ဌာ၏ အဓိပ္ပာယ်ကို ဝါဒစုံ ညွှန်ပြပြီးလျှင် / ပဋိက္ခေပ ဝိသဇ္ဇနာ ပဋိသေဓ ဝိသဇ္ဇနာတို့သည် ပယ်မြစ်ခြင်း တူသောကြောင့် အတူတူပင် မှတ်ရမည်လော၊ အဘယ်သို့ ထူးခြားပါသနည်း၊ ဖြေရှင်းခဲ့ပါ။

(၅) မိဿက ဝါရ တို့တွင် အတီတပစ္စုပ္ပန္န အနာဂတ ပစ္စုပ္ပန္န အနာဂတာတီတ ဝါရတို့ကို မဟောရခြင်း အကြောင်းကို ရှင်းပြပြီးလျှင်/ 'ပဝတ္တိ' ပစ္စုပ္ပန္န ပုဂ္ဂလော-ကာသ အနုလုံ ရူပက္ခန္ဓာမူ ဝေဒနက္ခန္ဓာမူလိ၌ အသည သတ္တာနံ ဟူ၍ ဝိဘင်း ထုတ်ရခြင်း အကြောင်းကိုလည်း ရှင်းပြခဲ့ပါ။

(၆) ပရိညာ ကိစ္စသည် မဂ်ခဏ၌ ဖြစ်သောကြောင့် မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်လုံးကိုပင် 'ပရိဇာနာတိ' အရ ကောက်ရမည် မဟုတ်ပါလော၊ အဘယ်ကြောင့် အရဟတ္တမဂ္ဂဋ္ဌာန်ကိုသာ ကောက်ရပါသနည်း၊ ယုတ္တိ သာဓက လုံလောက်စွာပြ၍ ဖြေဆိုခဲ့ပါ။

(၇) ပဝတ္တိ ပစ္စုပ္ပန္နဝါရ စက္ခုမူ ဃာနမူလိဳ၌ သဃာနကာနံ အစက္ခုကာနံ အရ ဖြစ်သင့်သော ပုဂ္ဂလဝိဘာဂကို အဋ္ဌကထာ ဋီကာ အလိုကျ ကောက်ပြပြီးလျှင်/ယတ္ထ စက္ခာယတနံ ဥပ္ပဇ္ဇတိ၊ တတ္ထ သောတာယတနံ ဥပ္ပဇ္ဇတိ ၌ အာမန္တာ ထုတ်ရခြင်း အကြောင်းကိုလည်း ဝါဒစုံ ရေးသားခဲ့ပါ။

(၈) ယဿ ဝါ ပန ရူပါယတနံ ဥပ္ပဇ္ဇိဿတိ တဿ စက္ခာယတနံ ဥပ္ပဇ္ဇိဿတိ၌ ဂဗ္ဘ-သေယျက၏ အဖြစ်သို့ ရောက်၍ ပရိနိဗ္ဗာန် ပြုလတ္တံ့သော ပုဂ္ဂိုလ်အား ရူပါယတနသည် ပဋိသန္ဓေအခါ၌ ဖြစ်လတ္တံ့ စက္ခာယတနသည် ဖြစ်လတ္တံ့ မဟုတ်ပါဘဲလျက် အာမန္တာ ထုတ်ရခြင်း အကြောင်းကို ကျနစွာ ရှင်းပြပါ။

(၉) အောက်ပါ ပုဂ္ဂိုလ်တို့ကို ဝိဿဇ္ဇနာ ပါဠိ ထုတ်ပြ၍ ဖြေဆိုခဲ့ပါ။

(က) စက္ခုလည်း မဖြစ်ဆဲ သောတလည်း မဖြစ်လတ္တံ့သော ပုဂ္ဂိုလ်။

(ခ) စက္ခုမချုပ်ဆဲ သောတ ချုပ်လတ္တံ့သော ပုဂ္ဂိုလ်။

(ဂ) စက္ခုလည်း မဖြစ်လတ္တံ့ သောတလည်း မချုပ်လတ္တံ့သော ပုဂ္ဂိုလ်။

(ဃ) စက္ခုမဖြစ်ဆဲ သောတ ချုပ်လတ္တံ့သော ပုဂ္ဂိုလ်။

(၁၀) နိရောဓ၏ အဓိပ္ပာယ ဘေဒ သရူပတ္ထ တို့ကို အဋ္ဌကထာ အာဘော်ကျ ကောက်ပြပြီးလျှင်/သစ္စ ပဝတ္တိ ပစ္စုပ္ပန္န ဝါရ၌မူ မူလိ (၆) ယမက ရှိသင့်လျက် (၃) ယမကသာ ရှိရခြင်း အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

(၁၁) ပဝတ္တိ ဥပ္ပါဒ အတီတ ပုဂ္ဂလောကာသ ဒုက္ခမူ မဂ္ဂမူလိ၌ အနဘိသမေတာဝီ ဘေဒကို ဖြစ်သင့်သမျှ ထုတ်ပြပြီးလျှင်/အဘယ် အကျိုးငှာ သုဒ္ဓါဝါသာနံ ဒုတိယ-စိတ္တေ ဝတ္တမာနေ ဟူ၍ ဝိသေသန မ၍ ဟောတော် မူပါသနည်း၊ ရှင်းခဲ့ပါ။

(၁၂) ပဝတ္တ ဥပ္ပါဒ အနာဂတ ပုဂ္ဂလ ဒုက္ခမူ သမုဒယမူလိ-လာ 'ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ' အရကို ဋီကာအလိုကျ ကောက်ပြပြီးလျှင်/ပုဂ္ဂလဝါရ သမုဒယမူ မဂ္ဂမူလိ ပစ္စနိက်၌ နိရောဓသမာပန္န ပုဂ္ဂိုလ်ကို သီးခြားဝိဘင်း ထုတ်ပါလျက် ၎င်းပုဂ္ဂလောကာသ ဝါရ၌ အဘယ်ကြောင့် သီးခြားဝိဘင်း မထုတ်ပါသနည်း၊ ဝါဒစုံ ရှင်း၍ ပြခဲ့ပါ။

၁၀-မှတ်စီ။

# ( ၁ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## ( ၂ ) အဘိဓမ္မာပိဋက ( ယမက ) ပါဠိ + အဋ္ဌကထာ မေးခွန်း ( အထက်ပိုင်း )

၁၃၃၃-ခုနှစ်၊ တပို့တွဲလဆန်း ၇ - ရက်။ ( ၂၂-၁-၇၂ )

---

( ၁ ) ကာယအရ စတုသမုဋ္ဌာနိက ရုပ်ဟု ဆိုအပ်သော ကရဇကာယကို ကောက်သောကြောင့် န ကာယော န ကာယ သင်္ခါရော ဟူသော ပုစ္ဆာ၏ နှစ်ဘက်ရ ဝိဘင်း၌ ရုပ်အဋ္ဌဝိသကို ထည့်သွင်း၍ ကောက်ရခြင်းအကြောင်းကို ရှင်းပြပြီးလျှင် / ၎င်းနှစ်ဘက်ရ တရားတို့တွင် ( ရုပ် ) တရားကောက်ပုံ နည်းမျိုးစုံကိုလည်း ညွှန်ပြခဲ့ပါ။

( ၂ ) စိတ်သည် ရုပ်ကို ဖြစ်စေရာ၌ ဥပါဒ်ခဏ၌သာ ဖြစ်စေသည်၊ ဘင်ခဏ၌ မဖြစ်စေ ဟူသော စကားရပ်သည် မှန်-မမှန် သင်္ခါရယမိုက် ဝိဘင်းအထောက်ပြ၍ ဖြေဆိုပြီးလျှင်/ အဝိဘက္ကံ အဝိစာရံ ပစ္ဆိမ စိတ္တံ အရကို အရကောက် ကျမ်းဆရာ အလိုနှင့် အဋ္ဌကထာအလိုကျ ကောက်ပြခဲ့ပါ။

( ၃ ) အတီတ ဝါရ ပစ္စနိက် ပုဂ္ဂလောကာသ ကာယမူ ပဋိမူလီ၌ သုဒ္ဓါဝါသ ပဋိသန္ဓေစိတ်မှ စ၍ ကာယသင်္ခါရ ဝစီသင်္ခါရ နှစ်ပါးလုံး ဖြစ်ဘူး မရသောကြောင့် သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ ဟူ၍လည်းကောင်း သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ ဟူ၍လည်းကောင်း ဝိဘင်း နှစ်ချက်ခွဲ၍ ထုတ်သင့်ပါလျက် အဘယ်ကြောင့် အဘယ်ကို ရည်ရွယ်၍ သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ ဟူ၍သာ ဝိဘင်းထုတ်ရပါသနည်း၊ ကျနစွာ ရှင်းပြခဲ့ပါ။

( ၄ ) ပဋိသာနုသယသည် ဒေါမနဿ ဝေဒနာနှစ်ပါး ဒုက္ခဝေဒနာအားဖြင့် ဝေဒနာ သုံးပါး၌ ကိန်းသည်မဟုတ်ပါလော - အဘယ်ကြောင့် ဒုက္ခဝေဒနာ၌သာ ကိန်းသည်ဟူ၍ ဆိုရပါသနည်း၊ ညွှန်ပြပြီးလျှင်/ ဈာနာရုံကို အာရုံပြု၍ ဖြစ်သော ဒေါမနဿသည် ပဋိဃာနုသယ ဖြစ်သင့်-မဖြစ်သင့် အကြောင်းနှင့်တကွ ဥပမာသွင်း၍ ရှင်းပြခဲ့ပါ။

( ၅ ) ပဟီနဝါရ ပဋိလောမ ပုဂ္ဂလ ကာမမူ ပဋိဃ မူလီ၌ ထိုအနုသယ နှစ်ပါးတို့ကို ပုထုဇဉ်မှစ၍ အနာဂါမိမဂ္ဂဋ္ဌာနံ ပုဂ္ဂိုလ်တိုင်အောင် မပယ်ပါဘဲလျက် အာမန္တာ ဟူ၍ ဖြေဆိုရခြင်းအကြောင်းကို ညွှန်ပြပြီးလျှင်/ ယဿ ဝါ ပန ယတ္ထ အဝိဇ္ဇာနုသယော အပ္ပဟီနော တဿ တတ္ထ ကာမရာဂါနုသယော အပ္ပဟီနောတိ ဟူသော ပုစ္ဆာ၏ ဝိဿဇ္ဇနာကို ပါဠိတော်ဖြင့် ညွှန်ပြခဲ့ပါ။

( ၆ ) အနုသယ ဝါရလာ အနုသေတိ ပုဒ်နှင့် ဓာတုဝါရလာ အနုသေတိ ပုဒ်တို့၏ ပဒတ္ထချင်း သဘာဝတ္ထချင်း ထူးခြားဟန်ကို အဋ္ဌကထာ အလိုကျ ညွှန်ပြပြီးလျှင်/ ကတ္တို

အနုသယာ ဘင်္ဂါ ဟူ၍လည်းကောင်း အနုသယာ ဘင်္ဂါနတ္တိ ဟူ၍လည်းကောင်း မေးရခြင်း၊ ဖြေရခြင်း အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

( ၇ ) 'ယဿ စိတ္တံ ဥပ္ပဇ္ဇတိ၊ တဿ စိတ္တံ ဥပ္ပဇ္ဇိတ္ထ' ဟူသော ပုစ္ဆာ၏ နှစ်ဘက်ရ တရားကို ကောက်ပြပြီးလျှင် / ထိုတရား၏ ဥပ္ပဇ္ဇတိ နှင့် ဥပ္ပဇ္ဇိတ္ထ မည်ရခြင်း အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

( ၈ ) အတိက္ကန္တပုဂ္ဂလ ဝါရ၌ ဥပ္ပါဒက္ခဏ နိရောဓက္ခဏတို့သည် ဥပ္ပဇ္ဇမာန နိရုဇ္ဈမာန မမည်ကြပါဘဲလျက် အဘယ်ကြောင့် ဥပ္ပဇ္ဇမာနံ ခဏံ နိရုဇ္ဈမာနံ ခဏံ ဟူ၍ ဟောရပါသနည်း၊ အကြောင်းပြ၍ ဖြေဆိုပြီးလျှင် / အတိက္ကန္တဘေဒ အနတိက္ကန္တ ဘေဒတို့ကိုလည်း သရုပ်တရားကိုယ်နှင့် တကွ ညွှန်ပြခဲ့ပါ။

( ၉ ) အောက်ပါ ပုဂ္ဂိုလ် ဘုံတို့ကို ယမက အထောက်ပြ၍ ကောက်ခဲ့ပါ။

( က ) ကုသိုလ်လည်း ဖြစ်ဆဲမဟုတ် - အကုသိုလ်လည်း ဖြစ်ဆဲမဟုတ်သော ပုဂ္ဂိုလ် ဘုံ။

( ခ ) ကုသိုလ်လည်း ဖြစ်ဆဲ မဟုတ် - အကုသိုလ်လည်း ဖြစ်လတ္တံ့ မဟုတ်သော ပုဂ္ဂိုလ် ဘုံ။

( ဂ ) အဗျာကတ ချုပ်ဘူး - ကုသိုလ် ဖြစ်ဆဲ မဟုတ်သော ပုဂ္ဂိုလ် ဘုံ။

( ဃ ) အဗျာကတ ချုပ်လတ္တံ့ - ကုသိုလ်ဖြစ်ဆဲ မဟုတ်သော ပုဂ္ဂိုလ် ဘုံ။

( ၁၀ ) ဣန္ဒြိယ ဝိဘင်းကျမ်း၌ကဲ့သို့ ဇီဝိတိန္ဒြေကို မနိန္ဒြေ၏ အခြားမဲ့၌ မညွှန်ပြမူ၍ ပုရိသိန္ဒြေ၏ အခြားမဲ့၌ ညွှန်ပြရခြင်း အကြောင်းကိုလည်း ဋီကာအလိုကျ ကျနစွာ ရှင်းပြခဲ့ပါ။

( ၁၁ ) ( က ) သစက္ခုကာနံ ဉာဏသမ္ပယုတ္တာနံ ( ခ ) ဉာဏသမ္ပယုတ္တာနံ အစက္ခုကာနံ အရဟုံကို အဋ္ဌကထာ အလိုကျ ကောက်ပြပြီးလျှင် / အောက်ပါ ပုစ္ဆာ၏ ဝိဿဇ္ဇနာကိုလည်း ပါဠိတော်ဖြင့် ညွှန်ပြခဲ့ပါ။

ယဿ ယတ္ထ သဒ္ဒိန္ဒြိယံ န ဥပ္ပဇ္ဇတိ၊

တဿ တတ္ထ ပညိန္ဒြိယံ န ဥပ္ပဇ္ဇိတ္ထာ တိ။

( ၁၂ ) ပရမတ္ထတရား ( ၄ ) ပါးတို့ကို ပဟာတဗ္ဗ စသော ( ၄ ) ပါးတို့ဖြင့် ဝေဘန်၍ ပြပြီးလျှင်/အညီခန့်သည် ဘာဝေတဗ္ဗ သစ္ဆိကာတဗ္ဗ နှစ်မျိုးလုံး ဖြစ်ပါလျက် ဘာဝေတဗ္ဗ၏ အစွမ်းဖြင့်သာ ဟောရခြင်း အကြောင်းကိုသည်း ညွှန်ပြခဲ့ပါ။

၁၀--မှတ်စီ။

## ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### ( ၃ ) အဘိဓမ္မာပိဋက ( ပဋ္ဌာန ) ပါဠိ + အဋ္ဌကထာ မေးခွန်း ( အောက်ပိုင်း )

၁၃၃၃ - ခုနှစ်၊ တပို့တွဲလဆန်း ၉ - ရက်။ ( ၂၄ - ၁ - ၇၂ )

—

( ၁ ) ကေနဋ္ဌေန ပဋ္ဌာနန္တိ ဝိဘဇနဋ္ဌေန ပဋ္ဌိဘတ္တေန ဂမနဋ္ဌေနာတိ အတ္တော· တို့အရ ဝေဘန်၍ ဟောရာ သဗ္ဗညုတဉာဏ်၏ ကျက်စားရာ ဖြစ်သောကြောင့် ဓမ္မသင်္ဂဏီ စသော ကျမ်းတို့သည်လည်း ပဋ္ဌာန်း ဟူသော အမည် ရသင့် မရသင့် အကြောင်း အသီးသီး ပြ၍ ဖြေဆိုခဲ့ပါ။

( ၂ ) ပဋ္ဌိသန္ဓေ အခါ၌ စိတ်သည် စိတ္တဇရုပ်ကို မဖြစ်စေနိုင်ခြင်း အကြောင်းကို ပြည့်စုံစွာ ဖြေဆိုပြီးလျှင်/အာရမ္မဏပစ္စယ နိဒ္ဒေသ၌ - ယံ ယံ ဓမ္မံ အာရဗ္ဘ ဟု ကေဝုစ်ဖြင့် ဟောတော်မူ၍ တဖန် တေ တေ ဓမ္မာ ဟု ဗဟုဝုစ်ဖြင့် ဟောတော်မူခြင်း၏ အကျိုးကိုလည်း ဋီကာ အလိုကျ ညွှန်ပြခဲ့ပါ။

( ၃ ) အတ္တာဓိနာနံ ပတိဘာဝေန ဥပကာရကတာ အဓိပတိ ပစ္စယတာ အရ သဟဇာတာဓိပတိ ပစ္စည်း၏ ကျေးဇူးပြုပုံ သဘောကို ညွှန်ပြပြီးလျှင်/ ဆန္ဒာဓိပတိ သမ္ပယုတ္တကာနံ ဟူ၍သာ မဟောဘဲ ဆန္ဒာဓိပတိ ဆန္ဒ သမ္ပယုတ္တကာနံ ဟူ၍ ဆန္ဒ ထည့်သွင်း၍ ဟောချခြင်း အကြောင်းကိုလည်း ရေးသားခဲ့ပါ။

( ၄ ) အဒ္ဓါနန္တရတာယ အနန္တရပစ္စယော ကာလာနန္တရတာယ သမနန္တရပစ္စယော ဟူ၍ ပစ္စည်း နှစ်ခုတို့၏ အထူးကို ပြရာဝယ် ထိုဆရာ၏ အယူဝါဒသည် ဘုရားဟော ပါဠိနှင့် ဆန့်ကျင် - မဆန့်ကျင် သာဓကပြ၍ ဖြေဆိုပြီးလျှင်/ သဟဇာတပစ္စယနိဒ္ဒေသ - လာ — နိဒ္ဒေသနာကာယ ပါဌ် ခြောက်ချက်တို့တွင် ရှေ့သုံးဝါရတို့၌ အညမည သဒ္ဒါ ပါ၍ နောက်ဝါရတို့၌ မပါရခြင်း အကြောင်းကိုလည်း ရှင်းပြခဲ့ပါ။

( ၅ ) နိဿယ ပစ္စယ နိဒ္ဒေသ · လာ — ဩက္ကန္တိက္ခဏေ နာမရူပံ၌ ကတ္တား သမ္ပဒါန် ကရိုဏ်းပါဌ် အရ တို့ကို ကောက်ပြပြီးလျှင်/ ၎င်းနိဒ္ဒေသလာ ဝတ္ထုရုပ်သည် မည်မျှလောက်သော တရားစုတို့အား နိဿယပစ္စယ သတ္တိဖြင့် ကျေးဇူးပြုပါသနည်း၊ ညွှန်ပြခဲ့ပါ။

( ၆ ) အနန္တရ နှင့် အနန္တရရူပနိဿယ တို့၏ အထူးကို ပြရာဝယ် ဗလဝ ကာရဏ၏ အစွမ်းဖြင့် အနန္တရရူပနိဿယ မည်၏ ဟု ဆိုရာ ဗလဝ ကာရဏ ဖြစ်ရခြင်း အကြောင်းကို ညွှန်ပြပြီးလျှင် / 'ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော-' ၌ အဗျာကတ အရ ရုပ်အဗျာကတ ကို ရ-မရ အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

( ၇ ) ဥပနိဿယ ပစ္စည်း-၌ ပုရိမာ ပုရိမာ ဟူ၍ ဟောတော် မူသောကြောင့် ရှေးရှေးသော တရားတို့သည်သာ ဥပနိဿယပစ္စည်း တပ်သည်ဟု မှတ်ရမည်လော၊ ယုတ္တိ သာဓက ပြ၍ ဖြေဆိုပြီးလျှင်/ နိဗ္ဗာန်သည် အဘယ်ကြောင့် ပကတူပနိဿယ ပစ္စည်း မထိုက်ပါသနည်း။

( ၈ ) ပုရေဇာတ အဓိပ္ပာယ်နှင့် တကွ ပုရေဇာတ သရုပ်ကို ထုတ်ပြပြီးလျှင် / ၎င်း ပုရေဇာတနိဒ္ဒေသ ပါဠိတော်ဝယ် မနောဒွါရ၌ ဝတ္ထုပုရေဇာတ၏ အစွမ်း အားဖြင့်သာ ဟောကြားသောကြောင့် အာရမ္မဏပုရေဇာတကို မရ ဟူ၍ မှတ်ရမည်လော၊ ယုတ္တိ သာဓက ပြ၍ ဖြေဆိုခဲ့ပါ။

( ၉ ) ပစ္ဆာဇာတ ပစ္စည်း၏ ကျေးဇူးပြုပုံကို အဋ္ဌကထာဝါဒ ဋီကာဝါဒ နှစ်ဌာနဖြင့် ညွှန်ပြပြီးလျှင် / ကုသိုလ်တရားသည် အဗျာကတ တရားအား အဘယ့်ကြောင့် အာသေဝန ပစ္စည်း မတပ်ပါသနည်း၊ ကျနစွာ ညွှန်ပြခဲ့ပါ။

( ၁၀ ) နာနက္ခဏိက ကမ္မ ပစ္စည်း၏ အဓိပ္ပာယ်ကို ပြည့်စုံစွာ ညွှန်ပြပြီးလျှင် / ဣန္ဒြိယ ပစ္စယ နိဒ္ဒေသ-လာ-ရူပိန္ဒြိယတို့၏ ကျေးဇူးပြုပုံကိုလည်း အဋ္ဌကထာ အလို ညွှန်ပြခဲ့ပါ။

( ၁၁ ) ဝိပ္ပယုတ္တ ပစ္စယ နိဒ္ဒေသ-လာ —'ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ'-၌ ရူပိနော အရ ယူသင့်သော ရုပ်-မယူသင့်သော ရုပ်တို့ကို အကြောင်းနှင့် တကွ ညွှန်ပြပြီးလျှင် / ဝတ္ထာရမ္မဏ ပုရေဇာတ ဖြစ်အံ့ ပြိုင်နိုင်သော ပစ္စည်းတို့ကိုလည်း ညွှန်ပြခဲ့ပါ။

( ၁၂ ) ပကိဏ္ဏက ဝိနိစ္ဆယ-လာ — ကေဝမ္မယ အနေက ပစ္စယဘာဝ အရ သဟဇာတ ဓိပတိ (၄) ပါးတို့၏ တပ်နိုင်သော ပစ္စည်း-မတပ်နိုင်သော ပစ္စည်း တို့ကို ညွှန်ပြပြီးလျှင် / (၂၄) ပစ္စည်းတို့ကို ဇနက စသည်အားဖြင့်လည်း ဝေဘန်၍ ပြခဲ့ပါ။ ၁၀—မှတ်စီ။

# (ခ) တိပိဋကဓရ သမဘာဝရေးဖြေ စာမေးပွဲ

## (၄) အဘိဓမ္မာပိဋက (ပဋ္ဌာန) ပါဠိ + အဋ္ဌကထာ မေးခွန်း (အထက်ပိုင်း)

၁၃၃၃ - ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်။ [(၂၅-၁-၇၂)

---

(၁) ပဋိစ္စ ပစ္စည်း အနုလုံ ပစ္စည်း ပစ္စနိက်တို့၏ အဓိပ္ပာယ်နှင့် တကွ ဟောပုံ ပါဠိကို အမြွက်မျှ ညွှန်ပြပြီးလျှင်/ (ပဋိစ္စ) ပုစ္ဆာဝါရ၌ ပဒ (၇) ပါး ရှိကြောင်း ပြဆိုအပ်ပါလျက် ဝိဿဇ္ဇနာဝါရ၌ အဘယ်ကြောင့် (၅) ပဒသာ ဟောရပါသနည်း၊ မရသော ပဒတို့ကိုလည်း အကြောင်းနှင့် တကွ ညွှန်ပြခဲ့ပါ။

(၂) ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရ-၌ 'ခန္ဓေ ပဋိစ္စ ဝတ္ထု ဝတ္ထုံ ပဋိစ္စ ခန္ဓာ' ဟူ၍ ဟောရခြင်း၏ ရည်ရွယ်ချက်ကို ညွှန်ပြပြီးလျှင် /အာရမ္မဏ ပစ္စည်း၏ ဝိဘင်္ဂ ပါဠိ၌မူ ဝတ္ထုံ ပဋိစ္စ ခန္ဓာ ဟူ၍ သာ ဟော၍ ခန္ဓေ ပဋိစ္စ ဝတ္ထု ဟု မဟော ရခြင်း အကြောင်းကိုလည်း ရေးသားခဲ့ပါ။

(၃) အခြားသော ပစ္စည်းတို့၌ ပစ္စည်း နာမည် မညွှန်မူ၍ ဟောကြားအပ်ပါလျက် ဤ ပုရေဇာတ ပစ္စည်း၏ ဝိဘင်္ဂ ဝါရ၌ အဘယ်ကြောင့် ဝတ္ထုံ ပုရေဇာတ ပစ္စယာ ဟူ၍ အမည်တပ်၍ ဟောကြားရပါသနည်း၊ ရှင်းပြပြီးလျှင်/ ကမ္မ ပစ္စည်း၌ ဟောအပ်သော တရားတို့ကိုလည်း ဧကက္ခဏိက နာနက္ခဏိက နှစ်ဌာနဖြင့် ဝေဘန်၍ ပြခဲ့ပါ။

(၄) ပဋိစ္စ ပစ္စယာနုလောမ သင်္ချာဝါရ - လာ သင်္ချာဝါရတို့ကို သင်္ခေပ ဝိတ္ထာရ အားဖြင့် သိသာရုံ ညွှန်ပြပြီးလျှင်/ ၎င်းဒုမူလက ပစ္စည်းတွန်းရာ၌ သင်္ချာ ထုတ်ရမည့် ဥပဒေသကိုလည်း အဋ္ဌကထာ အလိုကျ နမူနာပြ၍ ရှင်းခဲ့ပါ။

(၅) ပဋိစ္စ ပစ္စနိက နာဓိပတိ ဝိဘင်္ဂဝါရ-၌ အသီးအခြား အဓိပတိမျှကိုသာ မထုတ်ဘဲ အလုံးစုံ သိမ်းကျုံး၍ 'ယူသည်၏ အစွမ်းအားဖြင့် ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ စသည်ဖြင့် ဟောပုံ ထူးခြားရခြင်း အကြောင်းကို ညွှန်ပြ ပြီးလျှင် / ၎င်းဝါရလာ ကုသလေန ကုသလံ ၌ ကတ္တားပုဒ်၏ အရကိုလည်း ကောက်ပြခဲ့ပါ။

(၆) ပဋိစ္စ ပစ္စနိက ဒုကသင်္ချာ န ပုရေဇာတ ပစ္စည်း၏ ပစ္စယုပ္ပန္န ဓမ္မသာ ဖြစ်၍ န ဟေတု ပစ္စည်း၏ ပစ္စယုပ္ပန္န ဓမ္မ မဖြစ်သော တရားတို့ကို ကောက်ပြပြီးလျှင်/ ရသင့်သော သင်္ချာတို့ကိုလည်း ရေတွက်၍ ပြခဲ့ပါ။

(၇) ပစ္စယဝါရ အာရမ္မဏဝိဘင် အဗျာကတပဒ အဗျာကတ ပဒါဝသာန-၌ ပဝတ္တိ ပဋိသန္ဓေ ဝတ္ထုကံ နေရာ ဟူ၍ သုံးမျိုး ခွဲဝေ၍ ဟောရာ ဝတ္ထုကံ နေရာ ဟူသည် အဘယ်ကို ဆိုလိုပါသနည်း၊ ပြပြီးလျှင်/ ၎င်း ဝိဘင် အဗျာကတ ပဒ ကုသလ ပဒါဝသာန-လာ ဝတ္ထုံ ပစ္စယာ ကုသလာ ခန္ဓာ ၌ ကတ္တားပါဌ် အရကိုလည်း ကောက်ပြခဲ့ပါ။

(၈) ပဉှာဝါရ အာရမ္မဏဝိဘင်-လာ ဒါနံ ဒတွာ အရ ဒါနကုသိုလ် နှင့် ပုဗ္ဗေ သုစိဏ္ဏာနိ အရ ဒါနကုသိုလ်တို့၏ ထူးခြားဟန်ကို ပြ၍/ ပုဗ္ဗေ သုစိဏ္ဏာနိ ဟူသော ပါဠိကို ဟောရခြင်း အကျိုးကို ညွှန်ပြပြီးလျှင်/ ကုသလ ပဒ အဗျာကတ ပဒါဝသာန ၌ ဣဒ္ဓိဝိဓ အဘိညာဉ်ကို မဟောရခြင်း အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

(၉) ပဉှာဝါရ ဥပနိဿယ-လာ ရာဂကို အမှီပြု၍ ဈာန် ဝိပဿနာ မဂ် ဖိုလ် အဘိညာဉ် သမာပတ်တို့၏ ဖြစ်ပုံကို အဋ္ဌကထာ အလိုကျ ရေးသားပြီးလျှင်/ ဥပနိဿယ ပစ္စည်း၌ ဝေဘန်၍ ဟောအပ်သော တရားစုတို့ကိုလည်း သိသာရုံ သင်္ချာမျှ ညွှန်ပြခဲ့ပါ။

(၁၀) ပဉှာဝါရ ဝိပါက ပစ္စယ-၌ ခန္ဓာ ဝတ္ထုဿ ဟူ၍ ဟောရခြင်း အကျိုးကို ညွှန်ပြပြီးလျှင်/အာဟာရပစ္စယ အဗျာကတပဒ အဗျာကတပဒါဝသာန-လာ ရုပ်အာဟာရပြ ပါဠိကို ညွှန်ပြ၍/ ရုပ်အာဟာရ ဖြစ်အံ့ ကတ္တား သမ္ပဒါန် ကရိုဏ်းပါဌ် အရတို့ကိုလည်း ကောက်ပြခဲ့ပါ။

(၁၁) ပဉှာဝါရ အနုလောမ မိဿက သင်္ချာဝါရ-လာ အာရမ္မဏ ပစ္စယာ ပုရေဇာတေ တိကဂ်၌ ရသင့်သော ပစ္စယုပ္ပန္န ဓမ္မနှင့် သင်္ချေယျတို့ကို ကောက်ပြပြီးလျှင်/ ဝေဒနတ္တိက ပဉှာဝါရ ပစ္စယာနုလောမ အဓိပတိ ဝိဘင်-လာ သုခါယ ဝေဒနာယ သမ္ပယုတ္တ ဓမ္မ၏ အာရမ္မဏာဓိပတိ ပြ အနုဝါဒ ပါဌ်ကိုလည်း ရေးသားခဲ့ပါ။

(၁၂) ဝေဒနာတ္တိက ပဉှာဝါရ ပစ္စယာနုလောမ အနန္တရ ဝိဘင်-လာ 'ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာ ခန္ဓာ အဒုက္ခ မသုခါယ ဝေဒနာယ သမ္ပယုတ္တဿ ဝုဋ္ဌာနဿ အနန္တရပစ္စယေန ပစ္စယော'-၌ ကတ္တားပါဌ် သမ္ပဒါန်ပါဌ် အရတို့ကို အဋ္ဌကထာ အလိုကျ ညွှန်ပြခဲ့ပါ။

၁၀-မှတ်စီ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### ၁) အဘိဓမ္မာပိဋက ( ယမက ) ပါဠိ + အဋ္ဌကထာ မေးခွန်း (အောက်ပိုင်း)

၁၃၃၇ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ( ၇ ) ရက်။ ( ၂၂ - ၁ - ၇၆ )

---

( ၁ ) ယမိုက်ကျမ်းကို ဟောရခြင်း အကျိုးကို ညွှန်ပြပြီးလျှင်/ သမ္ဘာသာခရေဏ ဖြစ်သော ယမက သုံးမျိုးတို့၏ အဓိပ္ပာယ်ကိုလည်း ပါဠိသာဓက တခုထုတ် ပြ၍ ဖြေဆိုခဲ့ပါ။

( ၂ ) အညမည မူလ၏ အဓိပ္ပာယ်ကို အဋ္ဌကထာ ဋီကာ အလိုကျ ညွှန်ပြပြီးလျှင်/ ကုသလ ပဒ အညမည မူလ ယမက၌ အနုလောမ သန္နိဋ္ဌာန် ပုဒ်ကိုပင် ပဋိလောမ၌ ပုစ္ဆာ ပြုလုပ်၍ မဟောပါဘဲလျက် မူလ ယမက ကေမူလယမက တို့၌ မူ အဘယ့်ကြောင့် အနုလောမ သန္နိဋ္ဌာန် ပုဒ်ကိုပင် ပဋိလောမ၌ ပုစ္ဆာ ပြုလုပ်၍ ဟောပါသနည်း၊ ရှင်းပြခဲ့ပါ။

( ၃ ) ဘုရားရှင်သည် ပဒသောဓန ဝါရသာ မက သုဒ္ဓခန္ဓဝါရ ကိုပါ ဟောရခြင်း အကြောင်းကို ညွှန်ပြပြီးလျှင်/ ၎င်း သုဒ္ဓခန္ဓဝါရလာ ခန္ဓာ ရူပံကို အနက် ယောဇနာရာ၌ 'ရူပံ–ရုပ်မည်ပါသလော' ဟု မယောဇနာဘဲ 'ရူပံ–ရူပက္ခန္ဓာ မည်ပါသလော' ဟု အနက်ထူး ယောဇနာရခြင်း အကြောင်းကိုလည်း ကျနစွာ ရှင်းပြခဲ့ပါ။

( ၄ ) ခန္ဓယမက ပပတ္တိဝါရလာ အန္တရ ဝါရ သုံးမျိုးတို့၏ အဓိပ္ပာယ်ကို ညွှန်ပြပြီး လျှင်/ထိုဝါရ သုံးမျိုးတို့ဖြင့် ပြအပ်သော တရားတို့ကိုလည်း အဋ္ဌကထာ အလိုကျ ညွှန်ပြခဲ့ပါ။

( ၅ ) ပုရေပဥှာ ပစ္ဆာပဥှာတို့၏ အဓိပ္ပာယ်ကို အဋ္ဌကထာ အလိုကျ သာဓက တခု ပြ၍ ရှင်းပြပြီးလျှင်/ မူလဋီကာဆရာ အလိုရှိအပ်သော ( ယုတ္တ ) ပုရေပဥှာကို လည်း ညွှန်ပြခဲ့ပါ။

( ၆ ) ခန္ဓယမက အတီတဝါရ၌ အဘယ်၏ အစွမ်းအားဖြင့် အတိတ်ကာလကို ပိုင်း ခြားပါသနည်း၊ ညွှန်ပြပြီးလျှင် / ၎င်းဝါရ ရူပက္ခန္ဓမူ ဝေဒနာက္ခန္ဓမူလီ ပုဂ္ဂလောကာသ ပစ္စနိက်လာ 'သုဒ္ဓါဝါသာနံ တေသံ တတ္ထ ရူပက္ခန္ဓော စ နုပ္ပဇ္ဇိတ္ထ ဝေဒနာက္ခန္ဓော စ နုပ္ပဇ္ဇိတ္ထ' ၌ နုပ္ပဇ္ဇိတ္ထ ဟူ၍ ဖြေဆိုရခြင်း အကြောင်း ကိုလည်း ညွှန်ပြခဲ့ပါ။

(၇) အာယတန ယမက ပဝတ္တိ ဥပ္ပါဒဝါရ ပုဂ္ဂလ အနုလောမ—စက္ခုမူ ဃာန မူလီ - လာ - သစက္ခုက အဃာနက ပုဂ္ဂိုလ် အရကို အဋ္ဌကထာ အလိုကျ ကောက်ပြပြီးလျှင် / ဂဗ္ဘသေယျ အဃာနက ပုဂ္ဂိုလ်ကို ၎င်းဝိဘင်း အရဥ္စ ကောက်သင့် - မကောက်သင့် အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၈) အာယတန ယမက —'ယဿ စက္ခာယတနံ န နိရုဇ္ဈတိ၊ တဿ သောတာယတနံ န နိရုဇ္ဈိဿတိ'၌ တဘက်ရ နှစ်ဘက်ရ ဝိဘင်း ပါဠိကို ထုတ်ပြပြီးလျှင်/ ၎င်းတဘက်ရဝိဘင်း အရကိုလည်း ဋီကာ အလိုကျ အကြောင်းနှင့် တကွ ကောက်ပြခဲ့ပါ။

(၉) အောက်ပါ ပုဂ္ဂိုလ်တို့ကို ယမိုက် အထောက်ပြ၍ ဖြေဆိုခဲ့ပါ။

(၁) စက္ခုချုပ်ဆဲ ဃာန မချုပ်လတ္တံ့သော ပုဂ္ဂိုလ်။
(၂) စက္ခုလည်း ချုပ်ဆဲ မဟုတ် ဃာနလည်း မချုပ်လတ္တံ့သော ပုဂ္ဂိုလ်။
(၃) စက္ခု မဖြစ်လတ္တံ့ ဃာန ချုပ်လတ္တံ့သော ပုဂ္ဂိုလ်။
(၄) စက္ခုလည်း မဖြစ်လတ္တံ့ ဃာနလည်း မချုပ်လတ္တံ့သော ပုဂ္ဂိုလ်။

(၁၀) သစ္စာ ၄-ပါး တို့ကို ပဒ္ဒသောဓန ပဝတ္တိ စသော အားဖြင့် ခွဲခြား ဝေဘန်၍ ပြပြီးလျှင် / အသညသတ် ပုဂ္ဂိုလ်သည် ဥပပဇ္ဇန္တ ပုဂ္ဂိုလ် ပဝတ္တိ ပုဂ္ဂိုလ်စဝန္တ ပုဂ္ဂိုလ်ဟူ၍ သုံးမျိုးရှိရာတွင် အသညသတ် ပဝတ္တိ ပုဂ္ဂိုလ်ကို ဒုက္ခသစ္စာ ဖြစ်ဆဲ ရသော်လည်း ပစ္စုပ္ပန္နဝါရ အနုလုံ ဒုက္ခသစ္စာမူ သမုဒယသစ္စာမူလီ၏ 'ပဝတ္တေ တဏှာဝိပ္ပယုတ္တ စိတ္တဿ ဥပ္ပာဒက္ခဏေ' ဝိဘင်း၌ မကောက်ရခြင်း အကြောင်းကိုလည်း ဖြစ်သင့်သည့်အား လျော်စွာ ညွှန်ပြခဲ့ပါ။

(၁၁) အောက်ပါ ပုဂ္ဂိုလ် ဘုံ တို့ကို ယမိုက် အထောက်ပြ၍ ကောက်ခဲ့ပါ။

(၁) သမုဒယသစ္စာ ဖြစ်လတ္တံ့ မဟုတ် ဒုက္ခသစ္စာ ဖြစ်ဆဲ ပုဂ္ဂိုလ် ဘုံ။
(၂) ဒုက္ခသစ္စာ ဖြစ်ဘူး သမုဒယသစ္စာ မဖြစ်လတ္တံ့သော ပုဂ္ဂိုလ် ဘုံ။
(၃) သမုဒယသစ္စာ မချုပ်လတ္တံ့ မဂ္ဂသစ္စာ ချုပ်လတ္တံ့သော ပုဂ္ဂိုလ် ဘုံ။
(၄) ဒုက္ခသစ္စာ ချုပ်ဆဲ မဂ္ဂသစ္စာ မချုပ်ဘူးသော ပုဂ္ဂိုလ် ဘုံ။

(၁၂) သစ္စယမက — 'ယဿ ဒုက္ခသစ္စံ န နိရုဇ္ဈတိ၊ တဿ သမုဒယသစ္စံ န နိရုဇ္ဈိဿတိ' ၌ ဋီကာအလို တဘက်ရ နှစ်ဘက်ရ ဝိဘင်း ထုတ်ပြပြီးလျှင်/ အရူပ မဂ် ဖိုလ် ဘင်္ဂက္ခဏ သမင်္ဂီ ပုဂ္ဂိုလ်တို့၏ သမုဒယသစ္စာ ချုပ်လတ္တံ့ သမုဒယ သစ္စာ မချုပ်လတ္တံ နှစ်မျိုး ရပုံကိုလည်း ခွဲခြား၍ ညွှန်ပြခဲ့ပါ။

၁၀ — မှတ်စီ။

# (ခ) အဘိဓမ္မာပိဋကစာ ဖြေဆိုရေး စာမေးပွဲ

## (၂) အဘိဓမ္မာပိဋက (ယမက) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၇-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈- ရက်။ (၂၃ - ၁ - ၇၅)

---

(၁) ခန္ဓယမက၏ သုဒ္ဓခန္ဓ ဝါရ၌ 'ရူပံ ခန္ဓော ခန္ဓာ ရူပံ' ဟူ၍ ဟောသကဲ့သို့ ဤ သင်္ခါရယမက၏ သုဒ္ဓသင်္ခါရ ဝါရ၌မူ 'ကာယော သင်္ခါရော သင်္ခါရာ ကာယော' ဟူ၍ မဟောရခြင်း အကြောင်းကို ညွှန်ပြပြီးလျှင်/ဥပ္ပါဒ အတီတာ နာဂတ ပုဂ္ဂလောကာသ ဝစီမူ စိတ္တသင်္ခါရ မူလီ လာ သဝိတက္က သဝိစာရ ဘူမ် ပစ္ဆိမစိတ္တ သမင်္ဂိ ပုဂ္ဂိုလ် အဝိတက္က အဝိစာရဘူမိ ပစ္ဆိမစိတ္တ သမင်္ဂိပုဂ္ဂိုလ်တို့ကိုလည်း ကောက်ပြခဲ့ပါ။

(၂) 'ယဿ ကာယသင်္ခါရော နိရုဇ္ဈတိ၊ တဿ စိတ္တသင်္ခါရော နိရုဇ္ဈတိ' ၌ အာမန္တာ ဝိဘင်း ထုတ်ရခြင်းအကြောင်းကို ပြည့်စုံစွာ ညွှန်ပြပြီးလျှင် / အောက်ပါ ပုဂ္ဂိုလ် ဘုံတို့ကိုလည်း ပါဠိ အထောက်ပြ၍ ဖြေဆိုခဲ့ပါ။

(၁) ဝစီသင်္ခါရ မချုပ်ပုံလတ္တံ့ စိတ္တသင်္ခါရ ချုပ်လတ္တံ့သော ပုဂ္ဂိုလ် ဘုံ။

(၂) ကာယသင်္ခါရ မချုပ်ဆဲ ဝစီသင်္ခါရ ချုပ်လတ္တံ့သော ပုဂ္ဂိုလ် ဘုံ။

(၃) ယဿ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ၊ တဿ ဝစီသင်္ခါရော နိရုဇ္ဈတိ' ၌ 'နော' ဝိဘင်း ထုတ်ရခြင်း အကြောင်းကို ညွှန်ပြပြီးလျှင် / အောက်ပါ ပုစ္ဆာ တို့၏ ဝိဿဇ္ဇနာ ပါဠိတို့ကိုလည်း ဖော်ထုတ် ရေးသားခဲ့ပါ။

(၁) ယဿ ဝါ ပန စိတ္တသင်္ခါရော နိရုဇ္ဈိဿတိ၊ တဿ ကာယ သင်္ခါရော ဥပဇ္ဇိဿတီတိ။

(၂) ယဿ ဝါ ပန ဝစီသင်္ခါရော နိရုဇ္ဈိတ္ထ၊ တဿ ကာယ ဘင်္ခါရော ဥပ္ပဇ္ဇတီတိ။

(၄) ပဋိဃာနုသယ၏ ဒုက္ခဝေဒနာမှ တပါး ကိန်းနိုင်သေးသော တရားတို့ကို ပါဠိတော် အထောက်ပြ၍ ရှင်းလင်း ဝေဘန်ကာ ညွှန်ပြပြီးလျှင် / ထိုတရားတို့ကို ထိုကဲ့သို့ ကိန်းနိုင်ပါလျက် ဤဥပ္ပတ္တိ ဝါရ၌ မဆိုရခြင်း အကြောင်းကိုလည်း ပြည့်စုံစွာ ညွှန်ပြခဲ့ပါ။

(၅) 'ယော ဝါ ပန မာနနုသယံ ပဇဟတိ သော ကာမရာဂါနုသယံ ပဇဟတီတိ၊ နော'-၌ 'နော' ဝိဘင်း ထုတ်ရခြင်း အကြောင်းကို ရှင်းပြပြီးလျှင်/

ကာမကိုလည်း မပယ်စွန့် - ဝိစိကိစ္ဆာကိုလည်း မပယ်စွန့်သော ပုဂ္ဂိုလ် တို့ကို အကြောင်းနှင့် တကွ ကောက်ပြခဲ့ပါ။

(၆) 'ယဿ ဝါ ပန ယတ္ထ အဝိဇ္ဇာနုသယော အပ္ပဟီနော၊ တဿ တတ္ထ ကာမ-ရာဂါ နုသယော အပ္ပဟီနော' ဟူသော ပုစ္ဆာ၏ အဖြေဝိဿဇ္ဇနာကို ထုတ်ပြပြီးလျှင်/ရှင်း ပဟီန ဝါရလာ န ဝတ္တဗ္ဗော ဝိဘင်း အာမန္တာ ဝိဘင်း နော ဝိဘင်း ထုတ်ရခြင်း တို့၏ ဥပဒေသကိုလည်း ညွှန်ပြခဲ့ပါ။

(၇) စိတ္တယမက ဥပ္ပါဒ နိရောဓ ကာလ သမ္ဘေဒ ဝါရ ဟူ၍ ခေါ်ဆိုရခြင်း အကြောင်းကို ပြည့်စုံစွာ ညွှန်ပြပြီးလျှင် /ရဟန္တာတို့၏ စုတိ ဥပါဒ် ခဏစိတ်ကို ထိုဝါရဖြင့် အကြောင်းပြကာ ဝေဘန်ခဲ့ပါ။

(၈) 'ယဿ သရာဂစိတ္တံ ဥပ္ပဇ္ဇတိ၊ န နိရုဇ္ဈတိ၊ တဿ စိတ္တံ နိရုဇ္ဈိဿတိ န ဥပ္ပဇ္ဇိဿတိ' ၌ ပါဠိတော်ဝါဒ အဋ္ဌကထာ ဝါဒ နှစ်မျိုးတို့ဖြင့် ဝိဿဇ္ဇနာ ထုတ်ပြပြီးလျှင် / ထိုကဲ့သို့ ဝိဘင်းထုတ်ရခြင်း အကြောင်း ရည်ရွယ်ချက် ကိုလည်း ရှင်းပြခဲ့ပါ။

(၉) အောက်ပါ ပုဂ္ဂိုလ် ဘုံ တို့ကို ဝိဿဇ္ဇနာ ပါဠိထုတ်ပြ ဖြေဆိုခဲ့ပါ။

(၁) ကုသိုလ်ချုပ်ဆဲမဟုတ်· အဗျာကတ ချုပ်ဘူးသော ပုဂ္ဂိုလ် ဘုံ။
(၂) ကုသိုလ်ချုပ်ဆဲ· အကုသိုလ် မချုပ်လတ္တံ့သော ပုဂ္ဂိုလ် ဘုံ။
(၃) ကုသိုလ်ဖြစ်ဆဲ· အကုသိုလ် မချုပ်လတ္တံ့သော ပုဂ္ဂိုလ် ဘုံ။
(၄) အကုသိုလ်လည်း မချုပ်လတ္တံ့· ကုသိုလ်လည်း ဖြစ်ဆဲမဟုတ်သော ပုဂ္ဂိုလ် ဘုံ။

(၁၀) ဓမ္မ ယမက— ' ယဿ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ တဿ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇိဿန္တီတိ ' ဟူသော ပုစ္ဆာ၏ ဝိဘင်းကို ထုတ်ပြပြီးလျှင် / တဘက်ရ ဝိဘင်းကိုသာ အဋ္ဌကထာ အလိုကျ ကောက်ပြခဲ့ပါ။

(၁၁) 'ယဿ ဇီဝိတိန္ဒြိယံ ဥပ္ပဇ္ဇတိ၊ တဿ သောမနဿိန္ဒြိယံ ဥပ္ပဇ္ဇတီတိ ' ၌ တဘက်ရ နှစ်ဘက်ရ ဝိဘင်းထုတ်ပြပြီးလျှင် / တဘက်ရ ဝိဘင်း၌ ရနိုင်သည့် ဇီဝိ-တိန္ဒြိယ တို့ကိုလည်း အကြောင်းနှင့် တကွ ညွှန်ပြခဲ့ပါ။

(၁၂) ဣန္ဒြိယ ယမက ပရိညာဝါရ - ၌ စက္ခု သောတ ဒေါမနဿ အနညာ တညဿာမိတိန္ဒြိယ အညိန္ဒြိယ တို့ကို ပြ၍/ဃာနိန္ဒြေ စသည် မနိန္ဒြေ စသည်တို့ကို မပြရခြင်း အကြောင်းကို ရှင်းပြပြီးလျှင်/အနညာ တညဿာမိတိန္ဒြေကို ပွား များဘူး၍ စက္ခုန္ဒြေကို ပိုင်းခြား၍ မသိဘူးသော ပုဂ္ဂိုလ်တို့ကိုလည်း ရေတွက်၍ ပြခဲ့ပါ။ ၁၀ – မှတ်စီ။

## ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### ( ၃ ) အဘိဓမ္မာပိဋက ( ပဋ္ဌာန ) ပါဠိ + အဋ္ဌကထာ မေးခွန်း (အောက်ပိုင်း)

၁၃၃၇ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ -ရက်။ ( ၂၅ - ၁ - ၇၆ )

---

( ၁ ) ပဒဝဏ္ဏနာနည်းအားဖြင့် တိကပဋ္ဌာန အမည်ရခြင်း အကြောင်းကို ပြည့်စုံစွာ ညွှန်ပြပြီးလျှင် / ဇေဝတ ဆရာ အလို ကုသိုလ်စေသည်တို့၏ ကုသိုလ်အစရှိသည်၏ အဖြစ်ကို ပြီးစေတတ်သော အဖြစ်သည် ဟေတု ပစ္စည်း မည်၏ ဟူသောဝါဒ သင့် - မသင့် ပါဠိတော် အထောက်ပြ၍ ရှင်းလင်းကာ ဆုံးဖြတ်ခဲ့ပါ။

( ၂ ) ပစ္စယ ဟူသော ပုဒ်၏ ဝစနတ္ထနှင့် တကွ အတ္ထ ယောဇနာ၍ အဓိပ္ပာယ်ကို ရှင်းပြပြီးလျှင် / ၎င်းပစ္စယ အဓိပ္ပာယ်အားဖြင့် ဟေတု စသော ( ၂၄ ) ပစ္စည်းတို့ကိုလည်း ခွဲခြား ဝေဘန်၍ ပြခဲ့ပါ။

( ၃ ) အဓိပတိ ပစ္စယ၌ ဂရုကတ္ဘာ၏ အဓိပ္ပာယ်ကို ဓမ္မအလိုက် ဥပမာသွင်း၍ ရှင်းပြပြီးလျှင် / ကြိယာ စိတ်ဉာဏ် ရဟန္တာ၏ သန္တာန်၌ ဖြစ်သောကြောင့် ကာမ ရူပ အရူပ ကိရိယာ အာရမ္မဏာဓိပတိသည် သေက္ခ သဟဇာတ်အား သာလျှင် အာရမ္မဏာဓိပတိပစ္စည်း တပ်သည် ဟူသော ( ပစ္စယုပ္ပန္နကထာ ) လာ စကား သင့် - မသင့် မူလ ဋီကာ အလိုသာ အထောက်ပြကာ ဆုံးဖြတ်ခဲ့ပါ။

( ၄ ) အနန္တရပစ္စယ-နည်း ဓေတသံ အနန္တရဋ္ဌိ အနန္တရာ အရ အခြားမရှိသောအား ဖြင့် ကျေးဇူးပြုတတ်သောကြောင့် အနန္တရပစ္စည်း မည်၏ ဟု ဆိုရာ အကျယ်၍ ရုပ်တရားများ ခြားနေခဲ့သော် အနန္တရ ပစ္စည်း တပ်နိုင် - မတပ်နိုင် ဖြစ်သင့်ရာ ပါဠိတော် အထောက်ပြ၍ ရှင်းလင်းကာ ဆုံးဖြတ်ခဲ့ပါ။

( ၅ ) အညမည ပစ္စည်းသည် ဇာတ်အားဖြင့် ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာ ရုပ် ဟူ၍ ငါးမျိုးပြားရာတွင် ရုပ်ပစ္စည်းသည် အဘယ်မျှလောက်သော တရားတို့အား ကျေးဇူး ပြုပါသနည်း၊ ကျေးဇူးပြုပုံကို အဋ္ဌကထာ အလိုကျ ညွှန်ပြခဲ့ပါ။

( ၆ ) ပကတူပနိဿယ၌ ပကတ ဘေဒကို ပေါ်လွင်စေလျက် ပကတူပနိဿယပစ္စည်း

၏ အဓိပ္ပာယ်ကို ( ၂ ) နည်းမျှ ရှင်းပြပြီးလျှင် / အာရမ္မဏာဓိပတိ နှင့် အာရမ္မဏူပနိဿယ တို့၏ ထူးခြားဟန်ကိုလည်း အဋ္ဌကထာ အလိုကျသာ ညွှန်ပြခဲ့ပါ။

( ၇ ) ပုဂ္ဂလောပိ သေနာသနမ္ပိ ဥပနိဿယ ပစ္စယေန ပစ္စယော ဟူသော ဥပနိဿယ နိဒ္ဒေသလာ စကားရပ်၌ ပစ္စယုပ္ပန်တရားတို့ကို ဘုရားရှင် တိုက်ရိုက် မဟော သောကြောင့် ထိုပစ္စည်း နှစ်မျိုးတို့၏ ပစ္စယုပ္ပန် တရားတို့ကို ဖြစ်ထိုက်သည် အား လျော်စွာ အဋ္ဌကထာအလိုကျ ညွှန်ပြပြီးလျှင်/အရတ္တဖိုလ်သည် ကုသိုလ် အား ပကတူပ နိဿယပစ္စည်း တပ်နိုင် - မတပ်နိုင်ကိုလည်း အဋ္ဌကထာ အလို ကျ အကြောင်းပြကာ ဆုံးဖြတ်ခဲ့ပါ။

( ၈ ) ကမ္မပစ္စည်း၏ သဘာဂဖြစ်သော ပစ္စည်းတို့ကို သဟဇာတကမ္မ နာနက္ခဏိက ကမ္မအားဖြင့် ခွဲခြား၍ ပြပြီးလျှင် / စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော၌ ရသင့်သော ရုပ်တို့ကိုလည်း အဋ္ဌကထာ အလိုကျ ကောက်ပြခဲ့ပါ။

( ၉ ) ဣန္ဒြိယပစ္စည်း၏ ကျေးဇူးပြုပုံကို အဋ္ဌကထာ အာဘော်ကျ ပစ္စည်း ပစ္စယုပ္ပန် တခုထုတ်၍ ရှင်းပြပြီးလျှင် / ဣန္ဒြိယပစ္စည်းတပ်ဟော တရားတို့ကိုလည်း ဇာတိ ဘေဒ ဘူမိဘေဒအားဖြင့် ခွဲခြား၍ ပြခဲ့ပါ။

( ၁၀ ) ( အာသေဝန ) ပုရိမာ ပုရိမာ ကြိယာဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာ ဗျာကတာနံ ဓမ္မာနံ အာသေဝန ပစ္စယေန ပစ္စယော-၌ ကတ္တားပါဌ် သမ္ပဒါန်ပါဌ် ကရိုဏ်းပါဌ် အရတို့ကို ( ဒုတိယ ) နည်း အလိုသာ ကောက် ပြခဲ့ပါ။

( ၁၁ ) အတ္ထိပစ္စည်း၏ ကျေးဇူးပြုပုံသည် အညမည - န အညမည ဟူ၍ နှစ်မျိုးရှိရာ န အညမည အားဖြင့် ကျေးဇူးပြုပုံကို ပါဠိတော်နှင့်အထောက်ပြ၍ ရှင်းပြပြီး လျှင် / သရုပ်တရားကိုယ် မထူးခြားလင့်ကစား အတ္ထိ နှင့် အဝိဂတ တို့၏ သတ္တိ ထူးပုံကိုလည်း ဋီကာအလိုကျ ညွှန်ပြခဲ့ပါ။

( ၁၂ ) ပစ္စယ နိဒ္ဒေသ–ပကိဏ္ဏက ဝိနိစ္ဆယလာ ( ၂၄ ) ပစ္စည်းတို့တွင် သဗ္ဗဋ္ဌာနိက- အသဗ္ဗဋ္ဌာနိက အမည်ရသော ပစ္စည်းတို့ကို အမည်ရခြင်းအကြောင်းနှင့် တကွ ပြည့်စုံစွာ ရေတွက်ပြခဲ့ပါ။

၁၀–မှတ်စီ။

## ( ခ ) တိပိဋကဓရ သင်္ဘောရေးဖြေ စာမေးပွဲ

### ( ၄ ) အဘိဓမ္မာပိဋက ( ပဋ္ဌာန ) ပါဠိ + အဋ္ဌကထာ မေးခွန်း (အထက်ပိုင်း)

၁၃၃၇-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁-ရက်။ ( ၂၆-၁-၇၆ )

---

( ၁ ) ပဋိစ္စဝါရ-လာ ဥဒ္ဒေသဝါရ ပုစ္ဆာဝါရ ပဏ္ဏတ္တိဝါရ တို့၏ အဓိပ္ပာယ်ကို ညွှန်ပြပြီးလျှင်/ မူလ၏ အစွမ်းအားဖြင့် ပုစ္ဆာဘေဒတို့ကို အကျဉ်းမျှ ရေတွက်ပြကာ ဧကမူလက နယ၌ ဟောသော ပုစ္ဆာအပေါင်းတို့ကိုလည်း သင်္ချာမျှ ညွှန်ပြခဲ့ပါ။

( ၂ ) ပဋိစ္စဝါရ ဟေတုပစ္စယ (ဗျာ=ဗျာ) လာ - ဝိပါကာဗျာကတံ ကိရိယာဗျာကတံ ( ပ ) စိတ္တသမုဋ္ဌာနဥ္စရူပံ၌ ဌာနအလိုက် မယူရသော အဗျာကတ တရားတို့ကို အဋ္ဌကထာ ဋီကာ အလိုကျ အကြောင်းနှင့် တကွ ကောက်ပြပြီးလျှင် / သဟဇာတ ပစ္စယ နိဒ္ဒေသဝယ် ဩက္ကန္တိက္ခဏေ ဟူ၍ ဟောပါလျက် ဤပဋိစ္စဝါရ သဟဇာတ၌မူ ပဋိသန္ဓိက္ခဏေ ဟူ၍ ဟောရာ ပဋိသန္ဓိသဒ္ဒါသည် ဘဝအားလုံးနှင့် ဆက်ဆံသောကြောင့် ဘဝအားလုံး ကိုပင် ယူရမည်လော၊ အကြောင်း ပြည့်စုံစွာ ပြ၍ ညွှန်ပြခဲ့ပါ။

( ၃ ) ပဋိစ္စ ပစ္စယ ပစ္စနီက ( န ဟေတုယာ ဒွေ န အာရမ္မဏေ ပဥ္စ )၊ န ဟေတု ပစ္စယာ နာရမ္မဏေကံ-၌ သင်္ချာ အများနှင့် အနည်း ရောရာဝယ် အနည်းဘက်သို့ လိုက်ရမည် ဖြစ်သောကြောင့် ဒွေး ဟု သင်္ချာထုတ်ရမည် ဖြစ်ပါလျက် ဧကံ ဟူ၍ သင်္ချာထုတ်ရခြင်း အကြောင်းကို ပြပြီးလျှင်/ ၎င်း န ဟေတု နကမ္မ ဒုက-လာ န ဟေတု ပစ္စယာကမ္မေ ဒွေ၌ ဒွေသင်္ချာ၏ သင်္ချေယျတရားကိုယ် သရုပ်ကိုလည်း ဖော်ထုတ်ခဲ့ပါ။

( ၄ ) ပစ္စယဝါရ ပဋိစ္စဝါရ အရမ္မဏ ပစ္စယ-၌ ဝိသဇ္ဇနာသုံးခုကိုသာ ပြ၍ ဤပစ္စယ ဝါရ၏ အာရမ္မဏပစ္စယ၌မူ ဝိသဇ္ဇနာ ( ၇ ) ချက်ကို ထုတ်ရခြင်း အကြောင်းကို ညွှန်ပြ ပြီးလျှင်/ ၎င်း ပစ္စယဝါရ သဟဇာတပစ္စယ-လာ ကဋတ္တာရူပံ ဥပါဒါရူပံ၌ ၎င်း ရုပ် အချင်းချင်း၏ ထူးသည်-မထူးသည်ကိုလည်းကောင်း သန္တာယဘာသိတ ရုပ်ကိုလည်း ကောင်း အကြောင်းနှင့် တကွ ညွှန်ပြခဲ့ပါ။

( ၅ ) ပဉှာဝါရ အာရမ္မဏ ပစ္စယ-လာ ဒါနံ ဒတွာ ( ပ ) တံ အဿာဒေတိ အဘိနန္ဒတိ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ-၌ အဘိနန္ဒတိ ဘေဒကို အဋ္ဌ ကထာ ဋီကာ အလိုကျ ရှင်းပြပြီးလျှင်/ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ အရ ထို အဘိနန္ဒန ဘေဒတို့ဖြင့် ဒိဋ္ဌိဖြစ်ပုံကိုလည်း ခွဲခြား ညွှန်ပြခဲ့ပါ။

( ၆ ) ပဉှာဝါရ အာရမ္မဏ ပစ္စယ လာ - ကုသလေ နိရုဒ္ဓေ တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ အရ-၌ သိနိုင်ခဲ့သောကြောင့် ပဋိသန္ဓေ ဘဝင် စုတိ ကိစ္စတပ်သော ကာမဝိပါက်ကို မဟောပါဘဲလျက် သိနိုင်ခဲ့ခြင်း တူသည့် ဝိညာဏဉ္စာယတန ဝိပါက်ကို ဟောရခြင်း

အကြောင်းကို ညွှန်ပြပြီးလျှင် / ရဟန္တာအဖြစ်သို့ ရောက်သောအခါ ကုသိုလ်ကိုဝင်စားခြင်း မရှိပါဘဲလျက် အဘယ်ကြောင့် အာကာသာနဉ္စာ ယတန ကုသလံ (ပ) ကြိယသာစ ဟူ၍ ဟောရပါသနည်း၊ အကြောင်းနှင့် တကွ ညွှန်ပြခဲ့ပါ။

(၇) ပဋ္ဌာဝါရ အနန္တရပစ္စယ (ကု-ဗျာ) ၌ ကုသလံ ဝုဋ္ဌာနဿ အကုသလံ ဝုဋ္ဌာနဿ • ကြိယံ ဝုဋ္ဌာနဿ အရတို့ကို အသီးသီး ခွဲခြား ကောက်ပြပြီးလျှင် / တေဘူမကဝိပါက်သာ ဝုဋ္ဌာန မည်၍ ဖိုလ် ဟု ဆိုအပ်သော လောကုတ္တရာဝိပါက်၏ ဝုဋ္ဌာန မမည်ရခြင်း အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

(၈) ပဋ္ဌာဝါရ ဥပနိဿယ (ကု-ကု) လာ ယထာကမ္မုပဂဉာဏ်၏ ပရိကမ္မနှင့် အနာဂတံသဉာဏ်၏ ပရိကမ္မတို့သည် ထူးသည် - မထူးသည်ကို အကြောင်းနှင့် တကွ ညွှန်ပြ ပြီးလျှင် / မဂ်သည်သာလျှင် ပဋိသမ္ဘိဒါ (၄) ပါးအား ဥပနိဿယ ပစ္စည်း တပ်ရခြင်း အကြောင်းကိုလည်း ရေးသားခဲ့ပါ။

(၉) ပဋ္ဌာဝါရ ဥပနိဿယ (ဗျာ-ကု) ၌ ကာယိကံ သုခံ ကာယိကံ ဒုက္ခံ သဒ္ဓါယ သီလဿ (ပ) ဥပနိဿယ ပစ္စယေန ပစ္စယော၌ သုခ ဒုက္ခ တို့ကို သဒ္ဓါ စသည်တို့၏ ဥပနိဿယ အဖြစ်ဖြင့် ပြရခြင်း အကြောင်းကို ညွှန်ပြပြီးလျှင် / ဝတ္ထု ကုသလာနံ ခန္ဓာနံ ပုရေဇာတ ပစ္စယေန ပစ္စယော၌ ကတ္တားပါဌ် သမ္ပဒါန်ပါဌ် ကရိုဏ်းပါဌ် အရတို့ကိုလည်း ကောက်ပြခဲ့ပါ။

(၁၀) ပဋ္ဌာဝါရ အနုလောမ မိဿက သချာဝါရ - လာ အဓိပတိ ပစ္စယာ ဝိပ္ပယုတ္တေ စတ္တာရိ၌ ရသင့်သော သချာသရုပ်နှင့် ဖြစ်သင့်သော ပစ္စယုပ္ပန္န ဓမ္မတို့ကို ကောက်ပြပြီးလျှင် / ဝေဒနာတ္တိက ပဋ္ဌာဝါရ ဥပနိဿယ ဝိဘင်္ဂလာ - ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တော ဓမ္မော သုခါယ ဝေဒနာယ သမ္ပယုတ္တ ဓမ္မ၏ ပကတူပ နိဿယ ပြ အနုဝါဒ ပါဌ်ကိုလည်း ရေးသားခဲ့ပါ။

(၁၁) ဥပါဒိန္နုပါဒါနိယ တိက ပဋ္ဌာဝါရ အာဟာရပစ္စယ - လာ ဥပါဒိန္န ပါဒါနိယ ကဗဠီကာရ အာဟာရနှင့် ဥပါဒိန္န ပါဒါနိယ ကာယ အရတို့ကို ကောက်ပြပြီးလျှင် / ဘားကို မျိုသော မြွေ စသည်တို့၏ ကာယအား အသက်ရှင်လျက် ရှိသော ဘား၏ ကိုယ်၌ ရှိသော ဩဇာက အာဟာရ ပစ္စည်းတပ်၏ ဟူသော စကား ယူသင့် - မယူသင့် ပါဠိ သာဓကနှင့် အကြောင်းပြကာ အဋ္ဌကထာ အလိုသာ ဆုံးဖြတ်ခဲ့ပါ။

(၁၂) အဇ္ဈတ္တိက တိက်၌ အဇ္ဈတ္တ ဗဟိဒ္ဓ ပုဒ်ကို မယူရခြင်း အကြောင်းကို ဥပမာဖြင့် ညွှန်ပြပြီးလျှင် / ၎င်း တိက် ပဋ္ဌာဝါရ - လာ - ဗဟိဒ္ဓါ ဓမ္မော အဇ္ဈတ္တဿ ဓမ္မဿ အဓိပတိ ပစ္စယေန ပစ္စယော - လာ အာရမ္မဏာဓိပတိ၏ အနုဝါဒ ပြ ပါဌ်ကိုလည်း ရေးသားခဲ့ပါ။

၁၀ — မှတ်စီ။

## ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### ( ၁ ) အဘိဓမ္မာပိဋက ( ယမက ) ပါဠိ + အဋ္ဌကထာမေးခွန်း

၁၃၃၈ - ခုနှစ်၊ တပို့တွဲလဆန်း ၃ - ရက်။ ( ၂၁ - ၁ - ၇၇ )

---

( ၁ ) ယမိုက်ကျမ်းလာ အစုံယမက အစိတ်ယမက အပေါင်း ယမက တို့၏ အဓိပ္ပာယ်ကို အဋ္ဌကထာအလိုကျ ရှင်းပြပြီးလျှင်/ ကထာဝတ္ထုကျမ်းကို ဟောတော်မူသည်၏ အခြားမဲ့၌ ပဋ္ဌာန်းကျမ်းကို မဟောဘဲ ယမိုက်ကျမ်းကို ဟောရခြင်း အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

( ၂ ) မူလ ယမက လာ ဝါရ ( ၁၀ ) ပါးတို့တွင် သမ္ဘဝဝါရ ပဘဝဝါရ အာဟာရ ဝါရ ဟူ၍ ခေါ်ရခြင်းအကြောင်းကို ပြည့်စုံစွာ ညွှန်ပြပြီးလျှင်/ မူလဝါရနှင့် ထို ဟေတုဝါရ စသည်တို့သည် တရားကိုယ် အရကောက် တူပါလျက် ထပ်မံ၍ ဟောရခြင်း အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

( ၃ ) ကုသလပဒ မူလနယ မူလယမက· လာ 'အဝသေသာ ကုသလာဓမ္မာ နကုသလာမူလာ' ဟူသောပါဌ်ကို အဋ္ဌကထာ အာဘော်ကျ သရုပ်ထုတ်ပေါ်လွင်စွာ ၂ - နည်းမျှ အနက်ယောဇနာပြီးလျှင်/ အဝသေသာ စသောပါဌ်ဖြင့် အကုသိုလ် အဗျာကတတို့မှာ ကုသလမူ သုံးခုမှ ကြွင်းသော တရားများဖြစ်၍ ကုသိုလ် မည်ရာသည် မဟုတ်ပါလော၊ ကုသိုလ်မည် · မမည် ယုတ္တိပြ၍ ရှင်းခဲ့ပါ။

( ၄ ) 'ယဿ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊ တဿ ဝေဒနက္ခန္ဓော ဥပ္ပဇ္ဇတီ'၌ ဥပ္ပဇ္ဇတိ အရ အရကောက်ရာတွင် ခဏတ္တယယမင်္ဂီ ဟူ၍ မကောက်ဘဲ ဥပ္ပါဒက္ခဏ သမင်္ဂီဟူ၍သာ ကောက်ရခြင်းအကြောင်း ရည်ရွယ်ချက်ကို ညွှန်ပြပြီးလျှင်/ ရင်းဝိဿဇ္ဇနာ လာ ဇီဝိတဆက္က နှင့် ကမ္မဇကလာပ် ၄ · စည်းအရတို့ကိုလည်း အဋ္ဌကထာ ဋီကာအလို ခွဲခြား၍ ကောက်ပြခဲ့ပါ။

( ၅ ) အောက်ပါ ပုဂ္ဂိုလ်နှင့် ဘုံတို့ကို ယမက ဝိဘင်းပါဠိတော်ဖြင့် ဖြေဆိုခဲ့ပါ။

( က ) ရူပက္ခန္ဓာ မချုပ်ဆဲ ဝေဒနက္ခန္ဓာ ချုပ်ဘူးသော ပုဂ္ဂိုလ် ဘုံ။

( ခ ) ဝေဒနက္ခန္ဓာ မချုပ်ဘူး ရူပက္ခန္ဓာ ချုပ်ဆဲသော ပုဂ္ဂိုလ်။

( ဂ ) ရူပက္ခန္ဓာ မဖြစ်လတ္တံ့ ဝေဒနာက္ခန္ဓာ ချုပ်လတ္တံ့သော ပုဂ္ဂိုလ် ဘုံ။

( ဃ ) ဝေဒနက္ခန္ဓာ မချုပ်လတ္တံ့ ရူပက္ခန္ဓာ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ် ဘုံ။

( ၆ ) ခန္ဓယမက ပရိညာဝါရ၌ ဟောသည်ဆိုသောပုထုဇဉ်တို့ကို ဝါဒစုံစွာ ညွှန်ပြီးလျှင် / ဝိဘင်းပါဠိတော် ဘဗ္ဗနိဒ္ဒေသ၌ ထိုဘဝ၌ ကျွတ်ထိုက်သော သူကို

သာ ဘဗ္ဗ ဟူ၍ ဟောတော်မူခြင်းကြောင့် ယေ မဂ္ဂံ န ပဋိလဘိဿန္တိ အရ ဤ ဘဝ၌သာ မဂ်မရထိုက်သူကိုသာ ကောက်ရမည်ဟု ဆိုရာ ကောက်သင့် မကောက်သင့် အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၇) အနံ့မဟုတ်ပါဘဲလျက် သီလ စသည်ကို ဂန္ဓဟူ၍ ခေါ်ရခြင်း အကြောင်းကို အဋ္ဌကထာ ဋီကာ ဝါဒ အရ ခွဲခြား၍ ပြပြီးလျှင်/ ဝီရိယနှင့် သတိကို သမာဓိ ဂန္ဓသို့ ထည့်သွင်း၍ ဟောရခြင်း အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

(၈) အာယတန ပစ္စုပ္ပန္န ဝါဒ အနုလုံ စက္ခုမူ ဃာနမူလီနှင့် အဖြေတူသောကြောင့် စက္ခုမူ ဇိဝှာမူလီ စက္ခုမူ ကာယမူလီတို့ကို ဘုရားရှင် မဟောသော်လည်း ၎င်းမူ မူလီတို့၌ ဖြစ်ထိုက်သလို ဝိဘင်းပါဠိများကို ထုတ်ပြပြီးလျှင် / ထိုသို့ မဟောရ ခြင်း၌ မူလဋီကာ ဆရာ၏ အာဘော် အဓိပ္ပာယ်ကိုလည်း ရေးသားခဲ့ပါ။

(၉) အောက်ပါ ပုစ္ဆာတို့ကို ယမက ပါဠိဖြင့် ဖြေဆိုခဲ့ပါ။

(က) ယဿ ယတ္ထ စက္ခာယတနံ နုပ္ပဇ္ဇတိ၊ တဿ တတ္ထ မနာယနံ နုပ္ပဇ္ဇိတ္ထာတိ။

(ခ) ယဿ ယတ္ထ ရူပါယတနံ နုပ္ပဇ္ဇိဿတိ၊ တဿ တတ္ထ မနာယတနံ န နိရုဇ္ဈိ-ဿတီတိ။

(၁၀) မဂ္ဂသစ္စာ မဖွဲ့ရသော မဂ်မည်သော တရားတို့ကို အကြောင်း အဓိပ္ပာယ်နှင့် တကွ ညွှန်ပြပြီးလျှင် / သုဒ္ဓ သစ္စဝါဒ အနုလုံ၌ ဒုက္ခံ သစ္စန္တိအာမန္တာ သမု-ဒယော သစ္စန္တိအာမန္တာ ဟူ၍ အာမန္တာ ဖြေဆိုရခြင်း၏ ရည်ရွယ်ချက်ကို လည်း မူလဋီကာ အလိုကျ (ဒုတိယ)နည်းကိုသာ ရေးသားခဲ့ပါ။

(၁၁) သစ္စယမက ပစ္စုပ္ပန္နဝါဒ ဒုက္ခမူ မဂ္ဂမူလီ- အရူပေ မဂ္ဂဿ ဥပ္ပါဒက္ခဏေ အရကို ကေစိဝါဒ အာစရိယ ဝါဒ နှစ်ဌာနဖြင့် ကောက်ပြပြီးလျှင် /၎င်းကေစိ ဝါဒ အရ မကောက်သင့်ကြောင်းကိုလည်း ပါဠိတော် အထောက်ပြ၍ ဆုံး ဖြတ်ခဲ့ပါ။

(၁၂) အောက်ပါ ပုဂ္ဂိုလ် ဘုံတို့ကို ယမကပါဠိအထောက်ပြ၍ ဖြေဆိုခဲ့ပါ။

(က) ဒုက္ခ ဖြစ်ဘူး သမုဒယ မဖြစ်လတ္တံ့သော ပုဂ္ဂိုလ် ဘုံ။

(ခ) ဒုက္ခ မဖြစ်ဘူး မဂ္ဂသစ္စာ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ် ဘုံ။

(ဂ) ဒုက္ခ ဖြစ်ဆဲ သမုဒယ မချုပ်လတ္တံ့သော ပုဂ္ဂိုလ် ဘုံ။

(ဃ) ဒုက္ခ မဖြစ်ဆဲ မဂ္ဂသစ္စာ ချုပ်လတ္တံ့သော ပုဂ္ဂိုလ် ဘုံ။

၁၀–မှတ်စီ။

## (ခ) တိပိဋကဓရ သမ္မာဘာဝရေးဖြေ စာမေးပွဲ

### (၂) အဘိဓမ္မာပိဋက (ယမက) ပါဠိ + အဋ္ဌကထာမေးခွန်း (အထက်ပိုင်း)

၁၃၃၈-ခုနှစ်၊ တပို့တွဲလဆန်း ၄-ရက်။ (၂၂-၁-၇၇)

---

(၁) သစ္စယမိုက်ကို ဟောတော်မူသည်၏ အခြားမဲ့၌ အနုသယ ယမိုက် စသည်ကို မဟောဘဲ သင်္ခါရ ယမိုက်ကို ဟောရခြင်း အကြောင်းကို ညွှန်ပြပြီးလျှင် / အောက်ခန္ဓ ယမိုက် စသည်တို့၏ ပဏ္ဏတ္တိဝါရ နှင့် ဤသင်္ခါရ ယမိုက်၏ ပဏ္ဏတ္တိဝါရတို့ ထူးခြားပုံ ကိုလည်း ညွှန်ပြခဲ့ပါ။

(၂) ပဌမစျာန်ဇော (၂၀)၊ စတုတ္ထစျာန်ဇော (၁၈) ခုတို့ကို ရေတွက်၍ပြပြီးလျှင် / ပစ္စုပ္ပန္န ပုဂ္ဂလဝါရ ပစ္စနိက်တို့၌ နိရောဓသမာပန္န ပုဂ္ဂိုလ်ကို ဟောကြားပါလျက် ပုဂ္ဂလောကာသ ဝါရ ပစ္စနိက်တို့၌မူ နိရောဓသမာပန္န ပုဂ္ဂိုလ်ကို မဟောရခြင်း အကြောင်းကိုလည်း ပြည့်စုံစွာ ညွှန်ပြခဲ့ပါ။

(၃) စိတ်ကြောင့် ဖြစ်သော ရုပ်သည် (၁၇) ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏ၌ ချုပ်သည်ဟူသော (သီဟဠ) ဝိဘင်း အဋ္ဌကထာ၏ စကား သင့်-မသင့် သက်ဆိုင်ရာ ပါဠိတော် အထောက်ပြ၍ ဆုံးဖြတ်ပြီးလျှင် / အောက်ပါ ပုဂ္ဂိုလ် ဘုံ တို့ကိုလည်း ပါဠိတော်ဖြင့် ဖြေဆိုခဲ့ပါ။

(က) ကာယသင်္ခါရ မချုပ်လတ္တံ့ ဝစီသင်္ခါရ ချုပ်လတ္တံ့သော ပုဂ္ဂိုလ် ဘုံ။

(ခ) ကာယသင်္ခါရ မဖြစ်ဆဲ ဝစီသင်္ခါရ ချုပ်လတ္တံ့သော ပုဂ္ဂိုလ် ဘုံ။

(၄) ကတ္ထ ကာမရာဂါ နုသယော အနုသေတိ-၌ ကာမရာဂါနုသယ ကိန်းနိုင်သော တရားတို့ကို အဋ္ဌကထာ ဋီကာ အလို အကြောင်း အထောက်အထားနှင့် တကွ အသီးသီး ထုတ်ပြပြီးလျှင် / ကာမရာဂါနုသယနှင့် ဘဝရာဂါနုသယ တို့သည် ရာဂချင်း တူပါလျက် ကိန်းရာဌာန ခွဲခြား၍ ဟောရခြင်း၏ ရည်ရွယ်ချက်ကိုလည်း ညွှန်ပြခဲ့ပါ။

(၅) သာနုသယ ဝါရ လာ—သာနုသယ၏ အဓိပ္ပာယ်ကို ဥပမာသွင်း၍ ရှင်းပြပြီးလျှင် / ယတော ဝါ ပန မာနာနုသယေန သာနုသယော တတော မာနာနုသယေန သာနုသယောတိ-၌ ရူပဓာတုယာ အရူပဓာတုယာ "တတ္ထ" မာနာနုသယေန သာနုသယော ဟု မဟောမူ၍ ရူပ ဓာတုယာ အရူပ ဓာတုယာ "တတော" မာနာနုသယေန သာနုသယော ဟူ၍ ဟောရခြင်းအကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

(၆) 'ယော ကာမရာဂါနုသယံ ပဇဟတိ၊ သော မာနာ နုသယံ ပဇဟတိ' ဟူသော ပုစ္ဆာ၌ သန္နိဋ္ဌာန်ပဇဟတိ အရ ပုဂ္ဂိုလ်နှင့် သံသယ ပဇဟတိ အရ ပုဂ္ဂိုလ်တို့၏ ထူးခြားပုံကိုညွှန်ပြပြီးလျှင် / အောက်ပါ ပုစ္ဆာတို့၏ ဝိဿဇ္ဇနာ ပါဠိကိုလည်း ရေးသားခဲ့ပါ။

(ဏ) ယော ယတော ကာမရာဂါနုသယံ နပ္ပဇဟတိ—သော တတော ဘဝ· ရာဂါနုသယံ နပ္ပဇဟတီတိ။

(ခ) ယော ယတော ဝိစိကိစ္ဆာနုသယံ နပ္ပဇဟတိ—သော တတော အဝိဇ္ဇာ· နုသယံ နပ္ပဇဟတီတိ။

(၇) စိတ္တယမက ပုဂ္ဂလ ဥပ္ပါဒုပ္ပန္န ဝါရလာ ဥပ္ပန္န အရ ဥပ္ပန္နဘာဒနှင့် ယှဉ်သင့်သော ဥပန္န တို့ကို ညွှန်ပြပြီးလျှင် / စိတ်၏ ဌီခဏရှိသည်·မရှိသည် ကိုလည်း အကြောင်းနှင့် တကွ ဝါဒစုံ ညွှန်ပြခဲ့ပါ။

(၈) ဓမ္မယမက ပစ္စုပ္ပန္န ဝါရ ပုဂ္ဂလ အနုလောမ ကုသလမူ အဗျာကတ မူလိ၏ ဝိဿဇ္ဇနာ လာ အဗျာကတာစ ဓမ္မာ အရကို အဋ္ဌကထာ ဋီကာအလိုကျ ကောက်ပြပြီးလျှင် / ၎င်းနှစ်ဝါဒကိုလည်း ညီညွတ်အောင် ညှိနှိုင်း ဖြေဆိုခဲ့ပါ။

(၉) ဓမ္မယမက အတီတ ပုဂ္ဂလောကာသ ဝါရ လာ (က) ဒုတိယေ အကုသလေ စိတ္တေ (ခ) ဒုတိယေ စိတ္တေ ဝတ္တမာနေ ဒုတိယစိတ္တ အရကို အကြောင်းနှင့် တကွ ပြပြီးလျှင် / အောက်ပါ ပုဂ္ဂိုလ် ဘုံ တို့ကိုလည်း ပါဠိတော်ဖြင့် ဖြေဆိုခဲ့ပါ။

(က) အကုသိုလ်လည်း မဖြစ်ဆဲ အဗျာကတလည်း မချုပ်ဆဲသော ပုဂ္ဂိုလ် ဘုံ။

(ခ) ကုသိုလ်လည်း မဖြစ်ဆဲ အကုသိုလ်လည်း မချုပ်လတ္တံ့သော ပုဂ္ဂိုလ် ဘုံ။

(၁၀) ဣန္ဒြိယ ယမက 'ယဿ စက္ခုန္ဒြိယံ ဥပ္ပဇ္ဇတိ၊ တဿ သဒ္ဒိန္ဒြိယံ ဥပ္ပဇ္ဇတီတိ' ၌ ပါဠိတော်အလို·အရကောက်ဆရာအလို ဝိဘင်း ထုတ်ပြပြီးလျှင် / ၎င်းဝိဘင်းတို့၌ အဟေတု· တာနံ ဟူ၍ ဝိသေသ မ,ရခြင်း အကြောင်းကိုလည်း အဋ္ဌကထာ ဋီကာ အာဘော်ကျ ညွှန်ပြခဲ့ပါ။

(၁၁) အောက်ပါ ပုဂ္ဂိုလ် ဘုံတို့ကို ယမကပါဠိဖြင့် ဖြေဆိုခဲ့ပါ။

(က) ဣတ္ထိန္ဒြေလည်း မဖြစ်လတ္တံ့ သောမနဿိန္ဒြေလည်း မဖြစ်လတ္တံ့ သော ပုဂ္ဂိုလ် ဘုံ။

(ခ) သဒ္ဒိန္ဒြေ ဖြစ်ဘူး၍ စက္ခုန္ဒြေ ဖြစ်ဆဲမဟုတ်သော ပုဂ္ဂိုလ် ဘုံ။

(၁၂) ပရိညာဝါရ·လာ ဒွေပုဂ္ဂလာ အညိန္ဒြိယံ ဘာဝေန္တိ နောစ ဒေါမနဿိန္ဒြိယံ ပဇဟန္တိ၌ ဒွေပုဂ္ဂလာ အရနှင့် ဒေါမနဿိန္ဒြေ ပယ်ဆဲမရခြင်း အကြောင်းတို့ကို ညွှန်ပြပြီးလျှင် / အညာတာဝိန္ဒြေကို မျက်မှောက်ပြုလတ္တံ့ အနညာ တညဿာမီတိန္ဒြေကို မပွားလတ္တံ့ သော ပုဂ္ဂိုလ်တို့ကိုလည်း ရေတွက်ပြခဲ့ပါ။

၁၀ — မှတ်စီ။

## ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### ( ၃ ) အဘိဓမ္မာပိဋက ( ပဋ္ဌာန ) ပါဠိ + အဋ္ဌကထာ မေးခွန်း (အောက်ပိုင်း)

၁၃၃၀ - ခုနှစ်၊ တပို့တွဲလဆန်း ၆ - ရက်။ ( ၂၄ - ၁ - ၇၇ )

( ၁ ) ပဋ္ဌာန်းကျမ်း၏ သာမည အမည် ဝိသေသ အမည်တို့ကို ညွှန်ပြပြီးလျှင်/ ဋီကာအလို သမန္တပဋ္ဌာန်း ဟူ၍ ခေါ်ရခြင်း အကြောင်းနှင့် ဘက္က မာဘိကာ နိက္ခေပဝါရ ဟူ၍ ခေါ်သော ဝါရတို့ကိုလည်း အဓိပ္ပာယ်နှင့် တကွ ညွှန်ပြခဲ့ပါ။

( ၂ ) ဟေတုပစ္စယနိဒ္ဒေသ - လာ တံသမုဋ္ဌာနဉ္စ ရူပါနံ အရ အဋ္ဌကထာ အလို စိတ္တဇရုပ်သာ ကောက်ရမည် ဟု ဖွင့်ပါလျက် အဘယ်ကြောင့် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်တို့ကို ထည့်သွင်း၍ အရ ကောက်ရပါသနည်း၊ ရှင်းပြပြီးလျှင်/ ဟေတုပစ္စည်းသည် ပဝတ္တိ ကမ္မဇရုပ်အား ကျေးဇူးမပြုရခြင်း၏ အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

( ၃ ) အာရမ္မဏ ပစ္စည်း၏ ကျေးဇူးပြုပုံကို ဥပမာသွင်း၍ ရှင်းပြပြီးလျှင် / ၎င်း အာရမ္မဏ ပစ္စယ - လာ အပရိယာပန္န တရား သုံးမျိုးတို့သည် အဘယ်မျှ လောက်သော တရားတို့အား ကျေးဇူးပြုပါသနည်း၊ အဋ္ဌကထာ အလိုကျ ရေးသားခဲ့ပါ။

( ၄ ) နှစ်ပါး သုံးပါးကုန်သော ဟိတ်တရားတို့သည် အဘယ်ကြောင့် တပြိုင်နက် သော ခဏ၌ ဟေတု ပစ္စည်း ဖြစ်နိုင်၍ နှစ်ပါး သုံးပါးကုန်သော အဓိပတိ တရားတို့သည် အဘယ်ကြောင့် တပြိုင်နက်သော ခဏ၌ အဓိပတိပစ္စည်း မဖြစ်နိုင်သည်ကို ညွှန်ပြပြီးလျှင် / ကြိယာ အရမ္မဏာဓိပတိ ပစ္စည်း ပစ္စယုပ္ပန် ဖြစ်ထိုက်သော တရားတို့ကိုလည်း အဋ္ဌကထာ ဋီကာ အလိုကျ ခွဲခြား၍ ညွှန်ပြခဲ့ပါ။

( ၅ ) အနန္တရ ပစ္စည်းနှင့် သမနန္တရ ပစ္စည်းတို့၏ အဋ္ဌကထာဝါဒအရ ဗျဉ္ဇန မတ္တ နာနာကရဏ ဖြစ်ပုံ- အာစရိယဝါဒအရ ဥပမာအားဖြင့် ထူးခြားပုံတို့ကို ညွှန်ပြပြီးလျှင်/ 'ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာ- ကတာနံ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော'-၌ ကတ္တားပါဌ် သမ္ပဒါန်ပါဌ် ကရိုဏ်းပါဌ် အရ တို့ကိုလည်း ပြည့်စုံစွာ ကောက်ပြခဲ့ပါ။

( ၆ ) သဟဇာတ ပစ္စည်း၏ ကျေးဇူးပြုရာ ကာလကို သဘာဝယုတ္တိ ပြ၍ ညွှန်ပြီး လျှင် / ဩက္ကန္တိက္ခဏေ နာမရူပံ စသော ပါဌ်ဖြင့် ဟဒယဝတ္ထုရုပ်က ပဋ္ဌ

ဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာအား ကျော့ဇူးပြုပုံကို ဟောပြီး ဖြစ်ပါလျက် 'ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ' ဟူ၍ ထပ်မံ၍ ဟောရခြင်း အကြောင်း ကိုလည်း ညွှန်ပြခဲ့ပါ။

(၇) နိဿယ ပစ္စည်း၏ ကျေးဇူးပြုပုံကို မူလ ဋီကာ အလိုကျ ဥပမာသွင်း၍ ရှင်းပြ ပြီးလျှင် / 'ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ' ၌ ရူပံ အရ ရုပ် (၂၈) ပါးကို မကောက်ဘဲ ဟဒယ ဝတ္ထုရုပ်ကိုသာ ကောက်ရ ခြင်း မနောဝိညာဏဓာတု အရ အရူပဝိပါက် ၄ - ခုတို့ကို ကြဉ်၍ ကောက် ရခြင်း အကြောင်းတို့ကိုလည်း ညွှန်ပြခဲ့ပါ။

(၈) ဥပနိဿယ ပစ္စယ - လာ ပုရိမာ ပုရိမာ အရ တရားတို့ကို ဥပနိဿယ သုံးပါး အလိုက် တိကျစွာ ညွှန်ပြပြီးလျှင် / အကုသလေန အကုသလေ- အကုသလေန ကုသလေ- အကုသလေန အဗျာကတေတို့-၌ ရထိုက်သော ဥပနိဿယတို့ကို လည်း အကြောင်းနှင့် တကွ ညွှန်ပြခဲ့ပါ။

(၉) ပုရေဇာတ ပစ္စတ္တိ အခါ ဆဝတ္ထု ဤတရားတို့သည် ဝတ္ထုပုရေဇာတ ပစ္စည်း တပ်ကြရာ ထိုပစ္စည်းတရားတို့၏ ဝတ္ထုဖြစ်ပုံ ပုရေဇာတဖြစ်ပုံကို သိသာရုံမျှ ဖော်ပြပြီးလျှင်/ ၎င်း ပစ္စယုပ္ပန် တရားစုလာ အဘိညာကုသလဿ အဘိညာ ကိရိယဿ အရ အဘယ်အဘိညာဉ်တို့ကို ယူရသည်ကိုလည်း ညွှန်ပြခဲ့ပါ။

(၁၀) ပစ္ဆာဇာတ ပစ္စယ - လာ ဣမဿ ကာယဿ-၌ ကာယ အရ အဋ္ဌကထာ ဆရာ အလို အရကောက်ဆရာ အလို ဖြစ်သင့်ရာ အကြောင်းနှင့် တကွ တိကျစွာကောက်ပြပြီးလျှင် / ဝိပါက် အဗျာကတ ဖြစ်သော ဖိုလ်ဇောသည် အာသေဝန ပစ္စည်း ထိုက်သည်-မထိုက်သည်ကိုလည်း သဘာဝယုတ္တိ ပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၁၁) ဝိပါက ပစ္စယ—ဝိပါကာ ခန္ဓာ ဟူ၍ သာမန်အားဖြင့် မဟောကြားဘဲ ဝိပါကာ "စတ္တာရော" ခန္ဓာ ဟူ၍ ဟောရခြင်း၏ ရည်ရွယ်ချက်ကို ညွှန်ပြပြီးလျှင်/ နိဗ္ဗာန်၏ အတ္ထိ ပစ္စည်း မတပ်ရခြင်း အကြောင်းကိုလည်း ပြည့်စုံစွာ ညွှန်ပြ ခဲ့ပါ။

(၁၂) ပစ္စယနိဒ္ဒေသ ပကိဏ္ဏက ဝိနိစ္ဆယ-လာ ယုဂဠက အားဖြင့် (၂၄) ပစ္စည်း တို့ကို အကြောင်းနှင့် တကွ ဝေဘန်၍ ပြပြီးလျှင်/ ဇနကာ ဇနက အားဖြင့် လည်း ဝေဘန်၍ ပြခဲ့ပါ။

၁၀ — မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၄) အဘိဓမ္မာပိဋက (ပဋ္ဌာန) ပါဠိ + အဋ္ဌကထာ မေးခွန်း (အထက်ပိုင်း)

၁၃၃၈-ခုနှစ်၊ တပို့တွဲလဆန်း ၇- ရက်။ (၂၅-၁-၇၇)

---

(၁) ပဋ္ဌိစ္စ ဝါရ စသော ဝါရ (၇) ပါးတို့တွင် တူသော ဝါရ- ထူးသော ဝါရ တို့ကို ထူးပုံနှင့်တကွ အသီးသီး တွဲစပ်၍ ပြပြီးလျှင်/ဝါရ အလိုက် ပစ္စည်း ပစ္စယုပ္ပန် ဖြစ်သော တရား တို့ကိုလည်း ခွဲခြား၍ ပြခဲ့ပါ။

(၂) ပဋ္ဌိစ္စ အဓိပတိပစ္စည်း၏ ပဋိသန္ဓေ အခါ၌ မတပ်နိုင်ခြင်း အကြောင်းကို ညွှန် ပြပြီးလျှင်/ပုရေဇာတ ပစ္စယ-၌ ဝတ္ထုပုရေဇာတကိုသာ ဟော၍ အာရမ္မဏ ပုရေဇာတကို မဟောရခြင်း အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

(၃) အာသေဝနပစ္စယ-လာ ကိရိယာ ဗျာကတ အရ ယူရမည့် ကိရိယာကို အ ကြောင်းနှင့် တကွ ညွှန်ပြပြီးလျှင်/ 'ကမ္မ-ပစ္စယ' အသည သတ္တာနံ ကေ မဟာဘူတံ ပဋိစ္စ (ပ) ကဋတ္တာ ရူပံ ဥပါဒါရူပံ-၌ အသညသတ် ကမ္မဇ ရုပ်တို့တွင် အဘယ်ရုပ်သည် ကဋတ္တာရုပ်-ဥပါဒါရုပ် မည်သည် ကိုလည်း အကြောင်းနှင့် တကွ ညွှန်ပြခဲ့ပါ။

(၄) (ပဋိစ္စ-ဝါရ) အနုလောမ ပစ္စနိက် ဟောတုပစ္စည်းသည် အနုလုံ အဖြစ်ဖြင့် တည်ခဲ့သော် ပစ္စနိက် အဖြစ်ဖြင့် မရနိုင်သော ပစ္စည်းတို့ကို ညွှန်ပြပြီးလျှင်/ (ပစ္စနိယာ နုလောမ) အာဟာရပစ္စည်းသည် ပစ္စနိက်အဖြစ်ဖြင့် တည်ခဲ့သော် အနုလုံအဖြစ်ဖြင့် မရနိုင်သော ပစ္စည်းတို့ကိုလည်း ရေတွက်၍ ပြခဲ့ပါ။

(၅) ပစ္စယ ဝါရ-အနုလုံ ဟေတုယာ သတ္တရသ-၌ သတ္တရသ သင်္ချာ သရုပ်ကို ထုတ်ပြပြီးလျှင် / (ပစ္စနိက်) န ဟေတုပစ္စယာ န ပုရေဇာတေ ဒွေ-၌ စတ္တာ- ရိ ဟူ၍ သင်္ချာမထုတ်ဘဲ ဒွေဟူ၍ သင်္ချာထုတ်ရခြင်း အကြောင်းနှင့် တကွ ယုတ်လျော့သော သင်္ချာ ရသင့်သောသင်္ချာ တို့ကိုလည်းကောင်း ရသင့်သော သင်္ချာ၏ သင်္ချေ သရုပ်တရားတို့ကို လည်းကောင်း ညွှန်ပြခဲ့ပါ။

(၆) ပဉ္စဝါရ-အာရမ္မဏ ပစ္စယ (ကု-ကုလာ) 'သေက္ခာ ဂေါ်ဒြဘုံ ပစ္စဝေက္ခန္တိ သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခန္တိ'၌ ဂေါ်ဒြဘုံ အရ ယူရမည့်

ဝေါဒါနံ မယူရမည့်ဝေါဒါနံ မဂ္ဂါအရ ယူရမည့်မဂ် မယူရသည့်မဂ် တို့ကို ဖြစ်သင့်သော အကြောင်းနှင့် တကွ ညွှန်ပြခဲ့ပါ။

(၇) ပဋ္ဌာဝါရ-ဥပနိဿယ (ကု・ဗျာ) လာ 'ကုသလံ ကမ္မံ ဝိပါကဿ ဥပနိဿယ ပစ္စယေန ပစ္စယော' ၌ ကမ္မံ အရကို အနေကန္တ ဧကန္တ နှစ်ဌာန အားဖြင့် ကောက်ပြပြီးလျှင်/၎င်း ပါဠိကိုလည်း အဋ္ဌကထာလာသည့် အတိုင်း ဒီပနတ္ထ ပေါ်လွင်အောင် အနက်ယောဇနာခဲ့ပါ။

(၈) နိဿယ ပစ္စည်း၏ သဘာဂ ဖြစ်သော ပစ္စည်းတို့ကို ညွှန်ပြပြီးလျှင်/နိဿယ အတ္ထိ အဝိဂတန္တိ တေရသ ဟူသော မိဿက ဃဋနာ・၌ တေရသ သချာ၏ သချေ်ဖြစ်သော အရုပ်တရား တို့ကိုလည်း ကောက်ပြခဲ့ပါ။

(၉) ပဋ္ဌာဝါရ・၌ ပစ္စနီယုဒ္ဓါရ ထားရခြင်း၏ ရည်ရွယ်ချက်ကို အဋ္ဌကထာအလိုကျ ရှင်းပြပြီးလျှင်/သဟဇာတ ပစ္စည်း၌ ပေါင်းသွင်းနိုင်・ရေတွက် နိုင်သော ပစ္စည်းတို့ကိုလည်း စေ့စုံစွာ ရေတွက်၍ ပြခဲ့ပါ။

(၁၀) ဝိပါကတ္တိက ပဋ္ဌာဝါရ ပစ္စယာနုလောမ အာရမ္မဏ ပစ္စယ-'ဝိပါကော ဓမ္မော ဝိပါကဿ ဓမ္မဿ' လာ 'ကုသလာ ကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏ-တာ ဥပ္ပဇ္ဇတိ' ၌ ယူသင့်သော ကုသလ အကုသလ ဝိပါက အရ တို့ကို ကောက်ပြ ပြီးလျှင်/ဝိပဿနာ ဇောတို့၏ အဆုံး၌ တဒါရုံ မရှိ ဟူသော စကား သင့်・မသင့်ကိုလည်း ပါဠိတော် အထောက်ပြ၍ ဖြေဆိုခဲ့ပါ။

(၁၁) သဝိတက္ကတ္တိက ပဋ္ဌာဝါရ-အဝိတက္က ဝိစာရမတ္တော ဓမ္မော အဝိတက္ကဝိစာရ မတ္တဿ ဓမ္မဿ・လာ အာရမ္မဏာဓိပတိပြ ပါဠိကို ညွှန်ပြပြီးလျှင်/၎င်းတိက်၏ အနန္တရ ပစ္စယလာ ယထာကမ္မုပဂဉာဏဿ ပရိကမ္မံ・၌ ရည်ရွယ်သည့် ပရိကံကိုလည်း ညွှန်ပြခဲ့ပါ။

(၁၂) ပရိတ္တာရမ္မဏတ္တိက ပဋ္ဌာဝါရ ကမ္မပစ္စယ・လာ အပ္ပမာဏာရမ္မဏာ စေတနာ အရ ကောက်ယူရမည့် စေတနာတို့ကို ပြည့်စုံစွာ ညွှန်ပြပြီးလျှင်/ ဂေါတြ ဘူစိတ်ဖြင့် ပဋိသန္ဓေကျိုး မပေးနိုင် ဟူသော ဝါဒ သင့်- မသင့်ကိုလည်း ပါဠိတော် အထောက်ပြ၍ ဖြေဆိုခဲ့ပါ။

၁၀–မှတ်စီ။

၃၂-ကြိမ်မြောက်

# တိပိဋကစာမေးပွဲပုစ္ဆာများ

[ ဒီဃနိကာယ၊ အင်္ဂုတ္တရနိကာယ၊ သံယုတ္တနိကာယ၊ မဇ္ဈိမနိကာယ၊
ဝိနယပိဋက၊ အဘိဓမ္မာပိဋက ]

——

၁၃၄၁၊ ၁၉၈၀

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၁) ဒီဃနိကာယ (သီလက္ခန္ဓ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၁ - ခုနှစ်၊ တပို့တွဲလဆန်း ၉ - ရက်။ (၂၅ - ၁ - ၈၀)

(၁) 'သုဇနဿ စ တုဋ္ဌတ္ထံ စိရဋ္ဌိတတ္ထာယ ဓမ္မဿ' တို့၌ ပါသော စသဒ္ဒါတို့ဖြင့် အဘယ်ကို ပြသည်ကို ပြပုံနှင့် တကွ အကြောင်းပြပါ ရေးပြ၍/ ပိဋကတ် ၃ ပုံ၌ ကောင်းစွာ ကျင့်သော ရဟန်း မကောင်းသဖြင့် ကျင့်သော ရဟန်းသည် မည်သည့် ပြည့်စုံခြင်း ပျက်စီးခြင်းသို့ ရောက်ပါသနည်း၊ ခွဲခြား၍ ကျနစွာ ဖော်ပြပါ။

(၂) 'အဝဓာရဏတ္ထေန (လ) ဧဝံ ဓမ္မသေနာပတိနာ စ ပသတ္ထဘာဝါနုရူပံ အတ္တနော ဓာရဏဗလံ ဒဿေန္တော သတ္ထာနံ သောတုကာမတံ ဇနေတိ' အရ ဖြစ်စေပုံကို ကျနစွာ ဖော်ပြ၍/ 'အပရော နယော ယသ္မာ ဧဝန္တိ ယဿ စိတ္တသန္တာနဿ(လ) တဿ နာနာကာရ နိဒ္ဒေသော တိ ဝုတ္တံ၊ သော စ ဧဝံ ဘဒ္ဒကာ အာကာရော' ၌ သော စ အာကာရော ဟူသည်- ဧဝံဘဒ္ဒကော ဟူသည် အဘယ်ပါနည်း၊ ရှင်းပြခဲ့ပါ။

(၃) 'ဝတ္တသန္ဓိမ္ဟိ အနုဓိဋ္ဌိတာ၊ အဝိကပ္ပိတံ သန္ဓိမိစ ဟောတိ၊ သလ္လေခဋ္ဌ ကောပေတိ၊ အယံ ပရိယာယ ကထာ' ၌ အယံ၏ အစွဲကိုသာ ပြည့်စုံစွာဖော်ပြ၍ တေ ဧဝံ- ဒိဋ္ဌိနော တံ ပုဗ္ဗန္တံ အာရဗ္ဘ အာဂမ္မ ပဋိစ္စ အညမ္ပိ ဇနံ ဒိဋ္ဌိဂတိကံ ကရောန္တာ အနေက- ဝိဟိတာနိ အဓိမုတ္တိပဒါနိ အဘိဝဒန္တိ၊ အဋ္ဌာရသဟိ ဝတ္ထူဟိ-၌ အဘိဝဒန္တိ ပုဒ်ကိုသာ ဋီကာ အလိုကျ အနက် ၂- မျိုးပေးပြပြီးလျှင်/အဘယ်ကို သိစေလို၍ အာဂမ္မ ပဋိစ္စဟူ၍လည်း ကောင်း အညမ္ပိ (လ) ကရောန္တာဟူ၍လည်းကောင်း မိန့်မှာသည်ကိုလည်း ရှင်းပြခဲ့ပါ။

(၄) အပရန္တ ကပ္ပိကာ သညီဝါဒ-၌ တတိယာ ပန မိဿက ဂါဟဝသေန ပဝတ္တာ ဒိဋ္ဌိ၊ စတုတ္ထာ တက္ကဂါဟေနေဝ ၌ တတိယ စတုတ္ထ အရနှင့်တကွ ရော၍ယူပုံ ကြံဆ၍ ယူပုံများကို စုံလင်စွာ ဖော်ပြ၍/ သမုဒယန္တိ အာဒီသု အဝိဇ္ဇာသမုဒယာ စက္ခုသမုဒ- ယောတိ အာဒိနာ ဝေဒနာကမ္မဋ္ဌာနေ ဝုတ္တနယေန ဖဿာယတနာနံ သမုဒယာဒယော ဝေဒိတဗ္ဗာ-၌ ဝေဒနာကမ္မဋ္ဌာနေ ဝုတ္တနယေနဟု ဆိုသောကြောင့် အလုံးစုံပင် တူပါသလော၊ ရှင်းပြခဲ့ပါ။

(၅) အပိ စ ပုတ္တော အာသင်္ကာယ တဿ ဥပသမံ ဂစ္ဆမာနောပေသ ဧဝမာဟ-၌ အခြင်းအရာများနှင့်တကွ အလိုရှိခြင်း အကြောင်းကို ပြည့်စုံစွာ ဖော်ပြ၍/ သုဒ္ဓအင္ဂေ (လ) သံဝတ္တတိ နိဗ္ဗတ္တတီတိ သဂ္ဂသံဝတ္တနိကာ တံ ဝေ ရူပံ ဒက္ခိဏံ ဒါနံ ပတိဋ္ဌပေန္တီတိ အတ္ထော-၌ သဂ္ဂအရကို ကောက်ပြပြီးလျှင်/ ဒက္ခိဏံ ဒါနံ၏ အရကိုလည်း ဗျတိရေက နယအားဖြင့် ကျနစွာ ဖော်ပြခဲ့ပါ။

(၆) အဘိရတော ပဝိဝေကေတိ (လ) ဧဝံဝုတ္တော တိဝိဓေပိ ဝိဝေကေ ရတော-၌

ဝိဝေက ( ၃ ) ပါး၌ မွေ့လျော်ပုံ အဓိပ္ပာယ်များကို ထင်ရှားစွာ ဖော်ပြ၍/တရားစကား ပြောသော ပုဂ္ဂိုလ်သည် ဝိဝေက ၃-ပါးနှင့်တွဲ၍ ပြောပုံများကို မည်သို့ မှတ်ထိုက်သည်ကို အကြောင်းနှင့် တကွ ဖော်ပြပြီးလျှင်/ နောဟေတံ ဘန္တေ ( လ ) အဘိနိမန္တေယျာမပိန် ၌ အဘယ်ကိုရည်ရွယ်၍ အဘိနိမန္တေယျာမပိနံဟူ၍ မိန့်ဟသည်ကိုလည်း ပြည့်စုံစွာဖော်ပြခဲ့ပါ။

( ၇ ) ဒါသဗျာတိ ဒါသဘာဝါဟု အဋ္ဌကထာ ဖွင့်ပြခြင်းမှာ အဘယ်ကို ပြလိုသောကြောင့် ဖွင့်ပြသည်ကို ရေးပြီးလျှင် / ဧဝမေဝ ဘိက္ခု အယံ ဗျာပါဒေါနာမ မဟာ အနတ္ထကရောတိ ဆမေမ္မ ဘာဝေတွာ ဗျာပါဒနီဝရဏံ ပဇဟတိ ဟူသော အဋ္ဌကထာ ပါဠိ အရှိတွင် အနတ္ထကရ အရ အဘယ်သူတို့၏ အကျိုးမဲ့ကို ဆိုသည်ကိုလည်းကောင်း ဆမေမ္မအရ ဆ သရုပ်ကိုလည်းကောင်း ထုတ်ဆိုခဲ့ပါ။

( ၈ ) စကြာမင်း၏ ရတနာ ၇ - ပါးကို သတ္တ ၃ - ပါး၊ သုခ ၂ - ပါး၊ မူလ ၃ - ပါး တို့ဖြင့် အဋ္ဌကထာ အလိုကျ အသီးသီး ဝေဘန်ပြပြီးလျှင် /ဝိဝရိ ဘဂဝါ ဒွါရံ ပါဠိတော်၏ အဓိပ္ပာယ်ကို အဋ္ဌကထာအလို ဗျတိရေက အနွယ နှစ်ဝသော နည်းတို့ဖြင့် ဝေဘန်ပြပြီး/ သာရဏီယံ ပုဒ်၏ အဓိပ္ပာယ်ကိုလည်း အဋ္ဌကထာ လာတိုင်း ရေးသားခဲ့ပါ။

( ၉ ) အလမေဝသဒ္ဓေန ကုလပုတ္တေန ဒဿနာယ ဥပသင်္ကမိတုံ အပိပုဋ္ဌေါသေနာတိ ၌ ပုဋ္ဌေါသ အရ အဘယ့်ကြောင့် အဘယ်ကို ပုဋ္ဌေါသ ဆိုရသနည်း၊ ရေးပြီးလျှင်/အောက် ပါပေယျာလကိုလည်း ဖော်ခဲ့ပါ။

အထခေါ ကူဋဒန္တော ဗြာဟ္မဏော ဗုဒ္ဓပ္ပမုခံ (ပ) ဥဋ္ဌာယာသနာ ပက္ကာမိ။

( ၁၀ ) အပိစေသာ သမ္မာဒိဋ္ဌိနာမ ပုဗ္ဗဘာဂေ နာနာက္ခဏာ နာနာရမ္မဏာ ဟောတိ၊ မဂ္ဂက္ခဏေ ဧကက္ခဏာ ဧကာရမ္မဏာ အဋ္ဌကထာ၌ သမ္မာဒိဋ္ဌိသည် အဘယ့်ကြောင့် ပုဗ္ဗဘာဂ၌ နာနာက္ခဏ နာနာရမ္မဏ၊ မဂ္ဂက္ခဏ၌ ဧကက္ခဏ ဧကာရမ္မဏ မည်သည်ကို အသီးသီး ရေးပြီးလျှင် / မဟာလိသုတ် ဒွေပဗ္ဗဇိတဝတ္ထု၌ ဧကမိဒါဟံ ဟူသော စကားကို အဘယ့်ကြောင့် အားထုတ် ဟောတော်မူရသည်ကိုလည်း ရှင်းလင်းဖြေဆိုပါ။

( ၁၁ ) ဥပသမ္ပဒတ္ထိကေန ပန နာတိကာလေန ဂါမပ္ပဝေသနာဒီနိ အဋ္ဌဝတ္တာနိ ပူရေန္တေန ပရိဝသိတဗ္ဗံ၌ ဂါမပ္ပဝေသနာဒီနိ၌ အာဒိ၏ အာဒိဝန်ကို ပြည့်စုံစွာ ဖော်ပြပြီးလျှင်/သညာနုခေါ ဘန္တေ ပုရိသဿ အတ္တာ၊ ဥဒါဟု အညာသညာ အညောအတ္တာတိ ပါဠိသည် အဘယ်သူက အဘယ်သူကို မေးသည့်စကားနည်း၊ ဖြေပြီးလျှင်/ ၎င်းပါဠိကိုပင် ဆရာနည်းကျကျ အနက်ပေးခဲ့ပါ။

( ၁၂ ) ဣဒါနိပိ ဘုက္ကာရံကတွာ အဝီစိံ ဂမိဿတီတိ အဋ္ဌကထာပါဠိအရှိတွင် အဝီစိံ ဂမိဿတိဟု အဘယ့်ကြောင့် အမိန့်ရှိရသည်ကိုလည်း ရေးပြီးလျှင်/ယေနသာလဝတိကာ တဒဝသရိ၌ သာလဝတိကာ၏ အဓိပ္ပာယ်ကိုလည်းကောင်း ဥဒ္ဒရိတွာ ထလေ ပတိဋ္ဌာပိတော ဝါကျ၏ ဆိုလိုရင်းကိုလည်းကောင်း အဋ္ဌကထာနှင့် အညီ ဖြေဆိုခဲ့ပါ။ ၁၀-မှတ်စီ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၂) ဒီဃနိကာယ (မဟာဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၁ - ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်။ (၂၇-၁-၈၀)

(၁) ဓမ္မဓာတု ပဒါနုသန္ဓိဝသေန ပန အယံ ဒေသနာ အာရဒ္ဓါ·၌ အယံ ဒေသနာ အရ အဘာယ်ဒေသနာကို ဆိုသည်ကို ပြ၍/ သဗ္ဗာကာရ ပရိပူရာနီတိ ဣမိနာ ပန အယံ ဝိသေသော ဝေဒိတဗ္ဗော အရ သိအပ်ပုံကို ကျနစွာ ပြပြီးလျှင် / အာယတပဏှိတိ ဒီဃပဏှိ ပရိပုဏ္ဏပဏှိတိ အတ္တော·၌ အဘာယ်ကို သိစေလို၍ ပရိပုဏ္ဏပဏှိ ဟူ၍ ထပ်ဆင့် မိန့်ဆိုသည်ကိုလည်း ရှင်းပြပါ။

(၂) ဒီဃင်္ဂုလီတိ (လ) မဟာပုရိသဿ ပန မက္ကဋဿေဝ ဒီဃာ ဟတ္ထပါဒင်္ဂုလိယော မူလေ ထူလာ - ၌ အဘာယ်ကို ရည်ရွယ်၍ မက္ကဋဿေဝဟု မိန့်မှာသည်ကို ပြ၍/ တာသံ ကောပ္ပမာဏတာယ ယဝလက္ခဏံ အညမညံ ပဋိဝိဇ္ဈိတွာ တိဋ္ဌတိ·၌ ပဋိဝိဇ္ဈိတွာ ဟူသည် အဘာယ်ဖြစ်သည်ကို ပြပြီးလျှင် / အနုပဝါဒေါတိ ဝါစာယ ကာယိကအနုပဝဒနံ·၌ ကာယိက ဖြင့် အဘာယ်ကိုယူ၍ အဘာယ်ကို ပယ်ပါသနည်း။

(၃) ဘာဂဝါ ဟိ ဝဏ္ဏကထံ ကထေန္တော ကတ္ထစိ အဝိဇ္ဇာ သိခသေန ကထေသိ (လ) တတ္ထစိ ဒိဋ္ဌိသီသေန·၌ အဝိဇ္ဇာသီသ ဒိဋ္ဌိသီသဖြင့် ဟောပုံကို ခွဲခြားပြ၍/ ယတော ခေါ ပန အာနန္ဒ ဘိက္ခု နေဝ ဝေဒနံ အတ္တာနံ သမနုပဿတိ စသော ပါဠိ၌ အဘာယ်ကို ဟောလိုသောကြောင့် ယတော ခေါ ပန အာနန္ဒ ဘိက္ခု အစရှိသော စကားကို ဟောတော်မူသည်၊ အဘာယ်၏ အစွမ်းဖြင့် အားထုတ်လိုသောကြောင့် နေဝ ဝေဒနံ အတ္တာနံ သမနုပဿတိ အစရှိသည်ကို ဟောတော်မူသည်ကိုလည်း ပြည့်စုံစွာ ဖော်ပြပါ။

(၄) အနုလောမ ပဋိလောမံ ပိ သမ္မာပဇ္ဇတိ ပါဠိ၌ အဘာယ်၏ အစွမ်းဖြင့် အနုလောမ ပဋိလောမံ ဟူသော ပုဒ်ကို ဟောတော်မူအပ်သည်ကို အကြောင်းနှင့် တကွ ပြ၍/ ဂိရိ ဝိဟာရေ ကိရ ထေရဿ အန္တေဝါသိကော ကောဿ ပိဏ္ဍပါတိကဿ မုခတောဘံ ပဥ္စသုဘွာ အာဟာ·၌ တံပဉ္စံ ပုဒ်ကိုသာ ဋီကာ အလိုကျ အနက်ပေးပြီးလျှင်/ အာဟာ အရ ဆိုပုံကိုလည်း ပြည့်စုံစွာ ရေးသားခဲ့ပါ။

(၅) ယထာ တံ မာရေန ပရိယုဋ္ဌိတ စိတ္တော တိ ဧတ္ထ (လ) ယထာမာရေန ပရိယုဋ္ဌိတ စိတ္တော အဇ္ဈောတ္ထဋ စိတ္တော၌ ပရိယုဋ္ဌိတစိတ္တဟူသည် အဘာယ်ဖြစ်သည် အဘာယ်ကို သိစေလို၍ အဇ္ဈောတ္ထဋ စိတ္တော ဟူ၍ အဋ္ဌကထာဆရာ မိန့်မှာသည်ကို ပြပြီးလျှင်/ တထေဝ ဝိနိတာ တထာ ဝိသာရဒါ·၌တထာ ဝိသာရဒါ၏အဓိပ္ပာယ်ကိုလည်းရေးသားခဲ့ပါ။

(၆) အဘာယ်ကို သိစေလို၍ အပ္ပမာဏာတိ ဗလဝါ ဟူ၍ အဋ္ဌကထာ ဖွင့်ဆိုသည်ကို ပြ၍/အထခေါ အာယသ္မာ အာနန္ဒော ဝိဟာရံ ပဝိသိတွာ (လ) အဋ္ဌာသိ ပါဠိ၌

ဝိဟာရဖြင့် အဘယ်ကို အလိုရှိအပ်သည်ကို ပြပြီးလျှင်/ တတြ စေ အာနန္ဒော ဓမ္မ ဘာသတိ ပါဠိ၌ ဓမ္မ အရနှင့် တက္က ၎င်းကို အဘယ်၏ အစွမ်းဖြင့် မိန့်ဟသည် ကိုလည်း ပုဂ္ဂိုလ်အလိုက် ကိုက်အောင် ဖော်ပြခဲ့ပါ။

( ၇ ) ဇနဝသဘသုတ် ဘာတိရိဝါတိ အတိဝိယ ဘာတိ ဟူသော အဋ္ဌကထာ အဖွင့်ကို ဋီကာမည်သို့ ဖြေရှင်းထားပါသနည်း၊ ရေး၍/ တဿ ဇဝံ ဇာနတော ဇဝံ ပဿတော အဝိဇ္ဇာ ပဟီယတိ - ဝိဇ္ဇာဥပ္ပဇ္ဇတိ - တဿ အဝိဇ္ဇာ ဝိရာဂါ ဝိဇ္ဇုပ္ပါဒါ ဥပ္ပဇ္ဇတိ သုခံ ၌ အဝိဇ္ဇာ အရ မည်သည့် အဝိဇ္ဇာကို - ဝိဇ္ဇာ အရ မည်သည့် ဝိဇ္ဇာကို သုခံ အရ မည် သည့် သုခကို ကောက်ရသနည်း၊ အဋ္ဌကထာအလို ဖြေဆိုခဲ့ပါ။

( ၈ ) သုဓမ္မာဇရပ်၏ အလျား, အနံ, အဝန်း, အစောက် ယူဇနာ တို့ကို အသီးသီး ရေးပြီးလျှင်/မဟာ ဂေါဝိန္ဒသုတ်လာ ကရုဏံ ဈာနံ ဈာယိ ပါဠိ အရ ကရုဏာလျှင် အာရုံရှိသော အဘယ်ဈာန်ကို ဝင်စားသည်ကို လည်းကောင်း ဈာန်၌ တည်သောပုဂ္ဂိုလ်အား အနဘိရတိ ဥက္ကဏ္ဌာနနှင့် ဘယပရိတဿန မရှိခြင်း အကြောင်းကို လည်းကောင်း ရေးသားခဲ့ပါ။

( ၉ ) အဘယ့်ကြောင့် အဘယ်ပုဂ္ဂိုလ်ကို ( က ) ပဇုဋ္ဌဇာတိ၊ ( ခ ) အခီလ၊ ( ဂ ) သြဃတိဏ္ဏ၊ ( ဃ ) အနာသဝ၊ ( င ) သြဃတရဏ၊ ( စ ) နာဂ ဟု ဆိုရသည်ကို အဋ္ဌကထာ အလို အသီးသီး ဖြေဆိုပြီးလျှင် / အောက်ပါ ပေယျာလကိုလည်း ဖော်ခဲ့ပါ။

ယာမုနာ ဝေတရဏ္ဍာစ ( ပ ) သရဏမကံသု ဗုဒ္ဓံ။

( ၁၀ ) နာဂေါဃမ္မာတိ တတ္တောဝ၊ သြဃာပေ တေ ထန္ထဒရံ—၍ ပါဠိကို ဥပမာန ဥပမေယျ နှိုးနှောပြသည့် အဓိပ္ပာယ် သဘာဝကို ဖော်ပြပြီးလျှင် / အဘယ်ကို မြင်သော ကြောင့် ဘုရားရှင်သည် 'ဒီဃရတ္တံ ဝိသုဒ္ဓေါ ခေါ အယံ ယက္ခော' ပါဠိကို သက္ကပဉ္ဟသုတ်မှာ မိန့်တော်မူသည်ကို လည်းကောင်း အတ္တသညိတန္တိ အတ္ထနိဿိတံ ဟု ဖွင့်လျှင် ပြီးပါလျက် ကရဏနိဿိတံ ဟု ဆင့်၍တဖန် ဖွင့်ပြန်ခြင်းကို လည်းကောင်း ရှင်းလင်း ဖြေကြားခဲ့ပါ။

( ၁၁ ) စုတာဟံ ဒိဝိယာ ကာယာ၊ အာယုံ ဟိတ္ဝာ အမာနုသံ။ အမုဠှော ဂဗ္ဘ- မေဿမိ၊ ယတ္ထ မေ ရမတိ မနော။ ။၎ဂါထာကို ထည့်သင့်ရာပါဠိ ထည့်စပ်၍လည်း ကောင်း ယတ္ထ အစွဲကို လည်းကောင်း မှန်ကန်စွာ အနက်ပေးပြီး ယတ္ထ မေ ရမတိ မနော ပါဠိဖြင့် အဘယ် အနက်ကို ပြသည်ကိုလည်း ရေးခဲ့ပါ။

( ၁၂ ) စိတ္တာနုပဿနာ - ၌ အကြင်စိတ်အား အပ္ပနာ သမာဓိသည် လည်းကောင်း ဥပစာရ သမာဓိသည် လည်းကောင်း ရှိ၏၊ ထိုစိတ်၏ အမည်ကို ဖော်ပြပြီး/ တေသု ဘိက္ခု- နော ဝဋ္ဋေ ကမ္မဋ္ဌာနာ ဘိနိဝေသော ဟောတိ၊ ဝိဝဋ္ဋေ နတ္ထိ အဘိနိဝေသော ဟူသော အဋ္ဌကထာစကားကျဉ်းကို ဋီကာမည်သို့ ရှင်းလင်းလိုက်သည်ကို လည်းကောင်း ဒေဝါ တေ န မနုဿာ ဟူသော ပါယာသိရာဇညသုတ် - လာ ၎ပါဠိကို အဘယ် သူသည် အဘယ်သို့ ကြံ၍ ပြောဆိုသောစကားဖြစ်သည်ကိုလည်းကောင်း ရေးခဲ့ပါ။ ၁၀—မှတ်စီ။

# (ခ) တိပိဋကဓရ သဘောဓရ ရေးဖြေ စာမေးပွဲ

## (၃) ဒီဃနိကာယ (ပါထိကဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၁- ခုနှစ်၊ တပို့တွဲလဆန်း ၁၃-ရက်။ (၂၉-၁-၈၀)

---

(၁) တတြ သုနက္ခတ္တ (လ) ကတံ ကရိယာတိ - ပါဠိ၌ တတြ၏ သန္ဓာယ ဘာသိတတ္ထကို ရေး၍/အထခေါ ဘဂ္ဂဝ (လ) သုသာနံ ယေန အစေလော ကော· ရက္ခတ္တိယော တေနုပသက်မိ - ပါဠိ၌ ကပ်ခြင်း၏ အကြောင်းကို ရေးပြီးလျှင် / ပါထိက ပုတ္တသည် မည်သို့သိ၍ ဣသမဏောပိ ဂေါတမော ဉာဏဝါဒေါ အစရှိသော စကားကို ဆိုသည်ကိုလည်း ရေးသားခဲ့ပါ။

(၂) သုတွာနသ (လ) လောမဟံသော ဥဒပါဒိ ပါဠိ၌ လောမဟံသ ဖြစ်ခြင်း အကြောင်းများကို ပြည့်စုံစွာ ဖော်ပြ၍ / အဘယ်အနက်ကို ပြခြင်းငှာ အထခေါ ဘဂ္ဂဝ အစရှိသော စကားကို ဟောတော်မူသည်ကို ပြပြီးလျှင် / ဒါရုပတ္တိက၏ တပည့် ဖြစ်သော ဇာလိယသည် အဘယ့်ကြောင့် တေနုပဟိ ဘော မုဟုတ္တံ တာဝ အာဂမေထ အစရှိသော စကားကို ဆိုသည်ကိုလည်း ရှင်းပြခဲ့ပါ။

(၃) ပုန စ ပရံ နိဂြောဓ (လ) သမဏဗ္ဗဝါဒေန-ဟူသော စကားသည် အဘယ်၏ အစွမ်းဖြင့် လာသည်ကို ပြ၍ / ဘိက္ခုဝသေန ပနေတ္ထ အယံ ယောဇနာ အရ ယှဉ်ပုံကို ကျနစွာ ပြပြီးလျှင် / အထ နံ ဝတ္တာပဋိပတ္တိယံ စောဒေန္တော ဣဿ တွန္တိ အာဒိ မာဟ ၌ အထ နှင့် နံပုဒ် ကိုသာ နိသျည်း ကျကျ အနက် ပေးပြပါ။

(၄) အဘယ်အနက်ကို ပြလို၍ တထာဂတဿ ဟောတိ စသည် ဟောတော်မူသည်ကို ပြ၍/ ဣဒါနိ အပရေနပိ နယေန သေဋ္ဌစ္ဆေဒကဝါဒမေဝ ဒဿေတုံ ဟောတိ ခေါ သော ဝါသေဋ္ဌ သမယောတိ အာဒိ မာဟ ၌ အဘယ်သည် အပရေနပိ နယေန ဖြစ်သည်- သေဋ္ဌ (လ) ဒဿေတုံ ဖြစ်သည်ကိုလည်း ရေးသားပြခဲ့ပါ။

(၅) တတ္ထ ဧဝံ ပသန္နောတိ ဧဝံ ဥပ္ပန္န သဒ္ဓေါ ဟုတွာ သာမက ဧဝံသဒ္ဒဟာမီတိ အတ္ထော ဟူ၍ အဋ္ဌကထာ မိန့်ဆိုခြင်း နှလုံးသွင်းကို ရှင်းပြ၍ / အဘယ်ကို စီစစ်လို၍ ကိံ ပန တေ သာရိပုတ္တ အဟံ တေရပဟိ စသော စကားကို မိန့်တော်မူသည်ကို ပြပြီးလျှင်/ ဣစ္ဆာဟံ ဘန္တေ ယေန ဘဂဝါ အစရှိသော ဒေသနာတော်၌ အရှင်သာရိပုတ္တရာ မထေရ်၏ အလိုကိုလည်း ကျနစွာ ဖော်ပြပါ။

(၆) တေပိ နိဂဏ္ဌော သု (လ) ပဋိဝါနရူပါ ယထာ တံ ဒုရက္ခာ တေ ပါဠိ၌ ပဋိဝါနရူပါ ဟူသည် ယထာတံ ဟူသည် အဘယ်ဖြစ်သည်တို့ကို ရေး၍ / အသယံကာ· ရောတိ အသယံကတော ဟု ဖွင့်ဆိုရာဝယ် အဓိပ္ပာယ်ကိုသာ ပြပြီးလျှင် / အညတရည

ဟာရေသုစာတိ အညေသု စ ဝေရပေသု၌ အဘယ်ကို သိစေလို၍ ဝေရူပေသု ဟူ၍ မိန့်ဟသည်ကိုလည်း ရှင်းပြပါ။

(၇) သုရာမေရယ ဆ အာဒီနဝကို ပါဠိ မြန်မာ ၂-ဘာသာတွင် သင့် ကြိုက်နှစ်သက်ရာ ဘာသာဖြင့် ဖြေပြီးလျှင် / ဇီဝိတမှိယ အတ္တာယ ပါဠိ၏ အဓိပ္ပာယ် ကိုလည်း သိမှတ်လွယ်အောင် အဋ္ဌကထာ အလိုကျ ရှင်းပြပြီး/တေ တေ ဒုက္ခဝိသေသေ ဥတ္တာရတိ ဟု အဋ္ဌကထာ အဘယ့်ကြောင့် မိန့်ဆိုဘိသည်ကိုလည်း ရေးခဲ့ပါ။

(၈) ကုမ္ဘဏ္ဍာနံ အဓိပတိ ဝိရူဠှော ဣတိနာမသော ပါဠိ၌ ကုမ္ဘဏ္ဍ၏ အဓိပ္ပာယ်ကို အဋ္ဌကထာ အလိုကျ ရေးပြီးလျှင် / မဟာနေရု သုဒဿနော ပါဠိ အရ မြင့်မိုရ်တောင်၏ အရပ်မျက်နှာ အရောင်တို့ကို မှန်ကန်စွာ ရေး၍/ ယေ စာပိ နိဗ္ဗုတာ လောကေ (ပ) ဝီတသာရဒါ ဂါထာကိုလည်း ဆရာနည်း ကျကျ အနက်သမ္ဗန်ခဲ့ပါ။

(၉) ဟာရိတော မဟာဖြဟ္မာ အသဒမန ဗုဒ္ဓဝေသေန အာရိမာဏေန ဗုဒ္ဓဝိလာသေန တဿံ ပရိသတိ အဋ္ဌကထာ၌ ဗုဒ္ဓဝေသ နှင့် ဗုဒ္ဓဝိလာသတို့၏ အဓိပ္ပာယ်ကို ဋီကာအလို ဖြေဆိုပြီးလျှင် / သင်္ဂီတိသုတ်လာ သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ ပါဠိ အရ အဘယ်သတ္တကို ယူရမည်ကိုလည်း အဋ္ဌကထာ အလိုကျ ရေးပြခဲ့ပါ။

(၁၀) ယာ ခန္တိ ခမနတာ အဓိဝါသနတာ အစဏ္ဍိက္ကံ အနသုရောပေါ စသော အဋ္ဌကထာ၌ အဘယ်ကို အဓိဝါသန ဆိုသည်ကို ရှင်းလင်း ဖြေဆိုပြီးလျှင် / အပရာပိ တိဿော ဓာတုယော ဟီနဓာတု မဇ္ဈိမဓာတု ပဏီတဓာတု ပါဠိ၌ ဟီန စသော ဓာတ် သုံးပါးတို့၏ တရားကိုယ် အနေကိုလည်း အဋ္ဌကထာ အလိုကျ မှန်ကန်စွာ ကောက်ပြခဲ့ပါ။

(၁၁) သောတာပတ္တိမဂ် ရနိုင်ခြင်း အင်္ဂါ ၄-ပါးကို အဋ္ဌကထာ လာတိုင်း ရေးပြီးလျှင် / ကဏှန္တိ ကာဠကံ ဟု ဖွင့်ဆိုက ပြီးလျက် အဘယ်ကို အလို ရှိသောကြောင့် ဒသ အကုသလကမ္မပထကမ္မံ ဟု ဆင့်လျက် တဖန် ဖွင့်ရပြန်သနည်း၊ ရှင်းလင်းဖြေဆိုခဲ့ပါ။

(၁၂) 'အယံ သမာဓိ အရိယော နိရာမိသော (ပ) ဘာဝေါ်ကတော' ဤ ပေယျာလကို ဖော်ပြပြီးလျှင် / ၎င်း ပေယျာလတွင်း၌ ပါဝင်သော အရိယနိရာမိသ အကာပုရိသ ဒေဝိတ သန္တတို့၏ အဓိပ္ပာယ် အသီးသီးကို အဋ္ဌကထာ အလိုကျ ရေးပြီး/ ဝိဒေသသ ဘာဂိယ ပဒေ မဂ္ဂေါ ကထိတော သစ္စိကာတဗ္ဗပဒေ ဖလံ ဟု အဋ္ဌကထာ ဖွင့်ရာ၌ ဝိဒေသသ ဘာဂိယပဒ ၌ မဂ်ကို သစ္စိကာတဗ္ဗပဒ ဖိုလ်ကို အဘယ့်ကြောင့် ဆိုရသည်ကိုလည်း ရေးခဲ့ပါ။

၁၀ — မှတ်ဖိ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၁) အင်္ဂုတ္တရနိကာယ (ပဌမအုပ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

### ၁၃၄၁ - ခုနှစ်၊ တပို့တွဲလဆန်း ၉ - ရက်။ (၂၅ - ၁ - ၈၀)

(၁) ရူပါဒိဝဂ်် စိတ္တ ပရိယာဒါန သုတ်လာ တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေ-သိ 'ဘိက္ခဝေါ' တိ ဟူသော ပါဠိကို တတြ၏ အစွဲလေးမျိုး ခေါ၏ အနက်သုံးမျိုးကွဲပြား သိသာစေလျက် အနက်သမ္ဗန်ပြီးလျှင်/ 'တေနေဝ စ သဒ္ဒေန ဒေဝေါ ဘာဝေါ ဘိက္ခု သမန မနသိကာရေပိ တေ နိယောဇေတိ' ဟူသော အဋ္ဌကထာအရ အဘယ်သို့သော တရား နာခြင်းမျိုးကို သာဓုက သဝန မနသိကာရ ဟု ခေါ်ဆိုအပ်ပါသနည်း၊ ရှင်းပြခဲ့ပါ။

(၂) တကြိမ်ဖြစ်ပြီးသော ကာမစ္ဆန္ဒ နီဝရဏတရားသည် တဖန် ပြန်၍ မဖြစ်နိုင်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် နီဝရဏပ္ပဟာနဝဂ်၌ 'ဥပ္ပန္နော စ ကာမစ္ဆန္ဒော ဘိယျော-ဘာဝါယ ဝေပုလ္လာယ သံဝတ္တတီတိ' ဟောတော်မူအပ်ပါသနည်း၊ ရှင်းပြပြီးလျှင်/ ယေန အနုပ္ပန္နံ ဝါ ထိနမိဒ္ဓံ ဥပ္ပဇ္ဇတိ အရ ထိနမိဒ္ဓ ဖြစ်ကြောင်း တရားများကိုလည်း အကြောင်း ဖြစ်ပုံနှင့် တကွ ဖော်ပြခဲ့ပါ။

(၃) တေဒဂ္ဂဝဂ် အဋ္ဌကထာ - လာ မူတိမေ့ဝ ဝေဒိတဗ္ဗာ - ၌ မူတမေ့ အရဖြစ်သင့် သောတရားများကို စုံလင်စွာ ထုတ်ပြပြီးလျှင်/ ထိုတရားတို့ကို မူဘမေ့ဟု ခေါ်ရခြင်း၏ အကြောင်းများကိုလည်း ရေးသားခဲ့ပါ။

(၄) ဧကမ္မ ပါဠိလာ မိစ္ဆာဒိဋ္ဌိ ပရမာနိ ဘိက္ခဝေ မဟာသာဝဇ္ဇာနိ၌ မိစ္ဆာဒိဋ္ဌိ ပရမဖြစ်ပုံ-မဟာသာဝဇ္ဇ မည်ပုံတို့ကို အကြောင်းနှင့်တကွ ရှင်းပြပြီးလျှင်/ နိယတမိစ္ဆာဒိဋ္ဌိ ပုဂ္ဂိုလ်သည် ဘယ်သောအခါမျှ ဘဝသံသရာမှ မလွတ်မြောက်နိုင်ဟု မှတ်ရပါမည်လော၊ တာယ သမန္နာဂတော ဘဝဘော ဝုဋ္ဌာနံ နတ္ထိဟူသော အဋ္ဌကထာနှင့် ညှိနှိုင်းစိစစ်ပြခဲ့ပါ။

(၅) လောက၌ မကောင်းမှုကို ပြုသော သူအား ဖုံးကွယ်ရာ ဌာန မရှိသည် မဟုတ် ပါလော၊ အဘယ့်ကြောင့် ဒုကနိပါတ် ဗာလဝဂ် ဆဋ္ဌသုတ် အဋ္ဌကထာ၌ ပဋိစ္ဆန္န ကမ္မန္တ-ဿာတိ ပါပကမ္မဿ ဟု ဖွင့်ဆိုအပ်ပါသနည်း၊ ရှင်းပြပြီးလျှင် / ယင်း ဆဋ္ဌသုတ်လာ နိရယော ဝါ တိရစ္ဆာနယောနိ ဝါ ၌ နိရယ တိရစ္ဆာန ယောနိ အရ တို့ကိုလည်း အ ကြောင်းနှင့်တကွ ကောက်ပြခဲ့ပါ။

(၆) ဒုကနိပါတ် ပုဂ္ဂလဝဂ် ပဌမသုတ်၌ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ ဗဟု-နောဇနဿ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ ဟုသာ ဟောတော်မူ၍ လော-ကာနုကမ္ပာယ ဟု ထည့်သွင်း ဟောတော်မမူခြင်း၏ အကြောင်းကို ဖော်ပြပြီးလျှင် / သက္ကာယဒိဋ္ဌိကို ပယ်ပြီးကာမျှဖြင့် ကြောက်ခြင်း ထိတ်လန့်ခြင်း မကင်းသေးသည် မဟုတ် ပါလော၊ အဘယ့်ကြောင့် ဆဋ္ဌသုတ် အဋ္ဌကထာ၌ ခီဏာသဝေါ အတ္တနော သက္ကာယ ဒိဋ္ဌိယာ ပဟီနတ္တာ န တသတိ ဟု ဖွင့်ပြပါသနည်း၊ ရှင်းပြခဲ့ပါ။

(၇) တိကနိပါတ် ဒေဝဒူတဝဂ် နိဒါနသုတ်·လာ တသ္မာ လောဘဥ္စ ဒေါသဥ္စ မောဟဉ္စာပိ ဝိဒ္ဒသု ၌ အဘယ်ကို လောဘ ဒေါသ ဟု ဆိုအပ်ပါသနည်း၊အကြောင်းနှင့် တကွ ကောက်ပြပြီးလျှင်/ ဝိဇ္ဇံ ဥပ္ပါဒယံ ဘိက္ခု သဗ္ဗာ ဒုဂ္ဂတိ ယော ဇဟေ၌ အရဟတ္တမဂ္ဂဝိဇ္ဇာ ကို ဖြစ်စေတတ်သော ရဟန်းသည် သုဂတိ ဒုဂ္ဂတိ အလုံးစုံတို့ကို စွန့်သည် ဖြစ်ပါလျက် ဒုဂ္ဂတိယော ဇဟေ ဟု ဟောတော်မူရခြင်း၏ အကြောင်းကိုလည်း အဋ္ဌကထာ အလိုဋီကာအလို စုံလင်စွာ ခွဲခြား ဖြေဆိုခဲ့ပါ။

(၈) လောကကပလ္လဝဂ် ပဝိဝေကသုတ်·လာ 'တီဏိ ခေါ ပနိမာနိ ဘိက္ခဝေ ဣမသ္မိံ ဓမ္မဝိနယေ ဘိက္ခုနော ပဝိဝေကာနိ' ၌ ပဝိဝေက သုံးပါး သရုပ်ကို အကျဉ်းချုပ်အဓိပ္ပာယ်အားဖြင့် ထုတ်ပြပြီးလျှင်/အယံ ဝုစ္စတိ ဘိက္ခု အဂ္ဂပ္ပတ္တော သာရပ္ပတ္တော သုဒ္ဓေါ သာရေ ပတိဋ္ဌိတော'၌ အဘယ်ကို အဂ္ဂ·သာရဟု ဆိုအပ်ပါသနည်း၊ ပြည့်စုံစွာဖော်ပြခဲ့ပါ။

(၉) စတုက္ကနိပါတ် ဘဏ္ဍဂါမဝဂ် တဏှုပ္ပါဒသုတ်လာ တဏှာ ဒုတိယော ပုရိသော အရ တဏှာသည် သတ္တဝါ၏ ဘဝသံသရာ၌ အဖော်သဟာယ် ဖြစ်ပုံကို ဖော်ပြပြီးလျှင်/ အဝိဇ္ဇာနှင့် ကံ တို့သည်လည်း ဘဝသံသရာ၌ ဖြစ်ကြောင်း အဖော်သဟာယ်များ ဖြစ်ကြကုန်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် တဏှာကိုသာ တဏှာ ဒုတိယော ဟု ဟောတော်မူပါသနည်း၊ ရှင်းလင်း ပြခဲ့ပါ။

(၁၀) ဥရုဝေလဝဂ် သန္တုဋ္ဌိသုတ် ၌ လေးပါးသော ပစ္စည်းတို့၌ သန္တောသ အကျင့်တရားကို ဟောတော်မူပါလျက် အရိယဝံသသုတ်၌ 'သန္တုဋ္ဌော ဟောတိ ဣတရီတရေန ဂိလာန ပစ္စယဘေသဇ္ဇပရိက္ခာရေန' ဟု ဟောတော်မမူခြင်း၏အကြောင်းကိုဖော်ပြပြီးလျှင်/ အချမ်း အပူ စသည်ကို ပယ်ဖျောက်ခြင်း အကျိုးငှာ သက်န်းကို သုံးဆောင်ခြင်းသည်လည်း ပရိဘောဂ သန္တောသ ဖြစ်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် ဟိရိကောပီနပ္ပဋိစ္ဆာဒန မတ္တဝသေန ပရိဘုဥ္ဇနံ ပရိဘောဂသန္တောသော ဟု အဋ္ဌကထာ ဖွင့်ပြပါသနည်း၊ ရှင်းပြခဲ့ပါ။

(၁၁) ပုဂ္ဂလဝဂ် သံယောဇနသုတ်လာ ဥပပတ္တိ ပဋိလာဘိယာနိ သံယောဇနာနိ ပဟီနာနိ ဘဝပဋိလာဘိယာနိ သံယောဇနာနိ အပ္ပဟီနာနိ၌ ဥပပတ္တိနှင့် ဘဝတို့၏ထူးခြားပုံကို ဖော်ပြပြီးလျှင်/ဥပပတ္တိ ပဋိလာဘိယ သံယောဇဉ်ကိုသာပယ်၍ ဘဝပဋိလာဘိယ သံယောဇဉ်ကို မပယ်သော ပုဂ္ဂိုလ်ကား အဘယ်ပုဂ္ဂိုလ်ပါနည်း၊ အကြောင်းနှင့် တကွ ဖော်ပြခဲ့ပါ။

(၁၂) သဉ္စေတနိယဝဂ် စေတနာသုတ်လာ 'ဣမေသု ဘိက္ခဝေ ဓမ္မေသု အဝိဇ္ဇာ အနုပတိတာ'၌ ဓမ္မ သရုပ်ကို ကုန်စင်အောင် ထုတ်ပြ၍/ ဤဓမ္မတို့၌ အဝိဇ္ဇာ အစဉ်ကျရောက်ပုံကို ရှင်ပြပြီးလျှင်/ ဝတ်ကြီး ဝတ်ငယ် ပြုခြင်း စသော ကာယကံမှုသည် ရဟန္တာ အရှင်မြတ်များအား ထင်ရှား ရှိနေပါလျက် အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂနိရောဓာကာယော န ဟောတိ ဟု ဟောတော်မူရခြင်း၏ အကြောင်းကိုလည်း ရှင်းပြခဲ့ပါ။ ၁၀–မှတ်စီ။

## (၁) တိပိဋကဓရ သဓောဘာ ရေးဖြေ စာမေးပွဲ

### (၂) အင်္ဂုတ္တရနိကာယ (ဒုတိယအုပ်) ပါဠိ + အဋ္ဌကထာ မေးခွန်း
### ၁၃၄၁ - ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်။ (၂၇-၁-၈၀)

(၁) ပဉ္စကနိပါတ် ဗလဝဂ် ဝိတ္ထတသုတ်လာ စိရကတမ္ပိ စိရဘာသိတမ္ပိ သရိတာ အနုဿရိတာ ၌ စိရကတ စိရဘာသိတ အရတို့ကို အရာဌာန ထောက်ဆ၍ အဋ္ဌကထာ အလိုကျ ကောက်ပြပြီးလျှင် / သရိတာ အနုဿရိတာဖြင့် အဘယ် သတိတရားကို ပြတော်မူသည်- အဘယ်ဆို့ အောက်မေ့ ပွားများရသည် တို့ကိုလည်း စုံလင်စွာ ဖော်ပြခဲ့ပါ။

(၂) နီဝရဏဝဂ် ဌာနသုတ်လာ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ၌ ကမ္မဒါယ ဟူသည်၊ အဘယ်ပါနည်း၊ အဋ္ဌကထာ အလို ဋီကာအလို ခွဲခြား ပြဆိုပြီးလျှင် / 'ယံ ကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပကံ ဝါ တဿ ဒါယာဒေါ ဘဝိဿာမိ' အရ ကမ္မဒါယာဒ ဖြစ်ပုံကိုလည်း ရေးသား ဖော်ပြပါ။

(၃) ယောဓာဇီဝ ဝဂ် တတိယအနာဂတဘယသုတ် လာ သာသနာတော်၌ ဖြစ်ပေါ်လတံ့သော ဘေးငါးပါး သရုပ်ကို သိသာရုံမျှ အကျဉ်းချုပ် ထုတ်ပြပြီးလျှင်/အဘိ-ဓမ္မကထံ ဝေဒလ္လကထံ ကထေန္တာ ကဏှဓမ္မံ ဩက္ကမမာနာ န ဗုဇ္ဈိဿန္တိ ၌ အဘိဓမ္မကထာ ဝေဒလ္လကထာ အရ တို့ကို လည်းကောင်း ကဏှဓမ္မသို့ သက်ဝင်ပုံကိုလည်းကောင်း ပြည့်စုံစွာ ဖော်ပြပါ။

(၄) ကကုဓဝဂ် ဗျာကရဏသုတ် လာ ပဋိမာနိ ဘိက္ခဝေ အညာဗျာကရဏာနိ - ၌ အဘယ်တရားများသည် အဘယ်ကြောင့် အညာမည်ကြသည် ဤသုတ်အရာ၌ အဘယ် တရားများကို အညာဟု ယူရမည်တို့ကို ရှင်းလင်း ဖော်ပြပြီးလျှင်/အညံ ဗျာကရောတိ အရ ပြောကြားပုံကိုလည်း ရေးသားခဲ့ပါ။

(၅) တိကဏ္ဍကီဝဂ် အဝဇာနာတိ သုတ်လာ 'ဧဝံ ခေါ ဘိက္ခဝေ ပုဂ္ဂလော လော-လော ဟောတိ' အရ အဘယ်သို့သော ပုဂ္ဂိုလ်သည် လျှပ်ပေါ် လော်လည်သော ပုဂ္ဂိုလ် မည်ပါသနည်း၊ ဥပမာစကားဖြင့် ထင်ရှားစွာ ဖော်ပြ ပြီးလျှင် / ကဏှသုက္က သပ္ပဋိဘာဂေ ဓမ္မေ န ဇာနာတိ ၌ သဘာဂ မဟုတ်ကုန်သော ကဏှတရား သုက္ကတရားတို့၏ သပ္ပဋိ-ဘာဂ ဖြစ်ပုံကိုလည်း ဖော်ပြခဲ့ပါ။

(၆) တိကဏ္ဍကီဝဂ် အသပ္ပုရိသဒါနသုတ် လာ အာဂမနဒိဋ္ဌိကော ဟောတိ ဟူသော စကားရပ်နှင့် သပ္ပုရိသဒါန သုတ်လာ သဒ္ဓါယ ဒါနံ ဒေတိ ဟူသော စကားရပ် တို့၏ အဓိပ္ပာယ် ထူးသည် မထူးသည်ကို စိစစ် ဖော်ပြပြီးလျှင် / ကာလဒါန အလှူကြောင့် ရရှိအပ်သော ထူးကဲသော အကျိုးကိုသာ အဓိပ္ပာယ်အားဖြင့် ရေးသားဖော်ပြခဲ့ပါ။

(၇) **အာဃာတဝဂ် ဒုတိယ အာဃာတ ပဋိဝိနယ သုတ်လာ ပဋ္ဌမေ အာဝုသော အာဃာတ ပဋိဝိနယာ**-၌ အဘယ်အရာများကို အဘယ့်ကြောင့် အာဃာတ ပဋိဝိနယ ဟု ခေါ်ဆိုအပ်ပါသနည်း၊ အကျိုးသရုပ်နှင့် အကြောင်းများကို စုံလင်စွာ ဖော်ပြပြီးလျှင်/သေယျထာပိ အာဝုသော ပရိတ္တံ ဂေါပဒေ ဥဒကံ အရ ဂေါပဒနှင့် တူသော အရာ ပရိတ္တဥဒကနှင့် တူသော အရာ တို့ကိုလည်း ဖော်ထုတ်ပြခဲ့ပါ။

(၈) အာဃာတဝဂ် နိရောဓ သုတ်၌ အရှင်ဥဒါယီ မထေရ်နှင့် အရှင်သာရိပုတြာ မထေရ် နှစ်ပါးတို့သည် အဘယ်စကားရပ်၌ အဘယ်သို့ အယူဝါဒ ကွဲပြား ကြပါ သနည်း၊ ရှင်းလင်း ဖော်ပြပြီးလျှင်/'ယထာ အာယသ္မတော ယေ ဝေတ္တ ဥပဝါနံ ပဋိဘာ-သေယျ၊ ဣဒါနေဝ အမှာကံ သာရစ္ဆံ ဩက္ကန္တံ' ကို အဋ္ဌကထာ အလိုကျ အနက် ယော-ဇနာ ခဲ့ပါ။

(၉) ဆက္ကနိပါတ် သာရဏီယဝဂ် ဒုတိယ မရဏာသတိ သုတ်လာ တေန မေ အဿ ကာလံကိရိယာ၊ သော မမဿ အန္တရာယောဖြင့် ပြအပ်သော အဓိပ္ပာယ်ကို ပြည့်စုံစွာ ဖော်ပြပြီးလျှင်/အကုသလာနံ ဓမ္မာနံ ပဟာနာယ အဓိမတ္တော ဆန္ဒော စ ဝါယာမော စ ၌ အဘယ်သို့သော ဆန္ဒ ဝါယမ တို့သည် အဓိမတ္တ မည်ပါသနည်း၊ စေ့စုံစွာ ဖော်ပြခဲ့ပါ။

(၁၀) အနုတ္တရိယဝဂ် မဟာကစ္စာန သုတ်လာ သဗ္ဗသော အာကာသ သမေန စေတသာ ဝိဟရတိ ၌ အဘယ်စိတ်သည် အဘယ့်ကြောင့် အာကာသ သမ မည်ပါ သနည်း၊ တူပုံနှင့် တကွ ဖော်ပြပြီးလျှင်/နိဗ္ဗာနဿ သစ္ဆိကိရိယာယာတိ အပစ္စယ ပရိနိဗ္ဗာ-နဿ ပစ္စက္ခကိရိယတ္ထာယ ဟု အဋ္ဌကထာ ဖွင့်ပြရာ အဘယ်နိဗ္ဗာန်သည် အပစ္စယ ပရိဗ္ဗာန မည်ပါသနည်း၊ ဖော်ပြခဲ့ပါ။

(၁၁) အနိစ္စာနုပဿနာသည် ဝိပဿနာပညာ ဖြစ်ခြင်းကြောင့် သတ္တကနိပါတ် ဝဇ္ဇီသတ္တကဝဂ် သညာသုတ်၌ အနိစ္စပညာ ဘာဝေဿန္တိ ဟု ဟောတော်မူသင့်သည် မဟုတ် ပါလော၊ အဘယ့်ကြောင့် အနိစ္စသညာ ဘာဝေဿန္တိ ဟု ဟောတော်မူပါသနည်း၊ရှင်းပြပြီး လျှင် / နိရောဓသညာ ဘာဝေဿန္တိ အရ နိရောဓသညာ ပွားများပုံကိုလည်း ရေးသားခဲ့ပါ။

(၁၂) မဟာယညဝဂ် သမာဓိပရိက္ခာရ သုတ်လာ သတ္တိမေ ဘိက္ခဝေ သမာဓိ ပရိက္ခာရာ၌ သတ္တသရုပ်ကို ဖော်ထုတ်ပြပြီးလျှင်/အရိယော သမ္မာသမာဓိ သဥပနိသော ဣတိပိ သပရိက္ခာရော ဣတိပိ၌ သမ္မာသမာဓိကို သဥပနိသ သပရိက္ခာရ ဟု ဆိုရခြင်း၏ အကြောင်းကိုလည်း သဒ္ဒတ္ထ အဓိပ္ပာယတ္ထ ထင်ရှားလာအောင် စုံလင်စွာ ဖော်ပြခဲ့ပါ။

၁၀–မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၃) အင်္ဂုတ္တရနိကာယ (တတိယအုပ်) ပါဠိ + အဋ္ဌကထာ မေးခွန်း
## ၁၃၄၁-ခုနှစ်၊ တပို့တွဲလဆန်း ၁၃-ရက်။ (၂၉-၁-၈၀)

---

(၁) အဋ္ဌကနိပါတ် မဟာဝဂ် သီဟသုတ်၌ ဓမ္မစက္ကုန္တိ ဣဓ သောတာပတ္တိ မဂ္ဂေါ အဓိပ္ပေတော၊ တဿ ဥပ္ပတ္တိ အာကာရဒဿနတ္ထံ ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓဓမ္မန္တိ အာဟ ဟု အဋ္ဌကထာ ဖွင့်ပြရာ သောတာပတ္တိမဂ် ဖြစ်ပုံကို ရေးသား ဖော်ပြပြီးလျှင် / နိဂဏ္ဌတို့ ပြောဆို ကြွေးကြော်အပ်သော ပဋိစ္စကမ္မံ၏ အဓိပ္ပာယ်ကိုလည်း အဋ္ဌကထာ အလိုကျ ဖော်ပြခဲ့ပါ။

(၂) မဟာဝဂ် ပဟာရာဒသုတ်၌ အဋ္ဌပဟာရာဒ ဣမသ္မိံ ဓမ္မဝိနယေ အစ္ဆရိယာ အဗ္ဘုတာ ဓမ္မာ-ဟု ဟောတော်မူခြင်းကြောင့် ဤ မြတ်စွာဘုရား၏ သာသနာတော်၌ အစ္ဆရိယ အဗ္ဘုတ ဓမ္မ ရှစ်ပါးသာ ရှိ၏ ဟု မှုချအားဖြင့် မှတ်သင့်-မသင့် အကြောင်း ယုတ္တိပြ၍ ဆုံးဖြတ်ပြီးလျှင်/ န တေန နိဗ္ဗာန ဓာတုယာ ဦနတ္တံ ဝါ ပူရတ္တံ ဝါ ၌ နိဗ္ဗာန ဓာတ်၏ ဦနတ္တ ပူရတ္တ မဖြစ်ပုံကိုလည်း အကြောင်းနှင့် တကွ ဖော်ပြခဲ့ပါ။

(၃) ဘူမိစာလဝဂ် ဘူမိစာလသုတ်-လာ သတော သမ္ပဇာနော အာယုသင်္ခါရံ ဩဿဇိ-၌ အဘယ်ကို အဘယ့်ကြောင့် အာယုသင်္ခါရ ဟု ခေါ်သည်-အဘယ်သို့ စွန့်လွှတ်သည်တို့ကို ရှင်းလင်း ဖော်ပြပြီးလျှင်/ အာယုသင်္ခါရ စွန့်လွှတ်ပြီးသော အခါ၌ ဥဒါန်း ကျူးရင့်တော် မူခြင်း၏ အကြောင်းကိုလည်း ရေးသား ဖော်ပြပါ။

(၄) မြတ်စွာဘုရား သခင်၏ ဉာဏ်တော်အား မထင်သော ဓမ္မဒေသနာ မည်သည် မရှိသည် မဟုတ်ပါလော၊ အဘယ့်ကြောင့် နဝကနိပါတ် သီဟနာဒဝဂ် သဉပါဒိသေသ သုတ်၌ န တာဝါယံ သာရိပုတ္တ ဓမ္မပရိယာယော ပဋိဘာသိ ဟု ဟောတော် မူပါသနည်း၊ ရှင်းပြပြီးလျှင်/ နဝယိမေ သာရိပုတ္တ သဉပါဒိသေသာ ကာလံ ကုရုမာနာ ပရိမုတ္တာ နိရယာ-၌ နဝ သချပ်ကိုလည်း ဖော်ထုတ်ပြပါ။

(၅) နဝကနိပါတ် သီဟနာဒဝဂ် သမိဒ္ဓိသုတ်-၌ တေ ပန ကွနာ နတ္တံ ဂစ္ဆန္တိ ဟု အရှင်သာရိပုတြာ မေးရာ၌ အရှင်သမိဒ္ဓိသည် အဘယ် အဓိပ္ပာယ်ကို ရည်ရွယ်၍ ဓာတုသု ဘန္တေ ဟု ဖြေဆိုပါသနည်း၊ ရှင်းပြပြီးလျှင်/ တေန စ မာမညိ ဟု အရှင်သာရိပုတြာ သည် ဆုံးမအပ်သော ဩဝါဒစကား၏ အဓိပ္ပာယ်ကိုလည်း ရေးသား ဖော်ပြပါ။

(၆) သီဟနာဒဝဂ် ဝေလာမသုတ်-လာ ဇဝံ ဟောတံ ဂဟပတိ ဟောတိ သက္ကစ္စံ ကတာနံ ကမ္မာနံ ဝိပါကော အရ အဘယ်သို့ ပြုအပ်သော ကမ်သည် သက္ကစ္စ ကာကကမ္မ မည်ပါသနည်း၊ ရှင်းပြပြီးလျှင် / သတ္တာဝါသဝဂ် အာဃာတ ပဋိဝိနယ သုတ်-လာ

'တံ ကုတေတ္တ လဗ္ဘာတိ အာဃာတံ ပဋိဝိနေတိ' ဟူသော အမျက်ဖြေနည်း၏အဓိပ္ပာယ်ကိုလည်း ရေးသား ဖော်ပြပါ။

(၇) နဝကနိပါတ် မဟာဝဂ် အနုပုဗ္ဗ ဝိဟာရ သမာပတ္တိ သုတ် - လာ တွေ ဥပေက္ခာ သုခံ နိရုဇ္ဈတိ - ၌ အဘယ်သုခသည် ဥပေက္ခာ သုခ မည်သည်- အဘယ့်ကြောင့် ဥပေက္ခာ မည်သည်တို့ကို ရှင်းပြပြီးလျှင် / နိဗ္ဗာန သုခ သုတ်လာ တေဒေဝ ခွတ္ထ အာဝုသော သုခံ၊ ယဒေတ္ထ နတ္ထိ ဝေဒယိတံ - ၌ ခံစားမှု မရှိသော သုခ ဟူသည် အဘယ်သုခဖြစ်သည်- အဘယ့်ကြောင့် ခံစားမှု မရှိသည်တို့ကိုလည်း ယုတ္တိသာဓက စုံအောင် ပြ၍ ဖြေဆိုခဲ့ပါ။

(၈) မဟာဝဂ် တပုဿသုတ် - လာ တယိဒံ ဘန္တေ ဂ္ဂမဿိ' ဓမ္မဝိနယေ ဘိက္ခူနံ ဗဟုနာ ဇနေန ဝိသဘာဂေါ ယဒိဒံ နေက္ခမ္မံ - ၌ အဘယ်အရာကို အဘယ့်ကြောင့် နေက္ခမ ဟု ခေါ်ဆိုအပ်သည်- ရဟန်းနှင့် လူတို့သည် အဘယ်သို့ ဝိသဘာဂ ဖြစ်ကြသည် တို့ကို ရှင်းပြပြီးလျှင်/ ယေန မေ သညာ ဝေဒယိတ နိရောဓေစိတ္တံ န ပက္ခန္ဒတိ- ၌ ယေန အရ ဖြစ်သင့်သော အကြောင်းများကိုလည်း စုံလင်စွာ ဖော်ပြခဲ့ပါ။

(၉) ဒသက နိပါတ် နာထဝဂ် ဒုတိယ အရိယာဝါသ သုတ် - လာ ဓံ ခေါ ဘိက္ခဝေ ဘိက္ခု ဆင္ဂင်္ဂသမန္နာဂတော ဟောတိ - ၌ ဆင္ဂင်္ဂသရုပ်ကို အဓိပ္ပာယ်အားဖြင့် ထုတ်ပြပြီးလျှင် / ဤ အင်္ဂါ ခြောက်ပါးနှင့် ပြည့်စုံနေသော ရဟန်းအား သောမနဿ စိတ် ဖြစ်-မဖြစ် ဥပေက္ခကော ဝိဟရတိ ပါဠိနှင့် ညှိ၍ စိစစ် ဆုံးဖြတ်ပါ။

(၁၀) မဟာဝဂ် သီဟနာဒ သုတ် - လာ သဗ္ဗတ္ထဂါမိနိ ပဋိပဒံ ယထာဘူတံ ပဇာနာတိ - ၌ အဘယ်တရားကို သဗ္ဗတ္ထဂါမိနိ ပဋိပဒါ ဟု ဟောတော်မူပါသနည်း၊ ရှင်းပြပြီးလျှင်/ယထာဘူတပဇာနန ဖြစ်ပုံကိုလည်း သိရာအချိန်ကာလနှင့် တကွ ဖော်ပြပါ။

(၁၁) အာကင်္ခဝဂ် မိဂသာလာသုတ် - လာ ယတ္ထဿ တံ ဒုဿီလျံ အပရိသေသံ နိရုဇ္ဈတိ အရ ဒုဿီလျ အကြွင်းမဲ့ ချုပ်ရာဌာနကို ဖော်ပြပြီးလျှင် / အာဃာတ ဝတ္ထု သုတ် - လာ အဌာနေစ ကုပ္ပတိ အရ အဘယ်အာဃာတမျိုးသည် အဘယ့်ကြောင့် အဌာ - ကောပ မည်ပါသနည်း၊ အန္ဝယ ဗျတိရေက အားဖြင့် ရှင်းပြခဲ့ပါ။

(၁၂) ကောဒသကနိပါတ် အနုဿတိဝဂ် အဋ္ဌက နာဂရ သုတ် - ၌ ယံ ခေါ ပန ကိဉ္စိ အဘိသင်္ခတံ ဟု ဟောပါလျှင် အကြောင်းတရားတို့သည် ပြုပြင်အပ် ဖြစ်စေအပ်သော တရား ဟု အဓိပ္ပာယ် ထင်ရှားပြီးလျက် အတိသင်္ခတယိတံ ဟု ထပ်ဆင့် ဟောရခြင်း၏ အကြောင်းကိုလည်းကောင်း သော တတ္ထ ဠိတော အာသဝါနံ ခယံ ပါပုဏာတိ အရ အဘယ်တရား၌ အဘယ်သို့ တည်ပါလျှင် အာသဝ ကုန်ခန်းခြင်းသို့ ရောက်သည်ကို လည်းကောင်း ရှင်းပြပြီးလျှင်/ ကောဒသ အမတ ဒွါရာနိ အလတ္ထံ သောဝနာယ အရ နိဗ္ဗာန်သို့ ဝင်ရာ တံခါး တဆယ့်တပါးကိုလည်း ရေတွက်ပြခဲ့ပါ။ ၁၀—မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၁) သံယုတ္တနိကာယ (ပဌမအုပ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၁-ခုနှစ်၊ တပို့တွဲလဆန်း -၉ ရက်။ (၂၅-၁-၈၀)

---

(၁) ဒေဝတာသံယုတ် အပ္ပဋိဝိဒိတ သုတ်-လာ တေ သမ္ဗုဒ္ဓါ သမ္မဒညာ ၌ ဗုဒ္ဓ အမည်ရသော ပုဂ္ဂိုလ်တို့ကို ဗုဒ္ဓအမည်ရခြင်း အကြောင်းနှင့် တကွ ညွှန်ပြပြီးလျှင်/ သမေစ္စုဓေယျဿ တရေယျ ပါရံ ၌ မစ္စုဓေယျနှင့် တရဏတို့၏ အဓိပ္ပာယ်ကိုလည်း အဋ္ဌကထာ ဋီကာ အာဘော်ကျ ညွှန်ပြခဲ့ပါ။

(၂) ဒေဝတာ သံယုတ် သမိဒ္ဓိ သုတ်လာ 'ပဟာသိ သင်္ခံ န ဝိမာနံ မဇ္ဈဂါ' ၌ ဝိမာန မည်သော တရားကို အကြောင်းနှင့် တကွ အဋ္ဌကထာ ဒုတိယနည်းအလို ဋီကာအလို ညွှန်ပြပြီးလျှင်/ သဗ္ဗ နိဝေသနေသု ၌ နိဝေသန သရုပ်တို့ကိုလည်း ဖော်ထုတ်ခဲ့ပါ။

(၃) မစ္ဆရိ သုတ်လာ 'တေ မတေသု နမိယန္တိ' ၏ အဓိပ္ပာယ်ကို ရှင်းပြပြီးလျှင်/ သမယ သုတ်လာ 'ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ န တေ ဂမိဿန္တိ အပါယဘူမိံ'' ၌ ယူရမည့် သရဏဂုံကိုလည်း အဋ္ဌကထာ ဋီကာ အလိုကျ ရေးသားခဲ့ပါ။

(၄) ဝုဋ္ဌိ သုတ်လာ 'ဝိဇ္ဇာ ဥပ္ပတတံ သေဋ္ဌာ အဝိဇ္ဇာ နိပတတံ ဝရာ သံဃော ပဝဇမာနာနံ ဗုဒ္ဓေါ ပဝဒတံ ဝရော' ဟူသော ဂါထာ၏ အဓိပ္ပာယ်ကို အကြောင်းနှင့် တကွ ရှင်းပြပြီးလျှင်/ ဘီတသုတ် အရ အဘယ်အင်္ဂါတို့၌ တည်သော သူသည် တမလွန် လောကကို မကြောက်ပါသနည်း၊ အပရော ဒုကနည်းအားဖြင့် ညွှန်ပြခဲ့ပါ။

(၅) ကောသလ သံယုတ် ဒေါဏပါက သုတ်လာ ဘုရားရှင်၏ ဆုံးမမှုကို လိုက်နာခြင်းဖြင့် ကောသလမင်းကြီး ရရှိသော အကျိုးနှစ်ပါးတို့ကို ညွှန်ပြပြီးလျှင်/ ကလျာဏမိတ္တ သုတ်လာ 'ဣဓာနန္ဒ ဘိက္ခု သမ္မာဒိဋ္ဌိံ ဘာဝေတိ (ပ) ဝေါဿဂ္ဂပရိဏာမိံ'' ၌ သမ္မာဒိဋ္ဌိ မဂ္ဂင်၏ ကိလေသာကို စွန့်ပုံ · နိဗ္ဗာန်သို့ ပြေးဝင်ပုံကိုလည်း ညွှန်ပြခဲ့ပါ။

(၆) မာရသံယုတ် မာရဓီတုသုတ်· အရတိနတ်သမီး၏ မေးခွန်းအဖြေလာ ပဿဒ္ဓကာယော သုဝိမုတ္တစိတ္တော ၌ အဘယ်ကာယသည် အဘယ်တရားဖြင့် ငြိမ်းသောကြောင့် ပဿဒ္ဓကာယဖြစ်သည်·အဘယ်ပဿဒ္ဓိကို ယူရသည်ကို ညွှန်ပြပြီးလျှင်/

ပဋ္ဌောဿတိကွော အတရိ၈ ဆင့်၌ ပဋ္ဌောဿသဒ္ဒါ ဆင္ဒသဒ္ဒါ တို့ဖြင့် ယူရမည့် တရားတို့ကိုလည်း ညွှန်ပြခဲ့ပါ။

(၇) ဗြဟ္မသံယုတ် ဗကဗြဟ္မသုတ်လာ ဗကဗြဟ္မာ၏ ဘဝဖြစ်စဉ်နှင့် သဿတဒိဋ္ဌိ ဖြစ်ပုံကို ညွှန်ပြပြီးလျှင် / သဿတဝါဒီဖြစ်သော ဗကဗြဟ္မာ၏ ပယ်သော တရားနှင့် သဿတဒိဋ္ဌိ ဖြစ်ရာ ကာသတို့ကိုလည်း ညွှန်ပြခဲ့ပါ။

(၈) အရုဏဝတီ သုတ်လာ 'ပဟောမိ ခွာဟံ အာဝုသော ဗြဟ္မလောကေ ဌိတော သဟဿိလောကဓာတုံ သရေန ဝိညာပေတုံ' ၌ အဘယ်မျှလောက်သော သော ကဓာတ်ကို အသံဖြင့် သိစေပါသနည်း၊ သိစေပုံကို ညွှန်ပြပြီးလျှင်/၎င်းသုတ်လာ ပဟာယ ဇာတိသံသာရံ ဒုက္ခဿန္တံ ကရိဿတိ ၌ ဇာတိ သံသရာ၏ အဓိပ္ပာယ် ကိုလည်း အစိတ် အစိတ် အစိတ် အပေါင်းအားဖြင့် ညွှန်ပြခဲ့ပါ။

(၉) ဗြဟ္မဏ သံယုတ် ကသိဘာရဒွါဇသုတ်လာ 'ကာယဂုတ္တော ဝစီဂုတ္တော အာ· ဟာရေ ဥဒရေ ယတော' ဖြင့် ပြအပ်သော သီလတို့ကို အကြောင်းနှင့် တကွ အသီးသီး ညွှန်ပြပြီးလျှင်/ 'သောရစ္စံ မေ ပမောစနံ' ၌ သောရစ္စ အရ ယူရ မည့် တရား · မယူရမည့် တရားတို့ကိုလည်း အကြောင်းနှင့် တကွ ပြည့်စုံစွာ ညွှန်ပြခဲ့ပါ။

(၁၀) ဝင်္ဂီသသံယုတ် ပဝါရဏာသုတ်လာ 'ဟန္ဒ ဒါနိ ဘိက္ခဝေ ပဝါရေမိ န စ မေ ကိဉ္စိ ဂရဟထ ကာယိကံ ဝါ ဝါစသိကံ ဝါ တိ' ၌ ပဝါရဏာသဒ္ဒါ၏ ဝစနတ္ထ အဓိပ္ပာယတ္ထ ဘေဒတို့ကို ညွှန်ပြပြီးလျှင်/ ကာယဒွါရ ဝစီဒွါရ ဖြင့် သာ ဖိတ်၍ မနောဒွါရဖြင့် မဖိတ်ရခြင်း အကြောင်းကိုလည်း အန္ဒယ ဗျတိရေ ကအားဖြင့် ပြည့်စုံစွာ ညွှန်ပြခဲ့ပါ။

(၁၁) ယက္ခသံယုတ် ပဌမ သုက္ကာသုတ်လာ တဉ္စ ပန အပ္ပဋိဝါနီယံ ၌ တရားတော် ၏ အပ္ပဋိဝါနီယ ဖြစ်ပုံကို ဥပမာသွင်း၍ ရှင်းပြပြီးလျှင် / အာဠဝက သုတ် လာ 'အသ္မာ လောကာ ပရံ လောကံ ကထံ ပေစ္စ န သောစတိ' ဟူသော ပဉ္စမ မေးခွန်းအရ လူတို့အတွက် ဖြေဆိုပုံကိုလည်း အဓိပ္ပာယ် ရှင်းလင်းချက် နှင့် တကွ ညွှန်ပြခဲ့ပါ။

(၁၂) သက္ကသံယုတ် ဝတပဒသုတ်လာ ဒါန သံဝိဘာဂရတော၌ ဒါနနှင့် သံဝိဘာဂ တို့၏ ထူးခြားဟန်ကို ညွှန်ပြပြီးလျှင် / သံဃဝန္ဒနာသုတ်လာ တုဏှီ ဘူတာ သမဉ္ဇရာ အရ တစုံတခုမျှ မပြောဆိုသည်ကိုပင် ယူရမည်လော · အကြောင်း နှင့် တကွ ရှင်းပြခဲ့ပါ။

၁၀ — မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၂) သံယုတ္တနိကာယ (ဒုတိယအုပ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၁-ခုနှစ်၊ တပို့တွဲလဆန်း ၁၁-ရက်။ (၂၇-၁-၈၀)

---

(၁) နိဒါနသံယုတ် သမဏဗြာဟ္မဏသုတ် 'ဇရာမရဏံ နပ္ပဇာနန္တိ ဇရာမရဏသမုဒယံ နပ္ပဇာနန္တိ ဇရာမရဏနိရောဓံ နပ္ပဇာနန္တိ ဇရာမရဏနိရောဓဂါမိနိံ ပဋိပဒံ နပ္ပဇာနန္တိ'-၌ ပါဌသေသ ထည့်စွက်၍ သစ္စာလေးပါးနှင့် တွဲယှဉ်ကာ အနက် ယောဇနာပြီးလျှင် / ကစ္စာနဂေါတ္တသုတ်-လာ ဒွယာဝတာ ခေါ် ကစ္စာန သမ္မာဒိဋ္ဌိ ဟောတိ၌ သမ္မာဒိဋ္ဌိ အမည်ရခြင်း အကြောင်းနှင့် တကွ ယူရမည့် သမ္မာဒိဋ္ဌိကိုလည်း ညွှန်ပြခဲ့ပါ။

(၂) အညတိတ္ထိယ သုတ်-လာ သမဏ ဗြာဟ္မဏတို့ ယူဆသော ဝါဒ လေးမျိုးတို့၏ အမည်ကို ဋီကာ အလိုကျ ညွှန်ပြပြီးလျှင် / ဘူမိဇ သုတ် အရ ထို ဝါဒလေးမျိုးတို့၏ ဖြစ်ကြောင်း တရားအထူး တို့ကိုလည်း ညွှန်ပြခဲ့ပါ။

(၃) ဒုတိယ ဉာဏဝတ္ထု သုတ်-လာ ဓမ္မဋ္ဌိတိ ဉာဏ်၏ သဘောနှင့် အဓိပ္ပာယ်တို့ကို အဋ္ဌကထာ၊ ဋီကာ အလို အစိတ် အစိတ် အစိတ် အပေါင်းအားဖြင့် ညွှန်ပြပြီးလျှင် / ၎င်းသုတ်၌ အဘယ် ဝိပဿနာတို့ကို ဟောသည်ကိုလည်း ရှင်းလင်း၍ ဖြေဆိုခဲ့ပါ။

(၄) ပရိဝီမံသန သုတ်-၌ ယံ ခေါ် ဣဒံ အနေကဝိဓံ နာနပ္ပကာရကံ ဒုက္ခံ ဟူ၍ အစချီကာ ဖော်ပြထားပါလျက် ဒုက္ခအရ ဇရာမရဏ တခုကိုသာ ယူ၍ ဟောရခြင်း အကြောင်းကို ဥပမာသွင်း၍ ရှင်းပြပြီးလျှင် / ကာယပရိယန္တိက ဝေဒနာ - ဇီဝိတပရိယန္တိက ဝေဒနာတို့ ဟူသည် အဘယ်ဝေဒနာတို့ပါနည်း၊ ထိုဝေဒနာတို့၏ ထူးခြားဟန်ကိုလည်း ရေးသားခဲ့ပါ။

(၅) အဿုတဝါသုတ် အဿုတဝါ ဘိက္ခဝေ ပုထုဇ္ဇနော-၌ အဿုတဝါ အဓိပ္ပာယ် ပုထုဇ္ဇန အဓိပ္ပာယ်နှင့် ယူရမည့် ပုထုဇဉ်တို့ကို အကြောင်းနှင့် တကွ အဋ္ဌကထာ (ဒုတိယ) နည်းအလို ညွှန်ပြပြီးလျှင် / ပဌမ အရွယ်၌ ဖြစ်သော ရုပ်သည် ဒုတိယ အရွယ်သို့ မရောက်ပါဘဲလျက် 'ဒိဿတာယံ ဘိက္ခဝေ စတုမဟာဘူတိကော ကာယော (ပ) ဘိယျောပိ တိဋ္ဌမာနော' ဟူ၍ ဘုရားရှင် ဟောရခြင်း အကြောင်းကိုလည်း ဥပမာသွင်း၍ ရှင်းပြခဲ့ပါ။

(၆) အန္တရပေယျာလ သတ္ထုသုတ်-လာ ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော-၌ အဋ္ဌကထာ ဋီကာနှင့် အညီ ရွေးချယ်၍ ယူရမည့် ဆရာကို သက်ဆိုင်ရာ ဝစနတ္ထနှင့် တကွ ညွှန်ပြပြီးလျှင် / ဓာတုသံယုတ် ဝေဒနာ နာနတ္တ သုတ်-လာ စက္ခု

သမ္မသဇာ ဝေဒနာ၌ စက္ခုဒွါရ၌ ဖြစ်သော ဝေဒနာတို့တွင် အဘယ်ဝေဒနာကို ယူရမည်ကိုလည်း ရှင်းလင်း၍ ညွှန်ပြခဲ့ပါ။

(၇) သြပမ္မသံယုတ် သတ္တိသုတ်-လာ ပဋိလေခဏတိ ပဋိကောဋ္ဋတိ ပဋိဝဋ္ဋေတိတို့၏ အဓိပ္ပာယ်ကို ရှင်းပြပြီးလျှင် / ဘိက္ခုသံယုတ် မဟာကပ္ပိန္န သုတ်-လာ သဗ္ဗမင်္ဂလာဂါထာကိုလည်း ရေးသားခဲ့ပါ။

(၈) ခန္ဓသံယုတ် ပဋိပဒါသုတ်-လာ ဒိဋ္ဌိ သမနုပဿနာ အဓိပ္ပာယ် နှင့် ဒိဋ္ဌိသမနုပဿနာပြ ပါဌ်တို့ကို ညွှန်ပြပြီးလျှင်/ ၎င်း သုတ်-လာ ဒုက္ခနိရောဓ ဂါမိနီသမနုပဿနာ၌ သမနုပဿနာ မည်သော တရားတို့ကိုလည်း အကြောင်းနှင့် တကွ ညွှန်ပြခဲ့ပါ။

(၉) နိရုတ္တိ ပထသုတ်-လာ အဟောဘုက စ သော ဝါဒသုံးမျိုးတို့၏ အဓိပ္ပာယ်နှင့် တကွ ဤဘဒ္ဒကမ္ဘာ၌ ထိုဒိဋ္ဌိသုံးမျိုးတို့ကို ပဌမဦးဆုံး အဘယ်ဒေသမှ အဘယ်ပုဂ္ဂိုလ်တို့သည် ယူကြပါသနည်း၊ ညွှန်ပြပြီးလျှင် / သီဟသုတ် 'တေပိ တထာဂတဿ ဓမ္မဒေသနံ သုတွာ ယေဘုယျေန ဘယံ သံဝေဂံ သန္တာသံ အာပဇ္ဇန္တိ' ၌ အာပဇ္ဇနာကာရနှင့် တကွ အဘယ်ပုဂ္ဂိုလ်တို့အား အဘယ်ဘေးဖြစ်သည်-မဖြစ်သည်ကိုလည်း ညွှန်ပြခဲ့ပါ။

(၁၀) ဂဒ္ဒုလဗဒ္ဓ သုတ်-လာ ဥပမာန ဥပမေယျတို့ကို အသီးသီး ယှဉ်တွဲ၍ ပြပြီးလျှင်/ (အနိစ္စသညာသုတ်) ငါ ဟူသော မာန အားလုံးကို ပယ်နိုင်ဘို့ရန် (ဂေါပါနသီ) ဥပမာသွင်းကာ သာမည ဝိတ္ထာရအားဖြင့် အနိစ္စသညာ ပွားများပုံကိုလည်း ညွှန်ပြခဲ့ပါ။

(၁၁) ဒိဋ္ဌိသံယုတ် ဒုတိယ ဂမနာဒိ ဝဂ်-လာ 'ကေနဋ္ဌ သုခီ အတ္တာ ဟောန္တိ အရောဂေါ ပရံ မရဏာတိ' ဟူသော ဒိဋ္ဌိသည် အဘယ်ပုဂ္ဂိုလ်တို့အား ဖြစ်သော ဒိဋ္ဌိပါနည်း၊ ဖြစ်ပုံနှင့် တကွ ညွှန်ပြပြီးလျှင်/ ၎င်း ဒိဋ္ဌိသံယုတ်၌ ဒုတိယ တတိယ စတုတ္ထ ဂမန ဝဂ်တို့သည် (၂၆) သုတ်စီ ရှိပါလျက် ထပ်မံ၍ ဟောရခြင်းကိုလည်း ရှင်းပြခဲ့ပါ။

(၁၂) သာရိပုတ္တသံယုတ် သုစိမုခီသုတ်-လာ ဝိဒိသာ မုခေါ ဘုဉ္ဇန္တိ၏ အဓိပ္ပာယ်ကို ပါဠိတော်အလို အဋ္ဌကထာအလို ညွှန်ပြပြီးလျှင်/ ဈာန သံယုတ်-လာ န သမာဓိသ္မိံ ဌိတိ ကုသလော-၌ ဈာန်ကို အဘယ်ကာလမျှလောက် ထားခြင်းငှာ မစွမ်းနိုင်သည်ကိုလည်း အကြောင်းနှင့် တကွ ညွှန်ပြခဲ့ပါ။

၁၀-မှတ်စီ။

## ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### ( ၃ ) သံယုတ္တနိကာယ ( တတိယအုပ် ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၁ - ခုနှစ်၊ တပို့တွဲလဆန်း ၁၃ - ရက်၊ ( ၂၉ - ၁ - ၈၀ )

---

( ၁ ) အဇ္ဈတ္တာနိစ္စသုတ်– ‘စက္ခုံ ဘိက္ခဝေ အနိစ္စံ’ ၌ ဧကာ္ဘာဗေဒလာ သမ္ဘာရစက္ခု၏ သမ္ဘာရရုပ်တို့ကို သင်္ခေပ ဝိတ္ထာရ အားဖြင့် ခွဲခြား၍ ပြပြီးလျှင် / အနိစ္စ မည်ရခြင်း အကြောင်းတို့ကိုလည်း ရေးသားခဲ့ပါ။

( ၂ ) ဒုတိယ အဝိဇ္ဇာ ပဟာနသုတ်–သဗ္ဗေ ဓမ္မာ နာလံ အဘိနိဝေသာယ ၌ အဘိနိဝေသ အဘိနိဝေသပုဂ္ဂလဘေဒ တို့ကို အဋ္ဌကထာ ဋီကာ အလိုကျ အဓိပ္ပာယ်နှင့် တကွ ညွှန်ပြပြီးလျှင်/အလုံးစုံသော သင်္ခါရ နိမိတ်တို့ကို မြင်ပုံကိုလည်း ပုဂ္ဂိုလ်အား လျော်စွာ ညွှန်ပြခဲ့ပါ။

( ၃ ) ဆန္နသုတ်– ‘တသ္မာတိဟ အာဝုသော ဆန္န ဣဒမ္ပိ တဿ ဘဂဝတော သာသနံ နိစ္စကပ္ပံ သာဓုကံ မနသိ ကာတဗ္ဗံ’ ၌ အရှင်စုန္ဒ၏ အရှင်ဆန္နအား တိုက်တွန်းရခြင်း အကြောင်းကို ပြည့်စုံစွာ ညွှန်ပြပြီးလျှင် / ကာမဂုဏသုတ်လာ ‘တတြ မေ အတ္တရူပေန အပ္ပမာဒေါ သတိ စေတသော အာရက္ခော ကရဏီယော’ ၌ အပ္ပမာဒ နှင့် သတိတို့၏ ထူးခြားဟန်ကိုလည်း အဋ္ဌကထာ ဋီကာ အလိုကျ ညွှန်ပြခဲ့ပါ။

( ၄ ) ဘာရဒွါဇ သုတ်လာ ပျိုမျစ်နုနယ် ရဟန်းငယ်များ၏ အသက်ထက်ဆုံး စင်ကြယ်စွာ အကျင့်မြတ်ကို ကျင့်နိုင်ခြင်း၏ အကြောင်း အထောက်အပံ့တို့ကို ညွှန်ပြပြီးလျှင် / ဂှင်းသုတ်လာ ( က ) ဣမမေဝ ကာယံ ( ခ ) ဘာဝိတ ကာယော ( ဂ ) ရက္ခိတေနေဝ ကာယေန လာ ကာယ သုံးပါးတို့၏ ထူးခြားဟန်ကိုလည်း အဋ္ဌကထာ ဋီကာ အလိုကျ ညွှန်ပြခဲ့ပါ။

( ၅ ) ပဌမ ဒါရုက္ခန္ဓောပမ သုတ်လာ ‘အာဝဋ္ဋဂ္ဂါ ဟောတိ ခေါ ဘိက္ခု ပဉ္စန္နေတံ ကာမဂုဏာနံ အဓိဝစနံ’ ၌ ဝဲ နှင့် ကာမဂုဏ် တူပုံ အဓိပ္ပာယ်ကို ညွှန်ပြပြီးလျှင် / ဝီဏောပမ သုတ်လာ တတော စိတ္တံ နိဝါရယေ အရ အဘယ်စိတ်ဖြစ်ခဲ့သော် အဘယ်ပုံ တားမြစ်ရသည်ကိုလည်း စုံလင်စွာ ပြခဲ့ပါ။

( ၆ ) ဝေဒနာသံယုတ် နိရာမိသသုတ်လာ သာမိသာ အရ ဆွမ်းစသော အာမိသတို့ဘှင် အဘယ်အာမိသ အဘယ်ပုံရှိသည်ကို သာမိသ ဟူ၍ ခေါ်ပါသနည်း၊ ရှင်းပြပြီးလျှင် / ပဌမစျာန်, ဒုတိယစျာန်၌ ရှိသော ပီတိသည် မဟဂ္ဂတ လောကုတ္တရာ ဖြစ်၍

နိယာမိသ သာ ဖြစ်ပါလျက် လောကီသာ ဖြစ်သော ပေစ္စဝေက္ခဏာ ပီတိ၏ နိယာမိသတရ ဖြစ်ရခြင်း အကြောင်းကိုလည်း ဥပမာသွင်း၍ ရှင်းပြခဲ့ပါ။

( ၇ ) ဂါမဏိသံယုတ် ရာသိယ သုတ်လာ 'ဣဓ ပန ဂါမဏိ ဧကစ္စော တပဿီ လူခဇီဝိ သဒ္ဓါ အဂါရသ္မာ ( ပ ) အလမရိယဉာဏဒဿန ဝိသေသံ သစ္ဆိကရောတိ' ၌ မိမိကိုယ်ကို ပူပန်စေပါလျက် အဘယ်သို့လျှင် မျက်မှောက်ပြုနိုင်ပါသနည်း၊ အဋ္ဌကထာ ဋီကာ အလို ညွှန်ပြပြီးလျှင် / ပါဠိလိယသုတ်လာ ဓိတ္တသမာဓိ ဓမ္မသမာဓိတို့၏ သရုပ်ကိုလည်း နည်းစုံအောင် ထုတ်ပြခဲ့ပါ။

( ၈ ) မဂ္ဂသံယုတ် ဇဏုသောဏိသုတ်လာ ဥပေက္ခာ ဓုရသမာဓိ ဟူသောပုဒ်၏ သဒ္ဒတ္ထ အဓိပ္ပါယ် ဘာဝတ္ထ အဓိပ္ပါယ်တို့ကို အကြောင်းနှင့် တကွ ညွှန်ပြပြီးလျှင် / ဒုတိယ ဝိဟာရသုတ်လာ ဆန္ဒ ဝူပသမ ပစ္စယာ ဝေဒယိတံ သညာ ပစ္စယာပိ ဝေဒယိတံ ၌ ဝေဒယိက အရ တရားတို့ကိုလည်း ကောက်ပြခဲ့ပါ။

( ၉ ) ဗောဇ္ဈင်္ဂသံယုတ် မေတ္တာသဟဂတ သုတ်လာ 'သုဘ ပရမာဟံ ဘိက္ခဝေ မေတ္တာစေတော ဝိမုတ္တိံ' ဝဒါမိ ဣဓ ပညဿ ဘိက္ခုနော ဥတ္တရိဝိမုတ္တိံ အပ္ပဋိဝိဇ္ဈတော' ၌ ဣဓပည၏ အဓိပ္ပါယ် နှင့် သရုပ်ကို ညွှန်ပြပြီးလျှင် / ၎င်းပါဠိ၏ ဗျတိရေကဖြင့် သိအပ်သော အနက် အဓိပ္ပါယ်ကိုလည်း အကြောင်းနှင့် တကွ ညွှန်ပြခဲ့ပါ။

( ၁၀ ) သတိပဋ္ဌာနသံယုတ် ပရိဟာနသုတ်လာ 'ကောန္ နော အာဝုသော အာနန္ဒ ဟေတု ကော ပစ္စယော ယေန သဒ္ဓမ္မပရိဟာနံ ဟောတိ' ၌ ပရိဟာနဘေဒနှင့် တကွ သဒ္ဓမ္မပရိဟာန ဖြစ်ပုံကို ဥပမာသွင်း၍ ရှင်းပြပြီးလျှင်/လောကသုတ်လာ ရှင်အနုရုဒ္ဓါ၏ သတတဝိဟာရ အမြဲနေထိုင်ပုံကိုလည်း ပါဠိတော်အလို အဋ္ဌကထာ အလို ညွှန်ပြခဲ့ပါ။

( ၁၁ ) ဣန္ဒြိယသံယုတ် ပဌမ သံခိတ္တသုတ်လာ မဗ္ဗာနုသာရီ ပုဂ္ဂိုလ် သဒ္ဓါနုသာရီ ပုဂ္ဂိုလ်တို့၏ မင်္ဂအားဖြင့် ထူးခြားပုံကို အဋ္ဌကထာ အလိုကျ ညွှန်ပြပြီးလျှင် / ဥဏ္ဏာဘ သုတ်လာ ပဋိသရဏ အပ္ပဋိသရဏ တရားတို့ကိုလည်း တိကျစွာ ကောက်ပြခဲ့ပါ။

( ၁၂ ) သစ္စသံယုတ် ဓမ္မစက္ကပ္ပဝတ္တန သုတ်လာ 'ပဝတ္တိ တေစ ပန ဘဂဝတာ ဓမ္မစက္ကေ ဘုမ္မာ ဒေဝါ' ၌ ဓမ္မစက္က အရ ဝိဂ္ဂြိုဟ်နှင့် တကွ ရသင့်သမျှ တရားတို့ကို အဋ္ဌကထာ ဋီကာ အလို ညွှန်ပြပြီးလျှင် / ကူဋာဂါရ သုတ်လာ တေ အညဿ သမဏဿ ဝါ ဗြာဟ္မဏဿ ဝါ မုခံ ဥလ္လောကေန္တိ ၌ မုခ အရ တရားကို အကြောင်းနှင့် တကွ ပြည့်စုံစွာ ညွှန်ပြကာ ကြည့်သူကိုလည်း ဖော်ပြခဲ့ပါ။

၁၀–မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၁) မဇ္ဈိမနိကာယ ( မူလပဏ္ဏာသ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၁-ခုနှစ်၊ တပို့တွဲလဆန်း ၉-ရက်။ (၂၅-၁-၈၀))

—

(၁) ဆဏ သမဇ္ဇ ဥဿဝေ ကဠန္တာ ဘောဂသုခံ အနုဘောန္တိ-ဟူသော အဋ္ဌကထာပါဠိ၌ ဆဏ သမဇ္ဇ ဥဿဝတို့၏ အထူးကို ရေးသားပြီးလျှင်/ ဗုဒ္ဓမြတ်စွာ၏ ဒေသနာတော်ကို ပုံစံထုတ်၍ အမျိုးအစား ခွဲခြားဝေဘန်ပြခဲ့ပါ။

(၂) ဇာနန္တော အဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ-၌ အနက်တူဖြစ်သော ဇာနတော ပဿတော ပုဒ်တို့ကို အဘယ်အကျိုးငှာ မြတ်စွာဘုရား ဟောတော်မူကြောင်းကို ဗုဒ္ဓမတညူအဋ္ဌကထာဆရာ၏ အာဘော်ကျအောင် ရှင်းပြပြီးလျှင်/ သတိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကနိဿိတံ ဟူသော ပါဠိတော်၌ ဝိဝေကနိဿိတ ဖြစ်ပုံကို သမာနဝါဒ ကေဝါဒတို့နှင့် အညီ ရှင်းပြ၍/အဘယ့်ကြောင့် ကေဝါဒကို အဋ္ဌကထာ ဆရာတို့ မယူအပ်သည်ကိုလည်း အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

(၃) အာယသ္မန္တံယေဝ သာရိပုတ္တံ ပဋိဘာတု ဧတဿ ဘာသိတဿ အတ္ထော ကို သမာနဝါဒ ကေစိဝါဒ အာစရိယဝါဒ နည်းစုံပြ၍ မှန်ကန်တိကျအောင် အနက်သမ္ဗန်ပြီးလျှင်/ အသမ္မောဟဓမ္မော သတ္တော လောကေ ဥပ္ပန္နော ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ ဟူသော ပါဠိ၌ ဗဟုဇနဟိတာယ ဗဟုဇနသုခါယကို ဟောပြီးဖြစ်လျက် အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံကို ထပ်ဆင့်၍ ဟောတော်မူရခြင်းကိုလည်း ရှင်းလင်းဖြေဆိုခဲ့ပါ။

(၄) သမ္ပန္နသီလာ ဘိက္ခဝေ ဝိဟရထ သမ္ပန္နပါတိမောက္ခာ ဟူသော ပါဠိတွင် သမ္ပန္နသီလာပုဒ် သမ္ပန္နပါတိမောက္ခာပုဒ်တို့၌ ယူသင့်ယူထိုက်သော သီလတို့ကို သုမထေရ် စူဠနာဂထေရ်တို့၏ အလိုအားဖြင့် အသီးအသီး ကောက်ပြပြီးလျှင်/ စိတ္တေကဂ္ဂတာနှင့် သင်္ခါရပရိဂ္ဂါဟက ဟု ဆိုအပ်ကုန်သော သမထဝိပဿနာ တရားတို့က သီလကို စောင့်ရှောက်ပုံကိုလည်း အဋ္ဌကထာ အာဘော်ကျအောင် ရေးသားခဲ့ပါ။

(၅) အဓိမာနိက ရဟန်း၏ ဈာန်သည့် သလ္လေခသော်လည်းကောင်း သလ္လေခပဋိပဒါသော်လည်းကောင်း မဖြစ်ခြင်း၏ အကြောင်းကိုလည်းကောင်း နခေါ ပနေတေ စုန္ဒ အရိယဿ ဝိနယေ အစရှိသော ပါဠိရပ်တို့၌ ဧတေ ဟု ဗဟုဝုစ်ဖြင့် ဟောတော်မူရခြင်းကို

လည်းကောင်း ရှင်းပြပြီးလျှင် / မိစ္ဆာသတိ မိစ္ဆာဉာဏ တို့၏ အဘိဓေယျတို့ကိုလည်း ကောက်ပြပါ။

(၆) မဟာသတိပဋ္ဌာနသုတ် ဒေသနာတော်၌ (က) ကမ္မဋ္ဌာန်း အရေအတွက် အဘယ်မျှရှိသည်ကိုလည်းကောင်း (ခ) ထိုကမ္မဋ္ဌာန်းတို့တွင် အပ္ပနာကမ္မဋ္ဌာန်း အဘယ်မျှ - ဥပစာရကမ္မဋ္ဌာန်း အဘယ်မျှ ဖြစ်သည်ကိုလည်းကောင်း (ဂ) ထိုကမ္မဋ္ဌာန်းတို့ကို ပွားများအားထုတ်သောပုဂ္ဂိုလ်တို့အား ဝိပဿနာဉာဏ်ဖြစ်နိုင်သည် မဖြစ်နိုင်သည်ကိုလည်းကောင်း သမာနဝါဒ ထေရဝါဒတို့ဖြင့် အသီးသီး ခွဲခြမ်းဝေဘန်၍ ဖြေဆိုခဲ့ပါ။

(၇) ဝေဒသာရဇ္ဇဉာဏ် ဟူသည် အဘယ်သို့သော ဉာဏ်မျိုးဖြစ်ကြောင်းကို ရေးသားပြီးလျှင်/ အရဟတ္တဖိုလ် ပေါက်ရောက်ပြီးသော ပုဂ္ဂိုလ်၏ ကေန္တသုခ ဝေဒနာကို ခံစားနေပုံကို အဘယ်ဉာဏ်ဖြင့် ဘုရားရှင် သိတော်မူသည်ကိုလည်း အဋ္ဌကထာဆရာ အလိုကျအောင် ဖြေဆိုခဲ့ပါ။

(၈) ဝိကာလဘောဇနမှ ရှောင်ကြဉ်ခြင်း၏ အကျိုးကိုလည်းကောင်း ဝိကာလဘောဇနကို ပယ်စေရန် နှစ်ကြိမ် ခွဲ၍ ဟောတော်မူခြင်း၏ အကြောင်းကိုလည်းကောင်း ရေးသားပြီးလျှင် / အနုပါဒါ ပရိနိဗ္ဗာန် ဟူသည် ဂဟဏုပါဒါန ဝါဒီ ဆရာတို့၏ အလိုအားဖြင့် အဘယ်တရားဖြစ်သည် - ပစ္စယုပါဒါနဝါဒီဆရာတို့၏ အလိုအားဖြင့် အဘယ်တရားဖြစ်သည်ကိုလည်း အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

(၉) အဒ္ဒသံ ခေါ အဟံ ဘိက္ခဝေ ဗုဒ္ဓစက္ခုနာ (ပ) န ပရလောကဝဇ္ဇဘယ- ဒဿာဝိနေ ဝိဟရန္တေ - ၌ ဗုဒ္ဓစက္ခု သမန္တစက္ခု, ဓမ္မစက္ခုတို့၏ အထူးကိုလည်းကောင်း အပ္ပရဇက္ခ မဟာရဇက္ခ တိက္ခိန္ဒြိယ မုဒိန္ဒြိယ သွာကာရ ဒွါကာရ သတ္တဝါတို့ ဟူသည် အဘယ်သို့သော ပုဂ္ဂိုလ်တို့ဖြစ်သည်ကိုလည်းကောင်း ရေးသားပြီးလျှင် / ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ဒုတိယမြောက် သတ္တာဟ၌ ဘုရားရှင်သည် မမှိတ်သောမျက်စိဖြင့် ဗောဓိပင်နှင့် ပလ္လင်တော်ကို ရှုကြည့်တော်မူနေ၏ ဟု ဆိုရာ (၇) ရက်ပတ်လုံး မျက်လုံး တော်မမှိတ်ခြင်း၏ အကြောင်းကို ရှင်းလင်းပြပါ။

(၁၀) စတုဘူမက ကုသိုလ်သည် မဂ္ဂနှင့် ဒုက္ခသစ္စာ နှစ်ပါး၌သာ သက်ဝင်ပါလျက် 'ယေ ကေစိ ကုသလာဓမ္မာ သဗ္ဗေ တေ စတုသု အရိယသစ္စေသု သင်္ဂဟံ ဂစ္ဆန္တိ' ဟု မဟာ ဟတ္ထိပဒေါပမသုတ်၌ အဘယ့်ကြောင့် ဟောတော်မူသည်ကို ဥပမာဆောင်၍ ပေါ်လွင် အောင် ဖြေကြားပြီးလျှင် / ဧဝံ ဗုဒ္ဓံ အနုဿရတော (ပ) ဥပေက္ခာ ကုသလ နိဿိတာ

န သဏ္ဌာတိနှင့် ဧဝံ ဗုဒ္ဓံ အနုဿရတော (ပ) ဥပေက္ခာ ကုသလနိဿိတာ သဏ္ဌာတိ ဟူသော ပါဠိတို့၌ အလိုရှိအပ်သော ဥပေက္ခာတို့ကိုလည်း ကောက်ပြပါ။

(၁၁) 'ကထံ ပန ဘော အဿဇိ သမဏော ဂေါတမော သာဝကေ ဝိနေတိ' စသည်ဖြင့် သစ္စကပရိဗိုဇ်က မေးမြန်းခဲ့ရာ၌ အဿဇိမထေရ်သည် 'ရူပံ ဘိက္ခဝေ အနိစ္စံ ရူပံ ဘိက္ခဝေ အနတ္တာ' စသည်ဖြင့် အနိစ္စ အနတ္တ၏ အစွမ်းအားဖြင့်သာ ဖြေကြား၍ ဒုက္ခ၏ အစွမ်းဖြင့် မဖြေကြားခြင်း၏ အကြောင်းကို ရေးသားပြီးလျှင်/ 'ဧဝံ ဝိမုတ္တစိတ္တော ခေါ အဂ္ဂိဝေဿန ဘိက္ခု တီဟိ အနုတ္တရိယေဟိ သမန္နာဂတော ဟောတိ' အစရှိသော ပါဠိ၌ ဒဿနာနုတ္တရိယ ပဋိပဒါနုတ္တရိယ ဝိမုတ္တာနုတ္တရိယ တို့၏ အဘိဓေယျကို အဋ္ဌကထာ ဖွင့်ပြသည့်အတိုင်း မခြွင်းမချန် ကောက်ပြပါ။

(၁၂) မြတ်စွာဘုရား သာသနာတော်၌ ဉာဏ်ပညာကို အမှီပြု၍ ရာဇူးငှာနန္တရကို ရတော်မူကြကုန်သော မထေရ်တို့ကို ဖော်ပြ၍/ အရှင်အာနန္ဒာထေရ်သည် ခြေတလှမ်းကို လှမ်းဆဲခဏ၌ တကြိမ် တခါ ကြားနာရုံမျှဖြင့် ပုဒ်ပေါင်း အဘယ်မျှကိုလည်းကောင်း ဂါထာပေါင်း အဘယ်မျှကိုလည်းကောင်း မပျောက်မပျက်အောင် ဆောင်ရွက်ထားနိုင်ကြောင်းကို ဖြေဆိုပြီးလျှင် / ပိဋကသုံးပုံကို အဋ္ဌကထာနှင့် တကွ အာဂုံဆောင်၍ အနုသန္ဓေအရပ်ရပ် အဆုံးအဖြတ်တို့ကို သင်ကြားတတ်မြောက်သော အနိစ္စ ဒုက္ခ အနတ္တ၏ အစွမ်းဖြင့် သင်္ခါရတရားတို့ကို မသိမ်းဆည်းသော ရဟန်းကို ပညာရှိပုဂ္ဂိုလ်ဟု ဆိုသင့်-မဆိုသင့် အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။ ၁၀–မှတ်စီ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၂) မဇ္ဈိမနိကာယ (မဇ္ဈိမပဏ္ဏာသ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၁ - ခုနှစ်၊ တပို့တွဲလဆန်း ၁၁ - ရက်။ (၂၇-၁-၈၀)

— —

(၁) ပဋိဘာတု တံ အာနန္ဒ ကာပိလဝတ္ထဝါနံ သကျာနံ သေခေါ ပါဋိပဒေါ ဟူ၍ အရှင်အာနန္ဒာအား သေက္ခပုဂ္ဂိုလ်၏ အကျင့်ကို ဟောပြောရန် ပိုင်းခြားသတ်မှတ်၍ စေခိုင်းတော်မူခြင်း၏ အကြောင်းတို့ကို အပြည့်အစုံ ဖော်ပြပြီးလျှင်/ ဥပ္ပဇ္ဇေယျုံ အာသဝါ ဝိဃာတပရိဠာဟာ ဟူသော ပေါတလိယသုတ်၌ ဝေါဟာရသမုစ္ဆေဒ အကြောင်း ရှစ်ပါးတို့တွင် အဘယ်အကြောင်းတရားကြောင့် အဘယ်အာသဝတရားတို့ ဖြစ်ကြပါသနည်း၊ အကြောင်း အကျိုး ယှဉ်တွဲ၍ ရေးသားခဲ့ပါ။

(၂) ကုက္ကုရဝတိကသုတ်၌ ဟောတော်မူအပ်သော ကံလေးပါးတို့တွင် အဘယ်ကံကို အကဏှ အသုက္ကကံ ဟု အလိုရှိထိုက်ကြောင်းကို အကြောင်းပြ၍ ဖြေဆိုပြီးလျှင်/အဗျာဗဇ္ဈ ကာယသင်္ခါရ, အဗျာဗဇ္ဈ ဝစီသင်္ခါရ, အဗျာဗဇ္ဈ မနောသင်္ခါရ မည်သော တရားတို့ကို ကောက်ပြ၍ /ကာမာဝစရကုသိုလ် စေတနာ၏ အဗျာဗဇ္ဈမနောသင်္ခါရ မည်နိုင်ပုံကိုလည်း အဋ္ဌကထာဆရာ အာဘော်မိအောင် ဋီကာနှင့် ညှိ၍ ရှင်းပြခဲ့ပါ။

(၃) အဘယမင်းသားသည် နှစ်ဘက်သွားရှိသော မေးခွန်းကို မြတ်စွာဘုရားကို မေးစဉ်အခါက ကလေးငယ်ကို မိမိ၏ရင်ခွင်၌ ပွေ့ချီသားခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း အယူဝါဒကို ပြိုင်ဆိုင်ပြောဆိုကြသောအခါ၌ လေသဝါဒီ ပုဂ္ဂိုလ်တို့ လုပ်လေ့လုပ်ထရှိသော အကျင့်ကိုလည်းကောင်း ဖော်ပြပြီးလျှင်/ ဝေဒယိတသုခ - အဝေဒယိတသုခ နှစ်ပါးကိုလည်း ခွဲခြား၍ ရေးခဲ့ပါ။

(၄) မြတ်စွာဘုရားက ဩရမ္ဘာဂိယ သံယောဇဉ် ငါးပါးကို မေး၍ မာလုကျပုတ္တ ရဟန်းက ယင်းသံယောဇဉ် ငါးပါးကိုပင် ဖြေကြား လျှောက်ထားအပ်သည် ဖြစ်ပါလျက် အဘယ့်ကြောင့် ဘုရားရှင်က အပြစ်တင်တော်မူသည်ကို ရေးသားပြီးလျှင်/ 'သော တေဟိ ဓမ္မေဟိ စိတ္တံ ပဋိဝါပေတွာ အမတာယ ဓာတုယာ စိတ္တံ ဥပသံဟရတိ' ဟူသော ပါဠိ၌ အဘယ်စိတ်ကို အဘယ်၏ အစွမ်းဖြင့် နိဗ္ဗာန်သို့ ကပ်၍ ဆောင်ပါသနည်း၊ အသီးသီး ခွဲခြား၍ ဖြေဆိုခဲ့ပါ။

(၅) ‘အဒ္ဒသာ ခေါ မံ ဘန္တေ အညတရာ ဣတ္ထီ ဝိဇ္ဇန္တရိကာယ ဘာဇနံ ဓောဝန္တီ၊ ဒိသွာ မံ ဘီတာ ဝိဿရမကာသိ၊ အဘုမ္မေ ပိသာစော ဝတ မန္တိ၊ ဧဝံ ဝုတ္တေ အဟံ ဘန္တေ တံ ဣတ္ထိံ ဧတဒဝေါစံ၊ နာဟံ ဘဂိနိ ပိသာစော၊ ဘိက္ခု ပိဏ္ဍာယ ဌိတောတိ၊ ဘိက္ခုဿ အာတုမာရီ၊ ဘိက္ခုဿ မာတုမာရီ၊ ဝရံ တေ ဘိက္ခု တိဏှေန ဂေါဝိကန္တကေန ကုစ္ဆိ ပရိကန္တော၊ န တွေဝ ဝရံ ယံ ရတ္တန္ဓကာရ တိမိသာယံ ကုစ္ဆိ ဟေတု ပိဏ္ဍာယ စရသီတိ’ ကို အဋ္ဌကထာဖွင့်နှင့် ညီအောင် အနက်ပေးပြီးလျှင်/ ဘိက္ခုဿ အာတုမာရီ ဘိက္ခုဿ မာတုမာရီ ဝါကျ၏ ပြောလိုရင်း အမှန်နှင့် အာတုမာရီ မာတုမာရီ ဟု ဆိုမိခြင်း၏ အကြောင်းကိုလည်း ရေးခဲ့ပါ။

(၆) မြတ်စွာဘုရားသည် ဝစ္ဆဂေါတ္တ ပရိဗိုဇ်ကို မိမိထံသို့ လာတိုင်း လာတိုင်း အခွင့်အရေး ပေး၍ ဆွေးနွေး ဟောပြောတော်မူခြင်း၏ အကြောင်းကို ရေးသားပြီးလျှင်/ ဥတ္တရရိစ မေ ဘဂဝါ ဓမ္မံ ဒေသေတု ဟု အရဟတ္တမဂ်၏ ဝိပဿနာကို တောင်းပန်သော အရှင်ဝစ္ဆအား ဝိပဿနာကိုသာမက သမထ ဝိပဿနာ နှစ်ပါးလုံးကို ဟောတော်မူခြင်း၏ အကြောင်းကိုလည်း ရှင်းပြပါ။

(၇) ‘ယေ မယံ တဿ ဘောတော ဂေါတမဿ ဘူနဟုနော သေယျံ အဒ္ဒ-သာမ’ ၌ မာဂဏ္ဍိပုဏ္ဏားသည် မြတ်စွာဘုရားကို ဘူနဟုနော ဟု ပြောဆိုခြင်း၏ အကြောင်းကို အဋ္ဌကထာဆရာ၏ အာဘော်မပျက်စေဘဲ အကျဉ်းချုံး၍ ရေးသားပြီးလျှင် / ပုရိသဘူမိ ရှစ်ပါးကိုလည်း တခုစီ ပိုင်းခြား ဝေဘန်၍ ပြပါ။

(၈) အကုသလဝိပါက် သုံးပါးနှင့် ကုသလဝိပါက် သုံးပါးတို့သည် အဘယ်ဘုရား၌ အကြွင်းမဲ့ ချုပ်ငြိမ်းကြသည်ကို ဖော်ပြပြီးလျှင် / ကဿပမြတ်စွာဘုရားသည် ဇောတိပါလ လုလင်ကို ရဟန်းပြုပေးပြီးနောက် တလထက်ဝက် တဆဲ့ငါးရက်ပတ်လုံး ဝေဂဠိဂ်နိဂုံး၌ သီတင်းသုံးနေတော်မူပြီးမှ အရပ်တပါးသို့ ဖဲ့သွားတော်မူခြင်း၏ အကြောင်းကို အပြည့်အစုံရေးခဲ့ပါ။

(၉) ဃဋီကာရ အိုးထိန်းသည်၏ အိမ်နေရာသည် ကမ္ဘာတည်သရွေ့ မိုးရေမစွတ်ခြင်းသည် အဘယ်၏အစွမ်းကြောင့် ဖြစ်ပါသနည်း၊ ၎င်းကို ဖော်ပြပြီးလျှင် / မဃဒေဝမင်း၏ သားတော် ရဟန်းပြုသောနေ့၌ တပြိုင်နက်ဖြစ်သော မင်္ဂလာတို့ကိုလည်းကောင်း ရှေး၌ ဖြစ်ကုန်သော ဘိုးလောင်းတော် ဘေးလောင်းတော် မင်းအပေါင်းတို့ထက် သာလွန်သော နိမိမင်းကြီး၏ ဂုဏ်တို့ကိုလည်းကောင်း ရေးခဲ့ပါ။

(၁၀) ဤလောက၌ အကျွမ်းမဝင်ထိုက်သော ပုဂ္ဂိုလ်တို့ကိုလည်းကောင်း ယင်းတို့နှင့် အကျွမ်းမဝင်သင့်ခြင်း၏ အကြောင်းတို့ကိုလည်းကောင်း ဖော်ပြပြီးလျှင် / မြတ်စွာဘုရားသည် ရပ်နေသူ မည်၍ အင်္ဂုလိမာလသည် ရပ်နေသူ မမည်ပုံကို အဋ္ဌကထာ ဖွင့်ပြသည့်အတိုင်း ရေးခဲ့ပါ။

(၁၁) မဟာပုရိသလက္ခဏာကျမ်းသည် ဂါထာပေါင်း အဘယ်မျှ ရှိသည်ကိုလည်းကောင်း ယင်းဂါထာတို့တွင် ဗုဒ္ဓမန္တာန်သည် အရေအတွက် အဘယ်မျှ ပါဝင်သည်ကိုလည်းကောင်း ယင်း ဗုဒ္ဓမန္တာန်ဖြင့် သိနိုင်သော အထူးကိုလည်းကောင်း ပြပြီးလျှင် / အရဟံ ဟောတိ သမ္မာသမ္ဗုဒ္ဓေါ လောကေ ဝိဝဋ္ဋစ္ဆဒေါ ပါဠိ၌ ဝိဝဋ္ဋစ္ဆဒေါ ဟူသော ပုဒ်ကို ဝိဝဋ္ဋ စ ဝိစ္ဆဒေါ စာတိ ဝိဝဋ္ဋစ္ဆဒေါ ဟု ဝစနတ္ထ ပြုခဲ့သော် ရင်းပုဒ်ဖြင့် ပြအပ်သော အနက်ကိုလည်း ရေးခဲ့ပါ။

(၁၂) ပါရဂူသဗ္ဗဓမ္မာနံ ဟူသော ပါဒ၌ ပါရဂူပုဒ် သဗ္ဗဓမ္မာနံပုဒ်တို့၏ ဆိုလိုသော အနက်အဓိပ္ပါယ်ကို အဋ္ဌကထာဆရာ အာဘော်ကျအောင် ဖော်ပြပြီးလျှင်/ အဿလာယနသုတ်၌ အယျော ဟုတွာ ဒါသော ဟောတိ၊ ဒါသော ဟုတွာ အယျော ဟောတိ ဟူသော ပါဠိဖြင့် ပြအပ်သော ယောနကတိုင်းသားတို့၏ ဓလေ့ထုံးစံကိုလည်း ရေးခဲ့ပါ။

၁၀ – မွတ်စီ။

## ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### ( ၃ ) မဇ္ဈိမနိကာယ ( ဥပရိပဏ္ဏာသ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၁ - ခုနှစ်၊ တပို့တွဲလဆန်း ၁၃ - ရက်။ ( ၂၉ - ၁ - ၈၀ )

( ၁ ) ဉာဏ်ပညာနည်း၍ အကြောက် လွန်ကဲသဖြင့် အလွဲအမှားကို ပြုလုပ်နေသူ လေးဦးတို့၏ လုပ်ထုံးလုပ်နည်းကို ရေးသားပြီးလျှင် / ကိန္တိသုတ်၌ 'အပ္ပမတ္တကံ ခေါ ပနေတံ ယဒိဒံ ဗျဉ္ဇနံ' ဟူသောစကားကို အဘယ်သဒ္ဒါကို ရည်ရွယ်၍ ဟောတော်မူသည်ကိုလည်း ကောင်း အဘယ်သဒ္ဒါသည် အပ္ပမတ္တကဖြစ်၍ အဘယ်သဒ္ဒါသည် အပ္ပမတ္တက မဖြစ် သည်ကိုလည်းကောင်း ရှင်းလင်း၍ ပြခဲ့ပါ။

( ၂ ) 'ဣဓာနန္ဒ ဘိက္ခု ဘိက္ခုံ ဝေရူပါယ ဂရုကာယ အာပတ္တိယာ စောဒေန္တိ ပါရာဇိကေန ဝါ ပါရာဇိကသာမန္တေန ဝါ' ဟူသော ပါဠိ၌ သာမန္တ နှစ်ပါးတို့၏ အဓိပ္ပာယ်ကို ရှင်းပြ၍ / ဤ၌ ယူသင့်သော ပါရာဇိကသာမန္တ အာပတ်ကို ကောက်ပြ ပြီးလျှင် / အာယတနေ စိတ္တံ ပသီဒတိ သမ္ပာဒေဿတိ တေရဟိ ဝါ အာနေဉ္ဇံ သမာပဇ္ဇတိ ဟူသော အာနေဉ္ဇသပ္ပာယ သုတ်၌ စိတ်ကြည်လင်ခြင်း၏ အကြောင်း ဖြစ်သော အာယ- တန တို့ကိုလည်းကောင်း သမ္ပသာဒ အပြားကို လည်းကောင်း ရေးခဲ့ပါ။

( ၃ ) 'သန္ဒိပတိတွာ ယဿ တံ ပဝတ္တတိ တံ အဇ္ဈေသာမ တသ္မိံ စေ ဘညမာနေ ဟောတိ ဘိက္ခုဿ အာပတ္တိ ဟောတိ ဝီတိက္ကမော တံ မယံ ယထာဓမ္မံ ယထာနုသိဋ္ဌံ ကာရေမာတိ န ကိရ နော ဘဝန္တော ကာရေန္တိ ဓမ္မော နော ကာရေတိ' ကို အဋ္ဌကထာဖွင့်နှင့် ညီအောင် အနက် ပေးပြီးလျှင် / ဝဿကာရ ပုဏ္ဏားသည် ဝေဠုဝန်ကျောင်းတော်ကြီးကို ပြုစုမွမ်းမံ ထိန်းသိမ်း စောင့်ရှောက် ထားခြင်း၏ အကြောင်းကိုလည်း ပြည့်စုံအောင် ရေးခဲ့ပါ။

( ၄ ) 'တေ ပိဋကေ ဗုဒ္ဓဝစနေ ဣမံ စက္ကဝါဠံ မုဋ္ဌိတွာ အညတ္ထ ဗုဒ္ဓါ နုပ္ပဇ္ဇန္တီတိ သုတ္တံ နတ္ထိ ဥပ္ပဇ္ဇန္တီတိ ပန အတ္ထိ' ဟူသော အဋ္ဌကထာ စကား အရ ဤစကြာဝဠာမှ တပါးသော စကြာဝဠာ၌ ဘုရား မပွင့်ကြောင်း ဟောကြားထားသောပါဠိကို ထုတ်ပြပြီးလျှင် / အဋ္ဌာ- နမေတံ အနဝကာသော ( ပ ) အပုဗ္ဗံ အစရိမံ ဥပ္ပဇ္ဇေယျုံ ၌ ပုဗ္ဗကာလ စရိမကာလတို့ကို လည်း ပိုင်းခြား၍ ပြပါ။

( ၅ ) ယံ ကာယဒုစ္စရိတဿ သမင်္ဂီတံနိဒါနာ ( ပ ) သဂ္ဂံ လောကံ ဥပပဇ္ဇေယျ အစရှိ သော ဗဟုဓာတုက သုတ်၌ သမင်္ဂီ ငါးပါးတို့၏ အဓိပ္ပာယ်ကို ရေး၍/ ဤသုတ်၌ အဘယ် သမင်္ဂီ၏ အစွမ်းဖြင့် ဟောကြားတော်မူသည်ကို ဖော်ပြပြီးလျှင် / တယောဓမ္မာ သမ္မာဒိဋ္ဌိံ အနုပရိဓာဝန္တိ အနုပရိဝတ္တန္တိ၊ သေယျထိဒံ သမာဒိဋ္ဌိ သမ္မာဝါယာမော သမ္မာသတိ ဟူသော မဟာစတ္တာရီသကသုတ်၌ အနုပရိဓာဝန အနုပရိဝတ္တန ဖြစ်ပုံကိုလည်း ရှင်းပြပါ။

( ၆ ) ကာယေသု ကာယညတရဟံ ဘိက္ခဝေ ဧဝံ ဝဒါမိ ယဒိဒံ အဿာသ ပဿာသာ ၌ အဿာသ ပဿာသ တို့သည် အဘယ် ကာယ ဖြစ်သည်ကို ဖော်ပြပြီးလျှင် / ပီတိ

ပဋိသံဝေဒီ အဿာသိဿာမီတိ သိက္ခတိ ဣစရှိသည်တို့၌ နှစ်ပါးသော အခြင်း အရာတို့ဖြင့် ပီတိကို သိပုံကိုလည်း ပြည့်စုံအောင် ရေးခဲ့ပါ။

(၇) မြတ်စွာဘုရား လက်ထက်တော်က သာဝတ္ထိပြည် ရာဇဂြိုဟ်ပြည်တို့၌ လူဦးရေ အဘယ်မျှစီ ရှိကြသည်ကို လည်းကောင်း မြတ်စွာဘုရားသည် သင်္ဃာကာရာမ သင်္ဃိကာရတကို လိုလားတော် မမူသော်လည်း န ဘိက္ခဝေ ကေဌာနေ ဒိွဟိ ဘိက္ခုဟိ ဝသိတဗ္ဗံ စသည်ဖြင့် သိက္ခာပုဒ် မပညတ်ခြင်း၏ အကြောင်းကို လည်းကောင်း ရေးပြီးလျှင် / မဟာသုညတ သုတ်၌ ဟောအပ်သော ဥပဒ္ဒဝ သုံးပါးတို့တွင် ဗြဟ္မစာရူပဒ္ဒဝ ၌ သာလျှင် ဒုက္ခဝိပါကတရောစ ကဋုကဝိပါကတရောစ ဝိနိပါတာယ စ သံဝတ္တတိ ဟု အထူးပြု၍ ဟောတော်မူခြင်းကိုလည်း ရှင်းလင်း၍ ပြခဲ့ပါ။

(၈) အတီတေ ဗုဒ္ဓေ ပရိနိဗ္ဗုတေ ဆိန္နပပဉ္စေ ဆိန္နဝဋုမေ ပရိယာဒိန္နဝဋ္ဋေ သဗ္ဗဒုက္ခဝီတိဝတ္တေ ဇာနိဿတိ၌ ပပဉ္စဝဋုမဝဋ္ဋ သဗ္ဗဒုက္ခ မည်သော တရားတို့ကို ကောက် ပြပြီးလျှင်/ ဂဗ္ဘာဝက္ကန္တိ လေးပါးကို သချုပ်ထုတ်ပြ၍/အဘယ် ပုဂ္ဂိုလ်တို့သည် အဘယ် ဝက္ကန္တိဖြင့် ပဋိသန္ဓေ နေကြသည်ကိုလည်း ဝေဘန်၍ ပြပါ။

(၉) အစိစိငရဲကြီး၌ အရှင်ဒေဝဒတ် ငရဲခံစားနေရပုံကို ပြပြီးလျှင် / အစိစိငရဲသား ၏ ကာယဒွါရ၌ ဥပေက္ခာသဟဂုတ် စိတ်ခြောက်ပါး ဖြစ်၍ ဒုက္ခသဟဂုတ်စိတ် တပါး တည်းသာ ဖြစ်ပါလျက် ဒုက္ခဿ ဝါ အန္တရံ နတ္ထိ၊ တသ္မာ သော အဝီစိတိ သင်္ခံ ဂတော ဟု ဆိုရခြင်းကိုလည်း ထင်လင်းအောင် ရှင်းပြပါ။

(၁၀) ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်-၌ 'ဥပါဒါပရိတဿန အနုပါဒါ ပရိတဿန' ဟူ၍ ပရိတဿန နှစ်ပါးကို ခွဲခြား၍ မြတ်စွာဘုရား ဟောကြားတော်မူ၏၊ သို့သော်လည်း ဥဒ္ဒေသဝိဘင်္ဂသုတ်၌ကား ယင်း ဥပါဒါပရိတဿနကိုပင် အနုပါဒါပရိတဿန မည်၏ဟု အရှင်မဟာကစ္စည်းမထေရ် 'ဟောတော်မူပြန်၏၊ အရှင်မဟာကစ္စည်း၏ နှလုံးသွင်း အာဘောဂကို ရှင်းလင်း ပြပြီးလျှင် / အရှင်သာရိပုတြာနှင့် အရှင်သုဘူတိ မထေရ် တို့၏ ဝတ္ထုသောဓန ဒက္ခိဏာသောဓန ပြုလုပ်ပုံ အထူးကိုလည်း ရေးခဲ့ပါ။

(၁၁) 'ယံ ခေါ အာဝုသော ဒုက္ခေ ဉာဏံ' အစရှိသည်ဖြင့် ဟောတော်မူအပ်သော သမ္မာဒိဋ္ဌိနိဒ္ဒေသ-၌ သစ္စာလေးပါးတို့တွင် တပါး တပါးသောသစ္စာ၌ ရနိုင်သော ဉာဏ်တို့ကို ထုတ်ပြပြီးလျှင်/နေက္ခမ္မ သင်္ကပ္ပောပုဒ် ၌ နေက္ခမ္မ၏ အနက်တို့ကိုလည်းကောင်း မဂ်ခဏ၌ ကုသိုလ်သင်္ကပ္ပ သုံးပါးတို့ကို စိတ်တပါးတည်း၌သာ ရခြင်း၏အကြောင်းကိုရင်း ရေးခဲ့ပါ။

(၁၂) ဆဆက္က တရားတို့တွင် မနာယတန ဓမ္မာယတန မနောဝိညာဏ ဖဿ ဝေဒနာ တဏှာတို့ဖြင့် ဟောအပ်သော တရားတို့ကို ကောက်ပြပြီးလျှင် / အမ္ဗိလ ကာဠကကျောင်း ၌ တိပိဋက စူဠနာဂမထေရ် ဆဆက္ကသုတ္တန်ကို ဟောစဉ်က တရားနာ ပရိသတ်၏ ပမာဏနှင့် ကျွတ်တန်းဝင်သူတို့၏ အရေအတွက်ကိုလည်း ဖော်ပြပါ။ ၁၀—မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၁) ဝိနယပိဋက (ပါရာဇိက) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၁ - ခုနှစ်၊ တပို့တွဲလဆန်း ၉ - ရက်။ (၂၅ - ၁ - ၈၀)

(၁) အရှင်မဟာကဿပ ထေရ်က ဓမ္မဝိနယကို သံဂါယနာတင်ရန် ရဟန်းတို့၏ အားထုတ်ခြင်းကို ဖြစ်စေခြင်း၏ အကြောင်းကို အပြည့်အစုံ ထုတ်ပြ၍/ 'တေန ခေါ ပန သမယေန ရာဇဂဟေ အဋ္ဌာရသ မဟာဝိဟာရာ ဟောန္တိ၊ တေ သဗ္ဗေပိ ဆဍ္ဍိတ ပတိတ ဥက္လာပါ အဟေသုံ' ဟူသော အဋ္ဌကထာပါဌ်၌ "ဆဍ္ဍိတ ပတိတ ဥက္လာပါ" ပုဒ်ကိုသာ အနက်ပေးပြီးလျှင် / နည်းယူလောက်အောင် အဓိပ္ပာယ် အကျယ် ပြန်ပြပါ။

(၂) အရိယာဖြစ်ဘို့ရန် အားကြီးသော အကြောင်း ဥပနိဿယရှိလျက် အရိယာ မဖြစ်ခြင်း၏ အကြောင်းကို ထုတ်ပြ၍/ သုဒိန် အရိယာ မဖြစ်ခြင်း၏ အကြောင်းကို ညွှန်ပြပြီးလျှင်/ 'တွံ ခေါသိ တာတ သုဒိန္န အမှာကံ ဧကပုတ္တကော' စသည်ဖြင့် မိဘတို့က ပြောဆိုအပ်သော် သုဒိန်သည် ပြန်လှန် မပြောဆိုဘဲ အဘယ့်ကြောင့် တုဏှိဘော လုပ်နေရသည်ကိုလည်း ရှင်းပြခဲ့ပါ။

(၃) 'အသ ခေါ တေ ဘိက္ခူ အာယသမန္တံ သုဒိန္နံ အနေကပရိယာယေန ဝိဂရဟိတွာ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ' ပါဠိတော်၌ မည်သို့ ကြံစည်၍ လျှောက်ထားကြသည်ကို ရှင်းပြပြီးလျှင်/ ပဥ္စမပါရာဇိက သိက္ခာပုဒ်၏ အဆုံး၌ ပါရှိသော 'ဝေဠုဒ္ဒိ ဘဂဝတာ ဘိက္ခူနံ သိက္ခာပဒံ ပညတ္တံ ဟောတိ' ပါဠိကို အဋ္ဌကထာဖွင့်နှင့် အညီ အနက် ယောဇနာ၍/ ယင်းစကားရပ်ကို မိန့်တော်မူရခြင်း၏ အကြောင်းကိုလည်း ဖော်ပြပါ။

(၄) 'အသ ခေါ တေ ဘိက္ခူ ဝဿံဝုဋ္ဌာ တေမာသစ္စယေန တိဏကုဋိယော ဘိန္ဒိတွာ တိဏဉ္စ ကဋ္ဌဉ္စ ပဋိသာမေတွာ ဇနပဒစာရိကံ ပက္ကမိံသု' ပါဠိတော် အရ တိဏကုဋိ ရှိသော ရဟန်းတို့ ခရီးသွားခါနီး၌ ဂမိယဝတ် ဖြည့်ကျင့်ပုံ ဖြည့်ကျင့်နည်းကို အပြည့် အစုံ ဖော်ပြ၍/ အရှင်ဓနိယ၏ သဗ္ဗမတ္တိကာမယ ကုဋိကို ဘုရားရှင်က အဖျက်ခိုင်းခြင်း၏ အကြောင်းကိုလည်း စုံလင်စွာ ထုတ်ပြပါ။

(၅) တတိယ ပါရာဇိက ပဒဘာဇနီယ ဝဏ္ဏနာ အဋ္ဌကထာ ၌ ဇာနန္တောပုဒ်ကို 'ဇာနန္တောတိ မနုဿဝိဂ္ဂဟောတိ ဇာနန္တော' ဟူ၍ မဖွင့်ဘဲ 'ဇာနန္တောတိ ပါဏောတိ ဇာနန္တော' ဟူ၍ ဖွင့်ဆိုရခြင်း၏ အကြောင်းကို ပြပြီးလျှင်/ မနုဿဝိဂ္ဂဟ ပုဒ်၏ ပဒဘာ-

ဇနီ - ၌ အဘယ်အကျိုးငှာ 'ယံ မာတုကုစ္ဆိသ္မိံ'' ဟူ၍ မိန့်တော်မူရသည် - 'မာတုကုစ္ဆိသ္မိံ ပဌမံ စိတ္တံ' ဟူသော စကားရပ်ဖြင့် အဘယ်ကို ပြသည်ကိုလည်း ရှင်းပြပါ။

( ၆ ) စတုတ္ထပါရာဇိက ပဒဘာဇနီ သုဒ္ဓိက ဝါရ - ဝယ် 'တိဟာကာရေဟိ ရာဂေါ မေ စတ္တော (ပ) အာပတ္တိ ပါရာဇိကဿ' ၌ စတ္တော အစ ပဋိနိဿဋ္ဌော အဆုံးရှိသော ငါးပုဒ်တို့ကို အဘယ်၏ အစွမ်းအားဖြင့် ဟောတော်မူအပ်သည်ကို အသီးသီး ရှင်းပြပြီးလျှင် / (မိမိကိုယ်ကို ရည်ရွယ်ပြီး ) 'သင့်ကျောင်းနေ ကိုယ်တော်ဟာ ပဌမစျာန် ဝင်စားတယ်' ဟု ပြောဆိုသော ရဟန်းအား သင့်နိုင်သော အာပတ်ကိုလည်း အကြောင်း အချက် စုံစွာ စွက်၍ ဆုံးဖြတ်ချက် ချပြပါ။

( ၇ ) ဟေဝံ မေ တွံ အာဝုသော သာမဏေရ အင်္ဂဇာတံ ဂဏှာဟိ - စသော သုက္က-ဝိဿဋ္ဌိ သိက္ခာပုဒ် ဝိနီတဝတ္ထု - ၌ 'အာပန္နော သံဃာဒိသေသံ' ဟူ၍ အာပတ်ကို ဟော တော်မူခြင်း၏ အကြောင်းကို ဖော်ပြပြီးလျှင်/ ယင်းဝတ္ထု၌ပင် အဿာဒ စေတနာနှင့် အာဏာပန ဝါစာ နှစ်ပါးတို့တွင် အဘယ်သည် အာပတ်၏ အင်္ဂါ ဖြစ်နိုင် - မဖြစ်နိုင် ကိုလည်း အကြောင်းပြလျက် ဆုံးဖြတ်ချက် ချပြပါ။

( ၈ ) ကာယသံသဂ္ဂ သမာပဇ္ဇေယျ ပုဒ်၏ ပဒဘာဇနီ - ၌ 'သမာပဇ္ဇေယျာတိ အဇ္ဈာ-စာရော ဝုစ္စတိ' ဟူသော စကားရပ်၏ သန္နာယ ဘာသိဘ ကို ယုတ္တိပြကာ အန္တယ ဗျတိရေက အားဖြင့် ဖော်ပြ၍/ တယောက်၏ အဝတ်စွန်းကို တယောက်က ကိုင်ပြီး တန်းစီ နေကြသော မာတုဂါမ (၁၀) ယောက်ဘို့၌ ကာယသံသဂ္ဂ သမသာရာဂ ရှိသည်ဖြစ်၍ ပဌမ မာတုဂါမ၏ လက်ကို ကိုင်သည်ရှိသော် အဘယ်အာပတ်များ မည်မျှသင့်နိုင်သည်ကို ယုတ္တိပြလျက် ရှင်းချက် ထုတ်ပြပါ။

( ၉ ) ကုဋိကာရ သိက္ခာပုဒ် ပဒဘာဇနီ - ၌ ဟောတော်မူအပ်သော 'ဘိန္ဒိတ္တာ ဝါ' ပုန ကာတဗ္ဗာ' ပါဠိ၌ ဘယ်ပုံ ဘယ်နည်း ဖျက်ဆီးမှ ဖျက်ဆီးရာ ရောက်ကြောင်းကို ထင်ရှားစွာ ဖော်ပြ၍/, 'ကုဋိံ ကရောထ' (ကုဋိကို ပြုလုပ်ကြပါ) ဟူ၍ သာမည စေခိုင်းရာဝယ် အာဏတ္တရဟန်းက အဒေသိတဝတ္ထုက သာရမ္ဘ အပရိက္ခမန ကုဋိကို ပြုလုပ်ခဲ့သော် အာဏာပက ရဟန်းအား သံဃာဒိသိသ် အာပတ် သင့် - မသင့် အကြောင်း ပြ၍ ဆုံးဖြတ်ပါ။

( ၁၀ ) ပဌမကထိန သိက္ခာပုဒ် ပဒဘာဇနီ - ၌ 'စီဝရံ နာမ ဆန္နံ စီဝရာနံ အညတရံ' စသော စကားဖြင့် ခေါမ စသော မူလသက်န်း (၆) ထည်ကိုသာ ဟောတော်မူ၍ ဒုကူလ စသော အနုလောမ သင်္ကန်းတို့ကို သီးခြား မဟောခြင်း၏ အကြောင်းကို ပြဆို

ပြီးလျှင်/ အဘယ် အနုလောမ သက်န်းသည် မည်သည့် မူလ သက်န်းအား လျော်သည်ကိုလည်း အကြောင်းသွင်းလျက် ရှင်းလင်းချက် ထုတ်ပြပါ။

(၁၁) သံဃာပိုင် လယ်ယာကို ပြုလုပ်သူတို့က ငွေကိုဖြစ်စေ ဆန်ကိုဖြစ်စေ ဆောင်ယူပြီး 'ဤ ငွေ-ဤ ဆန် တို့ကို သံဃာအတွက် ဆောင်ယူခဲ့ပါသည် ဘုရား' ဟူ၍ လျှောက်ထားရာ ရဟန်း တပါးက 'သံဃာတော်ဟာ ငွေ-ဆန်ကိုမသုံးဆောင်' ဟူသော အမှတ်ဖြင့် 'ဤမျှလောက်သော ငွေ-ဆန်ဘိုဖြင့် သက်န်းကို ဆောင်ယူခဲ့ပါ'ဟု ပြောဆိုသည့် အတွက် ယင်း ငွေ-ဆန်တို့ဖြင့် ဖလှယ်၍ ဆောင်ယူအပ်သော သက်န်းသည် ရဟန်းတော်တို့အား အပ်-မအပ်၊ ကယဝိက္ကယ သိက္ခာပုဒ်ဖြင့် အာပတ် သင့်-မသင့် အကြောင်းပြလျက် ဆုံးဖြတ်ပြီးလျှင် / 'တောကို လှူဒါန်းပါ၏' ဟု ဆို၍ လှူဒါန်းရာ၌ ပုဂ္ဂလိက အလှူခံခြင်း၌ အပ်-မအပ်ကိုလည်း အကြောင်းစွက်ကာ ဆုံးဖြတ်ပါ။

(၁၂) ရူပိယ သိက္ခာပုဒ်အရ နိဿဂ္ဂိယ ဝတ္ထုတို့ကို အပို အလို မရှိ ထုတ်ပြပြီးလျှင် / ရွှေ-ငွေကို ကိုင်ရာ၌ မည်သည့် အာပတ်များ သင့်နိုင်-လွတ်နိုင်သည်ကို ကိုင်တွယ်ပုံ အခြင်းအရာနှင့် တကွ ရှင်းလင်း ပြည့်စုံစွာ ဖော်ပြပါ။ ၁၀-မှတ်စီ။

# (ခ) တိပိဋကဓရ သဘာရေးဖြေ စာစမ်းပွဲ

## (၃) ဝိနယပိဋက (ပါစိတ္တိယ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၁ - ခုနှစ်၊ တပို့တွဲလဆန်း ၁၀ - ရက်။ (၂၆ - ၁ - ၈၀)

(၁) ပါဠိတော်၌ တိုက်ရိုက် မပါသော ဒုဋ္ဌစဏ္ဍာလောသိ စသည်ဖြင့် ဆဲရေးခဲ့သော် အဘယ် အာပတ်ဖြင့် ဆုံးဖြတ်မည်နည်း၊ အကြောင်းနှင့် တကွ ဖော်ပြ၍/နှုတ်ဖြင့် ဆဲရေးမှုသာ ဩမသဝါဒ ဖြစ်နိုင်သောကြောင့် ဩမသဝါဒ သိက္ခာပုဒ် အဋ္ဌကထာ၌ ကော သမုဋ္ဌာနံ ဝစီကမ္မံ ဟူ၍သာ ဖွင့်ဆိုသင့်လျက် မဖွင့်ဆိုဘဲ အဘယ့်ကြောင့် တိသမုဋ္ဌာနံ ကာယကမ္မံ ဝစီကမ္မံ ဟူ၍ ဖွင့်ဆိုရသည်ကိုလည်း ရှင်းပြပါ။

(၂) ရဟန်းက သာမဏေထံ၌ စာတက်ရာဝယ် စာချ သာမဏေနှင့် အတူ တကွ တပြိုင်နက် ရွတ်ဆိုခဲ့သော် ရဟန်းမှာ အာပတ် သင့် - မသင့် ယုတ္တိပြကာ ဆုံးဖြတ်ပြီးလျှင်/ ပဌမ သဟသေယျ သိက္ခာပုဒ် ပဒဘာဇနီ၌ ဥပစာရ ဥပစ္စ ပရိစ္ဆန္နေ အာပတ္တိ ဒုက္ကဋဿ စသည်ဖြင့် အမိုး အကာနှင့် စပ်၍ ဟောတော်မူအပ်သော ပါဠိတော်လာ စကားရပ်နှင့် အဋ္ဌကထာလာ စကားရပ် တို့ကို ပေါင်းစပ် ပြီးလျှင် ယင်း သိက္ခာပုဒ်၌ အမိုး အကာနှင့် စပ်၍ ပါစိတ် မည်မျှ ရှိ၍ ဒုက္ကဋ် မည်မျှ ရှိပြီး အနာပတ္တိ မည်မျှ ရှိပါသနည်း၊ အသီးသီး သင်္ချာမျှသာ ထုတ်ပြပါ။

(၃) ရေကန်ကို တူးလော့ဟု စေခိုင်းခြင်းငှာ လည်းကောင်း ရေထဲ၌ ပဲ့ကျနေသော ကမ်းပါးပြတ်ကို မိုးလေးလထက် အလွန် မိုးစွပ်ခဲ့သော် ဖျက်ဆီးခြင်းငှာလည်းကောင်း အပ်-မအပ် အကြောင်းပြ၍ ဆုံးဖြတ်ပြီးလျှင် / ပထဝီခဏန သိက္ခာပုဒ် အနာပတ္တိဝါရလာ အသဉ္စိစ္စ အသတိယာ ပုဒ်တို့၏ အဓိပ္ပာယ်ကိုလည်း ပြည့်စုံစွာ ဖော်ပြပါ။

(၄) ဘူတဂါမသိက္ခာပုဒ်၌ ပါဝင်သော မူလဗီဇပုဒ်၏ ပဒဘာဇနီ ပါဠိကို အဋ္ဌကထာဖွင့်နှင့် အညီ ပြည့်စုံ မှန်ကန်စွာ အနက်ပေးပြီးလျှင်/ အဋ္ဌကထာလာ အောက်ပါ ပုဒ်တို့ကိုလည်း မြန်မာ ပြန်ပြပါ။

အာလုဝ။ ကသေရု။ ကုဝလယ။ ကန္ဒ။ နုဟီ။

(၅) ဂဏဘောဇဉ် ဖြစ်နိုင်သော အကြောင်း တို့ကို အပြည့်အစုံ ထုတ်ပြ၍/ ဘုရားရှင်အား ဘတ္တဝိကပ္ပနာ ပြုခြင်းငှာ အပ် - မအပ် အကြောင်းပြ၍ ဆုံးဖြတ်ပြီးလျှင် / တရွာလုံး စုပေါင်းလျက် 'အရှင်ဘုရား ထမင်းစား ကြွပါဘုရား' ဟု ပင့်လျှောက်ရာဝယ် မိမိနှစ်သက်ရာ အိမ်၌ ဆွမ်းစားသော ရဟန်းအား ပရမ္ပရ ဘောဇန သိက္ခာပုဒ်ဖြင့် အာပတ် သင့် - မသင့် အာဂမယုတ္တိ ဆောင်ကာ ဝိနိစ္ဆယ ချပြပါ။

(၆) ဝိကာလ ဘောဇန သိက္ခာပုဒ် အရ အာမိသ ဂတိတ ခါဒနီယ တို့ကို ပါဠိ မြန်မာ နှစ်ဘာသာဖြင့် အပို အလို မရှိ ရေတွက်ပြ၍ / ပဝါရိတ် သင့်သော ရဟန်းသည် အတိရိတ်ဝိနည်းကံ မပြုအပ်ဘဲ ယမန်နေ့က အကပ်ခံ ထားအပ်သော လှူသားကို ယနေ့

မွန်းလွဲ အချိန်၌ စားခဲ့သော် သင့်နိုင် - လွတ်နိုင်သော အာပတ်တို့ကို ရှင်းလင်းစွာ အပြည့်အစုံ ဖော်ပြပါ။

( ၇ ) ဥယျျာတ္တသေနာ သိက္ခာပုဒ် ဝတ္ထုကြောင်း၌ ပါသော ကိ ဘဒ္ဒေ မံ ဒိဋ္ဌေန ယုဒ္ဓါဘိနန္ဒိနံ ပါဠိကို အဖွင့်များနှင့် အညီ နှစ်နည်း အနက်ပေးပြီးလျှင် / အဘယ်ကို ဥယျျာတ္တသေနာ ခေါ်သည်ဟု ဖော်ပြ၍ / မင်းသည် စစ်တပ်နှင့် တကွ ဥယျာဉ်သို့ သွားရာ ဝယ် ယင်း စစ်တပ်ကို ကြည့်သော ရဟန်းအား သင့်နိုင်သော အာပတ်တို့ကိုလည်း အာဂမ ပါဠိဆောင်ဖော်ညွှန်ကာ ထုတ်ပြပါ။

( ၈ ) ဆိုးရေ ကျိုဘ့်ရန် ရဟန်းကိုယ်တိုင် မီးမွေးကောင်း - မကောင်းကို အာဂမယုတ္တိ ဆောင်ကာ ဆုံးဖြတ်၍ / ကပ္ပိယနိုထိုး၍ သုံးစွဲအပ်ပြီးသော ရဟန်းတပါး၏ သင်္ကန်းကို အခြားရဟန်းတပါးက ကိုယ်ပိုင် ရရှိ၍ သုံးစွဲသော် ကပ္ပဗိန္ဒု ထပ်၍ ထိုးဘွယ် လို - မလို အကြောင်းပြလျက် ဆုံးဖြတ်ချက် ချပြီးလျှင် / ဝိကပ္ပန သိက္ခာပုဒ်ဝယ် အပ္ပစ္စုဒ္ဓါရဏံပုဒ်၏ ပဒဘာဇနီ၌ ပါရှိသော တဿ နှစ်ပုဒ်တို့၏ အရကို မလွဲအောင် ကောက်ပြပါ။

( ၉ ) မောဟန သိက္ခာပုဒ်၌ ပါရှိသော ယထာ ဓမ္မော ကာရေတဗ္ဗော စကားရပ်၏ အဓိပ္ပာယ် အပြည့်အစုံရေးပြ၍/တိရစ္ဆာန်တို့ ကျင်ကြီးစွန့်နေသည်ကိုမြင်ရ၍ အမျက်ထွက်ပြီး ဒုတ်စသည်ဖြင့် ရွယ်မိုး ချောက်လှန့်သော် အာပတ် သင့် မသင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

( ၁၀ ) ဒါယကာက ပင့်ဖိတ်အပ်သည်ဖြစ်၍ ဒါယကာအိမ်၌ ဆွမ်းစားနေစဉ် အောက် ပါအတိုင်း စီမံခန့်ခွဲသော ဘိက္ခုနီမကို မတားမြစ် - နှင်မထုတ်သော ရဟန်းအား သင့်နိုင် - လွတ်နိုင်သော အာပတ်တို့ကို အကြောင်းနှင့် တကွ ဖော်ပြပါ။

( က ) မိမိဆွမ်းကို ကိုယ်တိုင် ပေးလှူ၏။

( ခ ) သူတပါးတို့၏ ဆွမ်းကို တခြားသူကို အလှူခိုင်း၏။

( ဂ ) သူတပါးတို့၏ ဆွမ်းကို ကိုယ်တိုင် ပေးလှူ၏။

( ၁၁ ) ပရိမဏ္ဍလ နိဝါသန သိက္ခာပုဒ်နှင့် အညီ အဝန်းသုံးပါး ဖုံးလွှမ်းသည် မည် လောက်အောင် ဝတ်အပ်ပါသော်လည်း ဝတ်သည့်အတိုင်း မတည်မြဲသော သင်္ကန်း နှင့် ဝတ်သည့်အတိုင်း တည်မြဲသော သင်္ကန်းတို့ကို အကြောင်းနှင့် တကွ ထုတ်ပြ၍ / သုပ္ပ- ဋိစ္ဆန္န သိက္ခာပုဒ်နှင့် အညီ သင်္ကန်း ရုံပုံ ရုံနည်း - ရွာတွင်း၌ ထိုင်ပုံ-ထိုင်နည်းကို အဋ္ဌကထာ နှင့် ညီစွာ အစဉ်မှားရအောင် ထင်ရှားစွာ ဖော်ပြပါ။

( ၁၂ ) ဘိက္ခုနီဝိဘင်္ဂ တတိယ သံဃာဒိသိသ် ပဒဘာဇနီ-၌ ပါရှိသော အဂါမကေ အရညေ ၌ အရည၏ အရကို ပိုင်းခြား ပြပြီးလျှင် / နိဿဂ္ဂိယ ပါစိတ် ပတ္တဝဂ် ပဌမ သိက္ခာပုဒ် ပါဠိတော်ကို အဋ္ဌကထာဖွင့်နှင့် အညီ အနက်ပေး၍ / ဆဋ္ဌသိက္ခာပုဒ် ဝတ္ထု ကြောင်း၌ ပါဝင်သော ဆန္ဒကံ သဃ်ရိတွာ ၌ အဘယ်အရာမျိုးကို ဆန္ဒကံ ခေါ်သည် ဟူ၍လည်း ရှင်းလင်းစွာ ညွှန်ပြပါ။ ၁၀–မှတ်စီ။

## (ခ) တိပိဋကဓရ သဘာရေးဖြေ စာစမေးပွဲ

### (၃) ဝိနယပိဋက (မဟာဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၁ - ခုနှစ်၊ တပို့တွဲလဆန်း ၁၁ - ရက်။ (၂၇-၁-၈၀)

---

(၁) မဟာခန္ဓကော ဟူသော ပါဠိ၌ ခန္ဓက မည်ကြောင်းနှင့် ယင်း၏ အရကို လည်းကောင်း ခန္ဓ၏ အရကိုလည်းကောင်း အသီးသီး ဖော်ပြပြီးလျှင်/ အထ ခေါ ဘဂဝါ ဧတမတ္ထံ ဝိဒိတွာ (ပ) သဟေတုဓမ္မံ-၌ ပါဝင်သော ဧတမတ္ထံ ပုဒ်မျှကိုသာ အဋ္ဌကထာဖွင့်နှင့် အညီ အနက်ပေးပါ။

(၂) ပဗ္ဗဇ္ဇာကထာ-၌ ပဗ္ဗဇ္ဇာ၏ သချုပ်ကို အပြည့်အစုံ ထုတ်ပြ၍/ ဆံပင်ရှည် ပုဂ္ဂိုလ်ကို ဆံမချဘဲ ကမ္မဝါစာ ဘတ်၍ ရဟန်းခံပေးခဲ့သော် ရဟန်း ဖြစ် မဖြစ် အကြောင်းအချက် စုံစွာစွက်၍ အချက်ကျကျ ဝိနိစ္ဆယချပြပါ။

(၃) နိဿယသည်းငြိမ်းကြောင်း တရားတို့တွင် အာဘယ်ကို အာဏတ္တိ ခေါ်သည်ဟု ရှင်းပြပြီးလျှင်/ ယင်း အာဏတ္တိ အရ အာဏာပနာကာရ စကားရပ်တို့ကို ပါဠိတော်နည်းအတိုင်း ပါဠိ မြန်မာ နှစ်ဘာသာဖြင့် အပြည့်အစုံ ထုတ်ပြပါ။

(၄) ရဟန်းခံလို၍ ပရိဝါသ် ကျင့်သုံးနေသော အညတိတ္ထိယ ပုဗ္ဗ၏ ကျင့်ဝတ် များကို အပြည့်အစုံ အစဉ်မလွဲ သိသာရုံမျှ ရေတွက်ပြပြီးလျှင်/ရဟန်းခံ မပေး သင့်ပါဘဲလျက် ရဟန်းခံပေးခဲ့သော် ရဟန်းကား ဖြစ်၏၊ သို့သော် ဥပဇ္ဈာယ် နှင့် ကမ္မဝါစာ ဆရာတို့မှာ အာပတ် သင့်နိုင်သော ပုဂ္ဂိုလ်တို့၏ အရေအတွက် သင်္ချာမျှကိုသာ ထုတ်ပြပါ။

(၅) ဥပသမ္ပဒါကမ္မဝါစာ-၌ အာယသ္မန္တံ ပုဒ်ကို တနေရာ၌ အာယသ္မတော တိဿဿ ဟူ၍ ရှေ့မှာ ထားပြီးလျှင် တနေရာ၌ တိဿေန အာယသ္မတာ ဟူ၍ နောက်မှာ ထား၍ ကမ္မဝါစာကို ဘတ်ခဲ့သော် သာဝနာယ ဟာပန ဖြစ်-မဖြစ် အကြောင်းပြ၍ ဆုံးဖြတ်ပြီးလျှင်/ ယင်း ကမ္မဝါစာ၏ ပတ္တကလ္လ အင်္ဂါ များကိုလည်း ပြည့်စုံ မှန်ကန်စွာ ရေတွက်ပြပါ။

(၆) ဥမ္မတ္တကသမ္မုတိ ပေးသင့်သော ဥမ္မတ္တက နှင့် မပေးသင့်သော ဥမ္မတ္တက တို့ကို ပြည့်စုံစွာ ထုတ်ပြပြီးလျှင်/ အထက် ပန္နရသက တို့၌ အာပတ္တိ ဒုက္ကဋဿ ဟူ၍ ဒုက္ကဋ် အာပတ် ကို ဟောတော်မူသကဲ့သို့ ဘေဒပုရေက္ခာရ ပန္နရသက-၌ မဟောမူ၍ အာပတ္တိ ထုလ္လစ္စယဿ ဟူ၍ ထုလ္လစ္စဉ်း အာပတ်ကို ဟောတော် မူရခြင်း၏ အကြောင်းကိုလည်း ဖော်ပြပါ။

(၇) ဝါဆိုရာနေ့၌ ဝါဆိုပုံကို အစဉ်မပျက် တင်ဆက်ပြီးလျှင်/ ပဝါရဏာနေ့၌ သတ္တာဟ ကရဏီယ အကြောင်းမရှိဘဲ အရပ်တပါးသို့ ညဉ့်အိပ် သွားခြင်းငှာ အပ်-မအပ် အကြောင်းပြလျက် ဆုံးဖြတ်ချက် ချ၍/ အောက်ပါ ပါဠိတော်ကိုလည်း သဒ္ဒတ္ထ အဓိပ္ပာယတ္ထ ပေါ်လွင်စွာ အဖွင့်များနှင့် အညီ အနက်ပေးပါ။

သော သတ္တာဟံ အနာဂတာယ ကောမုဒိယာ စာတုမာသိနိယာ သကရဏီယော ပက္ကမတိ။

(၈) သာမဂ္ဂီ ပဝါရဏာ ပြုနိုင်ရာရက် မည်မျှ ရှိသည်ကို တိကျစွာ ရေတွက်ပြပြီးလျှင်/ သိတင်းကျွတ် လပြည့်နေ့ဝယ် တသိမ်တည်းမှာ အောက်ပါ ရဟန်းများ ဆုံစည်းကြရာ၌ ဥပုသ် ပဝါရဏာ ပြုပုံကို နည်းယူလောက်အောင် ရှင်းပြပါ။

(က) ပုရိမဝါသား-၄-ပါး၊ ပစ္ဆိမဝါသား-၂-ပါး။
(ခ) ပုရိမဝါသား-၃-ပါး၊ ပစ္ဆိမဝါသား-၃-ပါး။
(ဂ) ပုရိမဝါသား-၂-ပါး၊ ပစ္ဆိမဝါသား-၃-ပါး။

(၉) ရဟန်းတော်များ ဘွတ် (ရှူး) ဘိနပ် စီးကောင်း-မစီးကောင်းနှင့် ဂိလာန ရဟန်းများ မြင်းမ-တပ်ဆင်ထားအပ်သော မြင်းလှည်း စီးကောင်း-မစီးကောင်း အာဂမယုတ္တိပြ၍ ဆုံးဖြတ်ပြီးလျှင်/ 'အနုဇာနာမိ ဘိက္ခဝေ (ပ) ဧဠကစမ္မံ အဇစမ္မံ မိဂစမ္မံ' ဟူသော စကားအရာ၌ ယုန် နှင့် ကြောင်တို့ကို ဝါဠမိဂ ခေါ်သင့်-မခေါ်သင့် အကြောင်းပြကာ ဆုံးဖြတ်ပါ။

(၁၀) ဘေသဇ္ဇက္ခန္ဓက မူလာဒိ ဘေသဇ္ဇကထာ-၌ အဘယ်ကို စုဏ္ဏစာလိနီ၊ ကဗဠိကာ၊ ဝိကာသိက ခေါ်သည် ဟု ညွှန်ပြပြီးလျှင်/ အနုဇာနာမိ ဘိက္ခဝေ မဟာသေဒံ ပါဠိအရ ချွေးကြီး ထုတ်ပုံထုတ်နည်းကိုလည်း အပြည့်အစုံ ဖော်ပြပါ။

(၁၁) ဂေါရသ ငါးပါးကို ကာလိကအားဖြင့် ခွဲခြားပြပြီးလျှင် / ရဟန်းကိုယ်တိုင် အပ်စပ်အောင် သရက်သီးစိမ်း အဖျော်ရည် ဖျော်ပုံ ဖျော်နည်းကို အဋ္ဌကထာလာတိုင်း ပြည့်စုံစွာ ဖော်ပြ၍/ ယင်း သရက်သီးစိမ်း ဖျော်ရည်ကို ပုရေဘတ္တ ပစ္ဆာဘတ္တ ကာလ နှစ်ပါးတို့တွင် အဘယ်ကာလ၌ သောက်အပ်သည်ကိုလည်း အကြောင်းပြ၍ ဆုံးဖြတ်ပါ။

(၁၂) စီဝရ ပဋိဂ္ဂါဟက သမ္မုတိ ရသော ရဟန်း နေသင့်ရာအရပ်-မနေသင့်ရာ အရပ်နှင့် နေပုံ နေနည်းကို ဖော်ပြ၍/စီဝရပဋိဂ္ဂါဟက ရဟန်း နှင့် ဘဏ္ဍာဂါရိက ရဟန်းတို့ သိသင့်-သိထိုက်သော ဝတ္တရားများကိုလည်း အပြည့်အစုံ ထုတ်ပြပါ။

၁၀—မှတ်စီ။

# ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## ( ၄ ) ဝိနယပိဋက ( စူဠဝဂ္ဂ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၁-ခုနှစ်၊ တပို့တွဲလဆန်း ၁၂-ရက်၊ ( ၂၈-၁-၈၀ )

---

( ၁ ) ကမ္မက္ခန္ဓက အဓမ္မ ကမ္မ ဒွါဒသက ကထာ-၌ ပါရှိသော အနာပတ္တိယာ ကတံ ဟောတိ အဓမ္မကမ္မံ စကားရပ် နှင့် အဒေသနာဂါမိနိယာ အာပတ္တိယာ ကတံ ဟောတိ အဓမ္မကမ္မံ စကားရပ်၏ အဓိပ္ပာယ်ကို ရှင်းပြ၍/ အကာမ်မာနဆက္က-၌ ပါဝင်သော အနနုလောမိကေဟိ ဂိဟိသံသဂ္ဂေဟိ ၏ အရကိုလည်း တိကျစွာ ဖော်ပြပါ။

( ၂ ) သိတင်းကြီး ပါရိဝါသိက ရဟန်းသည် သိတင်းငယ် မာနတ္တစာရိက ရဟန်း၏ ရှိခိုးခြင်း စသည်ကို သာယာခဲ့သော် အာပတ် သင့်-မသင့် ယုတ္တိပြလျက် ဆုံးဖြတ်ပြီးလျှင်/ ပါရိဝါသိက ရဟန်းသည် ဝါဆိုရာနေ့၌ (က) ဝဿာဝါသိက ပစ္စည်းလာဘ်နှင့် (ခ) ကျောင်းကို ဝဿဂ္ဂအားဖြင့် ယူခွင့် ရ-မရ (ခ) ၌ အကြောင်း စွက်ကာ ရှင်းပြပါ။

( ၃ ) ဝေဒယာမဟံ ဘန္တေ-၌ ဝေဒယာမိ ပုဒ်ကို ဋီကာဆရာများ အလိုကျ နည်းမျိုးစုံစွာ အနက်ပေးပြီးလျှင်/ ချီးမွမ်းဘွယ်ရာ အနက်ကို အကြောင်းပြကာ ညွှန်ပြ၍/ သြဓာန သမောဓာန အဂ္ဃသမောဓာန ပရိဝါသ်တို့၏ အဓိပ္ပာယ်ကိုလည်း အဋ္ဌကထာ အလိုကျ ပြည့်စုံစွာ ဖော်ပြပါ။

( ၄ ) သမထက္ခန္ဓက ပဋိညာတ ကရဏကထာဝယ် အဓမ္မိက ပဋိညာတ ကရဏ-၌ ဝါရ မည်မျှရှိ၍ ဓမ္မိက ပဋိညာတကရဏ၌ ဝါရ မည်မျှ ရှိသည်ကို သိသာရုံမျှ ရေတွက်ပြပြီးလျှင်/ အဘယ် သသာကဂ္ဂါဟကို အဘယ် ပရိသတ်၌ ပြုရမည်ကိုလည်း ဖော်ပြပါ။

( ၅ ) ခုဒ္ဒကဝတ္ထုက္ခန္ဓက-၌ ပါရှိသော 'ကောစ္ဆေန ကေသေ ဩသဏ္ဌေန္တိ' ပါဠိကို အဋ္ဌကထာ ဋီကာ အဖွင့်တို့နှင့် ညီစွာ သဒ္ဒတ္ထ ပေါ်လွင်အောင် အနက်ပေး၍/ အနုဇာနာမိ ဘိက္ခဝေ ဓမကရဏံ ဟူသော ပါဠိ၌ ဓမကရဏ မည်ကြောင်းကိုသည်း ဖော်ပြပါ။

( ၆ ) ဒါယကာတဦးကို သပိတ်မှောက် ကံပြုရာဝယ် သပိတ်မှောက် ကံပြုသင့်ရာ အရပ်· သပိတ်မှောက်ပြီးသော် ပြုလုပ်ပုံ အစီအရင်· သပိတ်လှန်ရာ၌ ပြုလုပ်ပုံ အစီအရင် တို့ကို အသီးသီး အပြည့်အစုံ ဖော်ပြပြီးလျှင်/ သပိတ်မှောက် ခံရသူ၏ ပစ္စည်းဥစ္စာကို သိလျက် ခံယူသော ရဟန်းအား အဘယ် အာပတ် သင့်-မသင့်ကိုလည်း အကြောင်း အချက် စုံစွာ စွက်၍ အချက်ကျကျ ဝိနိစ္ဆယ ချပြပါ။

( ၇ ) သေနာသနက္ခန္ဓကဝယ် အနုဇာနာမိ ဘိက္ခဝေ အာဝိဋ္ဌနဆိဒ္ဒံ အဝဋ္ဋနရဇ္ဇုံ

ဟူသော ပါဠိ - ၌ မအပ်သော အာဝိဠနရဇ္ဇုကို အကြောင်းနှင့် တကွ ဖော်ပြ၍/ အဘယ်ကို မိစိ ဋ္ဌေကပါဒပီဌ အာမလ္လက ဝဋ္ဋကပီဌ ခေါ်သည်ဟုလည်း ရှင်းပြပါ။

(၈) သေနာသနအတွက် ရည်စူး၍ လှူဒါန်းအပ်သော ဝတ္ထုကို သင်္ကန်း ဆွမ်းတို့၌ ဆောင်ခြင်းငှာ အပ် - မအပ် အကြောင်းပြ၍ ဆုံးဖြတ်ပြီးလျှင် / ဆွမ်းအတွက် လှူဒါန်း အပ်သော ကပ္ပိယဘဏ္ဍာကို သင်္ကန်း၌ ဆောင်ရာဝယ် အပလောကနကံ ပြုပုံပါဠိနှင့် ဆေး အတွက် လှူဒါန်းအပ်သော ကပ္ပိယဘဏ္ဍာကို သင်္ကန်း၌ ဆောင်ရာဝယ် အပလောကနကံ ပြုပုံ ပါဠိကို မှန်ကန်စွာ ရေးပြပါ။

(၉) သေနာသနက္ခန္ဓက အဋ္ဌကထာဝယ် သစ်ဘဏ္ဍာကို ပြရာအပိုင်း၌ အဘယ်ကို ဃဋ္ဋနဖလက ဃဋ္ဋနမုဂ္ဂရ ခေါ်သည်ဟု ရှင်းပြပြီးလျှင်/ ဆိုးအပ်ပြီးသော သင်္ကန်းကို လိပ်သိုးပုံ လိပ်ထိုးနည်းကိုလည်း ဋီကာဆရာများ အလိုကျ မှတ်သားဘွယ် ဖြစ်လောက် အောင် ဖော်ပြပါ။

(၁၀) ဆွမ်းလှူလိုသော ဒါယကာတဦးက ဘတ္တုဒ္ဒေသက ရဟန်းထံ သွား၍ သံဃာမှ ညွှန်ချ၍ တပည့်တော်၏ ဆွမ်းမျိုးရဟန်းတို့ကို ပေးပါဘုရားဟု လျှောက်ရာ၌ လည်းကောင်း သံဃာမှ ညွှန်ချ၍ အရှင်ဘုရားတို့ ကြွလာပါဘုရားဟု လျှောက်ရာ၌ လည်းကောင်း ဒါယကာတဦးက ခွက်ဖြင့် ဆွမ်းကို ဆောင်ယူ၍ သံဃာမှ ညွှန်ချအပ် သော ဘတ်ကို လှူပါ၏ဘုရားဟု လျှောက်ရာ၌လည်းကောင်း ထို့အတူ ခွက်ဖြင့် ဆွမ်းကို ဆောင်ယူ၍ သံဃာအား လှူပါ၏ ဘုရားဟု လျှောက်ရာ၌လည်းကောင်း ဘယ်ပုံ ဘယ်နည်း ပြောဆို ပြုလုပ် စီမံသင့်သည်ကို မှတ်သားလောက်အောင် ရှင်းလင်းစွာ ဖော်ပြပါ။

(၁၁) သံဃဘေဒကက္ခန္ဓက၌ ပါရှိသော ယဿန္တရတော န သန္တိ ကောပါ (ပ) ဒဿနာယဂါထာကို အဖွင့်များနှင့်အညီ အနက်ပေးပြီးလျှင် / ကောပါ ဒေဝါတို့၏ အရ ကိုလည်း မှန်ကန်စွာ ဖော်ပြပါ။

(၁၂) ကျောင်းတိုက်တွင်းသို့ လာရောက်ပြီး ဆွမ်းကပ်ရာအခါ၌ ဆွမ်းကပ်ရာ အရပ်သို့ သင်္ကန်းမရုံ ခါပန်းမပန်းဘဲ သွားသင့် - မသင့် အဋ္ဌကထာ ဋီကာတို့နှင့် ညှိနှိုင်း၍ မှတ်သားလောက်အောင် ဆုံးဖြတ်ပြီးလျှင်/ သပိတ်ဖြင့် ဆွမ်းစားရာအခါ၌ သပိတ်ဆေး ရေ ပေးခဲ့သော် မည်သို့ ခံယူရမည် - သပိတ်ကို ဘယ်ပုံ ဘယ်နည်း ဆေးရမည်ကိုလည်း နည်းယူဘွယ် ဖြစ်အောင် ဖော်ပြပါ။

၁၀—မှတ်စီ။

## ( ၁ ) တိပိဋကဓရ သဘာရေးဖြေ စာစမ်းပွဲ

### ( ၅ ) ဝိနယပိဋက ( ပရိဝါ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၁ - ခုနှစ်၊ တပို့တွဲလဆန်း ၁၃ - ရက်။ ( ၂၉ - ၁ - ၈၀ )

---

( ၁ ) အနုပညတ်၏ သရုပ်ကို အဓိပ္ပာယ်ပုံစံတို့နှင့် တကွ ထုတ်ပြ၍/ ဘိက္ခုဝိဘင်္ဂ ပဌမ ပါရာဇိကဥ္စ လိုအပ်သော အနုပညတ်ကို ညွှန်ပြပြီးလျှင်/ ပဌမ ပါရာဇိကဥ္စ အနုပ္ပန္န ပညတ် မရှိခြင်း၏ အကြောင်းကိုလည်း ဖော်ပြပါ။

( ၂ ) အောက်ပါ သိက္ခာပုဒ်တို့သည် သမုဋ္ဌာန် ၆-ပါးတို့တွင် မည်သည့်သမုဋ္ဌာန် ကြောင့် ဖြစ်ကြပါသနည်း၊ အသီးသီး ရှင်းလင်းစွာ ဖော်ပြပါ။

( က ) အတ္တကာမပါရိစရိယ၊ ( ခ ) ဒုဋ္ဌုလ္လာပတ္တိရောစန၊
( ဂ ) ဓမ္မဒေသနာ၊ ( ဃ ) ပဌမပါဝါရဏာ၊
( င ) အင်္ဂုလိပတောဒက။

( ၃ ) သမုဋ္ဌာန သီသ သင်္ခေပ သဉ္စရိတ္တ သမုဋ္ဌာန-၌ ပါရှိသော အောက်ပါ ပုဒ်တို့၏ အရ သိက္ခာပုဒ်တို့ကို ဆိုင်ရာ ပုဒ်နှင့် တွဲစပ်၍ အသီးသီး မှတ်လွဲအောင် ဖော်ပြပါ။

ရိဉ္စတ္တိ၊ ဝိကပ္ပနေန၊ ဒွါရ၊ ဒါန၊ သိဗ္ဗနာနိ။

( ၄ ) သံဃေ အဂါရဝ အဖွင့် အဋ္ဌကထာ-ဝယ် ဥပေါသထာဂါရ ဝိတက္က မာဠကာဒိသု ကာယပ္ပါဂဗ္ဘိယံ ဒဿေတိ စကားရပ်၌ အဘယ်ကို ကာယပ္ပါဂဗ္ဘိယ ခေါ်သည်ဟု ရှင်းပြပြီးလျှင်/ အန္တရပေယျာလ ကတိပုစ္ဆာဝါရ၌ ပါရှိသော ဝိဝါဒ မူလ အနုဝါဒမူလတို့၏ အထူးကို ရေးပြပါ။

( ၅ ) ကေတ္တရိကနယ ကေကဝါရ-၌ ပါရှိသော အောက်ပါ ပုဒ်တို့၏ အနက်ကို အသီးသီး ဖော်ပြပါ။

( က ) အနာပတ္တိကရဓမ္မ၊ ( ခ ) ထုလ္လဝဇ္ဇာပတ္တိ၊
( ဂ ) ဂိဟိပဋိသံယုတ္တာပတ္တိ၊ ( ဃ ) နိယတပုဂ္ဂလ၊
( င ) အနုက္ခိတ္တပုဂ္ဂလ။

( ၆ ) ဆယ်ဝါပြည့်သော ရဟန်းသာ သင့်၍ ဆယ်ဝါမပြည့်သော ရဟန်း မသင့်သော အာပတ်၊ ဆယ်ဝါမပြည့်သော ရဟန်းသာ သင့်၍ ဆယ်ဝါပြည့်သော ရဟန်း မသင့်သော အာပတ်တို့ကို အဋ္ဌကထာ ဋီကာ အလိုကျ အပြည့်အစုံ ထုတ်ပြ၍/ ပဌမ ကထိန အာပတ်သည် ညဉ့်အခါ၌ သင့်သော အာပတ်- နေ့အခါ၌ သင့်သော အာပတ်- နှစ်ပါးစုံသော အခါ၌ သင့်သော အာပတ်တို့တွင် အဘယ်အာပတ်သို့ သက်ဝင်နိုင်သည် ကို အကြောင်းနှင့် တကွ ရှင်းပြပါ။

(၇) စတုတ္ထာရော သာမုက္ကံသာ ပါဠိတော်၌ သာမုက္ကံသ မည်ကြောင်းနှင့် ယင်း၏ အရေတို့ကို ဖော်ပြ၍/ ရေကို သောက်လိုသော် အကပ်ခံရမည် - မခံရမည် ဤနှစ်လီကို မှတ်သားလောက်အောင် အကြောင်းပြလျက် ရှင်းလင်းချက် ထုတ်ပြပါ။

(၈) စူဠသင်္ဂါမ အနုဝိဇ္ဇကဿ ပဋိပတ္တိကထာ-၌ 'သံဃော ဥပသင်္ကမိတဗ္ဗော ရဇောဟရဏသမေန စိတ္တေန' စကားရပ်၏ အဓိပ္ပာယ်ကိုလည်းကောင်း ပရော ဝါ အဇ္ဈေသိတဗ္ဗော၌ တိုက်တွန်းအပ်သော ပုဂ္ဂိုလ်နှင့် ယင်းပုဂ္ဂိုလ်ကို ပြောဆို တိုက်တွန်းပုံ စကားကိုလည်းကောင်း အသီးသီး ထင်ရှားစွာ ဖော်ပြပါ။

(၉) စူဠသင်္ဂါမ-၌ ပါရှိသော အောက်ပါ ဂါထာကို အာလုပ်ပုဒ် ကတ္တားပုဒ် တို့ကို ထည့်စွက်၍ အဋ္ဌကထာနှင့် အညီ အနက်ပေးပါ။

အနုယောဂဝတ္တံ နိသာမယ၊ ကုသလေန ဗုဒ္ဓိမတာ ကတံ။
သုဝုတ္တံ သိက္ခာပဒါနုလောမိကံ၊ ဂတိံ န နာသေန္တော သမ္ပရာယိကံ။

(၁၀) ကထိနဘေဒ ပုဗ္ဗကရဏနိဒါနာဒိ ဝိဘာဂ-၌ ပစ္စုဒ္ဓါရော တီဟိ ဓမ္မေဟိ သင်္ဂဟိတော စသော စကားကို အဘယ်အကျိုးငှာ ဟောတော်မူရသည်ကို ဖော်ပြ၍/ ဝတ္ထုဝိပန္နဉ္စေဝ ဟောတိ ကာလဝိပန္နဉ္စ ကရဏဝိပန္နဉ္စ စကားရပ်၌ အဘယ်သည် ဝတ္ထုဝိပန္န ကာလဝိပန္န ကရဏဝိပန္န မည်သည်ကိုလည်း အသီးသီး ရှင်းပြပါ။

(၁၁) ဥပါလိပဉ္စက အနိဿိတဝဂ်-ဝယ် အာပတ္တိံ အာပန္နော ကမ္မကတော ဥပသမ္ပာဒေတိ ပါဠိ၌ အဘယ်ကို သိစေလို၍ 'အာပန္နော ကမ္မကတောတိ အာပတ္တိံ အာပန္နော တပ္ပစ္စယာဝ သံဃေန ကမ္မံ ကတံ ဟောတိ' ဟူ၍ အဋ္ဌကထာဆရာ ဖွင့်ဆိုရသည်ကို ရှင်းပြပြီးလျှင်/ န ပ္ပဋိပ္ပဿမ္ဘနဝဂ်ဝယ် ပဉ္စဟုပါလိ အင်္ဂေဟိ သမန္နာဂတဿ ဘိက္ခုနော ကမ္မံ နပ္ပဋိပဿမ္ဘေတဗ္ဗံ စကားရပ်၌ ထိုရဟန်းအား ကံကို မငြိမ်းစေခြင်း၏ အကြောင်းကိုလည်း ဖော်ပြပါ။

(၁၂) မုသာဝါဒဝဂ်-ဝယ် အပရေဟိ ပိ ဥပါလိ ပဉ္စဟာကာရေဟိ ဘိက္ခု အာပတ္တိံ အာပဇ္ဇတိ၊ ကတမေဟိ ပဉ္စဟိ၊ အဒဿနေန အဿဝနေန စသော စကားရပ်၌ အဒဿ-နေန (အာပတ္တိံ အာပဇ္ဇတိ) အဿဝနေန (အာပတ္တိံ အာပဇ္ဇတိ) ပုဒ်တို့၏ အဓိပ္ပာယ်ကို အဋ္ဌကထာလာတိုင်း အကျယ် ဖော်ပြပြီးလျှင်/ ဥဗ္ဗာဟိကဝဂ် ပဌမ ကဏှပက္ခ ပဉ္စက၌ ပါရှိသော န ပုဗ္ဗာပရ ကုသလော ဟောတိ စကားရပ်ဝယ် ပုဗ္ဗာပရ ကုသလော၌ ပုဗ္ဗာပရ၏ ဒါရုပ်ကို ပါဠိဘာသာဖြင့် အကုန်အစင် ထုတ်ပြပါ။

၁၀-မှတ်စီ။

# (ခ) တိပိဋကဓရ သဘာဝရေးဖြေ စာစမ်းပွဲ

## (၁) အဘိဓမ္မာပိဋက (ဓမ္မသင်္ဂဏီ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၁-ခုနှစ်၊ တပို့တွဲလဆန်း ၉-ရက်။ (၂၅-၁-၈၀)

——

(၁) ကုသလတိက မာတိကာ-'ယထာ ဝါ ကုသာ ဥဘယဘာဂဂတံ ဟတ္ထပ္ပဒေသံ လုနန္တိ ဧဝမိမေပိ ဥပ္ပန္နာ နုပ္ပန္နဘာဝေန ဥဘယဘာဂဂတံ ကိလေသပက္ခံ လုနန္တိ' ဟူသော အဋ္ဌကထာ၌ ကိလေသပက္ခ၏ ဥဘယဘာဂတို့၌ ဖြစ်ခြင်း၏ အကြောင်းကိုလည်းကောင်း ဥပမာနှင့် တကွ ကုသိုလ်တရားတို့၏ ဥဘယ ဘာဂဂတ ကိလေသပက္ခံကို ပယ်ဖြတ်ပုံ အခြင်းအရာကိုလည်းကောင်း ပြပြီးလျှင် / မဂ္ဂါဓိပတိနော ဓမ္မာ ဟူသော ပုဒ်၏ အရ တရားတို့ကိုလည်း ပဉ္စမ ယောဇနာနည်း အရ ကောက်ပြခဲ့ပါ။

(၂) ဥပ္ပန္နတိက်-ဥပ္ပန္နာ ဓမ္မာ ဟူသော ပုဒ်၏ အခြားမဲ့ ဖြစ်သော အနုပ္ပန္နာ ဓမ္မာ၌ အနုပ္ပန္နာသဒ္ဒါဖြင့် ပစ္စုပ္ပန်တရားတို့ကို သာ မရေတွက်ထိုက်သည် ဖြစ်ပါလျက် ပစ္စုပ္ပန်တရား အတိတ်တရားတို့ကို မရေတွက်ရခြင်း၏ အကြောင်းကို ပြပြီးလျှင် / ထိုအနုပ္ပန္နာ-ဓမ္မာ ဟူသော ပုဒ်၏ အရ သရုပ်ကိုလည်း ထုတ်ပြခဲ့ပါ။

(၃) ပရာမာသ သမ္ပယုတ္တဒုက်၌ ဒိဋ္ဌိကို ဒုက်မုတ် ထုတ်သင့်-မထုတ်သင့် သဘာဝယုတ္တိ အာဂမပါဠိယုတ္တိပြ၍ ဆုံးဖြတ်ပြီးလျှင် / နိရုတ္တိပထ၌ နာမ လာဘ အကြောင်းနှင့် တကွ နိရုတ္တိမည်သော တရားကိုလည်းကောင်း နိရုတ္တိပထ ဟူသော ပုဒ်၏ အရ သရုပ်ကိုလည်းကောင်း နိက္ခေပ ကဏ္ဍ ပါဠိနှင့် ညှိ၍ ကောက်ပြခဲ့ပါ။

(၄) ကာမာဝစရ ကုသလပဒ ဘာဇနီ မဟာကုသိုလ် ဉာဏဝိပ္ပယုတ္တ စိတ်သည် ဉာဏ်ပညာကြောင့် မဖြစ်ပါဘဲလျက် အဘယ်နည်းဖြင့် ကောသလ္လသမ္ဘူတအနက် ကြောင့် ကုသလမည်သည်ကို ဥပမာနှင့် တကွ ထင်ရှား ပြပြီးလျှင် / ထိုမဟာကုသိုလ်စိတ်၏ ကိစ္စ-သမ္ပတ္တိအားဖြင့် ရသကိုလည်းကောင်း ဥပဋ္ဌာနာကာရ-ဖလအားဖြင့်ပစ္စုပဋ္ဌာန်ကိုလည်းကောင်း ခွဲခြား ပြခဲ့ပါ။

(၅) 'ရသာရမ္မဏံ ပန ပရိဘောဂ ရသဝသေန ကထိတံ' ဟူသော အဋ္ဌကထာ၌ ပရိဘောဂ ရသ၏ အရ သရုပ်ကိုလည်းကောင်း ထိုပရိဘောဂရသကို ရသာရမ္မဏ ဟု ခေါ်ဆိုရခြင်း၏ အကြောင်းကိုလည်းကောင်း ပြပြီးလျှင် / ဝစီကမ္မဒွါရကထာ၌ ဝါစာ

သုံးမျိုးအနက် မည်သည့်ဝါစာနှင့် တကွ ဖြစ်သော ဝိညတ်သည် ဝစီကမ္မဒွါရ မည်ပါသနည်း၊ အထောက်သာဓက ပါဠိတော် ပြ၍ ဖြေရှင်းခဲ့ပါ။

( ၆ ) ပါဏာတိပါတာ - အဒိန္နာဒါနာ - ကာမေသုမိစ္ဆာစာရာ ဝိရမာမိ ဟု စိတ်ဖြင့်သာ ယူရာအခါ၌ မည်သည့်ကမ် မည်သည့်ဒွါရ ဖြစ်သည်ကို လည်းကောင်း တေဟိစိတ္တေဟိ သဟဂတာ အနဘိဇ္ဈာဒယော စေတနာ ပက္ခိကာ ဝါ ဟောန္တိ အဗျာဗာဟာရိကာဝါ ၌ စေတနာပက္ခိကာ အဗျာဗာဟာရိကာတို့၏ အဓိပ္ပာယ်ကိုလည်းကောင်း ပြပြီးလျှင်ယင်း ကုသိုလ်ကမ်ကိုလည်း ဓမ္မကောဋ္ဌာသ အာရမ္မဏ ဝေဒနာ မူလ ဟူသော အာကာရငါးရပ်တို့ဖြင့် ပိုင်းခြား ဆုံးဖြတ်ခဲ့ပါ။

( ၇ ) ရူပါဝစရကုသလနိဒ္ဒေသ တပါးသော ပါဠိတို့၌ သံ - ပရိ - ဝိ ဟူသော ဥပသာရတို့၏ အစွမ်းဖြင့် တပါးသော အခြင်းအရာအားဖြင့် ဖြစ်သော ဘာဝနာကြိယာ၏ အနက်များကိုလည်းကောင်း ထိုအနက်များ၏ အဓိပ္ပာယတ္ထကို လည်းကောင်း ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ ဟူသော ဤပါဌ်၌ အလိုရှိအပ်သော ဘာဝနာ ကြိယာ၏ အနက်ကိုလည်းကောင်း ထုတ်ပြပြီးလျှင် / ကာမာဝစရ ကုသလနိဒ္ဒေသ ၌ ဓမ္မပုဗ္ဗင်္ဂမ ဒေသနာကို ပြုအပ်သကဲ့သို့ ဤရူပါဝစရ ကုသလနိဒ္ဒေသ၌ မပြုမူ၍ ပုဂ္ဂလပုဗ္ဗင်္ဂမ ဒေသနာကို ပြုတော်မူခြင်း၏ အကြောင်းကိုလည်း စုံလင်စွာ ပြခဲ့ပါ။

( ၈ ) ကိလေသကာမပက္ခ၌ ကာမဟု အလိုရှိအပ်သော ကာမစ္ဆန္ဒကို အကုသိုလ်တရားတို့၌ အကျုံးဝင်သည် ဖြစ်ပါလျက် ဝိဘင်္ဂပါဠိ၌ တတ္ထ ကတမေ ကာမာ ဆန္ဒော ကာမော အစရှိသော နည်းဖြင့် အသီး အခြား ဟောတော်မူခြင်း၏ အကြောင်းကို (တနည်း) ရှေးပုဒ် နောက်ပုဒ်တို့၌ ဟောတော်မူခြင်း၏ အကြောင်း အသီးသီးကိုပြပြီးလျှင် / ဆယ်ပါး အပြားရှိသော အသုဘ အာရုံ၌ ပဌမဈာန်သာ ဖြစ်ခြင်း ဒုတိယဈာန် အစရှိသည်တို့ မဖြစ်ခြင်း၏ အကြောင်းကိုလည်း ဥပမာနှင့် တကွ ပြခဲ့ပါ။

( ၉ ) လောကုတ္တရကုသလ သမ္မာအာဇီဝနိဒ္ဒေသ - ၌ သမ္မာအာဇီဝသည် မည်သည့်ကမ် ဖြစ်၍ မည်သည့် ဒွါရ၌ ဖြစ်သည်ကို အကြောင်းပြ ဆုံးဖြတ်ပြီးလျှင် / ပဉ္စကနည်းဝယ် ပဉ္စမဈာန်ကို ပါဒက ပြုပြီးလျှင် ပကိဏ္ဏကသင်္ခါရ တို့ကို သုံးသပ်၍ ဖြစ်စေအပ်သော မဂ်၌ ဖြစ်နိုင် ရနိုင်သော ဈာန်နင်္ဂ ဗောဇ္ဈင်္ဂ မဂ္ဂင်္ဂတို့ကိုလည်းကောင်း အကြောင်း ဥပမာတို့နှင့် တကွ ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် မည်သည့် ဝေဒနာနှင့် တကွ ဖြစ်သည်ကိုလည်းကောင်း ပြခဲ့ပါ။

(၁၀) တေဘူမက ကုသိုလ်တို့ မိမိ၏ ဝိပါက်ကို အဓိပတိကို ယူစေခြင်းငှာ မစွမ်းနိုင်ခြင်း၏ အကြောင်း- လောကုတ္တရ ကုသိုလ်တို့ မိမိ၏ ဝိပါက်ကို အဓိပတိကို ယူစေခြင်းငှာ စွမ်းနိုင်ခြင်း၏ အကြောင်း အသီးသီးကို ညွှန်ပြပြီးလျှင် / ရူပကဏ္ဍ ဥဒ္ဒေသဝယ် ကြိယာဗျာကတကို ပြကြောင်း စကား ရပ်၌ ဝိပါကာဗျာကတ ကို ပြကြောင်း စကားရပ်၌ကဲ့သို့ 'ကာမာဝစရာ ရူပါဝစရာ အရူပါဝစရာ ဝေဒနာက္ခန္ဓော (ပ) ဝိညာဏက္ခန္ဓော' ဟူသော စကားကို ဆိုသင့်ပါလျက် မဆိုခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

(၁၁) အဘယ်သို့ ယုံမှားသော ပုဂ္ဂိုလ်သည် ဋ္ဌဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပန္န တရားတို့၌ ယုံမှားသည် မည်သနည်း၊ ရှင်းပြပြီးလျှင် / ဋ္ဌမေဿံ ဇရာမရဏာဒီနံ ပစ္စယာ ဋ္ဌဒပ္ပစ္စယာ၊ ဋ္ဌဒပ္ပစ္စယာနံ ဘာဝေါ ဋ္ဌဒပ္ပစ္စယတာ ဟူသော အဋ္ဌကထာ၌ ဋ္ဌဒပစ္စယာနံ ဘာဝေါ အရ သရုပ်ကိုလည်းကောင်း ဋ္ဌဒပ္ပစ္စယတာဟူသော အမည်၏ ဋ္ဌဒပ္ပစ္စယာနံ ဘာဝေါအရ တရား၏သာ အမည်ဖြစ်သင့်ပါလျက် ဇာတိ အစရှိသော အကြောင်း တရားတို့၏ အမည် ဖြစ်ရခြင်း၏ အကြောင်းကိုလည်းကောင်း ပြခဲ့ပါ။

(၁၂) အဋ္ဌကထာကဏ္ဍ မဂ္ဂါရမ္မဏတိက မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ် (၈)ခုတို့၏ မဂ္ဂါရမ္မဏ မဂ္ဂါဓိပတိ ဖြစ်ပုံကို ပုဂ္ဂိုလ် မဂ် ကာလ တို့ဖြင့် ခွဲခြားပြပြီးလျှင် / 'ရူပါဝစရ စတုတ္ထံ ဈာနံ ကုသလတော စ ကိရိယတော စ (ပ) ဋ္ဌမေဓမ္မာ သိယာ မဂ္ဂါရမ္မဏာ န မဂ္ဂဟေတုကာ န မဂ္ဂါဓိပတိနော' ၌ ဂဟေတဗ္ဗ ရူပါဝစရ စတုတ္ထဈာန်ကိုလည်းကောင်း ထိုဈာန်၏ မဂ္ဂါဓိပတိ မဖြစ်ခြင်း၏ ပရမ္မရ အကြောင်းကိုလည်းကောင်း ပြခဲ့ပါ။

၁၀ – မှတ်စီ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၂) အဘိဓမ္မာပိဋက (ဝိဘင်္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၁-ခုနှစ်၊ တပို့တွဲလဆန်း ၁၀-ရက်။ (၂၆-၁-၈၀)

---

(၁) ခန္ဓဝိဘင်္ဂ ဒုရဒုက နိဒ္ဒေသ - ကဗဠီကာရော အာဟာရော ဟူသော ပုဒ်၏ အဆုံး နိဂုမ်းအုပ်သင့်ရာ၌သာနှ၌ ဣဒံ ဝုစ္စတိ ရူပံ ဒူရေ ဟု နိဂုမ်းအုပ်တော်မမူခြင်း၏ အကြောင်းကို ပြပြီးလျှင်/ ဣဒံ ဝုစ္စတိ ရူပံ ဒူရေ၌ ဣဒံ ပုဒ်၏ အရကို အဋ္ဌကထာနှင့် အညီ သရုပ်ပေါ်အောင် စွဲပြခဲ့ပါ၊

(၂) သုတ္တန္တဘာဇနီယ ပကိဏ္ဏက ရုပ်ကို မဖြစ်ခစေနိုင်သော စိတ်များအနက် ပဋိသန္ဓေစိတ်၏ ရုပ်ကို မဖြစ်စေနိုင်ခြင်း၏ အကြောင်းကို စုံလင်စွာ ပြပြီးလျှင်/ အဘိဓမ္မဘာဇနီယ ဝေဒနာက္ခန္ဓ စတုဝီသတိ ဝိဓ နိဒ္ဒေသလာ မနောသမ္ဖဿဇပစ္စယာ ဝေဒနာက္ခန္ဓော အတ္ထိ ကုသလော အတ္ထိ အကုသလော အတ္ထိ အဗျာကတော၌ ကုသလော အကုသလော အဗျာကတော ပုဒ်တို့၏ အရ တရားကိုလည်းကောင်း ထိုတရားတို့၏ ကိစ္စအသီးသီးကိုလည်းကောင်း ညွှန်ပြခဲ့ပါ။

(၃) အာယတနဝိဘင်္ဂ သုတ္တန္တဘာဇနီယ - ဇီဝိတံ အဝှာယတီဟိ ဇီဝှာ ဟူသော အဋ္ဌကထာ - ၌ ဇီဝိတ၏ အရ တရားကိုလည်းကောင်း ထိုတရားကို ဇိဝှာပသာဒက ခေါ်ခြင်း (ဝါ) ခေါ်သကဲ့သို့ ဖြစ်ခြင်း၏ အကြောင်းကိုလည်းကောင်း ဋီကာနှင့် အညီ ညွှန်ပြပြီးလျှင်/ အာယတနတော (ပ) အာယတနတ္တိ ဝေဒိတဗ္ဗ၌ အာယတနတော ဟူသော ဟိတ်ပုဒ်ကို ဝိတ္ထာရစကားနှင့် အညီ အနက် သမ္ဗန်ခဲ့ပါ။

(၄) အာယတနဝိဘင်္ဂ ပဉှာပုစ္ဆက ပရိတ္တာရမ္မဏတိက ဒွါယတနာ သိယာ ပရိတ္တာ-ရမ္မဏာ (ပ) သိယာ န ဝတ္တဗ္ဗာ ပရိတ္တာရမ္မဏာတိပိ မဟဂ္ဂတာရမ္မဏာတိပိ အပ္ပ-မာဏာရမ္မဏာတိပိ၌ သိယာနှစ်ပုဒ်တို့၏ အရ သရုပ် အသီးသီးကို စုံလင်စွာ ကောက်ပြပြီးလျှင် / နောက်သိယာ အရ တရား၏ န ဝတ္တဗ္ဗ ကောဋ္ဌာသသို့ သက်ဝင်ခြင်း၏ အကြောင်း အသီးသီးကိုလည်း ညွှန်ပြခဲ့ပါ။

(၅) ဓာတုဝိဘင်္ဂ သုတ္တန္တဘာဇနီယ ပထဝီဓာတုနိဒ္ဒေသ - ၌ သရီရဋ္ဌက ပထဝီဓာတ်၏ ဥပါဒိန္န အနုပါဒိန္န နှစ်မျိုး ရှိခြင်းကြောင့် အဇ္ဈတ္တံ ဥပါဒိန္နံ အနုပါဒိန္နံ ဟု

ဟောသင့်ပါလျက် အဇ္ဈတ္တံ ဥပါဒိန္နံ ဟု ဟောတော်မူခြင်း၏ အကျိုးကို ပြပြီးလျှင်/ အဘိဓမ္မဘာဇနီယ စက္ခုဝိညာဏ နိဒ္ဒေသသာ စက္ခုံ စ ပဋိစ္စ ရူပေ စ ဟူသော ပါဠိ၌ မည်သို့သောအနက်ကို သိမှတ်အပ်ပါသနည်း၊ စက္ခု ရူပ နှစ်ပါးကိုသာ စွဲမှီ အကြောင်းပြု၍ ဟူသော နိတတ္ထ အနက်ကို သိမှတ်ထိုက်ပါသလော ဟူသော စောဒနာကို အကြောင်းနှင့်တကွ သောဓနာ ပြုခဲ့ပါ။

( ၆ ) သစ္စဝိဘင်္ဂ သုတ္တန္တဘာဇနီယ သစ္စဉာဏ - ကိစ္စဝိနိစ္ဆယ - ၌ အနုဗောဓဉာဏ် ပဋိဝေဓဉာဏ် နှစ်ပါးတို့၏ သစ္စာလေးပါးကို သိပုံ ထူးခြားချက်ကိုလည်းကောင်း အနုဗောဓဉာဏ်တွင် ဒုက္ခဉာဏ် ( ပ ) မဂ္ဂဉာဏ် ၄ - ပါးတို့၏ ပယ်ရှားအပ်သော ဒိဋ္ဌိများကိုလည်းကောင်း ပြပြီးလျှင်/ ဒုက္ခသစ္စ ဇာတိနိဒ္ဒေသဝယ် ပရမတ္ထအားဖြင့် ဇာတိတ္တိပြကြောင်း ပါဠိ၌ အဋ္ဌကထာ ဒုတိယနည်းအရ ဇာတိ သဥ္ဇာတိ ဩက္ကန္တိ အဘိနိဗ္ဗတ္တိပုဒ်တို့၏ အရကို အာယတန ယောနိအားဖြင့် ယထာသမ္ဘဝ ခွဲခြားပြခဲ့ပါ။

( ၇ ) မရဏနိဒ္ဒေသ–‘ဇာတိက္ခယ မရဏံ ဥပက္ကမ မရဏံ သရသ မရဏံ အာယုက္ခယ မရဏံ ပုညက္ခယ မရဏန္တိပိ တဿေဝ နာမံ’ ၌ ဇာတိက္ခယမရဏ စသော အမည် ငါးပါး၏ သမ္မုတိမရဏ၏သာ အမည်ဖြစ်ခြင်း၏ အကြောင်းကို ညွှန်ပြပြီးလျှင်/ သောကနိဒ္ဒေသလာ–ရောဂဗျသန သီလဗျသန ဒိဋ္ဌိဗျသနတို့၏ တရားကိုယ်ကိုလည်းကောင်း ဗျသနငါးပါးအနက် အနိပ္ဖန္န နိပ္ဖန္န ဗျသနများကိုလည်းကောင်း ခွဲခြား ပြခဲ့ပါ။

( ၈ ) ဣန္ဒြိယဝိဘင်္ဂ ဣန္ဒလိင်္ဂဋ္ဌေန ဣန္ဒြိယာနိ ဟူသော အဋ္ဌကထာ - ၌ နာမလာဘ အကြောင်းနှင့်တကွ ဣန္ဒ မည်သော တရားကိုလည်းကောင်း ဣန္ဒြိယာနိ ဟူသော နိပ္ဖန္နပုဒ်၏ အရ တရားများကိုလည်းကောင်း ထိုဘုရားများက ဣန္ဒ မည်သော တရားကိုသိစေပုံ ပြပုံ အခြင်းအရာကိုလည်းကောင်း ပြပြီးလျှင်/ ပဉ္စပုစ္ဆက-လာ ဒေါမနဿိန္ဒြိယံ သိယာ ပရိတ္တာရမ္မဏံ သိယာ မဟဂ္ဂတာရမ္မဏံ သိယာ န ဝတ္တဗ္ဗံ ပရိတ္တာရမ္မဏန္တိပိ မဟဂ္ဂတာရမ္မဏန္တိပိ ၌ သိယာပုဒ်များ၏ အရ ကာလကိုလည်း ညွှန်ပြခဲ့ပါ။

( ၉ ) ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ သုတ္တန္တဘာဇနီယ အဝိဇ္ဇာပဒနိဒ္ဒေသ ဥဒ္ဒေသ - ၌ အဝိဇ္ဇာပစ္စယာသင်္ခါရာဖြင့် အဝိဇ္ဇာကို ဝိသေသန အပ္ပဓာန၏ အဖြစ် - သင်္ခါရတို့ကို ဝိသေသျပဓာန၏ အဖြစ်ဖြင့် ဟောတော်မူအပ်ခဲ့သည့်အတွက် နိဒ္ဒေသ၌ အဝိဇ္ဇာ ဟူသော အကြောင်းရှိကုန်သော သင်္ခါရတို့ကို ရှေးဦးစွာ ဟောထိုက်ပါကုန်လျက် တတ္ထ ကတမာ

အဝိဇ္ဇာ ဒုက္ခေ အညာဏံ အစရှိသော စကားကို ဟောတော်မူခြင်း၏ အကျိုးကို အန္တော-နိတ အကြောင်းနှင့် တကွ ပြပြီးလျှင်/ ပုညာဘိသင်္ခါရ နိဒ္ဒေသလာ ကုသလာ စေတနာ (၀) ဘာဝနာမယာ၌ ကာမာဝစရ ရူပါဝစရ ကုသိုလ် စေတနာ ၁၃-ပါးလုံးကို ယူသင့်-မယူသင့် ယုတ္တိပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၁၀) သတိပဋ္ဌာန ဝိဘင်္ဂ သုတ္တန္တဘာဇနီယ ဝေဒနာနုပဿနာနိဒ္ဒေသ အဇ္ဈတ္တ ဗဟိဒ္ဓါဝါရ-၌ အဇ္ဈတ္တဝါရ ဗဟိဒ္ဓါဝါရတို့၌ ဟောအပ်သည့် နည်းဖြင့် မဟောဘဲ သုခံ ဝေဒနံ သုခါ ဝေဒနာတိ ပဇာနာတိ အစရှိသော စကားကို ဟောတော်မူခြင်း၏ အကြောင်းကို ပြပြီးလျှင်/ စိတ္တာနုပဿနာ နိဒ္ဒေသဝယ် တခုသော ပုဒ်၌ သေဝ်ဂ္ဂည်း မရနိုင်သော စိတ်ကိုလည်း မရနိုင်ခြင်း၏ အကြောင်းနှင့် တကွ ပြခဲ့ပါ။

(၁၁) ဉာဏဝိဘင်္ဂ ဒသကနိဒ္ဒေသ-လာ ဒိဋ္ဌိသမ္ပန္နော သံဃံ ဘိန္ဒေယျ-၌ သံဃံ အရ မည်သို့ သဘောရှိ-မည်သည့်ဌာန၌ တည်သော သံဃာ-ထိုသံဃာကို ခွဲနိုင်ခြင်း၏ အကြောင်းများကိုလည်းကောင်း ထိုအကြောင်းများအနက် ပမာဏဖြစ်သော အကြောင်းကိုလည်းကောင်း ပြပြီးလျှင်/သိုးကို သတ်အံ့ ဟူသော အဘိသန္ဓိစိတ်ဖြင့် လူ အဘရင်းကို သတ်သော လူပုဂ္ဂိုလ်သည် အာနန္တရိယကမ်သို့ ရောက်-မရောက်ကိုလည်း အကြောင်းပြ ဆုံးဖြတ်ခဲ့ပါ။

(၁၂) အပ္ပမညာဝိဘင်္ဂ သုတ္တန္တဘာဇနီယ မေတ္တာနိဒ္ဒေသ-လာ 'သေယျထာပိ နာမ ဧကံ ပုဂ္ဂလံ ပိယံ မနာပံ' စသော ပါဠိ၌ ပိယ မနာပ အမည်ရခြင်း၏ အကြောင်းစုံကို ပြပြီးလျှင်/ ၎င်းနိဒ္ဒေသ၌ ပိယ မနာပ ပုဂ္ဂိုလ်ကို ဥပမာပြု၍ ပိယံ မနာပံ ဟူသော စကားကို ဟောတော်မူခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

၁၀ — မှတ်စီ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာစမ်းပွဲ

### (၃) အဘိဓမ္မာပိဋက (ဓာတုကထာ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၁ - ခုနှစ်၊ တပို့တွဲလဆန်း ၁၁ - ရက်။ (၂၇ - ၁ - ၈၀)

---

(၁) နယမုခမာတိကာ - ၌ နာမလာဘ အကြောင်းနှင့် တကွ နယမုခ မည်သော တရားတို့ကို လည်းကောင်း နယမုခမာတိကာ ဟူသော ပုဒ်၏ အရ သရုပ်ကို လည်းကောင်း ပြပြီးလျှင် / သင်္ဂဟိတေန အသင်္ဂဟိတပုဒ် အစရှိသည်တို့၌ သစ္စာအစရှိသည်တို့ဖြင့်လည်း သင်္ဂဟ အသင်္ဂဟကို ဟောတော်မူသည်၏ အဖြစ်ကြောင့် စတူဟိ သင်္ဂဟော စတူဟိ အသင်္ဂဟော အစရှိသော စကားကို ဟောထိုက်သည် ဖြစ်လျက် မဟောမူ၍ တီဟိ သင်္ဂဟော တီဟိ အသင်္ဂဟော ဟူ၍ ဟောတော်မူခြင်း၏ အကြောင်း ကိုလည်း ပြခဲ့ပါ။

(၂) ပဌမနယ ခန္ဓပဒ နိဒ္ဒေသ - ၌ 'ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ' ဟု ခန္ဓ အာယတန ဓာတုပဒတို့ကို ထုတ်တော်မူခြင်း· စတ္တာရိ သစ္စာနိ အစရှိသော ပဒတို့တွင် တခုသော ပဒကို သော်လည်း ထုတ်တော်မမူခြင်း၏ အကျိုးကို အန္တောနိတ အကြောင်းနှင့် တကွ ပြပြီးလျှင် / ရူပက္ခန္ဓ နိဒ္ဒေသ၌ ရူပက္ခန္ဓာ၏ သဘာဂဖြစ်သော ခန္ဓာ အာယတန ဓာတ်တို့ကိုလည်းကောင်း ထိုတရားတို့၏ သဘာဂတာ အရကိုလည်းကောင်း လက္ခဏာမာတိကာနှင့် အညီ ထုတ်ပြခဲ့ပါ။

(၃) နာမရူပံ အရ မည်သည့်နာမ် ရုပ်ကို ယူရမည်နည်း၊ ပဋိသန္ဓိအခါ ဖြစ်သော နာမ် ရုပ်ကိုသာ ယူရမည်လော ဟူသော သံသယကို အထောက်သာဓကကို ပါဠိပြ၍ ဖြေရှင်းပြီးလျှင် / ဗာဝီသတိန္ဒြိယာနိ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတာနိ ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာ ပါဠိကို လည်းကောင်း ထိုပါဠိ၌ အာယတန ဓာတု ကရိုဏ်း ပုဒ်များ၏ အရကိုလည်းကောင်း ဖော်ထုတ် ကောက်ပြခဲ့ပါ။

(၄) ဒုတိယနယနိဒ္ဒေသဝယ် 'စက္ခာယတနေန ယေ ဓမ္မာ ခန္ဓသင်္ဂဟေန သင်္ဂဟိတာ အာယတနသင်္ဂဟေန အသင်္ဂဟိတာ ဓာတုသင်္ဂဟေန အသင်္ဂဟိတာ' ဟူသော စကားဖြင့် ဥဒ္ဒေသ၌ ထုတ်ဆောင်အပ်ခဲ့သည့် မည်သို့ သဘောရှိသော တရားကို ပြပါသနည်း၊ ဋီကာ နည်းအရ ဖြေရှင်းပြီးလျှင် / အနိဒဿန သပ္ပဋိဃဓမ္မ ဟောပုဒ်ဖြစ်ခိုက် · ယေ ဓမ္မာ အရ

တရားကိုလည်းကောင်း ဝိဿဇ္ဇနာ၌ အသင်္ဂဟိတာ၏ အာယတန ဓာတု ကရိုဏ်း ပုဒ်များ၏ အရကိုလည်းကောင်း ပြခဲ့ပါ။

(၅) တတိယနယနိဒ္ဒေသ - ၌ လက္ခဏာကို အဋ္ဌကထာ အလိုကျ ညွှန်ပြပြီးလျှင်/ စိတ္တသဟဘူဓမ္မယောပုဒ် ဖြစ်ခိုက် - စိတ္တသဟဘူဓမ္မ၏ အရ ယေ ဓမ္မာ၏ အရ ခန္ဓသင်္ဂဟေန ၏ အရတို့ကိုလည်း ကောက်ပြခဲ့ပါ။

(၆) စတုတ္ထနယနိဒ္ဒေသ - ၌ ထုတ်အပ် ယူအပ်သော ပုဒ် - မထုတ် မယူအပ်သောပုဒ် တို့ကို ယူရခြင်း – မယူရခြင်း၏ အကြောင်းနှင့် တကွ ဋီကာနည်း အရ ညွှန်ပြပြီးလျှင် / ပရိဒေဝပုဒ် ယောပုဒ်ဖြစ်ခိုက်- ပရိဒေဝေန၏ အရ–ပဉ္စမ ယေ ဓမ္မာ၏ အရ–တေ ဓမ္မာ ၏ အရ တရားတို့ကိုလည်း ကောက်ပြခဲ့ပါ။

(၇) ပဥ္စမနယနိဒ္ဒေသအဖွင့် အဋ္ဌကထာ-လာ စတုတ္ထပဥှာဝယ်'စက္ခာယတနံ ဝေဒနာ-ဝိဟိ စတုဟ်' ဟူသော ပါဠိ၌ စက္ခာယတနံ ဟူသော ပုဒ်ဖြင့် မည်သို့သော စက္ခာယတနကို ပြပါသနည်း၊ စက္ခာယတနသည် မရေတွက်အပ်သော တရားတို့က မရေတွက်အပ်သော စက္ခာယတနကို ပြပါသလော၊ ယုတ္တိပြ၍ ရှင်းပြီးလျှင် / သုခိန္ဒြေ နေဝသညာနာသညာဘဝ လောကုတ္တရာဓမ္မတို့ ယောပုဒ်များဖြစ်ခိုက် - ပဉ္စမ ယေ ဓမ္မာနှင့် ဝိဿဇ္ဇနာ၌ တေ ဓမ္မာတို့၏ အရကိုလည်းကောင်း ခန္ဓ အာယတန ဓာတု ကရိုဏ်းပုဒ် ပါဠိသက်သက်ကို လည်းကောင်း ထုတ်ပြခဲ့ပါ။

(၈) ဆဋ္ဌနယ-နာမ်တရားတို့၏ နာမ်တရားတို့နှင့် သမ္ပယောဂ ဖြစ်ခြင်း ဝိပ္ပယောဂ ဖြစ်ခြင်း တို့၏ အကြောင်း အသီးသီးကို စုံလင်စွာပြပြီးလျှင် / ရုပ်တစိတ် နိဗ္ဗာန်တို့၏ ရုပ်တစိတ်နှင့် ရုပ်၏ နိဗ္ဗာန်နှင့် သမ္ပယောဂ မဖြစ်ခြင်း- ဝိပ္ပယောဂ မဖြစ်ခြင်း အကြောင်းကိုလည်း ဖော်ပြခဲ့ပါ။

(၉) ဖဿ အဓိမောက္ခ ဣဒ္ဓိပါဒတို့ ယောပုဒ်ဖြစ်ခိုက် - ကေဟိစိ သမ္ပယုတ္တပါဠိများကို စုံလင်စွာ ထုတ်၍ အရကောက်ပြီးလျှင် / ဆဋ္ဌနယ နိဒ္ဒေသလာ ဥဒ္ဒါနဂါထာကိုလည်း ရေးခဲ့ပါ။

(၁၀) 'သဝိတက္က သဝိစာရေဟိ ဓမ္မေဟိ ယေ ဓမ္မာ သမ္ပယုတ္တာ တေဟိ ဓမ္မေဟိ ယေ ဓမ္မာ ဝိပ္ပယုတ္တာ တေ ဓမ္မာ န ကေဟိစိ ခန္ဓေဟိ န ကေဟိစိ အာယတနေဟိ ကေဟိ ဓာတု-ယာ ဝိပ္ပယုတ္တာ' ဟူသော ပါဠိ၌ တေ ဓမ္မာ (ပ) ဝိပ္ပယုတ္တာ ဟူသော ဝါကျကို သရုပ်ပေါ် အောင် အနက်သမ္ဗန်ပြီးလျှင် / ၎င်းတရားတို့ တစုံတခုသော ခန္ဓာ အာယတနတို့နှင့် ဝိပ္ပယုတ် မဖြစ်ခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

(၁၁) ဒသမနယနိဒ္ဒေသ၌ ဓမ္မာယတန ဓမ္မဓာတ်တို့ကို မယူခြင်း အကြောင်းကို ပြပြီးလျှင် / အောက်ပါ ပုစ္ဆာများ၏ အဖြေများကိုလည်း ပါဠိ သက်သက် ထုတ်ခဲ့ပါ။

(က) ရူပဇီဝိတိန္ဒြိယေန ယေ ဓမ္မာ ခန္ဓသင်္ဂဟေန အာယတနသင်္ဂဟေန ဓာတုသင်္ဂဟေန သင်္ဂဟိတာ၊ တေ ဓမ္မာ ကတိဟိ သမ္ပယုတ္တာ ကတိဟိ ဝိပ္ပယုတ္တာ။

(ခ) သမုဒယသစ္စေန ယေ ဓမ္မာ သမ္ပယုတ္တာ တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ (ပ) သင်္ဂဟိတာ ကတိဟိ အသင်္ဂဟိတာ။

(၁၂) စုဒ္ဒသမနယ ဥဒ္ဒါန ဂါထာ–၌ 'တေ သတ္တစတ္တာလီသ ဓမ္မာ သမုစ္ဆေဒေန လဗ္ဘန္တိ မောဃပုစ္ဆကေန' ဟူသော ပါဌ်ကို မောဃပုစ္ဆကေန ပုဒ်၏ ဖြစ်သင့်သည့် အနက်များ ပေါ်လွင်စေ၍ အနက်ယောဇနာပြီးလျှင် / အောက်ပါ ပုစ္ဆာပါဠိများ၏ ဝိဿဇ္ဇနာ ပါဠိကိုလည်း ပြခဲ့ပါ။

(က) အနုပါဒိန္န အနုပါဒါနိယေဟိ ဓမ္မေဟိ ယေ ဓမ္မာ ဝိပ္ပယုတ္တာ၊ တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ သင်္ဂဟိတာ ကတိဟိ အသင်္ဂဟိတာ။

(ခ) အသံကိလိဋ္ဌ သံကိလေသေဟိ ဓမ္မေဟိ ယေ ဓမ္မာ ဝိပ္ပယုတ္တာ၊ တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ သင်္ဂဟိတာ ကတိဟိ အသင်္ဂဟိတာ။

၁၀–မှတ်စီ

## (ခ) အဘိဓမ္မာ (ကျမ်း)ဝါရေး သမအဘာရေးဖြေ စာမေးပွဲ

(၄) အဘိဓမ္မာပိဋက (ပုဂ္ဂလပညတ်) ပါဠိ + အဋ္ဌကထာ မေးခွန်း
၁၃၄၁ - ခုနှစ်၊ တပို့တွဲလဆန်း ၁၂ - ရက်။ (၂၀ - ၁ - ၈၀)

(၁) နှစ်ခုတို့၏ ပြည့်ကြောင်း အစရှိသော ပညတ် နှစ်ခုတို့ အစရှိသော ပညတ်များသည် မည်သည့် အကြောင်းကြောင့် မည်သည့်ပညတ် မည်သည်ကိုလည်းကောင်း မည်သည့်ပညတ်ဝ် ပက္ခသို့ သက်ဝင်ကြသည်ကိုလည်းကောင်း အဋ္ဌကထာနည်းအရ ညွှန်ပြပြီးလျှင်/ ဋီကာနည်းအရ ထိုပညတ်များသည် 'မည်သည့် အကြောင်းကြောင့် မည်သည့်ပညတ်ဝ် ပက္ခသို့ သက်ဝင်ကြသည်ဟု ဆိုသင့်သည်ကိုလည်း ပြခဲ့ပါ။

(၂) ကေက— 'ဣဓေကစ္စော ပုဂ္ဂလော လာဘီ ဟောတိ၊ ရူပသဟဂတာနံ ဝါ အရူပသဟဂတာနံ ဝါ သမာပတ္တီနံ' ဟူသော ပါဠိကို ရူပ၏ သရုပ် အရူပ၏ သရုပ် သဟဂတ၏ သဒ္ဒတ္ထ အဓိပ္ပာယတ္ထ ဝိသေသန အားလျော်စွာ သမာပတ္တိနံ ပုဒ်၏ သရုပ်များ ပေါ်လွင်စေ၍ အနက် သမ္ဗန်ခဲ့ပါ။

(၃) ကေက စေတနာဘဗ္ဗနိဒ္ဒေသ - ၌ စေတနာပုဒ်၏ အရ - အနုရက္ခဏာဘဗ္ဗနိဒ္ဒေသ၌ အနုရက္ခဏာပုဒ်၏ အရကိုလည်းကောင်း နာမလာဘအကြောင်းနှင့် တကွ စေတနာဘဗ္ဗ အနုရက္ခဏာဘဗ္ဗ မည်သော ပုဂ္ဂိုလ်များကိုလည်းကောင်း သံဝဏ္ဏနာနှင့် ညီတိကျစွာ ထုတ်ပြပြီးလျှင်/ ဂေါတြဘူ မည်သော ပုဂ္ဂိုလ်ကိုလည်း ပါဠိတော်နည်း အရ ထုတ်ပြခဲ့ပါ။

(၄) ဒုက ဒုလ္လဘနိဒ္ဒေသ သံဝဏ္ဏနာ၌ လာသည့် အကာရဏဝစ္ဆလ - သကာရဏဝစ္ဆလ ပုဂ္ဂိုလ်နှစ်မျိုးတို့၏ ထူးခြားချက်ကို ပြပြီးလျှင်/ တမော ဇောတိပရာယဏပုဂ္ဂိုလ်ကို ပုဗ္ဗကာရီ ဟု ခေါ်ဆိုရခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

(၅) တိက နိရာသပုဂ္ဂလနိဒ္ဒေသ - လာ (က) သက်ဿရသမာစာရော (ခ) ပဋိစ္ဆန္နကမ္မန္တော (ဂ) အန္တောပူတိ (ဃ) အဝဿုတော (င) ကသမ္ဗုဇာတော ဟူသော ပုဒ်တို့၏ ဖြစ်သင့်သမျှ အနက်များကို အဋ္ဌကထာနှင့် အညီ ပြပြီးလျှင်/ ဝိဂတာသ ပုဂ္ဂလနိဒ္ဒေသ - ၌ ရဟန္တာပုဂ္ဂိုလ်အား ငါသည် အဘယ်မည်သောအခါ အရဟတ္တဖိုလ်သို့ ရောက်ရပါအံ့နည်း ဟူသော တောင့်တမှု၏ မရှိခြင်းကိုလည်း အကြောင်း ဥပမာနတို့နှင့် တကွ အကျဉ်းချုံး ပြခဲ့ပါ။

(၆) တိက သေဝိတဗ္ဗပုဂ္ဂလ နိဒ္ဒေသ - လာ 'သာစ နော ဖာသု ဘဝိဿတိ၊ သာ စ နော ပဝတ္တိနီ ဘဝိဿတိ' ဟူသော ပါဠိတော်အရာ၌ သီလဝန္တ ပုဂ္ဂိုလ် နှစ်ဦးတို့၏ သီလကထာသည် မည်သည့် အကြောင်းကြောင့် ချမ်းသာစွာ နေရကြောင်းလည်း ဖြစ်-ကြာမြင့်စွာ တည်ခြင်းလည်း ရှိပါသနည်း၊ ဖြေရှင်းပြီးလျှင်/ သုက္ကတွာ ဂရုံကတွာ သေဝိ

တဗ္ဗပုဂ္ဂလ နိဒ္ဒေသ - ၌ မည်သို့သော ပုဂ္ဂိုလ်သည် ထိုထိုသုတ်သင်ထိုက်-ပွားစေထိုက်သော သီလက္ခန္ဓအရာ၌ သီသက္ခန္ဓကို ပညာဖြင့် ချီးမြှောက်သည် မည်သနည်း၊ ဖြေရှင်းပြခဲ့ပါ။

(၇) စတုက္က အမ္ဗူပမ ပုဂ္ဂလ နိဒ္ဒေသ — သရက်သီး၌ အာမတာ ပက္ကဝဏ္ဏိဘာ ပုဂ္ဂိုလ်၌ အာမတာ ပက္ကတာ ပက္ကဝဏ္ဏိဘာ တို့၏ အရ သရုပ် ဖော်ထုတ်ပြီးလျှင်/ ကုမ္ဘူပမပုဂ္ဂိုလ်တို့တွင် တုစ္ဆ ပိဟိတ ပုဂ္ဂိုလ်ကိုလည်း အဋ္ဌကထာနှင့် အညီ ပြခဲ့ပါ။

(၈) စတုက္က ဝလာဟကူပမ ပုဂ္ဂလနိဒ္ဒေသ—၌ ဘာသိတာ ဟောတိ နော ကတ္တာ၏ အရ ပုဂ္ဂိုလ်ကို ရဟန်း၏ အစွမ်းအားဖြင့် လည်းကောင်း ပစ္စယဒါယကာ၏ အစွမ်းအားဖြင့် လည်းကောင်း ခွဲခြားညွှန်ပြပြီးလျှင်/ ဂန္ထဓုရ ဝါသဓုရ နှစ်ပါးတို့၏ ထူးခြားချက်ကိုလည်း ပြခဲ့ပါ။

(၉) စတုက္က အတ္တဟိတာယ ပဋိပန္နပုဂ္ဂလနိဒ္ဒေသ · အတ္တဟိတ ပဋိပန္န စသော ပုဂ္ဂိုလ် ၄-ယောက်တို့သည် သာသနာတော်ဝယ် အစဉ်အတိုင်း မည်သည့် ပုဂ္ဂိုလ်များနှင့် တူသည်ကို ညွှန်ပြပြီးလျှင်/ ၎င်းနိဒ္ဒေသ အဋ္ဌကထာ၌ မဂ္ဂဖလနိဗ္ဗာန ပစ္စဝေက္ခဏာ ဉာဏ်တို့သာ ဝိမုတ္တိမည်သော မဂ်ဖိုလ်နိဗ္ဗာန်တို့ကို သိမြင် ဆင်ခြင်တတ်သည်ဖြစ်၍ ဝိမုတ္တိဉာဏဒဿန ဖြစ်ရာသည်၏ အဖြစ်ကြောင့် ဝိမုတ္တိဉာဏဒဿနံ ဒွါဒသဝိဓံ ပစ္စဝေက္ခဏာဉာဏံ ဟု ဖွင့်ဆိုသင့်ပါလျက် ဝိမုတ္တိဉာဏဒဿနံ ဧကူန ဝီသတိဝိဓံ ပစ္စဝေက္ခဏာဉာဏံ ဟု ဖွင့်ဆိုခြင်း၏ အကြောင်းကိုလည်း ဋီကာအာဘော် သွင်း၍ ပေါ်လွင်စွာ ဖြေရှင်းခဲ့ပါ။

(၁၀) ပဉ္စက — 'သာဓု ဝတာယသ္မာ အာရမ္ဘဇေ အာသဝေ ပဟာယ ဝိပ္ပဋိသာရဇေ အာသဝေ ပဋိဝိနောဒေတွာ' ၌ သာမုသဒ္ဒါ၏ အနက် အာရမ္ဘဇ အာသဝတို့ကို ပယ်ရှားကြောင်း အစီရင် - ဝိပ္ပဋိသာရဇ အာသဝတို့ကို ပယ်ထုတ်ကြောင်း အစီရင်တို့ကို စုံလင်စွာ ပြပြီးလျှင်/ သမုနာ ပဉ္စမေန ပုဂ္ဂလေန သမသမော ဟောတိ၌ ပဉ္စမ ပုဂ္ဂလ အရကိုလည်းကောင်း မည်သည်တို့ အားဖြင့် တူသည်ကိုလည်းကောင်း ညွှန်ပြခဲ့ပါ။

(၁၁) ပဉ္စက — ယောဓာဇီဝူပမပုဂ္ဂလနိဒ္ဒေသ - 'ပုန စ ပရံ ဘိက္ခဝေ ဧကစ္စော ဘိက္ခု သဟတိ ရဇဂ္ဂံ၊ အပိစ ခေါ ဓဇဂ္ဂညေဝ ဒိသွာ (ပ) ဘိက္ခုဒမသ ဓဇဂ္ဂသ္မိံ' ဟူသော ပါဠိ၌ ပေယျာလကို ဖော်ပြခဲ့ပါ။

(၁၂) ဆက္ကနိဒ္ဒေသ — 'တေန အနာစရိယကေန အတ္တနာ ဉပ္ပါဒိတေ သဗ္ဗညုတ-ညာဏေန သမ္မာသမ္ဗုဒ္ဓေါ ဒဋ္ဌဗ္ဗော' ၌ အနာစရိယကေန အတ္တနာ ဉပ္ပာဒိတေန ဟူသော စကားဖြင့် အဘယ်ကို တားမြစ်ပါသနည်း ဟူသော ပုစ္ဆာကို ဂဟေတဗ္ဗ နိဝတ္တေတဗ္ဗ နှစ်မျိုးပြ၍ ဖြေရှင်းပြီးလျှင်/ ဒသကနိဒ္ဒေသလာ ဘိက္ခု ဝိဟာယ နိဋ္ဌာ၌ ဘိက္ခု၏ အရ-ဝိဟာယ၏ ကမ် နိဋ္ဌာ၏ အဓိပ္ပေတ သရုပ်တို့ကိုလည်း အဋ္ဌကထာနည်း အရ ထုတ်ပြခဲ့ပါ။

၁၀—မှတ်စီ။

## (ခ) တိပိဋကဓရ သဓ္ဓဘာဇ ရေးဖြေ စာမေးပွဲ

### (၅) အဘိဓမ္မာပိဋက (ကထာဝတ္ထု) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၁-ခုနှစ်၊ တပို့တွဲလဆန်း ၁၃-ရက်။ (၂၉-၁-၈၀)

—

(၁) ပုဂ္ဂလကထာ သုဒ္ဓသစ္စိကဋ္ဌ အနုလောမ ပစ္စနိက ဉာနယန စတုက္က-၌ တို့ စေ မညသိ အစရှိသော စကားဖြင့် နိဂ္ဂဟကို ပြုပြီးပါလျက် ဧေသ စေ နိဂ္ဂဟိတေ ဟောဝ မေဝံ တတ္ထ ဒက္ခ ဟူသော ဝါကျကို ပရဝါဒီ ပုဂ္ဂိုလ်ဆိုခြင်း၏ အကြောင်းကို ပြပြီးလျှင်/ ထည့်သင့်သော ပုဒ်များကို ထည့်၍ ထိုဝါကျ၏ အနက်ကို သချပ်ပေါ်လွင် နည်းစုံလင်စွာ ယောဇနာခဲ့ပါ။

(၂) သတိပဋ္ဌာနကထာ၌ သတိဂေါစရကို သတိပဋ္ဌာန ဟု ယူသော ဝါဒ၊ သတိကိုသာ သတိပဋ္ဌာန ဟု ယူသော ဝါဒ နှစ်မျိုးလုံးပင် ပရိယာယအားဖြင့် သင့်လျော်ခြင်း၏ အကြောင်းကို သကသမယ အလိုကျ ထုတ်ပြပြီးလျှင်/ သဗ္ဗေ ဓမ္မာ သတိ ဟူသော သကဝါဒီ ပုစ္ဆာ၌ န ဟေဝံ ဝတ္တဗ္ဗေ ဟု ပရဝါဒီ ပုဂ္ဂိုလ် ဖြေဆိုခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

(၃) ကေစိ အတ္ထိဘိ ကထာ— အတီတံ အတ္ထိ ဟူသော သကဝါဒီပုစ္ဆာ-၌ ကေစိ အတ္ထိ ကေစိ နတ္ထိ ဟု ဖြေဆိုသော ပရဝါဒီ၏ အဓိပ္ပာယကို ဖော်ပြပြီးလျှင်/ အတီတာ အဝိပက္က ဝိပါကာဓမ္မာ ဝိပစ္စိဿန္တီတိ ကတွာ တေ အတ္ထိ ဟူသော သကဝါဒီ ပုစ္ဆာ၌ ပရဝါဒီ အလို အဝိပက္ကဝိပါကဓမ္မ၏ အရ သရုပ်ကိုလည်းကောင်း အာမန္တာ ဟု ဖြေဆိုသော ပရဝါဒီ၏ ရည်ရွယ်အပ်သော သဘောတရားကိုလည်းကောင်း ပြခဲ့ပါ။

(၄) ပရူပဟာရကထာ—'အတ္ထိ အရဟတော အသုစိ သုက္ကဝိဿဋ္ဌိ' ဟူသော သကဝါဒီ ပုစ္ဆာ၌ ပရဝါဒီ ပုဂ္ဂိုလ်သည် မည်သည့် အရာကို မြင်၍ မည်သည့် ထင်မြင်ချက်ကြောင့် အာမန္တာ ဟု ဝန်ခံ ဖြေဆိုသည်ကို ပြပြီးလျှင်/ မာရကာယိကာ ဒေဝတာ အတ္တနော အသုစိံ သုက္ကဝိဿဋ္ဌိံ ဉပသံဟရန္တိ အညေသံ (ပ) တဿ အသုစိံ သုက္က-ဝိဿဋ္ဌိံ ဉပသံဟရန္တိ ဟူသော ပုစ္ဆာ၌ ပရဝါဒီ ပုဂ္ဂိုလ် ပယ်ချသား ဖြေဆိုခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

( ၅ ) အဠမကဿ ဣန္ဒြိယကထာ — အဠမကဿ ပုဂ္ဂလဿ နတ္ထိ သဒ္ဓိန္ဒြိယံ ဟူသော သကဝါဒီ ပုစ္ဆာ၌ အာမန္တာ ဟု ဖြေဆိုသော ပရဝါဒီ၏ အယူကိုလည်းကောင်း အဠမကဿ ပုဂ္ဂလဿ နတ္ထိ သဒ္ဓါ ဟူသော ပုစ္ဆာ၌ ပရဝါဒီ ပုဂ္ဂိုလ် ပယ်ရှား ဖြေဆိုခြင်း၏ အကြောင်းကိုလည်းကောင်း ပြပြီးလျှင်/ အဠမကဿ ပုဂ္ဂလဿ အတ္ထိ မနော အတ္ထိ မနိန္ဒြိယံ အစရှိသော ပုစ္ဆာ စကားကို သကဝါဒီ ပုဂ္ဂိုလ် မြွက်ဆို အားထုတ်ခြင်း၏ မနသာဝဝဲတ္ထပိတ အကျိုးကိုလည်း ပြခဲ့ပါ။

( ၆ ) ဒိဗ္ဗစက္ခုကထာ — 'မံသစက္ခုံ ဓမ္မုပတ္ထဒ္ဓံ စက္ခုံ ဟောတိ' ဟူသော သကဝါဒီ ပုစ္ဆာ၌ အာမန္တာ ဟု ဖြေဆိုသော ပရဝါဒီ၏ အယူကို ပြပြီးလျှင်/ 'ယာဒိသော မံသစက္ခုဿ ဝိသယော အာနုဘာဝေါ ဂေါစရော၊ တာဒိသော ဒိဗ္ဗဿ စက္ခုဿ ဝိသယော အာနုဘာဝေါ ဂေါစရော' ဟူသော သကဝါဒီပုစ္ဆာ၌ မံသစက္ခု ဒိဗ္ဗစက္ခုတို့၏ ဝိသယ အာနုဘာဝ ဂေါစရကရဏချင်း တူ - မတူကိုလည်း ခွဲခြား ပြခဲ့ပါ။

( ၇ ) အနာဂတညာဏကထာ - ၌ 'ဂေါတြဘုနော ပုဂ္ဂလဿ သောတာပတ္တိမဂ္ဂေ ညာဏံ အတ္ထိ' အစရှိသော စကားကို အဘယ်အကျိုးငှာ သကဝါဒီ ပုဂ္ဂိုလ် ထုတ်ဆိုအပ်ပါသနည်း၊ ဖြေရှင်းပြီးလျှင်/ ညာဏ်၏ ဖြစ်ရာ အနာဂတ် အာရုံကို ပြခြင်းငှာ ပရဝါဒီ ထုတ်ဆောင်အပ်သည့် သုတ်ကိုလည်းကောင်း ထိုသုတ်၏ ထုတ်ဆောင်အပ်ရာ မရောက်ခြင်း အကြောင်းကိုလည်းကောင်း ပြခဲ့ပါ။

( ၈ ) နိယာမကထာ - လာ ပဌမအသင်္ခတာနိ ဟူသော ပုရိမပဥှာ - ၌ ပင်္ဂကွေပ ဝိဿဇ္ဇနာ အလားတူ ပစ္ဆိမပဥှာ၌ ပဋိဝစန ဝိဿဇ္ဇနာတို့ကို ပရဝါဒီပုဂ္ဂိုလ် ထုတ်ဆိုခြင်း၏ အကြောင်း အသီးသီးကို ပြပြီးလျှင်/ မိစ္ဆတ္တနိယာမေ ဥပ္ပဇ္ဇနိရုဒ္ဓေ အနိယတော ဟောတိ ဟူသော ပဥှာကို မည်သည့်အကျိုးငှာ မည်သည့်ပုဂ္ဂိုလ် တုတ်ဆိုအပ်ပါသနည်း၊ ဖြေရှင်းခဲ့ပါ။

( ၉ ) အာကာသော သနိဒဿနောတိ ကထာ - 'အာကာသော သနိဒဿနော' ဟူသော သကဝါဒီ ပုစ္ဆာ၌ ပရဝါဒီ ပုဂ္ဂိုလ်သည် အဘယ်ကို မှီ၍ အဘယ်အယူ၌ တည်၍ အာမန္တာ ဟု ဝန်ခံ ဖြေဆိုပါသနည်း၊ ဖြေရှင်းပြီးလျှင်/ 'နနု ပဿတိ ဒွိန္နံ ရုက္ခာနံ (ပ) ဝါတ ပါနစ္ဆိဒ္ဒံ' ဟူသော ပရဝါဒီ စကားက အာကာသ၏ သနိဒဿန အဖြစ်ကို မပြီးစေနိုင်ခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

(၁၀) သမ္ပယုတ္တကထာ - 'နတ္ထိ ကေစိ ဓမ္မာ ကေဟိစိ ဓမ္မေဟိ သမ္ပယုတ္တာ' ဟူသော သကဝါဒီ ပုစ္ဆာ၌ ဝန်ခံ ဖြေဆိုသော ပရဝါဒီ ပုဂ္ဂိုလ်၏ အယူကို ပြပြီးလျှင်/ ပရဝါဒီ ပုဂ္ဂိုလ် ထုတ်ဆောင်အပ်သည့် 'ယထာ တိလမှိ တေလံ အနုဂတံ အနုပဝိဋ္ဌံ' စသော ဥပမာပဋ္ဌာ၏ မထုတ်ဆောင်အပ်သည်နှင့် တူသည်သာ ဖြစ်ရခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

(၁၁) စေတသိက ကထာ - 'အတ္ထိ စေတသိကာ' ဟူသော သကဝါဒီ ပုစ္ဆာ၌ အာမန္တာ ဟု ဝန်ခံ ဖြေဆိုသော ပရဝါဒီ၏ အယူကို ပြပြီးလျှင်/ 'နနု တယော သမာဓိ ရတ္တာ ဘာဂဝတာ သဝိတက္ကော သဝိစာရော သမာဓိ အဝိတက္ကော ဝိစာရမတ္တော သမာဓိ အဝိတက္ကော အဝိစာရော သမာဓီ'တိ' ဟူသော ပုစ္ဆာ စကား၌ သကဝါဒီ၏ အဓိပ္ပာယကိုလည်း ပြခဲ့ပါ။

(၁၂) ဗာဝီသတိမဝဂ္ဂ အဗျာကတ ကထာ – 'သုပိနဂတဿ စိတ္တံ အဗျာကတံ' ဟူသော သကဝါဒီ ပုစ္ဆာ၌ အာမန္တာ ဟု ဖြေဆိုသော ပရဝါဒီ၏ အယူကို ပြပြီးလျှင်/ 'နနု သုပိနဂတဿ စိတ္တံ အဗ္ဗောဟာရိကံ ဝုတ္တံ ဘဂဝတာ' ဟူသော ပရဝါဒီ၏ ပဋ္ဌာ၌ စိတ္တံ အရ မည်သည့်စိတ်· ထိုစိတ်သည် မည်သည့်အကြောင်းကြောင့် အဗ္ဗောဟာရိက ဖြစ်သည်ကို ဂဟေတဗ္ဗ နိဝတ္တေတဗ္ဗ အားဖြင့် ခွဲခြား၍ ပြခဲ့ပါ။

၁၀–မှတ်စီ။

## သုတ္တန် ဝိနည်း အဘိဓမ္မာ တိပိဋကရေ ပုစ္ဆာ ပေါင်းချုပ်

# ဓမ္မဒါန-ကောင်းမှုရှင်များ

---

| | | | |
|---|---|---|---|
| ၁ | ဦးညွန့် - ဒေါ်တင်တင် ပေါက်ဝဲရွာ မတ္တရာမြို့နယ် | ၃၅၀-ကျပ် | |
| ၂ | ရေနံထွက်ပစ္စည်း ဖြန့်ဖြူးရောင်းချရေး ကော်ပိုရေးရှင်း မန္တလေးတိုင်း ကချင်ပြည်နယ်တိုင်း ရောင်းဝယ်ရေး ဝန်ထမ်းများ | ၅၀၀ | ။ |
| ၃ | ဒေါ်ဒေါ်ဖုံ နှင့် သား ဦးမြင့်၊ ဒေါ်သန်းသန်း သားသမီးတစု၊ ( ၄၈ ) ဂွတ္တလစ်လမ်း ရန်ကုန်မြို့ | ၃၀၀၀ | ။ |
| ၄ | ဦးဝင်းလှိုင် - ဒေါ်တင်လှ ( ၅၇ ) ကိုင်းတန်း ရန်ကုန်မြို့ | ၉၀ | ။ |
| ၅ | ဦးသောင်း - ဒေါ်ညွန့်ရှင် ရန်ကုန်ဆေးရုံကြီး | ၃၀ | ။ |
| ၆ | ဒေါက်တာ ခင်လေးသိန်း မာတင်ရိပ်သာလမ်း ရန်ကုန် | ၅၀ | ။ |
| ၇ | ဦးကျော် နှင့် ဇနီး၊ နိုင်ငံခြားရေးရုံး | ၁၀ | ။ |
| ၈ | ဦးထွန်းတောက် - ဒေါ်ကြည်ကြည် ( ၁၂၄ ) လသာလမ်း | ၃၀၀ | ။ |
| ၉ | ဦးအောင်မြင့်၊ ရန်ကုန်မြို့ | ၃၀ | ။ |
| ၁၀ | ဦးကျော်တင့် - ဒေါ်စုစု သား မောင်မောင်ဦး ၂၀/ ၈၊ မဥ္ဇူလမ်းသွယ် ( ၂ ) ပါရမီရိပ်သာ ရန်ကုန်မြို့ | ၁၀ | ။ |
| ၁၁ | ၎င်း သား မောင်မန်းကျော်သူ | ၁၀ | ။ |
| ၁၂ | ၎င်း သမီး ကေသီတင် | ၁၀ | ။ |
| ၁၃ | ၎င်း သမီး သီတာတင် | ၁၀ | ။ |
| ၁၄ | ၎င်း :သမီး စုမင်းမင်းတင် | ၁၀ | ။ |
| ၁၅ | ဦးတင်ကိုကိုနှင့် မိသားစု ရှမ်းပြည်နယ် တောင်ကြီးမြို့ | ၃၀၀ | ။ |
| ၁၆ | ဦးမင်းလွင် - ဒေါ်လေးသွယ် မိသားစု ( ၄၃၆ ) သိမ်ဖြူလမ်း | ၅၀ | ။ |
| ၁၇ | မြောက်ဥက္ကလာပမြို့နယ် ဥဇနာလမ်း မလွန်ဆန်လှူအသင်းထောက်အဖွဲ့ | ၃၀ | ။ |
| ၁၈ | ဦးဆွေယု - ဒေါ်စန်းရီ မိသားစု ( ၆၇ ) ထီးတန်း ကြည့်မြင်တိုင် | ၁၀၀ | ။ |
| ၁၉ | ဦးထွန်းမြင့် - ဒေါ်လှကြည် မိသားစု (၅၅) တက္ကသိုလ်ရိပ်သာလမ်း | ၁၀၀ | ။ |
| ၂၀ | ဒေါ်ကြင်မြိုင် မိသားစု ( ၁၃၉ )ရွှေဘုံသာလမ်း | ၁၀၀ | ။ |
| ၂၁ | ဦးညွန့်မောင် ၎င်း | ၃၀ | ။ |

| | | | |
|---|---|---|---|
| ၂၂ | ဒေါ်မြရင် ( ၁၃၉ ) ရွှေဘုံသာလမ်း | ၁၀ | ကျပ် |
| ၂၃ | ဦးဟန်ကြည် - ဒေါ်ကြင်လှ (၈၁) ကမ်းနားလမ်း | ၃၀ | ။ |
| ၂၄ | ဒေါ်ကြင်မှိန် ( ၆၄ ) သိတာလမ်း ကျောက်မြောင်း | ၃၀ | ။ |
| ၂၅ | ဦးလှမောင် - ဒေါ်လှစိန် မိသားစု အမှတ် (၅၀ ) ၁၃၄-လမ်း | ၁၀၀ | ။ |
| ၂၆ | ဦးဘုံကြီး - ဒေါ်ခင်ဝင်း၊ သဃ်န်းကျွန်းဈေး | ၁၀ | ။ |
| ၂၇ | ဦးလှဒွေး – ဒေါ်သိန်းသိန်းမြင့် ( ၃၇ ) ၆၂–လမ်း | ၁၀၀ | ။ |
| ၂၈ | ဦးတောင်လုံးကျော် – ဒေါ်ခွေး ဒုတိယလမ်း အိမ်မဲမြို့ | ၃၀ | ။ |
| ၂၉ | ဦးရန်ကြည် - ဒေါ်ကျင်မို အမှတ် (၃၃)ရွှေတောင်တန်းလမ်း ရန်ကုန် | ၃၀ | ။ |
| ၃၀ | ဦးဒါဝတ် – ဒေါ်တင် အင်းမကျေးရွာ ပန်းတနော်မြို့ | ၃၀ | ။ |
| ၃၁ | ဦးကျော်ရင် - ဒေါ်သင်းထုံ အင်းတကော်ကျေးရွာ ပန်းတနော်မြို့ | ၃၀ | ။ |
| ၃၂ | ဒေါ်ခွေး သား မောင်ဝင်းအောင် အင်းမကျေးရွာ ပန်းတနော်မြို့ | ၃၀ | ။ |
| ၃၃ | ဦးကျော်သိုင်း ဇနီး ဒေါ်သိန်းမြ ရွှေဘုန်းပွင့်ဘုရားလမ်း ပြည်မြို့ | ၃၀ | ။ |
| ၃၄ | ဦးသိန်းကြူ အမှတ် ( ၃၆ ) ၁၁-လမ်း၊ ရန်ကုန်မြို့ | ၃၀ | ။ |
| ၃၅ | ဦးဖိုးလှိုင် - ဒေါ်ကြူးလျှန်း ဘုရင့်နောင်လမ်း ပန်းတနော်မြို့ | ၃၀ | ။ |
| ၃၆ | ဦးကျင်စိန် ပေါင်းတည်မြို့ | ၁၀ | ။ |
| ၃၇ | ဦးခင်လှ ပေါင်းတည်မြို့ | ၁၀ | ။ |
| ၃၈ | ဒေါ်ဖွယ်ရာ ( ၅၂၄ ) ကမ်းနားလမ်း ရန်ကုန်မြို့ | ၁၀ | ။ |
| ၃၉ | ဦးစံမြ၊ ဒေါ်ကြီးစိန်၊ ကျုံနတ္တော်ရွာ၊ မအူပင်မြို့နယ် | ၁၀ | ။ |
| ၄၀ | ဦးကြည်ဝင်း၊ ဒေါ်ငွေကျင် ကဇင်းတောရွာ၊ ပန်းတနော်မြို့နယ် | ၁၀ | ။ |
| ၄၁ | ဒေါ်ထွေးစိန်၊ ၁၂၊ ၁၂ လမ်း၊ ရန်ကုန်မြို့ | ၁၀ | ။ |
| ၄၂ | မောင်မျိုးခင် ( ၅၂၄ ) ခ/ကမ်းနားလမ်း၊ ရန်ကုန်မြို့ | ၁၀ | ။ |
| ၄၃ | ဒေါက်တာလှလှမြင့် ( ၅၂၄ ) ခ/ ၎င်း | ၁၀ | ။ |
| ၄၄ | ဦးစိန်ရွက် ဒေါ်ခင်စု( ၅၂၄ ) ခ/ ၎င်း | ၃၀ | ။ |
| ၄၅ | ချိုချိုမြင့် ( ၅၂၄ ) ခ/ ၎င်း | ၁၀ | ။ |
| ၄၆ | မောင်မျိုးသန့် ( ၅၂၄ ) ခ/ ၎င်း | ၁၀ | ။ |
| ၄၇ | ဦးမြင့်၊ ဒေါ်တင်တင်ဦး မိသားစု (၈၃)မနော်ဟရီလမ်း၊ ရန်ကုန် | ၃၀ | ။ |
| ၄၈ | ဦးထွန်းအောင်၊ ဒေါ်လှကြူ သား မောင်သက်စု၊ ၄၄၊ ၄၄-လမ်း၊ ရန်ကုန် | ၃၀ | ။ |

| | | | |
|---|---|---|---|
| ၄၉ | ဦးကြည်၊ ဒေါ်စိန်းရင် မိသားစု၊ မြို့မရပ်၊ ပျော်ဘွယ်မြို့နယ် | ၃၀ | ကျပ် |
| ၅၀ | ဒေါ်စိန်းရင်၊ ဦးကြည်၊ မြို့မရပ်၊ ပျော်ဘွယ်မြို့နယ် | ၃၀ | ॥ |
| ၅၁ | ဒေါ်ထားဝယ်၊ မြို့မရပ်၊ ပျော်ဘွယ်မြို့နယ် | ၃၀ | ॥ |
| ၅၂ | ဒေါ်ခင်မြင့် မောင်နှစ်မ၊ မိသားတစု၊ ၂၂-၁၄ လမ်း၊ ရန်ကုန်မြို့ | ၃၀ | ॥ |
| ၅၃ | ဦးအောင်သိန်း၊ ဒေါ်ကျင်စီ မိသားစု၊ ၄၇-၄၄ လမ်း၊ ရန်ကုန်မြို့ | ၃၀ | ॥ |
| ၅၄ | ဦးလှဖေ၊ ဒေါ်ခင်စု မိသားစု၊ ထနီကျေးရွာ၊ မအူပင်မြို့နယ် | ၃၀ | ॥ |
| ၅၅ | ဦးကျော်ဟန်၊ ဒေါ်ကြည် မိသားစု | ၃၀ | ॥ |
| ၅၆ | ဦးအောင်ထွန်း၊ ဒေါ်ချို မိသားစု | ၃၀ | ॥ |
| ၅၇ | ဦးမြစော၊ ဒေါ်တင် မိသားစု | ၃၀ | ॥ |
| ၅၈ | ဦးအောင်စိန်၊ ဒေါ်ဝင်းလှ မိသားစု | ၃၀ | ॥ |
| ၅၉ | ဦးလှဝင်း၊ ဒေါ်ခင်အေး သားသမီး မြေးတစု | ၉၀ | ॥ |
| ၆၀ | ဒေါ်လှလှ၊ ဒေါင်းရိုးရပ်၊ မန္တလေးမြို့ | ၃၀ | ॥ |
| ၆၁ | ဦးဝင်းနှင့် မိသားစု၊ ဒေါင်းရိုးရပ်၊ မန္တလေးမြို့ | ၁၀ | ॥ |
| ၆၂ | ဒေါ်အေးကြည်၊ သမီး မိမိလေး၊ ဘိုးဘိုးအောင်ဘယဆေး၊ ဒေါင်းရိုးရပ်၊ မန္တလေးမြို့ | ၃၀ | ॥ |
| ၆၃ | ဦးသန်းတင်၊ ဒေါ်မိမိကြီး၊ သမီး မြသီတာ၊ ဒေါင်းရိုးရပ်၊ မန္တလေးမြို့ | ၁၀ | ॥ |
| ၆၄ | ဦးအေး၊ ဒေါ်ရီ၊ ဒေါင်းရိုးရပ်၊ မန္တလေးမြို့ | ၁၀ | ॥ |
| ၆၅ | ဦးအောင်ခင်၊ ဒေါ်ကြည်စိန်၊ ဒေါင်းရိုးရပ်၊ မန္တလေးမြို့ | ၃၀ | ॥ |
| ၆၆ | ဦးသန်းညွန့်၊ ဒေါ်ခင်သောင်း၊ အိုင်ရုံ၊ ဒေါင်းရိုး၊ မန္တလေးမြို့ | ၃၀ | ॥ |
| ၆၇ | ဦးစံကြီး၊ ဒေါ်တင် သားသမီးတစု ကောင်းမှု၊ အိုင်ရုံ၊ မန္တလေးမြို့ | ၃၀ | ॥ |
| ၆၈ | ဦးကံ၊ ဒေါ်လှရွှေ၊ အိုင်ရုံ ( ၁၈၅ ) မန္တလေးမြို့ | ၁၀ | ॥ |
| ၆၉ | ဒေါ်စိန်စိန်၊ သမီး တင်တင်၊ အိုင်ရုံ ( ၁၈၂ ) မန္တလေးမြို့ | ၃၀ | ॥ |
| ၇၀ | ဒေါ်ကြည်ကြည် ( ညီမ ) မတင်ဥ၊ အိုင်ရုံ၊ မန္တလေးမြို့ | ၁၀ | ॥ |
| ၇၁ | ဝါဝါ၊ အိုင်ရုံရပ်၊ မန္တလေးမြို့ | ၁၀ | ॥ |
| ၇၂ | ဦးငြိမ်၊ အမရပူရ | ၁၀ | ॥ |
| ၇၃ | ဦးဖေကြီး၊ ဒေါ်မမ၊ အိုင်ရုံရပ်၊ မန္တလေးမြို့ | ၁၀ | ॥ |
| ၇၄ | မောင်ခင်မောင်အုန်း၊ ဒေါ်မြမြသောင်း၊ အိုင်ရုံ၊ မန္တလေးမြို့ | ၁၀ | ॥ |

| | | |
|---|---|---|
| ၇၅ | ဦးမြတ်သာ၊ ဒေါ်စိန်ပွင့်၊ ဘုရားကြီး၊ ရှမ်းပွဲ | ၁၀-ကျပ် |
| ၇၆ | မောင်စိုးမြင့်၊ မရွှေရီ၊ ဒီ နှင့် အီးရုံ ကြား၊ မန္တလေးမြို့ | ၃၀ ။ |
| ၇၇ | မသန်းစိန်၊ ဒေါင်းရိုးရပ်၊ မန္တလေးမြို့ | ၁၀ ။ |
| ၇၈ | ကိုသာငွေး၊ ကျော့ကျော့ဆွေ၊ သီရိဆွေ၊ မန္တလေးမြို့ | ၁၀ ။ |
| ၇၉ | ဒေါ်ခင်သောင်း (သရဖူ) ဈေးချို၊ မန္တလေးမြို့ | ၁၀ ။ |
| ၈၀ | ရွှေလဝင်း ပုံနှိပ်တိုက်၊ ဒေါ်လှဆွေ၊ သား ဦးမောင်လေး | ၃၀ ။ |
| ၈၁ | ဒေါ်မြမြ၊ မတင်အောင်၊ မုလွန်၊ ထုံးတန်း၊ မန္တလေးမြို့ | ၉၀ ။ |
| ၈၂ | ဦးတင်မောင်၊ ဒေါ်စိန်ညွန့်၊ မလွန်၊ ထုံးတန်း၊ မန္တလေးမြို့ | ၃၀ ။ |
| ၈၃ | ဒေါ်ခြုံ၊ သား မောင်ချစ်စော၊ ၂၈-လမ်း၊ မန္တလေးမြို့ | ၃၀ ။ |
| ၈၄ | ဦးမြင့်သိန်း၊ ဒေါ်အုန်းအုန်း၊ မိုးကုတ် | ၃၀ ။ |
| ၈၅ | ဒေါက်တာလှဘူး၊ ဒေါ်ခင်မြင့်၊ မလွန်၊ မန္တလေးမြို့ | ၃၀ ။ |
| ၈၆ | ဦးတင်မောင်၊ ဒေါ်အုန်းမေ၊ မန္တလေးမြို့ | ၉၀ ။ |
| ၈၇ | ဦးကျင်ဟန်၊ ဒေါ်လေးခင်၊ ၈၁-လမ်း၊ မန္တလေးမြို့ | ၉၀ ။ |
| ၈၈ | ဦးလွင်၊ သမီး ဒေါ်စော၊ ဒေါ်တင်တင်၊ မန္တလေးမြို့ | ၃၀ ။ |
| ၈၉ | တောက်ခေတ်စိန်၊ ဒေါ်ထွေးထွေး၊ သံဖြူကုန်း၊ မန္တလေးမြို့ | ၉၀ ။ |
| ၉၀ | ဒေါ်စိတ္တရ၊ ဒေါ်သန်း၊ ဒေါ်သန်းခင်၊ ဒေါ်မကြီး၊ မန္တလေးမြို့ | ၃၀ ။ |
| ၉၁ | ဦးသောင်းတင်အား ရည်စူး၍ ဒေါ်ရီရီမြင့်၊ မန္တလေးမြို့ | ၃၀ ။ |
| ၉၂ | ဦးကျော်သိုက်၊ ဒေါ်လှကြိုင်၊ လမ်း ( ၃၀ ) မန္တလေးမြို့ | ၃၀ ။ |
| ၉၃ | ဦးပု၊ ဒေါ်အုန်း၊ ဒါးတန်း၊ မန္တလေးမြို့ | ၁၀ ။ |
| ၉၄ | ဦးသန်းအောင်၊ ဒေါ်ဝင်းမေ (ရွှေဒဂါးအချိုခြောက်) ၈၄-လမ်း၊ ဒါးတန်း၊ မန္တလေးမြို့ | ၆၀ ။ |
| ၉၅ | ဦးသာခင်၊ ဒေါ်ကြင်၊ ဆီလမ်း၊ ဆိုင်းတန်း၊ မန္တလေးမြို့ | ၃၀ ။ |
| ၉၆ | ဦးအောင်ခန့်၊ ဒေါ်သန်း၊ ( ရွှေသမင်အချိုခြောက် )၊ မန္တလေး | ၃၀ ။ |
| ၉၇ | မခင်မေသန်း၊ ကျောင်းသူ၊ မန္တလေး | ၃၀ ။ |
| ၉၈ | ဒေါ်မြင့်မြင့်သိန်း၊ ဆည်မြောင်းဦးစီးဌာန | ၃၀ ။ |
| ၉၉ | မကြည်တင် နှင့် (မောင်) ကိုအောင်သန်းမြင့်၊ ၂၂-စီလမ်း၊ မန္တလေး | ၁၀ ။ |
| ၁၀၀ | ဒေါ်ဥဥ၊ ရမည်းသင်းမြို့ | ၃၀ ။ |
| ၁၀၁ | ဒေါ်ငြိမ်းငြိမ်း၊ တရုပ်တန်း၊ မန္တလေး | ၁၀ ။ |

| | | | |
|---|---|---|---|
| ၁၀၂ | ဝင်းထူးစက်မှုလက်မှု၊ ၂၂–စီလမ်း၊ မန္တလေးမြို့ | ၃၀ | -ကျပ် |
| ၁၀၃ | ဦးချစ်ပို၊ ဒေါ်တင်ရှို၊ အမှတ်-၄၊ ၈၂/၁၄ လမ်းဒေါင့်၊ မန္တလေး | ၃၀ | ॥ |
| ၁၀၄ | ဒေါ်ဒေါ်ငွေ၊ တရုပ်တန်း၊ မန္တလေးမြို့ | ၃၀ | ॥ |
| ၁၀၅ | ဒေါ်စောနွဲ့၊ သမီး ဒေါ်ရှုချင်၊ မလွန်၊ မန္တလေးမြို့ | ၃၀ | ॥ |
| ၁၀၆ | ဒေါ်ဆင်ဆင်၊ ပိုက်ကျုံး ကျောင်းအမကြီး၊ ပိုက်ကျုံး၊ မန္တလေးမြို့ | ၁၅၀ | ॥ |
| ၁၀၇ | ဦးလှမောင်၊ ဒေါ်သိန်းညွန့်၊ အုပ်သျှစ်ကုန်း၊ မန္တလေးမြို့ | ၃၀ | ॥ |
| ၁၀၈ | ဒေါ်စိန်တင် မိသားစု၊ အုပ်သျှစ်ကုန်း၊ မန္တလေးမြို့ | ၃၀ | ॥ |
| ၁၀၉ | ဒေါ်မြိတင် မိသားစု၊ ပိုက်ကျုံး၊ မန္တလေးမြို့ | ၃၀ | ॥ |
| ၁၁၀ | ဒေါ်သန်းရင် (မောင်) မောင်မြင့်သိန်း၊ မန္တလေးမြို့ | ၃၀ | ॥ |
| ၁၁၁ | အမိ ဒေါ်တိုး၊ သမီး ဒေါ်စန်းစန်း၊ ဘုံဘိုင်လမ်း | ၃၀ | ॥ |
| ၁၁၂ | ဒေါ်ညွန့်ညွန့်၊ ပိုက်ကျုံး၊ မန္တလေးမြို့ | ၃၀ | ॥ |
| ၁၁၃ | ဦးဘိုးမို၊ ဒေါ်ရွှေညွန့်၊ သား မောင်ဌေးလွင်၊ ၈၁–လမ်း သူဌေးတန်း၊ မန္တလေးမြို့ | ၉၀ | ॥ |
| ၁၁၄ | ဒေါ်မမလေး မိသားစု၊ ဘုံဘိုင်တန်း၊ မန္တလေးမြို့ | ၁၀၀ | ॥ |
| ၁၁၅ | အဖ ဦးစိကွေးအား ရည်စူး၍ သမီး မအုန်းခင်၊ ပိုက်ကျုံး၊ မန္တလေး | ၁၀ | ॥ |
| ၁၁၆ | ဦးသိန်းအောင်၊ ရွှေဖျားအထည်စက်၊ အနောက်ဖက်၊ မန္တလေးမြို့ | ၃၀ | ॥ |
| ၁၁၇ | ကိုညွန့်၊ မဌေးရီ (သား) ထွန်းအောင်ကျော်၊ မေဃဂီရိရပ် | ၃၀ | ॥ |
| ၁၁၈ | ကိုအောင်သန်း၊ မခင်ရီ မိသားစု၊ မေဃဂီရိရပ် | ၃၀ | ॥ |
| ၁၁၉ | ဦးဝိုင်းနှင့်အဖွဲ့၊ ရွှေဒေါင်းဆန်စက်၊ အလုံသမ်း၊ မုံရွာ | ၈၅ | ॥ |
| ၁၂၀ | မောင်ရဲမင်းသိန်း ၅/ဇ၊ အောင်မင်္ဂလာလမ်းသွယ် ကိုက်ဝိုင်းဘုရား | ၃၀ | ॥ |
| ၁၂၁ | အောင်အောင် ၎င်း | ၃၀ | ॥ |
| ၁၂၂ | ရဲမင်းဌေး ၎င်း | ၃၀ | ॥ |
| ၁၂၃ | သင်းသင်းထား၊ သန်းတိုးမောင်၊ ၅၂ / ရွှေတောင်ကြားလမ်း | ၃၀ | ॥ |
| ၁၂၄ | ဦးထွန်းအေး၊ ဒေါ်ခင်ဝေ (၁၀) ဘီ၊ ၆ မိုင်၊ ရန်ကုန် | ၃၀ | ॥ |
| ၁၂၅ | ဆွေမြအိ (၉) ဝင်္ဂဘာရိပ်သာ | ၃၀ | ॥ |
| ၁၂၆ | မောင်မင်းဟန် ၎င်း | ၃၀ | ॥ |
| ၁၂၇ | မွန်မွန်ကလေး၊ ညိုစိမ်းကလေး ၎င်း | ၃၀ | ॥ |

| | | | | |
|---|---|---|---|---|
| ၁၂၈ | ချိုလင်းဝင်း၊ ကျော်ဖြိုးဝင်း (၅၄) အေး၊ ရွှေတောင်ကြားလမ်း | | ၃၀ | ကျပ် |
| ၁၂၉ | | ၎င်း | ၃၀ | ။ |
| ၁၃၀ | | ၎င်း | ၃၀ | ။ |
| ၁၃၁ | စုစုံသက် | ၎င်း | ၃၀ | ။ |
| ၁၃၂ | စံမိုးသွယ် | ၎င်း | ၃၀ | ။ |
| ၁၃၃ | ကေသီသွယ် | ၎င်း | ၃၀ | ။ |
| ၁၃၄ | ခင်လှလှ | ၎င်း | ၃၀ | ။ |
| ၁၃၅ | ခင်ပြုံးပြုံး | ၎င်း | ၃၀ | ။ |
| ၁၃၆ | သန်းတိုးမောင် | ၎င်း | ၃၀ | ။ |
| ၁၃၇ | ဒေါက်တာ ခင်အေးအေး | ၎င်း | ၃၀ | ။ |
| ၁၃၈ | ဦးကြည်ခင်၊ ဒေါ်ညွန့်တင်၊ အင်းယားလမ်း | | ၃၀ | ။ |
| ၁၃၉ | သင်းသင်းထား၊ ၅၄၊ ရွှေတောင်ကြားလမ်း | | ၃၀ | ။ |
| ၁၄၀ | မောင်ထွန်းဝင်း၊ မဋ္ဌေးဋ္ဌေး၊ သူရဲတပ်၊ မြောက်ပြင် | | ၁၀ | ။ |
| ၁၄၁ | ဦးလှခင်း၊ ဒေါ်ခင်တု၊ လမ်း (၃၀) ၈၅-၈၆ ကြား | | ၁၀ | ။ |
| ၁၄၂ | ဦးထွန်း သားသမီး မြေးတစု၊ ခတ္တိယဝင်း | | ၃၀ | ။ |
| ၁၄၃ | ကိုတင်လှ၊ မခင်ကြည်၊ အလယ်ဘောင် | | ၁၀ | ။ |
| ၁၄၄ | ဦးဘ၊ ဒေါ်တင်၊ ကျောက်သွေးဘန်း | | ၁၀ | ။ |
| ၁၄၅ | ဦးညို၊ ဒေါ်စိန်စိန်၊ ကျောက်သွေးတန်း | | ၁၀ | ။ |
| ၁၄၆ | ဒေါ်မြငွေ၊ ဘုရားသုံးဆူဝင်း | | ၁၀ | ။ |
| ၁၄၇ | ဦးသန်းမောင်၊ ဒေါ်တာတာ၊ ၈၅ လမ်း၊ ဝါးတန်း | | ၂၀ | ။ |
| ၁၄၈ | ဒေါ်သောင်းသောင်း၊ ၈၅ လမ်း၊ ဝါးတန်း၊ မန္တလေးမြို့ | | ၁၀ | ။ |
| ၁၄၉ | ဦးတင်၊ ဒေါ်မူ မိသားစု၊ ဆားဘန်း၊ မန္တလေးမြို့ | | ၁၀ | ။ |
| ၁၅၀ | ဒေါ်သီသီ၊ ဝါးတန်း၊ မန္တလေးမြို့ | | ၁၀ | ။ |
| ၁၅၁ | ဒေါ်ကြည်ကြည် ၎င်း | | ၁၀ | ။ |
| ၁၅၂ | ဒေါ်ဝင်းဝင်း ၎င်း | | ၁၀ | ။ |
| ၁၅၃ | ဦးကျော်ချင်၊ ဒေါ်သိန်းတင်၊ လကမ္ဘာဝင်း၊ မလွန် | | ၃၀ | ။ |
| ၁၅၄ | ဒေါ်မူ၊ (၂၂) စီလမ်း | | ၃၀ | ။ |
| ၁၅၅ | ဒေါ်ထားထား၊ ကွမ်းခြံ | | ၃၀ | ။ |

| | | | |
|---|---|---|---|
| ၁၅၆ | ဦးကျော်၊ ဒေါ်လှလှ (၈၃–၃၂) လမ်းဒေါင့် | ၁၀·ကျပ် | |
| ၁၅၇ | ဒေါ်နှင်းမေ၊ ဟသ်ာပြဒါးဝင်း | ၃၀ | ။ |
| ၁၅၈ | ဦးထွန်းဘ၊ ဒေါ်မြသိ၊ ကွမ်းခြံ | ၃၀ | ။ |
| ၁၅၉ | ဦးမောင်မောင်အေး၊ ဒေါ်အုန်းကြည်၊ ၂၈ လမ်း၊ သံဖြူတန်း | ၃၀ | ။ |
| ၁၆၀ | ဒေါ်ပုညဝတီ၊ သာသနေ့ဝဓရပ်၊ ပြည်တိုက်သစ်၊ သမိုင်း၊ ရန်ကုန် | ၁၀၀ | ။ |
| ၁၆၁ | ဦးလှမောင် ဒေါ်ကြင်မှူ (၃၇) အနောက်ရုံ ဗိုလ်ချုပ်စျေး | ၁၀ | ။ |
| ၁၆၂ | ဦးသောင်းဇင် ဒေါ်အေးမြင့် (၉/၈၉) လမ်း | ၁၀ | ။ |
| ၁၆၃ | ဒေါ်အေးအေးသင်း (၃၃) လမ်း ၃၀ | ၁၀ | ။ |
| ၁၆၄ | ဒေါ်ခင်ခင်မိုး (၇၁) ကုန်သည်လမ်း | ၁၀ | ။ |
| ၁၆၅ | ဦးမြင့်သိန်း ဒေါ်မြမြသန်း ၄၉–မာလာမြိုင် ၂ လမ်း အုတ်ကျင်း | ၁၀ | ။ |
| ၁၆၆ | ဒေါ်တင်လှ (၃၆) အုတ်ကျင်းလမ်းထိပ် | ၁၀ | ။ |
| ၁၆၇ | ဒေါ်စိန်ပု (၄၇) လမ်း ၃၀ | ၁၀ | ။ |
| ၁၆၈ | ဒေါ်တင်အေး (၄၄) ၃၁ လမ်း | ၁၀ | ။ |
| ၁၆၉ | ဒေါ်သိန်းတင် နှင့် ဒေါ်သန်းတင် (၁၆၃) ၄၈ လမ်း | ၁၀ | ။ |
| ၁၇၀ | ဒေါ်အေးတင် (၁၆၃) ၄၈ လမ်း | ၂၀ | ။ |
| ၁၇၁ | ဦးဘွန်ဆိုင် ဒေါ်ဒေါ်မေ ဈေးကြီး မော်လမြိုင်မြို့ | ၁၀ | ။ |
| ၁၇၂ | ဒေါ်အေးအေးမင်း သား ဆန်းမင်းထွန်း ၃၃၊ လမ်း ၃၀ | ၁၀ | ။ |
| ၁၇၃ | ဦးစိုးလှိုင် ဒေါ်ကျော့ ၂၆၈၂ မေတ္တာလမ်း (၉) ရပ်ကွက် | ၁၀ | ။ |
| ၁၇၄ | ဒေါ်ဒေါ်ရင် သဝအုံးပင်လမ်း ပဲခူး | ၁၀ | ။ |
| ၁၇၅ | ဦးမြင့်သိန်း ဒေါ်ကျင် သဝအုံးပင်လမ်း ပဲခူး | ၁၀ | ။ |
| ၁၇၆ | ဦးနီ ဒေါ်မမကြီး ၃၃၊ လမ်း ၃၀ | ၆၀ | ။ |
| ၁၇၇ | ဒေါ်ဒေါ်ဖုံ (၄၈) ဂွတ္တာလစ်လမ်း ရန်ကုန် | ၁၀၀၀ | ။ |
| ၁၇၈ | ဂဋ္ဌုံမင်း ဦးတင်မောင် ဒေါ်မြင့် (၁၆၂) ပထမ သီရိရိပ်သာ ရန်ကုန် | ၇၅၀ | ။ |
| ၁၇၉ | ဒေါ်ဣန္ဒစာရီ ဒေါ်ဣန္ဒသီရိ မင်းကွန်းတောင်ရိုး | ၃၀၀ | ။ |
| ၁၈၀ | ဦးဘသိန်း ဒေါ်တင်တင် ၂၁၃/၂၁၇ ကရိလမ်း ရန်ကုန် | ၃၀၀ | ။ |
| ၁၈၁ | ဒေါက်တာခင်စောအောင်နှင့် သားများ ၇၁ (က) မစ်ရှင်လမ်း ရန်ကုန်မြို့ | ၂၁၀ | ။ |

| | | | |
|---|---|---|---|
| ၁၈၂ | ဒေါက်တာသိန်းဌေးဖေ ဒေါ်တင်မသိန်း (၂) ဒူးဘန်း ရန်ကုန် | ၁၅၀ | -ကျပ် |
| ၁၈၃ | ဦးတင်လှ ဒေါ်ရီရီ မိသားစု မြစကြာဆေးလိပ်ခုံ စစ်ကိုင်းမြို့ | ၁၀၀ | ။ |
| ၁၈၄ | ဦးဘအေး ဒေါ်သန်းရင် မိသားစု ကပ်ကျေးဆေးလိပ်ခုံ စစ်ကိုင်း | ၁၀၀ | ။ |
| ၁၈၅ | ဦးညွန့်ရင် ဒေါ်ညို ညွန့်စာပေ စစ်ကိုင်းမြို့ | ၃၀ | ။ |
| ၁၈၆ | ဦးထိုက်စိုး ဒေါ်သန်းသန်း ဆေးဆရာကြီး မြင်းမူမြို့ | ၃၀ | ။ |
| ၁၈၇ | ဦးစိန်မောင် ဒေါ်စန်းစန်း နို့ဆီချက်ရုံ စစ်ကိုင်းမြို့ | ၃၀ | ။ |
| ၁၈၈ | ဒေါ်ဦး ဦးကျော်သိန်း ဦးဘသိန်း စစ်ကိုင်းမြို့ | ၃၀ | ။ |
| ၁၈၉ | ဦးဖြေဝင်း ဒေါ်အောင်ကြည် ဆီစက်ပိုင် နန်းတော်ရာ | ၁၀၀ | ။ |
| ၁၉၀ | ဦးသီဟံ ဒေါ်အုန်းတင် မိသားစု နို့ဆီချက်ရုံ စစ်ကိုင်းမြို့ | ၁၀၀ | ။ |
| ၁၉၁ | ဦးလှမောင် ဒေါ်အုန်းလှ ငှက်နီဆေးလိပ်ခုံ စစ်ကိုင်းမြို့ | ၃၀ | ။ |
| ၁၉၂ | ဒေါ်အေးစိန် သမီးနှင့် မြေးများ ကပ်ကျေးဆေးလိပ်ခုံ စစ်ကိုင်းမြို့ | ၅၀ | ။ |
| ၁၉၃ | ဦးညို ဒေါ်ခင်စိန် ဆီစက်ပိုင် စစ်ကိုင်းမြို့ | ၁၀၀ | ။ |
| ၁၉၄ | ဦးအောင်လှ ဒေါ်ဆိုင် ဦးပွေးဆီစက်ပိုင် စစ်ကိုင်းမြို့ | ၄၀ | ။ |
| ၁၉၅ | ဦးသောင်းရှိန် ဒေါ်ခင်သန်းတင် ရွှေကုန်သည် စစ်ကိုင်းမြို့ | ၁၀၀ | ။ |
| ၁၉၆ | ဦးကံညွန့် ဒေါ်ညွန့်ရီ ရွှေကုန်သည် စစ်ကိုင်းမြို့ | ၁၀၀ | ။ |
| ၁၉၇ | ဦးသိန်းတန် ဒေါ်ဖြူ ကုန်သည် စစ်ကိုင်းမြို့ | ၁၅၀ | ။ |
| ၁၉၈ | ဦးကျော် ဒေါ်မြသင် ကုန်သည် စစ်ကိုင်းမြို့ | ၅၀ | ။ |
| ၁၉၉ | ဦးတင်ထွန်း ဒေါ်ခင်ကြည် ဓာတ်ပုံတိုက် စစ်ကိုင်းမြို့ | ၃၀ | ။ |
| ၂၀၀ | ဦးမျိုးမြင့်အောင် ဒေါ်ပိုက်ပိုက် အတုလဝတီပုံနှိပ်တိုက် စစ်ကိုင်း | ၁၀၀ | ။ |
| ၂၀၁ | ဦးကိုကိုလေး နှင့် ဇနီး ပဒေသာပျဉ်ဆိုင် စစ်ကိုင်း | ၃၀ | ။ |
| ၂၀၂ | နေပြည်တော် မော်တော်ယာဉ်အသင်း စစ်ကိုင်းမြို့ | ၁၀၀ | ။ |
| ၂၀၃ | ဦးစိန်အေး ဒေါ်ကျင်သန်း အေးရာရွာ ဘိုကလေးမြို့နယ် | ၁၅၀ | ။ |
| ၂၀၄ | ဦးစန်းမောင် ဒေါ်ကြည်လှ ယင်း | ၃၀ | ။ |
| ၂၀၅ | ဦးသန်း ယင်း | ၃၀ | ။ |
| ၂၀၆ | စန္ဒာမိုးမော်တော်သားများ ယင်း | ၃၀ | ။ |
| ၂၀၇ | ဦးဘိုးသင်း ဦးအုန်းရွှေ ငါးသမုတ် | ၃၀ | ။ |
| ၂၀၈ | ဦးတင်ရွှေ ဒေါ်မှုတ်သင် ယင်း | ၃၀ | ။ |

| | | | |
|---|---|---|---|
| ၂၀၉ | ဦးအုန်းရွှေ ဒေါ်တင်ညွန့် | အေးရာရွာ ဘိုကလေးမြို့နယ် | ၃၀-ကျပ် |
| ၂၁၀ | ဦးခဲစိန် ဒေါ်လှကျင် | ၎င်း | ၃၀ ။ |
| ၂၁၁ | ဦးညွန့်မောင် ဒေါ်လှ | ၎င်း | ၃၀ ။ |
| ၂၁၂ | ဦးခင် ဒေါ်ကံ | ၎င်း | ၃၀ ။ |
| ၂၁၃ | ဦးဟန်ရှင် ဒေါ်ရီ | ၎င်း | ၃၀ ။ |
| ၂၁၄ | ဒေါက်တာ ကျော်သာ | ၎င်း | ၃၀ ။ |
| ၂၁၅ | ဦးအင်စီ ဒေါ်သိုက် | ၎င်း | ၆၀ ။ |
| ၂၁၆ | ဦးပြူး ဒေါ်တင်ဆိုင် | သဘောအိုင် | ၃၀ ။ |
| ၂၁၇ | ဦးငွေရ ဒေါ်မြင့် | အေးရာရွာ ဘိုကလေးမြို့နယ် | ၃၀ ။ |
| ၂၁၈ | ဦးကုလားကြီး ဒေါ်သိန်းခင် | ၎င်း | ၃၀ ။ |
| ၂၁၉ | ဦးစံရင် | ၎င်း | ၃၀ ။ |
| ၂၂၀ | ဦးခက်ရ ဒေါ်ဟန်ရှောင် | ၎င်း | ၆၀ ။ |
| ၂၂၁ | ဦးမောင်မောင် ဒေါ်ကျင်ရွှေ | ၎င်း | ၃၀ ။ |
| ၂၂၂ | ဦးစံဖေ ဒေါ်အုန်းရီ မိသားစု | အရိယာလမ်း | ၁၁ ။ |
| ၂၂၃ | ဒေါ်ရင်မြိုင် မိသားစု | ဒီမိုကရေစီလမ်း | ၃၀ ။ |
| ၂၂၄ | ဦးတင်အောင် | ၎င်း | ၁၀ ။ |
| ၂၂၅ | ဒေါ်ညွန့်ညွန့်ရီ | ၎င်း | ၁၀ ။ |
| ၂၂၆ | ဒေါ်ခင်မြမြ | ၎င်း | ၁၀ ။ |
| ၂၂၇ | ဒေါ်ခင်လေးကြူ | ၎င်း | ၁၀ ။ |
| ၂၂၈ | ဒေါ်ခင်လေးဖြူ | ၎င်း | ၁၀ ။ |
| ၂၂၉ | ဒေါ်ခင်လေးမူ | ၎င်း | ၁၀ ။ |
| ၂၃၀ | ဒေါ်ခင်လေးမေ | ၎င်း | ၁၀ ။ |
| ၂၃၁ | ကိုကိုမောင် | ၎င်း | ၁၀ ။ |
| ၂၃၂ | ဦးညီမောင် | ၎င်း | ၁၀ ။ |
| ၂၃၃ | ဒေါ်တင်မေ | ဘိုးရာဇာလမ်း | ၁၀ ။ |
| ၂၃၄ | ဦးမောင်မောင် ဒေါ်နှင်းစိန် | သုဇိတာလမ်းသွယ် | ၁၀ ။ |
| ၂၃၅ | ဦးထွေးမောင် မိသားစု | အရိယာလမ်း | ၁၀ ။ |

| | | | |
|---|---|---|---|
| ၂၃၆ | ဦးတင်မြင့်ဦး အရိယာလမ်း | ၁၀ | ကျပ် |
| ၂၃၇ | ဦးအုန်းစိန် မိသားစု ရှင်း | ၁၂၀ | ။ |
| ၂၃၈ | ဦးပြုန်ယုံ ဒေါ်ငယ် မိသားစု သုဇာတာလမ်းသွယ် | ၃၀ | ။ |
| ၂၃၉ | ဦးလှမြင့် ဒေါ်တင်တင်ဦး စာရေးတန်း | ၃၀ | ။ |
| ၂၄၀ | ဒေါက်တာ ကျော်စံဝင်း မိသားစု ဘိုးရာဇာလမ်း | ၃၀ | ။ |
| ၂၄၁ | ဦးသန်းမြင့် မိသားစု မိုးကောင်းလမ်း | ၁၀ | ။ |
| ၂၄၂ | ဦးလှမြင့် မိသားစု ရှင်း | ၁၀ | ။ |
| ၂၄၃ | ဦးကျန်လှိုင် မိသားစု ဓမ္မာရုံလမ်း | ၁၃၀ | ။ |
| ၂၄၄ | ဦးကြောင်ခင် မိသားစု သုခိတာသမ်းသွယ် | ၁၀ | ။ |
| ၂၄၅ | ။ စံမြို့ ဒေါ်အုန်းမြိုင် | ၁၀ | ။ |
| ၂၄၆ | ။ လှမြင့် | ၁၀ | ။ |
| ၂၄၇ | ။ ညွန့်ဆွေ မိသားစု မာလာမြိုင်လမ်းသွယ် | ၁၀ | ။ |
| ၂၄၈ | ဗိုလ်ကြီးအုန်းကျော် ဒေါ်မြမြ မိသားစု တောင်ဥက္ကလာပ | ၁၀ | ။ |
| ၂၄၉ | မကေခိုင်ရှိန် ဘူတာရုံလမ်း | ၃၀ | ။ |
| ၂၅၀ | အေးသက်မောင် ။ | ၃၀ | ။ |
| ၂၅၁ | စိုးဝေမိုး ။ | ၃၀ | ။ |
| ၂၅၂ | အိသစ္စာအောင် ။ | ၃၀ | ။ |
| ၂၅၃ | ဦးလှကို ဒေါ်စောလွင် စာရေးတန်း | ၁၀ | ။ |
| ၂၅၄ | ဦးညီလေး ဒေါ်အုန်းကြည် ကန်တော်ကလေး | ၃၀ | ။ |
| ၂၅၅ | ဆရာကြီး ဦးဆိုင် ဒေါ်အေးမိ | ၃၀ | ။ |
| ၂၅၆ | ဦးမြသောင်း နီလာသင်း မာလာမြိုင်လမ်းသွယ် | ၁၀ | ။ |
| ၂၅၇ | ဗိုလ်မှူး ခင်မောင်ကြီး ဒေါ်လှဝင်း | ၃၀ | ။ |
| ၂၅၈ | ဒေါ်သန်းညွန့် | ၁၀ | ။ |
| ၂၅၉ | ဦးခင်မောင် ဒေါ်သိန်းမေ | ၁၀ | ။ |
| ၂၆၀ | ။ ထွန်းတင် ဒေါ်စိန် | ၁၀ | ။ |
| ၂၆၁ | ။ တင်ထွန်း ဒေါ်ခင်သစ်လွင် ဈေးလမ်း | ၆၀ | ။ |
| ၂၆၂ | သဲသဲအောင် အောင်စိုးညွန့် အေးချောအောင် | ၉၀ | ။ |
| ၂၆၃ | ဦးဘိုးကြွက် မိသားစု | ၁၀ | ။ |

| | | | |
|---|---|---|---|
| ၂၆၄ | ဦးထွန်းကြိုင် | ၁၀ | ကျပ် |
| ၂၆၅ | ” မောင်လှိုင် | ၁၀ | ” |
| ၂၆၆ | ” သက်ပြင်း | ၁၀ | ” |
| ၂၆၇ | ” မျိုးအောင် ဒေါ်ကြည်ကြည်ထွေး မိသားစု | ၂၀ | ” |
| ၂၆၈ | ” လှမြင့် ဒေါ်ခင်လှိုင် မိသားစု အမှတ် (၄) ရွှေလှိုင်လမ်း ကြည့်မြင်တိုင် | ၈၂၀ | ” |
| ၂၆၉ | နှစ်ကျိပ်ရှစ်ဆူ ဂေါပကအဖွဲ့ဝင်များ ( ၁၅ ) ရပ်ကွက် ရန်ကင်းမြို့နယ် | ၈၂၀ | ” |
| ၂၇၀ | ဒေါ်အုန်းတင်မိသားစု ဘောလုံးကွင်း | ၁၀ | ” |
| ၂၇၁ | ဦးကျော်မြင့် ဒေါ်ခင်သန်းနွယ် မိသားစု | ၁၀ | ” |
| ၂၇၂ | ” အောင်သိန်း ဒေါ်အုန်းမြင့် ၁၁၉/၅၇လမ်း၊ ရန်ကုန်မြို့ | ၁၀ | ” |
| ၂၇၃ | ” ပါကြီး ဒေါ်ကြင်အေး | ၃၀ | ” |
| ၂၇၄ | မအေးအေးမြင့် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ ရန်ကုန် | ၃၀ | ” |
| ၂၇၅ | ကိုမြင့်ဖုန်း ဘူမိသက်ထောက် ၂၁၄ စိန်ဂျွန်းလမ်း | ၃၀ | ” |
| ၂၇၆ | ဦးအောင်ဇင် ဒေါ်မမကြီး | ၃၀ | ” |
| ၂၇၇ | ဒေါ်မြင့်တင် | ၃၀ | ” |
| ၂၇၈ | ဒေါ်တင်ရီ ဥက္ကဋ္ဌ တရားသူကြီးအဖွဲ့ စမ်းချောင်းမြို့နယ် | ၆၀ | ” |
| ၂၇၉ | ဦးကြည် ဒေါ်ခင်မေ သားသမီးတစု | ၁၀၀ | ” |
| ၂၈၀ | ” အောင်သိန်း ဒေါ်အုန်းမြင့် မိသားစု | ၂၀ | ” |
| ၂၈၁ | ဒေါက်တာလှဦး ဒေါ်ခင်သန်းမြင့် မိသားစု | ၁၀၀ | ” |
| ၂၈၂ | ဒေါက်တာခင်မောင်ဦး ဒေါက်တာညွန့်ညွန့်ဝေ | ၃၀ | ” |
| ၂၈၃ | ဒေါ်မမလေး (၆၃) ချမ္မာဖီလမ်း | ၃၀ | ” |
| ၂၈၄ | ဒေါ်မမကြီး (၄၀၆) ရွှေဘုံသာလမ်း | ၃၀ | ” |
| ၂၈၅ | ” ကျော့ရင် (၆၂) ဝင်ဒါမီယာ အောက်လမ်း ရန်ကုန် | ၃၀ | ” |
| ၂၈၆ | ဒေါ်အေးကြည် ၄ (က) ဝင်ဒါမီယာကုတ် ရန်ကုန် | ၃၀ | ” |
| ၂၈၇ | ဒေါက်တာ စန်းနွယ်အုန်း သာယာဝတီဆေးရုံကြီး သာယာဝတီမြို့ | ၃၀ | ” |
| ၂၈၈ | ကိုရဲမြင့်အောင် (၆၂) ဝင်ဒါမီယာ အောက်လမ်း ရန်ကုန် | ၁၀ | ” |
| ၂၈၉ | မအေးမိအောင် (၆၂) ” | ၁၀ | ” |

| | | |
|---|---|---|
| ၂၉၀ | ဦးခင်မောင် ဒေါ်မမကြီး နှင့် မြေးများ | ၂၀-ကျပ် |
| ၂၉၁ | ဒေါက်တာအေးချို ဒေါ်ခင်ဆွေဝင်း မိသားစု | ၁၀ ။ |
| ၂၉၂ | မနီနီဆွေ ၄ (က) ဝင်ဒါမီယာကုတ် ရန်ကုန် | ၂၀ ။ |
| ၂၉၃ | မသင်းသင်းဆွေ ၄ (က) ။ | ၁၀ ။ |
| ၂၉၄ | မောင်အေးချို ၄ (က) ။ | ၁၀ ။ |
| ၂၉၅ | ဦးစိန်ထွန်း ဒေါ်ဟန်တင့် သမိုင်း ရန်ကုန် | ၁၀ ။ |
| ၂၉၆ | ဒေါ်သက်သက်မော် ။ | ၁၀ ။ |
| ၂၉၇ | ဦးနိမလ မိုးမိတ်ကုန်းမြေ | ၅၀ ။ |
| ၂၉၈ | ဒေါ်ဖွား တန်းမြင့်မြောက်ရွာ | ၀၀ ။ |
| ၂၉၉ | ဦးဘဌေး ဒေါ်ညို သမင်ခြံရွာ | ၂၀ ။ |
| ၃၀၀ | ။ စိုး ဒေါ်သန်းကြည် ။ | ၂၀ ။ |
| ၃၀၁ | ။ တင် ဒေါ်ရီ ။ | ၀၀ ။ |
| ၃၀၂ | ။ ပညာဝံသ တိပိဋကနိကာယကျောင်း | ၁၀ ။ |
| ၃၀၃ | ။ နန္ဒိယ ။ | ၁၀ ။ |
| ၃၀၄ | ။ ဥက္ကံသာဘိဝံသ ဓမ္မနာဒတိုက်အုပ်ဆရာတော် | ၅၀ ။ |
| ၃၀၅ | ။ တင်မြင့် ဒေါ်ထူး တောင်ကြီးမြို့ | ၃၅ ။ |
| ၃၀၆ | ။ ဇောတိက ဝေယန်ဘုံမြင့် ဆရာတော် | ၆၀ ။ |
| ၃၀၇ | ဒေါ်သန်းနွယ် (၉၁) အရှိုးကုန်းလမ်း၊ တာမွေ | ၁၀၀ ။ |
| ၃၀၈ | ဦးတင်မောင် ဒေါ်တင်ရွှေ မုံရွာ | ၃၀ ။ |
| ၃၀၉ | ။ စန်း ဒေါ်ခင်မူ မုံရွာ | ၀၀ ။ |
| ၃၁၀ | ကိုရီ ဒေါ်နွဲ့ ဆားလင်းကြီးမြို့ | ၁၀ ။ |
| ၃၁၁ | မောင်တင်ရွှေ မဝင်းကြည် မုံရွာ | ၀၀ ။ |
| ၃၁၂ | ဦးလှဒင် တန့်ဆည်မြို့ | ၅ ။ |
| ၃၁၃ | ။ အေး ဒေါ်ခင်ရီ မိသားစု ၂၂၄ ဦးဝိစာရလမ်း ရန်ကုန်မြို့ | ၃၀ ။ |
| ၃၁၄ | ။ ညွန့်တင် ဒေါ်မြမြဝင်း ၆၀-အင်းဝလမ်း ရန်ကုန် | ၃၀ ။ |
| ၃၁၅ | ။ မောင်မောင် ဒေါ်စိန်ဟိုး ၄၃-၆လမ်း ရန်ကုန် | ၃၀ ။ |
| ၃၁၆ | ။ စိန်ခွေး ဒေါ်ရီ ၇၁-၆လမ်း ရန်ကုန် | ၃၀ ။ |

| | | | |
|---|---|---|---|
| ၃၁၇ | ဦးသောင်းစိန် ဒေါ်မြမြ ညီမ ဒေါ်စောရီ ၃၁ (အေ) လန်ကစ္စတာလမ်း | ၁၀၀ | ကျပ် |
| ၃၁၈ | စတီးဦးဘမောင် ဒေါ်သောင်း သမီး ဒေါ်ခင်ခင် မတင်ကြည် ၂၀ မြို့သစ် (၁)လမ်း ရန်ကုန်မြို့ | ၆၀ | ။ |
| ၃၁၉ | ဦးညို ဒေါ်သန်းရီ မိသားစု ၁၂ မြို့သစ် (၁) လမ်း ရန်ကုန် | ၉၀ | ။ |
| ၃၂၀ | ။ မောင်မောင်ကြီး ဒေါ်ခင်ညွန့် ၄၉ ။ | ၃၀ | ။ |
| ၃၂၁ | ။ ဘထူး ဒေါ်ခင်ရီ မိသားစု ၁၂ ။ | ၃၀ | ။ |
| ၃၂၂ | ဦးမောင်တင် ဒေါ်ကြင်လှ ၁၉ ဘုန်းကြီးလမ်း | ၃၀ | ။ |
| ၃၂၃ | ဒေါ်ရင်မေ ၅၄ ကိုယ့်မင်းကိုယ့်ချင်းလမ်း ရန်ကုန် | ၃၀ | ။ |
| ၃၂၄ | တင်တင်ဝင်း နွဲနွဲ တင်တင်အေး မြင့်မြင့်အေး အမာကြူ သန်းသန်း ဝန်ကြီးရုံး ရန်ကုန်မြို့ | ၃၀ | ။ |
| ၃၂၅ | ဦးဘထွန်း တန့်ဆည်မြို့ | ၅ | ။ |
| ၃၂၆ | ဦးဘိုးစု ။ | ၅ | ။ |
| ၃၂၇ | ဒေါ်တင်မြ ဒေါ်အမာ ဒေါ်သိန်းရီ ကုန်းဇောင်း ပွင့်ဖြူမြို့နယ် | ၇၀ | ။ |
| ၃၂၈ | ဦးကောက် ဒေါ်မြင့်မြင့် ရွှေစာဆေးလိပ်ခုံ ပဲခူးမြို့ | ၁၀၀ | ။ |
| ၃၂၉ | ဦးစိုးလှိုင် ဒေါ်ကျော့ မိသားစု ၆၈၂ မေတ္တာလမ်း ၉ ရပ်ကွက် တောင်ဥက္ကလာပ | ၁၀ | ။ |
| ၃၃၀ | ဒေါ်စောရင် အမှတ် (၁၁၀) အုန်းပင်လမ်း ပဲခူးမြို့ | ၁၀ | ။ |
| ၃၃၁ | ဦးမြင့်သိန်း ဒေါ်ကျက်ကျင် ။ ။ | ၁၀ | ။ |
| ၃၃၂ | ဦးထွန်းရင် အမှတ် (၇၉) လမ်း (၅၀) ပုဇွန်တောင်ဈေး အရှေ့မှ အထည်ကုန်သည်များ | ၈၅၀ | ။ |
| ၃၃၃ | ဒေါ်နု တရုပ်ဗုဒ္ဓဘာသာ သက်သတ်လွတ်အမျိုးသမီးကျောင်း ဘောက်ထော် | ၃၀ | ။ |
| ၃၃၄ | ဒေါ်စွ ဘိန် ၎င်း | ၃၀ | ။ |
| ၃၃၅ | ဒေါ်ကျင်စိန် ၎င်း | ၃၀ | ။ |
| ၃၃၆ | ဒေါ်စွ ဟို ၎င်း | ၃၀ | ။ |
| ၃၃၇ | ဒေါ်တင်တင် ၎င်း | ၃၀ | ။ |
| ၃၃၈ | ဒေါ်စွ တီ ၎င်း | ၃၀ | ။ |

| | | | |
|---|---|---|---|
| ၃၃၉ | ဒေါ်မြကျင် ရှင်း | ၃၀ | ကျပ် |
| ၃၄၀ | ဒေါ်ဘိကြူ ရှင်း | ၃၀ | ။ |
| ၃၄၁ | ဦးမြင့်သိန်း ဒေါ်ကျင်တီ သုခိတာလမ်း ဘောက်ထော် | ၃၀ | ။ |
| ၃၄၂ | ဦးဘြဘာ ဒေါ်ခင်သိန်း ( ဘုန်းမြင့်ရိပ်သာ ) ခြံအမှတ် ( ၃၀ )<br>အဝေရာလမ်း ဘောက်ထော် ရန်ကုန်မြို့ | ၅၀ | ။ |
| ၃၄၃ | ဆရာဝန်ကြီး ဦးသန်းနောင် ဒေါ်နှင်းနှင်းသန်း မိသားစု<br>ခြံအမှတ် ( ၆ ) သီရိဇေယျာလမ်း ပြည်သာယာ ဘောက်ထော် | ၁၀၀ | ။ |
| ၃၄၄ | ဦးစိုးမြင့် ဒေါ်သန်းသန်းနွယ် မိသားစု ခြံအမှတ် ( ၃၀ )<br>ဘုန်းမြင့်ရိပ်သာ အဝေရာလမ်း ဘောက်ထော် | ၃၀ | ။ |
| ၃၄၅ | ဒေါ်တင်မိ တိုက်နံပါတ် ၁၀၃/၂ ရန်ကင်း | ၁၀ | ။ |
| ၃၄၆ | ဦးဘတင် ဥယျာဉ်ကြီးရပ် ဟသ်ာတမြို့ | ၁၀ | ။ |
| ၃၄၇ | ဒေါ်မမကြီး ၁၅၂/ခ ( ဂျူပလတ် ) ရန်ကင်းမြို့ | ၁၀ | ။ |
| ၃၄၈ | ဒေါ်ဖွားသင် ရန်ကင်းမြို့ | ၁၀ | ။ |
| ၃၄၉ | ဒေါ်လှခင် တိုက်နံပါတ် ၂၁၄/၁၆ ရန်ကင်း | ၁၀ | ။ |
| ၃၅၀ | ဒေါ်အုန်းမြင့် အနီဃာလမ်း ဘောက်ထော် | ၅ | ။ |
| ၃၅၁ | ဦးထွန်းဖေ တိုက်နံပါတ် ( ၉/၂ ) ရန်ကင်းမြို့ | ၁၀ | ။ |
| ၃၅၂ | မအုံးမြိုင် ရန်ကုန် ( ၁ ) | ၁၀ | ။ |
| ၃၅၃ | ဦးမောင်မောင်ညွန့် အမှတ် ( ၇ ) ဘိုးရာဇာလမ်း နှင့်<br>ဒေါ်ညွန့်ရွှေ ကျောက်ကုန်း<br>ဒေါ်လှမြင့် | ၂၅ | ။ |
| ၃၅၄ | ဦးစိန်လွင် မော်လမြိုင်ကျွန်းမြို့ | ၃၀ | ။ |
| ၃၅၅ | ဒေါ်တင်လှ မိသားစု ( ၆၀ ) ကိုင်းတန်းလမ်း | ၉၀ | ။ |
| ၃၅၆ | ဦးဝင်းလှိုင် ဒေါ်တင်လှ ( ၅၇ ) ကိုင်းတန်းလမ်း | ၉၀ | ။ |
| ၃၅၇ | ဒေါ်မြစိန် ရှင်း | ၃၀ | ။ |
| ၃၅၈ | ဦးမောင်သန်း ဒေါ်သန်းသန်းရီ ( ၅၅ ) ကိုင်းတန်း | ၁၀ | ။ |
| ၃၅၉ | ဒေါ်ကျင်ယုံ ( ၅၂ ) ကိုင်းတန်းလမ်း | ၁၀ | ။ |
| ၃၆၀ | ဦးတင်ရွှေ ဒေါ်ထွေး ( ၅၃ ) ကိုင်းဘန်းလမ်း | ၃၀ | ။ |
| ၃၆၁ | ဒေါ်ဧ နှင့် မောင်နှစ်မတာစု ( ၆၈ ) ကိုင်းတန်း | ၃၀ | ။ |

| | | | |
|---|---|---|---|
| ၃၆၂ | ဦးတိုက်ဝမ်း ဒေါ်ကျင်ညွန့် (၆၆) ကိုင်းတန်း | ၃၀-ကျပ် | |
| ၃၆၃ | ဦးထွန်းရှိန် ဒေါ်ရီ (၂၂၂) ဆူပါပင်လမ်း | ၁၀ | ။ |
| ၃၆၄ | ခင်အေးမိုး စိုးစိုးသင် ရင်း | ၁၀ | ။ |
| ၃၆၅ | ခင်အေးစိုး (၆၃) ကိုင်းတန်းလမ်း | ၁၀ | ။ |
| ၃၆၆ | ဒေါ်မြဘူး ဗဟိုစည် (၄) လမ်း | ၁၀ | ။ |
| ၃၆၇ | ဒေါ်စိန်တုပ်နှင့်သမီးများ (၇၈) ဈေးကြီးလမ်း ကြည့်မြင်တိုင် | ၁၀ | ။ |
| ၃၆၈ | ဦးညွန့်မောင် ဒေါ်ကြည်ကြည် (၇၅) ရင်း | ၃၀ | ။ |
| ၃၆၉ | သက်သက်မာ သင်းသင်းမာ (၇၈) ရင်း | ၁၀ | ။ |
| ၃၇၀ | ဦးဝေလင်းထွန်း (၂၂၂) ဆူပါပင်လမ်း | ၁၀ | ။ |
| ၃၇၁ | မစန်း ဝါးခယ်မ | ၁၀ | ။ |
| ၃၇၂ | နီနီယဉ် တင်တင်ယု ဈေးကြီးလမ်း ကြည့်မြင်တိုင် | ၁၀ | ။ |
| ၃၇၃ | ကိုမော် (၆၃) ကိုင်းတန်းလမ်း | ၁၀ | ။ |
| ၃၇၄ | အမည်မဖော်လိုသူ | ၁၀ | ။ |
| ၃၇၅ | ဦးမော်သန်း၊ ဒေါ်သန်းသန်းအေး | ၃၀ | ။ |
| ၃၇၆ | ဦးသန်း မိသားစု | ၁၀ | ။ |
| ၃၇၇ | ဦးမောင်မောင်လတ် မိသားစု | ၁၀ | ။ |
| ၃၇၈ | ဒေါက်တာ အေးကျော် | ၁၀ | ။ |
| ၃၇၉ | ဦးဇော်ဝင်း၊ ဒေါ်ခင်ခင်အေး | ၁၀ | ။ |
| ၃၈၀ | ဦးသာဒွန်း၊ ဒေါ်စောဘင် | ၁၀ | ။ |
| ၃၈၁ | ဦးဘတင့်၊ ဒေါ်စိန်စိန် | ၁၀ | ။ |
| ၃၈၂ | ဦးမျိုးမြင့်၊ ဒေါ်တင်တင်အေး | ၁၀ | ။ |
| ၃၈၃ | ဒေါ်ရီ | ၁၀ | ။ |
| ၃၈၄ | ဦးဝင်းရှိန်နှင့် မိသားစု | ၁၀ | ။ |
| ၃၈၅ | ဦးစိုးဝင်း | ၁၀ | ။ |
| ၃၈၆ | ဦးစိုးလှိုင်၊ ဒေါ်ကြည်ကြည်အောင် | ၁၀ | ။ |
| ၃၈၇ | ဒေါ်သိန်းရွှေ | ၁၀ | ။ |
| ၃၈၈ | ဒေါ်မြဝင်း | ၁၀ | ။ |
| ၃၈၉ | ဒေါ်ခင်ခင် | ၁၀ | ။ |

| | | | |
|---|---|---|---|
| ၃၉၀ | ဒေါ်မြကြူ | ၁၀·ကျပ် | |
| ၃၉၁ | ဒေါ်စုစု | ၁၀ | ။ |
| ၃၉၂ | ဒေါ်ဖွားမြဲ မိသားစု | ၁၀ | ။ |
| ၃၉၃ | ဦးမြင့်ဟန်နှင့် မိသားစု | ၂၀ | ။ |
| ၃၉၄ | ကွယ်လွန်သူ ဒေါ်သန်းတင် | ၁၀ | ။ |
| ၃၉၅ | ဦးထွန်းတင်၊ ဒေါ်မြင့်မြင့်သိန်း (၂၆) မြစပါယ်လမ်း၊ ပါရမီရိပ်သာ | ၃၀ | ။ |
| ၃၉၆ | ဦးညွန့်လှိုင်နှင့် မိသားစု ရင်း | ၁၀ | ။ |
| ၃၉၇ | မဉမ္မာစန်း (၂၆) မြစပါယ်လမ်း၊ ပါရမီရိပ်သာ | ၁၀ | ။ |
| ၃၉၈ | ဦးရဲဒင်၊ ဒေါ်စုစုကြည် မန္တလေးမြို့ | ၁၀ | ။ |
| ၃၉၉ | မနုနုရီ သီရိလမ်း၊ ပါရမီရိပ်သာ | ၃၀ | ။ |
| ၄၀၀ | ဒေါ်အုန်းကြည်၊ ကပစ၊ ရန်ကုန်မြို့ | ၃၀ | ။ |
| ၄၀၁ | ဒေါ်ညွန့်ညွန့် ရှမ်းလမ်း၊ စမ်းချောင်း | ၁၀ | ။ |
| ၄၀၂ | ဒေါ်အေး မွှော်တော်ယာဉ်တပ် | ၁၀ | ။ |
| ၄၀၃ | ဗိုလ်မှူးကြီး လှအောင်နှင့်ဇနီး ၁၂၁/၂၈ လမ်း | ၁၀ | ။ |
| ၄၀၄ | ဦးရဲမြင့်ထွန်း၊ ဒေါ်မေမေသက် ၂၆· မြစပါယ်လမ်း၊ ပါရမီရိပ်သာ | ၃၀ | ။ |
| ၄၀၅ | ဦးမောင်မောင်စိုးတင်နှင့်ဇနီး တိုက် ၉၊ အခန်း ၈ ဦးဝိစာရတိုက် | ၃၀ | ။ |
| ၄၀၆ | ဦးကျော်မြင့်ထွန်း၊ ဒေါ်ခင်ခင်လွင် အမှတ် ၁၃၊ အခန်း ၁၁၊ ဦးဝိစာရလမ်း | ၃၀ | ။ |
| ၄၀၇ | ဦးဇော်မြင့်ထွန်း ၂၆– မြစပါယ်လမ်း၊ ပါရမီရိပ်သာ | ၁၀ | ။ |
| ၄၀၈ | ကွယ်လွန်သူ မိခင်ကြီးဒေါ်မမအား ရည်စူး၍ ငွေတော်သာ ဦးဘငွေနှင့် သားသမီး မြေးတစု ဦးချစ်မောင်လမ်း၊ ၁၆· ရပ်ကွက်၊ လှိုင်မြို့နယ် | ၃၀ | ။ |
| ၄၀၉ | ဦးမြသန်း၊ ဒေါ်မြ ၅၁· ဦးဘိုးမှန်လမ်း၊ ၁၆ ရပ်ကွက်၊လှိုင်မြို့နယ် | ၁၀ | ။ |
| ၄၁၀ | ဦးကျော်တင့်၊ ဒေါ်ကျင်စိန် ၁၈· ဘူတာရုံလမ်း၊ ၁၆ ရပ်ကွက်၊ လှိုင်မြို့နယ် | ၁၀ | ။ |
| ၄၁၁ | ဦးကျော်ဒင်၊ ဒေါ်မြခင် ၃၈· ဘူတာရုံလမ်း ၁၆ ရပ်ကွက်၊ လှိုင်မြို့နယ် | ၆၀ | ။ |
| ၄၁၂ | ဦးအေးမှောင်၊ ဒေါ်ကျင်မွှေး ၂၆·ဂန္ဓမာလမ်း၊တပ်ခမြေ၊ပုဇွန်တောင် | ၁၀ | ။ |

၄၁၃ ဦးပျိုင်၊ ဒေါ်ရင် သမီး ဒေါ်ညွန့်ဝေ မိသားစု
ပန်းခြံလမ်း၊ စမ်းချောင်း၊ ရန်ကုန် ၃၀-ကျပ်

၄၁၄ ဦးသန်းမောင် ဒေါ်အေးချို ၂၉/ဘူတာရုံလမ်း
(၁၆) ရပ်ကွက်၊ လှိုင်မြို့နယ် ၃၀ ။

၄၁၅ ဦးကျော်ဝင်း ဒေါ်မြသိန်း ၉၇/၆ လမ်း
(၁၆) ရပ်ကွက်၊ လှိုင်မြို့နယ် ၁၀ ။

၄၁၆ ဦးမြသောင်း ဒေါ်လွန်းခင် အမှတ် ၃၅/၃၇
(၁) လမ်း၊ ၁၆-ရပ်ကွက် လှိုင်မြို့နယ် ၃၀ ။

၄၁၇ ဦးညွန့် ဒေါ်ကြည် မိသားစု (၁၅၃) ၃၂ လမ်းရန်ကုန်မြို့ ၉၀ ။

၄၁၈ ဦးထွန်းသိန်း ဒေါ်ယဉ်ယဉ်မြင့် မိသားစု အမှတ် (၇၂၉)
ဇောတိကလမ်း ၁၆ရပ်ကွက် သင်္ကန်းကျွန်း ၉၀ ။

၄၁၉ ဒေါ်ခင်အိ အမှတ် (၂၇) ပန်းဘဲတန်းလမ်း
ဇိုင်ဂနိုင်တောင်ပိုင်း ပဲခူးမြို့ ၃၀ ။

၄၂၀ ဦးဝင်းညွန့် ဒေါ်အေးကြည် က/၆ မြင်တော်သာလမ်းသာကေတမြို့ ၃၀ ။

၄၂၁ ဦးသန်းထွန်း ဒေါ်မြစိန် အမှတ် (၈၀)
မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်လေး ၃၀ ။

၄၂၂ ဦးစိန်မောင် ဒေါ်ခင်မြ မိသားစု၊ ၂၄-နွယ်နီလမ်း အလုံ ၃၀ ။

၄၂၃ သွေးစစ်ဌာန ကြည့်မြင်တိုင် ၁၀ ။

၄၂၄ ဦးသိန်းနိုင် ဒေါ်မြင့် ၇၀ ဝင်ဒါမီယာ ၁၀ ။

၄၂၅ ဒေါ်စန်း ယုဇနလမ်း လပွတ္တာမြို့ ၃၀ ။

၄၂၆ ဦးမောင်မောင်တင် ဒေါ်စိန်စိန်၄၀၅ကမ်းနားလမ်း ကြည့်မြင်တိုင် ၁၀ ။

၄၂၇ ဦးကျော်ငြိမ်း ဒေါ်လှ ကြည့်မြင်တိုင် ၁၀ ။

၄၂၈ ဦးကျင်အေး ဒေါ်ကျင်အေး မြောင်းမြလမ်း စမ်းချောင်း ၁၀ ။

၄၂၉ ဦးဘိုးသစ် ဒေါ်အုန်းမေ အမှတ် ( ၁၁ ) မကြီးကြီးလမ်း ၁၀ ။

၄၃၀ မတင်ရီ ( ၁၁ ) မကြီးကြီးလမ်း ၁၀ ။

၄၃၁ ဦးကျော်ဟန် ဒေါ်အုန်းကြွေ ၇၃ ကျွန်းတောလမ်း စမ်းချောင်း ၁၀ ။

၄၃၂ ဒေါ်အုန်းတင် ( ၁၃ ) ပန်းခြံလမ်း ၁၀ ။

| | | | |
|---|---|---|---|
| ၄၃၃ | ဦးဘကံ ဒေါ်မြင့် ( ၁၃ ) ပန်းခြံလမ်း | ၁၀ | ။ |
| ၄၃၄ | ဦးစံလှ ဒေါ်သိန်းသိန်း ( ၁၃ ) ပန်းခြံလမ်း | ၂၀ | ။ |
| ၄၃၅ | ဦးမြသိန်း ဒေါ်သိန်း ၄၅ စမ်းချောင်းလမ်း | ၁၀ | ။ |
| ၄၃၆ | ဦးမောင်ရင် ( ၃၅ ) စမ်းချောင်းလမ်း | ၁၀ | ။ |
| ၄၃၇ | ဦးယုဌေး ဒေါ်မြသိန်း ( ၃၆ ) စမ်းချောင်းလမ်း | ၁၀ | ။ |
| ၄၃၈ | ဦးမျိုးလွင် ဒေါ်ခင်သန်း ( ၃၆ ) စမ်းချောင်းလမ်း | ၁၀ | ။ |
| ၄၃၉ | ဒေါ်စိန် ဒေါ်အေးကြည် သန်းသန်းနွယ် (၃၆) စမ်းချောင်းလမ်း | ၁၀ | ။ |
| ၄၄၀ | ဒေါ်သန်း ( ၁၁ ) မကြီးကြီးလမ်း | ၁၀ | ။ |
| ၄၄၁ | ဒေါ်သန်းလှ ( ၁၁ ) မကြီးကြီးလမ်း | ၁၀ | ။ |
| ၄၄၂ | ဦးညွန့် မြေနီကုန်း | ၁၀ | ။ |

အမှတ်
ရက်စွဲ........................

# ဆုတောင်းလင်္ကာ

---

ဤသည့်ပုည ကုသလကြောင့်၊
လောဘ ဒေါသ မောဟ ကင်းကွာ၊
သံသရာဝယ် ကျင်ပါရဘို့၊
ပညာရှိနှင့် ယှဉ်မိပေါင်းသင်း၊
ဉာဏ်မဲ့ကင်း၍ ပြည့်လင်းလျှပွယ်၊
လျှစဉ်ဝယ်လည်း သုံးသွယ်စေတ ၊
ဖြောင့်ညီညာသည်.......၊
ခေမာအထွတ်တိုင်ဆို့သောဝ်။

---

(အကိတ္တိဇာတ်နှင့်အညီ ဆုတောင်းခြင်း ဖြစ်သည်)။